www.burmeseclassic.com

# မမသဒ္ဒါမောင်

## ဟိုးရှေးရှေးတုန်းက



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC .com

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- [illegible]
- [illegible]
- [illegible]

# မမသန္ဒါမောင်

---

## ဟိုး...ရှေးရှေးတုန်းက

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

တာဝန်ခံ ခွင့်ပြုချက်အမှတ် - ၃၀၀၉၄၇၀၈၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၁၇၀၉၁၁

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၂၊ ဇန်နဝါရီ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက်(၄)၊ အခန်း(၁၀)
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်(၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး - ၃၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၀၈. ၈၃

မမသန္တါမောင်

ဟိုး. . . ရွှေရွှေတုန်းက /မမသန္တါမောင်။ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၁၁ ။

၄၀၀ စာ၊ ၁၂. ၃ × ၁၈ စင်တီ ။

(၁) ဟိုး. . . ရွှေရွှေတုန်းက

# ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း (၁)

ကတ္တရာလမ်းမကြီးမှတဆင့် ရပ်ကွက်လမ်းမကြီးထဲ ကားကို ကွေ့ချိုးမောင်းလာခဲ့၏။ မိုးတွင်းမို့ မြေဝါလမ်းမှာ ဗွက်တွေ ထနေလေသည်။ ခက်တာပဲ, ကားအသစ်လဲထားတာမှ သိပ်မကြာသေး၊ သူ့ကားတော့ ညစ်ပတ် ပေတူးကုန်ပါပြီဟု မသက်မသာတွေးလိုက်မိ၏။ အိမ်မှာ ဒရိုင်ဘာတွေ၊ မာလီတွေရှိပေမယ့် သူက သူ့ကားကို ကိုယ်တိုင်ဆေးစက်ပစ္စည်းတွေကို သူကိုယ်တိုင်စစ်ဆေးပြီး ပြင်ရဆင်ရမှ နှစ်သက်သူလေ။

ဖေဖေက ကုမ္ပဏီထောင်ထားသော်လည်း ဖေဖေ့အလုပ်ကို သူစိတ်မဝင်စား။ နဂိုကတည်းက (သူသိတတ်စအရွယ်ကပင်) ဟိုကာလိဒီကာလိအလုပ်ကို ဝါသနာပါခဲ့တာမို့ ဆယ်တန်းအောင်တော့ အဆေးသင့် တက်ရင်း Mechanic သင်တန်းတွေ လျှောက်တက်၊ ကျွမ်းကျင်အောင် ကျင်နှင့် ဆရာတစ်ယောက်လို တတ်မြောက်တော့ သူငယ်ချင်းရဲ့ခေါ် 



www.burmeseclassic.com

www.burmeseclassic.com



ကိုတွဲခေါ်ကာ ဝပ်ရှော့တစ်ခု ထောင်ဖြစ်လေ၏။ တစ်ဦးတည်းသောသား လည်းဖြစ်သလို အမိမဲ့သားလေးမို့ ဖေဖေက အလိုလိုက်ခဲ့တာမှန်သော် လည်း ဘွဲ့ရပြီးလျှင် စနေ၊ တနင်္ဂနွေမှလွဲ၍ ကျန်ကြားငါးရက်ကို ကုမ္ပဏီ မှာ အလုပ်ဆင်းရမည်ဟု ကတိသေချာတောင်းပြီးမှသာ သူ့ဆန္ဒကိုလိုက် လျောပေးခဲ့တာဖြစ်၏။

ဖေဖေ့အလုပ်ကိုလည်းလုပ်ရ သူ့ဝပ်ရှော့မှလည်းဝင်ငွေကောင်း သဖြင့် သူငယ်ချင်းတွေက 'ဇောတိက'ဟု နာမည်ပြောင်ပေးကြသလို သူ့ဝင်ငွေက ယခုအသက် (၂၄)နှစ်မှာပင် တစ်လကို (၅)သိန်းကျော်။ အရက်နှင့် မူးယစ်ဆေးဝါးမှန်သမျှ လုံးဝရှောင်ကျဉ်ပြီး ဆေးလိပ်လေး တောင် မသောက်တတ်သဖြင့် ကွယ်ရာမှာ 'ဂျီဘုန်း' ဟု နာမည်ဖျက်ကြသည့် လူတွေကလည်း အများသား။

သူကလည်းသူပင်။ ငယ်စဉ်ကတည်းက မေမေ့စကားကို မြေ ဝယ်မကျ နားထောင်ခဲ့သည်ကို၊ 'သားနော်.မေမေမကြိုက်ဘူး'လို့ လေ ပြည်လေးနဲ့ပြောတာကို အရိုးစွဲအောင် အမှတ်ကြီးတဲ့သူမျိုးပင်။ တချို့ တစ်ဦးတည်းသောသားတွေလို တေတေပေပေ ခပ်ဆိုးဆိုးကလေးတစ် ယောက်မဟုတ်တာမို့ ယနေ့ချိန်ထိ ဖေဖေကလည်း သူ့ကိုတစ်ခါမှမဆုံးမ ခဲ့ဖူးပေ။ သူ လေးတန်းတက်နေသည့်နှစ်မှာ မေမေ ရုတ်တရက် နှလုံး ရောဂါဖြင့်ဆုံးသဖြင့် ဖေဖေမျက်ရည်ကျတာကိုမြင်တော့ သူ ကြီးလာတဲ့ အထိ ဖေဖေ့စိတ်တိုင်းကျ နေထိုင်ရပ်တည်သွားရန် ဆုံးဖြတ်ခဲ့သည်မှာ အမှန်ပင်။

မှတ်မှတ်ရရ ဆယ်တန်းအောင်မြင်သည့်နှစ်ကသာ ဖေဖေ့ကို ကလန်ကဆန်လုပ်ခဲ့မိတာဖြစ်၏။ သားအဖနှစ်ယောက် အပေးအယူတွေ လုပ်၊ သဘောတူပြီးမှသာ သူလုပ်ချင်တာကိုလုပ်ခွင့်ရခဲ့တာ။ ဝပ်ရှော့ ထောင်ထားရာမှ အဆင်ပြေသွားပြန်တော့လည်း ဖေဖေက ဘာတစ်ခုမှ အပြစ်မပြောခဲ့ပါချေ။

ယခု ဖေဖေ့ကုမ္ပဏီနှစ်ချုပ်စာရင်းတွေကို ဝိုင်းစစ်ပေးရမှာမို့





သူ ဆယ်ရက်ဆက်တိုက် ကုမ္ပဏီကိုဝင်ရမည်။ ခက်တာက ရဲခေါင်၊ ဒီကောင် ဟိုတစ်ပတ်ကတည်းက အလုပ်မဆင်းတာ။ Sat, Sun မို့ သူရှိနေသဖြင့် အကြောင်းမဟုတ်။ အခု Monday လည်းမလာသဖြင့် သူလိုက်လာခဲ့ရခြင်းဖြစ်သည်။ ဖုန်းလည်း မဆက်၊ လူလွှတ်၍လည်း အကြောင်းမကြားသဖြင့် ဒီကောင့်အမေများ တစ်ခုခုဖြစ်ပြီလားဟု သူ စိုးရိမ်တကြီးလိုက်လာခဲ့တာပင်။ ရဲခေါင်က အမေတစ်ခုသားတစ်ခုပေ ကို။၊ တစ်ဖက်က ပြန်စဉ်းစားကြည့်လိုက်တော့ ဒေါ်လေးဝေ နေထိုင် မကောင်းဖြစ်ပါက ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင် တစ်နည်းနည်းဖြင့်တော့ အကြောင်းကြားမည်သာ၊ အခုဟာက မဟုတ်မှလွဲရော ဒီကောင်ကိုယ် တိုင် ဖျားနေတာပဲဖြစ်မည်။ မိုးတွင်းမို့ ဒီအချိန် တုပ်ကွေးတွေက အဖြစ် များလှတာကိုး။

"ဂုဏ်...ဂုဏ်...ဂုဏ်...ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်၊ အော့...ငွေကိုသာ...ရေလိုသုံး...အအော့...တစ်ပြည်လုံးမှာ လုပ်သမျှတင့်တယ်...အော့...ယောက္ခမကြီးက မျက်နှာချိုတယ်"

ရေမလှမ်းမကမ်းမှာ စည်းချက်ညီ ယိုင်ထိုး၍ လမ်းလျှောက်နေ သည့်လူကြီးတစ်ယောက်ကြောင့် စက်ရှိန်ကို သူလျှော့ချရလိုက်သည်။ လမ်းက အတော်ကျဉ်းသည်မို့ ဘေးရှောင်မောင်း၍မရ။ ပြီးတော့ ဘေး ဘက်မှာက ရေမြောင်း၊ ရေမြောင်းထဲမှာ ကန်စွန်းတွေလား၊ ဗေဒါတွေ လားမသိ ထိုးထိုးထောင်ထောင်စိမ်းစိုနေ၏။ သူ့ကားဘီး မြောင်းထဲနစ် လျှင်ဖြင့် ဒီညအဖို့ အိမ်ပြန်ရောက်နိုင်မည်မဟုတ်။ ဒီကြားထဲ တစ်လမ်း လုံး ချိုင့်ခွက်တွေဗွက်အိုင်တွေကို မလွှဲမရှောင်သာ ဖြတ်ခဲ့ရတာ မနည်း မနော။ သူ့ ရဲခေါင်ဆီ အလုပ်လုပ်ရန် လာပြောတုန်းက နွေဘက်မို့ ဒီ လောက်အခြေအနေဆိုးမည်မထင်ခဲ့ပါချေ။

"တီ! တီ!"

လမ်းတောင်း၍ ဟွန်းတီးလိုက်စဉ် ရေမှလူကြီးက ခြေလှမ်းကို ရပ်၍ ခပ်စွေစွေစောင်းကြည့်လိုက်လေ၏။ မျက်ခွံက မျက်လုံးကိုတစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com

ဖုံးထားသလို ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးတွေက ကျိုးတိုးကျဲတဲ၊ ခေါင်းပေါ်မှာ ကြာဆံတွေက တစ်ချို့တစ်ဝက်၊ စစ်ရောင်အကျီလက်ရှည်က ခေါက်တစ်ဖက် ချတစ်ဖက်နှင့် ရင်ဘတ်ဟပြဲ၊ အတွင်းမှာ ဝတ်လာသည့်စွပ်ကျယ်က ဟောင်းနွမ်းနေသော်လည်း ဖြူနေပါ၏။

"ဟင်း. . . ဟင်း"

နှုတ်ခမ်းတစ်ဖက်တွန့်ရုံ ပြုံးလိုက်ပြီး ထိုလူကြီးက ရှေ့ကိုပြန်လှည့်ကာ ဆက်လျှောက်ပြန်၏။ ပုဆိုးတိုတိုဝတ်ကာ ခါးကြားမှာတော့ နောက်မြီးပြတ်နေပြီဖြစ်သည့် ဂျပန်ဓါးနပ်တစ်ရန်ကို ထိုးထည့်ထားလေသည်။ ရှေ့ကို တစ်လှမ်း၊ နောက်ကိုပြန်ယိုင်၍ဆုတ်တာက နှစ်လှမ်း။ ပြဿနာပဲ. . . ရဲခေါင်အိမ်က အတော်ဝေးသေးသည်မို့ ဆက်ဝင်ရဦးမယ်။ ဒီလူကြီးလုပ်ပုံနဲ့ ရောက်တော့မှာပဲ. . .

"တီ!. . ."

ဟွန်းဆက်တီးကာမှ လူကြီးက စလွယ်သိုင်းလွယ်ထားသည့် လွယ်အိတ်စုတ်ထဲမှ နတ်သမီးဖျော်ရည်ဖြူကို တစ်ဂလုနှစ်ဂလု မော့နေပြန်၏။ သွားပါပြီ၊ လမ်းလယ်ခေါင်တည့်တည့် ပုံလဲကျသွားရင်တော့ သူ ကားဆက်မောင်း၍ ရတော့မှာမဟုတ်ပေ။

"တီ! တီ!"

"ဒီမှာ. . . ဒီမှာ၊ ဦးလေး၊ လမ်းနည်းနည်းလောက် ဖယ်ပေးပါဗျ။ ကျွန်တော် အရေးကြီးကိစ္စရှိလို့ပါ"

လူကြီးက ရှုတည်တည်ဖြင့်လှည့်ကြည့်ကာ ပုလင်းကို အဖုံးပိတ်၍ လွယ်အိတ်ထဲပြန်ထည့်လိုက်ပြီး အကျီလက်ဖြင့် နှုတ်ခမ်းကိုသုတ်လိုက်၏။ ပြီးနောက် ပြန်လှည့်ကာ ဆက်လျှောက်နေပြန်သည်။ သေသာ သေလိုက်ချင်တော့တာပဲ. . . ဘယ်လိုနားကောက်၊ ခေါင်းမာသည့်လူကြီးပါလိမ့်. . .

"တီ!. . ."

"ဦးလေး၊ ဒီမှာ ကျွန်တော်ပြောနေတာပါလေဗျာ"





မိုးမှုန်ဖွဲဖွဲလေးအောက်မှာ လျှောက်နေသည့်လူကြီးကို ကားတံခါးပေါက်မှခေါင်းထွက်၍ ထပ်အော်လိုက်ပြန်တော့ လူကြီးက ဒီဘက်ကိုလှည့်ကာ သူ့ကို ခါးထောက်လျက် ကြည့်လိုက်လေ၏။

"မင်းက ဘာကောင်မို့လဲကွ၊ အော့. . . ဒါ မင်းပထွေးပိုင်တဲ့လမ်း. . . အော့. . . မဟုတ်. . . ဘူး. . . အများပိုင်လမ်း. . . အော့. . . ကွ. . ."

"ဟာ. . . ဦးလေးက ရှေ့ကပိတ်လျှောက်နေတော့ ကျွန်တော် ဘယ်ဆက်သွားလို့ရမလဲဗျ။ ဘေးလေး နည်းနည်းကပ်လျှောက်မှပေါ့"

"ဟေ့! ကားစီးနိုင်တယ်. . . အော့. . . ဆိုပြီး. . . ဖင်ခေါင်းကျယ်မနေနဲ့။ အထင်. . . အော့. . . မကြီးဘူး. . . မင်းဟာမင်း ကြည့်မောင်း. . . အော့. . . မရရင်. . . ငါ့လိုပဲဆင်းလျှောက်ပေါ့ကွ. . . ဒါပဲ အော့. . ."

"ရမလားဗျ၊ ကျွန်တော်က ကားနဲ့လာတာပဲဟာ၊ ဦးလေးက လမ်းဖယ်ပေးရမှာပေါ့"

"မဖယ်ဘူးဆိုရင် ဘာလုပ်ချင်လဲ. . . အော့. . . သောက်ခွေးလေး အော့. . . လူကြည့်တော့ဖြင့် တစ်တောင်လောက်ရှိသေးတယ်။ ငါ့ကိုများ. . . ဘာမှတ်နေလဲ. . . ကျော်နိုင်တဲ့ကွ. . . တစ်နိုင်တည်းရှိတယ်. . . အော့. . . နှစ်နိုင်ရှိရင် နောက်တစ်နိုင်ကို အရက်နဲ့မြည်းပစ်မယ်မှတ်"

"ဟာဗျာ"

သူ ခေါင်းကိုတဗျင်းဗျင်းကုတ်လိုက်မိ၏။ နဂိုကတည်းက ခေါင်းရှုပ်စိတ်ရှုပ်ခံသည့်လူမဟုတ်သဖြင့် ဘာဆက်လုပ်ရမည်မသိ၊ လူကြီးက မထီတရီမဲ့ပြုံးဖြင့် ရှေ့ကိုဆက်လျှောက်သွားပြန်သည်။ ငါ့နှယ်နော်၊ ဒီနေ့မှ ပြဿဒါး ဝင်ရတယ်လို့။ ကားကို ဘီးလိမ့်ရုံလေး လိမ့်လာခဲ့စဉ် လူကြီးက ချိုင့်ခွက်တစ်ခုထဲ ခြေချော်ကျကာ ပုံလဲလေ၏။ ပုံလဲတာက အကြောင်းမဟုတ်၊ နောက်မှပါလာသည့် သူ့ကားစက်ဖုံးကို လက်ဖြ



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြီးမှ လဲကျတာမို့ သူ ခေါင်းကိုက်နေလေတော့၏။

"ဟာ... ငါ့ကိုကားနဲ့တိုက်တယ်၊ ငါ့ကိုကားနဲ့တိုက်ပြီဟေ့"

"ဦးလေး မဟုတ်တာ မပြောပါနဲ့ဗျ။ ဦးလေးဟာဦးလေး ချော်လဲပြီး ကျွန်တော့်ကားကို ပြန်တိုက်မိတာ"

သူ ကားတံခါးဖွင့်၍ဆင်းပြောတော့ လူကြီးက ဗွက်အိုင်ထဲမှာ ခြေပစ်လက်ပစ်ထိုင်နေသည်မှာ အခန့်သား။

"အောင်မာ... မင်းတိုက်ရင်တိုက်တယ် ဝန်ခံစမ်းပါကွ။ ကြံကြံဖန်ဖန် ငါကပဲ မင်းကားကိုပြန်တိုက်ရတယ်လို့။ ဟုတ်မှလည်း လုပ်စမ်းပါ ငါ့လူရာ။ ငါ အသက်ကြီးရှိပါသေးတယ်ကွ။ မူးနေတယ်လို့ ထင်နေလား... အအေ့"

"ဦးလေး ဒီလောက်မူးနေလို့ ဗွက်အိုင်ထဲ ခြေချော်နင်းမိတာပေါ့ဗျာ။ ကျွန်တော့်ကို အပြစ်ပုံမချပါနဲ့"

"တောက်! တော်တော်လူပါးဝတဲ့ကောင်။ သူကပဲ လွန်သေးဖို့ဆိုက ရှေ့ကြေးတောင် ပြန်လိုချင်နေလားမသိ၊ လာကြပါဦး။ ဒီမှာ ငါ့ကို ကားနဲ့တိုက်နေပြီ"

"ဟာ! ဦးလေး"

မိုးရွာနေ၍ အိမ်ထဲကွေးနေသည့်လူတွေရော၊ လက်ဖက်ရည်ဆိုင်ထဲရှိလူတွေပါ ဝုန်းဝုန်းဒိုင်းဒိုင်းဖြင့် ရောက်လာကြလေ၏။ တစ်ယောက်တစ်ပေါက် မေးသူမေး၊ သူ့ကို အော်သူကအော်၊ ရုပ်အကျီရင်ဘတ်စကို လာဆုပ်ကိုင်သူကဆုပ်နှင့် ရှုပ်ယှက်ခတ်ကုန်လေသည်။ ဒီလိုပြဿနာမျိုး တစ်ခါမှမကြုံဖူးသည်မို့ သူ့မှာ မျက်လုံးပြူးမျက်ဆံပြူးနှင့် ခေါင်းတစ်ခုလုံး အုံခဲလာလေတော့၏။

"မင်းလားကွ၊ ငါ့တို့လူကြီးကို ကားနဲ့တိုက်တာ"

"မဟုတ်... မဟုတ်"

"ဟာ... ကြာတယ်ကွာ၊ ချသာချ"

သူ့ပြေရှင်းချက်ကိုပင်မစောင့်တော့ဘဲ လက်သီးတွေက အလုံး





အရင်းဖြင့် မျက်နှာပေါ်ရော ဗိုက်နေရာကိုပါ အဆက်မပြတ်ရောက်လာလေသည်။ လူက ဘာမှပြန်မခုခံမကာကွယ်နိုင်ဘဲ နာကျင်ခြင်းတစ်ဖက်နှင့် မျက်စိထဲ ပြာသွားရလေ၏။

"ဟေ့! ဟေ့! ဘာဖြစ်နေကြတာလဲ၊ တော်ကြစမ်း"

"ကိုရဲခေါင်ရေ... ဒီမှာ ဒီကောင် ဦးနိုင်ကို ကားနဲ့တိုက်လို့ ကျုပ်တို့ ဝိုင်းဘောနေတာဗျ"

"ဟာ! မလုပ်နဲ့၊ တော်တော့၊ အဲဒါ ငါ့သူငယ်ချင်းကွ၊ တော်ကြတော့။ ကျွတ်... ခက်တာပဲ"

လက်ထဲမှာ ဆေးထုပ်တွေတစ်ထုပ်ကြီးဖြင့် ရဲခေါင်ရောက်လာတော့မှ လူတွေရှဲသွားတော့၏။ သူ့မျက်ကွင်းတစ်ဖက်၊ ပါးတစ်ဖက်၊ မေးရိုးနှင့်နှုတ်ခမ်းထောင့်မှာကွဲ၍ ဒဏ်ရာတွေက အနှံ့၊ ရဲခေါင်က လူအုပ်ကို ရှင်းထုတ်လိုက်ပြီး အခြေအနေကိုမေးပါလေသည်။

"ဘယ်လိုဖြစ်တာလဲ စည်သူရာ"

"ငါ, မင်းဆီကိုလာရင်း... ဒီလူကြီးက လမ်းမဖယ်ပေးဘဲ အလယ်တည့်တည့်က လျှောက်နေတာ၊ သူ့ဟာသူ ချိုင့်နင်းပြီး ချော်လဲကျတာကို ငါ့ကားနဲ့တိုက်မိတယ်ဆိုပြီး အော်တာနဲ့"

"အံမာ! မဟုတ်လို့လား။ ခုထိ ငါ့မင်းကားရှေ့မှာ ငုတ်တုပ်ရှိနေသေးတာကို ပြောင်လိမ်ချင်သေး"

"ဟုတ်ပါပြီ ဦးနိုင်ရယ်၊ ကျွန်တော်ပြေလည်အောင် ဖြေရှင်းပေးပါ့မယ်။ ကဲ... ထထ၊ ထလို့ရော ရရဲ့လား"

"ငါ့ခြေထောက် တော်တော်နာနေပြီကွ၊ ကျိုးပြီလားမသိပါဘူး ဟဲ့ရာ"

"ဟာ! ကျိုးသွားရင် ဦးလေး ဒီလိုတောင် ငြိမ်မနေဘူး အာပြဲကြီးနဲ့ အော်နေရမှာဗျ"

"ဟေ့ကောင်၊ လျှာမရှည်နဲ့၊ မင်းထက် ငါပိုတတ်တယ်။ မနေ့တစ်နေ့ကမှ လူဖြစ်လာတဲ့ကောင်ကများ"



www.burmeseclassic.com

www.burmeseclassic.com



ရဲခေါင်က သူ့ကိုမျက်ရိပ်ပြ၍ တားလိုက်သဖြင့် သူ နှုတ်ပိတ်လိုက်ရ၏။ ပုံစံကြည့်ရတာတော့ ဖေဖေနှင့်ရွယ်တူလောက်ပင်။ သို့သော် လောကဓံရဲ့ရိုက်ပုတ်မှုကြောင့်ထင့် တွေတွေဝေဝေလည်း နေပုံရသည်မို့ ရှိရင်းစွဲအသက်ထက် ပိုအိုစာနေသယောင်။

စလွယ်သိုင်းထားသည့်လွယ်အိတ်ထဲမှ ပုလင်းဖြူကိုထပ်နှိုက်တော့ သူ မျက်လုံးပြူးသွားရပါ၏။ ဒီလောက်ထိသောက်နေတာတောင်မမူးသေးဘူး ထင်နေလေသလား။ အသက်တော့ မြန်မြန်တိုတော့မှာပဲနော်။

"ဦးလေး မသောက်နဲ့တော့လေ။ ဒီလောက်မထနိုင်တာတောင်မော့ချင်နေတုန်းလား"

"အံမာ! မင်းက ငါ့ဖအေမို့လို့ လာဆုံးမနေတာလားကွ။ မင်းထက်အရင် ထမင်းစားလာတဲ့ကောင်ပါ။ ငါသိတယ်၊ ငါတတ်တယ်။ သောက်မယ်ကွာ. . . ဘာဖြစ်လဲ၊ ငါကြိုက်လို့ ငါသောက်တာ။ ဟွန်း! လူကြီးရင် ခုတင်တောင် ထင်းဖြစ်ရသေးတာပဲ။ ကျော်နိုင်တဲ့. တစ်နိုင်တည်းရှိတယ်"

ပုလင်းကိုမော့၍ ဂလုဂလုနှင့်သောက်နေပြန်တာမို့ သူ သက်ပြင်းချမိလေ၏။ ဒီဦးလေးကြီးနေရာမှာ ဖေဖေသာဖြစ်နေရင် သူ အဘယ်မျှစိတ်ညစ်ရမည်နည်း။ သားသမီးတွေနှင့် ဇနီးသည်တော့ ဘယ်လိုနေ၊ ဘယ်လိုစားရမှန်း သူမသိပါဘဲ ကလေးတွေနေရာဝင်၍ ကိုယ်ချင်းစာနာမိပြန်သည်။ အိမ်သူတော့ မည်သို့စိတ်ဆင်းရဲရှာပါမလဲနော်။

ကြိုက်လို့သောက်တယ်ဆိုရင် အရက်သမား အဲ. မဟုတ်သေးဘူး. . . အဲဒီ Drunker တွေက သူတို့ကို "ယမကာလုလင်"လို့အမည်တပ်မှ ကြိုက်ကြတာလေ။ ဤအဆင့်က နံပါတ် (၃)ဖြစ်ပြီထင်ပါ၏။ ဖေဖေပြောပြတုန်းက နံပါတ်(၁) ပထမက မလွှဲသာမရှောင်သာ၍ သောက်ရတာတဲ့။ နံပါတ်(၂)ကတော့ လူပင်ဆုံအောင် သောက်ကြတာဆိုပဲ။ လုံးဝမသောက်ဘဲမနေနိုင်တဲ့ အဆင့်(၃)ကတော့ ကြိုက်လို့သောက်တာ





ဘဲ့လေ။ ဒါဆိုရင်တော့ ဘယ်သူတားတား လုံးဝတားလို့ရမှာမဟုတ်တော့ဘူး။

သိကြားမင်းကြီး ကိုယ်ယောင်ပြ၍ဆင်းပြီး တားတာတောင်မရ၊ ဇနီးမယား၊ သမီးသားထက် ဤဖျော်ရည်လေးက သစ္စာအရှိဆုံးဆိုပြီး နောက်ဆုံးထွက်သက်အထိ ဖက်တွယ်သွားမည့် ဂိတ်ဆုံးအဆင့်ရောက်နေပြီမို့ အိမ်ကမိသားစုကိုကြိုတွေးပြီး ကရုဏာသက်မိနေရတာအမှန်ပါပဲ။

"ဦးနိုင်, အိမ်ရောက်မှသောက်လေဗျာ။ ထထ. ကျွန်တော်တို့ အိမ်အထိလိုက်ပို့ပေးမယ်"

"အံမယ်! ငါ့မျက်နှာကိုသေချာကြည့်ပြီးပြောစမ်း ဟေ့ကောင်၊ မင်းတို့လိုပိုက်ဆံရှိပြီး လမ်းပေါ်မှာလျှောက်နေတဲ့လူတွေကို လူလို့မထင်ဘဲ ခွေးလောက်တောင် တန်ဖိုးမထားတဲ့ကောင်စားမျိုးရဲ့ကားကို ငါက ဘာကိစ္စလိုက်စီးရမှာလဲ၊ ထွီ! မစီးဘူးကွာ"

"ဟာဗျာ. . . ဦးလေးကလည်း ကျွန်တော့်ကားက ဘာဖြစ်နေလို့လဲဗျ။ အကောင်းနဲ့လည်း လိုက်ပို့ပေးမယ့်ဟာ"

"ဘာကွ၊ ငါ့ကိုမတောင်းပန်ဘဲ စေတနာမပါသလိုအချိုးနဲ့ အပေါ်စီးက လာပြောမနေနဲ့။ မထဘူးကွာ. . . ဘာဖြစ်လဲ. . . ကဲ"

ဒူးထောင်၍ ထရန်ပြင်ပြီးမှ မထဘဲ ခြေဆင်းကာ ပြန်ထိုင်ချလိုက်သဖြင့် သူစိတ်ပျက်သွားမိ၏။ ဒီနေ့တော့ အိမ်ပြန်မိုးချုပ်တော့မှာ အသေအချာပါပဲလား။ ရဲခေါင်က သူ့လက်မောင်းကိုအသာတို့၍ မျက်ရိပ်ပြ တောင်းပန်ခိုင်းနေပြီမို့ အောင့်သက်သက်ဖြစ်သွားရ၏။ မဖြစ်သေးပါဘူး. . . ဒီကိစ္စမပြီးမချင်း အိမ်ပြန်မရောက်ရင် သူ့ကိုလည်းဆန့်မျှော်နေမှာက သူ၏ချစ်လှစွာသောဖခင်ပင် မဟုတ်ပါလား။

"ကဲပါ ဦးလေးရယ်၊ ကျွန်တော်ကပဲ တောင်းပန်ပါတယ်။ ထပါတော့. . . လိုက်ပို့ပေးပါရစေ"

"အံမာ! တောင်းပန်တာတောင် စေတနာမပါ၊ စိတ်ရှင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တဲ့ အောင့်သက်သက်လေသံကြီး"

"သူတောင်းပန်နေပြီးပဲ ဦးနိုင်ရယ်၊ တော်ကြာ, မိကျိုးပြန်လာရင် ဦးနိုင်ကိုစိတ်ပူနေဦးမယ်။ ထပါတော့ဗျာ"

"မင်းဆင်ပြောပေးလို့နော်၊ ဒီကောင့်ကို ငါအစာသိပ်ကျေတာ မဟုတ်ဘူး။ ဘယ့်နှယ်ကွာ. . . မလောက်လေးမလောက်စား ချာတိတ်ကများ ငါ့လိုလူကိုစော်ကားရဲရတယ်လို့။ ဟုတ်တယ်၊ ငါ့သမီးပြန်လာရင် ငါမရှိလို့မဖြစ်ဘူး။ ပြန်မှပါပဲ၊ ကဲ, ထူကြကွာ"

အမိန့်ရပြီမို့ သူနှင့်ရဲခေါင် ထိုလူကြီး၏လက်မောင်းကို တစ်ဖက်စီတွဲ၍ထူကာ ကားပေါ်တင်လိုက်ရပါ၏။ သွားပါပြီ၊ သူ့ကားသန့်သန့်လေးတော့ ရွှံ့တွေဗွက်တွေက ကားထဲရော ကားပြင်ပါ ပေကျံကုန်ပါရောလား။ လူကြီးကဖြင့် သူ့နည်းသူ့ဟန်အရက်မော့လိုက်ပြီမို့ ကြို့ထိုးသံပင် မထွက်တော့ပါချေ။ တော်ပါသေးရဲ့. . . အဲဒီလိုလူတွေ ကြို့ထိုးရင်း အသက်ပါသွားတတ်တာလို့ ကြားဖူးနားဝရှိထားတာ မဟုတ်လား။

ရဲခေါင်ညွှန်ပေးသည့်အတိုင်း လမ်းသွယ်ထဲ ဆက်မောင်းခဲ့ရာ ခြံဝင်းကို ဝါးလုံးတန်း၍ခတ်ထားပြီး ရေမြောင်းကွက်လပ်ကျယ်ရှိကာ နောက်နားဆယ်တကျကျ ဆောက်ထားသည့် သွပ်မိုးပျဉ်ကာ အိမ်သေးသေးလေးရှေ့သို့ရောက်လာပါ၏။ မိုးစချုပ်ပြီမို့ မီးရောင်မမြင်ရသေးပေမယ့် ရှေ့တစ်ခြမ်းအပေါ်ပိုင်းကို သံဇကာ,ကာထားသည့်အိမ်လေးထဲ မှုန်ပြပြ လှမ်းမြင်လိုက်ရပါသည်။ အင်း, အိမ်ကတော့ သပ်သပ်ရပ်ရပ်ပါပဲလား။

"အထဲမှာ ဘယ်သူရှိသေးလဲ"

"ဘယ်သူမှမရှိဘူး။ ငါ့အိမ်ရောက်ပြီမို့ ပြန်ကြတော့။ လိုက်ပို့ပေးလို့ မင်းကို ငါ ကျေးဇူးမတင်ဘူးနော်။ ဟေ့ကောင်, မင်းနာမည် ဘယ်သူ"

"စည်သူပါ ခင်ဗျ"

"အေး. မင်းကားနဲ့ ငါ့ကိုတိုက်မိတဲ့အတွက် ဒါ လျော်ကြေးပြန်





သူဘာပဲလို့ မှတ်လိုက်။ ဒါပဲ"

"ကျွန်တော်တို့ အိမ်ထဲထိ. . ."

"မလိုဘူး၊ ငါ့ကို လောကွတ်မချော်စမ်းနဲ့။ အဲဒါပဲ, မင်းတို့လိုသူဌေးသားတွေက မဟုတ်တာကိုလိုက်ပြီး အရည်မရအဖတ်မရ လုပ်ချင်နေတာ။ ပြန်ကြတော့"

"မဟုတ်ပါဘူး ဦးလေးရ၊ ဦးလေးတစ်ခုခုဖြစ်ရင် မနက်ကျဆေးခန်းပြပေးလို့ရအောင် မနက်ဖြန် ကျွန်တော် လာမလို့ပါ"

"မလာနဲ့. . . မလာနဲ့. . . မလိုဘူး။ ဟေ့ကောင် ငရဲ"

"ဗျာ. . . ဦးနိုင်"

"မင်းကောင်ကို ခေါ်သွားစမ်း၊ ငါ့မျက်စိထဲ ကန့်လန့်ဖြစ်လာပြီ"

"ဟုတ်ကဲ့"

ကားပေါ်မှဆင်းပြီး အိမ်ထဲယိုင်ထိုး၍ လျှောက်သွားသည့်လူကြီးကိုစိတ်မချသလိုလှမ်းကြည့်ပြီးမှ သူတို့ထွက်လာခဲ့၏။ ရဲခေါင်အိမ်မှာ ဖင်ပူအောင်တောင် မထိုင်ဖြစ်တော့ဘဲ ဖျားနေသည့်ဒေါ်လေးဝေကို ဘောသာနှုတ်ဆက်မေးမြန်းပြီး ပြန်လာခဲ့သည်။

ဦးကျော်နိုင်မှာ 'ရွှေချိုးဖြူ' လို့ခေါ်တဲ့ သမီးလေးတစ်ယောက်သာရှိတာတဲ့။ ဖအေတစ်ခုသမီးတစ်ခုမို့ ဦးကျော်နိုင်က သူ့သမီးကို ငုံသားမတတ် ချစ်တယ်ဆိုပဲ။ သမီးထိ, ဓားကြည့်ဆိုတဲ့အစားထဲကမို့ ရွှေချိုးဖြူကို ထိဝံ့ကြည့်ဝံ့တဲ့လူရယ်လို့မရှိဘူးတဲ့လေ။ အင်း, 'ရွှေချိုးဖြူ' ဆိုတဲ့နာမည်လေးကစပြီး စိတ်ဝင်စားစရာပါလားနော်။

အိမ်ကိုပြန်ရောက်တော့ ည(၈)နာရီ။ အိမ်ဝမှာထွက်စောင့်နေသည့်ဖေဖေ့ကို လှမ်းမြင်လိုက်ရ၍ သူနှာခေါင်းရှုံ့လိုက်မိ၏။ အဲဒါမှ ခွပဲ သူ့မျက်နှာမှာက ဒဏ်ရာတွေရလာတာမဟုတ်လား။

"ဖေ့သား, ဘယ်အချိန်ရှိပြီလဲကွ"

ကားစက်သပ်သည်နှင့် မေးခွန်းထုတ်လိုက်သည့်ဖေဖေ့ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com

မဖြေသေးဘဲ ကားပေါ်မှဆင်းလိုက်ပါ၏။ ပေါ်တီကိုအောက်မှ မာကျူရီမီးရောင်ဖြင့် သူ့မျက်နှာမှ အညိုအမည်းကွက်တွေကိုမြင်တော့ ဦးမောင်မောင်ခန့် ရင်ဘတ်ဖိသွားရလေ၏။

"အလို! ငါ့သားမျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ပါလား။ မင်း ဘယ်သူနဲ့ရန်ဖြစ်လာတာလဲ သား"

"မဖြစ်ပါဘူး ဖေဖေရာ"

"မဖြစ်ဘဲ မင်းမျက်နှာမှာ Colour စုံဖြစ်နေမလားကွ၊ ငါယုံအောင်လည်း ရှင်းပါဦး"

ဘာရယ်မဟုတ်ဘဲ သူပြုံး မိ၏။ လာပြန်ပြီ ဦးမောင်မောင်ခန့်တစ်ယောက်၊ ခေတ်သစ်နဲ့အညီ ကားလုံးအသစ်အဆန်းတွေ သုံးနှုန်းနေကြတာကိုး။ အိမ်ထဲရောက်  ဖေဖေက သူ့လက်မောင်းကိုလှမ်းဆွဲ၍ မျက်နှာကိုကိုင်ကာ  ကြည့်  ၏။

"ကြည့်ပါဦး။  နည်း  မဟုတ်ဘူး"

"ကားတိုက်မိ လို့ဖြစ်  လို့ ရပ်ကွက်ထဲကလူငယ်တွေ ဝိုင်းဘွယ်လိုက်ကြတာပါ ဖေဖေရဲ့"

"ဘာ! ကားတိုက်မိတာ ဟုတ်လား"

"မတိုက်ပါဘူးဖေဖေရဲ့ အဖြစ်က ဒီလိုပါ"

သူက ဆက်တီဆိုဖာပေါ်ထိုင်ချလိုက်ရင်းက ဒီညနေအဖြစ်အပျက်ကို အကျဉ်းချုံး၍ ပြောပြလိုက်ပါ၏။ ဖေဖေ့မျက်နှာမှာ တအံ့တသြဖြစ်ရင်း၊ ဒေါသထွက်ရင်း အမျိုးမျိုးပြောင်းလဲနေပုံက အထင်းသားပါပင်။

"အဲဒါပဲ"

"တောက်! အဲဒါကြောင့် သားကိုဖေဖေပြောတာပေါ့။ အဲဒီလိုအောက်တန်းစားတွေနဲ့အပေါင်းအသင်းမလုပ်ပါနဲ့လို့၊ ဒီလိုရပ်ကွက်မျိုးကိုမှ သွားရသတဲ့လား၊ ကားနဲ့ပွတ်မိရင်လည်း တန်ရာတန်ကြေး လျော်ပေးလိုက်ရင်ပြီးရော၊ ဘာမှဆက်ရှည်စရာမရှိတော့ဘူး၊ ဘယ့်နှယ့် မဆိ





ဆိုင်လူတွေက ရမ်းရမ်းကားကားနဲ့ ဝင်ဘွယ်လိုက်ရတယ်လို့"

"ကျွန်တော်ကလည်း တကယ့်လူနဲ့မှ သွားငြိတာကိုးဖေဖေရဲ့။ တော်ရုံလူဆို ဒီထိဖြစ်စရာဘာမှမဖြစ်ဘူး။ ခုဟာက သူတို့ရပ်ကွက်ထဲက တကယ့်ဒိတ်ဒိတ်ကျဲလူကိုမှ သွားထိမိတာ"

"အံမယ်! အနုတ်စုတ်ကုတ်စုတ်အရက်သမားကိုများ တကယ့်လူလေးတာလေးနဲ့ ကြီးကြီးကျယ်ကျယ်၊ သူက ရပ်ကွက်ထဲမှာ ဘာကောင်မို့လို့လဲ"

"ဒါတော့ ကျွန်တော်လည်း ဘယ်သိမှာလဲ ဖေဖေရ၊ ရဲခေါင်ပြောတာတော့ သူတို့ရပ်ကွက်ထဲ  လူချစ်လူခင်အတော်များတဲ့လူကြီးတဲ့"

ဖေဖေက မျက်နှာ  နှာခေါင်းကိုပါ ရှုံ့တွပြလိုက်လေ၏။ အင်းပေါ့လေ၊ ဖေဖေ့  ပိုင်ရှင် Boss တစ်ယောက်အနေနဲ့ကတော့ ဒီလိုလမ်းဘေးကလူကျ ဘယ်အရေးလုပ်ပါ့မလဲ။ ဒီလိုပဲ ဦးကျော်နိုင်မှာကလည်း ပစ္စည်းမဲ့မာနက တံခွန်စိုက်နေတာကြောင့် အခုလိုတွေပြောဆိုပုံ တူနေကြတာလေ။ ဘယ့်နှယ့် ဖေဖေ့မှာတင် မာနရှိတာမဟုတ်၊ ဦးကျော်နိုင်ကလည်း ဖေဖေ့လိုမျိုး ပိုက်ဆံရှိသူဌေးတွေကို အထင်မကြီးသလို ချိုးချိုးဖွဲ့ဖွဲ့ပြောဆိုတတ်တာမဟုတ်လား။ ဦးကျော်နိုင် ပျစ်ပျစ်နှစ်နှစ်ပြောတာတွေကိုသာ ဃနကာပြန်ကြားရင် ဖေဖေ အဘယ်မျှဒေါသလေမည်မသိ၊ ဖေဖေကိုယ်တိုင်ကိုက ငွေဂုဏ်မောက်နေတတ်တဲ့ တကယ့်အရင်းရှင်ကြီးပေကိုး။

"သူ့မှာ ထိခိုက်ပွန်းပဲ့တာမျိုးဖြစ်သွားလည်း တန်ရာတန်ကြေး ငွေပေါက်လျော်ပြီး ပြန်ခဲ့ပေါ့ သားရာ"

"အဲဒီလိုမဖြစ်လို့ပေါ့ဖေဖေရဲ့၊ လူကြီးလည်းဖြစ် လူမှုရေးတွေ ဘာတွေကလည်း ရှိသေးတာမဟုတ်လား"

"လာပြန်ပြီ ဖအေထက် သားကစ်လကြီးလေသံနဲ့"

"မနက်ဖြန်တစ်ခါလောက်တော့ သွားကြည့်ဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



ခါးရိုးတွေဘာတွေထိသွားရင် မကောင်းဘူး။ ဒီလူကြီးက အလုပ်ကြမ်းခေါင်းဆောင်တဲ့။ သူ့သမီးလေးက အထည်ချုပ်မှာဆိုလား, လုပ်ရတာဆင်းရဲရှာတယ်''

''ရှုပ်ရှုပ်ယှက်ယှက်သားရာ''

''မေမေ့သားဆိုတော့လည်း ကျွန်တော်က လူတွေကို သနားကြင်နာတတ်တာကိုး ဖေဖေရ''

''အံမာ! ဒါဖြင့် ငါကတော့ မကြင်နာ၊ မသနားတတ်ဘူးပေါ့လေ''

''ဟင်းဟင်း. . . ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ ကျွန်တော်က ဖေဖေနဲ့မေမေ့သားဖြစ်နေလို့.လို့ ပြောချင်တာပါ''

ဖေဖေ့မျက်နှာမှာ ခုမှအပြုံးပေါ်လာလေ၏။ သားတော်မောင်တစ်ယောက်တည်းမို့ အရိပ်တကြည့်ကြည့်ချစ်ခဲ့တာမှန်ပါလျက် ခုလိုကြီးနာကျင်လာရတာကိုတော့ မခံချင်လှပါ။ မောင်မောင်ခန့်ဆိုတာ သူမှာ...ကုန်းပေါ်မှာ စကြဲလျှောက်သလို 'ဂျင်ပေါ်ကထုံး' ဆိုပြီး ပြောစမှတ်ရှိခဲ့ကြတာပဲ။ မိမိလက်ဖျားနှင့်ပင် မတို့ခဲ့သည်... ...ကို ကိုယ်ထိလက်ရောက်စော်ကားတာကိုဖြင့် ရင်ထဲမှာ တနုံ့နုံ့ဖြစ်ရတာ တကယ်ပါပဲ။

''ရေနွေးလေးနဲ့ ကြပ်ထုပ်ထိုးခိုင်းဦးမှပါပဲ''

''နေပါစေဖေဖေရယ်၊ ဘာမှမဖြစ်လောက်ပါဘူး၊ အကိုက်အခဲပျောက်ဆေးတစ်လုံးလောက်သောက်ပြီး အိပ်လိုက်ရင် မနက်ကျ OK ပါ ဖေဖေရာ။ ယောက်ျားပဲ. . . မာပါတယ်ဗျ''

''ပြောလိုက်ရင် အဲဒီလိုပဲ''

''ဖေဖေနဲ့ အဲဒီလူကြီးတွေ့မိရင် အမှန်တကယ် နောင်ကျိန်ချကြမှာသေချာတယ်။ ပေပေကလည်း မောင်ခန့်ဆိုပြီးပြော၊ ဟိုလူကြီးကလည်း ကျော်နိုင်ကဲ့.တစ်နိုင်တည်းရှိပယ်၊ နှုတ်နိုင်ရှိရင် အချက်နဲ့မြည်းတော့မယ်ဆိုပဲ''





''ဘာ!''

''အာ. . . လွန်လိုက်တာ၊ ဘာဖြစ်တာလဲဖေဖေရ''

''ဘာမှမဟုတ်ပါဘူး''

ပျက်သွားသည့်မျက်နှာကို အမြန်ပြင်လိုက်ရပါ၏။ 'ကျော်နိုင်' ဆိုပါလား၊ 'ငနိုင်' များဖြစ်နေမလား၊ အိုလေ, နာမည်တူလူတူမရှားတွေ ရှိနေတတ်တာပဲ၊ ရင်ထဲထိတ်ခနဲဖြစ်သွားတာကို ချက်ချင်းဖျောက်၍ သားနောက်မှ အိမ်ပေါ်သို့ထလိုက်ခဲ့ရ၏။ စည်သူခန့်ကတော့ သီချင်းတီးတိုးညည်းလျက် လှေကားကိုတက်နေချေပြီ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

''ဒေါ်လေးဝေ သက်သာပြီမို့ အလုပ်လာဆင်းတာလားကွ''

''မေမေက သက်သာပါတယ်ကွာ. . . ငါက စိတ်မချသေးလို့ အလုပ်လာမဆင်းတာပါ။ မသက်သာတာက ဦးနိုင်ကွ၊ စည်သူရ''

''ဟော! ဦးလေးကြီး ဘာဖြစ်သွားလို့လဲ''

''ငါ့အထင် ဖျားတာပဲနေမှာပေါ့။ မနေ့က မိုးလည်းမိ၊ ဖွက်ထည်း လူးသွားပြီး ဒီတိုင်းအိပ်သလားမှမသိတာ၊ လေဖြတ်မသွားတာအောင် ကံကောင်း''

''သူ့သမီး လဲမပေးဘူးလားကွ''

''မိဂျိုးက OT ဆင်းရတာ (၉)နာရီမှပြန်လာလို့ဟ။ အဲဒါ အခြေခံမှန်လည်းသိရော မနက်အလုပ်မဆင်းခင် ငါ့အိမ်လာပြီး ကောသွားတာ ညံ့လို့။ လိုက်လည်းလိုက်တဲ့သားအဖပဲ၊ အဖေကိုလည်း ထိလို့မရ၊ သမီးကိုလည်း ထိလို့မရ၊ ငါက အကျိုးအကြောင်းရှင်းပြပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကျေနပ်သေးဘူး။ အဲဒီသူဌေးသား လာလိုက်တော့ ခြေနှစ်ချောင်းကို ရိုက်အချိုးပဲဆိုပြီး ကျိန်းသွားသေးတာ''

ဘုရား! သူကြီးအမှု ရှာပတ်ဆိုတာ ဒါမျိုးကိုပြောတာပဲထင်ပါရဲ့။ ဘာမှမငြိမ်လောက်တဲ့အမှုသေးသေးလေးက သူ့ခေါင်းတည့်တည့်ကို မိုးကြိုးကြီး ပစ်ချတော့မလိုပါပဲလား။ ဒီလူကြီးရဲ့သမီး မလောက်လေး မလောက်စားအရွယ်လေးက အခုလိုကျိန်းတာတော့ အတော်လွန်တာပဲ။ မဖြစ်သေးပါဘူး. . . သူ့ပယောဂနှင့်မကင်းသည့်ကိစ္စမို့ သူမတို့သားအပေကို သွားတော့တွေ့ရမှာပါပဲ။ အဲဒါမှပြေလည်မှာလေ။

ဘာမှမရှိလို့ သားအဖနှစ်ယောက်စလုံး အိမ်ပိတ်ပြီး အပြင်ထွက် အလုပ်ရှာလုပ်နေရတာ။ ဖျားနာနေထိုင်မကောင်းဖြစ်ရင် မရှိတဲ့ကြားထဲက ငွေက အပိုကုန်ဦးမှာမဟုတ်လား။ ဒါကြောင့်လည်း ဖအေအတွက်စိတ်ပူပြီး ဤကလေးမ ဒီလိုပြောတာပေါ့။ သူလိုလူတောင် အစပြည့်ခုံပါလျက် ဖေဖေ နည်းနည်းလေး ခေါင်းမူးသည်ဆိုတာနှင့် ပျာယာခတ်နေတာလေ။

ကုမ္ပဏီလည်း မသွားနိုင်၊ ကားဝယ်ရော့လည်း မေ့၊ အိမ်က အကူဒေါ်ကြီးဖြူနှင့် မိစန္ဒပါမက မာလီမှတ်ပါ ပျာကြရတာ။ ဟိုလူခေါ် ဒီလူအော်ဖြင့် တစ်အိမ်လုံး သူ့အသံပဲ ဖုံးသွားတာ။ ဖေဖေက မျက်စိခဏလေးမှိတ်ထားရာမှ သူ့အစား ရင်အပူကူးသည်ဟုပင် ပြောရတာလေ။ အသက်ကြီးပြီမို့ သွေးလေနည်းနည်းတိုးချင်သည်ဟု ဆရာဝန်ပြောလိုက်တာနှင့် အင်မတန်သဘောဖြူ အူစင်းပါသည်ဟု သတ်မှတ်ထားသည့် စည်သူခန့်တစ်ယောက် ဒေါ်ကြီးဖြူမှစ၍ အစဉ်လိုက်ဆူတော့တာ တစ်နာရီကျော်ကြာသည်ဟု ရာဇဝင်တွင်သွားခဲ့သည်ကို။

ဒါတောင် ဖေဖေက အစားမှား၍ဖြစ်တာမဟုတ်၊ အလုပ်ပင်ပန်း၊ စိတ်ပင်ပန်းပြီး အပေါ်သွေး နည်းနည်းလောက်တိုးသည့် sign ပြရုံပြင့် သူ စိတ်အပူကြီးပူခဲ့မိတာပါ။ အခုလို ဘာဆိုဘာမှမချမ်းသာသည့်ကလေးမတော့ ဖအေအတွက်စိုးရိမ်တာ အဆန်းမှမဟုတ်တာဘဲ။





ကောင်းပြီလေ၊ ညနေ သွားကြည့်လိုက်တာပေါ့။

''ညနေ စောစောသိမ်းကြတာပေါ့ကွာ''

''မင်းသွားစရာရှိသေးလို့လား''

''မရှိပါဘူး''

''ဒါဖြင့် ဘာလို့စောသိမ်းမှာလဲ။ ခါတိုင်းလို (၉)နာရီ ပိတ်ရုံပေါ့။ ပြင်စရာကားတွေ ဒီလောက်ပုံနေတာကို''

''ဦးလေးကို သွားကြည့်မှာလေ''

''ဘယ်လို! ဦးနိုင်ကြီးကိုလား''

''အေး''

''ဟာ. . . မဖြစ်ဘူးထင်တယ်။ တော်ကြာ မိကျိုးနဲ့ဆုံရင် မင်းခြေထောက် ကျိုးသွားဦးမယ်။ အဲဒီကောင်မလေးက တကယ်ဆော်တာကွ။ လက်က မြန်မှမြန်''

''မလုပ်လောက်ပါဘူးကွာ''

''ဟေ့ကောင်. ငါနဲ့က တစ်ရပ်ကွက်တည်းနေတာကွ။ မိကျိုးတို့ ကွက်သစ်မှာ အော့ကျောလန်ဘွဲ့ ပေးထားကြတာ အကုန်လုံးအသိ။ မဟုတ်မခံ ဆတ်ဆတ်ကျဲ သူ့အတင်းအုပ်တယ်ကြားတာနဲ့ ဆူးထဲမရှောင် လမ်းပေါ်မရှောင် ဆံပင်ဆွဲ ပါးရိုက်ရဲတဲ့အထိ ကြမ်းတာကွ''

''ဒါက သူ့ဘက်က မှန်လို့ရဲတာ နေမှာပေါ့ကွ။ ခုကိစ္စက ငါမှားတာ။ သူဘာမှမလုပ်လောက်ပါဘူး။ ငါ ကုမ္ပဏီလစ်တော့မယ်''

''အေးအေး''

ရဲခေါင်က သူ့ကို အထူးအဆန်းသတ္တဝါလိုကြည့်ပြီး ကျန်ရစ်ခဲ့သေး၏။ သူကားကိုမောင်းထွက်၍ ဖေဖေ့ကုမ္ပဏီသို့ထွက်လာခဲ့ပါသည်။ ကုမ္ပဏီလုပ်ငန်းကိုကျွမ်းကျင်ပေမယ့် သူက သိပ်စိတ်မဝင်စားလှပါ။ သူက တော့ ဝက်အူလှည့်တွေကိုသာကိုင်ဖို့ စိတ်ကူးတာမဟုတ်လား။ ဒါပေမဲ့ ဖေဖေ့စိတ်တိုင်းကျစေဖို့ကိုတော့ သူဂရုစိုက်ပါ၏။ ဟိုဘက်ရော ဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ မလစ်ဟင်းရလေအောင် ကျွမ်းကျွမ်းကျင်ကျင်ရှိသည်လေ။

Lift ဖြင့်တက်ခဲ့စဉ် ရုံးခန်းဝမှာ ဖေဖေ့ PA သက်လျာထွေး နှင့်ဆုံလေ၏။ (၁၀)နာရီထိုးနေပြီမို့ သူ မလာတော့ဘူးဟု ဖေဖေထင်နေမှာပင်။

"ဖေဖေရောက်နေပြီလား သက်လျာ"

"ရောက်နေပြီပေါ့. . . ကိုစည်သူရဲ့။ Boss က ဘယ်နှခါများ နောက်ကျဖူးလို့ မေးရတာလဲ"

"ငါတော့ အပွမ်ခံရတော့မယ်ထင်တယ်"

"ဝယ်ရှော့ဝင်နေလို့လား"

"အင်း"

သူ ဖေဖေ့ရုံးခန်းထဲဝင်လိုက်စဉ် ဖေဖေက မျက်မှန်ပင့် ကြည့်လိုက်ရင်း သူ့ကိုမျက်စောင်းခဲလိုက်လေ၏။ Boss တောင် (၉)နာရီ ခွဲမှီရောက်တာ၊ သူကဖြင့် (၁၀)နာရီကျော်မှ ရောက်လာတာကိုး။

"ဟိုကောင် ဘာလာလုပ်တာလဲ"

"အလုပ်လာတာလေ ဖေဖေရဲ့ ဟိုမှာ ရဲခေါင်ရောက်နေလို့ အဲဒါနဲ့"

"ဒါအလုပ်လာချိန်မှမဟုတ်ဘဲ။ မင်းကို Absent လုပ်ထားပြီးပြီ"

"ဖေဖေကလည်း တစ်နာရီနောက်ကျရင် တစ်နာရီစာ Fine တပ်ပေါ့ဗျ။ သားအဖချင်းကို"

"အံမာ့၊ ရမလားကွ၊ အလုပ်က အလုပ်ပဲ၊ အလုပ်မှာ သားအဖတွေ၊ ညီအစ်ကိုတွေ မရှိဘူး။ မောင်မောင်ခန့်သားဖြစ်ပြီး အချိန်ကို အလေးမထားတာလောက် အမြင်ကပ်တာမရှိတော့ဘူး"

"အဲဒါဆို ကျွန်တော် ဒီတိုင်းလှည့်ပြန်ရမှာလားဖေဖေရဲ့ ဝယ်ရှော့မှာ ကားတွေပုံနေတာ အများကြီးပဲ၊ ဖေဖေ့ကုမ္ပဏီမှာသာ တစ်ပတ်ငါးရက်အလုပ်မဆင်းရရင် ကျွန်တော့်အလုပ်တွေ ဒီလောက်ထိမပုံအောင်





ဦးဆောင်ပြီး. . ."

"ဟော့ကောင်, တော်စေတော်. . . ငါ့ကို ဆရာလာမလုပ်ချင်နဲ့။ ဆော့နေ Meeting လုပ်တော့မှာ။ သက်လျာ"

"ရှင်. . . အန်ကယ်"

"သူ့နာမည် ဖျက်ပြီးပြီလား"

"မဖျက်ရသေးပါဘူး အန်ကယ်"

"အေးအေး. . . သွား၊ လက်မှတ်ထိုးပြီး သွားနှင့်"

"Yes, ဖေဖေ"

"ဘာ Yes လဲ၊ မင်းဘကြီး Yes "

သက်လျာက သူတို့သားအဖကိုကြည့်ပြီး ရယ်ချင်စိတ်ဖြင့် နှုတ်ခမ်းကို ကိုက်ထားလေ၏။ သူတို့သားအဖက အဲဒီလိုလေ။ ဖေဖေ ကိုယ်တိုင်ကိုက လူရှေ့လည်းမရှောင် သူ့ကိုဆူချင်ဆူတတ်တာ မဟုတ်သား၊ မန်နေဂျာဦးဘခက်ဆိုရင် ဖေဖေ့ထက်အသက်ကြီးပေမယ့် ခုထိ အဆူခံနေရတုန်း။ ပြောစရာရှိရင် အားမနာတမ်းပြောဆိုတတ်ပေမယ့် ဖေဖေက ကပ်စေးနဲကြီးမဟုတ်ပြန်ပါ။ ဝန်ထမ်းတွေ သာရေး၊ နာရေး ကိစ္စတွေကိုအရေးတယူဖြင့် လိုလေသေးမရှိ လုပ်ပေးတတ်ပြန်တာမို့ ဖေဖေ့ရဲ့ 'ခန့်' ကုမ္ပဏီဝန်ထမ်းတွေက ဝင်ပြီးရင် တော်ရုံနှင့် ထွက်လေ့ မရှိကြဘဲ မြဲနေတတ်တာလေ။

"ဖေဖေ့ကိုဂရုစိုက်ဦးနော်"

"စိတ်ချပါ ကိုစည်သူရဲ့"

"ဟိုကောင်, ကိုယ့်အခန်းကိုယ်မသွားသေးဘဲ ဘာကပ်ပြောနေတာလဲ"

"တွေ့လား၊ ငါ့မှာ အဲဒီလို သမီးမိန်းကလေးလို မျက်စိဒေါက်ထောက်အကြည့်ခံပြီး နေရတာ"

ခပ်တိုးတိုးပြောလိုက်တာမို့ ဖေဖေမကြားသော်လည်း သက်လျာက သဘောကျစွာဖြင့် မအောင့်နိုင်ဘဲရယ်ချလိုက်ရာ ဖေဖေ့မျက်



www.burmeseclassic.com

www.burmeseclassic.com



စောင်းကြီး ဒိုင်းခနဲကျလာတော့သည်။ မဖြစ်တော့ပါဘူး။ လစ်မှပါပဲ။

Meeting ထိုင်တော့ Company Member တွေထဲမှာ ဖေဖေ့သူငယ်ချင်း ဦးဝေသာမောင်နှင့်အတူ သမီးဖြစ်သူ ဟေသာမောင် ပါလာလေ၏။ သူ့နံဘေးခုံမှာ လာထိုင်လိုက်သည့် ဟေသာ့ထံမှ လိုက် ခနဲပျံ့လာသည့်ရေမွှေးရနံ့နှင့်အတူ သွားတက်လေးပေါ်လာသည့်အပြုံး နုနုကို လက်ခံဆောင်ရလိုက်လေ၏။ အလိုက်သင့် ပြန်ပြုံးပြလိုက်ပေမယ့် သူ့အပြုံးက အီလည်လည်ဖြစ်နေမှာအမှန်ပင်။

ဦးဝေသာမောင်က ဖေဖေ့လို ခန္ဓာကိုယ်မကျစ်လစ်ဘဲ ဝဝဖိုင့် ဖိုင့် အသီးပိုပို နဖူးက ပြောင်ချင်သည့်ဘက်လှပြီး ဗိုက်က ထွက်နေသေး တာ။ သမီးဖြစ်သူက ဖအေနှင့်လားလားမှမဆိုင်၊ မှန်နေအောင် ချောလှ နေတာ တကယ်ပါပဲ။ ဟေသာ့မေမေ အန်တီရိုစ့်သာမောင်လည်း ဒီ လောက်အချောကြီးမဟုတ်တာမို့ သူတို့သူငယ်ချင်းတွေကြား ဗန်းစကား အရ လှောင်ပြောင်ပြောရရင် ကြားကားခွဲပြီး ရထားသလားမသိ။

အတွေးဖြင့် သူကိုတ်ပြုံးလိုက်စဉ် သူ့လက်ဖမိုးကို လက်သည်း ချွန်ချွန်လေးတစ်ချောင်းက လာကုတ်လိုက်လေ၏။

"ဟင်! ဘာလဲ"

"မေးနေတာမဖြေဘဲ တစ်ယောက်တည်းကိုတ်ပြုံးနေပြီးတော့"

ကိုယ်ကိုကိုင်း၍ပြောလိုက်သည်မို့ ဟေသာ့ထံရောက်သွားသည့် အကြည့်ကို ဖျတ်ခနဲလွှဲလိုက်ရပါ၏။ မရမ်းစေ့ရောင်ဆိုးဆေး တင်ထား ပြီး မရမ်းစေ့ရောင် Fashion အင်္ကျီက ကိုယ်ကိုင်းလိုက်သည့်အခါတွင် လည်ပင်းဟသွားသည်မို့ သူအကြည့်လွှဲလိုက်ရတာပင်။ ရဲတာလား. . . ကဲတာလား. . . သူ့ဝေခွဲမတတ်ပေမယ့် လှတာကတော့ အတော်လှတာ အမှန်ပဲကိုး။

"ပြောလေ"

"ဘာမေးလိုက်တာလဲ"

"ကိုသူ့လုပ်ငန်း OK ရဲ့လားလို့"





"ဩော်, အဲဒါလား။ ကောင်းပါတယ်၊ ကျွန်တော်က ဘာကို ပဲလုပ်လုပ် အောင်မြင်အောင်လုပ်တာချည်းပဲကိုး"

"အင်း, ဟေသာ့ *Fashion shop* လည်းအခြေအနေကောင်း တယ် ကိုသူရဲ့။ အားရင် လှည့်လာကြည့်ပါဦး။ တကတည်း. . . မဖိတ် ဘဲ ရောက်လာမယ်လို့မရှိဘူး"

"ကျွန်တော် အချိန်မရှိလို့ပါ ဟေသာရဲ့"

"သိပါတယ်၊ တကူးတကကြီးလာဖို့ ပြောတာမှမဟုတ်တာ။ လမ်းကြုံလှည့်လာဖို့ပဲ ပြောတဲ့ဟာကို"

"ဟုတ်ကဲ့"

ဘာမှန်းမသိ, ဟုတ်ကဲ့လိုက်ပေမယ့် သူ ခေါင်းထဲနောက်သွား ရပါ၏။ ဖေဖေ့ကိုသာ အဲဒီလို နားမလည်ပါးမလည် ဟုတ်ကဲ့လို့ပြော ကြည့်၊ မေးခွန်းတွေက စက်သေနတ်ပစ်သလို အတန်းလိုက်ထွက်လာ မှာလေ။ ဦးမောင်မောင်ခန့်တို့က တိကျတဲ့နေရာမှာ အစိတ်လေး တစ် စိတ်တောင် စွန်းတာကို လက်သင့်မခံတဲ့လူစားမျိုးမဟုတ်ပါလား။

"အဟမ်း"

လုပ်ချောင်းသံကြီးကြောင့် သူ မတ်မတ်ပြန်ထိုင်လိုက်ရ၏။ သက်လျာက သူတို့ကိုလှမ်းကြည့်ရင်း ပြုံးတုံ့တုံ့။ ဖေဖေက မနှစ်သက် သလို အမူအယာမျိုးမပြပေမယ့် Meeting Room ထဲမှာ အပိုစကား ပြောတာမျိုး မနှစ်သက်တာကို အချက်ပြလိုက်တာပင်။

"Eco Graph လေး ကြည့်လိုက်ကြရအောင်"

သက်လျာက Remote ဖြင့် Screen ကိုလှမ်းဖွင့်လိုက်ရာ ဒီလ ပိုကုန်ရောင်းကုန်မျဉ်းနီလေးက တန်းရာမှ ကွေ့ကောက်မြင့်တက် မှုပြနေသလို အပြာနုရောင်ခြယ်ထားသည့် Graph ကွက်လေးတွေက လည်းအပြည့်။ အင်း. စီးပွားရေးမှာတော့ OK ပါပဲ။ ဒီညနေကိစ္စကြောင့် OK . . . မ OK မသေချာသေးပါလေ။

"အားလုံးသိကြတဲ့အတိုင်းပါပဲ၊ ကုမ္ပဏီအခြေအနေက မျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်ထားတာထက် အချိန်တိုတိုနဲ့မြင့်တက်နေတာပါ။ ကျွန်တော့်သဘော ကတော့ ဒီအခြေအနေနဲ့တင်းတိမ်မနေဘဲ ရှေ့ကိုဆထက်တိုးပြီး လုပ်ချင် နေတာလေ။ ခက်တာက ကျွန်တော့်ကျန်းမာရေးက အရင်လိုမဟုတ်လေ တော့ စိတ်သွားတိုင်း ကိုယ်က မလိုက်နိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော့် သားကို ကုမ္ပဏီလွှဲဖို့ပြင်ဆင်ထားပေမယ့်. . ."

ဦးမောင်မောင်ခန့်အကြည့်က သားဖြစ်သူဆီ ရောက်သွားစဉ် ဘောပင်ဖင်ကို မေးစေ့မှာထောက်ပြီး စိတ်လွင့်နေပုံရသည့် စည်သူခန့် ကိုမြင်လိုက်ရသဖြင့် ပြောလက်စ,စကားက တိခနဲရပ်သွားပါ၏။ စက္ကန့် အတော်ကြာသည်အထိ မလှုပ်မယှက်ရှိနေသည့်သားကို ဒေါသလည်း ဖြစ်သွားမိပါသည်။ ဒင်းတော့ Meeting လုပ်နေတာတောင် စိတ်တွေ ဘယ်ရောက်နေတာပါလိမ့်။

"ဟိုကောင် စည်သူ"

"ဗျာ! ဖေဖေ"

"မင်းစိတ်တွေ ဘယ်မြောက်ခင်း သွားစားနေသလဲ။ ငါပြောနေ တာတွေ ကြားရဲ့လား"

အားလုံးမျက်နှာမှာ ပြုံးပြုံးစိစိဖြစ်သွားပါ၏။ ဒီ MD နဲ့ သား ဟာ ချစ်လိုက်တာလည်းမပြောနှင့်။ ဖအေလုပ်သူက ထက်ထက်မြက် မြက် ပွပွလောင်လောင် စီးပွားရေးသမား။ သားဖြစ်သူက အေးအေးလူ လူ မအေတူ ငြိမ်ကုပ်ကုပ်နှင့် မာန်မာနကင်းစင်သည့်လူအေးလေး။ MD က စိတ်ထဲမတွေ့သည်နှင့် သားကို လူရှေ့မရှောင်ဆူလေ့ရှိသည်ပဲ။

"ကြားပါတယ် ဖေဖေ"

"ဘာကြားတာလဲ"

"ဟို. ကုမ္ပဏီအောင်မြင်တာနဲ့ ကျွန်တော့်ကို လက်လွှဲချင်တဲ့ ကိစ္စ"

ရှုတည်တည်ကြီးဖြစ်သွားပေမယ့် ကျေနပ်သွားရပါ၏။ ဒီကောင် နားစွင့်နေသားပဲကိုး။ တော်ပါသေးရဲ့၊ ဖအေ့လုပ်ငန်းကို အလေးထား





သေသားပဲမို့ ကျေနပ်သွားရတာပင်။

ဖှဟသာ့အပြုံးကြောင့် သူ့ နှာခေါင်းရှုံ့ပြလိုက်ပါ၏။ စိတ်က ညနေဆီလွင့်သွားတာ အမှန်ပါပဲ။ ဖေဖေ အလစ်ငိုက်မေးလိုက်သည့် အမေးကို ဒေါက်ခနဲရမ်းဖြေလိုက်တာ တန်းခနဲမှန်သွားတာမို့ ဟေသာ က လှောင်ချင်ချင်ပြုံးနေတာမဟုတ်လား။ ဖေဖေနဲ့သူက အဲဒီလိုလေ။

"ခက်တာက ကျွန်တော့်သားရဲ့ဦးနှောက်ထဲမှာ Jack တွေ၊ spanner တွေ၊ screwdriver တွေပဲ ရှိနေတာဆိုတော့ အတော်ခွ ကူတာဗျ။ ဒီကောင်က သူ့ workshop ကလွဲပြီး ဖအေ့ကုမ္ပဏီကို ဘယ် စိတ်ဝင်စားတာမဟုတ်ဘူး။ အဲဒီလောက်ထိ အလေးထားတာ လေ"

မဆိုင်တာတွေ ထည့်ပြောနေပေမယ့် အားလုံးမျက်နှာမှာ ကျေ နပ်ပြုံးတို့ကို မြင်နေရပါ၏။ ဖေဖေကတော့ လုပ်ချလိုက်ပြန်ပါပြီ၊ ပြော သင့်မသင့် မချင့်ချိန်ဘဲ ဖွတ်ပြောနေတာပဲကိုး။

"ဒီနေ့လည်းကြည့် သူ့ workshop မှာ သူ့သူငယ်ချင်းရှိ နေပြီဆိုမှ စိတ်ချပြီး ကုမ္ပဏီကိုလာခဲ့တာ။ ရောက်လာတဲ့အချိန်က (၁၀) နာရီ အဲဒီလို ဖအေကိုဦးစားပေးတာဗျ"

ရယ်သံသဲ့သဲ့မျှ ထွက်လာပါ၏။ သူက ရက်ရက်နှင့် ပြုံးနေကျ အတိုင်း မျက်ခုံးကို လက်မဖြင့် အသာကုပ်လိုက်စဉ် ဖေဖေ့မျက်စောင်း ကြီး ထပ်ရောက်လာပြန်လေသည်။

"သူ့သာဆက်မခံရင် ကျွန်တော့်ကုမ္ပဏီတော့ သူများလက်ထဲ ပါတော့မှာပဲဆိုပြီး တစ်နေ့မှ စိတ်ကိုမအေးရဘူး"

"အချိန်တန်တော့လည်း ခင်ဗျားတာဝန်ကိုလွှဲယူမှာပါ ကိုမောင် ခန့်ရယ်။ သိပ်စိတ်ပူမနေပါနဲ့"

"မထင်နဲ့ ကိုဝေသာရေ. ကျွန်တော့်သားအကြောင်း ကျွန်တော် အသိဆုံးပျ။ သူက ရေလိုအေးတဲ့လူ၊ ရေဘောင်မှ ခဲနေတဲ့ရေခဲလိုလူစား မျိုး။ အဲဒီထိ သွေးအေးလွန်းဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလည်းဗျာ"

"ဘာဖေဖေကလည်းလဲ၊ ငါ့စကားထဲ အမှားပါနေလို့လား"

"မပါပါဘူး"

"မင်းသိရင် တိတ်တိတ်နေပေါ့"

သူ နှုတ်ပိတ်နေလိုက်ရပါ၏။ ဖေဖေ့ဒေါ်ပွလျှင် Meeting Room ထဲ အသံကြီး ဟိန်းထွက်လာမည်ကို။ Meeting ပြီးတော့ တစ်အောင့်အကြာမှာ ထမင်းထွက်စားဖြစ်၏။

"ညနေ ကျွန်တော် စောစောပြန်မှာနော် ဖေဖေ"

"ဘယ်သွားဦးမလို့လဲ"

"မနေ့က ဦးလေးကြီးကိုသွားကြည့်မလို့၊ ဖေဖေ့ကိုပြောထားပြီးသားလေ"

"ကြည့်လုပ်ဦးနော်၊ မနေ့တုန်းကလို မင်းမျက်ခွက် စုတ်လာရင် ဒီတစ်ခါ အိမ်ပေါ်တက်ဖို့ စိတ်မကူးနဲ့"

"ကျွန်တော်က အိမ်ပြန်မလာလို့ ဘယ်သွားနေရမလဲ ဖေဖေရ အဖေတစ်ခုသားတစ်ခုလေး ရှိတာကို"

'ဒီတစ်ခါ မျက်နှာမဟုတ်ဘူး ဖေဖေရေ့၊ ခြေထောက်ဗျ' ဆိုသည့်စကားကိုတော့ စိတ်ထဲမှသာ ပြောဖြစ်လေ၏။ နို့မို့ အိမ်ထဲက အိမ်ပြင် ပေးထွက်တော့မည်မဟုတ်ချေ။

"နေဦး၊ မင်းနဲ့ဟေသာက ဘာလဲ"

"ဘာကိုလဲဖေဖေရဲ့၊ အရင်းမရှိအဖျားမရှိမေးခွန်းကြီး"

"မင်းတို့နှစ်ကောင်သား တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြလို့ မေးတာလေ"

"ဒီလိုပဲ အလာပ,သလာပ ပြောတာပါ ဖေဖေရဲ့၊ ဘာဖြစ်လို့လဲ"

"အေး ဘာမှမဟုတ်လည်း ပြီးတာပဲ။ အဲဒီသားအဖက ခပ်လည်လည်ကွ။ မင်းလိုလူကို နှစ်ပတ်တောင်မလှည့်ရဘဲ လှည့်ထွက်





သွားလိမ့်မယ်။ ဝေသာ့လိုလူမျိုးက တစ်ကျပ်ကနေ တစ်ထောင်ပွားလာအောင် ဘယ်နည်းမျိုးသုံးရမလဲဆိုပြီး ရှာဖွေနေတဲ့အစားမျိုး။ မင်းကို ကွဲခနဲဖမ်းမိသွားရင် ငါ့ကုမ္ပဏီကို လက်ခုပ်ထဲထည့်ပြီး ကပြောင်းကပြန်လုပ်တော့မှာ"

"ကျွန်တော် ဒီလောက်မအပါဘူး ဖေဖေရယ်။ ကြည့်ရှောင်တတ်ပါတယ်ဗျ"

"ရှောင်ရုံရှောင်ပါ။ ကြည့်တော့ မကြည့်လေနဲ့။ သူ့သမီးက ကြာမျိုးရှစ်ဆယ်နဲ့ မင်းကိုအပိုင်ဖမ်းချင်နေတာ အသိသာကြီး။ သက်လျှာတောင် ရိပ်မိတယ်။ 'အန်ကယ့်သားက အန်ကယ့်ကိုပဲ စိုးရိမ်နေတာ။ သူ့အန္တရာယ် သူမမြင်ဘူး။ သတိပေးထားပါဦး' လို့ ပြောတဲ့အထိပဲ"

"အန်ကယ်ဝေသာက ဖေဖေ့ဘော်ဒါပဲမဟုတ်လား ဖေဖေရ"

"ဘာ့ဘော်ဒါလဲ၊ သားသမီးအရေးနဲ့ စီးပွားရေးမှာ ဘော်ဒါကလျှာ ထည့်မတွက်ဘူး။ ဒါပဲ"

အကြိတ်တူရန်သူတွေဖြစ်နေတာကိုများ။ ဖေဖေနဲ့ ဦးဝေသာက အတော်အကျင့်စရိုက်တူနေကြတာလေ၊ သူ့ကို ဘယ်လိုမိန်းကလေးနဲ့ သဘောတူသည်ဟု တစ်ခါမှမပြောဖူးခဲ့ပေမယ့် မိန်းကလေးတွေနဲ့ပတ်သက်ပြီး သတိပေးဆုံးမထေမျိုးတော့ မကြာမကြာရှိသည်လေ။ သူကိုယ်တိုင်က မိန်းကလေးတွေနဲ့ ခပ်ကင်းကင်းနေတတ်သူမို့ နာမည်ပျက်သည်ဟု တစ်ခါမှမရှိခဲ့လေပဲ။

"ဟေသာက ချောတော့ချောတာပဲမဟုတ်လား"

"ဘာချောရမှာလဲ၊ လုတာမက်ရင် ညစာငတ်မှာပေါ့။ လုတာချက်စားလို့မရဘူး ငနုံအရဲ့"

"ဝတာတော့ ဖက်ထားလို့ရပါတယ် ဖေဖေရ"

"မင်းကြီးဒေါ်ကြီးပဲ သွားဖက်၊ ငါ့ရှေ့ကို ဘုတ်ဆုံမကြီးခေါ်လာလို့ကတော့ အိမ်ပေါ်က ခေါင်းနဲ့ဆင်းပြေးမှတ်။ ဘယ့်နှယ် ပုံမကျပန်းမကျ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမျိုး ချေးမ,မတော်နိုင်ဘူး။ ကြိုပြောထားပါရဲ့"

"ဒါဖြင့် ကျွန်တော်က ဘယ်လိုမိန်းကလေးမျိုး ရှာရမှာလဲ ဖေဖေရဲ့၊ ကျွန်တော်နဲ့သဘောတူနိုင်မယ့်မိန်းကလေးမျိုးရော ဒီကမ္ဘာမှာ ရှိသေးရဲ့လား"

"အံမာ! ငါက ငါ့သားကို ကြက်မကြီးဝပ်သလိုဝပ်ထားပြီးတော့ ဥမှာခြောက်နေတဲ့အဘိုးကြီးမျိုး မဟုတ်ပါဘူးကွ။ မဖြစ်သင့်တာ မဖြစ်အောင် သတိပေးစောင့်ကြည့်ရုံပါပဲ။ မင်းကြိုက်တဲ့မိန်းကလေးသာ ခေါ်လာခဲ့။ သင့်တော်ရင် ပေးစားမယ်။ ငွေရှိဖို့မလိုဘူး။ မှန်နေအောင်ချော ဖို့လည်းမလိုဘူး။ ငါ့သားကို စိတ်ရင်းအမှန်နဲ့ ချစ်ဖို့ပဲလိုတယ်။ မေတ္တာ စစ်ကိုရှာ. . . ဒါပဲ"

ဒီလိုတော့လည်း မဆိုးပါလား။ သူကျေနပ်သွားရပါ၏။ ညနေ စောင်းတော့ ဝယ်ရေမှာ ရဲခေါင်ကိုဝင်ခေါ်၍ ပြန်ခဲ့ပါသည်။ ထုံးစံအတိုင်း ဘာလမ်းထိပ်မှ ဖြည်းဖြည်းမောင်းခဲ့စဉ် ရှေ့နားမှာ အလုပ်ဆင်းလာသည့် မိန်းကလေးတစ်အုပ်ပြီးတစ်အုပ်ကို မြင်နေရလေ၏။ ရဲခေါင်တို့လမ်းမ ဘက် ချိုးရန်ပြင်စဉ် ကောင်မလေးတစ်ယောက်နှင့် လူနှစ်ယောက် ပဋိပက္ခဖြစ်နေတာနှင့် ကြုံလေသည်။

"နင်တို့နေဦး ငါ ဒီလောက်ပြောနေတာတောင် အရှက်မရှိ လိုက်နှောင့်ယှက်နေတာပဲလား"

သူက ကားကိုအရှိန်လျှော့၍အကဲခတ်သလို လှမ်းကြည့်လိုက်စဉ် ရဲခေါင်က အလန့်တကြားထအော်လိုက်လေ၏။

"ဟိုက်! မိကျိုးပါလား"

"ဘာရယ်"

"အဲဒါလေ၊ ဦးနိုင်ကြီးသမီး ရွှေချိုးဖြူဆိုတာ"

သူမျက်ခုံးနှစ်ဖက် မြင့်သွားရပါ၏။ ရှေ့မှမြင်နေရသည့် မိန်း ကလေး၏ပုံပန်းသဏ္ဌာန်ကို အကြမ်းဖျင်းချုံကြည့်လိုက်မိသည်။ နှစ်ဖက် စည်းထားသည့် ဆံပင်နက်နက်စင်းစင်းလေးတွေက ကျောလယ်ခန့်အ





တန်း၊ ရှပ်အင်္ကျီလက်တိုအကွက်ကို ပြောင်လုံချည်အနက်နှင့်တွဲဝတ်ထား ပုံကလည်း ရိုးရိုးရှင်းရှင်း။ ခြေထောက်မှာက slipper အဖြူကိုသာ ဆင်မိုးရိုးဝတ်ထားသည်သာ။ အသားလေးကတော့ အဝေးကမြင်ရုံဖြင့် ဝင်းနေသည်ပဲ။

"ငါ့ကို ဘာထင်နေလဲ"

စူးခနဲအော်လိုက်သံကြောင့် သူကားကို တုံ့ခနဲရပ်လိုက်မိပါ ၏။ ကောင်မလေးက လူနှစ်ယောက်ကို ခါးထောက်၍ ရင်ဆိုင်နေချေပြီ။ လက်တစ်ဖက်မှာ 'ခို'တံဆိပ်ခေါက်ထီးနက်နှင့် တစ်ဖက်မှာက အနေ တော် သုံးဆင့် Steel ထမင်းချိုင့်ကိုကိုင်ထားလေသည်။

"ပွဲတော့ ကြမ်းတော့မှာပဲ"

ရဲခေါင်ရေရွတ်၍မဆုံးမီ T-shirt အနက်နှင့် ကောင်လေးက သူမလက်တစ်ဖက်ကို ဆတ်ခနဲကိုင်လိုက်ရာ Steel ချိုင့်က ဒိုးခနဲမြောက် တက်လာတော့သည်။

"ဟာ!"

သူ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိလေ၏။ ခဏလေး အတွင်း ရုန်းရင်းဆန်ခတ်ဖြစ်သွားပြီးနောက်မှာ တအားအားအော်ဟစ် ပြီး ပြေးလေသည့်ချာတိတ်နှစ်ကောင်။ သူမက လမ်းဘေးမှအုတ်ခဲကျိုး တစ်ပိုင်းကို ဆတ်ခနဲကောက်၍ လှမ်းပစ်လိုက်သေးသည်ပဲ။

"ကဲ၊ ဒီလောက်တောင် လာချစ်ချင်ဦး"

ဗိုးခနဲပျံသွားသည့်ခဲကျိုးက သူ့ကားနှင့် သီသီလေးလွဲသွားရုံ သာ။ အလိုလေး! လက်ကြီး ရဲလှချည်လား။ သူတို့ကားနှင့် မျက်နှာချင်း ဆိုင်မိသွားသည့် ကောင်မလေး၏မျက်နှာကိုမြင်လိုက်ရစဉ် နှလုံးသား က ဒုတ်ခနဲမြည်သံနှင့်အတူ ရင်ထဲမှ ဒိန်းခနဲအသံကြီး ထွက်လာသည် ဟု ခံစားလိုက်ရလေ၏။

လှလိုက်တာနော်။ မျက်ခုံးလေးတွေကလည်း လှတာပဲ။ မျက် တောင်ကော့ကော့လေးတွေကလည်း တောက်ပနေလိုက်တာ။ ညဘက် မိုးရေ



www.burmeseclassic.com

www.burmeseclassic.com



မှာ သာတဲ့ သောက်ရှူးကြယ်ညိုနောင်နှယ်ပင်။ မျက်ဆံနက်နက်လေးကလည်း လှတာမှ မပြောပါနဲ့။ နှာတံစင်းစင်းလေးကလည်း ချွန်ချွန်လေး၊ နှုတ်ခမ်းဖူးဖူးလေးကလည်း ထိရက်စရာမရှိအောင် လှနေမှတော့ မကြိုက်တဲ့ကောင် ရှိပါတော့မလား။ အဲဒါကို သူမက ရန်တွေ့ရုံမှုမက ကိုယ်ထိလက်ရောက်တောင်မှ တန်ပြန်ဝံ့သတဲ့လေ။ မလွယ်ပါလား 'ရွှေချိုးဖြူ'ရယ်။

"စည်သူ, ဟေ့ကောင် စည်သူ"

"ဟင်, ဘာလဲ"

"သွားမယ်လေ၊ သွားရောသွားရဲ့လား"

"အေး"

"မင်းလက်တွေမြင်တယ်နော်၊ မိကျိုးတို့က အဲဒီလိုမျိုး၊ ကြောက်ရင် လှည့်ပြန်ဖို့ အချိန်မီသေးတယ်။ စဉ်းစား"

"ခြေထောက်ဆိုတာ ရှေ့ကိုလျှောက်ဖို့ ခြေဖဝါးရှိနေတာပါကွ ရဲခေါင်ရ၊ သူရဲကောင်းတို့မည်သည် နောက်ပြန်လှည့်ရိုးထုံးစံမရှိတဲ့"

"လာပြန်ပြီ, စကားကြီးစကားကျယ်တွေ။ အဲဒါကြောင့် မင်းနဲ့ မင်းအဖေ တကျက်ကျက်ဖြစ်တာ,နေမှာ"

သူရယ်မောလိုက်ပြီး ကားကိုစက်ပြန်နှိုး၍ မောင်းထင်လာခဲ့၏။ ကောင်မလေးက လုံချည်ကို လက်တစ်ဖက်ဖြင့် 'မ'၍ ဆတ်တောက်ဆတ်တောက်ဖြင့် လျှောက်နေသဖြင့် ဘေးမှဖြတ်မောင်းခဲ့ပါသည်။ ဦးနိုင်တို့ခြံရှေ့ရောက်တော့ ကောင်မလေးက ရောက်မလာသေးပါချေ။

"ဦးနိုင်, ဗျို့! ဦးနိုင်ကြီး"

"ဟေ့! ဘယ်သူတွေလဲကွ"

"ကျွန်တော်တို့ပါ. ရဲခေါင်"

"ငရဲလား၊ အေး. လာကွာ"

"ဦးနိုင် နေမကောင်းဘူးဆို။ ဖျားနေတာလား၊ ခြေလက်တွေယောင်လို့လား"





မေးခွန်းမေးရင်းဖြင့် ရဲခေါင်နောက်မှ သူ အိမ်ပေါ်သို့လိုက်တက်ခဲ့ပါ၏။ ဦးကျော်နိုင်က ဘုရားစင်ရှေ့ဖျာပေါ်မှာ ဟက်လက်လေးလှဲနေလေသည်။

"ဪ, ဟိုကောင်လေး ပါလာတာပဲ"

"ဟုတ်ကဲ့၊ ဦးလေး နေမကောင်းဘူးကြားလို့ လိုက်လာကြည့်တာပါ။ ခါးတွေဘာတွေများ ထိသွားသေးလား"

"ဒီလိုပါပဲ ကောင်လေးရာ။ ငါ့သမီးက စိုးရိမ်ကြီးပြီး အလုပ်ဆောင်းဆိုင်းတာပါကွ"

"နေမကောင်းဘူးဆိုရင် ဆေးခန်းသွားရအောင်ပါ ဦးလေးရယ်။ ဒီလိုကြီး အိပ်ရာထဲလှဲနေလို့ ဘယ်သက်သာပါ့မလဲဗျ"

"ငါ့ရောဂါ ငါသိပါတယ်ကွ။ မင်း, ဆရာမလုပ်ချင်ပါနဲ့။ တစ်ပိုင်းလောက် ကစ်လိုက်ရင် သက်သာပြီ"

"ဟာဗျာ. . . ဦးလေးကလည်း ဒီလောက်ဖြစ်နေတာတောင် သောက်ချင်နေသေးတယ်။ ဦးလေးသောက်နေတဲ့အရက်က အပေါစားတွေဗျ၊ သူများတွေပြောတာတော့ ဓိနပ်ဖုတ်တွေ၊ ဖားပြုတ်တွေနဲ့ ချက်တာဆိုလားပဲ"

"ထွီ! မဟုတ်မဟပ်တွေ ပြောမနေစမ်းပါနဲ့။ ငါက လိုင်စင်ရဆိုင်မှာ ဖောက်သည်ကွ"

"လိုင်စင်ရရ,မရရ အပေါစားက အပေါစားပဲ ဦးလေးသောက်ချင် ကျွန်တော် အကောင်းစားဝယ်တိုက်မယ်ဗျာ"

"အံမာ! ငါ့ကိုများ အရက်ချိုး အငတ်မျိုးထင်နေလား ကောင်လေးရဲ့။ ကျော်နိုင်ပါကွ၊ မသောက်ရလည်း သေမသွားပါဘူး"

သူတို့အခြေအတင်ပြောနေစဉ် လှေကားသုံးထစ်မှ ခြေသံကို ကြားလိုက်ရလေ၏။ သူ့ခြေဖျားတွေ ချက်ချင်းအေးလာသလိုလို ခြေသလုံးကြောတွေထဲမှာ တစစ်စစ်ကိုက်လာသလို ခံစားလိုက်ရပါသည်။ လာခဲ့ပြီ 'ရွှေချိုးဖြူ'။



www.burmeseclassic.com

www.burmeseclassic.com



"ဪ. မနေ့က ကျွန်မအဖေကို ကားနဲ့တိုက်သွားတယ်ဆိုတဲ့ သူဌေးသားလား ကိုရဲခေါင်"

"ဟုတ်၊ အဲ, မဟုတ်ပါဘူး မိကျိုးရ"

"မဟုတ်ရင် ဒီအကောင်းစားကားကြီးက ခြံရှေ့မှာ လာရပ်စရာ အကြောင်းမှ မရှိဘဲရှင့်။ ဒီမှာ. . ."

"ဗျာ. . ."

"ရှင်က လမ်းပေါ်လျှောက်တဲ့လူတွေကို လူလို့ရော မြင်သေးရဲ့လား ကိုရွှေသူဌေးသားရဲ့။ ခွေးဆိုရင်တောင် အိမ်စောင့်ပေးတဲ့တာဝန်နဲ့ တန်ဖိုးတောင်ရှိသေးတာ၊ လူတစ်ယောက်ရဲ့အသက်က ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာကို ရှင်သိရဲ့လားရှင့်"

"ဗျာ! ဟိုဟို, ဒီဦးလေးကို ကျွန်တော့်ကားနဲ့မတိုက်မိပါဘူးခင်ဗျား သူ့ဟာသူ ခြေချော်ပြီး လဲကျသွားရင်း ဖြစ်တာပါ"

"ဘာရှင့်၊ ဖြီးရင်လည်း ယုတ္တိရှိရှိဖြီးတတ်အောင် လေ့ကျင့်ထားဦး။ ရှင့်ကားနဲ့သာ မထိမိရင် ကျွန်မအဖေ ခါးနာစရာအကြောင်းမှ မရှိဘူး။ ကျွန်မအဖေသာ တစ်ခုခုဖြစ်ကြည့်၊ ရှင့်ကို ဒီလောကထဲမှာအရှင် မထားဘူးမှတ်။ အဖေဆိုတာ အစားပြန်ရတဲ့အရာမဟုတ်မှန်း ရှင် နားလည်ရဲ့လား"

"ဖြည်းဖြည်းပြောပါ သမီးရာ၊ အခုပဲ အလုပ်က ပြန်လာတာ နားနားနေနေပြောမှပေါ့။ ဘယ်လိုဖြစ်ပြီး မမောမပန်း တရစပ်ပြောနေရတာလဲ။ ဒီကောင်လေးပြောတာ အမှန်ပါ သမီးရယ်။ မနေ့က အဖေ ချော်လဲပြီးမှ သူ့ကားကိုသွားထိတာပါ"

"ဟင်! ညကတော့ အဖေ့ကို ကားတိုက်သွားတာပါဆို"

"အဲဒီတုန်းက အဖေမူးနေလို့ပါသမီးရာ"

"အဖေကတော့ လုပ်လိုက်ပြန်ပြီအမျိုးမျိုး။ အခုပဲ အလုပ်ရုံဘေးဆောင်က ကောင်လေးတွေနဲ့ပြဿနာဖြစ်ပြီး ဒေါသတွေထွက်လာတာ။ ဒီရောက်တော့ ကိုရဲခေါင်တို့ကိုမြင်တာနဲ့ စိတ်တိုတာ မထိန်းနိုင်





တော့ဘူး။ ကျွန်မ အားနာလိုက်တာ"

"ရပါတယ် မိကျိုးရယ်။ ငါတို့က တစ်ရပ်ကွက်တည်းသား မောင်နှမတွေပဲဟာ၊ ကိစ္စမရှိပါဘူး. . . အခု နင့်အဖေကို ဆေးခန်းပြပေးမလို့ လာခေါ်တာပါ"

"အို, မဟုတ်တာ။ ကျွန်မလည်း အဖေ့ကို ဆေးခန်းပြမလို့ အလုပ်စောပြီး ဆင်းလာတာပါ။ ရပါတယ်။ ကျွန်မပဲ လိုက်ပြပါ့မယ်"

"ကျွန်တော့်ကားနဲ့ဆိုတော့ အဆင်ပြေတာပေါ့ဗျာ။ ကျွန်တော် ပို့ပေးပါရစေ"

"နေပါစေ မောင်ရင်ရာ။ ဒီလိုကားအကောင်းစားကြီး လိုက်စီးရင် အကျင့်ပါသွားလိမ့်မယ်ကွ။ ငါ့ဖာသာငါ ဆိုက်ကားနဲ့ပဲ သွားလို့ရပါတယ်ကွာ"

"မလုပ်ပါနဲ့ ဦးလေးရယ်။ ကျွန်တော်ကုသိုလ်ရအောင် ဒီတစ်ခါလေးပဲ လိုက်ခဲ့ပါ"

"ဟုတ်ပါတယ် ဦးနိုင်ရဲ့။ မိကျိုး, ဒါ ငါ့သူငယ်ချင်း စည်သူတဲ့။ ဒါနဲ့ ဝပ်ရှော့မှာအတူလုပ်တာ"

"ဟုတ်ကဲ့"

"ဒါဖြင့် မင်းက သူဌေးသားမဟုတ်ဘူးပေါ့"

"ဗျာ! ဪ, မဟုတ်ဘူးခင်ဗျ။ ကျွန်တော်က သူဌေးကား မောင်းပေးရတဲ့သူပါ"

"ဪ, တော်သေးတာပေါ့။ ငါက ငွေရှိတဲ့သူဌေးဆိုတဲ့အမျိုးကို အတော်လေး မြင်ပြင်းကပ်တာကွ။ ဒင်းတို့က မိဘအစဉ်အဆက်ချမ်းသာလာတဲ့အရှိန်နဲ့ အာကျယ်နေကြတဲ့ဟာတွေ။ ကိုယ်ပိုင်အရည်အချင်း အစွမ်းအစမရှိဘဲနဲ့များ မိဘလက်ငုတ်လက်ရင်းနဲ့ အသက်ဆက်နေကြရတာတောင် သူတို့ကိုယ်သူတို့ အထင်ကြီးဘဝင်မြင့်ပြီး ဟုတ်နေတယ် ထင်ကြတာကွ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com

သူက ရဲခေါင်ပေါင်ကိုအသာကုတ်၍ အချက်ပြရင်း တားမြစ်ရင်း အလိုက်သင့်ပြောနေရပါ၏။ ဦးလေးပြောသလိုဆိုရင် ဖေဖေလည်း မိဘအမွေနဲ့အသက်ဆက်နေတဲ့လူ ဖြစ်နေတာအမှန်ပါပဲ။ ဒီလူကြီးအမှန်တွေပဲ ပြောနေတတ်တာပါလား။

"မင်းရဲ့သူဌေးရောကွ၊ အတူတူပဲမဟုတ်လား"

"ဟို့. ကျွန်တော့်သူဌေးကတော့ သဘောကောင်းပါတယ် ဦးလေး၊ အလုပ်သမားတွေအပေါ် ညှာတာထောက်ထားတတ်ပါတယ်"

"အေးအေး. . . ဒါမျိုးက တစ်ရာမှာတစ်ယောက်ရှိခဲ့တာမျိုးကွ၊ ကြိုးစားပေါ့။ အလုပ်ကိုလည်းချစ်၊ အလုပ်ရှင်အပေါ်မှာလည်း သစ္စာရှိရင် မင်းတစ်သက် စိတ်ရောလူပါ မဆင်းရဲဘူးမှတ်"

"ဟုတ်ကဲ့"

ကဲ. သူတော့ မညာစဖူးညာတတ်နေပြီပဲ။ လူချမ်းသာတွေကို အခြောက်တိုက် မုန်းတီးနေသည့်သားအဖနှင့် ရင်းနှီးခွင့်ရတာ သူ့အတွက် ကံကောင်းလားကံဆိုးလားဆိုတာတော့မသိပါချေ။ နှလုံးသားဆီမှ စည်းချက်မမှန် ခုန်ပေါက်နေသည့်အသံကတော့ အဆက်မပြတ်ပါပဲ။ စမြင်ရုံနှင့် ဆတ်ဆတ်ကျဲစွာကာ ရန်ဖြစ်စကားပြောတတ်သည့် ခပ်တည်တည်မျက်နှာပေးနှင့်ကောင်မလေးကိုမှ သူ့ရင်အစုံက အဆန်းတကြယ် ခုန်ပေါက်စေခဲ့တာလေ။ ဖေဖေသာသိရင် သူ့ကိုနားရင်းထထိုးမှာ အသေအချာပါပဲ။ ငြော်. ရွှေချိုးဖြူရယ်။

✦✦✦



## အခန်း (၃)

"ငါတော့ တစ်ခါတည်းနဲ့ကြွေသွားပြီ ရဲခေါင်ရာ"

"သွားပြီ၊ ငါ့လူတော့ ဆေးကုလို့မမီတော့ဘူးထင်ပါရဲ့။ ဒီလောက် အစကနေပြောပြထားရဲ့သားနဲ့ သူ့ကိုမှ သွားကြိုက်ရသလားကွ"

"ကြိုက်တာမဟုတ်ပါဘူး၊ ချစ်တာပါကွ။ ဟောဒီနေရာကနေဒုတ်ခနဲမြည်သွားတဲ့အထိ ချစ်မိသွားတာ"

"ငပေါ"

ရဲခေါင်ရှိုးမွှမ်းသံကြောင့် စက်ပြင်အဖွဲ့သားတွေထံမှ ခုန်းခနဲရယ်သံ ထွက်လာလေ၏။ သူက Dreambed ပေါ်မှာ လှဲနေတာဖြစ်ပြီး ရဲခေါင်က စက်ပြင်စာရင်းတွေ လုပ်နေတာမို့ သူတို့ပြောသံကို အနားမှာ ထမင်းစားနေကြသည့်အဖွဲ့သားတွေ အကုန်ကြားကြသည်ကိုး။

"ငါဘယ်လိုလုပ်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ လုပ်မယ်စိတ်မကူးနဲ့။ မင်းနဲ့မိဂျိုးသာ ငြိသွားရင် အန်ကယ်ခန့်သတ်မှာ ငါအရင်ဆုံးပဲ။ မင်းကို ဟိုသားအဖက ငါးဖယ်တောသလိုတေကြမှာ မတွေးမိဘူးလားငတုံးရဲ့။ ဒီလောက်လက်သံပြောင်တဲ့သားအဖကြားထဲများ ဝင်ဖို့စိတ်ကူးရတာယ်လို့"

"မင်းကလည်း အဖျက်ကြီးပဲ ပြောနေတာပဲလား ရဲခေါင်ရာ။ သူငယ်ချင်းဘက် နည်းနည်းပါးပါးလေး စိတ်ချမ်းသာအောင် ပြောမယ်စိတ်မကူးဘူး"

"မဖျက်လို့ဖြစ်မလားကွ၊ သူနဲ့မင်းက မိုးနဲ့မြေလိုအလှမ်းကွာတဲ့ဟာ။ ဖွဲနဲ့ဆန်ကွဲလိုပဲ နှိုင်းနှိုင်း၊ ဆီနဲ့ရေလိုပဲ ဆိုဆို၊ နို့သာဆီနဲ့ အီးလို့ပဲပြောပြော. . . ဘယ်လိုမှဆက်စပ်လို့မရဘဲ"

"ကျန်သေးလား"

"ဘာလဲ"

"မင်းပြောဖို့ စကားပုံတွေလေ"

ရဲခေါင်က သူ့ကိုဂြိုဟ်ကြည့်လှည့်ကြည့်လိုက်တော့ သူမသိချင်ယောင်ဆောင်လိုက်ပါ၏။ ဘာလုပ်ရမှာလဲ၊ သွားလည်ရင်လည်း ဦးလေးကြီးက ဘုဂ်ပြောလွှတ်ဦးမယ်။ သူမနောက် လိုက်ရင်ရော အင်း. ထိုးစာလား၊ ချိုင့်စာလား၊ ခဲစာလား တစ်ခုခုတော့ ပြန်ကျွေးမှာ အသေအချာပင်။

"ဖိုးကျော်"

"ဗျာ! အစ်ကိုလေး"

ထမင်းစားပြီး၍ ချိုင့်လာဆေးနေသည့်ချာတိတ်ကို မြင်လိုက်ရသဖြင့် သူလှမ်းခေါ်လိုက်မိ၏။ ဒီချာတိတ် ရည်းစားရတာ လေးလလားရှိပြီပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ထက်တော့ ဒီနေရာမှာ ဒီကောင်တော်နေတာကိုး။

"မင်း. မိဖြူကိုပိုးတုန်းက ဘယ်လိုပြောခဲ့တာလဲ"

"အာ. အစ်ကိုကလည်း"





"ငါသိချင်လို့ပါကွာ"

ဖိုးကျော်က စပ်ဖြဲဖြဲမျက်နှာဖြင့် ခေါင်းကုပ်လိုက်လေ၏။ အလုပ်ရှင်ပေမယ့် သူက ဟန်ကြီးတစ်ခွဲသားနှင့် နေတတ်သူမဟုတ်ပါ။ အလုပ်သမားတွေနှင့်အတူ လုပ်ဖော်ကိုင်ဖက်တွေလိုပင် တရင်းတနှီးရှိသည်မို့ အားလုံးက ရှိန်လန့်ခြင်းမရှိဘဲ လေးစားချစ်ခင်ကြလေ၏။

"ဒီလိုပဲပြောလိုက်တာပေါ့ဗျ"

"အေးလေ, ဘယ်လိုပြောလဲလို့၊ သေချာပြောမှပေါ့ကွ"

"ဟာ. စည်သူရာ၊ ဒါမျိုးလျှောက်မေးစရာလား။ ရှက်စရာကိစ္စကြီးကို"

"ငါမေးနေတာ မင်း ဝင်မရှုပ်ပါနဲ့ကွ၊ ကြိုက်မရှက်ငိုက်မရှက်ဆို အဲဒီနောက်မှာ ကြောက်မရှက် ချစ်မရှက်ဆိုပြီး ငါ ထပ်ဖြည့်ထားတယ်"

ဖိုးကျော်က ဟီးခနဲရယ်ချလိုက်လေ၏။ သူ့ဌေးသားကတော့ မဟုတ်တရုတ်နည်းလမ်းတွေ လျှောက်မေးနေပြီကိုး။

"ပြောပါကွာ"

"ဒီလိုပဲ၊ နင့်ကိုငါချစ်တယ်လို့ပြောလိုက်တာပဲ အစ်ကိုလေးရ"

"အဲဒါနဲ့ သူက ခေါင်းညိတ်လိုက်ရောလား"

"အဲဒီလိုတော့ ဘယ်မြန်ပါ့မလဲဗျ။ မိန်းကလေးဆိုတော့ နည်းနည်းမူသေးတာပေါ့"

"ဘယ်လောက်ကြာမှ အဖြေပြန်ပေးလဲ"

"အင်း, တစ်လ"

"မင်းကိုငါချစ်တယ်၊ အဲဒါကြီးက မနိပ်သေးပါဘူးကွာ"

"မင်း အဲဒီလိုပြောလိုက်တာနဲ့ မိဂျိုးလက်က မြောက်တက်လာပြီသာမှတ်"

"မင်းကလည်း သူပြန်ချစ်ရင်တော့ ငါ့ကိုဒီလိုပြန်မလုပ်လောက်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com

"စည်သူ. . . စည်သူ့ ဆူးပုံထဲ ခုန်ချချင်နေတာလား၊ မီးပုံထဲ ခုန်ဆင်းချင်တာလား။ ဘယ်လိုသုံးရမလဲဆိုတာတောင် မသိတော့ဘူး"

ရဲခေါင်ရေရွတ်တာကိုကြားတော့ သူ့မအီမလည်သာ ပြုံးလိုက်မိ၏။ မင်းနဲ့ချစ်ခွင့်ရဖို့ ပေးဆပ်ရမှာက များလှတာပါလား ရွှေချိုးဖြူ။ ခေါင်းကွဲရင် ချုပ်ရမှာလား၊ လက်တွေခြေတွေကျိုးရင် ကျောက်ပတ်တီး စည်းရမှာလား. . . တစ်ခုခုပေါ့နော်၊ ကိုယ့်အသည်းက မမာတော့ ခက်တယ်'ဖြူလေး'ရယ်။ မင်းရဲ့ကြင်နာတတ်တဲ့မျက်လုံးလေးတွေ၊ ချိုမြိန်တဲ့အပြုံးလေးတွေပြတဲ့နှုတ်ခမ်းလေးတွေကို အပိုင်စား ကိုယ်ရချင်နေ်တော့ ကိုယ်ဘာလုပ်ရပ့ါမလဲ။

"ဖေဖေကပြောတယ်"

"ဘာတဲ့လဲ"

"ငါကြိုက်တဲ့မိန်းကလေးဆို ခေါ်လာခဲ့တဲ့၊ သင့်တော်ရင် ပေးစားမယ်။ ရုပ်ချောဖို့လည်း မလိုဘူး။ ငွေချမ်းသာဖို့လည်း မလိုဘူးတဲ့။ အဓိက,က ငါတို့နှစ်ယောက် မေတ္တာစစ်နဲ့ချစ်ဖို့ပဲ လိုတာတဲ့ကွ"

"ကောင်းကွာ. . . အရှုံကို အမဲသားကျွေးမိသလို ကျွေးမဆုံး တောင်းမဆုံးဆိုသလိုဖြစ်နေပြီ"

"ဖေဖေက ငါ့ကိုသိပ်ချစ်တာကွ။ ငါ့စိတ်တိုင်းကျ ခွင့်ပြုမှာ အမှန်ပဲ၊ အဓိက,က ငါ့ကို ဖြူလေးပြန်ချစ်ဖို့ပဲလိုတာ"

"ဘယ်က ဖြူလေးလဲ"

"ငါ့ရွှေချိုးဖြူကိုပြောတာပေါ့ကွ"

"ရှုးပဲ့ကွာ၊ မိကျိုးသာကြားရင် ဟားတိုက်လှောင်လိုက်မယ့် ဖြစ်ခြင်း"

ရဲခေါင်က မရယ်ချင်ဘဲ ခြောက်ကပ်ကပ်ရယ်မောလိုက်လေ၏။ သူမပြုံးနိုင်တော့ပါ။ သူမကိုချဉ်းကပ်ဖို့ ဘယ်လိုနည်းလမ်းတွေကို ရှာရပါ့မလဲ။ ကိုယ်က လမ်းပျောက်နေတဲ့လူတစ်ယောက်လိုပဲ စမ်းတဝါးဝါး ဖြစ်နေတာအမှန်ပါ ဖြူလေးရယ်။





"မင်းပဲ ကူမှရမှာကွ"

"ဘာ!"

"ငါနဲ့ဖြူလေးကို နီးစပ်အောင်လုပ်ပေးဖို့လေ။ မင်းနဲ့ဖြူလေး က တစ်ရပ်တည်းသားဆိုတော့ မင်းက ငါ့အတွက် အောင်သွယ်တော် မြားနတ်မောင် မဖြစ်မနေလုပ်ပေးမှဖြစ်မှာ"

"အမယ်လေး! ကိုရွှေစည်သူခန့်၊ ငါ့ကို ရထားလမ်းမှာ ကန့်လန့်သွားအိပ်ခိုင်း အိပ်ခိုင်း၊ လမ်းကြိတ်စက်အောက်ထဲပဲ ဝင်ခိုင်းဝင်ခိုင်း ငါ မကြောက်မလန့်လုပ်ဝံ့ပါရဲ့။ အဲဒီအလုပ်ကိုတော့ မလုပ်ပါရစေနဲ့ မောင်မင်းကြီးသားရယ်။ ကြောက်လွန့်လွန်းလို့ပါ။ ဦးနိုင်ကြီးလက်ချက်နဲ့ အသက်ထွက်ရင်ထွက်၊ ဒါမှမဟုတ်ရင် မိကျိုးလက်ချက်နဲ့ ငါ့တစ်ကိုယ်လုံး စိစိညက်ညက်ကျေမှာ သေချာနေလို့ပါ"

"ဩော်၊ ငါ့နှယ် ခုမှပဲ ခေတ်သစ်ဗန္ဓုလနဲ့ လာတွေ့နေရတယ် လို့"

သူငယ်ချင်းထံမှ အကြံဉာဏ်မရနိုင်သဖြင့် သူ စိတ်အတော် ပျက်သွားမိ၏။ ဘယ်လိုလုပ်ရပါ့၊ တိုးတိုးဖော်ဆိုပြီး တိုင်ပင်ချင်ပါလျက် သူ့ဘက်မှာ တစ်ယောက်မှရှိမနေတာပါလေ။

"ငါပြန်တော့မယ်ကွာ"

"ဘာထဖြစ်ပြန်ပြီလဲ"

"မင်းကိုမှအားကိုးလို့မရတာ။ အကြံကုန်ဂဠုန်ဆားချက်နည်း သုံးရမှာပေါ့"

"ဘယ်သူ့ကို သွားအပူကပ်မလို့လဲ"

"ငါ့ဖေဖေ, ဦးမောင်မောင်ခန့်လေ"

"ဟေ!"

ရဲခေါင်ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေ၏။ သူ လုံချည် ကိုပြင်ဝတ်၍ ချိတ်ထားသည့် ကားသော့ကိုဖြုတ်ကာ ထွက်လာတော့ ညနေလေးနာရီသာသာ။ တနင်္ဂနွေမို့ အိမ်မှာ ဖေဖေရှိမှာပါပဲ။ မရှိသေ

www.burmeseclassic.com

www.burmeseclassic.com



စကားဖြစ်နေပေမယ့် ဖေဖေ့ကိုပဲ သူငယ်ချင်းလို အစ်ကိုလို သဘော ထားပြီး တိုင်ပင်ရတော့မှာလေ။ သားအတွက် ကူညီလှည့်ပါဖေဖေ။

✦

"ဒေါ်ဖြိုး. . . ဒေါ်ဖြိုး"

"ရှင်, ဆရာကြီး"

"ရှင်ကိုအသာထား၊ လူအရင်ရောက်အောင် လာပါဗျ"

"လာပါပြီရှင့်"

"ဒီညနေ ဘာချက်ထားလဲ"

"ကန်စွန်းရွက်ချဉ်ရည်ဟင်းရယ်၊ ငါးကြော်ရယ်၊ ငါးပိကြော် ရယ်၊ ပန်းဂေါ်ဖီနဲ့ကြက်ဥကြော်ရယ်၊ မှျစ်နဲ့ ပဲပြုတ်ကြော်ရယ်ပါ"

"ကျုပ်သားကြိုက်တဲ့ အမဲကြော်ရော"

"အဲ, ဒီမနက် အသားမလတ်လို့ ဝယ်မလာဖြစ်လို့ပါ ဆရာ ကြီး"

"ခင်ဗျားဟာလေ၊ သားဘာကြိုက်သလဲ သိသိကြီးနဲ့ မရရ အောင်ရှာပြီး ဝယ်ခဲ့မယ်မရှိဘူး။ ဈေးထဲမှာ အဲဒီတစ်ဆိုင်ပဲ အသားရှိ တာလား။ တစ်ဆိုင်မရ, တစ်ဆိုင်၊ တစ်ဈေးမရ, နောက်တစ်ဈေးမှာ ရှာဝယ်မှပေါ့။ မြန်မာပြည်မှာ ဈေးတွေဆိုင်တွေ ရိုက်သတ်လို့မှမကုန် တဲ့ဟာကို။ သွားသွား. . . နောက်ကို ကျုပ်ထပ်မပြောပါရစေနဲ့၊ ဒါနောက် ဆုံးဖြစ်ပါစေ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အတော်ခွကျတဲ့ လူတွေပဲ၊ သားလေးက ငယ်ငယ်ကတည်း က ဒီအမဲကျွတ်ကြော်ပါမှ ထမင်းစားတဲ့ဟာကို။ ဘာမှအလိုက်မသိ ဘူး။ ဒါကြောင့် သူများခိုင်းပတ်ဖြစ်နေတာပေါ့။ ခက်တာပဲ"

ဦးမောင်မောင်ခန့် ပွစိပွစိရေရွတ်လျက် ခြံထဲသို့ဆင်းခဲ့ပါ၏





Sunday ဆို သားက အလုပ်စောစောသိမ်းပြီး ပြန်လာတတ်တာလေ။ အဲဒါကိုကြိုဖို့ ခြံထဲမှာ သူစောင့်နေတယ်ပေမယ့် သားရဲ့ကားကိုမြင်လိုက် တာနဲ့ ခြေက အိမ်ထဲသို့လှမ်းနေချေပြီ။ မိတဆိုးလေးမို့ ငုံထားမတတ် ချစ်ရပေမယ့် သူက ယောကျ်ားကြီးမို့ ချစ်ပြရမှာကို ရှက်ရသည်ကိုး။

သားရဲ့အမြင်မှာ ဒီအဖေဟာ မသိလိုက်မသိဖာသာ ရှိနေပေ မယ့် သားမျက်နှာကို အမြဲမှန်ကြည့်သလိုကြည့်တတ်တာတော့ အမှန်ပါ ပဲ မူကြိုကျောင်းသားလေးလည်း မဟုတ်ပါဘဲ သားကို ခြံထဲဆင်းကြို နေတာမြင်ရင် အဖေကို လှောင်ရယ်များရယ်လေမလား။ ညနေစောင်း ရောက်တဲ့ထိ ပြန်မလာသည့်သားကို လည်ဆန့်မျှော်ရသည့်ဒုက္ခကလည်း သေးလှ။

ဘာများဖြစ်လို့လဲ၊ အလုပ်တွေပဲ အရမ်းများနေလို့လား၊ လမ်း ထဲ တစ်ခုခုဖြစ်နေလားဆိုတဲ့ အတွေးပေါင်းစုံက ရင်ထဲမှာ မီးလို ပူ လောင်စေတာ။ ခြံဝမှ ကားမီးရောင်လေး လက်ခနဲမြင်လိုက်ရပြီး 'တီ' ဆို့ အချက်ပေးတံခါးဖွင့်ခိုင်းသံကြားမှပဲ ရင်ဝမှာ တစ်ဆို့နေတဲ့အလုံးကြီး က ဝလုခနဲပြုတ်ကျသွားတာကို ဘယ်သူက သိမှာတဲ့လဲ။

ညနက်မှ အိပ်ပျော်သွားတတ်သည့်သားကို အခန်းမီးပိတ်ပေး ပြီ ပြတင်းပေါက်ပိတ်ဖို့၊ စောင်ခြုံပေးဖို့အလုပ်ကို ညစဉ်မပျက်မကွက် လုပ်ပေးခဲ့တာ ဒီနေ့အထိပါ။ ငယ်ငယ်တုန်းကအတိုင်း ပါးစပ်လေးဟ ပြီ တရှူးရှူးနှင့် အိပ်မောကျသွားသည့်သားကို ဘယ်လိုမှချစ်လို့မဝခဲ့။ ညစဉ် မပျက်မကွက်လုပ်ပေးသည့်အလုပ်တွေထဲမှာ သားကိုစောင်ခြုံ ပေးပြီး သားနဖူးကို ခပ်ဖွဖွနမ်းတဲ့အလုပ်လည်း ပါနေတာလေ။

သူများဖအေတွေ သားယောကျ်ားလေးကို မည်သို့မည်ပုံချစ် ကြသည်မသိ။ သူကတော့ သားကို 'ဆင့်'နှင့် နှစ်ယောက်စာပေါင်းပြီး ချစ်ရတာလေ။ နှလုံးရောဂါသည် 'ဆင့်'က သားကို အသက်နှင့်ရင်း မွေးပေးခဲ့တာမှန်ပေမယ့် သား (၉)နှစ်အရွယ်မှာ သူမ သိပ်ချစ်လှပါ သည့်သားနှင့်သူ့ကိုစွန့်ခွာပြီး လောကကြီးထဲက ထွက်သွားခဲ့တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ပါလား. . .

မိခင်ရဲ့အဆုံးအမကို နာခံ လိုက်နာတတ်သည့်သားက သူ့အထူးတလည် သင်ပြ ဆုံးမစရာမလိုဘဲ အရမ်းလိမ္မာခဲ့တာပါ။ ဒီနေ့အထိ ဖေအေရှေ့နဲ့ ဖအေ့မျက်ကွယ်မှာ ဆေးလိပ်သောက်တာမျိုး၊ အရက်တို့ဘီယာတို့မော့တာမျိုး တစ်ခါမှမရှိလေခဲ့။ ပေါင်းသည့်အပေါင်းအသင်းတွေ မည်သို့ဖျက်ဖျက် 'ငါ့အမေ မကြိုက်ဘူး' ဆိုတဲ့ စကားတစ်ခွန်းနဲ့ ကွယ်လွန်ခဲ့သည့်မိခင်ရဲ့စကားကို ယနေ့တိုင်နားထောင်ခဲ့တာပါ။

အင်း. ဘာလိုလိုနဲ့ သားတော် (၂၅)နှစ်ပြည့်တော့မယ် 'ဆင့်' ရဲ့၊ မောင်တို့သားလေး အရွယ်ရောက်ပြီမို့ အိမ်ထောင်ရက်သား ချပေးရတော့မှာလေ။ 'ဆင့်' ပြောခဲ့ဖူးသလို သားစိတ်တိုင်းကျ သားစိတ်ချမ်းသာစေမယ့် အိမ်ထောင်ဖက်နဲ့ပဲ မောင်. သားကိုလက်ဆက်ပေးမှာပါ။ တမလွန်တစ်နေရာကနေ 'ဆင့်' ကျေနပ်စေရပါမယ်ကွယ်။

"တီ!"

အမယ် စောစောစီးစီးပြန်လာပါရောလား။ ဒင်းတော့အသက်ရှည်ဦးမှာပါပဲ၊ ခြေလှမ်းကို ပေါ်တီကိုအောက်ကားရပ်လိုက်ရာနေရာဆီ ဆက်လှမ်းလာခဲ့ပါ၏။ ကားပေါ်မှဆင်းလာသည့်သားက ခါတိုင်းလို မျက်နှာမကြည်လင်ပါဘဲ မှုန်ကုပ်ကုပ်ဖြစ်နေပါရောလား။

"ကိုမှတ္တူး"

"ဗျာ, အစ်ကိုလေး"

"ကျွန်တော့်ကားကို ရေ.သေချာဆေးပေးပါဗျာ"

"ဟုတ်ကဲ့ပါ အစ်ကိုလေး"

တစ်ခါမှ သူ့ကားကိုမဆေးခိုင်းပါဘဲ ဒီတစ်ခါ ဆေးခိုင်းတာမို့ အထူးအဆန်း၊ ဖအေဖြစ်သူကိုမမြင်ဘဲ အိမ်ထဲတန်းဝင်သွားတာမို့ ဒေါပွသွားရပါ၏။ ဒင်း.ဘာဖြစ်လာလဲမသိ။

"မိစန်း. ဖေဖေရော"

"ခြံထဲမှာပါ အစ်ကိုလေး"





"ဟင်! ငါဝင်လာတာ မတွေ့ပါလား"

အဲဒါပဲ၊ မိမိတို့သားအဖက အဲဒီလိုချစ်ကြတာလေ။ သူ့ဟာသူဘာတွေဘယ်လိုဖြစ်လာသည်မသိ၊ ခြံထဲမှာ တုတ်ကောက်တစ်ချောင်းနှင့် လမ်းလျှောက်နေသည့်ဖအေကို မျက်စိရှုမ်းပြီး မတွေ့လိုက်ပေမယ့် အိမ်ထဲဝင်တာနှင့် တန်းအနဲမေးလိုက်တာမို့ ဦးမောင်မောင်ခန့် ကျေနပ်သွားရပါ၏။

"ငါဒီမှာပါကွ သားရ"

"ဖေဖေက အိမ်ထဲကမစောင့်ဘဲ ဘယ့်နှယ် ခြံထဲဆင်းလျှောက်နေရတာလဲဗျ"

"အံမာ, ရာရာစစ၊ ငါကပဲ မင်းကိုမျှော်နေရမယ်လို့။ မှုကြိုကလေးမဟုတ်, ဘာမဟုတ်ပုံစံနဲ့"

"မသိဘူးလေ၊ ဖေဖေပဲ ကျွန်တော့်ကို နေ့တိုင်းမျှော်နေတာလို့ထင်ထားတာပဲ၊ မဟုတ်လို့လား"

တရှူးရှူးဖြစ်သွားသည့်ဖေဖေ့ကို စလိုက်ရ၍ သူပြုံးဖြစ်၏။ ညစ်ချင်ချင်စိတ်က အဖေနှင့်စကားပြောလိုက်မှ အနည်းငယ်မျှကြည်လင်သွားရတာအမှန်ပဲကိုး။ ညှိခန်းဘက်ဆီမှာ သူထိုင်ချလိုက်တော့ ဖေဖေက ဟင်းအိုးနွေးထားရန် လှမ်းပြောလိုက်လေ၏။

"မင်း ဘာဖြစ်လာပြန်ပြီလဲ"

"ဘာဖြစ်လို့လဲ ဖေဖေရဲ့"

"မင်းတစ်ခုခုဖြစ်လာတယ်မဟုတ်လား။ ငါသိတယ်"

"ဟာ, ငါ့အဖေကို ဘာမှညာလို့မရပါလား၊ ကျွန်တော့်မျက်နှာကို မှန်လိုပဲကြည့်နေတာလား ဖေဖေရ"

"အံမာ"

သူ. တဟားဟားရယ်ချလိုက်ပါ၏။ ဒီအဖေကိုမှ ရင်မဖွင့်ရရင် ဘယ်သူ့ကို သွားဖွင့်ရပါ့မလဲ။ သူနဲ့ဖေဖေ့ကြားမှာ ဖုံးကွယ်သိုဝှက်ထားစရာယ်လို့ ဘာတစ်ခုမှရှိမနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်တီကျောမှီကိုလှဲချလိုက်ပြီး မျက်စိမှိတ်ထားစဉ် အာရုံမှာ ပေါ်လာသည်က မျက်ဝန်းဝိုင်းဝိုင်းလေးတစ်စုံ၊ ခက်ချေပြီကော ရွှေချိုးဖြူ။ အခုမှပဲ သီချင်းစာသားတွေထဲကအတိုင်း အပြင်မှာ ကိုယ်တကယ်ဖြစ်နေတာပါလား။

"ကျွန်တော်တော့ စွဲနေပြီဖေဖေရဲ့"

"ဟေ, ဘာစွဲတာလဲ"

"သူ့ကိုပေါ့ဗျ"

"ဘယ်က, သူလဲကွ၊ ငါ့ကိုမရှင်းမရှင်းမလုပ်စမ်းနဲ့ စည်သူခန့်ရဲ့"

"ကျွန်တော်ချစ်နေတဲ့ကောင်မလေးကို ပြောနေတာလေ"

"ဟော!"

"နာမည်လေးက ရွှေချိုးဖြူတဲ့။ အသက်က (၁၉)နှစ်၊ အဝေးသင်နောက်ဆုံးနှစ်တက်နေရင်း အထည်ချုပ်မှာ QC လုပ်နေတာ"

"ဘယ်သူ့သမီးတဲ့တုန်း"

"ဦးကျော်နိုင်"

ဦးမောင်မောင်ခန့် မျက်နှာကြီးရှုံ့တွသွားပါ၏။ လာပြန်ပြီ ဒီနာမည်၊ ဘယ့်နှယ် ဒင်းကိုကားနဲ့ပွတ်မိမလိုဖြစ်ပြီးကတည်းက မိမိသားတော့ ဆေးမိသလိုလိုဖြစ်တော့တာကိုး။ ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး ဒီအရက်သမားရဲ့သမီးကိုမှ မျက်စိကျသွားရတာပါလိမ့်။ ဒင်းရဲ့သမီးက ဘယ်လောက်များ ချောနေလှနေလို့ သားရဲ့နှလုံးသားကို ခြယ်လှယ်အုပ်စိုးခွင့်ရခဲ့တာပါလဲ။

"သားကလည်းကွာ၊ ဒီလိုအဆင့်ထဲက ကလေးမကိုမှ ရင်ခုန်ရတယ်လို့"

"ဖေဖေပဲ ဘာမှမရှိလည်း ခေါ်လာဆိုပျ၊ ရိုးရိုးသားသားအလုပ်လုပ်နေတဲ့ကောင်မလေးပါ။ ဖေဖေမြင်ရင်လည်း ချစ်မှာဗျ။ ဖြူလေးက ချစ်ဖို့ကောင်းတယ်"





အံမယ်, သူ့ဟာသူချစ်နေတာနဲ့ ဖအေကိုများ လာဖားနေရတယ်လို့။ မင်းချစ်နေတာနဲ့ ငါက ချစ်ရမှာလား။ ဘာဆိုင်လို့တုန်း။ ခုနပဲ မှန်ကုပ်ကုပ်ရုပ်က ဒင်းလေးနာမည်ရွတ်ရုံနဲ့ မျက်လုံးလေးတွေ လက်ခနဲတောက်ပြီး နှုတ်ခမ်းတွေပါ အလိုလိုပြုံးသွားတာ တစ်ချိန်က မောင်မောင်ခန့်အတိုင်းပါပဲ။ အဲဒီလောက်ထိ သားရဲ့စိတ်ကိုပြုစားနိုင်တဲ့ မှော်ပညာရှင်လား။ အင်း, ဖြစ်ခြင်းဖြစ် စုန်းမအသေးစားလေးပဲ ဖြစ်နိုင်တာပါ။ ငါ့သားကိုမှဖမ်းစားရတယ်လို့၊ မကျေနပ်ပါဘူး။

"သူ့အဖေကြီးနဲ့ဖြစ်ပုံမလား, တွေးဦး။ ဖေဖေတောင် အရက်နံ့ကိုမခံနိုင်တာ. . . သားဆိုမပြောနဲ့။ တစ်မိနစ်တောင် ကြာကြာခံနိုင်လို့လား။ မသောက်ဘဲ ဘိုင်းခနဲမူးလဲမှာကို ကြိုမြင်ဦး"

"ဦးလေးက သဘောတော့ကောင်းပါတယ် ဖေဖေရဲ့။ စကားအပြောလေးမတတ်တာတစ်ခုပဲ ပြောစရာရှိတာပါ။ လူချမ်းသာတွေကို အထင်မကြီးဘဲ စိတ်နာတဲ့ခံစားချက်တစ်ခုခုတော့ ရှိပုံရတယ်လေ။ ဟဲဟဲ, အပြောမှာတော့ ဖေဖေ့လိုရှေ့မကြည့်နောက်မကြည့်နဲ့ တုတ်ထိုးအိုးပေါက်ဗျ"

"အံမာ, ငါ့ကိုများ အရက်သမားနဲ့နှိုင်းစရာလား ဖအေကို"

"သဘောကောင်းတာကိုပဲပြောတာပါ ဖေဖေရာ"

"မဖြစ်ဘူးကွာ၊ ငါ, အရက်သမားနဲ့တော့ ခမည်းခမက်ဘယ်နည်းနဲ့မှမတော်နိုင်ဘူး။ ဘယ့်နှယ်, လူကုံထံကြားထဲ ဘယ်လိုမှဝင်မဆံ့တဲ့အမျိုးနဲ့မှ သွားတော်ရချင်တယ်လို့"

"အဲဒီလိုတော့မလုပ်နဲ့လေ ဖေဖေရဲ့။ ယောက်ျားဆိုတာ ကတိတော့ တည်ရမှာပေါ့"

"ဘာကတိကိုများ ပေးထားလို့ ငါက တည်ရမှာလဲကွ"

"ဖေဖေပဲ ကျွန်တော်ကြိုက်တဲ့ကောင်မလေးဖြစ်ရင် ပြီးရောဆို"

"အေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဖြူလေးကို ဖေဖေလက်ခံပေးရမှာပေါ့"

"မင်း ဖြူလေးက အကြောင်းမဟုတ်ဘူးလေ။ သူ့အဖေကြီးက အကြောင်း"

"သူ့အဖေကြီးနဲ့မှ ကျွန်တော် မပေါင်းရတာ။ ဖြူလေးနဲ့ပဲ ပေါင်းရမှာပါဖေဖေရ"

"ဘယ်သူနဲ့ပေါင်းပေါင်း အမျိုးကတော့ တော်ရမှာပဲ။ မဖြစ်ဘူး။ တခြားတစ်ယောက်ပြောင်းပြီး စဉ်းစား. . . ဒါပဲ"

"အချစ်က ဟောတစ်ယောက်ဟောတစ်ယောက်ဆိုပြီး ပြောင်းချစ်လို့ ဘယ်ရမလဲဗျ။ ဖေဖေတောင်မှ မေမေ့တစ်ယောက်တည်းကိုပဲ ချစ်ခဲ့လို့ ခုထိ နောက်အိမ်ထောင်ထပ်မပြုတာ မဟုတ်လား။ ကျွန်တော်လည်း ဖြူလေးကိုပဲချစ်တာ။ ပြောမယ့်သာပြောရတာ ခုထိ သူ့ကိုဘယ်လိုချည်းကပ်ပြီး ဘယ်လိုဖွင့်ပြောရမလဲဆိုတာတောင်မှ အကြံမထွက်သေးဘူး။ ဖေဖေနဲ့တိုင်ပင်လို့ရမလား မှတ်ပါတယ်, မထူးပါဘူး။ ရဲခေါင်နဲ့ လေသံတစ်ထပ်တည်းဖြစ်နေတာ။ တော်ပြီ. . . ရေသွားချိုးတာပဲကောင်းတယ်"

မကျေမနပ်ရေရွတ်ရင်း အပေါ်ထပ်ကိုတက်သွားသည့် သားဖြစ်တော်မောင်ကိုကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိ၏။ သူ့ဟာသူ ရည်စားထားမယ့်ကိစ္စကိုများ ဖအေကိုလာတိုင်ပင်တာဆိုပဲ။ မိမိ နောက်အိမ်ထောင်မပြုဖြစ်တာကိုပဲ ထည့်ပြောသွားသေး။

တကယ်တမ်း မိမိကိုလက်ထပ်ချင်သည့်မိန်းမတွေက အတော်များခဲ့တာမဟုတ်လား။ ခုချိန်ထိလည်း ရှိနေကြတုန်းပါပဲ။ မိတဆိုးလေးကိုငဲ့ပြီး မပြုဖြစ်တာကလည်း တစ်ကြောင်း၊ သွားလေသူရဲ့နောက်ဆုံးမှာတမ်းကလည်းရှိခဲ့တာ တစ်ကြောင်းလည်း ပါပါတယ်လေ။

'သားကို ဘယ်မိထွေးမှ မနှိပ်စက်ပါစေနဲ့' တဲ့လား 'ဆင့်' ရယ်။ မောင် ဒီနေ့အထိ 'ဆင့်'အပေါ်မှာ သစ္စာရှိခဲ့သလို ကတိလည်း တည်နေမြဲပါ။ မောင်တို့သားလေးက အခု မိန်းကလေးတစ်ယောက်ကို





ချစ်နေပြီဘဲ့။ မောင်ဘာလုပ်ရမလဲ။ သားရဲ့အလိုကျ လိုက်လျောလိုက်ရမှာလား။ အဲဒီကလေးမနဲ့အိမ်ထောင်ပြုပြီးမှ သား တကယ်စိတ်ချမ်းသာနိုင်ပါ့မလား။

မောင် စိတ်တွေရောာ, ရင်တွေပါ ပူနေရပါတယ်ကွာ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အဲဒါနဲ့ နင်က တောင်းပန်လိုက်ရရောလား"

"ဟင့်အင်း မတောင်းပန်ပါဘူး။ အဖေပြောထားတာကိုပဲ ငါက ယုံထားတာကိုး စုရဲ့"

"ဟင်းဟင်း. . . နင့်ကို အတော်လေးမှကြောက်သွားရဲ့လား"

"မပြောတတ်ဘူးလေ၊ ကြောက်ချင်လည်း ကြောက်သွားမှာပေါ့။ နန္ဒတို့နှစ်ယောက်ကို ငါ့ထုနေတုန်းက သူ့ကားက ခပ်လှမ်းလှမ်းမှာ ရပ်သွားတာပဲ။ သူမြင်မှာပါ"

"သူဌေးရဲ့ကားဆို"

"အင်း, ပြောတာပဲလေ။ ဒါပေမဲ့ သူ့ပုံကြည့်ရတာတော့ လူချမ်းသာပုံပေါက်သား။ ဖြူဖြူပါးပါးလေးပဲဟာ။ အဖေ့ကိုတော့ ရိုသေသားဟ။ အဖေပြောသမျှ 'ဟုတ်ကဲ့'ချည်းပြောပြီး ခေါင်းပဲညိတ်ပြနေတာ ...တ်...ာင်ညို့လေးအတိုင်းပဲ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



Cutting ခန်းထဲမှာ ဖြတ်စတွေ ရောက်ထားသည့်အထပ်ကို စစ်ဆေးနေရင်း တီးတိုးပြောနေကြတာပင်။ ခင်စုဝေက စစ်ပြီးသားအထပ်ကို ကြိုးဖြင့်ပြန်စည်းကာ size နံပါတ်နှင့် အထည်အရေအတွက်ကို ဆော့ပင်ဖြင့် မှတ်လိုက်ပါ၏။

"ဒီမှာ Reject နှစ်ထည် ပါတယ်နော်"

"အေး"

"ဒီနေ့ စောစောပြန်ရမယ်ထင်တယ်။ တို့ section အလုပ်ပြီးပြီမဟုတ်လား"

"အင်း၊ နောက်နှစ်ခုံစာ ဖြတ်ပြီးရင် ကုန်ပြီ"

"သူက ချောလားဟင်. ကျိုးကျိုး"

မဆီမဆိုင်မေးလိုက်တာကြောင့် စုကို တအံ့တသြလှည့်ကြည့်ရင်း ပြုံးလိုက်မိပါ၏။ ချောလားတဲ့. မေးနေပြီ ကိုရွှေစည်သူရေ။ ကျွန်မ ဘာပြန်ဖြေရမလဲ။ သူမကိုလှမ်းကြည့်လိုက်သည့် မျက်ဝန်းနက်တစ်စုံ၊ ပြီးတော့ ရှက်သလိုဟန်ဖြင့် မျက်နှာငုံ့လိုက်တာလေ။ ပြာပြာသလဲဖြင့် လက်ကာ ငြင်းဆန်ပုံက မဲ့မဲ့၊ 'ကျွန်တော်'တဲ့။ ယဉ်ကျေးသိမ်မွေ့လိုက်တာနော်။

ရှပ်လက်တိုအပြာနုလေးကို ချည်သားပုဆိုးအပြာကွက်လေးနဲ့ တွဲဝတ်လာတာ။ ကိုရဲခေါင်နဲ့ဘာမှမဆိုင်သလို အသားရောင်က ဆန့်ကျင်ဘက်ပါပဲ။ နဂိုက ညိုချင်သည့်ကိုရဲခေါင်ကြောင့် သူ့အသားလေးက ဝင်းပြီး ထင်းနေတာ။ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်။ ပြီးတော့ သဘောကောင်းမှန်း သိသာစေသည့် ပြုံးတုံ့တုံ့နှုတ်ခမ်းတစ်စုံ။

အဖေ့ကိုတွဲထူရန်ရပ်လိုက်စဉ် မြင့်မားသည့်သူ့အရပ်အမောင်း လှစ်ခနဲလှမ်းချောင်းကြည့်သလို ခိုးကြည့်လိုက်သည့်အကြည့်ကြောင့် ရင်ထဲမှာ နွေးထွေးသွားစေတာအမှန်ပါပဲ။ သူဘယ်သူလဲ၊ ဘယ်မှာနေသလဲဆိုသည့်မေးခွန်းတွေက ရင်တွင်းမှာ အပြည့်အသိပ်၊ ဘယ်သူစိမ်းယောက်ျားလေးတွေနဲ့မှ မရင်းနှီးချင်ခဲ့သည့်စိတ်က သူ့ကိုမြင်မှ ထူးခြား





စွာပြောင်းလဲခဲ့တာလေ။

မမေးဝံ့ပါဘူး။ အဖေသိသွားရင် စိတ်ဆိုးမှာ သေချာတာပေါ့။ အဖေက ကျိုးကျိုးကိုသိပ်ချစ်တာလေ။ သွားလေသူမေမေ့ကို ဒီနေ့အထိ တမ်းတရင်း အရက်သမားကြီးဘဝကိုရောက်လို့ပေါ့။ 'ဟိုးရှေးရှေးတုန်းက'ဆိုပြီး နေ့စဉ်ပြောခဲ့တဲ့ ဖေဖေ့ရဲ့လွမ်းပုံပြင်ကို ငယ်စဉ်ကစပြီး ဒီနေ့ထိ နားထောင်လို့မဝခဲ့ပါလေ။

"ဟဲ့၊ မတ်တတ်ကြီးငေးမှေ့သွားပြီလား"

"မငေးပါဘူး စုရဲ့"

"မေးတာဖြင့်မဖြေဘဲ ပြုံးစိစိလုပ်နေပြီးတော့"

"ချောမချောဆိုတာ သူနဲ့တွေ့မှပဲ ကြည့်ပေါ့ စုရယ်"

"အံမယ်၊ မိတ်ဆက်ပေးချင်ပါ့မလား။ ဟုတ်မှလည်း လုပ်ပါနော်"

"ဘာလို့မလုပ်ပေးချင်ရမှာလဲ။ ငါနဲ့တောင် သိပ်ရင်းနှီးသေးတာမဟုတ်ဘူး။ သူက ခင်ဖို့တော့ ကောင်းပါတယ်"

"နင်တို့ဆီ ထပ်လာသေးလား"

"ဟင့်အင်း၊ ကိုရဲခေါင်အိမ်ကိုတော့ မကြာမကြာလာတယ်ဟ"

"အင်း၊ ဒီညနေ ဦးနိုင်ကိုလိုက်ကြည့်ရင်း သူနဲ့ဆုံရင် သိပ်ကောင်းမှာပဲနော်"

"အင်း"

ကိုယ်ဖြစ်စေချင်တာကို စုက ပြောပေးနေတာမို့ ခေါင်းညိတ်ထောက်ခံလိုက်မိ၏။ ကျွန်မလည်း ရှင်နဲ့ထပ်တွေ့ချင်သေးတယ် ကိုစည်သူ။ အဲဒီလိုသာပြောမိရင် ရှင့်မျက်နှာ ဘယ်လိုဖြစ်သွားမလဲလို့ သိချင်လိုက်တာနော်။ သိပ်ကြီးလည်း မရင်းနှီးသေးပါလျက် သူနဲ့စကားတွေ ပြောချင်နေတာ ဘာကြောင့်လဲ။

စွာတယ်ဆိုတဲ့ ရွှေချီးဖြူဆိုသည့်ကောင်မလေးကို နူးညံ့သိမ်မွေ့တဲ့အကြည့်လေးတစ်ချက်နဲ့ နှုတ်ဆိတ်သွားစေခဲ့တာပါ။ အဖေ့ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဘာအပိုစကားမှမပြောရဲခဲ့တာ ကြွေနေအပြည့်နဲ့ ခပ်ငြိမ်ငြိမ်လေး ကားမောင်းနေပေမယ့် နောက်ကြည့်မှန်ထဲမှတစ်ဆင့် ဖျတ်ခနဲခိုးကြည့် လိုက်တဲ့ အကြည့်သူခိုးလေးကိုမှ သူမ ဘာကြောင့် သတိရနေမိတာ လိမ့်။

'စည်သူ'တဲ့၊ ရိုးရိုးလေးပါ။ ဘာမှမဆန်းပြားတဲ့အပြင်အဆင် နဲ့ ပကတိရိုးစင်းတဲ့အမည်ရင်လေး။ သူဌေးရဲ့ Driver ပေါ့။ ဒါဆို သူ လည်း သာမန်လူတန်းစားထဲက တစ်ယောက်ပါပဲ။ အဖေမုန်းတဲ့သူဌေး အသိုင်းအဝိုင်းက မဟုတ်ဘူးဆိုတဲ့တစ်ချက်လေးနဲ့ ရင့်ကိုကျေးဇူးတင် လိုက်ပါတယ်။ ပွင့်ပွင့်လင်းလင်းပဲပေါ့နော်။

ရင်ခင်တယ်လို့ပြောလာရင် ကျွန်မက အလိုက်သင့်ခေါင်းညိတ် ပြရုံပါပဲ။ ဘာပကာသနမှမလိုပါဘူး။ ဘယ်လိုဟန်ဆောင်ခြင်းမှလည်း ဖုံးလွှမ်းထားစရာအကြောင်းမရှိပါလေ။ ရင်ခင်ချင်တယ်ဆိုရင် ရွှေချိုဖြူ က ပြန်ခင်မင်ဖို့အဆင်သင့်ပါကွယ်။

✦

"ဒီနေ့စပြီး လှုပ်ရှားမယ်"

"ဘာရယ်"

"ကားကို အိမ်အရင်ပြန်ထားရင် ဖေဖေသိမှာ၊ ဒီမှာပဲထား တာ ကောင်းမယ်"

"စည်သူ့ မင်းတကယ်ပြောနေတာလား"

"ဘာလဲကွ"

"မိဂျိုးကိုလိုက်မယ့်ကိစ္စ"

"အေး"

"ငါတော့ ခေါင်းပြတ်ခါနီးပြီထင်တယ် စည်သူရာ။ အန်ကယ် ခန့်မေးရင် ငါဘယ်လိုဖြေရမှာလဲကွ"





"No လို့ဖြေလိုက်ပေါ့ကွ။ မင်းကြားဖူးတယ်မဟုတ်လား။ ...ဘစ်လုံးဆောင် အိုတောင်မဆင်းရဲ'တဲ့လေ"

"ရမလားကွ၊ မင်းအဖေလောက် တိကျပြတ်သားတဲ့လူ ဘယ် ...ရှားရှာမလဲ။ ဝေ့လည်ကြောင်ပတ်အဖြေပေးမိလို့ကတော့ နားရင်း ...လောက် အအုပ်ခံနေရလောက်ပြီ"

"မင်း ငါ့ကိုမကူညီနိုင်ဘူးမဟုတ်လား"

"အေး၊ မင်းအဖေကိုရော မိဂျိုးတို့သားအဖကိုပါ ကြောက်လို့ ..."

"ဒါဖြင့် ငါလုပ်တာကိုမနှောင့်ယှက်နဲ့။ ဖေဖေ့ကိုလည်း ပြန် ...မစဉ်းစားနဲ့။ ဒါပဲ"

သူက ကိုမှတ္တူးဆီမှ တစ်ပတ်နွမ်းဦးထုပ် ပြန်ဝယ်ထားတာကို ...လျက် ထထွက်တော့ ရဲခေါင်တစ်ယောက် ငိုင်ရှိကျန်ရစ်ခဲ့လေ ...ထဲမှာ အနေတော်ပန်းသီးနှင့် လိမ္မော်သီး ဆယ်လုံးစီဝယ်ကာ ...န်ဆရန် ခြေကိုလှမ်းလာခဲ့ပါသည်။ ကိုယ်လာပြီ ရွှေချိုဖြူ။ မင်း ...လို့နည်းနဲ့ကြိုဆိုမလဲဆိုတာကိုတွေးပြီး ရင်တွေခုန်လာမိလေရဲ့။ ...ပြုပြီး မင်းရင်ထဲအရောက်လာဖို့ လှမ်းလာနေတဲ့ကိုယ့်ခြေလှမ်း ...ကို ရပ်စေမယ့် မီးနီလေးတော့ မပြလိုက်ပါနဲ့နော်။

Bus ဂိတ်မှာ ဆင်းလိုက်စဉ် တစ်ဖက် Platform မှ လမ်း ...သည့်လူတစ်ယောက်ကို လှမ်းမြင်လိုက်ရ၏။ 'သူ'များဖြစ်နေ ... ရုပ်အကွက်ကျဲလေးနှင့် ဦးထုပ်ကို ခပ်ငိုက်ငိုက်လေးဆောင်း ...ဘမို့ မသေချာ။

"ဟဲ့၊ သွားမယ်လေ။ ဘာကြည့်နေတာလဲ"

"နေဦး၊ သူထင်တာပဲ"

"ဘယ်သူလဲ"

"ကိုစည်သူလေ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ငိုက်စိုက်ငိုက်စိုက်နှင့် သူမတို့ရှေ့မှသွားနေသည့် သူ့ပုံသဏ္ဌာန်ကို သူမ ကောင်းကောင်းကြီးမှတ်မိသွားရပါ၏။ သေချာတယ်၊ ဒါသူပါပဲ။

"ဘယ်လာတာလဲ မသိဘူး"

"သူ့သူငယ်ချင်းဆီဆို"

"မဖြစ်နိုင်ဘူး။ ကိုရဲခေါင်က ည(၉)နာရီကျော်မှ အိမ်ပြန်လာတာ"

"ဒါဆို ဒေါ်ခင်ပြုံးဝေဆီလား"

"ဒေါ်လေးဝေဆီ ဘာကိစ္စနဲ့လာရမှာလဲ။ ပေးစရာပြောစရာရှိရင် ကိုရဲခေါင်နဲ့တစ်ဆင့် ပေးမှာပေါ့"

"ဟုတ်သားပဲ"

သူက ဘက်ကြွသည့်ခြေလှမ်းတို့ဖြင့် ဘေးဘီကိုတစ်ချက်မျှ မကြည့်ဘဲ မြေနီလမ်းကိုချိုးချလိုက်လေ၏။ ကိုရဲခေါင်တို့လမ်းက သုံးလမ်းမြောက်မှာ ဒီလမ်းကိုကျော်ပြီး ဆက်လျှောက်ရင် သူမတို့အိမ်ရှိတဲ့ လေးလမ်းကိုရောက်မှာလေ။ ကောင်းပြီ စောင့်ကြည့်လိုက်တာပေါ့။

ဟော. သုံးလမ်းကို ကျော်တက်သွားပြီပဲ။ ဒါဆို သူမတို့အိမ်ကိုလာတာ သေချာသွားပြီပေါ့။ ရင်ထဲမှာ ထိတ်ခနဲဖျော်မိသွားပြီး စု့လက်ကို ဖျတ်ခနဲကိုင်လိုက်မိလေ၏။

"ဟဲ့. လန့်လိုက်တာ၊ ဘာလဲ"

"ငါခေါ်လိုက်တော့မယ်"

"အေး"

"ကိုစည်သူ. . . ကိုစည်သူ"

"ဗျာ"

ရုတ်တရက် ခြေလှမ်းကိုရပ်လိုက်ပြီး နောက်ကိုလှည့်ကြည့်လိုက်မိ၏။ အလိုလေး. . . ချိန်းထားရင်တောင် လွဲချင်လွဲဦးမယ်။ သူ၏ နှုတ်သမီးလေးက ဘယ်အချိန်ကတည်းက လူ့ပြည်ကိုရောက်နေတာပါလိမ့်။





"ဘယ်ကိုလာတာလဲ"

"အဲ, ဟို ဟို. . . ဦးလေးဆီပဲခင်ဗျ"

"အဖေက နေကောင်းလို့ အလုပ်ပြန်ဆင်းနေပြီ ကိုစည်သူရဲ့၊ ဘာကိစ္စရှိလို့လဲ"

"ဟိုဟာလေ"

ဘာပြန်ပြောရမှန်းမသိဘဲ အကျပ်ရိုက်နေသည့်သူ့ကို ပြုံးပြုံးလေးကြည့်နေသည့်သူမကြောင့် အယောင်ယောင်အမှားမှား ပြောစရာစကားတိုက ဘယ်ထွက်ပြေးကုန်သည်မသိ။ လုလိုက်တာနော်၊ တစ်ခါမှမတွေ့ဖူးတဲ့ ရှားရှားပါးပါးအပြုံးလေးပါလား။

"ဒါဖြင့် ကျွန်မတို့အိမ်ကိုပဲ တမင်လာတာပေါ့လေ"

"အင်း"

"ဒါဆိုလည်း လာလေ၊ အဖေတော့ ပြန်ရောက်ဦးမယ်မထင်ဘူး"

"ဟင်, ညနေ (၅)နာရီ အလုပ်သိမ်းတာဆို"

"ဟုတ်တယ်လေ၊ ထုံးစံအတိုင်း ဘုံဆိုင်ကိုဝင်ဦးမှာပေါ့ ကိုစည်သူရဲ့"

"ဟုတ်သားပဲ၊ ဦးလေးက နေ့တိုင်းသောက်တာပဲလား"

"သောက်တယ်၊ ဒါပေမဲ့ အရမ်းမူးတဲ့ထိတော့ သိပ်မသောက်ဘူး။ ဟိုတစ်ခါ ကိုစည်သူနဲ့တိုးတုန်းက သူ Bonus ရတဲ့နေ့မို့ များနေတာ"

"ဪ"

"ဒါ ကျွန်မရဲ့သူငယ်ချင်းလေ ခင်စုဝေတဲ့။ စု, ဒါ ငါပြောတဲ့ ကိုစည်သူပေါ့"

"ဟုတ်ကဲ့"

"လာ"

သူမက အိမ်သော့ကိုဖွင့်၍ ဘုရားစင်ရှေ့ထောင့်မှာ ထောင်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်ဖျာကို ခင်းလိုက်ပါ၏။

"ထိုင်ဦး ကိုစည်သူ"

"ဟိုလေ၊ ဦးလေးနောက်ကျမယ်ဆိုရင်တော့ ကျွန်တော်ပြန်တော့မယ်ခင်ဗျ"

"ဘာဖြစ်လို့လဲ"

"ဟိုဟာ, မကောင်းဘူးထင်လို့"

"ဘာမကောင်းတာလဲရှင့်"

"ဟိုလေ၊ မရွှေချိုးဖြူတို့. . . အဲဒါ"

"ဩော်, ဘာများလဲလို့၊ မိန်းကလေးတွေချည်းမို့ မသင့်တော်ဘူးတွေးမိလို့လား"

"ဟုတ်ကဲ့"

"ကျွန်မတစ်ယောက်တည်းမှမဟုတ်ဘဲ ကိုစည်သူရဲ့။ စု.ပါရှိနေတဲ့ဟာပဲ၊ ဘာလဲ, ရှင့်ကိုကိုက်စားမှာစိုးရိမ်လို့လား"

"ဟာဗျာ၊ မဟုတ်ပါဘူး"

ရဲခနဲဖြစ်သွားသည့်မျက်နှာဖြင့် သူခေါင်းငုံ့သွားတော့ သူမနှင့်စုတို့ ကျိတ်ရယ်လိုက်မိလေ၏။ လျှာထိုးဦးထုပ်လေးကို လှည့်ပတ်ကိုင်ရင်း မျက်နှာကိုခတ်လိုက်ဖြင့် အလုပ်ရှုပ်နေသည့်သူ့ပုံစံက ပိဘိကလေးငယ်လို အပြစ်ကင်းစင်လွန်းနေသည်။ ရှင်ဘယ်လိုလူလဲ ကိုစည်သူရယ်။

"ခဏလေးနော်"

"ဘာမှမလုပ်ပါနဲ့ မရွှေချိုးဖြူ၊ ကျွန်တော်ပြန်တော့မှာပါ"

"နေပါဦးရှင့်၊ ရှင်ပဲ ကျွန်မအဖေနဲ့တွေ့ချင်လို့ဆို"

"ဟုတ်တော့ဟုတ်ပါတယ်"

"ဒါဆိုစောင့်ပေါ့၊ ကျွန်မ ရေနွေးထည့်ပေးမလားလို့"

"နေပါစေခင်ဗျ၊ ကျွန်တော်က ရေအေးပဲသောက်လေ့ရှိလို့ပါ"

"ရေအေးဆို ရေအိုးထဲကရေပဲ ရမှာနော်။ ကျွန်မတို့အိမ်မှာ ရေခဲသေတ္တာ မရှိဘူးရှင့်"





"ကျွန်တော် သိပါတယ်"

သူမခပ်လာပေးသည့်ဖန်ခွက်ထဲမှရေအေးလေးကို မော့သောက်လိုက်ပါ၏။ ရင်ထဲမှာ တကယ်ပဲအေးမြသွားတာပါလား။

"ရှင် ဘွဲ့ရပြီးပြီလား"

"ဟုတ်ကဲ့"

"ဘာနဲ့လဲ"

"Zoo ပါ"

"အလုပ်နှစ်ခုလုပ်တော့ လစာကောင်းမှာပေါ့နော်၊ ကျွန်မဆို တစ်လကို ငါးသောင်းဝန်းကျင်ပဲရတာ"

ခေါင်းငုံ့ပြုံးလိုက်သည့်သူ့အပြုံးတို့ကို ကျွန်မ စိုက်ကြည့်နေမိ၏၊ ဘာတွေများသဘောကျနေပါလိမ့်၊ တစ်ယောက်တည်း ရှုံ့တို့ရှုံ့တန်းဖြစ်မှာစိုးပြီး စကားစမျိုးပေးနေတာကို တစ်မျိုးများထင်နေလေသလား။

"ဟုတ်ကဲ့"

"ရှင် တော်တော်စုမိမှာပေါ့နော်"

"ဟုတ်ကဲ့"

"ရှင့်မိဘတွေကရော"

"မေမေက ကျွန်တော် (၉)နှစ်သားမှာ ဆုံးသွားတာ၊ ဖေဖေကအင်း ကုမ္ပဏီမှာ မန်နေဂျာပဲဆိုပါတော့၊ ကျွန်တော်ရတဲ့လစာ ကျွန်တော်မသုံးရတော့, စုဖြစ်ပါတယ်"

"ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

"မရွှေချိုးဖြူထက် ကျွန်တော် (၆)နှစ်ကြီးတယ်ဗျ"

သူမ အံ့သြသွားရပါ၏။ ကြည့်စမ်း! ကျွန်မအသက် ဘယ်လောက်မှန်း သူသိနေတာပါလား။ စုက ကျွန်မကိုမျက်စပစ်၍ လက်ကုပ်လိုက်လေ၏။ ဒါဆိုရင် သူ ကျွန်မအပေါ် စိတ်ဝင်စားမှုန်း တစ်စိတ်တစ်ဒေသ သိသာစေသည်ပဲ။

"ကျွန်မအကြောင်းတွေကို ရှင်. ကိုရဲခေါင်ကိုမေးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဘယ်လောက်ထိ သိလဲ"

"အင်း, မရွှေချိုးဖြူ လှတာ၊ ချစ်ဖို့ကောင်းတာ၊ မဟုတ်မခံ စိတ်ရှိတာ၊ ပွင့်လင်းတာ၊ ဖော်ရွေတာတွေအထိပါပဲ"

"ဟင်းဟင်း. . . စွာတာ၊ ရန်ဖြစ်တာတွေရော မပါဘူးလား"

"ပါတော့ပါတာပေါ့၊ ဒါပေမဲ့ အင်း, ကျွန်တော် မပြောတတ်ဘူး"

"ရှင် ကျွန်မထက် (၆)နှစ်ကြီးတာပဲ၊ မရွှေချိုးဖြူလို့ မခေါ်ပါနဲ့။ စုတို့ခေါ်သလို ဂျိုးဂျိုးလို့ပဲ ရင်းရင်းနှီးနှီးခေါ်နိုင်ပါတယ် ကိုစည်သူ"

"ဟိုလေ, ကျွန်တော်က ဖြူလေးလို့ခေါ်ချင်တာ"

"ဘယ်လို"

ကြည့်စမ်း! သူက အလာသား၊ ပုံစံကြည့်တော့ဖြင့် မခုတ်တတ်တဲ့ကြောင်လေးလို့ထင်ရပေမယ့် ကျွန်မကို ဒီလိုခေါ်ဖို့ ဘယ်တုန်းကတည်းက စဉ်းစားထားတာပါလိမ့်နော်။

"သမီးရေ ဂျိုးဂျိုး"

"ရှင်. အဖေ"

"ငါ့သမီး စောရောက်နေတာကိုး"

လှေကားရင်း စဦ့အိုးထဲမှဖြေ့ ခြေဆေးကာ တက်လာသည့် ဦးလေးက သူ့ကိုမြင်တော့ မျက်ခုံးပင့်သွားလေ၏။

"အလို၊ ဟိုကောင်လေးပါ ရောက်နေပါလား"

"ကျွန်တော်က ဦးလေးနေကောင်းပြီလားလို့ လာသတင်းမေးတာပါ"

"ကောင်းပြီလား မောင်ရာ၊ တစ်ပတ်လုံးလုံး ဘယ်သူက အိပ်ရာထဲ လှဲနေချင်ပါ့မလဲ။ ငါတို့လူတန်းစားက ကျောခင်းပြီး ပျင်းနေတတ်တာမျိုး မရှိဘူးလေ၊ မဟုတ်ဘူးလားကွ"

"ဟုတ်ကဲ့"





"ဪ, သမီးမိစုလည်း ရှိနေတာကိုး။ ဘယ်လိုလဲ. ညည်းအမေ ရင်ကျပ်နေသေးလား"

"မိုးအေးရင်တော့ ကျပ်တာပေါ့ ဦးနိုင်ရဲ့"

"အေးအေး, ဂရုစိုက်ပေါ့ကွယ်"

"ဟုတ်ကဲ့"

"ဦးလေးစားဖို့ ကျွန်တော်ဝယ်လာပေးတာဗျ"

"အမလေး, မောင်ရာ၊ လူချည်းလာလည်လည်း ငါက အပြစ်မမြင်ပါဘူး။ ဘာတွေတုန်း! သစ်သီးတွေရော၊ ကိတ်မုန့်တွေ၊ ဖျော်ရည်ဘူးတွေ အများကြီးပါလား။ ဒါတွေက လူကုံထံတွေ လုပ်လေ့လုပ်ထရှိတဲ့ အပေါ်ယံဟန်ပြအလုပ်တွေပါ မောင်စည်သူရယ်"

"ကျွန်တော်က စေတနာနဲ့ပါဗျာ"

"အေးပါ၊ ဒါတော့ ငါသိပါတယ်"

"သူက အဖေ့ကိုပဲ စေတနာရှိတာနော်၊ ပေးတာတောင် အဖေ့ဖို့တဲ့၊ သမီးဖို့ မပါဘူး"

"ဟာဗျာ၊ ကျွန်တော်ပြောတာ အဲဒီအဓိပ္ပာယ်မျိုးမဟုတ်ရပါဘူး"

"ဟေးဟေး. . . ငါ့သမီးကရော မင်းကို စေတနာနဲ့ ဘာများ ညှိခံသတုန်း မောင်ရာ"

သူ ပြုံးလိုက်မိပါ၏။ ဦးလေးက မေးနေပြီ ဖြူလေးရဲ့။ ကိုယ့်ဖြူလေးကိုစိတ်ဝင်စားပြီး ခဏခဏလာလာနေရင် ကြိုက်ပါ့မလား။ ဖြူလေးကရော ကြည်ကြည်ဖြူဖြူနဲ့ လက်ခံစကားပြောပါ့မလား။ အရင်လူတွေလိုမျိုး ကိုယ့်ကို ပစ်ပစ်ခါခါ နှစ်နှစ်နာနာတွေ မလုပ်ချင်ပါနဲ့နော်။

"ရေအေးအေးလေးတစ်ခွက်ပါ ဦးလေး"

"ဟေ! အရသာရှိရဲ့လား"

"ဟုတ်ကဲ့၊ ချိုပါတယ်"

"သေချာတယ်၊ အရသာမရှိတဲ့ရေကို ချိုတယ်လို့ပြောရင်လေး



www.burmeseclassic.com

www.burmeseclassic.com

ဈေးတော့မှာ သေချာတယ်''

''အာ, ဦးလေးကလည်း ကျွန်တော်ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပါတယ်ဗျ''

''အေးပေါ့ကွာ၊ ကြည့်ကြရသေးတာပေါ့''

စကားတွေပြောကောင်းနေရာ မှောင်ရီပျိုးစအချိန်ရောက်သွားပါ၏။ ခင်စုဝေကို သူမ လိုက်ပို့ပြီး ပြန်လာစဉ် သူလည်းပြန်ရန် ထရပ်လိုက်ပါသည်။

''ပြန်လိုက်ပါဦးမယ် ဦးလေး''

''အေး, စကားကလည်း ကောင်းပါ့၊ ထမင်းစားပြီးမှ ပြန်ပါလားကွ''

''နေပါစေတော့ ဦးလေးရယ်၊ အိမ်မှာ ကျွန်တော့်အဖေလည်း ထမင်းစားစောင့်နေမှာမို့ ပြန်မှဖြစ်မှာပါ''

''အေးအေး. . . နောက်လည်း အားရင်လာပေါ့ကွာ။ ငါတို့သားအဖက တနင်္ဂနွေတစ်ပတ်ခြား နားရပါတယ်''

''ဟုတ်ကဲ့၊ ပြန်ဦးမယ်နော်''

အိမ်ဝမှာ တက်လာသည့်သူမကို နှုတ်ဆက်လိုက်တော့ ခေါင်းညိတ်ပြရုံသာ ပြန်ရပါသည်။ လှေကားသုံးထစ်ကိုဆင်းခဲ့စဉ် သူမကိုလှည့်ကြည့်ချင်စိတ်က ထိန်းမရ၊ သူ့ကိုများ စောင့်ကြည့်နေလေမလား၊ မဖြစ်သေးပါဘူး. . . တော်ကြာ ရွှေချီးဖြူကိုလာပိုးနေပြီလို့သိသွားမှဖြင့် ဦးလေးရဲ့လက်ချက်စာမိမှာ အသေအချာလေ။ ခက်ရချည်ရဲ့ဖြူလေးရယ်။

''ထမင်းစားကြစို့လေ အဖေ။ ရေအရင်ချိုးမှာ မဟုတ်လား''

''အေး, သမီး''

''ဒါဖြင့် သမီး ဟင်းအိုးနွှေးထားတော့မယ်''

အိမ်ရှေ့ရေတွင်း ခပ်လှမ်းလှမ်းမှာ လုပ်ပေးထားသည့်ရေချိုးခန်းဆီ အဖေထွက်သွားတော့ တဘက်နှင့် ရေလဲပုဆိုးကို သူမလိုက်ပို့ရသေး၏။ အဖေက အမြဲမှတ်သည်လေ၊ မနက် ချက်သွားသည့်





ချဉ်ပေါင်ဟင်းချိုနှင့် ပုစွန်ကျော်အိုးကပ်လေးကိုနွှေးကာ ကြက်ဥနှစ်လုံးခေါက်ကြော်လိုက်၏။ ငံပြာရည်ချက်နှင့်တွဲစားရန် တို့စရာက ခရမ်းကျွတ်သီးနှင့် သရက်ကင်းကို ရေသေချာဆေး၍ ထမင်းပွဲကိုပြင်ထားလိုက်သည်။

''ဟင်းက များလှချည်လား သမီးရဲ့''

''မများပါဘူး အဖေရယ်။ အဖေ ထမင်းစားကောင်းအောင်လို့ ကြက်ဥလေး ထပ်ကြော်ထားပေးတာပါ။ လက်ဆေးလေ အဖေ၊ စားရအောင်။ ညအိပ်ရင်တော့ စွပ်ကျယ်ဝတ်အိပ်လို့မဖြစ်ဘူးနော်''

''အဖေသိပါတယ် သမီးရာ''

အဖေက စစ်စွပ်ကျယ်ကိုကောက်ဝတ်၍ လက်ဆေးဇလုံမှာလက်ဆေးပြီး ထမင်း စားပါ၏။ သားအဖနှစ်ယောက်စလုံး ရာသာမို့သူမတို့အိမ်က ချောင်လည်ပါသည်။ သို့သော် အဖေကိုယ်တိုင် မြီးခြီးခွေဘာတတ်သူမို့ မကုန်တန်မကုန်ရအောင် သူမကို အစစသင်ကြားပေးခဲ့သည်ပဲ။

''အဖေ''

''ဘာလဲ သမီး''

''သမီးအမေက ဟင်းချက်ကောင်းတယ်ဆို''

''အင်း''

''အမေ့လက်ရာထဲမှာ အဖေ ဘယ်ဟင်းအကြိုက်ဆုံးလဲ''

''ငါးခေါင်းနဲ့ချက်တဲ့ ကင်ပွန်းချဉ်ရွက်ဟင်း''

''အမေကရော ဘာကြိုက်သလဲ''

''သမီးအမေက အခါးကြိုက်တာ၊ ကြက်ဟင်းခါးသီးကို ဝက်သားလေးနဲ့ ပါးပါးလေးလှီးပြီးချက်တာ သူသိပ်ကြိုက်တယ်''

''အဖေ့ကို သမီး တစ်ရက်ချက်ကျွေးပါ့မယ်''

''တကူးတကကြီးမလုပ်ပါနဲ့ သမီးရယ်၊ ငါ့သမီးလည်း အလုပ်ဖက်နဲ့ မနက်အစောကြီး ထရသေးတာ၊ ပြန်လာတော့လည်း မှော်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ရှုပ်ရနဲ့ ပင်ပန်းပါတယ်။ အမေက ဘာနဲ့စားစား အဆင်ပြေတာချည်းပဲ။ ထမင်းဆိုတာ အရသာခံဖို့ထက် ဗိုက်ပြည့်ဖို့ အာဟာရညီမျှရင် ပြီးတာပါပဲ''

ဪ, အမေရယ်၊ သမီးမှာ ပြေးကြည့်မှ ဒီအမေတစ်ယောက်တည်းပဲရှိတာပါ။ မွေးကင်းစအရွယ်လေးကတည်းက မိခင်မဲ့ခဲ့ရတဲ့သမီးကို အမေ ဘယ်လောက် အသနားပို၊ အချစ်ပိုခဲ့သလဲဆိုတာကို အဘွားပြောပြလို့ သမီး သိခဲ့ရပါတယ်။

ဒီအမေကိုမှ သမီးနားမလည်ရင်၊ မပြုစု မချက်ကျွေးရင် အမေ့ကို ဘယ်သူက လာလုပ်ပေးမှာတဲ့လဲ။ ဘဝရဲ့ခါးသည်းမှု၊ လောကဓံရဲ့ နှိုက်နှက်မှုတွေကို အမေ ဘယ်လောက်ထိ ခံခဲ့ရသလဲဆိုတာကိုလည်း သမီးသိနေခဲ့ပါတယ်။

ဘယ်တုန်းကမှဖွင့်မပြောခဲ့တဲ့ အမေရဲ့အသည်းကွဲဇာတ်လမ်းတစ်ပုဒ်အကြောင်းကို သမီးသိချင်ပါလျက်နဲ့ မမေးရက်ခဲ့ပါချေ။ ငယ်စဉ်ကတည်းက ပုံပြင်ပြောပြသလို နားထောင်ခဲ့ရတဲ့ အမေ့အကြောင်းတွေကို အာရုံထဲ ပုံဖော်ခံစားရင်း၊ အမေနဲ့အတူ အမေ့ကိုလွမ်းရတဲ့အရသာလောက် ပျော်ရွှင်ဖွယ်ကောင်းတာ ဘာမှမရှိတော့ပါဘူး။ အမေ့ကို တစ်ဖက်သတ်ချစ်ခဲ့တဲ့အမျိုးသမီးလေးကို ယနေ့တိုင် အမေ လွမ်းတသသဖြစ်နေတာကို သမီးနားလည်ပါတယ်လေ။

တစ်အောင့်အကြာမှာ အိပ်ချိန်တန်၍ အမေ သန်းဝေလိုက်သဖြင့် သူမ ဘုရားစင်ရှေ့မှာ ဖျာခင်းပေးလိုက်၏။ ဘီရိုပုလေးထက် သေသေသပ်သပ်ခေါက်တင်ထားသည့် ခေါင်းအုံးနှင့်စောင်ကို ချပေးလိုက်တော့ အမေက ဖျာထက် လှဲချလိုက်လေသည်။

''သမီး နှိပ်ပေးမယ်နော်''

''နေပါသမီးရယ်၊ ငါ့သမီး ပင်ပန်းလာတဲ့ဟာ''

''သမီးက အရိပ်ထဲမှာလုပ်ရတာလေ အမေရဲ့။ အမေက နေပူထဲ ပင်ပင်ပန်းပန်းလုပ်ရတာမဟုတ်လား။ အမေ့ကိုမနှိပ်ပေးရတာကြာပြီ။ သမီးက OT ဆင်းနေရတာ များတာကိုး။ ပြီးတော့ အမေပြောတဲ့ ပုံပြင်လေးလည်း နားထောင်ချင်လို့ပါ''

''ဪ, ငါ့သမီးကတော့ မကြီးမငယ်နဲ့ ဘယ့်နှယ့် ပုံပြင်ပြောခိုင်းနေတာလဲ''

''ပြောပြပါအမေရယ်။ အမေ့ရဲ့ငှက်ကလေးက အရမ်းလှတယ်မဟုတ်လား''

''အင်း''

အမေက သံရှည်ဆွဲ၍ ထောက်ခံလိုက်ပြီးလျှင် ခေါင်းအုံးထက် လက်နှစ်ဖက်ယှက်ကာ မေးတင်လျက် မှောက်လှဲလိုက်လေသည်။ အမေ့စိတ်တွေ အတိတ်ကိုများ လွင့်ပါသွားလေမလား။ ဘာပဲဖြစ်ဖြစ် သူမကြားချင်သည့်အကြောင်းတွေကို စိတ်ရှည်လက်ရှည်နဲ့ပြောပြမှာ အသေအချာပါလေ။

''ဟိုးရှေးရှေးတုန်းက မိခါဆိုတဲ့ကောင်မလေးတစ်ယောက်ရှိသတဲ့။ သူက အရမ်းလှတဲ့မိန်းမချောလေးပေါ့။ ဆံပင်က စင်းစင်းလေးနဲ့ ရှည်တယ်။ နဖူးပေါ်မှာ ဆံမြိတ်လေး ကျဲကျဲချထားပြီး မျက်လုံးတောက်တောက်လေးတွေနဲ့ပေါ့။ အဲဒီမျက်လုံးလေးတွေက အရည်လေးတွေ လဲ့နေပြီး သိပ်လှတာ။ ပြီးတော့ ပါးနှစ်ဖက်စလုံးမှာ ပါးချိုင့်လေးပါပြီး မေးဆုံလေးမှာလည်း ချိုင့်လေးပါတော့ ချစ်ဖို့အရမ်းကောင်းတာပေါ့။ သူ့မှာ ဒေါ်စာဆိုတဲ့အမေအိုကြီးနဲ့ မုန့်ဟင်းခါးရောင်းပြီး အသက်မွေးဝမ်းကြောင်းပြုရတယ်။ သိပ်ချောသိပ်လှတဲ့မိန်းကလေးမို့ ဒေါ်စာက သမီးလေးကို စိတ်မချလို့ဆိုပြီး ကျောင်းဆက်မထားဘဲ လေးတန်းအထိသာထားပြီး ကျောင်းနုတ်လိုက်တယ်လေ. . .

သူတို့အိမ်ဘေးအိမ်မှာက ဒေါ်အမာဆိုတဲ့အဒေါ်ကြီးရဲ့အိမ် ရှိသတဲ့။ အဲဒီဒေါ်အမာဆီမှာက ကျော်နိုင်ဆိုတဲ့သားလေးတစ်ယောက်ရှိတာပေါ့။ ဒေါ်အမာကတော့ အကြော်ရောင်း အသက်မွေးပြီး သားလေးကိုကျောင်းထားပေးတာ ဆယ်တန်းအထိ ရောက်လာတယ်လေ။ အင်း, မိခါဆိုတဲ့







www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက အဲဒီကျော်နိုင်ဆိုတဲ့ကောင်လေးကို တစ်ဖက်သတ်စိတ်ဝင်စားနေတယ်လို့ပြောရမှာပဲ။ ကောင်လေး ဘာလုပ်တယ်၊ ဘယ်သွားတယ်ဆိုတာကို သူ့အိမ်ကနေ လူမသိမမြင်အောင် အမြဲစောင့်ကြည့်နေတတ်တာပေါ့. . .

ကောင်လေးထမင်းစားတိုင်း သူ့အိမ်မှာချက်ထားတဲ့ဟင်းတစ်မျိုးမျိုးကို အမြဲပို့ပေးလေ့ရှိတယ်။ ကောင်လေးမှာက စက်ဘီးအစုတ်လေးတစ်စီးရှိတာမို့ အဲဒီစက်ဘီးနောက်မှာ လိုက်စီးချင်တဲ့အတွေးတွေနဲ့ စိတ်ကူးယဉ်လို့ပေါ့။ ကောင်လေးကတော့ သူ့ကိုစိတ်မဝင်စားလှပါဘူး။ ကျောင်းစာကတစ်ဖက် အမေဖြစ်သူကိုပိုင်းကူပေးတာ တစ်ဖက်၊ ပြီးတော့ ကျောင်းမသွားခင်နဲ့ ကျောင်းပြန်ချိန်တွေမှာ ရပ်ကွက်ထဲ ရေလိုက်ထည့်ပေးတဲ့အလုပ်နဲ့ ရှုပ်ယှက်ခတ်နေတာလေ။ ဒါပေမဲ့ မိခါလေးကိုတော့ ညီမလေးတစ်ယောက်လိုမျိုး သံယောဇဉ်ရှိရှာပါတယ်. . .

ဒီလိုနဲ့ တစ်နေ့တော့ မိခါလေးရဲ့အမေ ဒေါ်စာတစ်ယောက် ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသတဲ့၊ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက် မိခါလေးကို ဒေါ်အမာက သမီးအဖြစ်မွေးစားလိုက်တယ်လေ။ ရပ်ဆွေရပ်မျိုးလည်းဖြစ်၊ လူကြီးနှစ်ယောက်စလုံးကလည်း သူငယ်ချင်းတွေဖြစ်ကြတာကိုး။ ဒီလိုနဲ့ မိခါလေးတစ်ယောက် ဒေါ်အမာအိမ်မှာနေရင်းနဲ့ သူသိပ်ချစ်နေတဲ့ကောင်လေးကို လက်ထပ်ခွင့်ရသွားသတဲ့။ အမေလုပ်တဲ့သူက သဘောတူတော့ သူတို့နှစ်ယောက်ကို ပေးစားလိုက်တယ်ဆိုပါတော့. . .

ဒီလိုနဲ့ ငါးနှစ်လောက်ကြာအပြီးမှာ မိခါဟာ သူနဲ့တူတဲ့သမီးချောလေးတစ်ယောက်ကို မွေးသတဲ့လေ။ နဂိုကတည်းက နှလုံးအားနည်းတဲ့ရောဂါရှိတာမို့ ကလေးယူလို့မဖြစ်မှန်းသိသိကြီးနဲ့ သူသိပ်ချစ်တဲ့ ကောင်လေးအတွက် သမီးလေးကိုလက်ဆောင်အဖြစ်မွေးပြီး 'ရွှေချိုဖြူ' ဆိုတဲ့အမည်လေးမှည့်ပြီးမှ အဲဒီကောင်လေးရဲ့လက်ပေါ်မှာပဲ ကွယ်လွန်သွားသတဲ့ကွယ်. . .





မျက်စိထဲ တစ်ကွက်ပြီးတစ်ကွက် မြင်နေရသည့်ဇာတ်လမ်းလေးက လွမ်းမောဖွယ်ရာပါပဲ။ မျက်ရည်တို့စို့ဝဲလျက် အသံတိတ်သွားသည့် အဖေ့ကိုကြည့်လိုက်မိစဉ် အဖေက အိပ်ပျော်နေချေပြီ။ သူမမျက်ရည်တို့ကို ပုတ်ခတ်သိမ်းဆည်းကာ အဖေ့ကို စောင်ခြုံပေး၍ ခြင်ထောင်ပါ ဆောင်ပေးလိုက်ပါ၏။ အဖေ အိပ်မက်လှလှမက်ပါစေလေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မနေ့က ဘာလို့မိုးချုပ်တာတုန်း"

Breakfast... ဝိုင်း ဝင်ထိုင်လိုက်သည့်သူ့ကို မေးခွန်းထုတ်လိုက်သည့်ဖေဖေ့ကို မော့ကြည့်လိုက်မိ၏။ စပါပြီ၊ စစ်ဆေးမေးမြန်းခန်းလေ။

"တစ်နေရာ သွားနေလို့ပါ"

"ဘယ်နေရာလဲ"

ကြည့်! အဲဒါတွေပေါ့။ သူ့ကို (၁၆)နှစ်သားလေးလိုပဲ ခုထိမြင်နေပါပဲလား။ သူငယ်ချင်းတွေနဲ့သွားစဉ်တုန်းကလည်း ဘယ်သွားမည်၊ ဘယ်လာမည်၊ ဘယ်ဝင်မည်၊ ဘယ်အချိန်လောက် ပြန်လာပါမည်ဟု အတတ်နိုင်ဆုံးမှန်းဆပြောပြီးမှသာ အပြင်ထွက်ခွင့်ရခဲ့တာလေ။ အခုလည်းကြည့်၊ သူ့ကို အသက်အစိတ်ပြည့်တော့မယ့်သားလို့မမြင်သေးတဲ့အကြောင်းများပါလိမ့်၊ ဘယ်အရွယ်ထိ မျက်စိဒေါက်ထောက်ပြီး ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေဦးမှာပါလိမ့်နော်။

"မေးရင်ဖြေလေ'

"ဖေဖေကလည်း ကျွန်တော် ကလေးမဟုတ်တော့ဘူးဗျ။ နေရာတကာလိုက်သိချင်နေတာပဲလား"

"သိမှဖြစ်မှာပေါ့၊ မင်းကိုကလေးမဟုတ်လို့ ပူပန်နေရတာ။ ကလေးဆိုရင် တုတ်ပြပြီး အိမ်ထဲကနေ အိမ်ပြင်တောင်ပေးမထွက်ဘူး။ မင်းသိတယ်မဟုတ်လား. . .'ဆင့်'ရှိစဉ်ကတည်းက နေပူတာတောင်မင်း မြင်ရလို့လား။ ပြန်စဉ်းစားကြည့်"

"အဲဒီတုန်းက ကလေးကိုးဖေဖေရဲ့။ မေမေက ကျွန်တော့်ကို ဖျားနာမှာစိုးရိမ်ပြီး ထွက်မဆော့ခိုင်းတာဖြစ်မှာပါ။ အခု ကျွန်တော့်အသက် (၂၅)နှစ်ပြည့်တော့မှာ"

"အံမာ လူပျိုဖြစ်ပြီဆိုပြီး သိပ်ကြွေးကြော်ချင်မနေနဲ့ စည်သူ ခန့်၊ မင်းဟာမင်း (၂၅)နှစ်မကလို့ ကလေးဆယ်ယောက်အဖေအရွယ်ဖြစ်နေရင်လည်း ငါ့သားက ငါ့သားပဲ။ ငါ့မျက်စိထဲမှာ မင်းဘယ်တော့မှ လူကြီးဖြစ်သွားမှာမဟုတ်တော့"

သူ့မျက်နှာရှုံ့တွသွားရပါ၏။ နေရင်းထိုင်ရင်း ကလေးဆယ်ယောက်ပါ ရှိုင်းနေပါလား. . . သူ့မှာ ခုမှရည်းစားလေးတစ်ယောက်ရဖို့ စိုင်းပြင်းနေတုန်းပါပဲ။ ကောင်မလေးရဲ့လက်ကလေးကိုတောင် ကိုင်ခွင့်မှမရသေးတဲ့ဟာကို။ မင်္ဂလာဆောင်ပြီး ကလေးရတဲ့အထိ အဆင့်တွေကျော်ပြီး မတွေးရဲပေါင်။

"ဘာလဲ၊ ဟိုကောင်မလေးအိမ် ရောက်သွားတာလား"

"အင်း"

"ဘာ! မင်းကို ငါတားထားတယ်နော်။ ဒီလိုပုံကျရုပ်ကွက်ထဲက ပေါက်လွှတ်ပဲစားအတန်းအစားမျိုး ငါ ချွေးမမတော်နိုင်ဘူးဆိုတာကို ရှေ့ဆက်တိုးဖို့ ခြေလှမ်းပြင်နေတာလား"

"အချစ်က တားလို့မရဘူးဖေဖေရ။ ကျွန်တော် ဖြူလေးကို





ပဲ ချစ်တဲ့ဟာကို"

"မချစ်ရဘူး"

"မချစ်လို့မရဘူး။ ကျွန်တော့်နှလုံးသားက ဖြူလေးကလွဲပြီး တခြားဘယ်မိန်းကလေးကိုမှ လက်သင့်ခံလို့မှမရဘဲ။ ဖေဖေ အတင်းမတားပါနဲ့"

"ငါနော်. . . တောက်!"

စိတ်ရှိလက်ရှိထတီးလိုက်ရ မကောင်းတော့ပါဘူး။ 'ဆင့်သားကို လက်ဖျားနဲ့တောင် မရိုက်ရဘူးနော်.မောင်'ဆိုပြီး ဒင်းအမေ တဖွဖွမှာခဲ့တဲ့စကားကြောင့် ဒင်းကိုမရိုက်ဖြစ်လို့ ကန်းတက်နေတာလေ။ ကျောင်းတက်တဲ့ကိစ္စ၊ အလုပ်ကိစ္စမှန်သမျှ ပြေပြေလည်လည်ဆွေးနွေးလို့ရခဲ့ပါလျက် ဒီမိန်းကလေးကိစ္စကျမှ ပြောမရတားမရဖြစ်နေတော့တာပါလား. . .

"မင်းမျက်စိထဲမှာ အဲဒီကောင်မလေးကိုပဲ မိန်းကလေးလို့မြင်နေတာလား။ ငါ့မိတ်ဆွေအပေါင်းအသင်းတွေထဲမှာ ငါ့စိတ်ကြိုက် မင်းအတွက်ရှာပေးမယ်။ ဒါပဲ"

"ဖေဖေ့စိတ်ကြိုက်ရှာမှတော့ ဖေဖေပဲယူတော့ပေါ့။ ဘယ့်နှယ် ကျွန်တော့်စိတ်ကြိုက် ရမှာလဲ"

"အောင်မယ် ငါမလိုချင်လို့ ဒီနေ့ထိ ဒီလိုနေနေတာပေါ့ကွ။ ယူချင်ရင် မင်း ဆယ်နှစ်သားကတည်းက ယူပြီးတာကြာပေါ့။ ဖအေကိုများ မင်းစိတ်နဲ့နှိုင်းနေသေးတယ်"

"ကျွန်တော့်ကိုငဲ့ခဲ့တာလို့ မပြောချင်ပါနဲ့ဖေဖေရဲ့။ မေမေမှာခဲ့တဲ့စကားကြောင့် ဖေဖေငြိမ်နေတာ သိသားပဲ။ နို့မို့ မေမေ့သူငယ်ချင်း ဒန်တီသီတာကို မာမီလေးလို့ပြောင်းခေါ်နေရပြီ"

"အာကွ!"

"တော်ပြီ. . . ပေဖေနဲ့စကားများဖို့ ကျွန်တော့်မှာ အချိန်မရှိဘူး ၁ပ်ရှော့မှာ ကားတွေပြန်အပ်ဖို့ကိစ္စ သွားရှင်းပေးရဦးမှာ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော် ဆယ့်တစ်နာရီလောက်မှပဲ ကုမ္ပဏီလာနိုင်မှာနော်။ ကြိုပြောထားပါရဲ့"

"အံမာ. . . ငါ့ကုမ္ပဏီကို မင်းလာချင်တဲ့အချိန်လာပြီး ပြန်ချင်တဲ့အချိန် ထပြန်ရအောင် သာလာယံဇရပ်မှတ်နေလားကွ။ မလာချင်ရင် အစောကြီးကတည်းက မလာနဲ့. . . ဒါပဲ"

"ပြီးရော. . . ဒါဆို ညနေ ဖြူလေးကိုသွားကြိုဖို့ အချိန်ပိုရသွားပြီ။ OK ပဲ. . . Thanks... ဖေဖေ"

"ဟေ့ကောင်! မင်း. . ."

ပြောင်စပ်စပ်မျက်နှာဖြင့် ထလစ်သွားသည့်သားဖြစ်သူကို လှမ်းအော်ရင်း ကျန်ရစ်ခဲ့ရပါ၏။ ဒီကောင်တော့လား. . . ဖအေ ဒီလောက်ပြောထားပါလျက်နှင့် ရှေ့ကိုဆက်တိုးနေချင်တာလေ. . . အခုလည်းပဲ ကြည့်! ကုမ္ပဏီမလာရသည်နှင့် သိန်းထီကြီး ထပေါက်တဲ့အချိုးမျိုးနဲ့ တစ်ချိုးတည်းလစ်တော့တာပဲကိုး. . .

'ဆင့်'ရယ်. . . 'ဆင့်'သားကို မောင်ဘယ်လိုဆက်ပြီးထိန်းရပါ့မလဲ။ ဒင်းက 'ဆင့်'မရှိတော့တာနဲ့ မောင့်စကားကို အလေးမထားချင်တော့ဘူးလေ။ မောင့်ကို သားချစ်တယ်ဆိုတာ 'ဆင့်'ကိုချစ်တာရဲ့ခြေဖျားတောင်မမီပါဘူး။ သားငယ်ငယ်ကများ ရင်ခွင်ထဲပြေးဝင်ပြီး ဒီနေ့ ကျောင်းမှာ ဘာသင်ရတယ်ဆိုတာကိုပြောကာ မအေဖြစ်သူရဲ့ပါးတစ်ဖက်ကို အရင်ဆုံးနမ်းခဲ့တဲ့သားလေးက ခုတော့ မလိမ္မာချင်တော့ဘူး 'ဆင့်'ရယ်။

မောင်က ဒါဆိုရင် သားက ဟိုဟာဆိုပြီး ဆန့်ကျင်တတ်နေပြီကွယ်။ အခုလည်း ဖြူလေး (မဟုတ်သေးဘူး). . . ရွှေချိုးဖြူဆိုတဲ့ကောင်မလေးကိုမှ တန်းတန်းစွဲရင်ခုန်နေသတဲ့လေ။ အချစ်က ပြောင်းလဲလို့မရဘူးဆိုပြီး စကားကြီးစကားကျယ်တွေနဲ့ မောင့်ကိုပြန်ပြီးခံပြောတတ်နေပြီ။ မအေစကားကို မြေဝယ်မကျနားထောင်ခဲ့တဲ့သားက ဖအေစကားကို ခေါင်းထဲမထည့်တော့ဘူး။ မောင့်ကိုယ်စား သားကိုလာပြီးဆုံးမပေးလှည့်ပါဦး. . .

မဖြစ်သေးပါဘူး. . . ဒီကောင်မလေးရဲ့ဇစ်မြစ်ကိုတော့ အနေးနဲ့အမြန်စုံစမ်းရဦးမှပါပဲ၊ တော်ကြာ အရက်သမားသမက်ဖြစ်ပြီး သားပါ သောက်တတ်စားတတ်ဖြစ်သွားရင် ဖအေပဲ ရင်ကျိုးရမှာ။ မအေမရှိတော့တဲ့ကလေးကို ထိန်းထိန်းသိမ်းသိမ်းမအုပ်စိုးနိုင်ရင် မောင်တာဝန်မကျေဘူးရယ်လို့ ပတ်ဝန်းကျင်က ကဲ့ရဲ့ပစ်တင်ဝိုင်းပြောမှာကို မောင်လက်မခံပါရစေနဲ့။ အထူးသဖြင့် တစ်နေရာကနေကြည့်ပြီး 'ဆင့်'စိတ်ဆင်းရဲမှာကို မောင်မမြင်ရက်မကြားရက်လို့ပါပဲ။

✦

ဝပ်ရှော့ဝင်းထဲ ကားကိုကွေ့လိုက်စဉ် ကားပြန်လာယူသည့်လူသုံးယောက်ကို တွေ့ရလေ၏။ ကားတွေက အမျိုးအစားကောင်းပြီးနောက်ဆုံးပေါ်နံပါတ်တွေမို့ ဆိပျောက်မီးပျောက်လေးသာ ပြင်ရပေမယ့်အတော်သတိထားရသည်ပဲ။ ရဲခေါင်က ဘောက်ချာစာအုပ်ထဲ ပစ္စည်းစာရင်းတွေ ချရေးနေလေ၏။

"အဆင်ပြေရဲ့လား ရဲခေါင်"

"အေး၊ နောက်ငါးစီး လာယူဖို့ရှိသေးတယ်၊ မြန်မြန်ယူမှပါပဲ. . . နို့မို့ ကားလာအပ်ရင် ထားရမယ့်နေရာလွတ် မရှိသလောက်ဖြစ်နေပြီ"

"အေးကွာ. . . လမ်းမတန်းကြီးဆိုတော့ မြေလွတ်ပြန်ရှာရင်းမှာ သိပ်မရှိတော့ဘူး"

"မနေ့က မင်းဘယ်အချိန်ပြန်ရောက်လဲ"

"လာပြန်ပြီတစ်ယောက်. . . ဖေဖေ့လေသံအတိုင်း တစ်ထပ်တည်းပဲ"

"မင်း Father ကြီး မေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"မင်းဘာပြောလိုက်လဲ"

"မင်းလည်း မသိချင်ပါနဲ့၊ ဖေဖေနဲ့တစ်ဂိုဏ်းတည်းသားတွေ၊ ငါနဲ့ဖြူလေးနဲ့နီးစပ်သွားမှာကို မလိုလားကြတဲ့သူတွေကို ငါလျှို့ဝှက်ချက်တွေပြောပြဖို့ မလိုပါဘူး"

"မင်းကလည်းကွာ. . . ဘယ်သူငယ်ချင်းမျိုးက မင်းအကျိုးယုတ်မယ့်ကိစ္စကြီးကို အားပေးအားမြှောက်လုပ်ပေးချင်မှာလဲ"

သူ့ ရဲခေါင်ကိုမကြည့်သလို တစ်ချက်ကြည့်လိုက်ပြီး ဖြတ်ပြီးသား လက်ခံဘောက်ချာတွေကို စစ်ဆေးနေမိ၏။ သူ့ကောင်းကျိုးလိုလားပါတယ်ဆိုတဲ့သူငယ်ချင်းက သူ ရည်းစားလေးတစ်ယောက် ရမယ့်ကိစ္စကို ဆန့်ကျင်ကန့်ကွက်နေတာ ဘာသဘောနဲ့ပါလိမ့်။ သူလိုသူဌေးသားတစ်ယောက်အနေနဲ့ ဖေဖေအမွေမပေးရင်တောင်မှ သူ့လုပ်ငန်းနဲ့ သူ့ အိမ်ထောင်ကို ကောင်းကောင်းကြီးထူထောင်နိုင်တာပဲ၊ ဒါကိုဘယ်လိုဖြစ်ပြီး ကဖျက်ယဖျက်ဖြစ်နေတာပါလဲ. . .

တကယ်ဆို ဖေဖေကိုယ်တိုင်ကလည်း သူ့ကိုအလိုလိုက်သင့်တာမဟုတ်လား။ မေမေသာ သက်ရှိထင်ရှားရှိနေသေးရင် ဒီကိစ္စကို လွယ်လင့်တကူဖြေရှင်းပေးနိုင်မှာအမှန်ပင်။ မေမေ့ရင်ခွင်ထဲဝင်ပြီး 'သားတော့ ဖြူလေးကိုချစ်နေပြီမေမေ' ဆိုရုံနဲ့ ပွဲသိမ်းပဲမဟုတ်လား။ မေမေက သူ့ကို မျက်နှာတစ်ချက်အညှိုးခံမယ့်သူမှမဟုတ်ဘဲ။ အခုလိုမျိုးလည်း သူ့စိတ်ကိုအရှုပ်ခံမည်မထင်။ ဒီတစ်ခါတော့ ဖေဖေ့ကို သူဆန့်ကျင်ချင်သည်လေ။

"စည်သူ"

"ဘာလဲ"

"မင်းအမေ့စိတ်ဆင်းရဲမယ့်ကိစ္စကို ဆက်မလုပ်ပါနဲ့လားကွာ။ အနီကယ်ခန့်က မင်းနဲ့သင့်တော်မယ့်ကောင်မလေးတစ်ယောက်ယောက်ကို မင်းဖို့ရှာပေးမှာပါကွ"





"ဟ! ဖေဖေရှာပေးမယ့်မိန်းကလေးကို ငါကကြိုက်ပြီး လက်ထပ်မှ ရမှာပေါ့ကွ။ ငါ့နှလုံးသားကို ဒီလိုသော့ခတ်လို့ ဘယ်ရပါ့မလဲ။ အသည်းက စကားပြောတတ်တာ ဖြူလေးကြောင့်မို့လို့ ဖြူလေးအတွက်ပဲ နေရာချန်ထားတယ်။ တခြားလူ ဝင်ခွင့်မပေးနိုင်ဘူး. . . ဒါပဲ"

"ဟာ! စကားတွေတတ်နေလိုက်တာ မောင်လူအေးရာ၊ မင်းအတော်လေး အေးပေလို့ပဲနော်"

ရဲခေါင်ရဲ့ပြောမှန်းသိတော့ အလုပ်သမားတွေထံမှ ရယ်သံသဲ့သဲ့ထွက်လာလေ၏။ သူတို့သူဌေးလေးရဲ့ပေါက်တတ်ကရဒေသနတွေကို မကြားချင်မှအဆုံးကိုး. . .

"အချစ်က စကားပြောတတ်လာအောင် သင်ပေးလိုက်လို့ပဲ"

"နေပါဦး. . . မိန်းကလေးကို မင်းတကြည့်ပြီး သွားကြိုက်တာလဲ"

"လာပြန်ပြီ. . . ကြိုက်တာမဟုတ်ဘူး၊ ချစ်တာပါဆို၊ ဟောဒီရင်ဘတ်ထဲကနေ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်သွားတဲ့အထိ ချစ်မိသွားတာ"

"အေးပါ. . . အေးပါ, ဘာကြောင့်ချစ်သွားရတာလဲ၊ ပြောပြစမ်းပါဦး"

"အချစ်မှာ အကြောင်းပြချက်မှမလိုဘဲကွ၊ သူဟာသူ ချစ်ချင်လို့ ချစ်သွားတဲ့ဟာပဲ"

"ပြောပြန်ပြီ. . . လူနဲ့မလိုက်တဲ့စကားလုံးတွေ"

"မင်းမသိပါဘူး ရဲခေါင်ရာ၊ ဖေဖေက ငါ့ကိုသိပ်အူတိုတာကွ။ ဖေဖေ့ကုမ္ပဏီ Member ဦးဝေသာမောင်ရဲ့သမီး ဟေသာလေ၊ အေး, အဲဒီဟေသာ ငါ့ကိုအိစိကလီလုပ်လို့ဆိုပြီး ပွစိပွစိပြောနေသေးတာ။ ပစ္စည်းမက်တယ်ဘာညာပေါ့ကွာ။ တကယ်တမ်းကျ ငါ့ကိုဘယ်မိန်းကလေးနဲ့မှ သဘောတူတာမဟုတ်ဘူး၊ ပြောလိုက်ရင်တော့ တန်ကြီးတစ်ခွဲသားနဲ့ ခပ်မာမာပဲ၊ အိမ်ပြန်ချိန်တန်မရောက်သေးရင် ခြံထဲဆင်းပြီး ငါ့ကိုမျှော်နေပြီ၊ ညဆိုလည်း အခန်းတံခါးအသာဖွင့်ဝင်, ခြင်ထောင်ပေါက်တွေပိတ်ပေးပြီး စောင်ပါခြုံပေးသွားသေး။ ဒီအရွယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com


ရောက်နေတဲ့သားကို ငါးနှစ်သားကလေးလို ဂရုတစိုက်ရှိတဲ့အဖေမျိုးက သားအတွက် ဘယ်လိုချွေးမမျိုးကိုခေါ်လာမှာတဲ့လဲ။ မင်းမယုံရင် စောင့်ကြည့်လေ... ဖြူလေးမဟုတ်ဘဲ တခြားကောင်မလေး ခေါ်သွားပြရင်လည်း အကြောင်းရှာပြီး သူကန့်ကွက်ဦးမှာ သေချာတယ်"

"မင်းအဖေ ဒီလောက်ချစ်တာကိုတောင်"

"ဟ, ဖေဖေ့တုန်းကလည်း အိမ်ထောင်ပြုလို့ မေမေက ငါ့ကို မွေးလာခဲ့တာလေ။ ငါ့အလှည့်ကျ အိမ်ထောင်မပြုနိုင်းရင် ဘယ်တရားပါ့မလဲ။ မင်းစဉ်းစားကြည့်ဦး... တော်ပြီ... တော်ပြီ, ငါတို့ဆွေးနွေးတဲ့ ခေါင်းစဉ်ကို ပြောင်းမှပါပဲ"

"ခက်တာပဲ စည်သူရာ၊ မင်းကတော့ အန်ကယ်ခန့်ရဲ့မေတ္တာစေတနာတွေကို မမြင်တတ်မသိတတ်ပါလား"

နောက်လာယူမည့်ကားတွေအတွက် ပြင်ခဘောက်ချာတွေကို သူကိုယ်တိုင်ရေးပြီးတော့ နာရီက ဆယ်နာရီထိုးနေလေပြီ။ ကုမ္ပဏီကို သွားရင် ကောင်းမလား... ဒီနေ့ ဖေဖေ လေဆိပ်သွားဖို့ကိစ္စရှိနေတာမို့ သူ့ကိုမျှော်နေမည်သာ။

"ငါ ဖေဖေ့နောက်. လိုက်ရဦးမယ်"

"အန်ကယ် ဘယ်သွားစရာရှိလို့လဲ"

"လေဆိပ်မှာ မိတ်ဆွေတွေသွားကြိုဖို့ကိစ္စဆိုလားပဲ၊ ခါတိုင်း Foreigner တွေကိုကြိုဖို့ဆို ငါ့ကိုပဲလွှတ်တာလေ။ ဒီတစ်ခါတော့ ဘာမှမပြောဘဲ မသိချင်ယောင်ဆောင်နေတာ မရိုးသားလို့ပဲ၊ အဲဒီတော့ သူခေါ်မခေါ် လိုက်ဖို့တာဝန် ငါ့မှာရှိတယ်။ ဒီနေ့ (၁၂)နာရီမှ ငါ ကုမ္ပဏီဝင်နိုင်မယ်ပြောတာကို မလာနဲ့ဆိုကတည်းက သေချာသလောက်ဖြစ်နေပြီ"

"ဟော့ကောင်စည်သူ၊ မင်းအဖေအသက် (၄၅)နှစ်ကျော်နေပြီဟာကို မသင်္ကာဖြစ်စရာလား... ကြံကြီးစည်ရာကွာ"

"မင်းမသိပါဘူး ရဲခေါင်ရာ၊ ငါနဲ့ ငါ့အဖေကြားမှာ ဘယ်သူမှမသိမမြင်နိုင်တဲ့အကြောင်းအချက်တွေ အများကြီးရှိတာကွ။ ငါ မိန်းမယူမှာစိုးတာက တစ်ဖက်၊ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့မှာကို စိုးရိမ်တာက တစ်ဖက်မို့ ဖေဖေ တစ်ခုခုကိုတော့ ကြံစည်မှာသေချာတယ်။ အဲဒီတော့ အခုကိစ္စမှာ ငါလည်း Sherlock Holmes လုပ်သင့်ရင် လုပ်ရမှာပဲ။ ကဲ, အချိန်ရှိတုန်း လစ်လိုက်ဦးမယ်... Father ကြီးရဲ့ ခြေလှမ်းတွေကို အမီလိုက်ရမှာလေ"

"ဒီကောင်တော့ကွာ"

ရဲခေါင်ရေရွတ်လိုက်တာကို ဥပေက္ခာပြုရင်း ကားကိုထွက်လာခဲ့ပါ၏။ ကုမ္ပဏီကိုရောက်တော့ (၁၁)နာရီနီးပါးရှိနေလေပြီ။ ဖေဖေများ ထွက်သွားပြီလား... စိုးရိမ်တကြီးဖြစ်သွားရပြီး ကိုယ့်ကိုယ်ကိုပြစ်တင်မိလေ၏။ ကျွတ် ခုနကပဲ Car ထားတဲ့ Garage မှာ သေချာကြည့်လိုက်ရင် ပြီးရော... ညံ့ပါ့။

Lift ထဲမှထွက်သည်နှင့် ရုံးခန်းရှိရာဆီ ခြေလှမ်းကိုသွက်သွက်လှမ်းလာခဲ့၏။ ဖေဖေ့ရုံးခန်းထဲမှထွက်လာသည့်သက်လျာကို လက်ပြရင်း မေးလိုက်မိပုံက အလောတကြီးနိုင်နေလေသည်။

"ဖေဖေရော"

"သွားပြီ"

"ဟာ! ကြာပြီလား"

"အင်း, နာရီဝက်လောက်ရှိတော့မယ်၊ ဘာဖြစ်လို့လဲ ကိုစည်သူ"

"ကျွတ်! သွားပါပြီ၊ သူ ဘယ်သူ့ကိုကြိုမယ်ဆိုတာ နင့်ကိုပြောသလား"

"ကြိုမယ်. ဘာကိုပြောတာလဲ ကိုစည်သူ။ သက်လျာ နားမလည်ဘူး"

"လေဆိပ်သွားမယ့်ကိစ္စလေ"

"လေဆိပ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ, နင် အူတူတူဖြစ်စရာလား"

"လေဆိပ်ဆင်းမှာ ညနေမဟုတ်ဘူးလားကိုစည်သူရဲ့၊ အခု
အန်ကယ်မိုးမြင့်တို့နဲ့ Lunch စားဖို့ဆိုပြီး ထွက်သွားတာလေ"

"အာ. . . သေစမ်း"

သူ နဖူးကိုဖြန်းခနဲရိုက်လိုက်တော့ သက်လျာမျက်လုံးလေး
က နားမလည်ဟန်အပြည့်။ ကြည့်စမ်း! သူ ဖြူလေးဆီသွားမယ့်အချိ
မှ ဖေဖေက လေဆိပ်ကိုအချိန်ကိုက်သွားမှာပါလား. . . ပြဿနာပဲ

"ဪ, ဟိုနေ့ကတော့ ပြောသံကြားတယ်"

"ဘာလဲ"

"အန်တီဆင့်သူငယ်ချင်း အန်တီသီတာအေးကို ကြိုရမှာ
လားပဲ"

"ဘယ်လို! အန်တီသီတာ. . . ဟုတ်လား"

"အင်းလေ, ကိုစည်သူနဲ့ရင်းနှီးထားပြီးသားမဟုတ်လား။ သ
ကိုပဲ သွားကြိုနိုင်းမလားလို့၊ မအားဘူးဆိုတာနဲ့ အန်ကယ်ပဲ သွား
တဲ့လေ"

သေစမ်း! အခုမှတကျွယ်သေသင့်တာ။ မနက်ကပဲ ဖေဖေ
ချာမေးတဲ့ဟာကို သူ ပြောင်စပ်စပ်နဲ့ပြန်ဖြေခဲ့တာလေ။ အဲဒါမှ ဒုက္ခ
အန်တီသီတာဆိုတာက မေမေမရှိတော့တဲ့နောက်ပိုင်း အိမ်ကိုအများ
ဝင်ထွက်ခဲ့တဲ့သူဖြစ်ပြီး သူ့ကို တသားသားနှင့် တယုတယချစ်ခဲ့တဲ့
လေ။ ငယ်စဉ်တုန်းကတော့ ကလေးမို့ အကြောင်းမဟုတ်၊ ခုအရွယ်
ကျမှ ဖေဖေနဲ့ ကောက်ကာငင်ကာယူသွားရင် သူ မျက်နှာတွေပူပြီ
မျက်နှာကို ဘယ်နားသိမ်းထားရပါ့။

"ဒါဆို ဖေဖေ ခဏနေ ပြန်လာမှာပဲပေါ့"

"မပြောတတ်ဘူးလေ၊ အန်ကယ်ဝေသာနဲ့လည်း ဒီနေ့ပဲ
နားဘက် ဆင်းစရာရှိတယ်ဆိုလားပဲ"

"ဟာ. တစ်ရက်တည်းနဲ့ ဟိုရောဒီပါ ဆန့်ကျင်ဘက်သွား





ဆောင်ပန်းမှာပေါ့ သက်လျာရဲ့။ အသက်ကြီးနေပြီဟာကို"

"အဲဒါကြောင့် ကိုစည်သူကို တာဝန်ခွဲပေးချင်တယ်လို့ပြော
ဒါ ကိုစည်သူ့ကိုပြောမရလို့ဆိုပြီး မနက်က Boss ရောက်လာတာ
က ပွစိပွစိပြောနေတုန်းပဲ။ အန်ကယ်သနားပါတယ်"

"နင်မသိပါဘူး. . . ငါ့ကိုပြောမရတာက ငါ ရည်းစားထားဖို့
ကန့်ကွက်နေတာကိုပြောတာ"

သူက ပြုံးမြမြပြောကာ ဒက်ဒီ့ရုံးခန်းထဲမှာ လက်မှတ်ဝင်ထိုး
သူ့ရုံးခန်းကိုဝင်ခဲ့ပါ၏။ အလုပ်စာရင်းတွေကို တန်းစီချလိုက်ပြီး
nd Phone ခလုတ်တွေကို ခပ်မြန်မြန်လေးနှိပ်လိုက်မိသည်။ ဒီ
ဖေဖေထမင်းစားတုန်းပဲထင်ပါရဲ့။ 'ဆက်သွယ်ရေးဧရိယာပြင်ပ'
ပေးနေပြီမို့ သူသက်ပြင်းရှိုက်လျက် Phone ကိုပြန်ပိတ်လိုက်
သည်။ ရင်တွေပူလိုက်တာနော်. . . အန်တီသီတာနဲ့ ညနေတွေ့
စကားတွေ ပြောမဆုံးပေါင်, တောသုံးတောင်ဖြစ်ကုန်တော့မှာပဲ။

Phone ပိတ်ထားပေမယ့် Phone call တွေခေါ်ထားတာ
ဘာမှ တစ်ချက်ကြည့်လိုက်မိ၏။ သားတော်မောင် Phone နံပါတ်
. . ဖအေ ထမင်းစားချိန်မှန်း အလိုက်မသိခေါ်ရတယ်လို့၊ ဘာ
များ ရှိနေလို့ပါလိမ့်။ မနက်ကပဲ ဖအေကိုမခံချင်အောင် နောက်
သွားတဲ့ဟာ၊ အင်း, အရွယ်ရောက်နေတဲ့သားဖြစ်ပေမယ့် သူ ပူ
ကာ ပူပန်ရတာပါပဲ။ ဒီသားလေးတစ်ယောက်တည်းကို မျက်နှာ
မညှိုးရလေအောင် ထားခဲ့တာမှန်ပေမယ့် သားဘဝအတွက်
အကြီးဆုံးကိစ္စကိုတော့ သူအလိုမလိုက်နိုင်ပါလေ။

ဟုတ်တယ်. . . သားအိမ်ထောင်ရေးကိုတော့ ကမောက်ကမနဲ့
က်အဖြစ်မခံနိုင်ပါဘူး။ သူ့ပါမှာ တစ်နေရာရာက စောင့်ကြည့်
ဆင့်ရဲ့ဝိညာဉ်လေးပါ စိတ်မကောင်းဖြစ်၊ စိတ်ဆင်းရဲစေမည့်
တော့ ပြင်းပြင်းထန်ထန်ကန့်ကွက်မှုပြုရမှာ အမှန်ပါပဲ။
ဘာဖြစ်လို့လဲ ကိုဟောင်မောင်ခန့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး"

"Phone call ငုံကြည့်ပြီး ငိုင်သွားလို့ မေးလိုက်မိတာပါဗျ။ ဘယ်သူ့ Phone ဝင်လာလို့များလဲ"

"ကျွန်တော့်သားပါဗျာ"

"ဪ"

"သားကဗျာ. . .'ဆင့်'မရှိတော့ ကျွန်တော့်စကားကိုသိပ်နားမဝင်ဘူး"

"ဘာဖြစ်လို့လဲ"

"အခု သူကြိုက်နေတဲ့ကောင်မလေးက ဆင်းဆင်းရဲရဲလေးဗျ။ ယားပါတော့. . . ဆင်းရဲတာက အကြောင်းမဟုတ်ပါဘူး။ သူ့အဖေက Drunker ဖြစ်နေတော့ အဲဒါကို ကျွန်တော်စိတ်ညစ်နေတာ"

"ဒါဖြင့်လည်း မရ,ရအောင် တားပေါ့ဗျာ"

"တားတာပဲ ကိုမိုးမြင့်ရဲ့၊ ခက်တာက ဒီကောင်စိတ်ဆင်းရဲမှာ၊ စိတ်ညစ်မှာမျိုးကို ကျွန်တော်က မမြင်ချင်ဘူးဗျ။ အမြဲလိုလိုလိုက်လျှောပေးခဲ့တာချည်းပဲဆိုတော့ ဒီကိစ္စမှာ သူနဲ့ဆန့်ကျင်သလိုဖြစ်နေရင် ဖအေကိုမုန်းမှာကို စိုးရိမ်တာ။ ခုကတည်းက အမြင်စောင်းတဲ့အဖြစ်အပျက်တွေချည်း ဆက်တိုက်ဖြစ်နေတာဆိုတော့ အခက်သား"

ဦးမိုးမြင့်က ခေါင်းတဆတ်ဆတ်ညိတ်လျက် ထောက်ခံလေ၏။ ထမင်းလည်းစားပြီးပြီမို့ သူတို့ပြန်ရန် ပြင်လိုက်ပါသည်။ ညနေ လေဆိပ်သွားဖို့ကလည်း ရှိသေးတာပါလား။ ကိုဝေသာနဲ့ ဆိပ်ကမ်းဆင်းဖို့က ပိုအရေးကြီးနေတာလေ။

"ခင်ဗျားရဲ့မိတ်ဆွေတွေထဲမှာရော သမီးတွေမရှိဘူးလားဗျ။ အဲဒီထဲကပဲရွေးပြီး မြန်းရင်ရော မဖြစ်ဘူးလား"

"မဖြစ်ဘူး ကိုမိုးမြင့်ရေ၊ ဒီကောင်က အဲဒီကောင်မလေးမှ ကောင်မလေးဖြစ်နေတာဗျ။ ကိုဝေသာ့သမီး ဟေသာမောင်ကိုလည်း မျက်စိမကျဘူး. . . ကျွန်တော်ကိုယ်တိုင်လည်း စိတ်ထဲမှာသိပ်သဘော





မကျတာနဲ့ တွေ့တွေ့ဆိုင်ဆိုင်တစ်ခါမှမပြောဖြစ်ပါဘူး"

"ဒါဖြင့် ကျွန်တော့်တူမနဲ့ဆိုရင်ရော"

"ဗျာ!"

"ကျွန်တော့်မှာက သားချည်းသုံးယောက် ရှိနေတာလေ၊ ညီမအမွေးတဲ့တူမလေးကိုပဲ သမီးလိုသဘောထားသတ်မှတ်နေရတာ၊ ကလေးက လိမ္မာတယ်၊ သိမ်မွေ့တယ်၊ မအေတစ်ခုသမီးတစ်ခုပဲနေရတာဆိုတော့ ဘာကိုမှဟောဟောရမ်းရမ်းမသုံးဖြုန်းဘူး. . . စည်းစနစ်ကျတာအမှန်ပဲ"

"တယ်ဟုတ်ပါလား. . . နာမည်ကရော"

"ဖွင့်စပယ်တဲ့"

"လှသားပဲ၊ နာမည်ကြားရုံနဲ့ စပယ်နံ့တွေ မွှေးလာသလိုပဲ ခံစားရတယ်"

"လူမြင်ရင် ပိုတောင်သဘောကျသွားဦးမယ်၊ စပယ်က ယဉ်ယဉ်လေးနဲ့လှတာဗျ။ လုပ်တဲ့အလုပ်က မူကြိုက ဆရာမ"

"ကောင်းပြီလေ. တစ်ရက်လောက် ဆုံနိုင်ကြတာပေါ့၊ ကျေးဇူးပဲ ကိုမိုးမြင့်"

"ရပါတယ်၊ အချင်းချင်းတွေပဲဗျာ"

စားသောက်ဆိုင်မှထွက်လာရင်း လမ်းခွဲလိုက်ကြပါ၏။ အင်း ကိုမိုးမြင့်ပြောသလိုဆို ကလေးမလေးက မဆိုးပါဘူး။ မူကြိုဆရာမလေးဆိုတော့ ကလေးတွေကိုသိပ်ချစ်တတ်မှာလေ။ စိတ်ရှည်မယ်၊ သည်းခံနိုင်စွမ်းပိုမယ်၊ ဒါပဲပေါ့. . . သူကလည်း နဂိုကတည်းကမှ သူက မြေးတွေမြစ်တွေနဲ့အတူ ပျော်ပျော်ပါးပါးနေချင်တာပါ။ ကိုဝေသာတို့လို ခပ်ညည်လည်မိသားစုနဲ့အမျိုးမတော်ရတာ ကံကောင်းမှာပါပဲ။

Phone က ကောက်ကာငင်ကာ အော်လာပြန်ပြီမို့ ဖွင့်လိုက်ပါ၏ ဒီတစ်ခါတော့ ဘသားချော ဘာပြောလေမည်မသိပါလေ။

"သားလား. . . အေး ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ ညနေ ဆိပ်ကမ်းဆင်းရမှာဆို"

"အေး, သုံးနာရီလောက် သွားမှဖြစ်မှာ"

"ဒါဖြင့် အန်တီသီတာကို ကျွန်တော်ပဲ ကြိုလိုက်မယ်လေ"

"မင်းပဲ မအားဘူးဆို"

"အခု အားနေပြီလေ"

"ဘယ်မှာလဲ"

"ကုမ္ပဏီမှာ၊ အန်တီသီတာ့ကို ဘယ်အချိန်ကြိုရမှာလဲ၊ ဖေဖေ့ကိုယ်စား ကျွန်တော်ဘာပြောပေးရမလဲ"

"ခုနစ်နာရီ လေယာဉ်ဆိုက်မှာ. . . မှာစရာကတော့ သတိရကြောင်းဘာကြောင်းပဲပေါ့။ နောက်မှတွေ့မယ်လို့ပဲ ပြောလိုက်ပါ သားရာ"

"ဖေဖေက ဘာကိစ္စနဲ့ နောက်တွေ့ချင်ရတာလဲ"

"ဟ! မိတ်ဟောင်းဆွေဟောင်းတွေ ပြန်ဆုံကြတာ ဒီလောက်တော့တွေ့ရမှာပေါ့။ မင်းအန်တီက ဟိုမှာနေလာတာ ကြာနေပြီပဲဟာ၊ Dinner လေးဘာလေးကျွေးပြီး စကားပြောရမှာပေါ့"

"ဖေဖေနဲ့နှစ်ယောက်တည်းလား"

ဟောကြည့် လုပ်လာပြီ။ သီတာအေးဆိုတာ 'ဆင့်'နဲ့ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်၊ သူတို့ချစ်သူအကြောင်းကို က.မှ.အ အထိ အကုန်သိထားသည့်လူရင်း။ ဒါကို ဒီကောင် ဘာလို့များ စိုးရိမ်တကြီး လိုက်မေးနေရတာပါလဲ။

"သူငယ်ချင်းအရင်းကြီးပါကွ၊ နှစ်ယောက်တည်းတွေ့တော့ရော ဘာဖြစ်လဲ"

"အာ. . . ဖေဖေကလည်း အန်တီသီတာက မေမေ့သူငယ်ချင်းပါ။ ဖေဖေ့သူငယ်ချင်းမှမဟုတ်ဘဲ၊ နှစ်ယောက်တည်းတွေ့စရာလား"

"ဟေ့ကောင်. ဒါ ငါတို့လူကြီးတွေကိစ္စကွ၊ မင်းဝင်ပါစရာမလို ဘူး။ ကလေးက ကလေးလိုငြိမ်ငြိမ်နေစမ်း! "





ဖိုဟောက်ကာ Phone ပိတ်သွားပြီမို့ သူတော်တော်ညစ်သွားရပါ၏။ ဟုတ်တယ်. . . ဖေဖေ မရိုးသားတော့ဘူး။ အန်တီသီတာ့အပေါ် မရိုးသားလို့ ဒီလိုနှစ်ယောက်တည်းတွေ့ဖို့ ချိန်းတာပေါ့။ ခုကိစ္စကျ သူ့ကို ကလေးဆိုပြီး ချောင်ထဲပစ်ထားခဲ့လို့ရမလား. . .

ဒုက္ခပါပဲ. . . အန်တီသီတာက ဟိုမှာနေလာတာ ရှစ်နှစ်ကျော်ဆိုတော့ ခေတ်မီပြီး Style ကျကျနဲ့ ပိုလှလာမှာ အသေအချာပါပဲ။ မေမေက ရိုးရိုးယဉ်ယဉ်နဲ့ချောတာဖြစ်ပြီး အန်တီသီတာက ငယ်ငယ်ကတည်းက ခေတ်မီလှပတဲ့သူလေ။

တော်ကြာ (၄၀)ကျော်ရဲ့ရင်ခုန်သံတွေ တစ်ဖန်ပြန်ဖြစ်လာရင် ဘယ့်နှယ်လုပ်ရပါ့။ 'ဒုတိယအကြိမ်မြောက် ရင်ခုန်ခြင်းတွေနဲ့ ဖေဖေတို့ Wedding လုပ်တော့မယ် သားရေ' လို့ဖွင့်ပြောလိုက်လို့ကဖြင့် ပွဲသိမ်းနော. . .

'ကျွန်တော်သဘောမတူဘူး'လို့လည်း သူက ထကန့်ကွက်ရဲမှာမဟုတ်။ သူ့အပေါ် သားကဲ့သို့ချစ်ရင်းစွဲရှိတဲ့ အန်တီသီတာရဲ့အပြုံးတွေကို သူက တွန်းလှန်ရဲမှာမှမဟုတ်တာလေ။

ခက်ပြီကော အန်တီသီတာ။ နှစ်ပေါင်းများစွာ ကွဲကွာနေရာက ပြန်လည်ဆုံတွေ့ပွဲမှာ ကျွန်တော့်ရင်ထဲ မအီမသာဖြစ်နေတာတော့ အမှန်ပါပဲလေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ညနေ (၇)နာရီ (၁၅)မိနစ်ခန့်မှ ထိုင်းလေယာဉ်ဆင်းသက်လာသေး၏။ ဧည့်ခန်းကြိုခန်းမလှမ်းမကမ်းမှာ သူ မတ်တပ်ရပ်စောင့်နေမိသည်။ သူ့ကိုမြင်လျှင် အန်တီသီတာ မှတ်မိပါ့မလား... အန်တီသီတာ့ကို မေမေသိပ်ချစ်ခဲ့တာမို့ ခုချိန်မှာ ဖေဖေနဲ့ယူဖြစ်သွားရင် မေမေကျေနပ်လေမည်လား... သူမသိပါ။ အတွေးတွေက နေရာအနှံ့လွင့်ချင်ချင်။

ရုတ်တရက် လက်နုနုတစ်ဖက်က သူ့လက်မောင်းကို ခပ်ဖွဖွသာဆုပ်ကိုင်လိုက်သဖြင့် သတိဝင်သွားရပါ၏။ ဘုရားရေ! အင်မတန်လှတဲ့ အနောက်တိုင်းဝတ်စုံနဲ့ အန်တီသီတာဖြစ်နေပါရော့လား...

"သား... ကိုသူ့ အန်တိ့ကိုလာကြိုတာလား"

"ဟုတ်... ဟုတ်ပါတယ် အန်တီသီတာ"

"တော်သေးတာပေါ့။ အန်တီကလည်း သားကိုပဲလာကြိုစေချင်သား။ ကိုမောင် ကျန်းမာရေးကောင်းရဲ့လား၊ သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဆံပင်တွေကို ခပ်တိုတိုညှပ်ထားပြီး မျက်နှာမှာ ခပ်မှုန်မှုန်ခြယ်သကာ နှုတ်ခမ်းထက်မှာက ဆိုးဆေးအညိုဖျော့ဖျော့၊ Shirt ပုံစံ ကော်လံနှင့် Blouse အဖြူကို အညိုရောင် Mini Skirt နှင့် တွဲဝတ်ကာ ခြေထောက်မှာက Lady Shoes အဖြူလေး၊ လက်တစ်ဖက်ကိုခပ်ကွေးကွေးထားရှိကာ Coat အညိုရင့်ကိုအသာခေါက်၍ ခပ်ဖွဖွလေးပိုက်ထားပြီး လက်တစ်ဖက်မှာက Traveller's Bag ကိုင်းကိုဆွဲလာခဲ့တာပင်။

လူတစ်ချို့၏အကဲခတ်ကြည့်ရှုခြင်းကို သိနေပေမယ့် အန်တီသိတာက ဟန်လေးတစ်ခွဲသားဖြင့် ခပ်မှန်မှန်လျှောက်နေခြင်းဖြစ်လေ၏။

"ကျွန်တော်ဆွဲလာမယ် အန်တီ"

"OK..."

ဒါလား. . . အသက် (၄၄)နှစ်၊ အသက်နှင့်မလိုက်ဖက်အောင်ပင် အရွယ်တင်လှချည်လား၊ နဂိုဖြူသည့်အသားက အေးသည့်နိုင်ငံမှာ နေလာတာကြောင့် ပို၍ဖြူနေသယောင်။ (မေမေက အသားဝါ၍ လှပသူဖြစ်ပါ၏။) ခေတ်လည်းမီ၊ နိုင်ငံအနှံ့ ကမ္ဘာပတ်နေသူမို့ အန်တီသိတာ ဤမျှခေတ်ဆန်နေတာ အပြစ်မှမဟုတ်လေဘဲ။ မနက်ဘဲ ညှိချင်သည့် ဆံပင်တွေက အရွယ်ကိုပို၍တင်စေသည်မို့ မျက်နှာနုနုနှင့် အင်မတန်လိုက်ဖက်လှပလွန်းနေလေသည်။

"ကိုမောင် ဘယ်လိုစီစဉ်ပေးထားလဲ,သား"

"ဘာကိုလဲ အန်တီ"

"အန်တီ့အိမ်က သံရုံးအရာရှိတွေကို ငှားထားခဲ့တာမို့ အခုတစ်နေရာရာမှာ တည်းရမှာလေ၊ အရင်ကတော့ 'ဆင့်'ရှိနေလို့ သားတို့အိမ်မှာ လိုက်တည်းလို့ကောင်းတယ်။ အခု. . ."

"အခုလည်း တည်းရမှာပဲလေ အန်တီ။ ဘာဖြစ်လို့လဲ"

"ကွယ်. . . သားရယ် မကောင်းဘူးလားလို့ထင်မိတာပါ။ သားတို့က သားအဖနှစ်ယောက်တည်းမဟုတ်လား"

"ဘာဖြစ်လဲ အန်တီရဲ့၊ တည်းနေကျအိမ်မှာပဲ တည်းရမှာပေါ့။ အန်တီ့အမျိုးတွေက မြန်မာပြည်မှာမှ မရှိကြတော့ဘဲ။ ကျွန်တော်တို့အိမ်မှာ ယောကျာ်းလေးတွေချည်းနေတာမှမဟုတ်တာ၊ ဒေါ်ကြီးဖြိုးတို့ မိစန်းတို့မိန်းမဖော်တွေလည်း ရှိပါတယ်ဗျ"

"အင်းလေ, အန်တီက ကိုမောင့်ကိုအားနာနေမိတာ"

"အန်တီတို့က ငယ်သူငယ်ချင်းတွေဆို၊ ဘာအားနာစရာရှိလို့လဲအန်တီရဲ့"

"ဟင်းဟင်း. . . 'ဆင့်'နဲ့အန်တီကမှ ငယ်ပေါင်းကြီးဖော်သူငယ်ချင်း,သားရဲ့။ သားဖေဖေတို့နဲ့က ရှစ်တန်းနှစ်မှ ကျောင်းအတူတက်ခဲ့ရတာပါ။ အဲဒီတုန်းက 'ဆင့်'ကို 'ကျော်'နဲ့ ကိုမောင် အပြိုင်ပိုးပန်းခဲ့ကြတာပေါ့"

"ကျော်ဆိုတာ ဘယ်သူလဲဟင် အန်တီ"

"ကျော်ဆိုတာ 'ဆင့်'ရဲ့နှလုံးသားပေါ့ သားရယ်၊ ဒီအကြောင်းတွေကို အန်တီပြန်မပြောချင်ပါဘူး။ ပြောမိရင် 'ဆင့်'ကိုသနားစိတ်နဲ့ အန်တီငိုမိမှာသေချာတယ်၊ ပြီးတော့ သားဖေဖေလည်း ကြိုက်မှာမဟုတ်ဘူးကွယ့်၊ မေ့ထားကြရအောင်ပါလေ"

'ကျော်'ဆိုပါလား. . . မေမေ့နှလုံးသားတဲ့၊ ဒါဆို ဖေဖေတို့ဆီမှာ သုံးပွင့်ဆိုင်ပုံပြင်တစ်ပုဒ်တော့ အနိုင်အမာရှိနေခဲ့တာပါလား။ အဲဒီ'ကျော်'ဆိုတာ မေမေ့နှလုံးသားဖြစ်ခဲ့ပါလျက် ဘာကြောင့် မေမေနဲ့လက်ဆက်ခွင့်မရခဲ့တာပါလဲ၊ သူမှတ်မိသလောက်ကတော့ မေမေတို့အိမ်ထောင်ရေးက ဘာပြဿနာ၊ ဘာအဖုအထစ်မှ ရှိမနေပါလေ။ အပေးအယူမှုတသည့်အိမ်ထောင်၊ နှစ်ဦးနှစ်ဖက်ကြည်ဖြူကြင်နာသည့်အိမ်ထောင်တစ်ခုအဖြစ်သာ သူမြင်တွေ့ခဲ့ရတာပါပဲ။

'ကျော်'တဲ့. . . မေမေ့နှလုံးသားပိုင်ရှင်ကို သူတစ်ခါမှမမြင်ဖူးခဲ့ဘူးပဲ။ ကားကိုခြံထဲမောင်းဝင်ခဲ့တော့ ထုံးစံအတိုင်း ခြံထဲမှာ ဖေဖေက







www.burmeseclassic.com

www.burmeseclassic.com



ထွက်စောင့်နေလေ၏။

အင်း. . . 'ဒီတစ်ခါမျှော်တာက ကျွန်တော့်ကိုရော ဟုတ်ရဲ့လား ဖေဖေ၊ အန်တီသီတာ့ကိုများ မျှော်နေတာလား'လို့များ ပြောမိရင် ဖေဖေ တစ်ယောက် တရှူးရှူးနဲ့ဒေါပွဦးမှာပဲမဟုတ်လား. . .

ကားကို လသာဆောင်အောက်ရပ်ပေးတော့ ဖေဖေက အန်တီ သီတာဆင်းမည့်ကားတံခါးပေါက် လာဖွင့်ပေးလိုက်လေ၏။ အလိုလေး! ကားပေါ်ကတောင် ချိုပြုံးချတော့မည်လားမသိ။

''သီတာက ပိုတောင်မှနုနေတာပါလား''

''အမယ်လေး. . . ကိုမောင်လည်း နုတာပါပဲနော်။ ကိုမောင် တို့အရွယ်သက်တမ်းမှာ အနည်းဆုံး Beer Belly (ဘီယာဗိုက်)တွေဖြစ် ကုန်ပြီ''

''မဖြောက်ပါနဲ့ဗျာ၊ ဒီည Dinner ကို အိမ်မှာပဲ သီတာ့စိတ် ကြိုက်စားရမှာပါ''

''အင်း. မြန်မာပြည်ကိုလွမ်းရတဲ့အထဲမှာ အဲဒီမြန်မာထမင်း ဟင်းကို အလွမ်းဆုံးပဲ''

လူကြီးနှစ်ဦး၏သဘောတကျရယ်သံက သူ့ရင်ကို ကလိကလိ ဖြစ်စေလေ၏။ အခုတော့လည်း 'ဖေ့သား'လို့မရှိတော့ပါလား ဖေဖေ၊ ဖေဖေ့အတွက် အန်တီသီတာက Lady First ဖြစ်နေပြီလား. . .

ရှေ့မှဦးဆောင်၍ဝင်သွားသည့် ဖေဖေတို့နောက်မှ သူအသာ လိုက်လာခဲ့ရပါ၏။ ဧည့်ခန်းမှာထိုင်ကြတော့ အန်တီသီတာက မေမေ့ ဓာတ်ပုံတွေရှေ့မှာ မတ်တပ်ရပ်ကြည့်နေဆဲပင်။

''ဆင့်က သိပ်ကျက်သရေရှိတဲ့အမျိုးသမီးလေးပဲနော်။ ဘယ် တော့ကြည့်ကြည့် အပြုံးရိပ်ကိုအေးမြစေတယ်''

ဖြည်းဖြည်းချင်းရေရွတ်လိုက်သံက တမ်းတလွမ်းဆွတ်နေဟန် အပြည့်။ ဩော်. . . ငယ်သူငယ်ချင်းပေပို့ ပေမှက်အတော်ချစ်ရှာမှာပါ ပဲ။





''သီတာ လွတ်လွတ်လပ်လပ်နေခွင့်ရအောင် တောင်ဘက်က ထောင့်ခန်းမှာ ပြင်ပေးထားတယ်နော်။ အားမနာပါနဲ့၊ ကိုယ်တို့သား အဖကတော့ အလုပ်သိပ်များတဲ့သူတွေမို့ ဧည့်ဝတ်မကျေမှာစိုးတယ်။ ဒါတော့ခွင့်လွှတ်ပေးပါ''

''ရပါတယ်. . . သီတာက ဒီအိမ်မှာ သူစိမ်းမှမဟုတ်တာဘဲ ကိုမောင်ရဲ့။ မဟုတ်ဘူးလား''

''ဟုတ်ပါတယ်''

''ဒါဖြင့် သီတာ ရေအရင်ချိုးဦးမယ်။ ပြီးမှ Dinner စားကြ တာပေါ့။ သားလည်းရေချိုးလိုက်လေ၊ ဒါမှလန်းသွားမှာ''

''ဟုတ်ကဲ့ပါ အန်တီ''

ဘုရားရေ! ဒီအိမ်မှာ သူစိမ်းမဟုတ်ဘူးတဲ့။ ဘာသဘောနဲ့ ပြောလိုက်တာပါလိမ့်၊ ဖေဖေကလည်း ခေါင်းညိတ်ထောက်ခံလိုက်တာ ပါလား။ ဒီအချိန်မှာ ဖေဖေတစ်ယောက် လူလွတ်ဘဝနဲ့ရပ်တည်နေတာ ကို သိသိကြီးနဲ့ ဒီလိုစကားမျိုးကို လွယ်လင့်တကူပြောရဲတာပါလား။ မေမေ့ဓာတ်ပုံရှေ့မှာ ပြောထွက်ရက်တယ်လို့။

လှေကားထစ်ထောင့်ချိုးမှာ ချိတ်ထားသည့်မေမေ့ပုံပန်းချီကား ကို ခဏမျှရပ်ကြည့်လိုက်ပြန်၏။ ပြီးမှ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး လှေကားကိုဆက်တက်သွားလေ၏။ သူက ဒီဘက်ခြမ်းကိုကွေ့ပတ်၍တက် ခဲ့ပါသည်။ ရှေ့ဆက် ဘာများလုပ်ရမှာပါလိမ့်။ သူ ချစ်သူတစ်ယောက် ဖို့အရေး လုံးပမ်းလို့တောင်မှ မကြိုးစားရသေးဘူး။ ဖေဖေ့ကိစ္စက ဘူ့တန်းတင်ပြီး ရောက်လာတာလေ။

ရေမိုးချိုးပြီး Under Shirt တစ်ထည်နှင့် ပုဆိုးကွက်ပါးပါး ကိုသာဝတ်၍ ဆင်းလာခဲ့ပါသည်။ ထမင်းစားခန်းထဲမှာ ဒေါ်ကြီးဖြိုးနှင့် ဆန်းကို စီမံကွပ်ကဲနေသူက ဖေဖေရယ်လေ။ ဒီလိုမျိုး တစ်ခါမှမီမံတာ မတွေ့ဖူးဘဲ ဒီနေ့မှ ထူးထူးဆန်းဆန်းပြောဆိုနေရတယ်လို့။

''အဲဒီအမဲကြော်ပန်းကန်က သားထိုင်တဲ့ခုံရှေ့နားမှာ ထားလေ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတာဖြင့် အိုသေတော့မယ်၊ ခုထိအမှတ်မရှိသေးဘူး။ ဒီကောင်မလေးဟာ သင်ပေးနေရင်းနဲ့ကို ထုံကိုထုံတယ်၊ ဒေါ်ဖြိုး၊ အသားဟင်းက စုံရဲ့လား"

"စုံပါတယ် ဆရာကြီး။ ဝက်သားကို ချိုချဉ်လေး ချက်ထားပါတယ်။ ဒါက အမဲနှပ်၊ ဒါက ကြက်သားဆီပြန်၊ ဒါက ဘဲဥချဉ်ရည်ဟင်း။ သီးစုံပဲကုလားဟင်း၊ ငါးပိကြော်နဲ့ တို့စရာအစုံပါပဲ"

"အချိုပွဲအတွက်ရော အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့၊ သစ်သီးစုံရထားပါတယ်"

"အေးအေး. . . သား့လာထိုင်လေ"

သူ ခုံဆွဲ၍ ဝင်ထိုင်လိုက်ပါ၏။ အလို အန်တီသီတာ့ကို ဖေဖေနဲ့မျက်နှာချင်းဆိုင်မှာ နေရာပြင်ပေးထားတာပါလား။ အင်း. . . ဟိုးငယ်ငယ်တုန်းကလည်း အန်တီသီတာ ဒီလိုပဲထိုင်ခဲ့တာပါပဲ။ အဲဒီတုန်းကတော့ မေမေနဲ့ဘေးချင်းယှဉ်လျက်ခုံမှာ ထိုင်ခဲ့တာလေ။ ဖေဖေတော့ အန်တီသီတာနှင့် မျက်လုံးချင်းဆုံ ရွှေရင်ခုန်ပြီး ထမင်းတွေ စားလို့ဝင်တော့မှာပဲ။ တော်ကြာ ရင်ပြည့်ပြီး ထမင်းစားမဝင်ဖြစ်နေမှာလည်း စိုးရိမ်ရပါသေးတယ်လေ။

"အိုး. . . ဟင်းတွေစုံလှချည်လား ကိုမောင်"

"စုံရမှာပေါ့သီတာ၊ ဆိုင်မှာကျွေးရင် ဒီ့ထက်ပိုပြီးဟင်းကောင်းတာတွေနဲ့စားရမှာ။ အိမ်မှာက မြန်မာလိုချက်တဲ့အရသာနဲ့ အမယ်စုံအောင်ချက်ခိုင်းထားတာပဲ။ ထိုင်လေ၊ သား့မင်းအန်တီကို ဟင်းတွေထည့်ပေးပါ"

"နေပါစေ ကိုမောင်ရဲ့၊ ဘယ့်နှယ့် ပြောင်းပြန်ကြီး။ သီတာပဲ ထည့်ပေးမှာပေါ့"

ဟင်းနော်. . . အမြင်က ကပ်ချင်လာပြီ၊ အရင်တုန်းက ရှိရင်းစွဲသံယောဇဉ်တွေ ထားထားလို့သာ ဘာအမှုအရာမှမပြဖြစ်တာ။ နို့မို့ သူ့ရဲ့တတ်ပုံနှင့်ဆိုမလွယ်။ အန်တီသီတာ့ကို သတိထားပြီးကြည့်မိတော့





အိမ်နေဝတ်တွေဖြစ်ပေမယ့် တောက်ပလှပနေဆဲ။ Blouse အဝါနုရောင်ပျော့ပျော့လေးကို အောက်ခံအညိုထက် အဝါခက်လေးတွေကွဲထားသည့် လုံခြည်ပျော့ပျော့လေးဝတ်ထားတာမို့ နုပျိုနေဟန်တွေကအပြည့်။

"သီတာ ခုထိအိမ်ထောင်ဖက် ရှာမတွေ့သေးဘူးလား"

စလာပါပြီ၊ ရင်ခုန်သံအစပျိုးတဲ့ စကားလုံးလှလှလေးတွေပဲ။ ဖေဖေ့မျက်နှာကို သူ ဖျတ်ခနဲကြည့်မိတော့ ဘာမှပြောင်းလဲခြင်းမရှိ။ တည်တည်ကြည့်ကြည့်ပင်၊ ဘာသဘောနဲ့များ မေးလိုက်တာပါလိမ့်၊ အန်တီသီတာက သူ့ပန်းကန်ထဲသို့ သူသိပ်ကြိုက်သည့်အမဲကြော်အပြားလေးတွေနှင့် ငါးပိကြော် ခပ်ထည့်ပေးရင်း ပြုံးလိုက်လေ၏။

"မရှာတော့ပါဘူး ကိုမောင်ရယ်"

"ဘာဖြစ်လို့လဲ၊ သီတာပြောပုံက အသည်းပဲကွဲခဲ့ဖူးသလိုလို ကြီး"

"သြော်. ဒီအရွယ်မှအမြီးမပေါက်ဖူးရင် ဘယ်ဖြစ်ပါ့မလဲ။ ရည်းစားလေးတစ်ယောက် ထားဖူးပါတယ်၊ ကိုယ့်အပေါ်သစ္စာမရှိမှတော့ အဲဒီသံယောဇဉ်တွေကို ဘယ်လိုသုံးစားလို့ရမှာလဲ၊ ကြည့်လဲပြောပါဦး"

"ငယ်ငယ်တုန်းက အသည်းကွဲဖူးတာကိုများ ရေကြီးခွင်ကျယ်လုပ်လို့ သီတာရာ"

"ဘယ်ကငယ်ရမှာလဲ ကိုမောင်ရဲ့။ သီတာ့အသက် (၂၇)နှစ်အရွယ်မှ သူနဲ့တွေ့တာ။ ဒီလူတစ်ယောက်ကိုဖြင့် ယုံယုံကြည်ကြည်နဲ့ လက်တွဲခွင့်ရပြီဆိုပြီး အိပ်မက်တွေမက်၊ စိတ်ကူးတွေယဉ်ခဲ့သမျှ အားလုံးအလကားပဲ"

"သူက ဘယ်လိုများလုပ်သွားတာလဲ"

"ဘာလုပ်ရမလဲ. . . အသည်းလေလံပစ်သမားဖြစ်မှန်း တော်တော်နောက်ကျပြီးမှ သိလိုက်ရတာ။ သီတာသိတဲ့အချိန်မှာ သီတာနဲ့အပြိုင် နောက်ထပ်သုံးယောက်နဲ့ ပြိုင်တွဲနေတာလေ။ အပြောကောင်းတဲ့သူမို့ တွဲချင်တဲ့မိန်းကလေးကော့ ဝိုင်းဝိုင်းလည်နေပါရဲ့။ နယ်



www.burmeseclassic.com

www.burmeseclassic.com



လီက သူ့ကိုယ်သူထက် အင်မတန်မာနကြီးလှချည်ရဲ့ဆိုတဲ့ သီတာ့အတွက် မခံမရပ်နိုင်ဖြစ်ရတာ။ အဲဒီတုန်းက ကျိတ်မနိုင်ခဲမရနဲ့ ဒင်းကိုလည်းမျို ညှစ်သတ်ချင်စိတ်တောင် ပေါက်ခဲ့တာ။ သူကပြောပါတယ်. . . မာနရှင်လေးကို မာနလေးချိုးတာ မုန်ခဲ့ပေမယ့် အတည်ယူမှာပါတဲ့။ အဲဒါနဲ့ သီတာလည်း အမှတ်တရလက်ဆောင်ပေးလိုက်တာပဲ''

''ဟင်! ဘာလက်ဆောင်လဲ''

''သူ့ပါးပေါ် သီတာ့လက်ဝါးရာတံဆိပ် နှိပ်ပေးလိုက်တာလေ''

သူတို့သားအဖနှစ်ယောက်သား ရယ်လိုက်မိကြပါ၏။ မဆိုးဘူး အန်တီသီတာက ပွင့်လင်းသားပဲ။ ဒီအရွယ်ထိ ငယ်နုသေးတဲ့အန်တီ့ကို လိုချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေမှာအမှန်ပါ။ ငယ်စဉ်က Tourist Guide လုပ်ခဲ့ပြီး Dollar ဝင်ငွေကောင်းခဲ့သူ၊ ဒီအရွယ်ရောက်တော့ မိဘအမွေအနှစ်တွေကို ဘဏ်ထဲထည့်တန်တာထည့်၊ စီးပွားရေးလုပ်ငန်းတွေထဲ ရင်းနှီးတန်တာရင်းနှီးပြီး ကြွယ်ဝချမ်းသာသူလေ။ ဒီလို အမျိုးသမီးမှ မာနမကြီးရင် ဘယ်လိုမိန်းမမျိုး ကြီးတော့မှာလဲ။

ဟန်တစ်ခွဲသားနှင့် မာနခပ်ကြီးကြီး မျက်နှာတည်တည်တင်းတင်းနေတတ်တာမျိုးလည်းမဟုတ်ပါ။ အန်တီ့မှာ မေမေနဲ့ဆင်တာဆို၍ ပါးချိုင့်လေးတွေက ပြုံးလိုက်တိုင်း ပေါ်လာတတ်တာက အတော့်ကိုဆွဲဆောင်နိုင်စွမ်းရှိတာမဟုတ်လား။ ဒါလေးကိုပဲ ပုရိသအများစု စွဲစွဲလန်းလန်းဖြစ်ခဲ့ကြတာနေမှာပါ။

''ဒါဖြင့် တစ်သက်လုံးအပျိုကြီးလုပ်ဖို့ပဲ သန္နိဋ္ဌာန်ချလိုက်တယ်ဆိုပါတော့. . . ဟုတ်လား''

''Yes! ''

''စဉ်းစားပါဦး။ ကိုယ့်ဘော်ဒါတွေထဲမှာ လူလွတ်တွေအများကြီးရှိပါတယ်။ အားလုံး လူကုံထံတွေပဲဟာ''

''အံမယ်. . . လူကိုများ ပွဲစားလုပ်ချင်နေသေးတယ်။ ရှင့်လူကြီးတွေက Small လေးတွေပဲ စိတ်ဝင်စားမှာပေါ့ ကိုမောင်ရဲ့။ ဟို





ာမန်စကားပုံတစ်ခု မကြားဖူးဘူးလား။ Young maids are grapes, old ones raisins. (ငယ်ရွယ်သည့်မိန်းမပျိုကလေးများသည် ပျစ်သီးများဖြစ်ပြီး အပျိုကြီးများသည် စပျစ်သီးခြောက်များဖြစ်ကြ၏) ဲ့။ ဘယ်နွားမှ မြက်ကြမ်းမစားချင်ကြသလို သိပ်မချိုတဲ့စပျစ်သီးခြောက် ာက် လတ်လတ်ဆတ်ဆတ်စပျစ်သီးပဲကြိုက်တာ သဘာဝရှင့်''

''သီတာပြောမှပဲ ကိုယ်တို့ယောကျ်ားတွေက နွားလုံးလုံးဖြစ် ုန်ပြီ''

''ဟုတ်တယ်လေ, သီတာပြောတာ မှားလို့လား။ သူများသား းမီးယူပြီး ရာကျွေးရတာ နွားမဟုတ်လို့ ဘာလဲ။ မိန်းမထဘီနား နို ာ်ပြီး အလုပ်မလုပ်၊ အချောင်ခိုတဲ့လူစားမျိုးကျ ခွေးနဲ့နှိုင်းရတယ်။ ွေးတောင်မှ အိမ်စောင့်ဖော်ရသေးတယ်. . . နော်, သားရယ်''

သူ ထမင်းဆက်မစားဖြစ်ဘဲ ပြုံးစိစိဖြစ်သွားရလေ၏။ ခုမှပဲ ယောကျ်ားမုန်းတီးရေးဝါဒစွဲအမျိုးသမီးနှင့် လာဆုံနေရသည်ကို။

''ကိုယ်က သီတာအရွယ်ရှိသေးတုန်း အိမ်ထောင်ပြုစေချင်တာ ာတနာနဲ့ပါ''

''အရွယ်ရှိတုန်း. . . ဟုတ်လား။ ဒီအသက် (၄၄)နှစ်ကို အရွယ် ှိတုန်းလို့ပြောစရာလား ကိုမောင်ရဲ့''

''အိုး! သီတာ့ကိုမြင်ရင် ဘယ်သူမှ (၄၄)နှစ်လို့ထင်မှာမဟုတ် ာ အလွန်ဆုံးရှိမှ (၃၀)ကျော်လို့ပဲထင်မှာ သေချာတယ်''

''အဟွတ်! အဟွတ်! ''

သူ ထမင်းသည်းသွားသဖြင့် အန်တီက သူ့ကျောကိုလှမ်းပုတ် ာ ရေငုံ့တိုက်လိုက်လေ၏။ ဖေဖေကတော့ လုပ်ချလိုက်ပါရော ား အန်တီ့ကို ငယ်နုပျိုမြစ်တဲ့အမြင်တွေ၊ အသွင်တွေနဲ့ကြည့်တတ် ်ရောလားလေ။ မေမေ့တုန်းက ဘယ်လိုဘယ်ပုံပြောပြီး လက်ထပ် ည်မသိ၊ အန်တီ့ရှေ့မှာ ပြောနေတာကဖြင့် ပြုံးနေတာလေ။

''ကိုမောင်ကတော့ သားရှေ့မှာပြောတော့မယ်, ပေါက်တတ်



www.burmeseclassic.com

www.burmeseclassic.com



ကရတွေ။ ခနိ. . . ခနိ. . . သား ထမင်းသည်းတာ အန္တရာယ်ရှိတယ်ကွယ့်။ အသက်ရှူလမ်းကြောင်းထဲ ထမင်းစေ့ဝင်သွားလို့ အသိုရှင်လေးက ကန်ထုတ်လိုက်တာ။ ဘယ်လိုလဲ. . .အသက်ရှူလို့ကောင်းရဲ့လား"

"ဟုတ်"

"ခက်တာပဲ ကိုယ့်သားအတွက်ကိုယ်မပူတဲ့ ဘယ့်နှယ့်သိတာ့ကိုလိုက်ပူနေသလဲကိုမောင်။ ရှင့်သား အရွယ်ရောက်နေပြီဆိုတာကို မေ့ထားရသလား။ ဒီအရွယ်ရောက်နေတာတောင် မြန်းထားတဲ့မိန်းကလေးမရှိသေးဘူး။ ရှင် ဒီအရွယ်တုန်းက သား (၄)နှစ်ရောက်နေပြီ"

ဖေဖေက သူ့ကိုမျက်စောင်းလှမ်းခဲလိုက်လေ၏။ ကဲ. ဘယ့်နှယ်ရှိစ၊ အန်တီသိတာကမှ သူ့အပေါ် စေတနာဗလပွထားပြီး ဦးစားပေးစဉ်းစားပေးသေးတာလေ။ သူ့ဖေဖေကတော့ တစ်ခွန်းတည်းနဲ့ ပါးစပ်ပိတ်သွားရတာပါလား။

"ကျွန်တော့်မှာ ချစ်သူရှိနေပါပြီ အန်တီရ"

"ဟုတ်လား. . . သားက ဘယ်ဆိုးလို့လဲ"

"ဘာမဆိုးဘဲနေရမှာလဲ၊ သူသွားကြိုက်တာ အနုတ်စုတ်ကုတ်စုတ် ပုံကျရုပ်ကွက်ထဲက အရက်သမားသမီးကိုလေ။ အဲဒါမျိုးနဲ့ ကိုယ့်သားကို သဘောတူစရာလား. . . လုံးဝပဲ"

အန်တီ မျက်ခုံးပင့်လျက် ပြုံးစစမျက်နှာဖြင့် သူ့ကိုကြည့်လိုက်လေ၏။ ဖေဖေ့ကိုလှောင်ချင်ချင်ပုံစံဖြစ်နေတာမို့ သူ့အသာငြိမ်နေလိုက်ရပါ၏။ အန်တီ ဘယ်သူ့ဘက်မှာများ နေပေးမှာပါလိမ့်။

"နာမည်ဘယ်လိုခေါ်သလဲသား။ ကလေးမလေးက တော်တော်ချောရဲ့လား"

"ချောတာပေါ့ အန်တီရဲ့၊ မျက်လုံးက ဝိုင်းဝိုင်းလေး၊ မျက်ဆံလေးက နက်နေတာပဲ။ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းက ဖူးဖူးလေး၊ ဆံပင်က အမည်းရောင်စင်းစင်းလေးတွေ။ ပခုံးကျော်ကျော်လောက်ရှိတယ်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးလေးလည်း အပြစ်ပြောစရာမရှိဘူး။ တစ်ခုပဲ





ရှိတာ. . . နာမည်က ရွှေချိုးဖြူတဲ့"

"ရွှေချိုးဖြူ! လှလိုက်တဲ့နာမည်လေး၊ ကိုယ့်သမီးကို နာမည်လှလှလေးရွေးပေးတဲ့စိတ်ကူးကတော့ ရှယ်ပဲ၊ တစ်ခုပဲပြောစရာရှိတယ်ဆိုတာဘာလဲ သား"

သူ ပြုံးစိစိဖြစ်သွားကာ ထမင်းစားတာကို လက်စသပ်လိုက်ပါ၏။ အန်တီက စိတ်ဝင်တစားဖြင့်မေးနေသလောက် ဖေဖေ့ပုံစံက မကြည်သလိုနှယ်။

"ပြောပြလေ သားရဲ့"

"ဟဲဟဲ. . . နည်းနည်းတော့ စွာတယ်လို့ပြောတာ"

"ဩော်, စွာတာကောင်းတာပေါ့သားရဲ့။ ဒီနေ့ခေတ်ချာတိတ်တွေ နှုတ်ရဲလက်ရဲရှိပုံနဲ့ ဒီလောက်စွာနိုင်မှ တန်ရုံရှိတာ။ သားလိုသူဌေးသားမျိုး မြင်တာနဲ့ ကြာမျိုးရှစ်ဆယ်, ပျိုးတတ်တဲ့မိန်းကလေးမဖြစ်ဖို့အရေးကြီးတယ်။ မဟုတ်ဘူးလား"

"သူက ကျွန်တော့်ကို သူဌေးသားမှန်းမသိပါဘူး အန်တီရဲ့။ သူလိုကိုယ်လိုလူတန်းစားထဲကပဲ ထင်ထားတာ။ ကျွန်တော်က Work shop မှာ လုပ်တယ်လို့ပဲပြောထားတာလေ။ သူတို့သားအဖနှစ်ယောက်လုံးက ပိုက်ဆံချမ်းသာတဲ့လူတွေကို အထင်မကြီးဘူးအန်တီရဲ့။ မာနက ခပ်ကြီးကြီးပဲ"

"ကောင်းတယ်. . . ဒါမှလူပီသတာ။ ဘယ့်နှယ်, ငွေရှိတာသိပြီး ကပ်စား,ချူစားတဲ့ဟာမျိုးနဲ့မတွေ့ရင် ပြီးရောပေါ့ ကိုမောင်ရဲ့။ ဒီသားလေးတစ်ယောက်တည်းပဲရှိတာ၊ သူ့စိတ်ကြိုက် လိုက်လျောပေးမှပေါ့၊ ဘယ်လိုဖြစ်ပြီး စိပ်ပုပ်နေရတာလဲ"

"မပုပ်လို့ရမလား၊ ဒင်းရမယ့် ယောက္ခထီးက ဘိုမှုးလေ။ ကိုယ်မှ အရက်သမားနဲ့ခမည်းခမက်မတော်ချင်တာ။ ကိုယ့်နေရာကလည်းထိစဉ်းစားကြည့်ဦး. . . သဘောမတူဘူးဆို.ဘူးပဲ၊ လုံးဝဖရုံမသီးနိုင်ဘူးဒဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. သမက်က လမ်းမှန်စနစ်မှန်ရင် ဘယ်လိုယောက္ခထီးမျိုးက ရသက်ပန်အသောက်သမားဖြစ်မှာတဲ့လဲ၊ ကိုယ့်သား ပညာတတ်လေးက စံပြုနေရာမှာရှိနေရင် သူ့ဟာသူရှက်ပြီး အလိုလိုအရက်ပြတ်သွားမှာပဲ၊ ကောင်မလေးက ဘယ်နှတန်းလဲ သား"

" Final မြန်မာစာပါ အန်တီ၊ Distance တက်ရင်း အလုပ်တစ်ဖက်နဲ့ပါ"

"ဘယ်ဆိုးလို့လဲ၊ ဖအေနဲ့အတူ ဒိုးတူဘောင်ဖက် ရာနိုင်တာနည်းတဲ့အရည်အချင်းလား။ စာရိတ္တကောင်းဖို့က အရေးအကြီးဆုံးပဲ။ သားကို အန်တီသင်ပေးမယ်၊ A, B, C, D, E, F, ဆိုတဲ့အချက်ငါးချက်နဲ့ သေချာစိစစ်ပြီးရွေး။ A က Age, အသက်ပေါ့။ equal or plus (3) or minus (3) တဲ့။ ကိုယ်နဲ့သက်တူရွယ်တူ ဒါမှမဟုတ်ရင် ကိုယ့်ထက် သုံးနှစ်ကြီးသုံးနှစ်ငယ်သက်တမ်းထဲကရွေးမှ ကိုယ်နဲ့အဆင်ပြေအောင်ညှိလို့ရမယ့် Brain မျိုးရှိမှာ။ B က Beauty, သင့်တင့်လျောက်ပတ်တဲ့ လှပတင့်တယ်ခြင်းမျိုးရှိရမယ်။ C က Character ပေါ့၊ အကျင့်စာရိတ္တကောင်းမှုဖြစ်မယ်။ D က Dinesty or Dollar တဲ့၊ မျိုးရိုးကောင်းမွန်ပြီး ဝင်ငွေသင့်တင့်တဲ့သူဖြစ်ရမယ်။ E ကတော့ Education ပဲ၊ ကိုယ့်ထက်မကျော်ရင်တောင်မှ တန်းတူပညာတတ်မျိုးရိုးဖြစ်ဖို့ဆိုတဲ့အချက်ငါးချက်နဲ့ စံသတ်မှတ်ပြီးရွေးရင် သားရဲ့အိမ်ထောင်ဖက်ကို မှားပြီးရွေးစရာအကြောင်းမရှိဘူးဆိုတာ ယုံလိုက်စမ်းပါ"

အားပါးပါး! တယ်ဟုတ်တဲ့ စံ(၅)ချက်ပါလား၊ တစ်ထိုင်တည်းနဲ့ အန်တီသိတာ့ကို သူအထင်ကြီးလေးစားသွားရပါ၏။ ထက်မြက်တဲ့ ပညာတတ်မိန်းမတစ်ယောက်ရဲ့ခေါင်းထဲမှာ ဒဿနတွေ ဘယ်လောက်များ ပြည့်နှက်နေမှာပါလိမ့်။ အစကဖြင့် အန်တီသိတာ့ကို Second Wife အဖြစ် ဖေဖေရွေးမှာစိုးရိမ်နေသည့် သူ့ရင်ထဲမှစိုးရိမ်စိတ်တို့ကို တစ်ချိတည်းနှင့် တိမ်ကင်းစင်တဲ့လနယ် ကြည်လင်သွားစေတာလေ။





ဒုက္ခပဲ. . . သူတော့ ခုတ်ရာတခြား ရှရာတလွဲတွေဖြစ်ကုန်ပြီထင်ပါရဲ့။

ဖေဖေက မျက်နှာမဲ့ရွဲ့ကာ သူ့ကိုလှမ်းကြည့်ရင်း ပြောလိုက်ပြန်လေ၏။

"ဒင်းရွေးတဲ့မျိုးရိုးက အကောင်းစားကိုး သိတာရဲ့"

"ဩော်. ကိုမောင်ရယ်၊ ဆန်ပန်းထဲမှာ ဆန်ကောင်းချည်း ဘယ်နေရာရှိလို့လဲ။ ဆန်ကွဲတို့၊ စက်ချေးခဲတို့၊ စပါးလုံးတို့ အနည်းအကျဉ်းစီတော့ ပါမှာပဲ၊ ကိုယ်က စိတ်ရှည်ရှည်နဲ့ရွေးတတ်ရင် စင်းလုံးချောဆန်ချည်း ရလာမှာပေါ့။ နော်. . . သားရယ်"

"Yes, Aunty. I recommed. "

"မင်းဟာကြီးပဲ ထောက်ခံ. . . ခွေးကောင်"

"ကြည့်ပြောဦးနော်၊ သားက ကိုမောင့်သားဆိုတာမမေ့နဲ့ဦး"

အန်တီပြောတော့ ဖေဖေ့မျက်နှာကြီး နီသွားပြီး ရှုံ့ရှုံ့ရဲရဲဖြင့်ထွေက်သွားတော့၏။ ထမင်းစားခန်းထဲမှာ အန်တီနှင့် သူ့ရယ်သံတို့သာ ကျန်ရစ်ခဲ့လေသည်။

ကျေးဇူးအများကြီးတင်ပါတယ် အန်တီ။ ကျွန်တော့်ဘက်မှာ အန်တီတစ်ယောက်တည်းရှိရုံနဲ့ ကျွန်တော့်ရဲ့ Love project (မေတ္တာစီမံကိန်း)ကြီး အကောင်အထည်ဖော်ဖို့ Power (စွမ်းအား)တွေ Hundred Percent (ရာနှုန်းပြည့်) ရှိနေပါပြီလေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကားပေါ်မှဆင်းလိုက်သည်နှင့် ကားဂိတ်မှာထိုင်နေသည့်သူ နံ့မှတ်တပ်ရပ်၍ ကြိုလိုက်တော့ သူမမျက်နှာက တအံ့တသြ။

"ဟောတော်၊ အဲဒါဘာလုပ်နေတာတုန်း"

"ဒီလိုပဲ"

ဦးထုပ်လျှာလေးကိုဆွဲအုပ်ပြီး မွှင့်တမွှင့်ဖြေလိုက်ပုံက အသည်းယားချင်စရာ။ ဒီကောင်လေး တယ်ဟုတ်နေပါလား။ သူမကို တမင်ကြီးလာကြိုရတဲ့အထိ သတ္တိတွေရှိနေတယ်ပေါ့လေ။ အဖေ ပြဿနာရှာမှာကို ဂရုမစိုက်တဲ့သဘောနဲ့ပဲထင်ပါရဲ့။

"ဘာဒီလိုပဲလဲ ကိုစည်သူရဲ့"

"ဟိုလေ၊ လာကြိုတာ"

"လာကြိုတာ! ဘယ်သူ့ကိုလဲ"

"ဖြူလေးကို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို့ဟုတ်လား။ ဘာကိစ္စနဲ့လာကြိုရတာလဲ။ ရှင်နဲ့ ကျွန်မနဲ့က တစ်ရပ်ကွက်တည်းသားလည်းမဟုတ်၊ အိမ်နီးချင်းသူငယ်ချင်းလည်းမဟုတ်ဘဲ ဆန့်ကျင်ဘက်နေကြတဲ့လူတွေဟာ။ လမ်းလည်း ကြုံမှမကြုံဘဲ"

"ဖြူလေးကလည်း မိတ်ဆွေဆို ကြိုလို့ရတယ်မဟုတ်လား"

အမယ်. တယ်ဟုတ်ပါလား၊ မရဲတရဲပြောတဲ့ကြားထဲက တစ်ဆင့်တော့ တက်လာရဲသားပဲ။ ဒီနေ့ စုက OT ဆင်းရတာမို့ သူမက ညနေငါးနာရီနဲ့ ပြန်လာတာလေ။ ဒါကိုကြိုတင်မသိပါဘဲ သူ ဘာကြောင့် လာစောင့်နေတာပါလိမ့်။

"လာကြိုတာ ထားပါတော့၊ ဘာကိစ္စရှိလို့လဲမေးတာ ဖြေဦးလေ"

"ဟိုညစ္စာလေ. ပြောစရာရှိလို့"

"ဘာပြောမလို့လဲ"

သူက နံဘေးမှလျှောက်လာရင်း ဟိုတက်ဒီဘက်လှည့်ကာ မလုံမလဲပုံစံဖြင့် ကြည့်လိုက်သဖြင့် သူမ ရယ်ချင်သွားရပါ၏။ ဘယ်လိုလေး မှန်းကို မသိတော့ပါလားနော်။ မဟုတ်တာလုပ်တော့မယ့် ကလေးတစ်ယောက်လိုမျိုး လုပ်နေပုံနှင့်တူနေတာကိုး။

"မခင်စုဝေရော မတွေ့ပါလား"

ကဲ! မဆိုင်တာမေးနေပြန်ပါပြီ၊ ဘာလဲ. စုကိုမှစိတ်ဝင်စားပြီး မေးနေတာများလား။

"စုက OT ဆင်းရတယ်လေ ကိုစည်သူရဲ့။ ညကိုးနာရီမှပြန်ရမှာ"

"ဪ"

"ဘာလဲ. စုကိုစိတ်ဝင်စားနေလို့ မေးနေတာလား။ ဒါဆိုရင်လည်း ကျွန်မပြောပေးမယ်လေ။ စုကို ကိုစည်သူမေးနေတယ်လို့"

"ဟာ! မဟုတ်ပါဘူး. . . မပြောပါနဲ့၊ ဒုက္ခပါပဲ"





"မသိဘူးလေ၊ ကိုစည်သူပဲ မေးနေပြီးတော့၊ ဘာဒုက္ခလဲ"

"အာ. . . ပြဿနာပဲဗျာ"

သူက ဦးထုပ်ချွတ်ကာ စိတ်ရှုပ်စွာဖြင့် ခေါင်းကိုတဗျင်းဗျင်း ကုပ်လိုက်လေ၏။ ကြည့်စမ်း! ဝပ်ရှော့မှာလုပ်တယ်သာပြောတယ်၊ ဘာ ဆံပင်ဆီ. စက်ချေးမှ မပေပါဘဲ Shampoo နံ့လေးပင် သင်းနေတာပါ လား။ သူဘာများလုပ်ရတာပါလိမ့်၊ စက်ဆီနံ့လေးတောင် စွဲမနေသည့် သူ့ထံမှ ကိုယ်သင်းရနံ့ကို တစ်ချက်လေးမျှ ရလိုက်သည်လေ။

"ဝပ်ရှော့မှာ ဘာလုပ်ရသလဲ ကိုစည်သူ"

"ဗျာ"

"ဝပ်ရှော့အလုပ်ဆိုတာ ကားပြင်၊ စက်တွေနှိုက်ရတဲ့အလုပ် မဟုတ်လား။ ရှင့်ပုံစံကြည့်ရတာ အဲဒီလိုလုပ်တဲ့ပုံမပေါက်ဘူးလားလို့။ ရှင့်လက်တွေကအစ စက်ဆီတွေစက်ချေးတွေ စွဲနေပုံမရလို့မေးတာပါ"

"စက်ပြင်အလုပ်ပဲ ဖြူလေးရယ်၊ မပင်ပန်းဘဲနေမလား။ အဲဒီအောက်ခြေသိမ်းနေရာက တစ်ဆင့်ပြီးတစ်ဆင့်တက်လာလို့ ဒီရာထူး ကိုရတာ၊ ဘာမှမပြင်တတ်မဆင်တတ်ဘဲနဲ့ ရမလားဗျ။ သန့်သန့်လေး နေတတ်တဲ့လူမို့ အလုပ်ဆင်းတိုင်း ရေအမြဲချိုးလာတာနဲ့ ဘာမှမပေတာ ပေါ့။ ဒါပေမဲ့ ကျွန်တော့်လက်တွေမှာတော့ ဆီနံ့တွေစွဲနေမှာပါ။ မယုံရင် နမ်းကြည့်ပါလား"

"အံမာ. . . ဘာကိစ္စမွှေးရမှာတုန်း။ ရှင်က ဘာရာထူးမို့လဲ"

သူ့မျက်နှာ ပြုံးစိစိဖြစ်သွားလေ၏။ ဒါကျ တယ်တတ်ပါလား။ ယောက်ျားလေးတစ်ယောက်ရဲ့လက်ကိုမွှေးကြည့်ရအောင် လူကိုဘာများ ထင်နေတယ်မသိ၊ တွေ့ကရာကောင်လေးတိုင်း ဖမ်းပြီး ခင်မင်တတ်တဲ့ ကောင်မလေးလို့များ ယူဆထားလေသလား။ စိတ်ထဲထင်ကာ သူ့ကိုစိတ် တိုသွားရပေါ၏။

"ကျွန်တော်က လက်ထောက်မန်နေဂျာလေ"

"ဟင်! ဒါဖြင့် ဘာစက်မှမပြင်ရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြင်ရတာပေါ့ ဖြူလေးရဲ့၊ ဘာမှမတတ်လို့ဖြစ်မလား။ မယုံ
ရင် ကျွန်တော်တို့အလုပ်ကို လိုက်ကြည့်လေ"

"လူကိုများ အားနေတဲ့လူထင်လို့လား။ အလုပ်နဲ့အကိုင်နဲ့ရှင့်"

"အလုပ်က ထားပါတော့၊ အကိုင်ဆိုတာ ဘာကိုပြောတာလဲ
ဖြူလေးရဲ"

"ရှင်နော်, စကားကိုကပ်သပ်မပြောပါနဲ့"

"ကျွန်တော် ကပ်မပြောပါဘူးနော်၊ ဖြူလေးနဲ့လက်တစ်ကမ်း
အကွာကပဲ လျှောက်ပြီးပြောနေတာပါ"

"ရှင်နော်"

သူမ Steel ချိုင့် မြောက်တက်လာတော့ သူက မျက်လုံးပြူး
မျက်ဆံပြူးဖြင့် လက်နှစ်ဖက်ကာကာ လန့်အော်လေ၏။

"အား. . . အဲဒီလိုလက်မြှန်တာကိုကြောက်လို့ ဝေးဝေးကရှော
နေတာလေ။ မလုပ်ပါနဲ့"

သူမပြုံးစိစိဖြစ်သွားကာ အောက်နှုတ်ခမ်းကိုအသာကိုက်ထား
လိုက်မိလေ၏။ ကြည့်ပါလား. . . ပြောနေပုံကိုက ထုနက်ချင်စရာ၊ ဇ
ကိုခြေမြှန်လက်မြှန်ဆိုပြီး ကြောက်တဲ့ပုံနဲ့ပေါ့လေ။ မျက်စောင်းတစ်ချက်
ကိုသာ ဒိုင်းခနဲထိုးပစ်လိုက်ရတော့သည်။ မဟုတ်သေးပါဘူး. . . သူ
မှာ အစက ဒီလိုမျက်စောင်းထိုးတတ်တဲ့အကျင့်မျိုး တစ်ခါမှရှိမှမရှိ
သူနဲ့ကျမှ ဘယ်လိုဖြစ်ပြီး ဒီအကျင့်မျိုး ရသွားရတာပါလိမ့်။

"ကိုရဲခေါင်က ဘာရာထူးလဲ"

"စက်ပြင်ဆရာပေါ့၊ ကျွန်တော့်လက်အောက်မှာရှိတာ"

"သြော်"

"ဟိုလေ, ဖြူလေး, ရဲခေါင်ကိုစိတ်ဝင်စားပြီး မေးတာတော့
မဟုတ်ပါဘူးနော်"

"ဘာ. . . ကဲ! "

သူမ Steel ချိုင့်က ဒီတစ်ခါတော့ သူ့လက်မောင်းဆီ ရော





ပါ၏။ မျက်နှာရှုံ့တွလိုက်ပြီး သူက လက်မောင်းကိုနာနာပွတ်နေလေ
ည်း အို! သိပ်များနာသွားလေသလား။ မဟုတ်တာပြောလိုက်တာမို့
င်စိတ်ရဲ့တွန်းအားနဲ့ လက်က အလိုလိုရိုက်မိသွားရတာလေ။

"အား. . . ကျွတ်ကျွတ်. . . နာလိုက်တာဖြူလေးရာ၊ တကယ်
တာပဲ"

"လုပ်မှာပေါ့၊ ရှင်ပဲမဟုတ်တာလျှောက်ပြောပြီးတော့. . . ဟင်း"

"Sorry, Sorry. . . ကျွန်တော်လည်း စိုးရိမ်တကြီးနဲ့မေး
မိတာပါ။ ဘာရယ်မဟုတ်ပါဘူး"

"ရှင်က ဘာကိုစွစိုးရိမ်တာတုန်း၊ ကိုရဲခေါင်နဲ့ကျွန်မက တစ်
ကြက်တည်းမို့ မောင်နှမလိုခင်တာရှင့်။ နောက်တစ်ခေါက်ထပ်ပြော
ရင် ရှင့်ခေါင်းတော့အကွဲပဲ"

'ဘာမှ,မှမတော်တာ' ဟု သူအထွန့်တက်ပြီး မပြောရဲတော့
သူမက စိတ်သွားတဲ့အတိုင်း လက်က ထပ်ကြွပ်ပါလာတတ်
ဟုတ်လား။

"ကဲ, ရှင်ပြောစရာရှိတယ်ဆိုတာ ဘာလဲ၊ ပြော. . . အိမ်ရေ
နေပြီ"

"အင်း. . . ဟိုလေ, ဟိုဥစ္စာ"

"ဘာဥစ္စာလဲ"

သူက သူမ Steel စတီးချိုင့်ကိုငုံ့ကြည့်ကာ ခြေလှမ်းကို ရပ်
လေ၏။ မျက်နှာမှာ တစ်မျိုးလေးဖြစ်သွားပြီး စကားကိုအရှိန်များ
လိုက်လေသလား။ ကားဂိတ်မှာတွေ့စဉ်တုန်းကတော့ တက်တက်
ဟန်အပြည့်၊ ခြံရှေ့ရောက်မှ တွန့်ဆုတ်သွားပုံက ဘာသဘောများ

"ပြောလေ"

"ဟိုဟို. . . နောက်မှပဲပြောတော့မယ်"

"ဘယ်လို! "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြန်ဦးမယ်နော်, ဖြူလေး အိပ်မက်လှလှမက်ပါစေ"

"ဟောတော်"

သူမ ရုပ်ကြည့်ကျန်ရစ်ခဲ့ရပါ၏။ လက်တစ်ဖက်ထောင်ပြကာ နောက်ကို တစ်ချက်မှပြန်လှည့်မကြည့်ဘဲ ခပ်သုတ်သုတ်လျှောက်သွားသည့်သူ့ကျောပြင်ကို ငေးကြည့်နေရင်း သက်ပြင်းကိုသာ ချလိုက်မိလေသည်။ ရှင်, ကျွန်မကိုများ စိတ်ဆိုးသွားလေသလား ကိုစည်သူရယ်။

✦

"ဟော, သားပြန်လာပြီလား"

"ဟုတ်"

ခြံထဲလမ်းဆင်းလျှောက်နေသည့်အန်တီ့ကို လှမ်းနှုတ်ဆက်ရင်းကားကိုရပ်လိုက်ပါ၏။ အလို! ဒီညနေ အန်တီသီတာဝတ်ထားတာ မိုးပြာရောင်လေးဖြစ်နေပါလား။ ဖေဖေသိပ်ကြိုက်သည့်အရောင်ကိုမှ ဘာကြောင့် ရွေးဝတ်ထားတာပါလိမ့်နော်။

"အလုပ်က ငါးနာရီဆင်းတာဆို၊ အခုပဲ ခြောက်နာရီခွဲတော့မယ်၊ သား ဘယ်ဝင်နေလို့လဲ"

"ဒီလိုပဲပေါ့ အန်တီရာ"

"အမယ်, ဒီလိုပဲဆို ဧကန္တ ကောင်မလေးဆီ သွားတာပဲဖြစ်မယ်။ မှန်ရဲ့လား"

"ဟင်းဟင်း. . . အန်တီ့ဗိုက်ထဲမှာ ပုဏ္ဏားလေး ရှိနေတာ သေချာနေပြီ။ မှန်လိုက်တာ ကွက်တိပဲ"

အန်တီက ညှင်းသွဲ့သွဲ့လေး ရယ်မောလိုက်လေ၏။ သူ့လက်မောင်းကိုကိုင်လျက် နှစ်ဦးသား အိမ်ထဲသို့ဝင်ခဲ့ကြပါသည်။

"ဖေဖေရော"





"သားဖေဖေ, ဒီည Dinner ရှိလို့ နောက်ကျမယ်"

"ဘယ်သူကျွေးတာတဲ့လဲ"

"ကိုမိုးမြင့်ဆိုလားပဲ"

"ဦးမိုးမြင့်, လေးလေးမိုးက ဘာကိစ္စနဲ့ Dinner ကျွေးတာလဲ"

"ကိစ္စရှိလို့ဖြစ်မှာပေါ့သားရဲ့၊ သူ့အတွက်ကတော့ 'ရွှေချိုးဖြူ …ကိန်း' ကို မပျက်ပျက်အောင်ဖျက်ဖို့ အစီအစဉ်ဆွဲနေမှာပဲ"

"အဲဒါနဲ့ လေးလေးမိုး Dinner ကျွေးတာ ဘာဆိုင်လို့လဲ အန်တီရဲ့"

"ဆိုင်ချင်ဆိုင်မှာပေါ့ ကိုသူရယ်၊ အနည်းဆုံး ဦးမိုးမြင့်မှာ …မီးဖြစ်ဖြစ် တစ်ယောက်ယောက်တော့ ရှိကိုရှိမှာပဲ၊ မဟုတ်ဘူးလား"

"ဟောဗျာ. . . ဒါဖြင့်"

"အေး, သားဖေဖေက သားထက် ဦးနှောက်အများကြီးပြေး…ယ် ကိုသူရေ၊ သဘောပေါက်. . ."

အန်တီသီတာက သူ့ကျောကိုအသာပုတ်လိုက်လေ၏။ အမယ်…. . . ဒါကို သူဘာလို့မတွေးမိထားပါလိမ့်၊ မဟုတ်သေးပါဘူး, လေး…မိုးမှာ သားသုံးယောက်တည်းရှိတာပါ။ အကြီးဆုံးက သူ့ထက်နှစ်…ကြီးတဲ့ ဒေါက်တာကျော်စွာမိုးမြင့်၊ အလတ်က သူနဲ့ရွယ်တူ အင်ဂျင်…ာ အာကာမိုးမြင့်၊ အငယ်ဆုံးက သူ့ထက်နှစ်နှစ်ငယ်တဲ့ Compu-… ကျောင်းသား ရာဇာမိုးမြင့်လေ။

"မှားတယ် အန်တီ"

"ဘာကိုမှားတာလဲ သားရဲ့"

"ဟုတ်တယ်, လေးလေးမိုးမှာ သားသုံးယောက်ပဲရှိတာလေ၊ …တော့ အန်တီထင်ထားသလို မဖြစ်နိုင်တော့ဘူး"

"ဩော်, သားရယ်၊ သူ့မှာ သမီးမရှိရင် သူ့မိန်းမဘက်က …မျိုးတွေရှိမှာလေ။ အဲဒီထဲက တစ်ယောက်ယောက်ဖြစ်နိုင်တာပေါ့။ …se your brain, son."



www.burmeseclassic.com

www.burmeseclassic.com



"အား. . . စိတ်ရှုပ်လာပြီ"

"ရှုပ်မနေနဲ့၊ ရေသာမြန်မြန်ချိုး။ ပြီးရင် ထမင်းစားကြစို့။ ဒီ Sunday မှာ အန်တီ့အတွက် တစ်ရက်တော့ သားအချိန်ပေးဦး"

"ဘယ်ကိုပို့ပေးရမလဲ အန်တီ"

"ရွှေတိဂုံဘုရား"

"OK . . ."

သူ ရေမိုးချိုးပြီး အဝတ်လဲ၍ ဆင်းလာတော့ အန်တီသီတာက ဒေါ်ကြီးဖြိုးတို့နှင့်အတူ ထမင်းပွဲ ဝိုင်းပြင်နေလေသည်။

"အန်တီများ ဝင်ချက်နေသလား"

"No, no သား၊ အန်တီ့အားနည်းချက်က အဲဒီ Kitchen ပဲ၊ အန်တီက အပြင်ထွက်စီးပွားရှာတဲ့အလုပ်မျိုးပဲ ကျွမ်းကျင်တာ သားရဲ့ သားမေမေလိုအိမ်မှုကိစ္စမနိုင်ဘူး။ 'ဆင့်'က အပြင်ထွက်တာ ဝါသနာမပါဘဲ အိမ်တွင်းမှုနိုင်နင်းတဲ့သူလေ။ အရမ်းတော်သလို သိပ်ပြီးစိတ်ရှည်တာ၊ အန်တီမှတ်မိသေးတယ်, အန်တီတို့ Day တက်တော့ လမ်းဘေးမှာရောင်းတဲ့ဝက်သားတုတ်ထိုးစားဖို့ပြင်တော့ မသန့်ဘူးဆိုပြီး တားတယ်လေ။ ဆိုးဆေးတွေ ယမ်းစိမ်းတွေပါတယ်ဆိုလား။ အန်တီလည်း နားမလည်ပါဘူး။ အဲဒါနဲ့ ပိတ်ရက်မှာ သူကိုယ်တိုင် ဝက်သားတုတ်ထိုးနဲ့ ဝက်ခေါင်းသုတ်လုပ်ပြီးကျွေးတာလေ။ ပဲငံပြာရည်လေးနဲ့ ချင်းတွေကြက်သွန်ဖြူနိုင်နိုင်နဲ့ ညှီနံ့မနံ့အောင်ပြုတ်ကျွေးတာ၊ အရမ်းလည်းမနှဲဘဲ အနေတော်လေးပဲ"

"အဲဒီတုန်းက မေမေ့ရဲ့'ကျော်'ပါသလားဟင်"

"ကျော်! အင်း. . . မပါဘူး သားရဲ့"

"ဖေဖေတော့ ပါတယ်ပေါ့နော်"

"အင်း၊ ကိုမောင်တော့ ပါတယ်"

"ကျော်က ဘာဖြစ်လို့မပါတာလဲ အန်တီ"

"ကျော်က အငယ်တက်တာလေ သားရဲ့၊ ဘယ်ပါပို့မလဲ





ဒါပေမဲ့ 'ဆင့်'နဲ့တော့ ချစ်သူတွေဖြစ်နေကြပြီ"

"ဗျာ! "

သူ ပါးစပ်အဟောင်းသားဖြစ်သွားရပါ၏။ ကျော်နဲ့မေမေက ချစ်သူတွေဆိုပါလား။ ဒါဖြင့် ဖေဖေကရော, ဖေဖေနဲ့က ဘယ်လိုဖြစ်ပြီး ဇာတ်လာဆောင်ဖြစ်သွားရတာပါလိမ့်၊ သူရှိမနေခဲ့သည့်အတိတ်မှာ အသည်းကွဲဇာတ်လမ်းတစ်ပုဒ်တော့ ရှိကိုရှိနေမှာသေချာပါတယ်လေ။

"မေမေက. . . မေမေက အဲဒီလူကိုချစ်ခဲ့တယ်ပေါ့နော်"

အန်တီသီတာက မုန်လာဥချဉ်ရည်ဟင်းထဲမှ ငါးခေါင်းကိုထွင်ကာ သူ့ပန်းကန်ထဲလှမ်းထည့်ပေးရင်း ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်သည်။

ဘုရားရေ! ဖေဖေက ဒီလူ့လက်ထဲကမှ မေမေ့ကိုမရ,ရအောင်များ လုခဲ့တာများလား။

"သူတို့ဘာကြောင့်ကွဲသွားရတာလဲ"

"အကြောင်းကြောင်းကြောင့်လို့ပဲ သားယူဆလိုက်ပါ။ တကယ်တော့ ကျော်နဲ့'ဆင့်'ကို မဝေး,ဝေးအောင်ခွဲခဲ့တဲ့သူဟာ ကိုမောင်မဟုတ်ဘူးသားရဲ့"

"ဟင်! ဒါဖြင့်ဘယ်သူလဲ"

"အန်တီကိုယ်တိုင်ပဲ"

"ဘယ်လို"

သူ့စားလက်စထမင်းလုတ်က လည်ချောင်းဝမှာ နင်သွားလေ၏၊ အန်တီက သူ့ကျောကိုအသာထုပေးကာ သောက်ရေခွက်ပေးလိုက်ပါသည်။ အန်တီက မေမေတို့ရဲ့ရန်သူဖြစ်ခဲ့တာဆိုပါလား။ မယုံနိုင်စရာ. . .

"သားလည်း. . . အရွယ်ရောက်နေတဲ့လူတစ်ယောက်မို့ ဘဝအကြောင်းကို အတော်လေးသိနေလောက်ပါပြီ၊ လူ့ဘဝမှာ လူတန်းစား သုံးမျိုးရှိတယ်,သား၊ အခြေခံလူတန်းစား၊ လူလတ်တန်းစားနဲ့ အထက်တန်းစားဆိုပြီးတော့ပေါ့။ အဲဒီသုံးမျိုးထဲမှာ ကိုမောင်ရယ်၊ ဆင့်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီရယ်က အထက်တန်းလွှာထဲမှာ ပါခဲ့တာပါ။ ကျော်ကတော့ အခြေခံလူတန်းစားပေါ့။ အခြေခံဆိုတာ လက်လုပ်လက်စား၊ တစ်ရက်စားဖို့အတွက် တစ်နေ့တာပင်ပင်ပန်းပန်းငွေရှာပြီး စားသောက်ရတဲ့လူစားမျိုးကိုခေါ်တာ။ သား.သဘောပေါက်ရဲ့လား"

"ဟုတ်"

သူထောက်ခံတော့ အန်တီ့မျက်နှာမှာ အပြုံးတစ်ခုပေါ်လာလေ၏။ ယုံကြည်ချက်အပြည့်နှင့်ပြောနေတာမို့ သူဘာမှစောဒကမတက်မိပါချေ။

"သိပ်အံ့သြဖို့ကောင်းတာအမှန်ပဲ သားရဲ့။ အန်တီတို့အထက်တန်းကျောင်းမှာ အချောဆုံး၊ အလှဆုံးမိန်းကလေးဖြစ်တဲ့'ဆင့်'က သိပ်မဖြူတော့တဲ့တစ်ပတ်နွမ်းကျောင်းအင်္ကျီဖြူ၊ ပုဆိုးနွမ်းနွမ်း၊ ဂျပန်ဖိနပ်ဟောင်းလေးနဲ့ လွယ်အိတ်ခပ်စုတ်စုတ်ကိုသာ ပိုင်ဆိုင်ထားတဲ့ 'ကျော်'ဆိုတဲ့ ဆင်းရဲသားကျောင်းသားလေးကိုမှ စိတ်ဝင်စားခဲ့တာလေ။ ဈေးလည်းကြီး၊ လှလည်းလှတဲ့ ကိုမောင်ပေးတဲ့ သစ်ခွပန်းကို ယူမပန်ဘဲလမ်းဘေးမှာ ကြွေကျလို့ ကောက်လာပေးတဲ့ 'ကျော့်'ရဲ့စကားပွင့်လေးကိုမှ တန်ဖိုးထားပြီး ပန်သတဲ့"

"အလို ဒါကြောင့် မေမေယင်ယင်ကရိုက်ထားတဲ့ဓာတ်ပုံတွေမှာ တရုတ်စကားပွင့်လေး အမြဲပန်ထားတတ်တာပါလား၊ ဆံပင်မစည်းဖြစ်တဲ့အခါမှာတောင် နားရွက်ကြားထိုးပြီး ပန်တဲ့အထိ စကားပန်းကိုနှစ်ခြိုက်ခဲ့တာလေ။ သူ့မျက်စိထဲ ကွက်ခနဲမြင်လိုက်သည်က မေမေ့လက်မှစကားဖြူဖြူ၊ ကြေကွဲနေသည့်မျက်ဝန်းနှင့် ပြတင်းအပြင်ကို ခပ်ငေးငေးကြည့်နေခဲ့တာ သူ ကျောင်းကပြန်လာတာကိုတောင် ကြိုဖို့မေ့နေတဲ့အထိပါပဲ။

"ကျွန်တော်သတိထားမိသလောက်ကတော့ ကျွန်တော့ရှေ့မှာ အဲဒီစကားပန်းကို မေမေ တစ်ခါမှမပန်ခဲ့ဘူး"

"မှန်တယ်၊ သူ ကျော်နဲ့လမ်းခွဲလိုက်ပြီးကတည်းက အဲဒီပန်းကို မပန်ဖြစ်တော့ဘူးလေ။ ကိုမောင်ကလည်း သူ့ပန်ရင် ခွင့်လွှတ်မှာမဟုတ်ဘူး။ ဒါကို သူသိပ်သိတာပေါ့။ ဒါပေမဲ့. . ."

အန်တီက စကားကိုဆက်မပြောတော့ဘဲ ပါးစပ်သုတ်ကာ ဖန်ခွက်ထဲမှရေကို နှစ်ငုံမျှမော့သောက်လိုက်ပါ၏။ ထမင်းစားလို့ပြီးသွားပြီထင်ပါသည်။

"သား မှတ်မိချင်မှတ်မိမှာပါ။ 'ဆင့်'ဆုံးတော့ သူ့တစ်ကိုယ်လုံးပေါ်မှာ စကားပန်းတွေအပြည့် လွှမ်းပေးခဲ့တယ်တာလေ။ အဲဒါ 'ဆင့်'ရဲ့ဆန္ဒအတိုင်း ကိုမောင်စီစဉ်ပေးခဲ့တာပါ။ သားတစ်သက် စိတ်မချမ်းမသာဖြစ်ခဲ့တဲ့ 'ဆင့်'ကို တမလွန်မှာ စိတ်ချမ်းသာစေချင်လို့တဲ့လေ"

"မေမေက. . . မေမေက ဖေဖေ့ကိုလုံးဝမချစ်ခဲ့ဘူးပေါ့။ ဟုတ်လား.အန်တီ"

"ဟင့်အင်း.မဟုတ်ပါဘူး၊ ချစ်ပါတယ်. . . ချစ်မှာပါ သားရဲ့။ သူတို့လင်မယား သားရှေ့မှာ ဘယ်နှခါများ ရန်ဖြစ်ဖူးလို့လဲ"

"ဟင့်အင်း"

"အဲဒါ သူတို့ချစ်ကြလို့ပေါ့ကွယ်"

သေချာလို့လား၊ ဖေဖေ့ဘက်က အလျှော့ပေးပြီး လိုက်လိုက်လျောလျောဆက်ဆံပေးခဲ့တာရော မဖြစ်နိုင်ဘူးလား။ ဟုတ်မှာပါ၊ မိဘတွေဆန္ဒနဲ့လက်ထပ်ခဲ့ရတာမို့ ဖေဖေ့ဘက်က မေမေ့အပေါ် ငဲ့ညှာထောက်ထားစိတ်တွေ ရှိနေလို့သာ ပြဿနာတွေ အကြီးအကျယ်မဖြစ်ခဲ့တာဖြစ်မှာပါ။

"သူတို့ဘယ်လိုလမ်းခွဲခဲ့ကြရတာလဲ"

"သားသိချင်ရင် ပြောမှာပါ။ ဒီတုန်းကတော့ သူငယ်ချင်းအပေါ်ထားတဲ့မေတ္တာ၊ စေတနာ၊ ကရုဏာတွေအပြည့်နဲ့ အပြင်းထန်ဆုံးအန်တီဘာဆိုးခဲ့မိတာပဲ။ တစ်ဆိုတာ တန်ဖိုးရှိတဲ့တစ်တို့၊ နှစ်တို့နဲ့မြှောက်မှပဲသူ့ဘဝ ကံကောင်းမှာလေ။ သုညနဲ့မြှောက်မိရင် သူ့ဘက်က အရှုံးသာဖြစ်သွားမှာပေါ့။ သနားကရုဏာသက်တာ အချစ်မဟုတ်ဘူး သံဝေဇ







www.burmeseclassic.com

www.burmeseclassic.com



ခုကို အချစ်နဲ့တည်ဆောက်လို့မရနိုင်ဘူးဆိုတဲ့ ကြီးကျယ်တဲ့စကားလုံးတွေနဲ့ 'ဆင့်'ရဲ့နားထဲကတစ်ဆင့် ဦးနှောက်ထဲဝင်အောင် ရိုက်သွင်းပေးခဲ့မိတာပါ။ အက်ကွဲသွားတဲ့နှလုံးသားနှစ်ခုကိုတော့ ဘယ်သူမှမမြင်ခဲ့ပါဘူး။ 'နှောင်တ'တဲ့၊ အဲဒီလုပတဲ့စကားလုံးလေးနှစ်လုံးက 'ဆင့်'ရဲ့နှလုံးသားကို တစ်စစီဖြစ်အောင် ချေမွပေးလိုက်တာအမှန်ပါ။ 'ဝဋ်'တဲ့၊ အပြစ်မရှိတဲ့ချစ်သူနှစ်ဦးကို မဝေး့ဝေးအောင်ခွဲခဲ့တဲ့ဝဋ်ကို အသည်းကွဲတယ်ဆိုတဲ့အရာက အန်တီ့ဆီ အချိန်တန်တော့ အပြင်းဝင်ရောက်လာခဲ့တာလက်တွေ့ပါပဲ''

အန်တီက မျက်ဝန်းမှမျက်ရည်စကို တို့သုတ်လျက် ထွက်သွားလေ၏။ 'ကျော့်'က သုညတဲ့လားအန်တီ၊ သုညဆိုတာ တန်ဖိုးမဲ့တဲ့အရာတစ်ခုလို့ အန်တီတို့သတ်မှတ်ယူဆထားတယ်ပေါ့လေ။ ဒါဆိုရင် ကုဋေနှီးပြီးရှိနေတဲ့နံပါတ်စဉ်တွေရဲ့နောက်မှာ အဲဒီသုညကိုထားရင်ရော တန်ဖိုးမမြင့်နိုင်တော့ဘူးလား။ နှောင်တတွေ တွေးပိုက်ရင်း နှလုံးကြေကွဲပြီးသေခဲ့ရတယ်တဲ့လား. . . ဩော်၊ မေမေရယ်. . .

✦✦✦



## အခန်း (၈)

''သားကို မိန်းကလေးတစ်ယောက်နဲ့ ဖေဖေမိတ်ဆက်ပေးမယ်''

လာပြီ. . . စလာပြီ၊ Breakfast ဝိုင်းမှာ ဝင်ထိုင်လိုက်သည်နှင့် စကားဦး့စလာသည့်ဖေဖေ့ကို သူလှမ်းကြည့်လိုက်မိ၏။ အန်တီသီတာက 'ဘယ့်နှယ်ရှိစ'ဟူသည့်အပြုံးမျိုးဖြင့် သူ့ကိုလှမ်းပြုံးပြလေသည်။ မနေ့ညနေကပဲ ရမ်းသန်းပြောထားကြတာ. . . ခုတော့ ကွက်တိကိုမှန်နေတာပါလား။

''ဘယ်သူလဲဖေဖေ''

''ပွင့်စယယ်တဲ့''

''လေးလေးမိုးနဲ့ဘာတော်လဲ''

''တူမ၊ နေပါဦး. . . ကိုမိုးမြင့်နဲ့အမျိုးတော်မှန်း မင်းဘယ်လိုသိသွားတာလဲ''

''ရှန်းဆလို့ရတာပဲ ဖေဖေရဲ့ ဖေဖေ ဒီလောက် လေးလေးမိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ Lunch တွေ၊ Dinner တွေ ထွက်စားနေတာ၊ ဒီကိစ္စမို့ အသည်းအသန်ဖြစ်နေတာမဟုတ်လား"

"ဟော့ကောင်! စကားကိုအကောင်းပြောကွ။ မင်းအတွက် ငါ လုပ်ပေးနေတာ"

"မလိုပါဘူးဖေဖေ၊ ကျွန်တော့်မှာ ဖြူလေးရှိနေပြီးသား။ ဖေဖေအာပင်ပန်းခံပြီး လိုက်ရှာပေးမနေပါနဲ့"

"အဲဒီဖြူရဲ့ဆုံးတွေက မင်းကိုအဆိပ်သင့်စေမယ့် အန္တရာယ်ဆုံးတွေကွ။ ပွင့်စပယ်က ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချောလေး။ ပြီးတော့ Primery School Teacher ကွ။ မျိုးရိုးကအစ အထက်တန်းစား။ မင်းရှာတွေ့ထားတဲ့ လမ်းဘေးကအမျိုးမဟုတ်ဘူး"

လာပြန်ပြီ၊ ဒီအထက်တန်းစားဆိုတဲ့ စကားအသုံးအနှုန်း။ ဖေဖေတို့သူဌေးမျိုးတွေက 'ဆန်ကိုဘယ်ကရသလဲ'ဆိုရင် 'ဆန်အိုးထဲက' လို့ပဲဖြေမယ့်သူတွေမျိုးလေ။ စကားပြောရင် 'အဆင့်အတန်း'ဆိုတာမျိုး 'အလွှာ'ဆိုတာနဲ့ 'ကိန်းဂဏန်း'တွေကို ပါးစပ်ထဲအပြည့်ထည့်ပြီး ပြောလေ့ရှိတဲ့ ခွကျကျလူတွေမဟုတ်လား။

"ကျွန်တော်မှ စပယ်ပန်းမကြိုက်တာ"

"ဟော့ကောင်"

"စပယ်နံ့က ကြာကြာရှူမိရင် အနံ့ပျောက်ပြီး ခေါင်းကိုက်စေတယ်။ ကျွန်တော်က မေမေ့လိုပဲ မြေပေါ်ကြွေကျတတ်တဲ့ စကားပန်းပဲကြိုက်တယ်ဖေဖေ"

"ဘာ!"

"ဖေဖေသဘောတူချင်တဲ့သူနဲ့တူလည်း တစ်နေ့ ကျွန်တော်လက်ထပ်မှာ ဖြူလေးတစ်ယောက်တည်းပဲရှိတယ်။ သူ ကျောင်းမပြီးသေးလို့ အချိန်စောင့်နေတာပါ"

"ဟော့ကောင်! စည်သူခန့်"

ဖေဖေ့အသံက ဟိန်းခနဲထွက်လာလေ၏။ အန်တီသီတာက





ကျက်လုံးပြူးလျက် သူ့ကို ထိုင်ခုံမှာပြန်ထိုင်ခိုင်းလိုက်ပါသည်။

"တိုးတိုးသာသာပြောကြလေ၊ သားအဖချင်းဆွေးနွေးတာ အော်ကြီးဟစ်ကျယ်နဲ့၊ ကိုမောင်ကလည်း"

"ဒင်းလုပ်နေတဲ့အချိုးကို သီတာ မြင်တယ်မဟုတ်လား"

"လူငယ်ပဲ ကိုမောင်ရယ်၊ တစ်ဇွတ်ထိုးလုပ်တတ်တာ အဲဒါကိုမောင်နဲ့တူတဲ့ Character ပဲမဟုတ်လား"

"တူရင်လည်း အကုန်တူမှပေါ့။ ဘယ့်နှယ် စကားပန်းကြိုက်တဲ့ကိစ္စမျိုး ပါလာရတာလဲ"

အရိုက်ထိသွားလေသလား, မရည်ရွယ်ပါဘူးဖေဖေ။ ရင်ထဲက နှလုံးသားရဲ့ထောင့်တစ်နေရာမှာ 'ရွှေချီးဖြူ'ဆိုတဲ့မိန်းကလေးကို နေရာပေးထားပြီးပြီမို့ ခုလိုတွေ ဖေဖေ့ကိုဆန့်ကျင်ပြောဆိုနေမိတာပါ။ အဆေနာကျင်ပါစေလို့တော့ မရည်ရွယ်တာအမှန်ပါပဲ။

"ကျွန်တော်က မေမေ့သားဖြစ်နေတာကိုး"

"မလိုချင်ဘူး စည်သူခန့်၊ မင်းကို ငါမွေးထားတာ၊ ငါမွေးထားတဲ့သားရဲ့ဘဝကို ငါ့စိတ်ကြိုက်ဖန်တီးတည်ဆောက်ခွင့်ရှိတယ်၊ ငါ လက်မခံရင် မင်းဘက်က ခြေနဲ့ဖျက်ဖို့မစဉ်းစားလိုက်လေနဲ့. . . ဒါပဲ"

"ငှက်တွေတောင်မှ အတောင်စုံရင် အပျံသင်ကြသေးတာပဲ ဖေဖေ၊ ကျွန်တော်က လူဖြစ်နေလို့ လူ့သဘာဝအတိုင်း လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရချင်တာ အပြစ်လား"

"မရဘူး၊ စည်သူခန့်ရဲ့အနာဂတ်ဟာ မောင်မောင်ခန့်ရဲ့လက်ထဲမှာပဲရှိတယ်။ မင်းဘဝကို ငါပဲထိန်းချုပ်ခွင့်ရှိတာ၊ ငါကလွဲပြီး မင်းကို ဘယ်သူမှလာပြီးထိန်းချုပ်လို့မရဘူး၊ စည်သူခန့်ဆိုတာ မောင်မောင်ခန့်က ဖွားထားတဲ့ကိုယ်ပွားတစ်ခုကွ"

"မှန်ပါတယ်ဖေဖေ၊ ဒေါ်သန်းသန်းဆင့်ကို ဦးကျော်ဖင်နဲ့ ဒေါ်တင်သန်းတို့စိတ်တိုင်းကျ ချယ်လှယ်ချုပ်ထိန်းခဲ့သလိုမျိုး ကျွန်တော့်ကို အဖေမလုပ်ချင်ပါနဲ့။ မေမေ့လိုအသည်းကွဲပြီး နှလုံးသားကိုအဆေ



www.burmeseclassic.com

www.burmeseclassic.com



ခံရအောင်လည်း ကျွန်တော်က ပျော့ညံ့တဲ့မိန်းကလေးမှမဟုတ်တာဘဲ။ ယောကျ်ားပဲဖေဖေ၊ ခေါင်ကျကျ ပြားကျကျနေတတ်ပါတယ်။ ဖေဖေ့ ကျွန်တော့်အကြောင်းသိထားသားပဲ. . . စည်သူခန့်က လုပ်ချင်ပြီဆိုရင် ဘယ်လိုအတားအဆီးမျိုးကိုမှမမှုတဲ့ တစ်ဇွတ်ထိုးလုပ်တတ်တာလေ။ သွား လိုက်ပါဦးမယ်"

"မင်း. . ."

"ကိုမောင်, တော်ပါတော့"

ခေါင်းတစ်ချက်ညွှတ်ပြရင်း အပြင်သို့ထွက်သွားသည့်သား ကျောပြင်က အမြင်မှာ မှုန်ဝါးသွားရပါ၏။ ဘယ်လိုတွေဖြစ်ကုန်ပါလိမ့် 'ဆင့်'အကြောင်းတွေကို ဒီကောင်ဘယ်လိုများသိသွားတာပါလဲ။ သူ ဝှက် သိမ်းထားတဲ့'ဆင့်'ရဲ့ Diary ကိုများ ယူဖတ်လေသလား။

"ဒီကောင်တော့ ဆေးမိနေပြီထင်ပါရဲ့"

"အို! မဟုတ်တာ"

"ဒီကောင်က ကိုယ့်ထက် 'ဆင့်'နဲ့စိတ်ချင်းပိုတူတာသီတာရဲ့ အင်္ဂတေပေါ်မှာထက် မြေကြီးနဲ့ထိရတဲ့ခြေဖဝါးရဲ့အရသာကိုမှ နှစ်ခြိုက် တာ။ ငယ်ငယ်ကတည်းကပဲ မြက်ခင်းပေါ်မှာ ပြေးဆော့ဖို့ထက် သဲမှုန် ပေါ်မှာ လူးလိမ့်ရတာကိုမှ သိပ်ကြိုက်သတဲ့လေ။ ခုလည်းကြည့် စကားပန်းကိုမှနှစ်သက်သတဲ့"

"သားက သေချာနားဝင်အောင်ပြောရင် ရပါတယ်ကိုမောင် ရယ်။ 'ဆင့်'နဲ့တူတယ်ဆိုရင်တောင်မှ 'ဆင့်'တုန်းကလိုပဲ နားဝင်အောင် နာခံလာအောင် သီတာပြောပြလို့ရမှာပါ။ သိပ်လည်းစိတ်မပူပါနဲ့"

"သီတာ့ကိုပဲ အားကိုးရတော့မှာပဲ။ ကိုယ်က အဖေဆိုတော့ သားအပေါ် နူးနူးညံ့ညံ့မဆက်ဆံတတ်ဘူးသီတာရယ်။ သား နားဝင် အောင်၊ သား ခေါင်းညိတ်နာခံလာအောင် ချိုချိုသာသာပြောဖို့ပြင်ထား ပေးမယ့် ဒီကောင် ထဖောက်ရင် ကိုယ့်ဒေါသက ငယ်ထိပ်ကိုတက်ဆော ရော။ အဲဒါကြောင့်ခက်တာ. . ."





"သီတာကူညီပါ့မယ် ကိုမောင်။ မနက်ဖြန် သားနဲ့သီတာ ဘုရား သွားဖို့စီစဉ်ထားပါတယ်။ သီတာ အေးအေးဆေးဆေးပြောပြပါ့မယ်။ နား ခံတော့"

"ကိုယ်သိပ်ကျေးဇူးတင်ပါတယ် သီတာ။ 'ဆင့်'နဲ့ပတ်သက်ပြီး ခံစားခွင့်ရခဲ့ပေမယ့် 'ဆင့်'အပေါ်ဘယ်လောက်ထိ သီတာ စေတနာထား ခဲ့သလဲဆိုတာ ကိုယ်လက်တွေ့ယုံခဲ့ရတာပါ။ သားကိုလည်း သီတာ့ရင်ထဲက မွေးခဲ့တဲ့ကလေးလိုသဘောထားပြီး ချစ်မှန်းလည်း ကိုယ်သိပါတယ်။ သား ရဲ့ဘဝလေး ဖောက်ထိုးမိုးမျှော်နဲ့ ကမောက်ကမဖြစ်သွားမှာကို ကိုယ့် လိုပဲ သီတာလည်း အဖြစ်ခံမှာမဟုတ်ပါဘူး။ သားကို လမ်းပြပေးပါ။ ဆုံးမပြသွန်သင်ပေးပါ။ ဆုံးမပဲ့ပြင်ပေးပါ သီတာ"

"ဟုတ်ကဲ့ပါ ကိုမောင်"

✦

ကားကို Workshop ဝင်းထဲ မောင်းဝင်လိုက်ပြီး Break ကို ဆောင့်ရပ်လိုက်ပါ၏။ ကားတံခါးဖွင့်ဆင်း၍ တံခါးကိုဆောင့်ပိတ်သံ က ကျိုင်းခနဲမြည်သံကျယ်ကျယ်။ အားလုံးအကြည့်တွေ သူ့ထံပြုံကျလာ ချိန်မှာ ခြေထောက်ရှေ့တွေ့ရသည့်ခဲကို ပိတ်ကန်လိုက်မိလေ၏။

"တောက်! ဟာကွာ"

"ဘယ်လိုဖြစ်လာတာလဲကွ၊ လမ်းမှာ ဘယ်ကားနဲ့ငြိလာလို့ လဲ။ တစ်ခါမှမညစ်ဖူးတဲ့လူက ဒီတစ်ခါပဲညစ်လာရတယ်လို့"

"ကျွတ်! ဖေဖေနဲ့ငြိလာတာကွ"

"ဟ, မင်းအဖေနဲ့က အမြဲပြဿနာဖြစ်နေတာပဲလေ။ ဒါဘာ ဆန်းလို့လဲ၊ ပြီးတော့လည်း သားအဖချင်းပြီးသွားတာပဲ"

"ခုကိစ္စက မပြီးဘူးကွ"

"ဟော. . ."



www.burmeseclassic.com

www.burmeseclassic.com



သူက Dreambed အနီရောင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချ၍ လှဲချလိုက်ပါ၏။ ဘာပွင့်စပယ်လဲ. . . စပယ်,မကလို့ နှင်းဆီတွေ၊ ဂန္ဓမာတွေ၊ သစ္စာပန်းတွေဖြစ်ဖြစ် သူဂရုမစိုက်ပါ။ သူတို့တွေ ဘယ်လောက်ပဲလှလှ သူမျက်စိထဲမှာ ဖြူလေးလောက် ဘယ်သူမှလှမှာမဟုတ်ဘဲ။ ရာဇဝင်ထဲက ကယ်လယ်ယိုပက်ထရာဘုရင်မပဲလာလာ၊ ဒီနှစ်ရတဲ့ Miss Universe (မယ်စကြဝဠာ)ပဲလာလာ၊ အဘယ်မျှချောချောလှလှ၊ သူ့ရင်ထဲကနှလုံးသားကို ဖမ်းဆုပ်ကိုင်လှုပ်နိုင်စွမ်းတွေရှိမှာမဟုတ်တာလေ။ နှလုံးသားရဲ့ပလ္လင်ထက်မှာ ထိုင်ခွင့်ရှိသူက 'ရွှေချိုးဖြူ' ဆိုတဲ့ဖြူလေးတစ်ဦးတည်းသာ ရှိနေတာအမှန်ပါပဲ။

"ဘာလဲ. . . မင်းအဖေက ဟိုနိုင်ငံခြားကပြန်လာတဲ့အန်တီနဲ့ ယူတော့မယ် ပြောလိုက်လို့လား"

"အဲဒီလိုပြောလိုက်ရင်တောင် ဒီလောက်ထိညစ်စရာမလိုဘူးရဲခေါင်ရေ၊ အန်တီသီတာ့ကို အစက ဖေဖေနဲ့စိတ်ပူမိသေးတယ်၊ ဒါပေမဲ့ ဒါစိတ်ပူသလိုဖြစ်လာမှာမဟုတ်တော့ဘူး။ 'သိပ်ထက်တဲ့မိန်းမတွေဟာ ဘယ်ယောကျ်ားကိုမှအားမကိုးဘူး' ဆိုတဲ့စကားဟာအမှန်ပဲ၊ တကယ်လို့ ဖေဖေပါသဘောကျလို့ ယူဖြစ်ကြရင်တောင်မှ ငါမကန့်ကွက်ဘူးကွ။ အန်တီသီတာက ရုပ်ရည်ရော၊ ပညာနဲ့ဉာဏ်ပါမကာ ဉာဏ်စွမ်းဗဟုသုတပြည့်ဝနေတဲ့မိန်းမမြတ်တစ်ယောက်ဖြစ်နေလို့ပဲ"

"ဒါဖြင့် ခုဟာက ဘာကိစ္စလဲ"

"ငါ့ကို မိန်းမရှာပေးတဲ့ကိစ္စ"

"ဘာ! ဟားဟားဟားဟား. . . ငါက ဘာများလဲလို့၊ အဖေပဲကွ. . . သားအတွက်ရည်ရွယ်ပြီး မိန်းမရှာပေးတာကို မင်းက စိတ်ဆိုးစရာလား"

သူ့ကိုလှောင်ပြီးရယ်နေသည့်ရဲခေါင်ကို အမြင်ကပ်စွာဖြင့် ကြည့်လိုက်မိ၏၊ သူ့လိုဒုက္ခမျိုးမကြုံရလို့ ဒီကောင် လှောင်ရယ်ရယ်နိုင်တာပေါ့လေ။ မင်းအလှည့်ကျမှ ငါ ကောင်းကောင်းကြီးပြန်လှောင်ပြမယ်





ရဲခေါင်ရေ။

"ငါ့အမေကတောင် ပြောနေသေးတယ် စည်သူရ"

"ဘာတဲ့လဲ"

"သားရော ဂျိုးဂျိုးကိုသဘောမကျဘူးလားတဲ့"

"ဘာ! "

"အမေကတော့ သားနဲ့သဘောတူတယ်တဲ့၊ သားသာနှစ်သက်ရင် အမေလိုက်တောင်းပေး. . . ပေး"

သူ စုန်းခနဲထရပ်ကာ ရဲခေါင်လည်ပင်းကိုညှစ်တော့ အလုပ်သမားတွေရယ်သံက အုန်းခနဲ။ ရဲခေါင်က သူ့လက်တို့ကိုဆွဲဖြုတ်ကာ ချက်လုံးပြူးဖြင့်အော်လေ၏။

"ဟေ့ကောင်စည်သူ၊ အဲဒါ အမေပြောတာလေကွာ။ ငါ, မိဂျိုးကိုကြိုက်တယ်တစ်ခွန်းပြောမိလို့လား"

"ရမလား. . . မင်းအမေ သဘောတူတယ်ဆိုတာကို သဘောကျပြီး ငါ့ကိုဖွင့်ပြောတာလေ။ မင်းတော့လား. . . ဖြူလေးကိုတော့ ရည်မှန်းမယ်မထင်နဲ့၊ ငါ့လက်ချက်နဲ့ ဘယ်အပေါက်က အသက်ထွက်ရမလဲဆိုတာပဲ မင်းစဉ်းစားထား. . . သေဦးမယ်"

"အဟွတ်! အဟွတ်! အား. . . မင်းတကယ်လုပ်တာပဲကွာ၊ ငါ မိန်းမမရသေးဘဲ မသေပါရစေနဲ့ဦး"

"အေး. . . မင်း မိန်းမယူရင် ကြိုက်တာရာယူ၊ ငါ့ဖြူလေးကိုတော့ အိပ်မက်ထဲမှတောင် ယောင်ပြီးမတွေ့လေနဲ့၊ ငါက အိပ်မက်ထဲလိုက်ပြီး မင်းကိုသတ်မှာ. . . မယုံမရှိနဲ့"

"အေးပါ. . . ငါ့ကို အဝသာပြောထား၊ အဲဒီလိုစကားမျိုး မင်းအမေ မင်းကိုပြောမှ ထိုင်မငိုလေနဲ့။ ငါက မင်းပြိုင်ဘက်မဟုတ်ဘူးစည်သူရေ။ မင်း မိဂျိုးကို ငွေဆယ်သိန်းအလိုက်ပေးမယ်ဆိုတာတောင် မကြိုက်ရေးချမကြိုက်ဘဲ။ သူ့ကိုမြင်တာနဲ့ ခေါင်းထဲကပဲ ကိုက်ချင်လာသလိုလို ပါးတွေပဲ ယားကျိကျိဖြစ်လာသလိုလို၊ တစ်ကိုယ်လုံးပဲ ထပေစ်



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုက်လာသလိုဖြစ်လာတတ်တာနဲ့ ကြောက်လွန်းလို့ဝေးဝေးကရှောင်ပါတယ်''

''အောင်မာ. . . မင်းကပဲ ပြောရတယ်ရှိသေး၊ မင်းရုပ်ကိုများ ဖြူလေးက သဘောကျမယ်ထင်နေလား၊ ဆယ်သိန်းတောင်အလိုက်ကပေးဦးမယ်၊ ငါ့ဖြူလေးကိုများ ရောင်းမကုန်တဲ့ Expire Date Product (သက်တမ်းကုန်ပြီးသည့်ပစ္စည်း)များ ထင်နေသလား၊ ငါ့လိုလူမျိုးပဲကြိုက်မှာဖွဲ့၊ ဥစ္စာပေါ၊ ရုပ်ချော၊ သဘောကောင်းမနော၊ဖြူ စိတ်ထားလှတဲ့ကောင်လေးမျိုး. ရှာကြည့်၊ တစ်ရာမှာ ငါတစ်ယောက်တည်းပဲရှိမယ်''

''ရူးပြီကွာ. . . ရှမ်းကြိုက်မှ နွားချောမှာပါကွ''

''ကြည့်စမ်း! မင်း ငါ့ကိုနွားနဲ့နှိုင်းပြန်ပြီ''

''သဘောပြောတာပါကွ၊ မင်းကလည်း. . . နည်းနည်းလေးမှ သည်းမခံဘူး။ ဒီလောက် သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးကို''

''မရဘူး. . . တခြားကိစ္စဆို ငါ သည်းခံနိုင်သလောက် သည်းခံမယ်၊ ဖြူလေးနဲ့ပတ်သက်လာလို့ကတော့ ကမ္ဘာစစ်ဖြစ်တဲ့အထိ စစ်ကြေငြာပြီသာမှတ်! ''

''ဟိုက မင်းကိုကြိုက်ဦးမှကို။ တစ်ယောက်တည်း စိတ်ကူးတွေ ယဉ်မနေနဲ့၊ မိကျိုးအသည်းက မာတာမှ ဒေါင်ဒေါင်နဲ့မြည်နေသေးတယ်''

''အံမာ! 'ဒေါင်ဒေါင်မြည်တဲ့အသည်း'ဆိုတာ အန့်တီဝါ (ဖါဖါဝင်းရွှေ)ရဲ့ ရုပ်ရှင်ကားနာမည်ပဲရှိတာ၊ ငါ့ကိုလာဖြမချောက်နဲ့၊ မကြောက်ဘူး. . . လုံးဝပဲ''

သူက အနိုင်ပိုင်းပြောကာ စာရင်းစာအုပ်တွေကို ယူစစ်နေလိုက်ပါ၏။ အသည်းသိပ်မာတယ်တဲ့လား ဖြူလေးရယ်။ ကိုယ်နဲ့ပတ်သက်ရင်တော့ ဒီလောက်ထိမမာပါနဲ့လား မာနလေး တစ်ထစ်လောက်တော့ လျှော့ထားပေးပါလို့ ကြိုတင်တောင်းပန်ပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ အချစ်မှာ 'မာန'ဆိုတာ ရှိမနေလို့ပါပဲ။





အန့်တီသီတာပြောသလိုမျိုး ဖြူလေးက သုညဘဝလေးမှာပဲ ရှိနေစေဦးတော့ အဲဒီသုညလေးကိုတန်ဖိုးရှိလာအောင် ကိုယ်စွမ်းဆောင်ပေးမှာပါ။ Zero ဆိုတာ သူ့ချည်းသက်သက်တော့ ဘာတန်ဖိုးမှမရှိပေမယ့် ကိန်းဂဏန်းတွေရဲ့နောက်မှာထားရင် တန်ဖိုးမြင့်သွားတာပဲမဟုတ်လား၊ ဒါဆိုရင် အဲဒီ Zero ဆိုတဲ့ ဖြူလေးရှေ့က ကိန်းဂဏန်းလေးပဲ ကိုယ်ဖြစ်ပါ့မယ်။ ပြီးတော့ အဲဒီ Zero ကို ဘယ်ကိန်းဂဏန်းတွေရဲ့ အပေါ်မှာမဆို Power အဖြစ်တင်ပေးလိုက်ရင် One ဆိုတဲ့ တန်ဖိုးကြီးဂဏန်းတစ်ခု ဖြစ်သွားတာပဲမဟုတ်လား။ ဒါဆိုရင် အဲဒီ Power, Zero လေးကိုမြှင့်တင်ပေးမယ့် Base Number လေးအဖြစ်ကို ကိုယ်ရပ်တည်ပေးမှာအမှန်ပါကွယ်။

ဘဝဆိုတာ အစဉ်အမြဲနိမ့်နေတာမျိုးမဟုတ်ပါဘူး၊ အစဉ်မပြတ်ကြိုးစားနေသူတိုင်းအတွက် အခွင့်ကောင်းဆိုတာတွေက တစ်ကြိမ်မဟုတ်တစ်ကြိမ်ရောက်လာတတ်ကြပါတယ်။ နိမ့်တစ်ခါ မြင့်တစ်လှည့်ဆိုတဲ့ ဆိုရိုးလုံးလေးတွေလိုပဲ ဘဝဆိုတာမှာလည်း အတက်အကျဆိုတာတွေ ရှိတတ်စမြဲပါ။ 'တက်မရရင် လက်နဲ့လှော်'ဆိုတဲ့စကားပုံက အလကားနေတာမှမဟုတ်ဘဲ၊ ဘဝတိုက်ပွဲကို လွယ်လွယ်နဲ့အရှုံးမပေးတတ်တဲ့လူသားတွေအတွက် ခွန်အားဖြစ်တည်စေတဲ့စကားလုံးတွေပဲမဟုတ်လား၊

ကောင်းပြီလေ. . . ဖြူလေးရဲ့ဘဝလှေလေးကို ထောက်ပံ့ကူညီပေးမယ့် 'လှော်တက်'လေးလိုနေရာမှာ ကိုယ်ရှိနေပါရစေ။ မျှော်လင့်ချက်ကြီးနဲ့ မြင့်မားလာစေဖို့ ကောင်းကင်ထက်မော့ကြည့်ပြီး တက်လာမယ့် ဖြူလေးရဲ့ဘဝသစ်ပင်လေး ရှင်သန်စေဖို့အတွက် 'ရေသောက်မြစ်'လေးနေရာမှာ ကိုယ်နေခွင့်ရချင်ပါတယ်။ ယုံပါ. . . ဟိုးရှေးရှေးခေတ်ကတုန်းက 'ဓါတုကလျာ'မင်းသမီးကို ချစ်သဝဏ်လွှာတွေ ပို့ခဲ့လေ့ရှိတဲ့ 'ဆော်သျှင်နောင်'မင်းသားလေးလို စကားလုံးတွေ ကြွယ်ဝနေမှာမဟုတ်ပေမယ့်။ သို့သော် ရင်ထဲက စစ်မှန်တဲ့မေတ္တာတွေကတော့ ရာဇဝင်ထဲက မင်းသားတွေနဲ့ ထပ်တူထပ်မျှရှိနေမှာအမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'သိဝိ'မင်းကြီးက 'ဥမ္မာဒန္တီ'မင်းသမီးကိုမြင်ပြီး ရူးချင်ချင်ဖြစ်သွားရသလို 'ကယ်လယ်ပိုပက်ထရာ'ဘုရင်မရဲ့အလှကြောင့် ဒုးထောက်ခစားသွားရတဲ့သူရဲကောင်း'ဂျူးလိယက်ဆီဇာ'လို မင်းကိုမြင်မြင်ချင်းအရူးအမူးစွဲလန်းမြတ်နိုးခဲ့မိတာကို ဝန်ခံပါတယ်လေ။ 'အချစ်'ဆိုတာလူတွေကို ရူးသွပ်စေနိုင်တယ်၊ မူးယစ်စေနိုင်တယ်၊ ရှင်သန်စေနိုင်သလိုသေဆုံးစေနိုင်တဲ့လောကရဲ့'ကျိန်စာ'တစ်ခုဆိုခဲ့ရင်တောင်မှ အဲဒီကျိန်စာကို လှလှပပကြီး ရင်ခွင်ထဲပိုက်ကာ ခံယူလိုက်ချင်တာအမှန်ပါပဲ။

ဩော်, နှလုံးသားရဲ့ပလ္လင်ထက်က ထာဝရခံစားခွင့်ရတဲ့ကိုယ့်ဘုရင်မလေး 'ရွှေချိုးဖြူ'ရယ်...

"မင်း ဟိုနေ့က ပြောဖြစ်လား"

"ဘာကိုလဲ"

"မိဂျူးကိုပြောမယ်ဆိုတာလေ"

"အင်း, ပြောဖို့ကြံရွယ်ထားတာပဲ၊ သူ့ရှေ့လည်းရောက်ရောသတ္တိတွေဘယ်ရောက်ကုန်လဲမသိဘဲ စကားလုံးတွေက လည်ချောင်းထမှာ တစ်သွားရော၊ အဲဒါနဲ့ပဲ လစ်ပြန်လာခဲ့ရတာ အကြိမ်ပေါင်းမနည်းတော့ဘူး"

"ဟားဟားဟား.... သူ့လက်ချက်မိမှာစိုးလို့ဆိုတာလည်း ဝန်ခံဦးမှပေါ့ကွ"

"အေး...အဲဒီနေ့က ငါ့လက်မောင်းကို Steel ချိုင့်စာကျွေးလိုက်သေးတာ အိစလံဝေသွားတာပဲ"

"ဟုတ်လား...ဘာလို့တီးလိုက်တာလဲ"

"အဲဒါ မင်းကြောင့်ဖြစ်တာ"

"ငါ့ကြောင့်! ဟုတ်လား"

"အေး..."

"နေစမ်းပါဦး...မင်းတို့ကိစ္စမှာ ငါနဲ့ဘာများပတ်သက်နေလို့လဲ"





"သူက ငါ့အကြောင်းစစ်ဆေးရင်း မင်းကို ဘာရာထူးလဲလို့မေးတယ်လေ။ ငါကလည်း သူ မင်းကိုစိတ်ဝင်စားနေသလားလို့ထင်ပြီးပါးစပ်ကလွှတ်ခနဲထွက်သွားမိတာနဲ့ သူက နှာကစ်ပြီး တီးလိုက်တာလက်က မြန်မှမြန်ပဲ၊ ဒီလောက်သတိထားပြီး ရှောင်နေတာတောင် ဖေါက်ခနဲမြည်သွားတာ"

"ကောင်းတယ်...နည်းတောင်နည်းသေးတယ်၊ မင်း ၂ ဝင်တာ ငါ့ကိုမှကိုး"

"ငါလည်း သေချာအောင်မေးလိုက်မိတာကိုးကွ။ တော်သေးတယ်...တစ်ရပ်ကွက်တည်း မောင်နှမလိုခင်တာဆိုမှ ရင်ဝက အလုံးကြီး ဒုန်းခနဲပြုတ်ကျသွားတော့တာ။ အဲဒါမှ ငါ့ရဲ့ Freedom of belief (လွတ်လပ်စွာယုံကြည်မှု) က သက်သက်သာသာဖြစ်သွားရတာလေ"

"သွားပြီ...ရူးတာတောင် ယဉ်ယဉ်လေးရူးတာမျိုးမဟုတ်ဘူးသွက်သွက်ခါအောင်ရူးသွပ်တဲ့ အရူးအနှမ်းမျိုး။ ကုသဖို့ဆေး နတ္ထိပေးပဲ"

သူ ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိ၏။ ကိုယ့်ကို အရူးဆိုပြီး နှိပ်ကွပ်နေပြီ ဖြူလေးရဲ့။ မင်းကရော ဘယ်လိုမြင်မှာလဲ။ အရူးဆိုရင်တောင်မှ ရဲခေါင်ပြောသလိုမျိုး စိတ္တဇအရူးမျိုးမဖြစ်နိုင်ပါဘူးနော်။ မသကာ...'အချစ်ရူး'ဆိုရင်တောင်မှ ဟုတ်တုတ်တုတ်ရှိသေးတယ်။ မဟုတ်ဘူးလား...

"ငါမရူးသေးပါဘူး၊ ဖြူလေးဆီက အဖြေရပြီးမှပဲ ပျော်လို့ရူးချင်ရူးပါလေ့စေတော့"

"ငါတော့ No လို့ပဲထင်တယ်"

"မင်းကြီးဒေါ်ကြီးပဲ No... ငါကတော့ Yes ပဲ၊ yes တောင်မှ ရိုးရိုး Yes မျိုးမဟုတ်ဘူး။ Alternately Yes, Absolutely Yes ကွာ..."



www.burmeseclassic.com

www.burmeseclassic.com



''ဖိုးကျော်ရေ့ ဘယ်ကားကောင်းပြီလဲ''

''ဗျာ! ''

''ကောင်းတဲ့ကား မြန်မြန်ထုတ်လာခဲ့''

''ဘာလုပ်မလို့လဲ အစ်ကို''

''မင်းတို့သူဌေးကို စိတ်ကူးယဉ်ဆေးရုံလိုက်ပို့ပေးမလို့ကွ''

''ခွေးနာ့ ရဲခေါင်''

ရယ်သံတွေက အတောမသတ်။ သူ ရဲခေါင်လက်မောင်းကို ခပ်နာနာပင် လှမ်းထိုးလိုက်မိလေ၏။ မနက်ဖြန် အန်တီသီတာနဲ့ ဘုရားသွားရမယ် ဖြူလေးရဲ့။ ဖြူလေးသာ ကိုယ်နဲ့အတူလိုက်ရင် ဘယ်လောက်များကောင်းလိုက်မလဲနော်။

'ဘုရားသွား၊ ကျောင်းတက်အတူတူ' ဆိုတဲ့စကားလိုပဲ နှစ်ယောက်အတူ လက်ချင်းချိတ်ပြီး ဘုရားဖူးခွင့်ရရင် ဘယ်လောက်များကောင်းလိုက်မလဲ။ ရေသပ္ပာယ်လည်းအတူတူ၊ မီးပူဇော်လည်းအတူတူ၊ ပန်းကပ်လှူရင်လည်းအတူတူ၊ ပြီးတော့ ဘုရားရှိခိုးပြီး ဆုတောင်းတော့လည်း အတူတူပေါ့နော်။

အင်း. . . ဖြူလေးနဲ့ အန်တီသီတာ့ကိုတွေ့ပေးပြီး မိတ်ဆက်ပေးရဦးမယ်။ ဒါမှ ဖြူလေးကိုမြင်ပြီး သဘောကျသွားမှာလေ။ ပြီးတော့ ဖေဖေ့ကို ကိုယ်နဲ့ဖြူလေးတို့အတွက် သဘောတူစေဖို့ ဝိုင်းကူပြီး ပြောပေးနိုင်မှာကို။ ဟုတ်တယ်. . . ဒါအကောင်းဆုံးနည်းလမ်းတစ်ခုပဲဟုတ်လား။

အချစ်ချင်းတူခဲ့ပါလျက် ပေါင်းဖက်ခွင့်မရခဲ့တဲ့မေမေတို့ချစ်သူနှစ်ဦးလိုမျိုး ကိုယ်တို့အဖြစ်မခံပါရစေနဲ့။ မေမေ့နှလုံးသားကို အပိုင်စားရခဲ့ပါလျက် သူတစ်ပါးလက်ထဲပြန်ထည့်ပေးလိုက်ရတဲ့ အတိတ်မှ 'ကျော်' လိုမျိုးလည်း အသည်းကွဲမခံပါရစေနဲ့။

ရာဇဝင်ထဲက 'ရှင်မွေ့လွန်း'နဲ့ 'မင်းနန္ဒာ'လို၊ 'မယ်အိုဇာ'နဲ့ 'ဗျတ္တ'လို၊ 'Julius' နဲ့ 'Romeo' လို၊ 'သီတာဒေဝီ'နဲ့ 'မင်း[illegible]'လို





ပေါင်းစည်းခွင့်မရဘဲ သေခြင်းနဲ့ခွဲခွာခဲ့ရသလိုအဖြစ်ဆိုးမျိုးနဲ့လည်း မကွဲကွာပါရစေနဲ့နော်။

'မြစ်ရော'အစဉ်မပြတ်စီးဆင်းနေသလိုမျိုး ကိုယ်တို့ချစ်ခြင်းတွေ အမြဲစီးဆင်းခွင့်ရနေပါစေ။ 'ရိုးမတောင်တန်းကြီး'လိုမျိုး ကိုယ်တို့ရဲ့ချစ်ခြင်းတွေ အမြဲတည်တံ့ခွင့်ရပါရစေ။ 'အမြဲစိမ်းသစ်တောကြီး'လိုမျိုး ကိုယ်တို့ရဲ့ချစ်ခြင်းတွေ အမြဲတမ်းစိမ်းစိုလန်းဆန်းနေပါစေ။ 'ရေခဲမြစ်'လိုပဲ ကိုယ်တို့ရဲ့မေတ္တာတွေ အစဉ်အမြဲအေးမြကြည်လင်နေပါစေ။ ကောင်းကင်ထက် တစ်လှည့်စီရှိနေလေ့ရှိတဲ့'နေ'နဲ့'လ'လိုမျိုး ကိုယ်တို့ချစ်ခြင်းတွေ အမြဲတမ်းရှိနေပါရစေလား. . .

'ကမ္ဘာတည်သရွေ့'ဆိုတာတွေနဲ့ မတင်စားလိုပါဘူး ဖြူလေးရယ်။ ကိုယ်အသက်ရှင်နေသမျှကာလပတ်လုံး ချစ်နေပါရစေ။ ကိုယ့်ဘဝရဲ့နောက်ဆုံးထွက်သက်ထိ ဖြူလေးကိုချစ်သွားမှာပါ။ ကိုယ့်ဆံပင်တွေဖြူပြီး သွားတွေကျိုးတဲ့အထိ မဟောင်းနွမ်းတဲ့ချစ်ခြင်းတွေနဲ့ မယိုင်မလဲချစ်သွားမယ်ဆိုတာကို အသက်နဲ့ထပ်တူသက်သေပြုပြီး ပြောပြချင်တာအမှန်ပါကွာ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

Sunday မို့ Company လည်း မသွားရ၊ Workshop လည်း မသွားဖြစ်တာမို့ အိပ်ရာထဲ သူဆက်နှပ်နေမိ၏။ စားပွဲတင်နာရီမှ မနက်ခြောက်နာရီ Alum မြည်သံကြားပေမယ့် မျက်လုံးတွေကို မွှင့်မိသေး။ အန်တီသီတာ ဘုရားလိုက်ပို့နိုင်းထားတာမှန်ပေမယ့် မနက်ထား ညနေလား သေချာပြောမထားတာမို့ အပျင်းတက်နေမိလေ၏။

"ဒေါက်! ဒေါက်! "

ကျွတ်! တံခါးကို LOCK ချမထားပါဘဲ ဘယ်သူများ လာခေါက်နေပါသလဲ။ အန်တီများလား. . . မဖြစ်နိုင်ပါဘူး။ အန်တီသီတာက သူ့ဘယ်စဉ်ကတည်းက သူ့အခန်းထဲမကြာခဏဝင်လာတတ်သည့်သူပဲ၊

"ဒေါက်! ဒေါက်! "

ဟော. . . ခေါက်ပြန်ပြီ၊ ပျင်းလို့မထချင်ပါဘူးဆိုနေမှပဲ၊ မထထူးကွာ. . . ညကမိုးရွာထားတာမို့ ချမ်းစိမ့်စိမ့်အရသာလေးခံစား မိုး



www.burmeseclassic.com

www.burmeseclassic.com



လေးရှုပြီး နှုပ်နေတဲ့ဟာကို။ ဇိမ်ပျက်တယ်. . . မထရေးချမထဘဲ။

"ဒုန်း! ဒုန်း! "

"ဟိုကောင်စည်သူခန့် ဒါ ဒီလောက်တံခါးခေါက်နေတာတောင် မကြားဘူးလားကွ။ မင်းနားပင်းနေပြီလား။ (– – –)ထဲ ဆင်ဝင်တာတော နိုးမယ်မထင်ဘူး။ ဟေ့ကောင်. . ."

Morning song က အတော့်ကိုစည်းချက်ညီနေပါလား။ ဒ တိုင်းဆို အခန်းထဲဝင်လာပြီး ပြတင်းပေါက်ကိုအသာလေးဖွင့်၊ ပြီးရင် သူ့မျက်နှာကိုငုံ့ကြည့်ပြီး ခြုံထားသည့်စောင်ကိုဆွဲခွာ နှုတ်ဆက်လေ့ရှိသည် မွေးသဖခင်ကျေးဇူးရှင် Father ကြီးရဲ့ငြိမ့်ငြိမ့်ညောင်းညောင်းနိုးသံတ လေ။

ဒါကို သားကိုစိတ်ကောက်ပြီး Boycott (သပိတ်မှောက်)လု တဲ့သဘောပေါ့။ ကြည်ကြည်သာသာလာမနိုးချင်ဘဲ မဖြစ်တဲ့အဆုံး ထားတဲ့တံခါးကိုအသံမြည်အောင်လာလုပ်ပြီး နိုးတာပေါ့လေ။ ရမလာ ဖေဖေရဲ့ စည်သူခန့်ဆိုတာ ဦးမောင်မောင်ခန့်ကိုယ်တိုင်မွေးထားတဲ့ ခေါ ခပ်မာမာတစ်ဦးတည်းသောသားလေ။ ဖေဖေ Lesson ပေးတာလော ကတော့ စည်သူခန့်အတွက် Easy အပျော့လေးပါပဲ။

"ဒုန်း! ဒုန်း! "

"စည်သူ"

"အမယ်လေး ကိုမောင်ရယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး ဒီကောင့်ကိုနိုးနေတာ"

"တံခါး Lock ချထားလို့လား"

"မချပါဘူး"

"ဒါဆိုလည်း အထဲဝင်ပြီးမှ အသာနိုးပေါ့။ ဘယ့်နှယ် အ မြည်အောင် ထုနိုးနေရတာလဲ။ လန့်လိုက်တာ"

"ဒီကောင် ဘုရားလိုက်ပို့မယ်ဆိုပြီး အပျင်းထူနေလို့ နိုးရ လေ။ ကိုယ်သိပ်စကားမပြောချင်ဘူး"





"အမယ်လေးနော်၊ ရှိတာမှ ဒီသားအဖလေးနှစ်ယောက်တည်း သူကပဲ စိတ်ကောက်ရတယ်ရှိသေး၊ အိပ်ပါစေပေါ့ ကိုမောင်ရယ်။ ဘာဖြစ်လဲ. . . ဖြည်းဖြည်းဆေးဆေးပဲ နိုးမှသွားရင်လည်း ဖြစ်တာကို"

"ကိုယ် မကောက်ပါဘူး။ သူ ကောက်နေတာ၊ ဟင်း! ဒင်းက အဖေကိုမာနထားပြီး စကားမပြောဘဲရှောင်နေတာ ဘယ်နှရက်ရှိပြီ နေမြင့်သွားရင် ဘုရားမှာ ခြေထောက်ပူမှာစိုးလို့ စောစောသွားစေ ချင်တာ၊ ခုထိမထသေးဘူး။ Lazy Bone "

"ကိုမောင့်သားက ဆယ်နှစ်သားမှမဟုတ်တော့ဘဲ၊ ခြေထောက် ကို စိုးရိမ်နေသေး. . ."

"မဟုတ်ပါဘူး"

"မဟုတ်ရင်လည်း ဖယ်ပေး၊ သီတာ ဝင်ကြည့်ပေးမယ်"

"နေနေ. . . ကိုယ်ပဲဝင်နိုးလိုက်မယ်။ ဒီကောင်တော့လား"

"ပြောတော့ စကားမပြောချင်ဘူးဆို။ သူ့သားဒီအရွယ်ကြီးကို ချိပြီး ခေါ်သွားမှာကျနေတာပဲ။ လွန်ကိုလွန်လွန်းတယ်"

သူပြုံးလိုက်မိ၏။ ဖေဖေနဲ့စကားမပြောဖြစ်တာ နှစ်ရက်လား၊ သးတာလေ။ တမင်စကားမပြောတာမျိုးမဟုတ်ဘဲ မနက်စောစော Workshop ကိုထွက်တာမို့ Breakfast ဝိုင်းမှာ မဆုံဖြစ်။ ညနေ တော့လည်း သူက မှောင်မှပြန်လာသလို ဖေဖေကလည်း Dinner ဆက်နေတာမို့ နှစ်ယောက်သားမဆုံအောင် တမင်ရှောင်သလိုဖြစ် ဘာကို၊ ဒါကို သူစိတ်ကောက်ပြီး စကားမပြောတာလို့ စွပ်စွဲရတယ် အသက် (၄၅)နှစ်ကျော်အရွယ်ကြီးဖြစ်နေတာတောင် သားကို ကောက်တဲ့အဖေမျိုး ကြုံဖူးကြပါသလား၊ သူ့အဖေက တကယ်စိတ် တတ်တဲ့လူကြီးလေ။

ခုလည်းကြည့်. . . သားနဲ့စကားမပြောရတာမို့ စိတ်ထဲမကျေ ပြစ်ပြီး လာခေါ်နေချေပြီ၊ တကယ်ခွကျတဲ့အဘိုးကြီးပါပဲလား၊ မရှိ ပြဿနာရှာကြံပြီး လာတာပဲကြည့်၊ သူ တေပေအိပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုဆက်ပြီး လုပ်မလဲလို့လေ။

"ဟော့ကောင်! အဂ်္ဂါသား"

လာတယ်,လာတယ် . . . ချစ်လွန်းလို့ ကိုယ်တိုင်ပေးထားတဲ့ နာမည်ကိုတောင် မခေါ်ချင်တော့တဲ့သဘောနဲ့ပေါ့လေ။ ခေါ်ပေါ့. . . ကြိုက် သလိုသာခေါ်လိုက်။ ကျွန်တော်ကတော့ ဘေးနားမှာ Nuclear Bomb (နယူကလီယဗုံး) လာဖောက်တောင် ဒီမျက်စိနှစ်လုံးကို လုံးဝမဖွင့်ဘူး ကွ။

"ဟိုကောင် ဖိုးကောက်"

"အာ. . . နာညည်းတယ်ဗျာ"

"ဘာနာညည်းတာလဲ၊ အခုပဲ ခြောက်နာရီကျော်နေပြီ၊ ခုထိ မထသေးဘူး။ ဒီအချိန်မှဘုရားမတက်ရင် ဘယ်အချိန်တက်မှာလဲ၊ နေ ထွက်လာရင် ခြေထောက်တွေ ပူကုန်မှာပေါ့။ အလုပ်တစ်ခုလုပ်တယ်ဆို ရင် ဘာမှကြိုကြိုတင်တင်စီစဉ်မထားဘူး။ ယောကျ်ားလေးဆိုတာ အမြဲ သန်မာဖျတ်လတ်တက်ကြွနေရတယ်ကွ၊ ဘယ်အလုပ်မဆို ကြိုတင်စဉ်း စားပြီး လုပ်တတ်ရင် ဘဝမှာ ဘယ်တော့မှအရှုံးနဲ့ကြုံစရာအကြောင်းမရှိ ဘူး၊ ဒီသေးသေးမွှားမွှားကိစ္စလေးကိုမှ မစီစဉ်တတ်ရင် မင်း အိမ်ထောင် နဲ့မင်းကျ ဘယ်လိုဦးဆောင်နိုင်မှာလဲ။ ယောကျ်ားဆိုတာ အိမ်ထောင်ကို ဦးစီးဦးဆောင်လုပ်နိုင်ရတဲ့ဦးစီးမှူးကွ"

"ညနေမှသွားလည်းဖြစ်တာပဲ ဖေဖေရာ၊ စောစောစီးစီး ပွစိ ပွစိနဲ့ မိန်းမကြီးကျနေတာပဲ။ နတ်သဘင်အစည်းအဝေးသွားတက်တဲ့ ဖေဖေ့ကိုယ်စောင့်နတ်ကြီးကိုလည်း အားနာပါဦး"

"ဘာကွ! မင်းလိုမိုးလင်းတာတောင် အသေကောင်လိုနေနေ တဲ့ကောင်ရဲ့ ကိုယ်စောင့်နတ်ကိုပဲ အားနာ၊ ငါ့ကိုလာဆွဲမထည့်နဲ့၊ ညနေ ဆိုတာ တစ်မနက်လုံးပူထားတဲ့နေအပူရှိန်နဲ့ ကျောက်ပြားတွေမှာ အပူရှိန် ကျန်ပြီး ပူနေဦးမှာပဲ။ မရဘူး, ခုမနက်ပဲသွား. . . မင်းဘယ်လိုကောင် လဲကွ။ မောင်မောင်ခန့်ရဲ့သားဖြစ်ပြီး အလုပ်ကို အီလေးဆွဲပြီးလုပ်ချင်





ရလား။ ခုချက်ချင်းထ! ဒါပဲ"

ခုကျ မောင်မောင်ခန့်သားဆိုပဲ။ သူ ပြုံးစိစိဖြစ်သွားပြီး အိပ် ရာထဲမှာ ထထိုင်လိုက်ပါ၏။ သူ့ကို ခါးထောက်ပြီး စိုက်ကြည့်နေသည့် ဖေဖေ့ကိုမော့ကြည့်လိုက်တော့ လမ်းလျှောက်ပြီး ပြန်လာသည့်ပုံဖြင့် ရှိုး စမိုးအပြည့်နဲ့ပါလေ။

"ခြေထောက်ပူမှာစိုးရိမ်တာ ကျွန်တော့်ကိုလား"

"အောင်မာ"

"ဒါဖြင့် အန်တီသီတာ့ကိုပေါ့။ ဒါဆိုလည်း ပြန်အိပ်ဦးမယ် ဖေဖေရာ"

"ဟော့ကောင်, ထစမ်း! ထစမ်း! ဖအေကို မင်းဘယ်လိုပြော လိုက်တာလဲ"

"ဖေဖေပဲ အန်တီ့ကို ခြေထောက်ပူမှာစိုးရိမ်လို့ဆို"

"ဟော့ကောင်, တိုးတိုးပြောကွ၊ သီတာ နိုးနေပြီ၊ တော်ကြာ ကြားသွားလို့မကောင်းဘူး"

"မကောင်းဘူးလား. . . ကျွန်တော်ကတော့ ကောင်းတယ်လို့ ထင်တာပဲ၊ ဒါမှ ဖေဖေကိုယ်တိုင်မပြောရဘဲ နားဖောက်ပြီးသားဖြစ်သွား တာပေါ့။ မဟုတ်ဘူးလား"

"စည်သူ, မင်း အတော်မိတ္ထွေးလိုချင်နေလား"

"မလိုချင်ပါဘူး၊ ဖေဖေသာ Another Wife လိုချင်မလာ ဒါစေနဲ့၊ အန်တီသီတာ့ကိုယူရင်တော့ အရှုံးမရှိပါဘူး၊ အန်တီက တစ်ခါ နှလက်မထပ်ဖူးသေးတဲ့ Maid (အပျိုကြီး)ပဲဟာ"

"မင်းပါးစပ်ပိတ်တော့နော်.စည်သူ၊ ငါဒေါသမထွက်ချင်ဘူး"

တရှုံးရှုံးဖြစ်လာသည့်ဖေဖေ့ကိုကြည့်ရင်း သူရယ်ချင်လာရပါ ၏ အဲဒါပဲ. . . မကြိုက်တာပြောတာနဲ့ ဖေဖေ့မျက်နှာကြီးနီပြီး ဒေါပွလာ တာလေ။ အဖေကိုစတာနောက်တာ ငရဲကြီးတတ်သလားလို့ သူတစ်ခါ မှမတွေးခဲ့မိဖူးပါ။ ဖေဖေနဲ့ဒီလိုတရင်းတနှီးမစဖြစ်တာ အဘိုးဆုံးကြာ



www.burmeseclassic.com

www.burmeseclassic.com



နေပြီလဲ။

စောင်ကိုဖယ်၍ ခုတင်ပေါ်မှဆင်းလိုက်ပါ၏။ တန်းပေါ်တင်ထားသည့် Towel နှင့် ရေလဲပုဆိုးကိုဆွဲယူကာ Bathroom တံခါးကိုဆွဲဖွင့်၍ သီချင်းတစ်ပုဒ်ကို အော်ဆိုလိုက်မိလေသည်။ ပျော်ချင်လို့ပါဖေဖေရယ်။

"သီတာနေပါဦး ××× သီတာနေပါဦး ××× သီတာရေ သိပ်ချစ်တယ် ××× သိလား ×××"

"ဟိုကောင် စည်သူခန့်"

တဟားဟားအော်ရယ်ကာ ရေချိုးခန်းထဲဝင်သွားသည့်သားကို မမြင်တော့ပါဘဲ မျက်စောင်းလှမ်းခဲလိုက်မိ၏။ ချွေးနှာလေး. . . ဖအေကိုများ သီတာနဲ့လိုက်တွဲစနေရတယ်လို့၊ တော်သေးတာပေါ့. . . သီတာက ပွင့်ပွင့်လင်းလင်းပြောတတ်၊ နေတတ်တာမို့ မျက်နှာပူသက်သာရတာလေ။ နို့မို့ 'ဆင့်' ကို(ခေတ်ပုံကို)အတော်အားနာရမှာမဟုတ်လား။ ဖအေချစ်မှန်းသိလို့ ဒင်းရောင့်တက်နေတာ။ ခေါင်းပေါ်တက်ပြီး ဆံပင်မနှုတ်တာတောင် ကံကောင်း။ မိထွေးမလိုချင်မှန်းသိနေပါလျက် ဒင်းဘက်မဲသာတဲ့သီတာ့ကိုကျ ချစ်ရှာသားပဲ။ ဒါလည်း မင်းဘက်တော်သားမို့မဟုတ်လားစည်သူ။ 'ဆင့်'နေရာမှာ ဘယ်မိန်းမကိုမှ သား အစားထိုးမပေးဘူးဆိုတာကို ဖေဖေသိနေပါတယ်လေ။

စောင်ကိုခေါက်၍ အိပ်ရာခင်းကိုသပ်ရပ်အောင် ဆွဲဆန့်လိုက်၏။ ခေါင်းအုံးနှစ်လုံးနှင့်ဖက်လုံးကို လက်နှင့်အသာရိုက်၍ ဖောင်းကားနေရာတကျထားလိုက်ပါသည်။ စောင်ခေါက်ပြီးသားကို ခုတင်ခြေရင်းဘက်မှာ ကြည့်ကောင်းအောင်တင်ပြီး စားပွဲပေါ်မှာပွနေသည်တို့ကို ရှင်းပေးလိုက်စဉ် စာအုပ်ကြားထဲညှပ်ထားသည့်စာရွက်ဖြူလေး ခေါက်ထားတာကို တွေ့ရသဖြင့် အသာဆွဲထုတ်လိုက်မိ၏။

အံမယ်! မိန်းကလေးတစ်ယောက်ရဲ့မျက်နှာအနီးကပ်ပုံကို ခဲနဲ့လျှောက်ခြစ်ထားတာပါလား။ အောက်နားဆီမှာ ခဲဖြင့် ခပ်နက်နက်လေး





ရေးထားသည့်စာတန်းလေးကို ငုံ့ဖတ်လိုက်မိလေ၏။

You will be my first and last one.

'မင်းသာလျှင် ကိုယ့်ရဲ့အချစ်ဦးနဲ့ နောက်ဆုံးအချစ်ဖြစ်စေရမယ်' တဲ့လား. . .

ဩော်. . . သားရယ်. . .

"ဟာ အဲဒါဘာလုပ်တာလဲဖေဖေရ၊ ကျုပ် ပြဿနာပဲ၊ သူတစ်ပါးလျှို့ဝှက်ချက်ကိုရှာဖွေတာ သူခိုးအလုပ်လေ။ ဖေဖေက သားအဖချင်းကိုဗျာ၊ ဒီလိုလုပ်စရာလား"

"ဘာဖြစ်လဲကွ၊ စာရွက်တွေ့လို့ ယူကြည့်မိတာလေးကို ဖြစ်နေလိုက်တာ။ မင်းစာရွက်က ဘယ်လောက်များတန်ဖိုးရှိလို့လဲ"

"ဖေဖေ့အတွက် စက္ကူသာဖြစ်ပေမယ့် ကျွန်တော့်အတွက်က အသက်ထက်တောင်မှတန်ဖိုးရှိတာဗျ။ ပေးပေး. . . နောက်ဆို အံဆွဲထဲ ထည့်ဖို့မမေ့မှပါပဲ"

"ကြိုးကျယ်ပါ့ကွာ"

သားဖြစ်သူကိုမကျေမနပ်နှင့်ပြောရင်း ကြည့်လိုက်မိ၏။ ပုဆိုးတိုတိုနှင့် ရေစိုခန္ဓာကိုယ်ထက် Towel ကိုခြုံထားသည့်သားငါ့ရင်အုပ်ဟာ သူလူငယ်ဘဝတုန်းကထက်တောင်မှ ပိုကျယ်ပြီး တောင့်တင်းနေတာလေ။ အမေဆီက အချောအလှတွေနဲ့ ဖအေဆီက အရပ်အမောင်းရထားတာမို့ ခုဆို သူ့ထက်တောင်မှမြင့်ချင်ချင်။ သားချောကြီးကိုခပ်ငေးငေး ကြည့်နေမိလေ၏။

"ဟာ! ဘယ်လိုကြီးကြည့်နေတာလဲဗျ၊ ခုကွပါပဲ. . . Please ဖေဖေ. အပြင်ကပဲစောင့်ပေးပါ။ ဒီလိုကြီး ဖေဖေကြည့်နေရင် ကျွန်တော် အဝတ်လဲရမှာမဟုတ်တော့ဘူး"

"ငါ မင်းအဖေပါကွ၊ ဒီလောက်ထိရှက်စရာလား။ ဒါနဲ့များ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကာ ယူဦးမယ်တဲ့။ အပြောက ကြီးပဲ"

"အဲဒီကျ အဲဒီလိုပေါ့ဖေဖေရာ။ ခုလောလောဆယ် အပြင်ကို ထွက်ပေးပါ။ Breakfast ကို ပေါင်မုန့်ကြက်ဥကြော်နဲ့ နို့စိမ့်စိမ့်လေး သားစိတ်ကြိုက်စီစဉ်ပေးထားပါနော်"

"အမ်မာ! ငါ့ကိုများ မင်းရဲ့ခိုင်းဖက်ထင်နေသလား"

"ဖေဖေက သားဖေဖေလေ၊ ဟိုသီချင်းထဲကလိုပဲ ဖေဖေကြီး ××× ဖေဖေကြီး ××× ဖေဖေကြီးကိုချစ်တယ် ×××"

ဇရုတ်သုတ်ခဖြင့် နောက်မှအတင်းဖက်ကာ သူ့ပါးကိုနမ်းရန် ပြင်နေသည့်သားလက်ထဲမှ သူရုန်းထွက်လိုက်ပါ၏။

"ဟော့ကောင်. . . ဟော့ကောင်. . . ကလေးမဟုတ် ဘာမဟုတ်နဲ့ ဖယ်စမ်း! ဒီကောင်တော့လား"

ရုန်းဖယ်လျက် အပြင်ထွက်သွားသည့်ဖေဖေ့ကိုကြည့်ရင်း သူ ရယ်လိုက်မိ၏။ တံခါးကိုပြန်ပိတ်ကာ အောက်ခံ Vest (စွပ်ကျယ်)အဖြူနှင့် Under-pants (အတွင်းခံဘောင်းဘီ)ကို အရင်ဝတ်လိုက်ပါ၏။ Hunger ဖြင့်ချိတ်ထားသည့် Shirt တွေထဲမှ အဖြူလက်ရှည်တစ်ထည်ကို ယူဝတ်လိုက်၏။ ဗီရိုထဲအစီအရီထည့်ထားသည့်ပုဆိုးထပ်တွေထဲမှ အညိုနှင့်အစိမ်းခပ်စိပ်စိပ်အကွက်တစ်ထည်ကိုယူဝတ်ကာ မှန်ရှေ့ရပ်လိုက်ပါသည်။ လက်ပတ်နာရီကိုအရင်ဝတ်ကာ ဆံပင်တွေကို Jell လူး၍ ဖြီးလိုက်၏။ မေမေသိပ်ကြိုက်သည့် Heart to Heart တံဆိပ်ခပ် သင်းသင်းရေမွှေးကို ကော်လံအနီး ဟိုဘက်ဒီဘက်ဆွတ်လိုက်ပါသည်။ မျက်နှာကို Fair and Lovely Cream အသာပွတ်ကာ ပြင်ဆင်ခြင်း ပြီးလေ၏။

ခေါက်ပိုက်ဆံအိတ်ထဲ ပိုက်ဆံထည့်ကာ Notes Book သေးသေးလေးနှင့်အတူ ရုပ်အင်္ကျီအိတ်ကပ်ထဲထည့်၍ အခန်းထဲမှထွက်လာခဲ့ပါ၏။ မိစန်းကို ကတ္တီပါအနက်လေး ပုန်ခါခိုင်းထားပြီးမှ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။





"သားက ပုဆိုးနဲ့ပိုလိုက်သလိုပဲ"

"ဘောင်းဘီနဲ့လည်း လိုက်ပါတယ်သီတာရာ"

"ကိုမောင်ကတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပါပြီ"

"မဟုတ်ပါဘူး. . . သီတာက Singapore မှာ အနေများပြီး အနောက်တိုင်းအလှမျိုး မမြင်တတ်ဘူးလားလို့ပါ"

"အမယ်လေး. . . သီတာက ကိုယ်တိုင်ခေတ်မီမီနဲ့ ဘိုဆန်ဆန် နေချင်နေမယ်၊ ယောကျ်ားလေးတွေကိုကျ မြန်မာဆန်ဆန်ဝတ်စားမှုမျိုးကို ပိုနှစ်သက်လို့ပါနော်။ လူက နိုင်ငံခြားအနေများပေမယ့် စိတ်က ဗမာစစ်စစ်ပါ၊ ဘာမှမပြောင်းလဲဘူး။ ဒါကြောင့် ဘယ်နိုင်ငံမှာမှ Assimilation (နိုင်ငံသားပြောင်းခြင်း) မလုပ်တာပေါ့"

"အဟမ်း! အဟမ်း!"

"ဘာလုပ်တာလဲ"

"ဘာလုပ်လို့လဲ ဖေဖေရ"

"မင်းနော်"

သူ လုပ်ချောင်းသံပေးလိုက်မှန်းသိသည့်မို့ ဖေဖေက ရှုတည်တည်ဖြင့်ကြည့်လေ၏။ အန်တီသီတာကတော့ မသိချင်ယောင်ဆောင်ကာ ပြုံးလိုက်ပါသည်။ ဟုတ်တယ်လေ. . . သူက လူငယ်ဖြစ်ပေမယ့် ပုဆိုးအဝတ်များပြီး ဖေဖေက အနောက်တိုင်းဝတ်စုံ ပိုဝတ်ဖြစ်သည်ကိုး၊ သားကို အဖေထက် ပိုလှတယ်ပြောတာကို မကျေမနပ်ဖြစ်ရတယ်လို့ ဦးမောင်မောင်ခန့်ရယ်။

"နောက်တစ်ပတ် Sunday မှာ Dinner ဖိတ်ထားတာ လိုက်ရမယ် စည်သူ"

"အန်တီရော့ပါလား"

"လာပြန်ပြီ သီတာနဲ့ဘာဆိုင်လို့တုန်း"

"မပြောတတ်ဘူးလေ၊ အန်တီလည်း ကျွန်တော်တို့မိသားစု လိုပဲဟာ၊ သားရေးသမီးရေးဆွေးနွေးစရာရှိရင် အန်တီကမှ ဖေဖေ့ထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးပြေပြေပြစ်ပြစ်ပြောတတ်ဦးမှာလေ''

''မင်းက သားရေးသမီးရေးဆွေးနွေးမှာကို ဘယ်လိုကြိုသိနေရပြန်တာတုန်း စေညီသူ''

''သိရမယ်လေ. . . ဖေဖေ့ရဲ့ချွေးမရှာဖွေခြင်းစီမံကိန်းကြီးကို အနေးနဲ့အမြန်ဆောင်ရွက်မယ်ဆိုတာ သားအဖချင်း မပြောလည်း သိထားပြီးသား''

''အဲဒါ မင်း ရက်အားထားဦး''

''မရဘူး၊ ဒီနေ့လည်း ညနေတစ်ပိုင်းပဲ ဆင်းဖြစ်မှာ၊ နောက်တစ်ပတ်ပျက်လို့မဖြစ်ဘူး၊ ရဲခေါင်တစ်ယောက်တည်း ခေါင်းစားနေပြီ၊ Off ရက်တစ်ရက်မှမရှိရင် ကြာရင် လုံးပါးပါးသွားမှာပေါ့၊ ကျွန်တော့်သူငယ်ချင်းကိုသနားပါဦး ဖေဖေရဲ့''

''မင်းအလုပ်ကို တစ်ရက်ပိတ်ထားရင် ဘာဖြစ်မှာလဲ၊ မွဲသေမှာမို့လို့လား''

''ဝိတ်လို့ဘယ်ဖြစ်မလဲ ဖေဖေရဲ့ ဖောက်သည်တွေနဲ့မိတ်ပျက်သွားမှာပေါ့၊ ဖေဖေ့ကုမ္ပဏီလိုမှမဟုတ်တဲ့ဟာကို၊ အဲဒီကရတဲ့ငွေပဲ ဘဏ်မှာ စုဖြစ်တာ၊ မိန်းမသွားတောင်းရင် ဖေဖေက ငွေထုတ်ပေးမှာမို့လို့လား၊ စိတ်မထင်ရင် အမွေက ဖြတ်ချင်ဖြတ်ခံရဦးမှာလေ''

''စည်သူခန့်''

''တော်ပြီဖေဖေ၊ အဲဒီကိစ္စ နောက်မှဆက်ဆွေးနွေးမှုဖြစ်မယ်၊ အခု ဘုရားသွားခါနီး စိတ်ကြည်ကြည်လင်လင်လေးနဲ့သွားပါရစေ၊ ဖေဖေ့ ဒေါသတွေကို ခဏလောက်သိမ်းထားပေးပါဦး၊ Come on Aunty Thidar, lets go! ''

ဒေါသတွေဖြစ်ပြီး ကျန်ရစ်ခဲ့သည့်ဖေဖေ့ရှေ့မှ အမြန်ပြေးထွက်ခဲ့ပါ၏၊ အန်တီသီတာက အသံထွက်သည်အထိရယ်လျက် ကားပေါ်တက်လိုက်လေသည်၊

''သားကတော့လေ. မအောက်ိုဒေါသဖြစ်အောင် ဆွစရာလား၊





ငရဲတွေကြီးကုန်တော့မှာပဲ''

''ကျွန်တော်လည်း ဘယ်ပြောချင်ပါ့မလဲ အန်တီရယ်၊ ဖေဖေက ဖွတ်ဗျာ၊ သူသဘောတူချင်တဲ့ကောင်မလေးနဲ့ အတင်းကိုပေးစားချင်နေတာကိုး''

''သားရယ်. . . ဘယ်မိဘမဆို ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံတာပဲ မြင်ချင်မှာပေါ့၊ ဘယ်မိဘက ဆင်နင်းပြီး မြင်းကန်တာ မြင်ချင်ပါ့မလဲ''

''အန်တီနော်, မေမေ့ကိုနားချခဲ့သလိုမျိုး ကျွန်တော့်ကိုနားချဖို့မပြင်နဲ့၊ ကျွန်တော်က ဒေါ်သန်းသန်းဆင့်လိုတစ်ကြိမ်တည်းနဲ့ အလဲလဲမယ့်လူမျိုးမဟုတ်ဘူး၊ စိတ်ခတ်က မာပြီးသား. . . ဖွဲ့ကလည်း ကြီးပါဘိသနဲ့''

''သိပါ့ရှင်. . . သိပ့်. . . Workshop ထောင်ချင်တာကို ပေးမလုပ်ရကောင်းလားဆိုပြီး တစ်ပတ်လုံးလုံး အစာမစားဘဲ ဆန္ဒပြတဲ့ဖွဲ့ကိုလေ''

သူပြုံးလိုက်ပြီး ရွှေတိဂုံစေတီကုန်းတော်ပေါ်သို့ ကားကိုပန်းတက်လိုက်ပါ၏၊

''Lift နဲ့တက်မှာလားအန်တီ၊ လူများရင် စောင့်ရမှာ''

''ဟင့်အင်း,သား၊ လမ်းလျှောက်ပြီး ဖြည်းဖြည်းချင်းပဲ တက်ကြစို့၊ စကားပြောရင်းတက်ရင် ခဏလေးပါပဲ''

''ဒါဖြင့်လာလေ''

အန်တီက ဘုရားလာဖူးတာမို့ အကျီအဖြူနှင့်လုံချည်အနက်ခံမှာ အဖြူပွင့်လေးတွေကျဲထားတာကို ဝတ်ထားပြီး သိုးမွေးလည်စည်းလေး ပတ်လာပါ၏၊ ဖိနပ်ကို ခါတိုင်းလို ဒေါက်တွေမစီးဘဲ ကတ္တီပါအပါးစားလေးသာ စီးထားလေသည်၊ ဒီလိုတော့လည်း မြန်မာဆန်ဆန်နဲ့ ယဉ်ယဉ်လေးလှသွားပါပဲလား၊

''ပန်းဝယ်ရအောင်လား''



www.burmeseclassic.com

www.burmeseclassic.com



"စပယ်တော့ မဝယ်နဲ့နော် အန့်တီ"

အန့်တို့ထံမှ မျက်စောင်းက သူ့ထံဒိုင်းခနဲရောက်လာလေ၏။ သပြေနှင့် ရေမွှေးနှင်းဆီကိုသာ ဝယ်ဖြစ်ပြီး အထက်သို့ဆက်တက်လာခဲ့ကြသည်။ စေတီတော်ကို လက်ယာရစ်သုံးပတ်,ပတ်ပြီးမှ ဘုရားကို အာရုံပြုလျက် ဝတ်ပြုကြပ၊ ဆီမီးနှင့်ပန်း ကပ်လှူပူဇော်အပြီးမှာ ရေသက်စေ့ပူဇော်ဖြစ်သည်။ စောင်းတန်းမှာရပ်၍ ခိုလေးများကိုအစာဝယ်ကျွေးရင်း ခဏထိုင်နားကြပါ၏။ လေညင်းသွဲ့သွဲ့ကြောင့် စေတီထက်မှ ဆည်းလည်းသံလေးတွေ၏ တချွင်ချွင်အသံလေးတွေကို သာသာယာယာကြားရလေသည်။

"လူကြီးနဲ့လူငယ်မှာ အသက်အရွယ်ကွာသွားတာနဲ့ အတွေးအခေါ်နဲ့ခံယူချက်ပါ ကွာဟသွားတာအမှန်ပဲ"

"အန့်တီ ဘာကိုပြောချင်တာလဲ"

"သားတို့သားအဖကြားမှာ ရင်ကြားစေ့ပေးချင်လို့ပါ"

"ဖြူလေးနဲ့သဘောမတူပေးသမျှ ဖေဖေနဲ့ကျွန်တော့်ကြားမှာ ကွာခြားချက်တွေအများကြီးရှိနေမှာပဲ အန့်တီ။ ဖေဖေ့ကိုဆန့်ကျင်ဖို့ ကျွန်တော်တစ်ခါမှမလုပ်ခဲ့ဖူးဘူး၊ ဆယ်တန်းအောင်စာရင်းထွက်တုန်းက တစ်ကြိမ်နဲ့ အခုတစ်ကြိမ်, ရှားရှားပါးပါးနှစ်ကြိမ်ပဲရှိပါသေးတယ်"

"အဲဒီနှစ်ကြိမ်က နှစ်ကြိမ်ဆိုသလောက် သားဖေဖေရဲ့နှလုံးသားကို နာကျင်စေမှာကို သားသိရဲ့လား"

"သိပါတယ် အန့်တီ၊ ဝါသနာပါမှသာ ကိုယ်လုပ်တဲ့လုပ်ငန်းကို အောင်မြင်အောင်လုပ်ဆောင်နိုင်မယ်ဆိုတဲ့ခံယူချက်နဲ့ ကျွန်တော့်ဘဝလမ်းကြောင်းကိုရွေးခဲ့သလို မေတ္တာပါမှ သာယာတဲ့အိမ်ထောင်တစ်ခုကို ထူထောင်နိုင်မယ်ဆိုတဲ့ဆုံးဖြတ်ချက်နဲ့ ဖြူလေးကိုရွေးချယ်ခဲ့တာပါ။ အချစ်ကိုကိုးကွယ်တယ်ဆိုတဲ့ ရှူးရှူးမိုက်မိုက်အတွေးမျိုးရှိမနေတာ အမှန်ပါအန့်တီ။ တစ်ခုတည်းပါ. . . ဘယ်လိုကန့်သတ်ချက်၊ ဘယ်လိုတွက်ဆချက်မျိုးမှမပါဘဲ နှလုံးသားရော၊ ဦးနှောက်ရဲ့စေခိုင်းမှုနဲ့ ဖြူလေး





အပေါ်ချစ်မိတဲ့ နိုးစင်းတဲ့ချစ်ခြင်းကို ကျေးဇူးပြုပြီး အပြစ်မတင်ပါနဲ့လား အန့်တီရယ်"

"အန့်တို့ကိုအထင်မမှားပါနဲ့သားရယ်၊ ချစ်ကြသူတွေကို ပေါင်းဆချင်တဲ့စေတနာတွေ အန့်တို့ရင်ထဲမှာအပြည့်အသိပ်ရှိနေပြီးသားပါ။ အန့်တီတစ်ခါရခဲ့ဖူးတဲ့နောင်တကို နောက်ထပ်မပွေ့ပိုက်ချင်တော့ပါဘူး။ အန့်တီတောင်းဆိုချင်တာ သားဖေဖေအတွက်ပါပဲ,သား။ သားအပေါ် စိတ်တစ်ခုလုံးနှစ်ပြီး နှစ်အစိတ်ကျော်ချစ်ခဲ့ရှာတဲ့သားဖေဖေကို စိတ်ချမ်းသာစေချင်တာ တစ်ခုပါပဲ၊ အမြဲဆန့်ကျင်ပြောဆိုနေမယ့်အစား ရေလိုက်ငါးလိုက်လေးနဲ့ တစ်ခါတစ်လေလေး အလိုက်သင့်လိုက်လျောပေးစေချင်ရုံသက်သက်ပါလေ။ ရွေးချယ်ပါလို့ အန့်တီအတင်းကြီးမတိုက်တွန်းပါဘူးနော်၊ သူခေါ်ရင် လိုက်သွား, သူပြတာကို ကြည့်, အလိုက်သင့်လေးနေရုံပဲ၊ နောက်မှ သားတို့လူငယ်ချင်းညှိပြီး လူကြီးတွေကိုခေါင်းခါလိုက်ပေါ့။ ဒီနည်းကိုသုံးကြည့်ပါသားရဲ့၊ ကြိုးဆိုတာ အမြဲတင်းထားရင် ထောင်းခနဲပြတ်သွားတတ်တယ်လေ၊ သားနားလည်ပါတယ်၊ မလျှော့တင်းလေးပေါ့. . . နော်"

သူသက်ပြင်းရှိုက်လိုက်ရင်း ပြုံးမိလေ၏။ ကြားထဲက ရွှေပြည်တာရားဟောတဲ့ အန့်တီသီတာကိုး. . .

"ပွဲစားခ ဘယ်လောက်ရသလဲ အန့်တီသီတာ"

"အံမယ်, ငါ့ကိုများ"

"ဟုတ်တယ်လေ, ကျွန်တော့်ဘက်ကလား၊ ဒါမှမဟုတ် ဖေဖေ့ဘက်ကလား၊ တစ်ဖက်ဖက်မှာတော့ အန့်တီ ရှိရမှာပေါ့"

"အန့်တီက ကြားနေပါကွ"

"No, no...မယုံဘူး၊ ကျွန်တော့်ဘက်မှာ ရှိမနေရင်တော့ အန့်တီမရိုးတာ သေချာနေပြီ"

"ဘာမရိုးတာလဲ"

"ဖေဖေ့ဘက်လုံးလုံးပါနေမှတော့ မရိုးသားလို့ပေါ့၊ ပြောတား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်နော်၊ မေမေ့နေရာမှာ ဘယ်သူကိုမှအစားမထိုးနိုင်ဘူးလို့ဆိုေ မယ့်အန်တီကတော့ ချွင်းချက်ပေါ့''

''ဘာရယ်. . . ကိုယ့်အဒေါ်ကိုများ ဖအေနဲ့ကြားထဲက ပွဲစား လုပ်ရလား ကောင်နာလေးရဲ့။ ကဲ!''

အန်တီသီတာက သူ့နားရွက်ကို ဖျတ်ခနဲဆွဲလိမ်လိုက်လေ၏

''အ! သိဘူးလေ. . . ဖေဖေ့ကိုများ အန်တီစိတ်ဝင်စားမလား လို့ပါ''

''ဩော်. . . ရှင်လေးအဖေက အတော်စိတ်ဝင်စားစရာကောင်း တာကိုး၊ တကတည်းမှ. . . အသက်အစိတ်အရွယ်သားကို ဆယ်နှစ်သား ကလေးလေးလို တုန်နေအောင်ချစ်ပြနေတာ၊ ကြက်မကြီးဖိုက်အောက် ထဲ ဝှက်ထားတဲ့သားပေါက်လေး ထင်နေသလားမသိ၊ ဒီလောက် သာ ရှုံ့ရှုံ့ပြီး ဥစ္စာခြောက်နေတဲ့ မုဆိုးဖိုခွကျကျကြီးကို စိတ်တောင်မကျ သေး''

''ဖေဖေက ခန့်ချောကြီးပါဗျာ''

''သားနော်၊ ဘုရားပေါ်မှာ ငါဒေါသမထွက်ချင်ဘူး. . . Shut up...''

သူ တဟားဟားအော်ရယ်လိုက်မိလေ၏။ ဖေဖေ့အတင်းတွေ ကို အုပ်နေတာမို့ ဖေဖေတစ်ယောက် ခလုတ်တွေတိုက်၊ လျှာတွေကိုက် ဖြစ်နေပြီလားမသိ။

တောင်းပန်ပါတယ်ဖေဖေ၊ Sorry...ပါနော်. . .

✦✦✦



## အခန်း (၁၀)

ဈေးထဲလှည့်ပတ်၍ လိုချင်တာတွေကို ရှာဝယ်နေမိ၏။ ဒီနေ့ ...ရက်မို့ အေးအေးဆေးဆေးဝယ်နေတာပင်။ နားနားနေနေလေးနေ ...ည်နေ့မို့ ဖွယ်ဖွယ်ရာရာလေးချက်ကျွေးဦးမှပါပဲ။ အမေချက်ကျွေးခဲ့ ...သည့်ကင်ပွန်းချဉ်ရွက်ဟင်းလေး ချက်ကျွေးရင်ဖြင့် အဖေစားလို့မြိန် ... အမှန်ပါလေ။

ငါးတန်းမှာ ငါးကျည်းလေးနည်းနည်းနှင့် ငါးတန်ခေါင်း ဝယ် ...က်ပါ၏။ ဟင်းရွက်တန်းထဲဝင်ကာ ကန်စွန်းရွက်၊ ချဉ်ပေါင်၊ ကင်ပွန်း ...ဲ ဂေါ်ဖီထုပ်၊ မှို၊ ပဒတ်စာနှင့်တို့စရာအဖြစ် ဒညင်းသီး သခွားသီး ...ာက်ရွက်၊ ငရုတ်သီးစိမ်း၊ နံနံပင်တို့ကိုဝယ်၍ ဈေးထဲမှပြန်ထွက်လာ ...ည်။

အင်း. . . အာလူးနဲ့ဝက်သားလေး အရည်တည်ချက်ကျွေးဦး ...ပဲ၊ အဖေက ဝက်သားဆို သိပ်ကြိုက်တာမဟုတ်လား။ တစ်ခါ...

www.burmeseclassic.com

www.burmeseclassic.com



လေလေး လစာထုတ်ထားတုန်း ကောင်းကောင်းလေး ချက်စားကြတာ ပေါ့နော်။

ဈေးက သူမတို့ရုပ်ကွက်နှင့်တစ်မှတ်တိုင်မှာမို့ ကားမစီးတော့ဘဲ လမ်းလျှောက်လာခဲ့တာပင်။ ဈေးထဲမှထွက်၍ လက်ဖက်ရည်ဆိုင်တန်း ရှေ့မှဖြတ်လျှောက်လာစဉ် သူမနောက်ပါးမှ ခပ်တိုးတိုးခေါ်လိုက်သံကို ကြားလိုက်ရပါ၏။

"ဖြူလေး"

"အမေ့! ဟယ်. . . လန့်လိုက်တာ ကိုစည်သူရယ်။ ဘယ်ကနေ ဘယ်လိုရောက်လာတာတုန်း"

"ဖြူလေးဆီကို တမင်လာတာပါ"

"ကျွန်မဆီကို, ဟုတ်လား"

"အင်း"

"ဘာကိစ္စရှိလို့လဲ"

"ပြောစရာရှိလို့"

"ဒါဖြင့်အိမ်ကိုလာခဲ့လေ၊ အိမ်မှာအဖေလည်းရှိတော့ ပြောလို့ ပိုကောင်းတာပေါ့"

ဟိုက်! ပြဿနာပဲ၊ သမီးကိုရည်းစားစကားပြောပါ့မယ်ဆိုတာ အဖေ့ရှေ့ပြောလို့ဖြစ်မလား၊ အဲဒီဖြူလေးဟာ အရေးကြီးတဲ့ကိစ္စဆို ညှိ ချင်ယောင်ဆောင်ရတယ်လို့၊ ဒီမှာပြောဖို့မရဲရတဲ့ကြားထဲ အိမ်မှာအဖေ ရှိတယ်ဆိုပြီး ဖြဲခြောက်နေတာများလား။ နဂိုကမှ သူမတို့သားအဖကို အလိုလိုလန့်နေရတဲ့ကြားထဲလေ။

"လိုက်လို့မဖြစ်ဘူး ဖြူလေးရဲ"

"ဘာဖြစ်လို့လဲ၊ ပိုက်ဆံချေးမလို့လား၊ ကျွန်မမှာ စုမဲပေါက် ထားတဲ့ငွေတစ်သိန်းတော့ရှိတယ် ကိုစည်သူရဲ့။ မီးဖိုဆောင်လေး ခန်းမိုး ထားတာကို သွပ်မိုးပြောင်းမလားလို့ပြင်နေတာ၊ ကိုစည်သူ အရေးတကြီး လိုနေရင်တော့ ယူထားလေ. . . ရပါတယ်"





သေစမ်း! ဘယ့်နှယ်, သူ့ရုပ်က ငွေချေးချင်တဲ့ရုပ်များ ပေါက် နေပြီလား၊ ဘယ်လိုဖြစ်ပြီး ပိုက်ဆံလာချေးတယ်လို့ထင်သွားလဲမသိ။ ခက်တော့ခက်ချေပြီ၊ ဒီညနေမှာ ကိုယ်နဲ့သဘောတူတဲ့ကောင်မလေးကို သွားတွေ့ရမှာ ဖြူလေးရဲ့။ သေချာခြင်းတစ်ခုကို ကိုယ့်လက်ထဲမှာ လက် ဆုပ်လက်ကိုင်မပြနိုင်ရင် ကိုယ်အသက်ရှူပေါက်မှားရမှာမလွဲကေန်ပဲ၊ 'ကိုယ့်မှာချစ်သူရှိထားပြီးသားပါ စပယ်၊ ဖေဖေတို့ပြောထားတဲ့ကိစ္စကို နှစ်ယောက်သားတက်ညီလက်ညီငြင်းကြပါစို့' ဆိုပြီး Engage ကိစ္စကို အပြီးဖျက်လိုက်ရုံပါလေ။

"ဘယ်ကပိုက်ဆံလိုရမှာလဲကွာ။ ဖြူလေးတို့လိုတယ်ဆိုရင် တောင် ကိုယ်ထုတ်ပေးနိုင်ပါတယ်။ တစ်သိန်းမကလို့ ငါးသိန်းဖြစ်ဖြစ် ဘယ်သိန်းဖြစ်ဖြစ်ပေါ့။ ငွေကအကြောင်းမှမဟုတ်ဘဲ"

"ဒါဖြင့်ဘာအကြောင်းလဲ ကိုစည်သူရဲ့၊ ကျွန်မနားလည်အောင် ပြောမှပေါ့"

"ကိုယ် ဒုက္ခဖြစ်နေတာတော့အမှန်ပဲ ဖြူလေးရဲ့။ အဲဒီဒုက္ခ ကို ဖြူလေးပဲ ဖြေရှင်းပေးလို့ရမှာ"

"ဟင်! ဘာတွေလဲ ကိုစည်သူရယ်။ ရှင်ပြောမှ ပိုရှုပ်ကုန်ပြီ၊ ရှင်းရှင်းပြောစမ်းပါရှင့်"

ကဲ, ခွင်(ဂွင်)ကတော့ ကွက်တိဝင်လာတာပါပဲလား၊ အဆင် ပြေအောင် ချွေနိုင်ဖို့သာအရေးကြီးတာလေ။ အားတင်းထား စည်သူ ရေ. . . ဒီတစ်ကြိမ်မှမပြောဖြစ်ရင် တစ်သက်လုံးပြောမိမှာမဟုတ် ဘူး၊ 'ကြိုက်မရှက် ငိုက်မရှက်' တဲ့၊ ကိုယ်က ချစ်နေမှတော့ ရှက်တာ ကြောက်တာတွေကိုပါ အကုန်ဖျောက်ထားလိုက်ပေတော့။

အခု သူမလက်ထဲမှာ ခေါက်ထီးလည်းမရှိဘူး၊ ထမင်းချိုင့် လည်းမရှိဘူး၊ ကတ္တရာလမ်းဘေး Plaform မှာမို့ အုတ်ခဲကျိုးလည်း မရှိဘူးလေ။ ဒီတော့ မသကာ သူမ မကျေမနပ်ဖြစ်ရင် လက်ဝါးစာ လောက်ပဲ မလွဲမသွေ သူခံရမှာပဲ၊ သူမရင်ခွင်ထဲခိုနားခွင့်ဆိုတဲ့အသားကို



www.burmeseclassic.com

www.burmeseclassic.com



စံရဖို့အတွက် ဤမျှလောက်တော့ အနာခံရမှာပဲပေါ့လေ။

"ကိုယ်, ဒီညနေမှာ ဖေဖေသဘောတူတဲ့ကျောင်းဆရာမလေးနဲ့ သွားတွေ့ရမယ်"

"ရှင်! "

ဘုရားရေ! ဘယ်လိုပြောလိုက်တာပါလိမ့်၊ အစပ်မပျိုးဘဲ ပြန်းစားကြီးပြောလိုက်ပုံက သူမအံ့သြသွားရစေလေ၏။ သူ့ဖေဖေသဘောတူတဲ့ကျောင်းဆရာမလေးတဲ့လား. . . ဒါဆိုရင် သူမနဲ့ဘာများပတ်သက်လို့ ဒီလိုလာပြောနေရပါသလဲ။ ရင်ထဲမှာ ထင့်ခနဲဖြစ်သွားရပြီး သူ့ကို စိတ်ခုသွားတာအမှန်ပင်။ ဖျတ်ခနဲဖြတ်ပြေးသွားရတဲ့ ပျက်ယွင်းလုလု မျက်နှာကို အမြန်ဆုံးပြင်လိုက်ရပါ၏။ မဟုတ်သေးဘူး ရွှေချိုဖြူ. . . နင်နဲ့သူက ဘာမှမပတ်သက်တဲ့သူစိမ်းတွေလေ၊ ဒါကို နင်မမေ့လိုက်ပါနဲ့။

"အဲဒါ ကျွန်မနဲ့ဘာဆိုင်လို့လဲ"

လေသံက မမာဘဲ ပျော့တော့တော့ထွက်လာတာမို့ အားမရဘဲ ကိုယ့်ကိုယ်ကိုဒေါသဖြစ်လာမိ၏။ ရွှေချိုးဖြူဆိုတာ 'အချစ်'ဆိုတဲ့ အရာနဲ့ ကင်းကင်းရှင်းရှင်းနေတတ်တဲ့သူမဟုတ်လား။ 'နှလုံးသားကရေခဲ' 'အသည်းက ကျောက်ခဲ'လို့တင်စားခေါ်ဝေါ်သုံးနှုန်းကြတာကို မျက်နှာမော့ပြီး ပြုံးနိုင်ခဲ့တဲ့သူလေ။

ခုတော့. . . ဒီဘာမဟုတ်တဲ့ကောင်လေးရဲ့ မရေရာတဲ့စကားလုံးတွေနောက်မှာ ငိုချင်ချင်ဖြစ်လာရတာ ဘာကြောင့်များပါလဲ။ ကျွန်မ လိုချင်တာ ဘာလဲ၊ မြင်ချင်တာကရော ဘာများလဲ။ ဒါဆိုဖြစ်ချင်တာကရော. . . အတွေးထဲမှာ မေးခွန်းတွေပြွတ်ကျပ်သိပ်ပြီး မူးနောက်လာရတာအမှန်ပါ။

သူ ဘာတွေများ ထပ်ပြီးပြောနေဦးမှာလဲ။ Plaform ထက် မတ်တပ်ရပ်နေသည့်ခြေတို့က မခိုင်ချင်တော့။ လက်ထဲဆွဲထားသည့်ခြင်းတောင်းကိုင်လက်တို့ကလည်း မမြဲချင်ချင်။ ရှင်. ကျွန်မရင်ထဲနာကျင်အောင် ပြုစားတော့မှာလားကိုစည်သူ။ ကျွန်မရင်ကွဲအောင် တကယ်





ရက်စက်တော့မှာလား. . .

"ဆိုင်လို့ ဖြူလေးဆီ ကိုယ်လာရတာလေ"

". . ."

"ကိုယ်မှ ပွင့်စပယ်ကိုလက်မထပ်ချင်တာ ဖြူလေးရဲ့"

"အဲဒါနဲ့. . ."

"သူ့ကိုချစ်လည်းမချစ်နိုင်ဘူး။ ကိုယ်ချစ်နေတာ ဖြူလေးကိုလေ"

"ရှင်! "

"ဖြူလေးကိုပဲ ကိုယ်လက်ထပ်ချင်တာ၊ အဲဒါကြောင့် ဖြူလေးဆီကို လာပြောရတာပဲ။ ကိုယ့်ကိုပြန်ချစ်ပါ၊ ကိုယ်နဲ့လက်ထပ်ပေးပါ ဖြူ။ ကိုယ့်ဆီမှာ လက်ဆုပ်လက်ကိုင်ချစ်သူမပြနိုင်ရင် ဖေဖေပေးစားတဲ့ ပွင့်စပယ်နဲ့ယူရတော့မှာ ဖြူလေးရဲ့. . . နော်. . . နော်"

ဘုရားရေ! ဘယ်လိုကြီးပါလိမ့်၊ လမ်းလယ်ခေါင်မှာ ရည်းစားစကားပြောပြီး ချက်ချင်းအဖြေပြန်တောင်းသတဲ့လေ။ ဘယ်လိုလုပ်မှန်းသိမသိတော့ပါဘူး၊ ရက်ရမှာထက် မျက်နှာပူကာ ဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ် သူက သူမလက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်လေ၏။

အလို! အေးစက်စက်သူမလက်ဖျားတွေ ချက်ချင်းနွေးသွားတာပါလား. . .

"ပြောပါ ဖြူလေးရဲ့"

"အို! ရှင်ဘယ်လိုလူလဲ၊ လူကို ခုပြော ခုအဖြေတောင်းရအောင် လွယ်လွယ်ရမယ်ထင်ထားသလား။ ကျွန်မက လမ်းဘေးမှာချရောင်းတဲ့ ဘင်းရွက်ကန်စွန်းမျိုးမဟုတ်ဘူးရှင့်။ ဖယ်! လွှတ်! "

"ကိုယ့်ကိုမသနားတော့ဘူးလား ဖြူလေးရဲ့၊ ဖြူလေးမှမကယ်ရင် ကိုယ်တော့ မဟာဒုက္ခတွင်းဆီးကျသလိုဖြစ်တော့မှာ။ ဖြူလေး သိပါတယ်. . . 'မချစ်မနှစ်သက်သောသူနှင့် အတူနေရခြင်းသည် ဒုက္ခ"လို့ ဘုရားဟောတရားထဲမှာ ပါတယ်မဟုတ်လား။ ကိုယ့်ကိုတော့ အဲဒီဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



နှံ့ထဲ ပစ်မချခဲ့ပါနဲ့ ဖြူလေးရယ်. . . သနားပါဦး''

ဟောတော်. . .ခက်တော့တာပဲ၊ ရည်းစားစကားပြောတဲ့ကြား ထဲ ဘုရားဟောတရားကို ဆွဲထည့်လိုက်သေး။ တော်တော်ဆိုးတဲ့ကောင် လေးပါလား။ ဘေးနားဖြတ်သွားသည့်လူအချို့၏ ပြုံးစိစိကြည့်ခြင်းကို ခံရတော့ သူမ ထူပူလာရချေပြီ။

ကဲ, သတ္တိတွေ ဘယ်ရောက်ကုန်ပါလိမ့်၊ အရင်လူတွေလို လက် မြန်ခြေမြန်နဲ့ ထုနက်ရိုက်ပုတ်ပါတော့လား. . . နှုတ်သီးကောင်း လျှာပါး နဲ့ ရန်တွေ့လိုက်ပါတော့လား. . . သွေးထွက်သံယိုဖြစ်တဲ့အထိ နာနာကျင် ကျင်လုပ်လိုက်ပါတော့လား. . .

ခုတော့ဖြင့် ထိုသို့မဟုတ်ဘဲ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထား သည့်သူ့လက်တွေထဲမှ သူမလက်ကိုသာ ကျိတ်ပြီးရုန်းနေမိတာလေ။ မြဲ မြဲလုပ်ချည်လား. . . လိုချင်သည့်အဖြေမရမချင်း လွှတ်မပေးတော့မည့်ဖွဲ့ ကတော့ 'မဟာဇနက'ထုံး နလုံးမူနေသည့်နှယ်ပင်။

''ရှင်နော်. . . ကျွန်မပြောနေတယ်''

''ပြောပါ ဖြူလေးရယ်၊ ဖြူလေးမပြောရဲရင် ခေါင်းပဲညိတ်ပြ လေ. . . နော်''

ကဲ! ဖွတ်ပါပဲလား. . . လမ်းလယ်ခေါင်လူကြားထဲ လက်ဆွဲပြီး ရည်းစားစကားပြော, အဖြေတောင်းခံရတဲ့အဖြစ်မျိုး ကြုံဖူးကြပါရဲ့လား ရွှေချီးဖြူတစ်ယောက်တော့ တကယ့်ကိုကြုံတွေ့နေရတာပါလေ။ တစ်ခု ခုမှပြန်မပြောရင် ဒီလက်ကိုပြန်လွှတ်ဖို့အစီအစဉ်မရှိဘူးထင်ပါရဲ့။

''အဖေ့ဆူလိမ့်မယ်ရှင့်''

''ဦးလေးဆူရင် ကိုယ်ပါဝိုင်းပြီးအဆူခံပေးပါ့မယ်''

''ကျွန်မအသက်ငယ်ငယ်လေးရှိသေးတာကို၊ ဒီအရွယ်လေးနဲ့ ရည်းစားထားစရာလား။ ရှင်နဲ့တော့ ခက်တာပဲ''

''မခက်ပါဘူး ဖြူလေးရာ၊ Yes ဆိုရင် ပြီးတာပဲ၊ ဦးလေးဆီ ဟာ သိပ်မကြာခင် ကိုယ်လာတောင်းမှာပေါ့။ ရဲရဲကြီးအာမခံပါတယ်။





နော်. . နော်. . Yes လိုက်ပါ''

သူမမျက်စောင်း ဒိုင်းခနဲရောက်လာတော့ သူက ဘာမပြော ညာမပြောဖြင့် လက်ဖမိုးကို ဖျတ်ခနဲကိုင်၍ နမ်းရှိုက်လိုက်လေ၏။ ရုတ် တရက်မို့ သူမဘာမှမပြောနိုင်ဘဲ မျက်လုံးအပြူးသားဖြင့် မော့ကြည့် လိုက်စဉ် သူ့မျက်နှာမှာ အပြုံးချိုချိုလေး ပေါ်လာပါသည်။

''Thanks! ဖြူလေး၊ ကိုယ့် ဖေဖေနဲ့ တိုက်ပွဲအပြင်းအထန် ဝင်ဖို့ အင်အားတွေပြည့်ဝသွားပါပြီ။ လာ. ကိုယ်ပြန်လိုက်ပို့ပေးမယ်၊ သွားစို့''

''အို! ကျွန်မဘာပြောသေးလို့လဲ၊ ရှင်နော်''

''ပြောစရာမလိုတော့ဘူးလေ၊ ဖြူလေးရဲ့မျက်စောင်းမြားလေး က ကိုယ့် Heart ကို Direct လာစိုက်သွားတာကိုး။ IT ခေတ်မှာ စကြဝဠာထဲ ဒုံးပျံလွှတ်တင်သလို မြန်လေကောင်းလေပဲ၊ လာ. အချစ်း ကိုယ့်လက်ကိုဆွဲ. . ရဲရဲလိုက်ခဲ့. . အိမ်ပြန်ပို့မယ်''

ပေါ့ပါးစွာရယ်ဖြစ်ကြ၏။ သူအသင့်ဖွင့်ပေးလိုက်သည့် နောက် ဆုံးပေါ်ကားမြင့်ကြီးပေါ်သို့ ဒုတိယအကြိမ်တက်ခဲ့မိလေသည်။ ဒီတစ် ခါတော့ဖြင့် သူစိမ်းတွေမဟုတ်ကြတော့ဘူးပေါ့နော်။ ဘုမသိဘမသိနဲ့ ချစ်သူတစ်ယောက်ထားလိုက်မိတာကို အဖေသိရင် ရိုက်ချင်လည်း ရိုက် ပါစေတော့လေ။ သူပြောသလိုပဲ နှစ်ယောက်အတူတူအရိုက်ခံလိုက်ကြ တာပေါ့။ သူ့မျက်နှာမှာတော့ဖြင့် အပြုံးပန်းတွေ လှိုင်လှိုင်ဝေလို့ပါလား ဂျိုးဂျိုးကရော. . . ရင်ထဲမှာ တဒိတ်ဒိတ်နဲ့ တစ်မျိုးကြီးဖြစ်နေတာအမှန် ပါပဲ။

✦

''ကျွန်တော်တော့ ယိဆိုကြီးပေါက်လာခဲ့ပြီ အန်တီရေ''

''ဟယ်! အလန့်တကြားနဲ့ ဘာဖြစ်လာတာလဲ သားရယ်''



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်ရောက်ခြင်း အူမြူးစွာပြောလိုက်သည့်သူ့ကို အန်တီသိတာက တအံ့တသြဖြစ်နေလေ၏။

"ဖေဖေရော"

"ရေချိုးနေတယ်ထင်တာပဲ သားရဲ့။ ပြောပါဦး. . . တကယ်ပဲ သိန်းဆုကြီးပေါက်လာတာလား။ အခုမှ လကုန်ပတ်ပဲ ရှိသေးတာကို"

"ဟင်းဟင်း. . . ကျွန်တော် အခုပဲ မြူလေးဆီက အဖြေရလာလို့ အန်တီရဲ့"

"ဘယ်လို"

"အား. . . ပျော်လိုက်တာဗျာ"

သူက နှစ်ယောက်ထိုင်ဆိုဖာပေါ်ပစ်လှဲ၍ ကျိတ်ရယ်နေမိတော့ အန်တီက သူ့ခေါင်းကိုအသာပုတ်လိုက်လေ၏။

"အရူးလေး. . . သူ့ကိုဘယ်လိုပြောလိုက်လို့ ချက်ချင်းအဖြေရလာတာလဲ"

"ဟဲဟဲ. . . နည်းနည်းတော့ ရက်ကြောဖြတ်ထားရတာပေါ့ အန်တီရဲ့။ သူ ဈေးကအပြန် လမ်းလယ်ခေါင်မှာ လက်ဆွဲပြီး ခုပြော ခုချက်ချင်း အဖြေတောင်းတာပေါ့"

"ဟောတော်! အဲဒါ သူက 'အင်း' ဆိုပြီး ခေါင်းညိတ်လိုက်တာလား"

"ဒီလောက်ဘယ်လွယ်မှာလဲ အန်တီရဲ့။ သူမကျေမနပ်နဲ့ မျက်စောင်းထိုးလိုက်တာကို အဖြေပဲဆိုပြီး ညာတာပါတေး ကလိမ်ကျခဲ့တာ။ ဟင်းဟင်း. . . ကောင်မလေး လူပေါင်းမှားသွားတာလေ"

"ကြည့်စမ်း! သားက အတော်လည့်တဲ့ချာတိတ်ပါလား"

"ဒီညနေ စပယ်ဆိုတာနဲ့တွေ့ရင်ပြောဖို့ ခွန်အားတွေအပြည့် အသိပ်ရှိနေပြီ အန်တီရ"

"ရှူး. . . တိုးတိုးပြော. . . အေးပါ. . . သိပ်အူမြူးပြမနေနဲ့။ သွားသွား ရေမိုးချိုးလိုက်ဦး။ ဟိုကျရင်သာ အဆင်ပြေအောင် ပြေပြေ





ပြစ်ပြစ် ပြောလာခဲ့"

"ဟုတ်"

သူ ရေချိုးရန် အိမ်ပေါ်အပြေးတက်ခဲ့စဉ် အခန်းထဲမှထွက်လာသည့်ဖေဖေနှင့် တိုးလေ၏။ ညနေငါးနာရီမှသွားရမှာကို ခုကတည်းက တက်ကြွနေတာပါလား။ နာရီက ခုမှ သုံးနာရီသာ ရှိသေးတာလေ။

"အဲဒါ ဘယ်သဝေထိုးပြီး ပြန်လာတာလဲ"

"ဖေဖေ့ Dinner အမီပြန်လာရင်ပြီးတာပဲမဟုတ်လားဖေဖေရ။ ခုပြန်ရောက်ပြီဟာကို"

"မနက်က ထမင်းမစားဘဲ ဘယ်မှာသွားစားလဲ"

"ရဲခေါင်နဲ့ ဆိုင်မှာပဲစားလိုက်တယ်ဖေဖေ"

"ဒီနေ့ မင်း Workshop မပိတ်ဘူးလား"

"ပိတ်သားပဲ"

"အလုပ်ပိတ်ထားတာတောင် ရဲခေါင်နဲ့ဘယ်မှာသွားတွေ့တာလဲကွ"

"သူ့အိမ်ကိုသွားတာပေါ့ ဖေဖေရ။ စာရင်းတွေချုပ်ပြီးပြီမို့ နေ့လယ်စာလိုက်ကျွေးခဲ့တာ။ ဘာဖြစ်လို့လဲ. . . ကျွန်တော့်ကို ဘယ်သူနဲ့မှ ပေးမတွေ့ချင်ရအောင် ဖေဖေမွေးထားတာ သမီးမိန်းကလေးလို့များ ထင်နေသလားဗျ"

"ဟေ့ကောင်, ဖအေထက် သားတစ်လမကြီးချင်စမ်းနဲ့ စည်သူ။ အတော်လျှာရှည်တဲ့ကောင်ပဲ။ ဖအေက နည်းနည်းဆို သူက များများပြန်ပြောရတယ်လို့။ မင်း အဲဒီရပ်ကွက်ထဲ အကြောင်းမရှိအကြောင်းရှာပြီး သွားချင်နေတာမဟုတ်လား။ အလုပ်ကိစ္စမဟုတ်ဘဲ အရည်မရ အဖတ်မရ သဝေထိုးချင်တဲ့ကောင်။ မင်းအကြောင်းမသိရင် ခက်မယ် ...ာင်း. . ."

"ဖေဖေ မသိပါဘူး"

"ဘာ! "



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေမသိတာတွေ အများကြီးရှိပါသေးတယ်ဗျ။ တော်ပြီ ရေချိုးတော့မယ်"

စကားစအတင်းဖြတ်၍ အခန်းထဲသို့ဝင်ကာ ရေချိုးလိုက်ပါသည်။ ရေပန်းအောက်မှာ ခေါင်းမှုစ၍ တစ်ကိုယ်လုံးရွှဲရွှဲစိုစေလျက် ပြုံးနေမိလေ၏။ အချစ်နဲ့တွေ့ရင် ဒီလိုပဲ မျက်နှာက ပြုံးစိစိဖြစ်နေပါသလား... သူ မသိပါလေ။ လောလောဆယ်တော့ မြူလေးနဲ့ချစ်သူဖြစ်ခွင့် တရားဝင်ရခဲ့တာမို့ ရင်ထဲမှာ ဒိန်းတပ်တပ်ဆိုင်းသံနဲ့ အပျော်တွေပြည့်နေတယ်ဆိုတာပါပဲ။

ခါတိုင်း တိုက်နေကျကိုယ်တိုက်ဆပ်ပြာကပဲ ပိုပြီးမွှေးနေသလိုလို၊ ဒါဖြင့် Shampoo ကရော့. တအားမွှေးမြနေတာပဲမဟုတ်လား။ ခပ်တိုးတိုးရယ်မိကာ သီချင်းကို ညည်းနေမိလေ၏။

**'ချစ်မိနေပြီ ×××× ချစ်နေမိပြီ ×××× ချစ်မိနေပြီ အသည်းထဲအေးအေးနဲ့ဖြစ်သွားတယ် ×××× မတွေးဘဲမနေနိုင်ဘူးအချစ်ရယ် မင်းအကြောင်း ခေါင်းထဲမှာအမြဲ ×××× ဘယ်လိုနေရမှန်းမသိဘူး ××××**

**ဘယ်သူနဲ့မှမလဲနိုင်ဘူး ×××× ဘယ်သူတားတား နောက်မဆုတ်ဘူး ×××× ဘာလာပေးပေး မရချင်ဘူး ×××× ဘယ်သူနဲ့မှမလဲနိုင်ဘူး**

**ချစ်နေမိပြီ ×××× ဟူး...'**

"ဒုန်း! ဒုန်း! "

"ဟိုကောင်, မင်းရေချိုးတာ (၄၅)မိနစ်ကျော်နေပြီနော်။ အဆုတ်တွေ ပွကုန်တော့မှာပဲ။ ဒီလောက်ကြာတဲ့ထိ ချိုးရလား။ မြန်မြန်ထွက်လာခဲ့စမ်း! "

"ဒုန်း! ဒုန်း! "

"စည်သူ. ငါပြောတာ ကြားရဲ့လား"

"ဟုတ်"





"အေး ကြားရင် မြန်မြန်လုပ်လေ။ မင်းအမေ မင်းကိုဘာမှာခဲ့သလဲ။ နာရီဝက်ထက် ပိုကြာတာနဲ့ မင်းအဆုတ်ပွတတ်လွန်းလို့ မှာခဲ့တာကို မေ့နေပြီလား"

"ပြီးပြီဖေဖေရေ့... ပြီးပြီ"

သူထွက်လာမှ ဖေဖေက မျက်စောင်းတစ်ချက်ခဲကာ အခန်းထဲမှထွက်သွားတော့၏။

"ဟပ်ချိုး! အား... သွားပြီ"

အင်္ကျီမြန်မြန်ဝတ်ပြီး မှန်ကြည့်တော့ မျက်လုံးတွေပင် ရဲနေချေပြီ။ ပြန်လာရင် ဆေးသောက်ပြီးမှ အိပ်ရတော့မှာပဲ။ မေမေသတိပေးထားတာကိုမှ မေ့ရတယ်လို့။ ဩော်... အချစ်က အရာခပ်သိမ်းကို မေ့လျော့စေတတ်တာမျိုးပဲလား။ အတွေးဖြင့် ရယ်လိုက်မိပြန်၏။ မြူသေးရေ... ကိုယ်, ပွင့်စပယ်ဆိုတဲ့ မှုကြိုဆရာမလေးနဲ့ သွားတွေ့လိုက်ဦးမယ်၊ သိလား။ ပြီးမှ အဲဒီကောင်မလေး ရုပ်ဆိုးမဆိုးကို မြူလေးသိအောင် ကိုယ်ပြန်ပြောပြမယ်လေ... နော်။

ဖေဖေ့ကားကို သူမောင်း၍ ထွက်ခဲ့ပါ၏။ လေးလေးမိုးအိမ်ကိုရောက်ရောက်ချင်းတာမို့ ဖေဖေလမ်းပြစရာမလိုဘဲ ရောက်လာခဲ့ပါသည်။ သူတို့ ကားပေါ်မှဆင်းတော့ ရာဇာမိုးမြင့်က လေချွန်လျက် ကားသော့ကို ယမ်းပြီး အိမ်ထဲမှထွက်လာလေသည်။

"ဟော! ကိုစည်သူတို့ရောက်လာကြပြီလား။ ဟေး... Lady Jasmine... ညီ့သည်တွေကို ထွက်ကြိုဦးလေ"

"သားကတော့လေ, ကိုယ့်ညီမကို နောက်နေပြန်ပါပြီ။ ကြွပါ ကိုမောင်မောင်၊ သားတို့အဖေ ရေချိုးနေတုန်းမို့ပါ"

"ရပါတယ် မသဇ္ဈာ... သမီးရဲ့အမေရော ရှိရဲ့လား။ တစ်ခါတွေ့ပူးလို့"

"ရှိပါတယ် ကိုမောင်မောင်၊ အတွင်းထဲမှ ဟင်းတွေနွှေးနေတုန်းမို့ ထွက်မလာသေးတာပါ။ သမီးရေ. စပယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . အန်တီဇာ"

"ညှိသည်တွေဖို့ အအေးလေး လုပ်လာပေးပါကွယ်"

"ဟုတ်ကဲ့"

သူက ဖေဖေစကားကြောင့် မျက်နှာကပြုံးယောင်ယောင်ဖြ
နေချေပြီ။ ဟုတ်တယ်လေ. . . သားဖို့ ဇနီးလောင်းလာကြည့်တယ်
ပြီး လေးလေးရဲ့ညီမကိုမေးတော့ တစ်မျိုးကြီးဖြစ်မနေဘူးလား။ ...
ကြာ သားအတွက် ချွေးမမရဘဲ, ဖေဖေ့အတွက် မိန်းမရနေပါဦးမယ်

"ဟော့ကောင်, ဘာပြုံးတာလဲ"

"ဘာလဲ ဖေဖေရ"

"မင်းပြုံးတဲ့အဓိပ္ပာယ်ကို ငါသိတယ်နော်"

ဖေဖေက သူ့ကိုတီးတိုးလှည့်ကြိမ်းလိုက်ပါ၏။ လေးလေး...
ရောက်လာတော့ စကားခဏပြောနေစဉ် အအေးဗန်းနှင့်အတူ...
လာသည့်သားအမိနှစ်ယောက်ကိုမြင်တော့ သူရယ်ချင်စိတ်ကို ထိန်း...
ပါလေတော့။ ထင်ထားသည့်အတိုင်း သမီးထက် အမေက ပိုချော...
အမှန်ပဲကိုး။

"ဒါ ကျွန်တော့်ညီမအငယ်ဆုံးလေ။ ဒေလီယာမြင့်ပေါ့ ...
တူမ, မွှင့်စပယ်"

"ဟုတ်ကဲ့, မဒေလီယာက ကိုမိုးမြင့်နဲ့ဆင်တယ်ထင်ပါ...

"လီလီလို့ပဲခေါ်ပါ ကိုမောင်မောင်"

"ဪ, ဟုတ်ကဲ့"

"သားက ဘာကိုသဘောကျနေတာလဲ"

"ဘာမှမဟုတ်ပါဘူး အန်တီ"

"သမီးနဲ့သားက လေးနှစ်ကွာမယ်ထင်တယ်"

"ဖေဖေနဲ့အန်တီရော ဘယ်လောက်ကွာမလဲလေးလေး"

"ဟေ! "

"စည်သူ. . ."





ဖေဖေ ကျိတ်ပြီး ဝါးနေပေမယ့် သူမကြားချင်ယောင်ဆောင်
...ပါ၏။ ဟုတ်တယ်. . . ခုကတည်းက ပြတ်ပြတ်သားသားပြောနိုင်
...တားတွေ မလွှန်ကုန်မှာလေ။ နို့မို့ သားရေးသမီးရေးကဏ္ဍအထိ
...တွေ ဆက်ကုန်မှာကိုး။

"ကျွန်တော်က ဖေဖေအတင်းခေါ်လို့လိုက်လာခဲ့တာခင်ဗျ။ ခု
...ဘာမှနားမလည်သေးဘူး။ ဒီရောက်တော့မှ အန်တီနဲ့ဆုံမှပဲ သိတော့
...ယ်"

"ဟယ်! "

အန်တီသဘွာနည်းတူ သားအမိနှစ်ဦး မျက်လုံးတွေကျယ်သွား
...သ၏။ လေးလေးမိုးက ဖေဖေ့ကိုဘယ်လိုသဘောလဲဟုအဓိပ္ပာယ်
...မေးဆတ်ပြလိုက်လေသည်။

"သားကို ကိုမောင်မောင် ဘာမှပြောမထားဘူးလား"

"ဟင့်အင်း"

"လေးလေးတူမနဲ့ သားကိုစေ့စပ်ပေးမယ်ဆိုပြီး အခုလိုဆုံပေး
...ယ့်"

"ဟင်းဟင်း. . . ဒါကြောင့် လွဲနေပါတယ်ထင်နေတာ အမှန်ပဲ
...

"သား ဘာကိုဆိုလိုတာလဲ"

"ကျွန်တော့်မှာချစ်သူရှိတာကို ဖေဖေသိထားပြီးသားလေ လေး
...ရဲ့"

"ဟေ! "

"ဖြူလေးနဲ့စေ့စပ်ဖို့ လက်စွပ်တောင် ကျွန်တော် မှာပြီးနေ
...ချာတယ်, လေးလေးဆီလာတာ ကျွန်တော့်အတွက် မဟုတ်
...ဘူး"

"စည်သူခန့်! "

ဖေဖေ့မေးကြောကြီးတွေထောင်ကာ အံကြိတ်ခေါ်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကျဲကျဲလုပ်လိုက်ရလေ၏။ ပြောလို့ရတာမဟုတ်၊ တော်ကြာ သူစိမ်းတွေရှေ့ သူ့ကို လက်သီးစာ ထကျွေးခင်ကျွေးလိုက်မှာလေ။

"သားက လူနောက်ပဲ၊ ကဲကဲ. . . ထမင်းစားရအောင်"

အခြေအနေကို လေးလေးမိုးက ဝင်ထိန်းပေးလိုက်လေသည်။ ထမင်းစားသောက်ပြီး ပြန်ချိန်ထိ သူ့ကို ဖေဖေဘာစကားမှမပြောတော့ပါချေ။ တစ်လမ်းလုံးနှာချေလာသည့်သူ့ကို မျက်နှာလွှဲထားပြီး ကားပြင်ကိုသာကြည့်ရင်း လိုက်ပါလာလေ၏။

စေ့စပ်ပွဲဖြစ်မည်လားမဖြစ်ဘူးတော့ဘူးလား သူသေချာမသိပါ။ သေချာတာကတော့ သူအအေးမိပြီး ဖျားပြီဆိုတာပါပဲ၊ ကော်ဖီတစ်ခွက်နှင့်ဆေးသောက်ပြီး အိပ်မက်ထဲဝင်ခဲ့ရပါ၏။

ဖြူလေးရယ်. . . အိပ်မက်ထဲမှာလက်တွဲပြီး တို့အတူပျော်လိုက်ကြပါစို့။ ခေါင်းထဲမှာတော့ တစစ်စစ်နဲ့ကိုက်ခဲနေတာအမှန်ပါလေ။

✦✦✦



## အခန်း (၁၁)

"ချမ်းတယ်. . . အင်းဟင်းဟင်း. . ."

ညည်းညူသံက မေးဖျားရိုက်သံကြားမှ တိုးထွက်လာပါ၏။ ဒိုက်ခိုက်တုန်နေသည့်တစ်ကိုယ်လုံးကို စောင်လွှမ်းထားမှန်းသိသော်လည်း မနွေးနိုင်သေး။ လူက ပုစွန်ထုပ်လိုကွေးနေပြီး တုန်ရီနေချေပြီ၊ ဖေဖေဆော. . . ဖေဖေ အနားမှာမရှိဘူးလား၊ သားတစ်ယောက်လုံး ဖျားနေတာတောင် လာမကြည့်ဘူးလားဖေဖေ။ မေမေရှိတုန်းကဆိုရင် ဖျားနေတဲ့ ကျွန်တော့်နားမှာ တစ်ညလုံးမအိပ်ဘဲစောင့်ပေးခဲ့ကြတာလေ။

နဖူးပြင်ထက် အေးခနဲဖြစ်သွားစဉ် ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားပြီး ဝမ်းသာသွားရပါ၏။ မျှော်နေဆဲ ရောက်လာပြီကိုး. . .

"ဖေဖေလား"

"တော့်အဖေ အပြင်ထွက်သွားတယ် ကိုရွှေစည်သူရေ"

"ဟင်! "



www.burmeseclassic.com

www.burmeseclassic.com



မဖွင့်ချင်သည့်မျက်လုံးတို့ကို အတင်းဖြဲကြည့်လိုက်စဉ် သူ့ကို ရေပတ်တင်ပေးနေသည့်သူက အန်တီသီတာဖြစ်နေလေ၏။ ဖေဖေက ဘယ်မှာလဲ. . . အိပ်များပျော်နေသလား၊ မနေ့ကပဲ ရေချိုးခန်းထိ ရောက်လာပြီး သတိပေးနေသေးတာလေ၊ လေးလေးမိုးတို့အိမ်ကပြန်လာတော့လည်း တစ်လမ်းလုံးနှာချေလာသည့်သားကို ကြင်ကြင်နာနာလေးတစ်ခွန်းမှမပြော။ ဒီစေ့စပ်ပွဲကို သူသဘောမတူနိုင်မှန်းသိသိကြီးနဲ့ အတင်းစီစဉ်ချင်နေရတာ သူ့အဖြစ်လား, ဖေဖေ့အပြစ်လားဆိုတာကို သိရမှာပေါ့။

"ဖေဖေက ကျွန်တော်ဖျားနေမှန်းသိရဲ့သားနဲ့ ကုမ္ပဏီသွားတာလား"

"ကုမ္ပဏီတော့ဖြစ်ပုံမရပါဘူး။ သားဘေးမှာ တစ်ညလုံးစောင့်ပေးနေတာသားရဲ့။ ဒီမနက်မှ အန်တီနဲ့ Duty လဲလိုက်တာပါ။ သား ဖေဖေ ခုထိတစ်ရေးမှမအိပ်ရသေးဘူး"

"ဒါဖြင့် ဘယ်သွားတာလဲအန်တီရဲ့"

"မပြောတတ်ပေါင်ရှင်၊ ကျုပ်ကိုများ ရှင့်အဖေကိုမျက်စိဒေါက်ထောက်ကြည့်နေတဲ့လူလို့ ထင်နေသလား"

"ကျွန်တော့်ကိုယ်စားတော့ ကြည့်ပေးပေါ့အန်တီရဲ့"

"မကြည့်ပေးနိုင်ပေါင်ရှင် . . . ဒီလကုန်ရင် မစ္စတာရော်ဘင်တို့ အင်္ဂလန်ပြန်မှာဆိုတော့ အန်တီ့အိမ် ပြန်နေလို့ရပြီ့သားရဲ့။ လဆန်းဆယ်ရက်လောက် ပြောင်းဖြစ်မှာ။ ရှင်တို့သားအဖ Problem ကြားထဲ ကျွန်မ မပါရဲပေါင်ရှင်"

"အန်တီပြန်သွားရင် ကျွန်တော်လွမ်းနေတော့မှာပဲ။ ဒီမှာပဲ ဆက်နေရင် ဘာဖြစ်မှာမို့လို့လဲအန်တီရဲ့။ ဟိုအိမ်မှာ တစ်ယောက်တည်းနေရမယ့်အတူတူကို"

"မဖြစ်ဘူးလေ သားရယ်၊ ဒီမှာတစ်လကျော်ကျော်နေတာပဲ လွန်လှပြီ။ အန်တီ့အိမ်မှာ ပြန်ပြင်စရာရှိတာတွေ ပြင်ရဦးမှာပေါ့။ ကို





ကြီးအိမ်က ပူရူးမလေးကိုပဲ ပြန်ခေါ်ရမှာလေ။ အဲဒီကလေးက အန်တီ့အလိုက်ကိုသိတယ်၊ ဟိုနဲ့ဒီ သုံးလမ်းကျော်လေးကိုများ လွမ်းတယ်လို့ ပြောရတယ်ရှိသေး၊ တွေ့ချင်ရင် လာခဲ့ပေါ့။ သားအတွက်ဆို အမြဲတံခါးဖွင့်ထားပါတယ်။ Anytime my boy! "

"မသိဘူးကွာ. . . ဒီမှာခေါင်းတွေအုံခဲနေတဲ့ဟာကို၊ အန်တီ သိပ်ရက်စက်တာပဲ"

"အလိုတော်. ရှင်လေးဟာရှင်လေး ရေချိုးရင်း စိတ်ကူးတွေ ယဉ်လို့ အချိန်တွေကြာသွားပြီး အဆုတ်ပွ့ဖျားတာလေ။ ဘယ့်နှယ် ကျုပ်က ရက်စက်ရမှာလဲ။ ဒီလကုန်မှပြောင်းပို့မယ်ဆိုတာ့ဟာကို အဖြစ်မသည်းစမ်းပါနဲ့။ ဆရာဝန်က ကိုးနာရီလောက်မှလာမှာ။ တစ်ခုခုစားပြီး သောက်မှပေါ့"

သူက စောင်ကိုဆွဲခြုံလျက် လူးလှိမ့်လိုက်ပါ၏။ မေမေ့ကိုသတိရလိုက်တာနော်၊ ငယ်ငယ်တုန်းကဆို သူဖျားရင် မေမေ့ပေါင်ထက် ခေါင်းအုံးပြီး မေးခွင့်ရခဲ့တာလေ၊ အဲဒီအခါ မေမေက သူ့ဆံပင်လေးတွေကို သပ်ပေးပြီး ချော့သိပ်ခဲ့တာပါ။ အခု ဒီအရွယ်မှာ သူ့ကိုဘယ်သူက ဒီ သို့မျိုး လာပြုစုယုယမှာလဲ။

ဆေးတိုက်ရင်တောင် ခါးလို့ဆိုပြီး အကြောင်းပြငြင်းဆန်တတ်သို့ မေမေ့မေတ္တာနဲ့ရောပြီးတိုက်တဲ့ဆေးမို့ ချိုတယ်ဆိုပြီး ချော့မော့တိုက်ခဲ့တာ အမြဲတမ်းပါပဲ၊ 'မေ့သားလေး'လို့ခေါ်သံလေးကို သိပ်လွမ်းတယ်မေ၊ နေမကောင်းဖြစ်ချိန်မှာ ချစ်တဲ့သူတွေကို သတိရတာမ်းတမြဲဆိုသယ့် ကျွန်တော်က ကျွန်တော့်ချစ်သူကိုသတိမရပါဘဲ မေမေ့ကိုသတိရပါတယ်နော်။

အခု သားမှာ ချစ်ရမယ့်သူရှိပြီဆိုတာမှန်ပေမယ့် မေမေ့ကို မေ့ချင်တော့လို့မဟုတ်ရပါဘူး။ ကျွန်တော့်ရင်ထဲမှာ မေမေဆိုတာ အမြဲ ထာဝရရှိနေမှာပါ။ မေမေ့နေရာမှာ ဖေဖေရော ကျွန်တော်ပါ ဘယ်သူ့ကိုမှအစားမထိုးနိုင်တာ မေမေလည်း သိနေမှာပါနော်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ချစ်သူရှိပြီဆိုတာကို မေမေသာသိရင် လွယ်လွယ်ကူကူခေါင်းညိတ်လက်ခံမယ်မှန်း ကျွန်တော်သိနေပါတယ်။ အခုတော့ ဖေဖေက လုံးဝခေါင်းခါနေတယ်မေမေ။ မေမေတို့တုန်းက နှစ်ဖက်မိဘသားစုပြည့်ပြည့်စုံစုံနဲ့ လက်ထပ်ခဲ့ရတာမှန်ပေမယ့် မေမေစိတ်မချမ်းသာခဲ့ဘူးဆို။ ဒါဆိုရင် ကျွန်တော့်အလှည့်မှာတော့ စိတ်ချမ်းသာပါရစေလား။

ဘာမှပြည့်စုံခြင်းမရှိတဲ့ ကျွန်တော့်ရဲ့အညာတရချစ်သူလေးကို ကျွန်တော့်ဘဝထဲကို ဝင်ခွင့်ပြုပေးပါ။ သူ့ဘဝလေးကိုမြှင့်တင်ပေးဖို့ သူ့နှလုံးသားကို နွေးထွေးစေဖို့၊ သူ့လက်တွဲဖော်အဖြစ် ဖေးမကူညီပေးဖို့ အသင့်ရှိနေတဲ့ကျွန်တော့်ကို အလိုက်တသိနဲ့ နားလည်ပေးလှည့်ပါမေမေ။ ကျွန်တော်မြတ်မြတ်နိုးနိုးချစ်သလိုမျိုး ဖြူလေးအပေါ်မှာ မေမေရော ဖေဖေပါ နှစ်နှစ်ကာကာချစ်ပေးလှည့်ပါနော်။

✦

မနက်စောစောထ, ရေနွေးအိုးတည်၊ ထမင်းချက်ပြီး ထမင်းကြော်အိုး တင်ထားစဉ် ဘုရားဆွမ်းတော်ကပ်လိုက်ပါ၏။ မနေ့ညနေက ချက်ထားသည့်ချဉ်ပေါင်နှင့် မှျစ်ချဉ်ရည်ဟင်းအိုးကိုနွေးကာ ကြောင်အိမ်ထဲသိမ်းထားသည့်ဟင်းခွက်တို့ကို စားပွဲဝိုင်းလေးပေါ် တင်လိုက်လေသည်။ ငါးပိကြော်၊ ငါးကျည်းကြော်၊ ဝက်သားနှင့်အာလူးအချိုချက်မို့ အဖေထမင်းစားမြိန်မှာပါလေ။

ထမင်းကြော်နှစ်ပန်းကန်ခူးလိုက်ပြီး ထမင်းချိုင့်တွေ ပြန်ဆေးကာ အလုပ်သွားရန် ပြင်ဆင်လိုက်ပါ၏။ ရေချိုးချိန်အထိ အိမ်ရှေ့ခန်းမှာအိပ်နေသည့်အဖေ မထသေးပါချေ။ အဝတ်အစားလဲပြီး ထွက်လာကာ ခြင်ထောင်ဖြုတ်တော့ အဖေက လှုပ်စိလှုပ်စိဖြစ်နေလေပြီ။

"အဖေ"

"အင်း. . ."





"မထသေးဘူးလား. . . အလုပ်သိမ်နီးပြီလေ"

"အဖေတို့ဆောက်တဲ့တိုက်က ညကပဲပြီးတာသမီးရဲ့။ ညက (၁၂)နာရီထိလုပ်ပေးရလို့ ဒီနေ့နားရတယ်။ ကြာသပတေးနေ့မှ အချောကိုင်ပြီးသားတွေ ဆေးသုတ်တာကို သွားဦးစီးပေးရမှာကွ"

"အလုပ်မသွားလည်း မျက်နှာသစ်, သွားတိုက်ပြီး ထမင်းကြော်စားရအောင်လေ အဖေရယ်။ ပြီးမှအိပ်ချင်ရင် ပြန်အိပ်ပေါ့လို့"

"ဟား. . . သမီးကတော့ကွာ၊ အေး, ထပြီဟေ့"

"အဖေ ညကသောက်သေးလား"

"မသောက်ပါဘူးကွ၊ ညဉ့်နက်မှတော့ ဘယ်ဘုံဆိုင် ဖွင့်မှာတုန်း"

အဖေ့အတွက် သွားတိုက်ဆေး ညှစ်ပေးပြီးမှ ထမင်းချိုင့်ထည့်လိုက်ပါ၏။ အဖေက သွားတိုက်၊ မျက်နှာသစ်ပြီး သဘက်ဖြင့် မျက်နှာသုတ်ရင်း စားပွဲအနီးထိုင်ချလိုက်သည်။

"ငါ့သမီးရယ်၊ အဖေတို့သားအဖစားဖို့က ဒီလောက်ကြီးမွှယ်မွှယ်ရာရာချက်ဖို့မလိုပါဘူး။ တော်ရိလျော်ရိပဲချက်ပါကွာ"

"တစ်ခါတလေပါ အဖေရယ်"

သူမက အဖေ့ပန်းကန်ထဲ ဟင်းတွေထည့်ပေးစဉ် အဖေက သူမကိုလှမ်းအကဲခတ်လိုက်ပါ၏။ လက်တို့က တုန်ချင်ချင်။ ပြောလိုက်ရင် အဖေစိတ်ဆိုးမှ အခက်ပါပဲ။

"သမီး. . . ဂျိုးဂျိုး"

"ရှင်! အဖေ"

"ဘာဖြစ်နေလဲ"

"ဘာဖြစ်လို့လဲ အဖေရဲ့"

"ငါ့သမီးကြည့်ရတာ တစ်မျိုးဖြစ်နေသလားလို့ပါ"

"ဟိုလေ. . ."

ထမင်းကြော်က ပန်းကန်တစ်ဝက်သာ ဝင်လေ၏။ ရင်ခံလေ



www.burmeseclassic.com

www.burmeseclassic.com



သလား. . . ကြောက်စိတ်များနေလို့ပဲလား. . . ဘာမှမသေချာ။ အဖေသိအောင်တော့ မပြောမဖြစ်ပြောရမှာမို့ အားတင်းမှုပါပဲ။

"အဖေ့ကို သမီးပြောစရာရှိတယ်"

"အေး, ပြောလေ. . . ဘာများလဲသမီးရဲ့"

"ကိုစည်သူကလေ. . ."

"မောင်စည်သူက ဘာဖြစ်လဲ"

"ဟို. . . သမီးကိုပြောတယ်အဖေရဲ့။ အဲဒါ. . ."

"ဘာလဲ, ငါ့သမီးကိုရည်းစားစကားပြောလိုက်ပြီပေါ့လေ။ ဒီကောင်တော့လား"

"အဖေကလည်း သူ့ကိုဒေါသမထွက်ပါနဲ့"

မဝံ့မရဲပြောနေသည့်သမီးကိုကြည့်ရင်း သူသက်ပြင်းရှိုက်လိုက်မိပါ၏။ သြော်, သမီးတောင် အရွယ်ရောက်လို့ အမြီးပေါက်ချင်ပါရောလား။

"အဖေဒေါသမထွက်ပါဘူး သမီးရဲ့။ ဒီကောင်လေး ခြေလှမ်းဘယ်ကိုလှမ်းသလဲဆိုတာ အစကတည်းက အဖေသိပြီးသားပါ။ ကောင်လေးက ရိုးရိုးအေးအေး၊ ရည်ရည်မွန်မွန်လေးမို့ ငြင်းစရာမရှိပါဘူး၊ အဖေသဘောကျပါတယ်သမီးရဲ့"

"ဒါဖြင့် အဖေစိတ်မဆိုးဘူးပေါ့နော်"

"အေး"

"တော်ပါသေးရဲ့"

"ဘာလဲ၊ ငါ့သမီးက ချက်ချင်းအဖြေပေးလိုက်လို့လား"

သမီးဖြစ်သူမျက်နှာလေး ဖြန်းခနဲရဲသွားပြီး ပြုံးတုံ့တုံ့လေးဖြစ်သွားလေ၏။ အင်း.မအေတူသမီးချောလေးမို့ နှမြောတသရှိပေမယ့် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်တာကို သူတားလို့မှမရတာလေ။

"အမှန်အတိုင်းပြောရရင် စဉ်းစားချိန်တောင်မရလိုက်ပါဘူး အဖေရဲ့"





"ဟော! ဘယ့်နှယ်ကြီးတုန်း"

"သူ့အဖေက ကျောင်းဆရာမလေးနဲ့သဘောတူတာကို ငြင်းချင်လို့တဲ့။ သမီးနဲ့သူ နှစ်သက်နေရင် သူ့အဖေကိုအကြောင်းပြချက်နဲ့ နိုင်နိုင်မာမာငြင်းလို့ရတယ်ဆိုပြီးတော့. . ."

"အဲဒါနဲ့ ခေါင်းညိတ်လိုက်ရရောဆိုပါတော့"

"ဟုတ်"

"ကောင်းပါ့ကွာ, အတော်လည်တဲ့ကောင်ပဲ။ ငါ့သမီးကိုချည်ပြီးတုပ်ပြီး အသေရိုက်လိုက်တာကို။ အေးအေး. . . လောလောဆယ်တော့ အဖေဘာမှမပြောလိုဘူး၊ သမီးကျောင်းပြီးရင်တော့ မိဿာဖဿပီပီ လာတောင်းချည်လို့၊ ဘာမှတင်တောင်းစရာမလိုဘူးလို့လည်း သေချာပြောထားဦး။ တော်ကြာ သမီးအတွက်ဆိုပြီး ငွေကျုံးရုန်းရှာနေဦးမယ်"

"သူက စုတတ်ဆောင်းတတ်ပါတယ်အဖေရဲ့။ သမီးအသုံးလိုရင် ငွေဆယ်သိန်းလောက်ထိ ထုတ်ပေးမှာလို့ ပြောထားတယ်"

"အေး, မဆိုးဘူး၊ အရက်မသောက်၊ ဖဲမရိုက်၊ လောင်းကစားမလုပ်၊ မိန်းမမရှုပ်တဲ့ ပညာတတ်ကောင်လေးဆိုတော့ အဖေ့ထက်တစ်ဆင့်တော့သာတာအမှန်ပဲ၊ ငွေပါစုတတ်တာမို့ ငါ့ထက်ပိုတော်နေသေးဟားဟေးဟေး. . ."

"အဖေကတော့ ပြောတော့မယ်"

သမီးဖြစ်သူမျက်နှာလေး ဝင်းပသွားတာမို့ ရင်ထဲမှာ အေးမြသွားရပါ၏။ သားရဲ့မျက်နှာဆိုတာ မိဘရဲ့ရင်ကိုနွေးထွေးစေတယ်လို့ အမေပြောခဲ့တာမို့ သမီးရဲ့မျက်နှာလေးကတော့ သူ့ရင်ကိုအေးမြသွားတာအမှန်ပါပဲ၊ တကယ်ဆို ဒီစကားကို သမီးရဲ့အမေက ပြောရမှာလေ၊ အမေနဲ့သမီး ပွင့်ပွင့်လင်းလင်းနဲ့ရင်ဖွင့်တိုင်ပင်ရမယ့်ကိစ္စကို အခုတော့ သမီးက ရှေ့မျက်နှာနောက်ထားပြီး သူ့ကိုပြောပြရှာတာမှန်း သူသိရှာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေးမဆွက သမီးကို ကောင်လေးပေါင်းမြောက်များစွာ ချဉ်းကပ်ခဲ့ဖူးပါလျက် သမီးထံမှဘာတစ်ခွန်းမှမကြားခဲ့ရတာလေ။ အခုတော့ သမီးက သူ့မရင်ထဲရှိနေတဲ့ကောင်လေးအကြောင်းကို အဖေသိအောင် မရှက်မကြောက်ဖွင့်ပြောတာပဲကို။ အဲဒီလိုပြောရဲဆိုရဲဖြစ်အောင်လည်း သူက သမီးနှင့်သားအဖလိုထက် သူငယ်ချင်းလို တရင်းတနှီးရှိစေခဲ့တာပါ။ သမီး အပျိုဖော်ဝင်ချိန်ထိ သက်ရှိထင်ရှားရှိပေးခဲ့သည့်အမေ့ကို ပို၍သတိရမိလေ၏။

'ဒေါ်အမာ'တဲ့။ အကြော်ရောင်းပြီး သားကိုကျောင်းထားပေးခဲ့တဲ့အမေ။ ဆယ်တန်းကို ပျော့ပျော့လေး နှစ်ချင်းပေါက်အောင်ခဲ့တဲ့ 'ကျော်နိုင်'ဆိုတဲ့ကောင်လေးကို အဝေးသင်တက္ကသိုလ်ရောက်အောင် ပို့ပေးနိုင်ခဲ့တဲ့အကြော်သည်ကြီးရဲ့ဘဝဒဿနတွေကို ယနေ့ထိကြားယောင်နေဆဲပါပဲ။

'တစ်ကျပ်တန်ငွေနဲ့ တစ်ကျပ်တန်မုန့်ကိုပဲ ဝယ်စားလို့ရမယ်၊ တစ်ဆယ်တန်မုန့်ကိုမမျှော်စမ်းနဲ့ ငါ့သား'တဲ့လား။ လိုချင်သည့်စိတ်စေတသိတ်ကိုချိုးနှိမ်ပြီး အမေပေးတဲ့တစ်ကျပ်တန်မုန့်လေးနဲ့ တင်းတိမ်စေခဲ့တဲ့သားပါပဲ။ အခုရော အမေ့မြေးမလေးကို ဒီလိုပြောမှာလားအမေ၊ အမေ့မြေးမလေးက တကယ်ပဲ တစ်ကျပ်တန်မုန့်လေးဆိုရင် ဟိုကောင်လေး ပေးထယ်တာက ငါးကျပ်တန်လောက်တော့ရှိနေမှာပါနော်။

ဒါဆိုရင် အမေ ဘာများပြောဦးမှာလဲ။ ဒုတိယနှစ်နဲ့ ကျောင်းထွက်ခဲ့တဲ့သားကို အမေပြောလို့မရနိုင်ခဲ့ပေမယ့် အမေ့ရဲ့မြေးကိုတော့ ကျောင်းပြီးတဲ့အထိ ကျွန်တော် ထားပေးနိုင်ခဲ့ပါပြီ။ ပညာတတ်မျိုးရိုးမရှိဘူးဆိုတဲ့ ကျွန်တော့်တို့ဆွေမျိုးတွေထဲမှာ 'ရွှေချိုးဖြူ'ဟာ ဘွဲ့ရပညာတတ်ဖြစ်တော့မှာပါလေ။

အခုတော့ ဒီကလေးလေးက အရွယ်ရောက်ပြီး ကြင်ယာပါစုံတော့မှာပါ။ 'မိုးပေါ်ကလမင်းကို မော့ကြည့်ရုံနဲ့ လက်ိုရမယ်လို့မျှော်လင့်မထားနဲ့။ လရိပ်ကိုလိုချင်ရင်တော့ ရေဖလားထဲ ငေရထည့်ပြီး လ





ဆောက်ရပ်ရုံနဲ့ ရနိုင်လိမ့်မယ်။ အေး၊ မရရောတဲ့အရာကိုမျှော်လင့်စောင့်တဲ့အရူးအလုပ်ထက် အလိုလိုကြွကျတတ်တဲ့ကြယ်ကိုသာ ကောက်တတ်ပါစေ ငါ့သား' တဲ့။

အခု အမေ့မြေးမလေးက မစောင့်ဆိုင်းရပါဘဲ သမီးရဲ့လက်ထဲကို မိုးထက်က ကြယ်တံခွန်လေးက အလိုလိုဆင်းသက်လာခဲ့တာပါ။ အမေ့သား ကံမကောင်းခဲ့ပေမယ့် အမေ့မြေးမလေးကတော့ သိပ်ကိုကံကောင်းခဲ့ပါတယ်အမေ။ အကြော်သည်ရဲ့သားက အလုပ်ကြမ်းသမားတွေ ခေါင်းဆောင်သာဖြစ်ခဲ့ပေမယ့် အဲဒီလူရဲ့သမီးကတော့ သိပ်ပြီးမယင်တဲ့အလုပ်မျိုးသာ လုပ်ခွင့်ရခဲ့ပါတယ်လေ။

မြေကြီးက မြေကြီးဘဝနဲ့ တန်ဖိုးမရှိဘူးလို့ဆိုရိုးရှိပေမယ့် ဒီ ကြီးထဲကပဲ ရေရတာဖြစ်သလို ဒီမြေကြီးထဲကပဲ ရွှေငွေကျောက်သံ များဆိုတဲ့အရာတွေ ရခဲ့တာမဟုတ်လား။ ဒီလိုပဲ အများက နင်းချေ ခဲ့တဲ့ 'ငနိုင်'ဆိုတဲ့ကောင်မှာ အင်မတန်တန်ဖိုးကြီးလှတဲ့ရတနာ တစ်ခု ခိုအောင်း ပိုင်ဆိုင်ရစ်ခဲ့ပါတယ်လေ။

✦

အလုပ်ရုံဝင်ထဲဝင်လာသည့် သူဌေးကားကို မြင်လိုက်ရသဖြင့် မျက်လုံးပြူးသွားရပါ၏။ (၉)နာရီကြီး. စည်သူရောက်မလာဘဲ အဖေ ရောက်လာတာကို။ သူငယ်ချင်းဖြစ်သူ တစ်ခုခုဖြစ်လာ ဟု စိုးရိမ်သွားရပါ၏။

''မောင်ရဲခေါင်''

''ဗျာ! အန်ကယ်''

''ခဏ''

''ဟုတ်ကဲ့''

ရှုံခန်းထဲဝင်သွားသည်မို့ လုပ်လက်စအလုပ်ကိုရပ်ကာ ရှိက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့ရပါ၏။ ဒီအလုပ်က စည်သူ့ကိုယ်ပိုင်အလုပ်မို့ ဦးမောင်မောင်
နှင့်မပတ်သက်ပါချေ။ ဒါဆို ဘာကြောင်းနဲ့များ ရောက်လာတာပါလိမ့်

"ထိုင်ဦး"

"ဟုတ်ကဲ့"

လာလည်သည့်သူကို ဧည့်ကြိုမှုမပြုပါဘဲ သူ့ဧှာက ပြန်
နေသည်က, ကပြောင်းကပြန်။ ဘာများပြောစရာရှိနေပါလိမ့်နော်။

"ရွှေချိုးဖြူဆိုတာ မင်းနဲ့တစ်ရပ်ကွက်တည်းနေတာ မဟုတ်
လား"

"ဗျာ! ဟုတ်. . . ဟုတ်ကဲ့"

"အေး, ဒါဆိုရင် သူဘယ်မှာနေတယ်ဆိုတာ အန်ကယ့်ကို
လိုက်စမ်း၊ မင်းကိုခေါ်သွားချင်ပေမယ့် ဒီမှာက မင်းမရှိလို့မဖြစ်တာ
ညွှန်ရုံပဲညွှန်ခိုင်းရတာလေ"

"ဟို့ အန်ကယ်၊ ဘာများသွားလုပ်မလို့လဲမသိဘူး၊ ကျွန်တော်
စည်သူ့ကို အတန်တန်တားခဲ့ပါတယ်ခင်ဗျာ"

"အေးလေ၊ မင်းဘက်က သူငယ်ချင်းကောင်းပီသစွာနဲ့ တား
ဆီးခဲ့တာမှန်ပေမယ့် အန်ကယ့်သားကိုယ်တိုင်ကိုက ခေါင်းမာလွန်း
ခက်တာကိုး။ ဒီကောင်ပြောတာတော့ သူတို့နှစ်ယောက်ကြိုက်နေကြ
တဲ့။ မနေ့ကပဲ အန်ကယ့်မိတ်ဆွေရဲ့စေ့စပ်မယ့်ပွဲမှာ ထုတ်ပြောခဲ့တာ"

"ကျွန်တော်. . ."

"အန်ကယ်, မင်းကိုအပြစ်မတင်ပါဘူး မောင်ရဲခေါင်။ သား
သမီးမကောင်း မိဘခေါင်းလို့ပဲ ဆိုရိုးရှိတာမဟုတ်လား၊ အန်ကယ့်သား
ကိစ္စကို အန်ကယ်ကိုယ်တိုင်ပဲကိုင်တွယ်မယ် မောင်ရဲခေါင်။ ဒီလိုလာ
ဗလာအမျိုးထဲတော့ သားကိုအရောက်မခံနိုင်ဘူးကွယ့်၊ အန်ကယ့်သား
'စိန်'ရတနာလေးပါ။ ဒီအဖိုးတန်လေးကို 'မြ'လိုရတနာ၊ 'ရွှေ'လိုရတနာ
မျိုးနဲ့ပဲ ရံသင့် ကွပ်သင့်တယ် မောင်ရဲခေါင်။ ရွှံ့တွင်းထဲပစ်ချလိုက်
မဟုတ်ဘဲ၊ ရွှေခွက်ထဲလာနိုက်တဲ့ အဲဒီအနူလက်တွေကို အန်ကယ်





ခေါင်ကိုဖြတ်ပစ်မှာ၊ အဲဒါ အန်ကယ့်သန္နိဋ္ဌာန်ပဲ၊ ဘယ်သူမှလာတား
ဘူး၊ လာဖျက်လို့လည်းမပျက်ဘူးဆိုတာ သူတို့ကောင်းကောင်းကြီး
သွားစေရမယ်လေ၊ ပြောပါ မောင်ရဲခေါင်။ အန်ကယ် သူတို့သားအဖ
အပြန်ဆုံးစာရင်းရှင်းရမှာ"

အပျက်အပျက်နဲ့ နာခေါင်းတော့ သွေးထွက်သံယိုဖြစ်ကုန်ပါ
သား စည်သူရေ၊ မင်းပြောသလို မိကျိုးကို ခေါင်းအုံးလေးလိုပွေ့ထား
ရတော့မသိဘူး၊ မင်းအဖေကတော့ စစ်ကြေငြာနေပြီလေ။ ဒီလို
နာတွေ တစ်နေ့မဟုတ်တစ်နေ့ ကြုံလာမှာစိုးလို့ မင်းကိုအတတ်
ကာကွယ်တားဆီးခဲ့ပါလျက် မိုက်မဲတဲ့ကောင်လေးကြောင့် ကြား
မျက်နှာပူရချေပြီပဲ၊ စည်သူရေ, မင်းလှဲအိပ်ချင်တဲ့ 'အချစ်'ဆိုတဲ့
ရာပေါ်မှာ အဆိပ်ဆူးတွေ အပြည့်ရှိနေတာကို မမြင်ခဲ့ပါလား
ချင်းရယ်။

ရဲခေါင်ပြောပြလိုက်သည့်အတိုင်း ကားကိုတောက်လျှောက်
လာခဲ့၏။ ဒင်းတို့သားအဖ အလုပ်သွားချိန်မို့ အိမ်မှာရှိ မရှိ မသေ
ယ့် သားအဖဖြင့်ရောက်လာခဲ့ချေပြီ။ ဖုန်တသောသောလမ်းမ
အလုံပိတ်ကားမှန်က ချက်ချင်းဖြူဖွေးသွားလေ၏။ ကိုယ်ရေး
ဘက်စွမို့ Driver ကိုပင် ခေါ်မလာပါချေ။ ပထမမြောက်လမ်း
ရှေ့ရင်း နောက်လေးလမ်းအရောက်မှာ လမ်းသွယ်ထဲသို့ ချိုး
ည်။ မန်ကျည်းပင်ကြီးရှိနေသည့်ခြံဝင်းရှေ့မှာ ကားကို ကျွဲခနဲရပ်
၏၊ တစ်ခြံလုံး အမှိုက်မရှိဘဲ ရှင်းလင်းနေသည့်ခြံပိုင်းကို အကဲ
အိမ်လေးဆီသို့ တစ်လှမ်းချင်းလျှောက်လာခဲ့လေသည်။

"အိမ်ရှင်တို့. ဘယ်သူမှမရှိကြဘူးလား"

"လာပြီချို့၊ ဘယ်သူလဲ"

အထဲမှ ကြမ်းနင်းသံတကျွိကျွိကြားလိုက်ရပြီး အိမ်ပေါက်ဝမှာ
ယောက် လာရပ်လေ၏။ တိုက်ပုံမီးခိုးရောင်အိတ်ကပ်ထဲ လက်
ပ်ကြည့်လိုက်သည့်မျက်ဝန်းအစုံက စွပ်ကျယ်လက်တိုနှင့် ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



တိုတိုဝတ်ထားသည့်လူနှင့် သွားစုံလေသည်။

"ဩော်. ဘယ်သူများလဲမှတ်တယ်. . . မင်းကိုး"

"အေး. ငါလည်း မင်းလို့ စိတ်ထဲက ထင်လိုက်သားပဲ။ အခု ကိုယ်တိုင်လာမှ သေချာသွားတာပေါ့လေ။ ဒီမှာငနိုင်၊ မင်း့သမီးကို ငါ့သားနဲ့လုံးဝသဘောမတူနိုင်ဘူးကွ။ အဲဒါလာပြောတာပဲ"

"ဘာကွ! နေစမ်းပါဦး။ မင်း့သားက ဘယ်သူ့မို့ ဒေါသတကြီးလာပြောနေရတာလဲကွ"

"ဘယ်သူရှိမလဲ၊ ငါ့ရဲ့တစ်ဦးတည်းသောသား, စည်သူခန့်လေကွာ"

"ဘာ! "

"အေး. ငါ့သားကို ရွှေအိုးပိုက်ထားတဲ့သူဌေးသားဆိုပြီး အပိုင်ဖမ်းလို့ရမယ်မထင်နဲ့ ငနိုင်။ လူဆိုတာ ကိုယ်နဲ့အဆင့်အတန်းတူမှတူ စဉ်းစားတတ်ရတယ်ကွ"

"အံမာ! ငါ့သမီးက မင်းရဲ့သားကို သူဌေးသားမှန်းသိလို့ ကြိုက်ခဲ့တာမဟုတ်ဘူးကွ၊ မင်းရဲ့သားကသာ ကလေကဝ အုတ်ကြားမြက်ပေါက်လို ညာတ်များပြီး ကလိမ်ကကျစ်လာလုပ်တာ။ ဝပ်ရှော့မှာ လုပ်ပါတယ်။ သူဌေးရိုင်ဘာလည်းလုပ်တယ်ဆိုပြီးတော့လေ။ အေး, အဲဒါ. . ."

"အဲဒါ ငါ့သားကိုယ်တိုင်ထောင်ထားတဲ့ ဝပ်ရှော့ကွ. . . ဘာမှ ကလိမ်စေ့ ငြမ်းဆင် လျှောက်ပြောမနေနဲ့၊ မင်း့သမီးကို သေချာဆုံးမထား။ ငါ့သားကိုရဖို့ အိပ်မက်တောင်မမက်လေနဲ့။ တောက်! "

"အောင်မာ! ရာရာစစ. မင်းကပဲပြောရတယ်ရှိသေး၊ ငါက သူများရည်းစားကို အချောင်ဖြတ်ခုတ်ပြီး အတင်းအပိုင်ယူတတ်တဲ့ကောင်မျိုးမဟုတ်ဘူးကွ"

"ဟေ့ကောင်. မင်း, မဆိုင်တာတွေ လျှောက်မပြောနဲ့၊ ငါက ငါ့သားကိစ္စကိုပဲပြောနေတာ"

"အေးလေ. . . ငါ ကလိမ်ကကျစ်မဟုတ်တော့ ငါ့သမီးက ကလိမ်ကကျစ်ဖြစ်စရာ ဘာအကြောင်းမှမရှိဘူး ငမောင်ရေ့။ မင်းလိုကောင်က မွေးလာတဲ့ကောင်သာ ဖအေ့ခြေရာ ထပ်တူနင်းပြီး ကလိမ်ကကျစ်ပြောတတ်လုပ်တတ်တာ"

"မင်း. . ."

"အေး. မင်းလိုအမျိုးယုတ်ထဲတော့ ငါ့သမီးကို အပါမခံနိုင်ဘူးဟေ့။ မင်းရဲ့သားနဲ့သဘောတူမယ့်အစား လမ်းဘေးတောင်းစားတဲ့ကောင်နဲ့ပဲ ငါ့သမီးကိုပေးစားမယ်. . . ထွီ"

"တောက်! တော်တော်စော်ကားတဲ့ကောင်။ အေး, မင်း့သမီးနဲ့တန်တာပဲ ရွေးပေါ့ကွာ။ ဈေးသည်မျိုးကများ. . ."

"ဟေ့, ဈေးသည်က သူ့ငွေ သူ့ခွန်အား ဉာဏ်စွမ်းနဲ့ရှာစားတာကွ။ မင်းလို မိဘအမွေအဆင်သင့်ထိုင်ယူပြီး သူများရည်စား ကြာကူလိရိုက်တဲ့အယုတ်တမာမျိုးမဟုတ်ဘူး၊ ငါ့ခြံထဲက ခုထွက်သွား။ ငွေဆော်နံ့တယ်ကွ"

"တောက်! အေး. ငါ့အကြောင်း မင်း ကောင်းကောင်းသိစေရမယ်, ငနိုင်"

"မလိုဘူး၊ မင်းအကြောင်း, ငနိုင်တို့က ဟိုးနှစ်ပေါင်းအစိတ်လောက်ကတည်းက သိခဲ့ပြီးသားကွ၊ ဘာမှလျှောပ်တိုင်တက်ပြနေစရာမလိုဘူး ကျော်နိုင်တို့က လူသာ Zero ဖြစ်ချင်ဖြစ်မယ်။ ကိုယ်ကျင့်တရားမှာတော့ တစ်ရာအပြည့်ပဲဟေ့"

✦✦✦





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကားရပ်သံနှင့် အိမ်ထဲဝင်ကာ အော်ဟစ်ပြောဆိုနေသံက ခပ်ကျယ်ကျယ်၊ ဆရာဝန်ပြန်သွားပြီမို့ ကြာဆံပြုတ်သောက်ပြီး ဆေးသောက်ဖို့ပြင်နေရာမှ လန့်သွားရ၏။ အန်တီသီတာက မျက်နှာပင့်ပြပြီး ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေသည်။ ဖေဖေ ဘာတွေများ ဒေါသဖြစ်လာတာပါလိမ့်။

"တောက်! တစ်ယောက်မှအသုံးမကျကြဘူး။ ဒေါက်တာ ပြန်သွားပြီလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သားကို ဆေးထိုးသွားလား"

"မသိဘူးရှင့်"

"ဘာသိလဲ၊ အိမ်ကို ဆရာဝန်ကြွပြီး ကျုပ်သားကိုဆေးကုသွားတာလေးတောင် ဂရုတစိုက်မရှိတာ ခင်ဗျားတို့ ဘာအသုံးကျကြသလဲ။



www.burmeseclassic.com

www.burmeseclassic.com



တောက်! ကွာ. . ."

ဘာဖြစ်လာတာပါလိမ့် ဘယ်သူနဲ့ပြဿနာတက်လာပြီး အိမ်မှာ လာရမ်းနေပါလိမ့်နော်။ တဒုန်းဒုန်းခြေသံက သူ့အခန်းဝမှာ ရပ်သွားပြီး ပေါ်လာသည့်ဖေဖေ့မျက်နှာက ရဲရဲနီ၏။ အခန်းဝမှာပေါ်လာသည့် ဖေဖေ့မျက်နှာက ရဲရဲနီလို့ပါလားလေ။

"ဘာဖြစ်လို့လဲ ကိုမောင်"

"သား မင်းကောင်မလေးကို ခုချိန်ကစပြီး တစ်ခါတည်းဖြတ်ဒါပဲ"

"ဟာ. ဘာဆိုင်လို့လဲဖေဖေရ၊ ကျွန်တော်ညည်းစားရတာ ရက်ပိုင်းလေးပဲရှိသေးတယ်. . . ဖြတ်စရာလား။ မဖြတ်နိုင်ဘူးဗျာ"

"မဖြတ်လို့မရဘူးကွ။ အဲဒီကောင်မလေးက ငါ့ရန်သူရဲ့သမီးဖြစ်နေလို့ မင်းနဲ့လုံးဝသဘောမတူနိုင်ဘူး"

"ဖေဖေ့ရန်သူက ဖေဖေနဲ့ဆိုင်တာလေ၊ ကျွန်တော်နဲ့ဘာဆိုင်လို့လဲ။ မရဘူး. . . ကျွန်တော်နဲ့ဖြူလေးက တစ်ယောက်နဲ့တစ်ယောက် နှလုံးသားချင်း ဖလှယ်ထားပြီးသား။ ဖေဖေ ဘယ်လိုမှဖျက်လို့မရဘူး"

"မရဘူးကွ! ဖြတ်ဆိုဖြတ်။ ဖအေက ဒါဆိုရင် မင်းက ဒါပဲလိုက်လုပ်ရမှာပေါ့။ မင်း. ငါ့သားဆို ငါ့အမိန့်ကို မလွှဲမသွေနာခံရမယ်။ ဒါ ငါ့အမိန့်"

"ဖေဖေ. . ."

"ဟယ်. တော်ကြပါတော့၊ ဘယ့်နှယ် အော်ကြီးဟစ်ကျယ်နဲ့ သားအဖပြောစရာလား။ သားက ဖအေကိုအော်မပြောရဘူးလေ။ ငရဲရတော့မှာပဲ"

"ဖေဖေပြောတာ အန့်တီကြားတယ်မဟုတ်လား"

"မင်းကို ငါဆုံးမနေတာကွ"

"တော်ပြီ. . . ကိုမောင်လည်း တော်တော့ အလိုလေး! သားအဖချင်း တိုးတိုးသာသာပြောဆိုညှိနှိုင်းကြပါလားကိုမောင်ရယ်၊ ကလေး





က ခုမှအဖျားသက်သာခါစကို။ ထိုင်ဦး. . . စိတ်ကိုလျှော့"

ဦးမောင်မောင်ခန့် ထိုင်ခုံပုလေးမှာ ဆောင့်အောင့်ထိုင်ချလိုက်ပါ၏။ တောက်! ငါနော်. . . ဒင်းတို့သားအဖကို ဓားနဲ့သာနှုတ်နှုတ်စင်းလိုက်ချင်တော့တယ်။ သားက အဲဒီကလေကဝ အုတ်ကြားမြက်ပေါက် လမ်းဘေးရှေးသည်တွေနဲ့ပေါင်းပြီး သူ့ကို ပြန်ခံပက်နေတတ်ပြီလေ။ အရင်ကပြန်ပြောတယ်ဆိုတာတောင် လေပြည်လေးနဲ့ပြောရုံပဲ၊ အခုတော့ ဖအေ မာသည့်အတိုင်း ခပ်မာမာပြန်ပြောနေရတယ်လို့။ ရင်နာလိုက်တာ။

"ကဲ. ပြော. . . ဘယ်သူနဲ့တွေ့လာတာလဲ"

"ငနိုင်နဲ့"

"ကျော်နဲ့. . . ဟုတ်လား။ ဘယ်မှာတွေ့လာတာလဲ"

"အဲဒီနာမ်စား, မသုံးပါနဲ့သိတာရဲ့။ ရင်ထဲအောင့်လွန်းလို့ပါ။ ဒင်းက ဟိုဟာမလေးရဲ့ဖအေလေ. . . တောက်! "

"ဖေဖေနော်. . . ဖြူလေးကို ဟိုဟာမလေးလို့မနှိုင်းနဲ့။ ကျွန်တော်မကြိုက်ဘူး"

"ဟေ့ကောင်. ငါ မင်းအဖေကွ၊ ပြောတော့ ဘာဖြစ်လဲ"

"ဟောကြည့်! ဖြစ်ပြန်ပြီ၊ သားက ကလေးဖြစ်ပြီး လူကြီးပြောတဲ့ကြားထဲ ဝင်မပြောရဘူးလေ"

"ကျွန်တော်. . . ကလေးမဟုတ်တော့ဘူး အန့်တီရဲ့။ အသက်အစိတ် ရှိနေပြီ"

"အေးပါ"

"မင်းက ငါ့ကလေးမဟုတ်လို့ ငါ့အဖေလား"

"ဪ. ကလေးကိုပြောလို့မပြီးသေးဘူး။ ဒီဖအေက တစ်မှောင့်. . . ငါစိတ်ညစ်လာပြီနော်"

သားလုပ်သူ ပါးစပ်ပြင်တော့ သီတာက လက်ညှိုးထောင်၍ လှမ်းတားလိုက်လေ၏။ တစ်ခွန်းမခံပြန်ပြောချင်နေပြီလား. . . ဆင့်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးမလို့ လိမ္မာခဲ့တဲ့သားလေးက ခုဆို 'မ'ဘက်လိုက်ပြီး မိုက်ဘက်ပါနေပြီ'ဆင့်'ရယ်။ မောင်ဘယ်လိုပြောလို့ရပါ့မလဲ၊ မောင့်ကိုကူလှည့်ပါဦး။

"သူ့အိမ်ကိုသွားခဲ့တာလား"

"ဟုတ်တယ်"

"ကိုမောင် ဘာပြောခဲ့လဲ"

"သားနဲ့သဘောမတူဘူးလို့ သွားပြောရုံပါပဲ သီတာ။ တခြားဘာမှပြောဖို့စိတ်ကူးမရှိပါဘူး"

"အဲဒီတော့. . ."

"ဒင်းက သူ့စရိုက်အမှန်ကိုထုတ်ပြတယ်လေ၊ သားက သူ့သမီးကိုလိမ်ညာပြီး ကြိုက်ခဲ့တာတဲ့၊ ဒင်းတို့လိုမျိုး ထင်နေလားမသိ။ ငါ့စည်းစိမ်တွေကို မျက်စိကျပြီး ငါ့သားကိုအပိုင်ဖမ်းလို့ရမယ်ထင်နေသလား"

"ဖေဖေ အဲဒီလိုမပြောပါနဲ့ဗျ။ ဦးလေးတို့သားအဖက ဖေဖေထင်ထားသလိုမျိုးမဟုတ်ဘူး။ ငွေကြေးချမ်းသာတဲ့လူတွေကိုအထင်မကြီးလို့ ကျွန်တော့်ကိုယ်ကျွန်တော် ဆင်းရဲချင်ယောင်ဆောင်ပြီး ဖြူလေးကိုချဉ်းကပ်ခဲ့တာအမှန်ပဲ။ သူတို့ဘာမှမလိမ်ညာဘူး"

"ဟောကောင်! မင်းပါးစပ်ပိတ်ထားစမ်း!"

"ဖေဖေက မှန်မှန်ကန်ကန်ပြောလေ။ ဒါဆို ကျွန်တော့်ဘက်က ဘာမှဝင်ပြောစရာမရှိဘူး"

"မင်းက အဖေလား၊ ငါက အဖေလား"

"ဖေဖေ"

"အေး. ငါ.မင်းအဖေဆိုရင် ငါ့ဘက်ကပဲ မင်းနာပေးရမှာပေါ့။ မင်းပထွေးဘက်က ဘာလို့လိုက်ပြီးနာနေရတာလဲ"

"ဖေဖေနော်. မေမေ့ကိုအဲဒီလိုပြောစရာလား၊ မေမေရေ. . . ဟောဒီမှာ မေမေ့ကို ဖေဖေက နောက်ယောကျ်ားနဲ့စွပ်စွဲနေတယ်ဗျ"

"စည်သူ. ငါပြောနေတာ မင်းကိုကွ"

"ကဲ.တော်ကြပါတော့၊ ဒုက္ခပါပဲ၊ ဒီသားအဖနှစ်ယောက်ကြား





မှာ ငါတော့ ရူးချင်လာပြီ"

"သီတာ ဘာသိလို့လဲ၊ ဒင်းက အတော့်ကိုလူပါးဝလွန်းတယ်။ ကိုယ့်ကိုများ ပြောလိုက်တာ ပျစ်ပျစ်နှစ်နှစ်နဲ့၊ နှစ်ပြားတောင်မတန်တော့ဘူး"

"အဲဒါ ဖေဖေက 'ဒေါင်'လို့ ဦးလေးက 'ဒင်'လိုက်တာပဲ နေမှာပေါ့"

"ဟောကောင်. မင်းယောက္ခထီးဘက်က ဝင်မပြောနဲ့စမ်း"

ယောက္ခထီးဟူသည့်အသုံးကြောင့် သားဖြစ်သူ မျက်နှာကြည်သွားသလို သီတာ့မျက်နှာကလည်း ပြုံးဆုံ့တုံ့။ ရော်, သူ့စကားထဲမှာ ဘာရယ်စရာတွေများ ပါနေလို့ပါလိမ့်နော်။

"သူကလည်း သူ့သမီးနဲ့သဘောမတူဘူးလို့ပြောလိုက်တယ်ပေါ့လေ"

"အေးပေါ့၊ ကြီးကြီးကျယ်ကျယ်တွေပြောပြီး လူကဖြင့် ဟိုး. . . အဝီစိကပ်နေပြီ။ သူ့သမီးကို သူတောင်းစားနဲ့ပဲ ပေးစားမယ်ဆိုပဲ"

"ဟယ်!"

"အဲဒါ ဖေဖေ့ကိုတမင်ရွဲ့တာနေမှာပေါ့။ ဘယ်အဖေက ကိုယ့်သမီးကို လမ်းဘေးက သူတောင်းစားနဲ့ ပေးစားမှာလဲဗျ။ တော်သေးတာပေါ့။ ခွေးအမြီးဖြတ်ပြီးပဲ ပေးစားမယ်ဆို. . . သေရော"

"မင်းကပါ ခွေးဖြစ်ချင်လို့လား"

"ဟယ်! ကိုမောင်ကလည်း"

"ငါ နည်းနည်းမှမကျေနပ်ဘူး သီတာ၊ ဒီကောင့်အကြောင်းကို နင်လည်း ကောင်းကောင်းသိနေတာပဲဟာ၊ လူပဲ အဆင့်အတန်းမရှိတာမဟုတ်ဘူး၊ စကားပြောတာအစ ယဉ်ကျေးမှုမရှိဘာ၊ ငါ့ကိုမတူသလိုမတန်သလို ထိုတွမ်လုပ်တာကိုရော. ကြာကူလီလို့ပြောတာကိုပါ. နည်းနည်းမှမခံနိုင်ဘူး"

"ဘာရယ်. . . ကြာကူလီ. ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ငါက သူ့မိန်းမကိုပဲ အချောင်လုယူသလိုလိုအပြော ခံရတာ နာတယ်ဟ"

"မေမေ့ကိုလုခဲ့တာ အမှန်ပဲမဟုတ်လားဖေဖေရ"

"ဟေ့ကောင်! ဆင့်နဲ့ငါညားလို့ မင်းလူဖြစ်လာတာနော်"

"သားမေမေက ကိုမောင့်ကို သူ့စိတ်နဲ့သူ့ကိုယ် ခေါင်းညိတ် လက်ခံခဲ့တာပါကွယ်။ အထင်မလွဲပါနဲ့"

"ဒါပေမဲ့ ဖေဖေ့ကိုတော့ မေမေ့မချစ်ခဲ့တာတော့ သေချာပါ တယ်"

"စည်သူ"

"သံယောဇဉ်နဲ့ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးပါ. သား။ ဆင့်တို့အိမ်ထောင်ရေး သာယာခဲ့တာ အန်တီ့ကိုယ်တွေ့ပါ"

"နှလုံးသားက ရှင်သန်ခွင့်မှမရခဲ့ဘဲလေ အန်တီ။ ငယ်ငယ် တုန်းကတော့ ဘာမှမသိခဲ့ပေမယ့် အခုတော့ ကျွန်တော်နားလည်နေပါ ပြီ။ ကျွန်တော့်ကိုပွေ့ပိုက်ထားတိုင်း အကြာကြီးငြိမ်နေတတ်တာ၊ ပြတင်း ပေါက်မှာရပ်ပြီး အချိန်တော်တော်ကြာအောင် ကျောက်ရုပ်တစ်ရုပ်လို ငေး မောနေတတ်တာ၊ ဟိုဘက်ခြံက လွင့်ကြွေလာတဲ့စကားပွင့်လေးကိုကိုင် ပြီး ငိုင်နေတတ်တဲ့မေမေ့ရင်ထဲက ဝမ်းနည်းငိုကြွေးပြီး ယူကြုံးမရဖြစ် ခဲ့တာတွေကို ကျွန်တော် စာနာတတ်နေပါပြီ။ မေမေဟာ သိပ်သနား စရာကောင်းတဲ့အမျိုးသမီးတစ်ယောက်ပါဗျာ"

တကယ်ပဲ သားပြောသလိုမျိုး ခံစားခဲ့ရလေသလား 'ဆင့်'ရယ်။ မောင်အဖြေတောင်းတုန်းက ခေါင်းခါငြင်းဆန်ခဲ့တာမှန်ပေမယ့် ဖေဖေ တို့လာရောက်နားဖောက်ချိန်မှာ 'ဆင့်'ဘက်က မောင့်ကို ခါးခါးသည်း သည်းငြင်းခဲ့တာမှမဟုတ်ဘဲ။ အန်တီခင်နားချလို့နားဝင်ပြီး ခေါင်းညိတ် ခဲ့တာမျိုးမဟုတ်ခဲ့ဘူးပေါ့နော်။ 'ဆင့်'မရှိတော့တဲ့နောက်ပိုင်းမှာ 'ဆင့်' ရေးခဲ့တဲ့ Diary စာအုပ်လေးကို မောင်ဖတ်ခွင့်ရခဲ့တာအမှန်ပါ။

('ကျော်'ရယ်.'ဆင့်'နဲ့'ကျော်'ကြားမှာ ခြားထားတဲ့သမုဒ္ဒရာ





ကြီးက အရမ်းကိုကျယ်ဝန်းနက်ရှိုင်းလွန်းသလို 'ကျော့်'ဆီအရောက် သာဖို့ ဒီသမုဒ္ဒရာကိုကူးခတ်နိုင်တဲ့ခွန်အားတွေ 'ဆင့်'မှာ ရှိမနေတော့ တာမို့ ခွင့်လွှတ်ပေးပါ။

ဒါပေမဲ့ 'ဆင့်'တို့ရဲ့နှလုံးသားနှစ်ခုစလုံးကိုတော့ အဲဒီသမုဒ္ဒရာ ရဲ့ကမ်းစပ်က ကျောက်ဆောင်အောက်ခြေမှာ လုံခြုံစွာမြှုပ်နှံထားခဲ့တာ ကိုတော့ တစ်သက်တာအတွက် ယုံပေးပါ 'ကျော်')

မောင် ရင်ကွဲခဲ့ရတာအမှန်ပါပဲ။ မောင့်အတွက် ဒီသားလေး တစ်ယောက်ကို အသက်စွန့်ပြီး မွေးပေးခဲ့တာမို့ 'ဆင့်'ရင်ထဲမှာ မောင့် အပေါ်ထားရှိတဲ့မေတ္တာငုတ်တိုလေးတော့ ရှိနေလောက်ပါပြီလို့ မောင် က ယူဆခဲ့တာလေ။ ခုတော့ အဲဒီလိုမှမဟုတ်ခဲ့တာဘဲ။

'ဆင့်'ရဲ့နောက်ဆုံးထွက်သက်အထိ 'မောင့်ကိုချစ်ပါတယ်'ဆို တဲ့စကားတစ်ခွန်းကိုတောင်မှ ပြောမသွားခဲ့တာလေ။ 'ဆင့်'ရင်ထဲမှာ တကယ်ပဲ နှလုံးသားမရှိတော့ဘူးပေါ့နော်။ မောင့်ကိုပြန်ချစ်ဖို့ အချစ်ဆို တဲ့အရာလေး လက်ကျန်ပဲဖြစ်ဖြစ် သေးသေးမွှားမွှားလေးတောင်မကျန် ခဲ့တော့တာ တကယ်ပဲလား။ မောင်တစ်သက်လုံး လိုလားတောင့်တ ခဲ့တဲ့အချစ်ဆိုတာကို 'ဆင့်'လုံးလုံးချည်းမပေးခဲ့တာပါလေ။

"ဖေဖေကတော့ သားမေမေကို ဝုံထားမတတ်ချစ်ခဲ့တာ အမှန် ပါသားရယ်"

"အဲဒါဆိုရင် ကျွန်တော့်ရင်ထဲက ချစ်ခြင်းတွေကိုလည်း ဖေ ဖေ မြင်သင့်တာပေါ့ဖေဖေ။ ကျွန်တော်နဲ့ဖြူလေးကို ဝေးအောင်မလုပ် ချင်ပါနဲ့"

"မရဘူးသား။ အဲဒီကောင်ရဲ့သမီးကိုမှ ငါ့သားက ရှာရှာဖွေ ဖွေ သွားချစ်ရတယ်လို့။ ဖေဖေနဲ့သူက ဘယ်တော့မှဆုံမှတ်မရှိတဲ့ မျဉ်း ပြိုင်နှစ်ကြောင်းပဲ သားရဲ့။ သူ့ဘက်ကလည်း သားကို သူ့သမီးနဲ့ နည်း နည်းမှသဘောတူမှာမဟုတ်သလို ဖေဖေဘက်ကလည်း အသေအချာ ပဲ ဒါ ဘယ်တော့မှပြင်လို့မရတဲ့ဆုံးဖြတ်ချက်ပဲ.သား"



www.burmeseclassic.com

www.burmeseclassic.com



''လူကြီးနဲ့လူငယ်အမြင်မတူတာတွေကို ညှိယူလို့မရရင် က ကြီး ငြိမ်းချမ်းမှာမှမဟုတ်တော့ဘဲ ဖေဖေ။ ဖေဖေ လူငယ်ဘဝတုန်း တောင် မေမေ့အပေါ်မှာ ပိုင်ဆိုင်ချင်စိတ်ဖြစ်ခဲ့သလို ကျွန်တော့်ရင်ထဲ လည်း အလားတူစိတ်မျိုးရှိနေလိမ့်မယ်လို့ ဖေဖေမမြင်ပေးနိုင်ဘူးလား''

ဘုရားရေ! သားရင်ထဲမှာ 'ဆင့်'ရဲ့နှလုံးသားကိုယ်ပွား များ ထည့်ပေးခဲ့လေသလား။ သူ ဒီအရွယ်တုန်းက မတတ်မြော တဲ့ စကားအထူးအဆန်းတွေကိုများ ပြောနေလိုက်တာလေ။ ဒါ,သူ့ ကဖြစ်တဲ့ သူ့သား စည်သူခန့်တဲ့လား။ ရန်သူကိုမှ ဓားရိုးကမ်း တယ်လို့, သားရယ်။

''သားလက်ထပ်တဲ့အခါ အိမ်ကိုတောင် ခွဲမထားဘဲ ဖေ အတူနေရမယ်ဆိုပြီး စီစဉ်ထားတယ် စည်သူ။ ဒီကောင့်သမီးနဲ့ သာ ရင် ဘယ်လိုတွေဖြစ်လာမလဲ။ သူကလည်း ဖအေတစ်ခုသမီးတစ် သူ့သမီးကိုခွဲနိုင်မှာမဟုတ်ဘူး. . . ဒီတော့''

''အိမ်ထောင်ပြုမှတော့. . . ကိုယ့်အိုးကိုယ့်အိမ်နဲ့နေကြ အကောင်းဆုံးပါဖေဖေ။ ဖေဖေနဲ့မေမေတို့တောင်မှ အဲဒီလိုနေခဲ့ကြ မဟုတ်လား။ ကျွန်တော့်အလှည့်မှာလည်း ဒီလိုပဲဖြစ်မှာ''

''သားကို ဖေဖေမခွဲနိုင်ဘူး''

ဒုက္ခပါပဲ၊ ဖြူလေးနဲ့သဘောတူပေးပါလို့ပြောရတာ အ ကို လက်ပေါက်ကပ်လှတာပါလား။ ဖေဖေကတော့ ခွတိုက်ပြီဆိုရင် လိုကပ်သပ်ပြီး တိုက်တတ်တာလေ။ ဒီအရွယ်ရောက်နေပြီဖြစ်တဲ့ ကို မခွဲနိုင်ဘူးလို့ တဂျိကျိပြောနေလိုက်တာ တစ်သက်လုံးသေခွဲမခွဲ တဲ့အတိုင်းပါပဲလား။ ကိုယ့်အဖေကို ဆရာလုပ်တယ်မဟုတ်ပေမယ့် တစ်လျှောက်လုံး အမြဲအသက်ရှင်နေမှာမဟုတ်ဘူးဆိုတာကိုတော့ မနေစေချင်ပါလေ။

''အဲဒီလိုပဲ ဦးလေးလည်း ဘယ်ခွဲနိုင်မှာလဲဖေဖေရဲ''

''ဘာပဲဖြစ်ဖြစ် ငါသဘောမတူဘူးကွာ''





''ဖေဖေကလည်း ကျွန်တော်က ခုချက်ချင်းယူမယ်လို့များပြော ဲ့လား။ ဖြူမေလေးအသက်က ခုမှ (၁၉)ကျော်ကျော်ပဲရှိသေးတဲ့ဟာ

''မင်းအရွယ်က အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီလေ။ ယ်အသင့်တော်ဆုံးပဲ၊ ဒီ့ထက်ပိုပြီးအသက်ကြီးသွားရင် မကောင်း ဘူး''

''ယောကျ်ားလေးက အသက်ကြီးလေ, စဉ်းစားဉာဏ်ပိုရှိလေ ဖေဖေရဲ့။ ဘယ့်နှယ်, ကျွန်တော့်အလှည့်ကျမှ အတင်းကာရောဖြစ် တာလဲ။ ကြည့်ပြောပေးပါဦး အန်တီ''

''မင်း,သိတာကို စစ်ကူမတောင်းချင်စမ်းပါနဲ့''

''ကျွန်တော် မတောင်းချင်ပါဘူးဖေဖေရဲ့။ ဒါပေမဲ့ ဒီကိစ္စရဲ့ သာက်မြစ်က အန်တီသီတာက စခဲ့တာလေ''

''ဘာ!''

''အန်တီသီတာက မေမေ့ကိုနားဝင်အောင်မပြောခဲ့ရင် ဖေဖေ ယူဖြစ်မှာမဟုတ်သလို ဖေဖေနဲ့ ဦးကျော်နိုင်လည်း ရန်သူဖြစ် ကြောင်းမှမရှိတော့တာဘဲ''

''အန်တီက သားမေမေကို တဲအိုပျက်မှာ ဆင်းဆင်းရဲရဲနေ ပြီး 'ဆင့်'ကိုပြောပြခဲ့တာပါ သားရယ်''

''အန်တီ့စေတနာတွေကို ကျွန်တော်နားလည်ပါတယ်အန်တီ။ မဲ့ အန်တီပေးခဲ့တဲ့စေတနာတွေက တကယ့်လက်တွေ့မှာ မေမေ့ ်ဝေဒနာတွေဖြစ်ခဲ့တာအမှန်ပဲ။ 'ရွှေဘုံပေါ် စံနေပြီး စိတ်မချမ်း ထက် လူဆင်းရဲဘဝနဲ့ တစ်နေ့ ထမင်းတစ်နပ်လေးသာ စားပြီး သာတာကိုပဲ လိုချင်ပါတယ်'ဆိုတဲ့ မေမေ့ Diary ထဲက စာသား အန်တီမှမမြင်ခဲ့တာလေ။ ကျွန်တော့်အလှည့်မှာ အဲဒီလိုအဖြစ် ဘူးအန်တီ။ 'နှောင်တ'ဆိုတာ မေမေ ခါးသည်းစွာ ပွေ့ပိုက်ခဲ့တဲ့ ်ခုပါ။ အဲဒီအရာကို မေမေ့အမွေအဖြစ်နဲ့တော့ ကျွန်တော်လက်



www.burmeseclassic.com

www.burmeseclassic.com



မခံပါရစေနဲ့"

"သားရယ်, ဖေဖေ့ဘဝမှာ သားတစ်ယောက်တည်းရှိတာပါ။ သားအတွက်ဆိုရင် ဖေဖေ ဘာပဲလုပ်ပေးရပေးရ လုပ်ပေးမှာအမှန်ပါပဲ၊ ဒါပေမဲ့ ဒီကောင်မလေးကိုတော့ လက်မထပ်ချင်ပါနဲ့။ ဖေဖေတောင်းပန်ပါတယ်၊ ရည်းစားအဖြစ်ထားခဲ့တာကို ဖေဖေအပြစ်မတင်လိုပါဘူး။ လက်ထပ်ဖို့ကတော့. . ."

"ကျွန်တော် ဖြူလေးကိုပဲ လက်ထပ်မယ်ဖေဖေ၊ အဲဒါ ဘယ်တော့မှမပြောင်းလဲတဲ့ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ပဲ၊ ဒါကို ဘယ်သူမှလာ ဖျက်လို့မရဘူး။ အဲဒါလိုပဲ ဖေဖေလည်း ဖျက်ဖို့မစဉ်းစားပါနဲ့"

ဖေဖေ့မျက်ဝန်းတို့က သူ့ထံစူးစိုက်ကျလာလေ၏။ ကိုယ်တော့ နေမကောင်းတဲ့ကြားက ဖေဖေနဲ့တိုက်ပွဲဆင်နေရတယ် ဖြူလေးရယ်။ ဖြူလေးရော ဦးလေးနဲ့ပြဿနာတွေဖြစ်နေပြီလား။ ဖြူလေးစိတ်ညစ်ပြီး မျက်ရည်ကျနေပြီလားကွယ်။

ဆင်းရဲတယ်ဆိုတာ အပြစ်မှမဟုတ်တာဘဲ။ ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုနည်းပါးခဲ့လို့သာ ဒီဘဝမှာ လိုတရဆုနဲ့မပြည့်နိုင်ခဲ့တာလေ။ ဘဝဆိုတာ အမြဲတမ်း တစ်သမတ်ချည်းပဲရှိမနေပါဘူး။ နိမ့်တစ်ခါ မြင့်တစ်လှည့်ရှိသလို ဆိုးတစ်ခါ ကောင်းတစ်လှည့်မျိုးလည်း ဖြစ်တတ်ပါသေးတယ်။

ဒီနေ့ ကျိုကျိုတက်ချမ်းသာနေပေမယ့် နောက်နေ့မှာ တစ်ပြား တစ်ချပ်မှမရှိအောင် ဆင်းရဲမွဲတေသွားနိုင်တာလေ။ သဘာဝကိုဘယ်သူ က လွန်ဆန်လို့ရခဲ့ဖူးပါသလဲ၊ တကယ်ဆိုရင် လူ့ဘဝရခိုက်လေးအတွင်း မှာ ဘဝတစ်ခုကို စိတ်ချမ်းချမ်းသာသာနဲ့ကျော်ဖြတ်ခွင့်ရမှသာ လူဖြစ် ကျိုးနပ်ပြီး ကံအကောင်းဆုံးဖြစ်နိုင်မှာပါ။

ဒီလိုလူတွေထဲမှာ ကိုယ်ပါဝင်ပါရစေ။ 'ကံ'ဆိုတာ လူလုပ်လို့ ဖြစ်တာလို့ပြောလို့ရနိုင်ပေမယ့် လောကီသားတစ်ယောက်အနေနဲ့ အခါ အခွင့်သင့်တုန်းလေး အဲဒီ'ကံ'ကို ကောင်းကောင်းမွန်မွန်လေး ပိုက်ချင်





တာပါလေ။

"ငါနောက်ဆုံးထပ်ပြောမယ် စည်သူခန့်။ မင်းကို ရွှေချိုးဖြူနဲ့ လုံးဝသဘောမတူဘူး။ ငါ့စကား ငါ့အမိန့်ကို မနာခံရင် မင်း ခုချိန်ကပြီး အိမ်ထဲက အိမ်ပြင်ကိုထွက်ဖို့ စိတ်မကူးလေနဲ့။ ငါက ဆုံးဖြတ်ပြီးရင် ဘယ်တော့မှပြန်မပြင်တတ်တဲ့ ဦးမောင်မောင်ခန့်ပဲ"

"ကောင်းပြီလေ၊ ဖေဖေတောင်မှဒီလောက်ပြတ်သားရင် ဖေဖေ့သားဖြစ်တဲ့ကျွန်တော်ကလည်း လွယ်လွယ်နဲ့အလျှော့မပေးတတ်ပါဘူး၊ မောင်မောင်ခန့်ဘဝမှာတောင် 'အရှုံး'ဆိုတာကိုမရခဲ့တာမှန်ရင် စည်သူခန့်မှာလည်း အဲဒီအရှုံးကို ရစရာဘာအကြောင်းမှမရှိဘူးဖေဖေ၊ လူတစ်ယောက်ကို တိရစ္ဆာန်လို ပိတ်လှောင်ချုပ်နှောင်လို့ရတာမှန်ပေမယ့် သက်ရှိလူသားတစ်ယောက်အနေနဲ့ ထွက်ပေါက်တစ်ခုတော့ မဖြစ်မနေရှိနေမှာသေချာပါတယ်။ ဖေဖေစိန်ခေါ်မှတော့ ကျွန်တော်ကလည်း ဘွာမခတ်ပါဘူး၊ ကျွန်တော့်ကို ဘယ်နှရက် ဘယ်နှလ ဘယ်နှနှစ်ထိ ပိတ်လှောင်ထားချင်လို့လဲ။ ရပါတယ်ဖေဖေ။ ကျွန်တော်က ဖေဖေပိုင်တဲ့ ဖေဖေ့သားမို့ ကြိုက်သလိုလုပ်လို့ရမှာပါ။ ဒါပေမဲ့ မေမေပွားပေးခဲ့တဲ့ ကျွန်တော့်ရင်ထဲက နှလုံးသားကိုတော့ ဖေဖေ ဘယ်တော့မှချုပ်နှောင်လို့ရမှာဆိုတာကို ဖေဖေသိထားပေးပါ။ 'ဆင့်'နှလုံးသားကို 'ကျော့်'ဆီမှာ အပြီးအပိုင်ပေးထားသလိုပဲ။ ကျွန်တော့်နှလုံးသားကိုလည်း. . ."

စကားကို တိခနဲဖြတ်ချလိုက်ပါ၏။ တလှိုက်လှိုက်ဖိုပြီး တက်လာသည့် ရှိုက်ငိုချင်စိတ်ကို ဖေဖေ့ရှေ့ ချမပြချင်ပါလေ။ မျက်ရည်ကျတယ်ဆိုတာ ယောကျ်ားတွေအတွက် ရှက်စရာအလုပ်တစ်ခုမှန်း သူသိနေပါသည်။ သို့သော် နှလုံးသားက ယိုစိမ့်ထွက်လာတဲ့ သွေးညှီကြည်ဖြစ်တဲ့ ထိုမျက်ရည်တွေကိုတော့ ပါးပြင်ထက် အသာအယာစီးမျောပါစေလား၊

ခန္ဓာကိုယ်ထက် လွှမ်းခြုံထားသည့်လွှာစောင်ကို ဆတ်ခနဲဖယ်လိုက် ကုတင်ထက်မှ ဆင်းလိုက်ပါ၏။ အန်တီက တအံ့တသြဖြင့် မှင်သက် ငေးကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲ, သား"

"ကျွန်တော့်ကို စိတ်မဆင်းရဲပါစေနဲ့လို့ သေသေချာချာပြော ခဲ့တဲ့မေမေ့စကားကို အလေးမထားတဲ့ဖေဖေ့အတွက် လက်ဆောင်ပါ အန်တီ"

"ဘယ်လို!"

သူ Bathroom တံခါးဆွဲဖွင့်လိုက်စဉ် ဖေဖေ့ထံမှတားမြစ်သံ ထွက်လာလေ၏။

"စည်သူ, သား"

"ယောက်ျားပဲဖေဖေ၊ ထွေးပြီးသားတံတွေး ပြန်မမျိုချကြေး ပေါ့"

"သား, နေဦး"

သူ တံခါးကို 'ဒုန်း'ခနဲဆောင့်ပိတ်ကာ ရေပန်းကိုဖွင့်ချလိုက် ပါ၏။ ရှဲရှဲကျသွားသည့်ရေများအောက်မှာ ကလေးတစ်ယောက်လိုပင် ရှိုက် ကြီးတငင်ငိုရှိုက်လိုက်မိလေသည်။ အပြင်မှာတော့ ဖေဖေနှင့်အန်တီတို့ ၏တံခါးထုသံတို့က ဆူညံနေလေ၏။

ရေချိုးတိုင်းဖွင့်တတ်သည့် Bathroom ထဲမှ CD Player ခလုတ်ကို Remote ဖြင့် သူလှမ်းဖွင့်လိုက်စဉ် (RMP) ပုရှ၏ ဆွေး လျလျအသံလေးက ခပ်တိုးတိုးလေးထွက်လာလေသည်။ ဒါ သူ့မကြာ ခဏ ရွတ်ဆိုမြည်းထောင်လေ့ရှိတဲ့ 'နေချင်တယ် မင်းအနား' ဆိုတဲ့သီချင်း လေးပါလေ။

'နင်ဟာ ငါ့ကောင်းကင်တစ်ခုပါ × × × ငါပိုင်သမျှ နင့်တစ် ယောက်တည်းပါ × × × ငါအချိန်တိုင်း နင့်ရဲ့အနားမှာ × × × နင်လို သမျှ ဖြည့်ဆည်းပေးချင်လို့ပါ × × × ဘာကိုမှ ငါမမျှော်လင့်ပါ × × × နင့်အတွက်ပဲ × × ×

နင် ကြေကွဲအားငယ်တဲ့အခါ × × × ငါ နင့်အနား နှစ်သိမ့် ပြီပါ × × × ငါတစ်ယောက်တည်း မဖြစ်နိုင်လို့ပါ × × × နင်ဘယ်သွား သွား ငါ့တိုဓါတ်ပါ၊ ငါ့ဆန္ဒတွေရဲ့အလှမ်းကွာ × × × တကယ်ကို ငါ မင်းအနားမှာ နေချင်ပေမယ့်လည်းပဲ × × ×

အတူတူနေဖို့ ဘယ်လောက်ထိဝေးရမလဲ × × ×
အတူတူပျော်ဖို့ ဘယ်လောက်ကြေကွဲရမလဲ × × ×
ငါဒီလိုမျှော်လင့်ရင်း, မောပြီ × × ×
အချိန်တွေသာ ဒီလိုနဲ့လည်ပတ်ခဲ့ × × ×
အတူတူနေဖို့ ဘယ်လောက်ထိဝေးရမလဲ × × ×
အတူတူပျော်ဖို့ ဘယ်လောက်ကြေကွဲရမလဲ × × ×
ငါဒီလိုမျှော်လင့်ရင်း, ဝေးပြီ × × ×
အချိန်တွေသာ ဒီလိုနဲ့လည်ပတ်ခဲ့ပါပြီ × × ×'

အတူတူနေဖို့ ဒီဘဝမှာ မဖြစ်နိုင်တော့ရင် နောက်ဘဝကပဲ ကိုယ်စောင့်နေတော့မယ် ဖြူလေးရယ်။

✦ ✦ ✦







www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁၃)

အလုပ်မှပြန်ရောက်ရောက်ချင်း ခြေလက်အရင်ဆေးပြီးမှ အိမ်လေးပေါ်သို့ တက်လာခဲ့ပါ၏။ စိတ်ထဲမှာမရှင်ပြသလို လူကလည်း နွမ်းလျနေလေသည်။ သူဘာဖြစ်လို့မလာတာပါလိမ့်၊ အဖြေလိုချင်တုန်းက ဖြင့် ဖျတ်ဖျတ်လူးပြီး အသည်းအသန် ပြာယာခတ်ပြခဲ့တာလေ။ ဟော! အဖြေလည်း ရပြီးရော ရေပြင်ထက်က လှိုင်းယက်လေးလို ပျောက်ကွယ်သွားပါရောလား။

ယောကျ်ားတွေဆိုတာ ဒီလိုပဲလားဟင်။ မာကျောလှချည်ရဲ့ဆိုတဲ့ ဂျိုးကျိုးရဲ့နှလုံးသားကို အရည်ပျော်ကျသွားရအောင်လို့ တမင်သက်သက်ပဲ လာချိုးလိုက်တာများလား။ ကျွန်မ မစဉ်းစားတတ်ဘူးကိုစည်သူ၊ ဘဝကို လက်တွေ့ဆန်ဆန်လျှောက်တတ်တဲ့ ကောင်မလေးကို စိတ်ကူးယဉ်ပြီး ရူးသွပ်သွားအောင် ရှင့်မပြုစားပါနဲ့နော်။

"အဖေ့ အိပ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



လေ့ကားမှတက်ရင် အသံပြုလိုက်မိ၏။ ဘုရားစင်ရှေ့ကိုလှမ်းကြည့်စဉ် လှဲမနေဘဲ ငုတ်တုတ်ထိုင်ရင်း အတွေးလွန်နေသည့်အဖေ့ကို မြင်လိုက်ရပါ၏။ ဘာတွေများ စဉ်းစားနေတာပါလိမ့်။ အလို! အဖေ့ မျက်ဝန်းမှာ မျက်ရည်စတွေ ခိုသီနေတာပါလား။

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပြီး အဖေ့အနီး ထိုင်ချလိုက်ပါသည်။

"အဖေ"

"ဟင်"

"ဘာဖြစ်လို့လဲဟင်"

"သမီးပြန်လာပြီလား။ အဝတ်သွားလဲလေ။ ရေသောက်ပြီးမှ အဖေ့နားပြန်လာခဲ့ချည်။ သမီးကို အဖေပြောစရာရှိတယ်"

"ဟုတ်"

အလိုလေး! အဖေ ဘာများပြောချင်လို့ပါလိမ့်။ အရင်ဆို အဖေ့ မျက်နှာက (ဘယ်လိုပဲမှုးနေပါစေ) အမြဲပြုံးချိုနေတာလေ။ 'ငါ့သမီး' ဆိုတဲ့အခေါ်အဝေါ်ကို နှုတ်ဖျားက တဖွဖွရွတ်တတ်တဲ့ အဖေ့မျက်နှာက ဒီညနေမှာ တည်လွန်းလှချည်လား။ တည်တာထက် ကြေကွဲနေဟန်က ပိုပြီးသိသာနေတာလေ။

အိမ်နေအဝတ်အစားလဲကာ သောက်ရေအိုးထဲမှ ရေတစ်ခွက်ခပ်သောက်လိုက်ပါ၏။ အဖေ မဆာလောက်သေးဟုထင်၍ ထမင်းပွဲကို မပြင်ဆင်သေးဘဲ အဖေ့အနီးမှာ အသာထိုင်လိုက်ပါသည်။

"သမီး"

"ရှင်, အဖေ"

"ငါ့သမီးက အဖေ့လိုပဲအသည်းကွဲဖို့ ကံပါလာတယ်ထင်ပါရဲ့"

"ရှင်!"

"ကလေးဘဝတွေတုန်းက. . . နှစ်ကောင်ရှိတဲ့ငှက်ထဲက တစ်ကောင်ကိုများ ပစ်ချခဲ့မိသလား. . . ဒါမှမဟုတ် တစ်တွဲတွဲရှိနေတတ်တဲ့ ကြောင်လေးနှစ်ကောင်ထဲက တစ်ကောင်ကိုများ သူများကိုပေးခဲ့မိ





လို့ လား။ တစ်ခုခုကိုတော့ မသိနားမလည်စိတ်နဲ့ အဖေတို့လုပ်ခဲ့ဖူးတယ် ထင်ပါရဲ့"

"အဖေဘာကိုဆိုလိုတာလဲဟင်။ သမီးဘာမှနားမလည်ဘူး"

"အေး, ငါ့သမီးနားမလည်ရင် နားလည်အောင် အဖေပြောပြမယ်သမီး။ အဖေတို့ လူလိမ်ခံလိုက်ရပြီ"

"ဘာရယ်!"

"ပထမတစ်ခါပဲရှိသေးတာဆိုတော့ အဲဒါ အဖေတို့အပြစ်တော့ မဟုတ်သေးပါဘူးသမီးရယ်။ ဒုတိယတစ်ခါဖြစ်လာမယ်ဆိုရင်တော့ အဲဒါဟာ အဖေတို့ကြောင့်ဖြစ်သွားလိမ့်မယ်ဆိုတာကို ငါ့သမီးသိထားပါ"

"အဖေ"

"ငါ့သမီးလေး, ငါ့အရွယ်မှာ ငါ့လိုပဲခံစားရလိမ့်မယ်လို့ အဖေလည်း ဘယ်မျှော်လင့်ထားပါ့မလဲ။ ဝဋ်ကြွေးဆိုတာမျိုးက သားစဉ်မြေးဆက်အထိ ပါလာတာတော့ လွန်လွန်းပါတယ်လေ"

"..."

"မောင်စည်သူကို သမီးမေ့ပစ်ရမယ်, ဂျိုးဂျိုး"

"ရှင်!"

"သူနဲ့ ဘယ်တော့မှအဆက်အသွယ်မလုပ်ပါနဲ့။ ဘယ်တော့မှလည်း အတွေ့မခံပါနဲ့တော့သမီးရယ်"

"ဘာ. . . ဘာလို့လဲအဖေ"

"ဘာလို့လဲဆိုတော့ အဲဒီကောင်လေးက သမီးလက်လှမ်းမမီတဲ့နေရာမှာ ရှိနေလို့ပဲ"

"ဟင်!"

"သမီးငယ်ငယ်တုန်းက အဖေချီပြီး ချော့ခဲ့သလို 'ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ချပေးပါ' လို့ပြောရတဲ့ မိုးမြင့်ထက်က ဖိုးလမင်းလို အလှမ်းဝေးတဲ့အရာတစ်ခုဖြစ်နေတယ် သမီး။ သူက သိပ်ချမ်းသာတဲ့ အသိုင်းအဝိုင်းက တစ်ဦးတည်းသောသားတစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိပါ၏။ ညာတယ့် ညာရက်လိုက်တာကိုစည်သူရယ်။ ကျွန်မတို့သားအဖနှစ်ယောက်စလုံး လူကုံထံတွေကို မနှစ်မြို့မှန်းသိသိကြီးနဲ့ လူချမ်းသာတို့ရဲ့စရိုက်အတိုင်း သက်သေထူပြလိုက်လေသလား။ ရှင်ဘာဖြစ်လို့ညာရသလဲ။ လိမ်ညာပြီးတော့မှ ကျွန်မနှလုံးသားကို ယူသွားရက်တယ်ပေါ့လေ။

"အဖေ. . . အဖေဘယ်လိုသိသွားရတာလဲဟင်"

"ဒီနေ့လယ်ကပဲ အဖေ့ဆီကို သူ့အဖေ လာသွားတယ်သမီးရဲ့"

ဘုရားရေ၊ အဖေ့ကို ဘယ်လောက်များ ချိုးချိုးနှိမ်နှိမ်တွေ ပြောဆိုခဲ့ပါလိမ့်။ 'မြေနိမ့်ရာ လှံစိုက်'တတ်တဲ့ လူချမ်းသာတွေရဲ့သဘာဝအတိုင်း အဖေ့ကို နင်ပဲဆေဆိုသလိုမျိုးတွေ ပြောပစ်ခဲ့လေသလား။ ကျွန်မသိပ်ချစ်ရတဲ့အဖေ့ကို ကျွန်မအတွက်ကြောင့်နဲ့ ဤသို့ပြောမခံရစေလိုပါလေ။

"ဘာတဲ့လဲဟင်"

"သူ့သားနဲ့သဘောမတူဘူးဆိုတဲ့ ခေတ်ပြားဟောင်းကြီးပဲပေါ့သမီးရယ်"

"သမီးတို့က ဆင်းရဲလို့ပေါ့။ အဲဒီလိုလားအဖေ"

ဦးကျော်နိုင်မျက်နှာမဲ့ကာ ခေါင်းကိုခါရမ်းလိုက်မိသည်။ 'မိဘမကောင်း သားသမီးခေါင်း'တဲ့။ မိမိရဲ့အရိပ်က အမြုတ်တနိုးတန်ဖိုးထားချစ်ရတဲ့ သမီးလေးအပေါ်မှာ ဖုံးကွယ်အုပ်မိုးမနေစေချင်ပါ။ မေတ္တာရိပ်ဟာ အေးမြတယ်ဆိုပေမယ့် မကောင်းတဲ့ဆိုးကျိုးမှန်သမျှကိုတော့ သမီးအပေါ်မှာ မြူမှုန်တစ်စက်မျှတောင် ရှိမနေစေချင်တာ သူ့ဆန္ဒပါပဲ။

ဪ၊ 'ဆင့်'ရယ်၊ ကြင်နာရိပ်သန်းနေတဲ့မျက်ဝန်းနက်လေးကို စပြီးစွဲလန်းခဲ့မိတာမှန်ပေမယ့် အရိပ်အယောင်မပြရဲဘဲ ဖုံးကွယ်သိုဝှက်သိမ်းဆည်းထားခဲ့တဲ့လူပါ။ မြောင်းမရှိတဲ့နေရာထဲ စီးဆင်းနေတဲ့ ရေအလျဉ်ကို မသိချင်ယောင်ဆောင်ပြီး ဥပေက္ခာပြုခဲ့တဲ့ သူစိမ်းတစ်





ယောက်ဖြစ်ခဲ့ပါတယ်။

သို့သော် ရေစီးကမ်းပြိုဖြစ်ခဲ့တဲ့စေတနာတွေရဲ့နောက်မှာ ထုထည်ကြီးမားလှတဲ့ မေတ္တာအစိုင်အခဲတွေက ကိုယ့်တစ်ကိုယ်လုံးအပေါ်ကို မိုးရွာချလိုက်သလို ဖုံးကွယ်လာမှတော့ ဘယ်လိုပုရိသက တင်းခံနိုင်မှာတဲ့လဲ။

'ကျော့်'အတွက်ဆိုပြီး ခပ်ထည့်ပေးခဲ့တဲ့ အသားဟင်းတွေက စားသင့်တဲ့အဆိပ်တွေဖြစ်ခဲ့သလို၊ ယူခဲ့မိတဲ့ 'ဆင့်'ရဲ့ချစ်ခြင်းတွေဟာလည်း မစားကောင်းတဲ့သစ်သီးမျိုးဖြစ်ခဲ့တာအမှန်ပါလေ။

'ကျော့်'ကို 'ဆင့်'က အရင်ချစ်ခဲ့တာပါနော်လို့ မျက်စလေးမှိတ်ပြီးပြောတတ်တဲ့ 'ဆင့်'ရဲ့မျက်စောင်းလေးတွေကို လိုက်လံဖမ်းဆုပ်တတ်တဲ့ 'စနေနဲ့တနင်္ဂနွေကို ပြက္ခဒိန်ထဲက ဖယ်ထုတ်လို့ရရင် ဖယ်ထုတ်လိုက်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ 'ဆင့်'သိပ်ချစ်ရတဲ့ 'ကျော့်'မျက်နှာကို မြင်ခွင့်မရလို့လေ'လို့ ခပ်ချွဲချွဲလေးပြောတတ်တဲ့ 'ဆင့်'ရဲ့အသံချိုချိုလေးအောက်မှာ သူ့နှလုံးသားတွေ အရည်ပျော်ကျခဲ့ရတာအမှန်ပါပဲ။

'လိမ်တယ်'ဆိုတာ လူတိုင်းအတွက် အသေးအဖွဲကိစ္စတစ်ခုလောက်ပဲဖြစ်ပေမယ့် သူ့စိတ်ကိုသူပြန်လိမ်ညာရတာကတော့ အခက်ခဲဆုံးပါပဲ။ 'စာအုပ်ခဏလောက်ငှားပါလား'လို့ စာတော်တဲ့ကျောင်းသူလေးရဲ့ပထမဆုံးစကားသံက သူ့နှလုံးသားကို ပထမဦးဆုံး ရိုက်ပုတ်နိုးထစေခဲ့တာလေ။

ကာရွှေမည့်မှုပင်ဆယ်ဆယ် သူ့ထံကိုမကြာခဏရောက်ရောက်လာတတ်တဲ့မျက်ဝန်းနက်လေးရဲ့အကြည့်တွေကို ဘာသာပြန်တတ်ခဲ့တာဘာကြောင့်များပါလိမ့်။ 'မောင်ဗမာ'စက်ဘီးစုတ်လေးရဲ့ တကျိုင်းကျိုင်းအသံလေးကိုမှ နားဝင်ချိုသတဲ့လား။ သူလာပြီဆိုတဲ့မျှော်လင့်ခြင်းတွေကို ပြည့်ဝစေတဲ့အသံတဲ့လေ။

အံ့ဩခဲ့မိပါရဲ့။ တန်ဖိုးကြီးလှတဲ့အဖိုးတန်ပန်းတွေထက် လမ်းမှာ သုကောက်ပြီး စက်ဘီးခြင်းထဲထည့်ခဲ့တဲ့ တရုတ်စကားပွင့်လေးတွေကို



www.burmeseclassic.com

www.burmeseclassic.com

မှ စိတ်ဝင်စားသတဲ့လေ။ အရွယ်ရောက်ကာစ မိန်းကလေးရဲ့စိတ်ကူး
ယဉ်မှုသက်သက်ဟု သူ ယူဆခဲ့မိသမျှ တက်တက်စင်အောင်လွဲခဲ့တာ
အမှန်ပဲကို။

'ကျော်က သိပ်သူစိမ်းဆန်တာပဲနော်' ဆိုတဲ့ စာကြောင်းလေး
ကို သူ့ဗလာစာအုပ်နောက်ကျောမှာ တွေ့လိုက်တုန်းက အဲဒီစာတ
လေးကိုထိုင်ကြည့်ရင်း တစ်ညလုံး စာမကျက်နိုင်ခဲ့တာ ဘာကြောင့်
သူစိမ်းဆန်တာပဲတဲ့လား။ ဘာသဘောပါလဲ၊ သူငယ်ချင်းအဖြစ်တော
မရှိသင့်တဲ့လူနှစ်ယောက်က သူစိမ်းမဟုတ်လို့ ဘာများပါလိမ့်၊ သူ
ညလုံး စဉ်းစား၍မရခဲ့။

'သိတာအေး' လို့ချင်၍ 'ကောက်ခဲ့ပါ' ဟုမှာလိုက်ပြီး နော
တစ်နေ့မှာ တစ်ပေသာသာခန့်ရှည်သည့်ခရော်းလေးကို ပေးမိစဉ် အ
နတ်သမီးရဲ့မျက်ဝန်းမှာ မျက်ရည်ပင်လယ်ကြီး အိုင်ထွန်းခဲ့လေရဲ့

'မစ္စရီယ' တဲ့လား။ တစ်နေ့လုံးစကားမပြောဘဲ ပြုံးတော့
မိုးလို အုံ့မှိုင်းနေခဲ့တဲ့ လှတစ်မျက်နှာကြောင့် စာသင်၍မဖြောင့်နိုင်

'သူငယ်ချင်းတွေလေ 'ဆင့်' ရယ်' လို့ပြောမိတော့ 'အတု
လား၊ 'ဆင့်' ကိုနည်းနည်းလေးမှမပိုဘူးလားဟင်' လို့ဆိုခဲ့တဲ့ ကြည်
မျက်ဝန်းနက်လေးကို ကရုဏာသက်မိခဲ့တာပါပဲ။ အချစ်ကြောင့်
မိသတဲ့၊ အချစ်ကြောင့် ငိုကျွေးမိသတဲ့၊ အချစ်ကြောင့်ပဲ တမ်းတ
မိသတဲ့လေ။

လှပသိမ်မွေ့လွန်းတဲ့ကောင်မလေးတစ်ယောက်ရဲ့ သိဂ
ယက်ထဲမှာ သူရှန်းထွက်မရအောင် ငြိတွယ်ခဲ့မိတာပါ။ အချစ်
အချိုမြိန်ဆုံးသစ်သီးဆို၊ ဒါဆိုရင် အဲဒီသစ်သီးထက်, သုတ်ထားတဲ့
ရည်တွေကို သူဘာကြောင့်မမြင်မသိနိုင်ခဲ့တာပါလဲ။

"တောက်!"

မတွေးချင်ခဲ့ပါ။ ဘယ်တော့မှပြန်မတမ်းတမိအောင်ကို
ပျောက်ပျောက်နေတတ်ခဲ့ပါလျက် အတိတ်ကအရိပ်တွေက အခု





သူ့ထံကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့တာကို။

"အဖေ့ သူ့ကိုသိပ်ဒေါသထွက်နေတာလားဟင်"

"မဟုတ်ပါဘူးသမီးရယ်။ ကိုယ့်ကိုယ်ကိုပဲ ဒေါသထွက်မိတာ
ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ်ပြုတဲ့အတိုင်း ပြန်ဖြစ်တတ်တဲ့ လောက
နှိုက်ခတ်ခြင်းကို အဖေတို့လူသားတွေခံယူရမှာ သဘာဝလေ"

"အဲဒီလူကြီးက အဖေ့ကို တော်တော်ဆိုးဆိုးများ ပြောခဲ့သေး
သလား"

"ဟင်းဟင်း. . . သူပြောကိုယ်ပြောပါသမီးရယ်။ အဖေ့မှာ ငွေ
ချမ်းသာပေမယ့် မာနကတော့ ချမ်းသာပြီးသားပါ။ ကိုယ်ပေါ်မှာ ဘယ်
ပဲ လူကြီးလူကောင်းအရေခြုံထားစေဦးတော့။ မည်းညစ်နေတဲ့စိတ်
ကိုတော့ လုံအောင်ဘယ်ဖုံးနိုင်ပါ့မလဲ။ လူမှာအမျိုး ကြက်မှာအရိုး
ဒီလိုကလိမ်ကကျစ်ကောင်က မွေးလာမှတော့ လူလိမ်အသေးစား
ဖြစ်တာ သေချာပေါ့သမီးရယ်။ သူကိုယ်သူ သူဌေးသားမဟုတ်ဘူး
ရောက်လာတယ်ဆိုကတည်းက လိမ်နည်းသင်ခန်းစာကို အစပျိုး
တာပဲ"

"သူ့အဖေကို အဖေသိနေလို့လား"

"သိတယ်"

သိတာပေါ့။ ကောင်းကောင်းကြီးကိုသိနေတာပါလေ။ အသည်း
ဦးနောက်ထဲမှာ သံမှိုစွဲထားသလို နှင့်နှင့်နည်းနည်းကြီးကို သိနေရ
ဘယ်တော့မှပြန်မဆုံချင် မတွေ့ချင်တဲ့မျက်နှာကို
ရာ ရင်ထဲကို မီးအရှိန်ပ

"သူနဲ့အ မချစ်ထိုက်ပါဘဲ အချစ်ကိုရှာတွေ့ခဲ့တာတဲ့။ သူမရဲ့
ယ်ည်း ထို့အတူပါလေ။ ရှောင်ခဲ့ပါလျက် တည့်တည့်တိုးခဲ့တဲ့
အဖေ့လို့မျိုးမဟုတ်ခဲ့ပေမယ့် သူမရဲ့ မကြာသဏ္ဌာရောက်ရောက်လာတတ်
တဲ့ သူ့ပုံရိပ်တွေက မျက်ဝန်းထဲ စွဲထင်ကျန်ရစ်ခဲ့တာအမှန်ပါပဲ။

'အလွှာ' တဲ့လား၊ သိပ်ချမ်းသာတဲ့ကောင်လေးနဲ့ အရင်းဆင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! ဒါဖြင့် အဖေ့မှာ အမေ့အပြင် အရင်ဦးဆုံး ချစ်ဦးသူ ရှိနေခဲ့တာပေါ့။ ဒါဆိုရင် အဖေပြောပြလေ့ရှိခဲ့တဲ့ 'ဟိုး‌ရှေးရှေးတုန်းက' ဆိုတဲ့ပုံပြင်ဟောင်းထဲမှာ အဲဒီ အဖေ့အချစ်ဦးအကြောင်းကို တစ်ကြောင်းတစ်လေလေးတောင်မှ မပါခဲ့တာပါပဲ။ အဖေ့ရင်ထဲမှာ အဲဒီ'ချစ်ဦးမေ'ရှိနေခဲ့လို့ အဖေ့အပေါ်မှာ အမေကသာ တစ်ဖက်သတ်ချစ်ခဲ့တယ်လို့ ပြောခဲ့တာကိုး။

"အဖေ့မှာ အမေတစ်ယောက်တည်းရှိခဲ့တာမဟုတ်ဘူးလား"

"ဟုတ်ပါတယ်. . . အဖေနဲ့သမီးတို့ဘဝမှာတော့ 'မိခါ'ဆိုတဲ့ ကောင်မလေးတစ်ယောက်တည်း ရှိခဲ့တာပါ။ ဒါပေမဲ့ အဖေ့ရဲ့သီးသန့်ကမ္ဘာထဲမှာတော့ 'ဆင့်'လို့ခေါ်တဲ့မိန်းကလေးက အရေးအပါဆုံးကဏ္ဍမှာ ပါဝင်ခဲ့တာလေ"

"အဲဒါ သူ့မေမေပေါ့နော်"

"ဟုတ်တယ်"

အဖေက လက်ကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေ၏။ အဖေ့ရင်ထဲ နာနာကြည်းကြည်းနဲ့ ခံရခက်နေလေသလား။ အဖေ့နှလုံးသားကိုအပိုင်စားရခဲ့တဲ့ အဲဒီအမျိုးသမီးကို ဒီနေ့ထိ အဖေမမေ့နိုင်သေးဘူးပေါ့နော်။ အမေ့ကိုသတိရရုံနဲ့တော့ ဒီအရွယ်ကြီးလှတဲ့ 'အရက်'ဆိုတာကြီးကို စွဲစွဲမြဲမြဲနဲ့(အများကြီးမဟုတ်ဘဲ)အဖေဘယ်သောက်ပါ့မလဲ။ ဩော်. အဖေရယ်. . .

သွားလေသူအမေ့ကိုတောင် နည်းနည်းလေးမျှ ချစ်ခဲ့ပါရဲ့လား။ အချိုမြိန်ဆုံးသစ်သီးဆို၊ ဒါသိုမ်ရှာ[illegible]ရခဲ့တဲ့ကိုယ်ပွားလေ၊ ခါငှက်လေးရည်တွေကို သူဘာကြောင့်မမြင်မသိနိုင်ခဲ့တာ[illegible]ခဲ့တာ မှန်ပေမယ့် [illegible]ထားပြီး

"တောက်!"

မတွေးချင်ခဲ့ပါ။ ဘယ်တော့မှပြန်မတမ်းတမိအောင်ကို [illegible] ပျောက်ပျောက်နေတတ်ခဲ့ပါလျက် အတိတ်ကအရိပ်တွေက အခု[illegible]





[illegible]တောင်ကြီးပါပဲ၊ မပေါက်ကွဲခင်မှာ ဘာအရိပ်အရောင်မှမပြဘဲ ငြိမ်း[illegible]မ်းအေးမြမှုရှိခဲ့သလောက် ခြေလည်းချော်ကျသွားရော အမှုတစ်ကိုယ်[illegible]လုံးကို မီးတောက်တွေရော ချော်ရည်တွေပါ ဖုံးလွှမ်းလောင်ကျွမ်းစေခဲ့[illegible]တာလေ။

". . ."

"အဲဒီတုန်းက အဖေလည်း သမီးအရွယ်လောက် ရှိခဲ့တာပါ။ [illegible]ကိုယ်ပိုင်ဆိုင်တဲ့ လက်ရှိဘဝနဲ့ အလှမ်းသိပ်ကွာလွန်းတဲ့ အဲဒီ'အချစ်'ဆို[illegible]တဲ့အရာကို လျစ်လျူရှုလို့ရခဲ့ပါလျက်နဲ့"

အဖေက သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ကြီးရှိုက်လိုက်လေ၏။ အိမ်ရှေ့သံဇကာကွက်မှတစ်ဆင့် အပြင်ကိုငေးနေတာက မျက်[illegible]တောင်ပင်မခတ်။ အဖေ စိတ်နှင့်လူမှကာပ်ပါသေးရဲ့လား။ အဖေ့ဘေးမှာ အဖေသိပ်ချစ်တဲ့သမီးတစ်ယောက်လုံး ရှိနေတာတောင်မှ အဖေ သတိ[illegible]ထားမိပါရဲ့လားလေ။

"သမီးကိုသိပ်ငယ်သေးလို့ဆိုပြီး အဖေ တမင်မပြောပြခဲ့တာ[illegible]ပါ။ အဖေ့အတိတ်က သိပ်ခါးသည်းခဲ့တာကိုး သမီးရဲ့။ အခု သမီးလည်း အချစ်ဆိုတာနဲ့တွေ့ဖူးသိဖူးခဲ့ပြီမို့ သမီးနားလည်အောင် ပြောပြရတော့[illegible]မှာလေ"

သီးသန့်ဖယ်ထားခဲ့သည့်ပုံပြင်၏ ရှေ့ပဝေသဏီကဏ္ဍရဲ့ ဖွင့်[illegible]ဆိုခြင်းက ကြည်နူးခြင်းတစ်ဝက် ကြေကွဲခြင်းတစ်ပိုင်းနဲ့ပါလား။ ခပ်တိုး[illegible]တိုးပြောပြနေသည့်အဖေ့စကားသံတို့က နားဝမှာ မကြားတစ်ချက် ကြား[illegible]တစ်ချက်ရယ်သာ။

မချစ်သင့်မချစ်ထိုက်ပါဘဲ အချစ်ကိုရှာတွေ့ခဲ့တာတဲ့။ သူမရဲ့ [illegible]အပြစ်ကလည်း ထိုအတူပါလေ။ ရှောင်ခဲ့ပါလျက် တည့်တည့်တိုးခဲ့တဲ့ [illegible]အဖေ့လိုမျိုးမဟုတ်ခဲ့ပေမယ့် သူမရှေ့ မကြာခဏရောက်ရောက်လာတတ်[illegible]တဲ့ သူ့ပုံရိပ်တွေက မျက်ဝန်းထဲ စွဲထင်ကျန်ရစ်ခဲ့တာအမှန်ပါပဲ။

'အလှ'တဲ့လား။ သိပ်ချမ်းသာတဲ့ကောင်လေးနဲ့ အရှင်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲတဲ့ကောင်မလေးတို့ဘဝမှာ ဖူးစာမဆုံနိုင်ဘူးလို့ဆိုရင် ရှေးမဆွအငယ် တန်းတုန်းကဖတ်စာမှာ ရှင်ဘုရင်ကြီး 'တော်'ကောက်ခဲ့တဲ့ 'ရွှေဖရုံမယ်' လိုရာဇဝင်တွေ ဘာကြောင့်ရှိခဲ့ပါသလဲ။

ရာဇဝင်မှာ စာတင်လောက်တဲ့အထိ အချစ်ကိုမတင်စားလို ပေမယ့် သူ့အပေါ် နှစ်နှစ်ကာကာချစ်နေမိတဲ့ချစ်ခြင်းတွေကိုတော့ ဘယ် လိုမှစွန့်လွှတ်လို့မရတာအမှန်ပါလေ။

သူသာ'နှင်းဆီပွင့်'လေးဖြစ်နေရင် ကျွန်မက သူ့ကိုအန္တရာယ် မကျအောင် ကာကွယ်ပေးချင်တဲ့'ဆူး'ကလေးပဲဖြစ်ပါရစေ။

သူသာ'နှင်းစက်'လေးဖြစ်နေရင် အဲဒီနှင်းပေါက်လေးတွေ ကြွေ ကျလာတာကို အလဟဿမဖြစ်အောင် ဆီးပွေ့ထားပေးမယ့် 'နှင်းခံ ရွက်'ကလေးပဲ ဖြစ်ပါရစေ။

သူသာ 'လေ'ကလေးဖြစ်နေရင် အဲဒီလေကလေးကိုလမ်းညွှန် ပေးနိုင်တဲ့ လေကြောင်းပြ'ငှက်ရုပ်'လေးပဲ ဖြစ်ပါရစေ။

သူသာ 'ဗေဒါ'လေးဖြစ်နေရင် အဲဒီဗေဒါလေး အလိုက်သင့် မျောပါနေအောင် ပေးမကူညီသယ်ဆောင်ပေးနိုင်တဲ့ 'ရေလှိုင်း'ကလေး ပဲ ဖြစ်ချင်ခဲ့တာအမှန်ပါ။

အရှေ့နဲ့အနောက်ဆိုတာ ဘယ်တော့မှမတူသလို မိုးနဲ့မြေပြင် ဆိုတာလည်း မြင်နေပါလျက်နဲ့ မဆုံနိုင်တဲ့အရာနှစ်ခုပါ ကိုစည်သူ။

အချစ်ကိုတွေ့ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီအချစ်ဆိုတာရဲ့နောက် ကွယ်မှာ 'စွန့်လွှတ်ခြင်း'ဆိုတဲ့အရာက ကပ်ပြီးလိုက်ပါလာတာကို ကျွန်မ သိခဲ့ရတယ်လေ။

ပျားရည်ဆိုပြီး အငမ်းမရ လျက်ခဲ့မိပေမယ့် အဲဒီပျားရည်ကို အင်မတန်ထက်မြတဲ့ဓါးသွားထက်မှာ လိမ်းသုတ်ထားတာမှန်း သတိမပြု ခဲ့မိဘူး။

လုံခြုံစွာချုန်းအုပ်သိမ်းဆည်းထားခဲ့ပါလျက်နဲ့ ကျွန်မနှလုံးသား လေး အဝိုးခံလိုက်ရတာ ဘယ်သူ့အပြစ်ပါလဲ။





ဘဝက ခါးတယ် ကိုစည်သူ။ ရှင့်အပေါ် ချိုမြိန်ခြင်းတွေကိုပဲ ပေးချင်တာပါ။ အဲဒါရဲ့ဆန့်ကျင်ဘက် ခါးသက်ခြင်းတွေကို မပေးလိုပါ ဘူးလေ။

အိပ်မက်တောင်မမက်ခဲ့ဖူးတဲ့ ကောင်မလေးရဲ့ညပေါင်းများစွာ ကို ဘာကြောင့်များ အိပ်မက်တွေ ဖန်ဆင်းပေးခဲ့တာပါလဲ။

မယုံရဲတဲ့လူကို အပြုံးလေးတစ်ချက်နဲ့ ယုံကြည်ခြင်းတွေ လက်ဆင့်ကမ်းပေးခဲ့တာအမှန်ပါလေ။

နှလုံးသားက နုငယ်လွန်းသေးပါတယ်။ သူပေးခဲ့တဲ့ကြင်နာခြင်း တွေကို မျှော်လင့်နေမိသေးရင် အဲဒါဟာ ရူးသွပ်ခြင်းတစ်မျိုးပဲမဟုတ် လား။

ရှင်ပေးခဲ့တဲ့ ကျွန်မလက်ခုံပေါ်ကအနမ်းရဲ့ အငွေ့အသက်လေး ဟာ ရင်ထဲထိ မွှေးပျံ့ဆဲပါလေ။ ဘဝမှာ အမှတ်တရနဲ့ အဲဒီလက်ခုံကို ကြည့်မိတိုင်း ရှင့်ကိုသတိရချိန်က အမြင့်မားဆုံးဖြစ်နေမှာပါပဲ။

မေ့ပစ်ရမယ်တဲ့လား။ အလွယ်တကူမေ့ပစ်ဖို့မှမဟုတ်တာပဲနော်။ လောကမှာ သတိရတာထက် မေ့ရတာက အခက်ခဲဆုံးလို့ပြောကြစတမ်း ဆိုရင် ရှင့်ကိုမေ့ပစ်ဖို့ ကျွန်မအားများကြီးကြိုးစားရဦးမှာလေ။

အခန်းထဲဝင်၍ အိပ်ရာထက် အားမရှိတော့သည့်လူမမာတစ် ယောက်လို လှဲချလိုက်စဉ် တစ်ဖက်ခြံမှဖွင့်လိုက်သည့် 'အငဲ'၏သီချင်း သံက လွင့်ပျံ့လာလေ၏။

**ဒီကွင်းပြင်ကြီးကို တို့မြတ်ဖူးတယ် × × × ဒီမြက်ခင်းများပေါ် တို့နှစ်ယောက်အတူ လျှောက်ဖူးတယ် × × × ဒီကောင်းကင်ကြီးထဲ မိုးတိမ်တွေ အမြဲပျံသန်း × × × ကြည်နူးစရာဘဝပေါ်၊ မင်းလေးနဲ့ ဟိုတစ်ချိန်က × × × တို့နှစ်ဦးသားအချစ်ကို တန်ဖိုးထားကြတယ် × × ×**

**ဒီကွင်းပြင်ကြီးဟာ အနုဆို လွမ်းစရာ × × × ဒီမြက်ခင်းစိမ်း**



www.burmeseclassic.com

www.burmeseclassic.com

တွေ ခြောက်သွေ့ကာ ညှိုးမဲ့နေ× × × ဒီကောင်းကင်ကြီးလည်း ဟိုးအရင်လို မလှတော့ဘူး× × × ရင်ထဲမှာ အဆွေးများ၊ မင်းထားဝစ်ကာ ထွက်သွား× × × တို့နှစ်ဦးသားဘဝဟာ ကမ္ဘာကြီးခြားထားလို့× × ×

တို့မသိနိုင်ဘူး၊ ကံတရားရဲ့အင်အားကို× × × အဝေးဆုံးချစ်သူတိုင်းပဲ ပြန်နီးဖို့မျှော်လင့်နေ× × × အချစ်ဆုံးချစ်သူတိုင်းအို့အလွမ်းဆုံးဘဝရှိမယ်× × × အချစ်ဟာ ကြည်နူးစရာ လွမ်းစရာတစ်ခါဖြစ်မြဲ× × ×

ကိုယ်လေ စောင့်မျှော်ဆဲပါ မင်းလာမယ့်နေ့× × × တကယ်နားလည်မှုနဲ့ မင်း ကိုယ့်ထံပြန်မယ်နေ့× × × ကြေကွဲစရာများနဲ့တခြားနေရာမှာ မင်းပျော်မလား× × × ငါလွမ်းသလို မင်းလည်းအမြဲတမ်းတနေမှာပဲ × × × မျှော်မဆုံးသောကွင်းပြင် အရင်အတိုင်းလျှောက်ရအောင်× × × ’

‘မျှော်လင့်ခြင်းကွင်းပြင်’တဲ့လား။ ဒါဆိုရင်တော့ ရှင့်ကိုမျှော်လင့်နေမိတဲ့ ကျုံးကျုံးရဲ့မျှော်လင့်ခြင်းကွင်းပြင်ကျယ်က အဆုံးအစမဲ့ဖြစ်နေတာအမှန်ပါပဲ ကိုစည်သူရယ်။

ရှိုက်သံတစ်ချက်ကို ကျိတ်ရှိုက်လိုက်မိစဉ် ခေါင်းအုံးဖြူထက်သို့ မျက်ရည်တစ်ပေါက်ကြွေကျသွားလေ၏။

ကျွန်မတို့ရဲ့ပုံပြင်သစ်လေးကို ရပ်လိုက်ကြပါစို့ရှင်ရယ်။

✦✦✦



# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်အစိတ်ကျော်ခန့်က



'တိတ်တဆိတ်ရင်ခွင်'

အကြင်နာအကြည့် ညို့မျက်ဝန်းတွေက
ဆွဲဆောင်အားကောင်းလွန်းပါတယ်…
သူနဲ့အကြည့်ချင်းဆုံတော့
ရင်ခွင်ထဲ တဒိတ်ဒိတ်ခုန်…
ရွှေရင်ဟုန် စိတ်လှုပ်ရှား
အိပ်မျက်ပေါင်း ညများစွာ…
တစ်ခါတစ်ရံမှာ
အချစ်ဟာ ဆန်းကြယ်လေသလား…
ကိုယ်က ချစ်ချင်သော်ငြား
သူက ပြန်ချစ်ချင်မှ ချစ်တာလေ…
ကိုယ်က မချစ်ပေမယ့်
ကိုယ့်ကိုချစ်နေတတ်တဲ့
တစ်ဖက်သက်ချစ်ခြင်းမျိုးလည်းရှိတာပါပဲ။
ဒီလိုပဲပေါ့
ယောဒိကမ္ဘာပေါ်မှာ
ချစ်သူပေါင်းများစွာ ရှိနေကြပေမယ့်
'ငါ'ဆိုတဲ့ကောင်လေးကတော့
ရွှေရင်ခုန်မြန် စည်းချက်ညံ့ပြီး
တိတ်တိတ်လေး ကြွေနေခဲ့တဲ့
အဲ့ပုန်းအချစ်သမားလေးပါလေ…



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးယဉ်တတ်တဲ့အရွယ်လေးဖြစ်ပေမယ့် 'ကျော့်' အပေါ် ချစ်မိတဲ့ချစ်ခြင်းတွေက ခပ်ပေါ့ပေါ့ အပျော်သက်သက်မျိုးမဟုတ်ရပါဘူး။ ညစဉ် မြင်မက်တဲ့အိပ်မက်တွေတိုင်းမှာ 'ကျော်'က 'ဆင့်'ရဲ့မင်းသားလေးပါပဲ။ 'ဆင့်'စာကျက်တဲ့ပြတင်းပေါက်ကကြည့်ရင် မြင်နိုင်တဲ့ မိုးထက်က လမင်းကြီးမှာ ထင်နေတာလည်း 'ကျော့်'မျက်နှာတစ်ခုသာပါလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"သားရေ 'မစာ' ကို ဘူးသီးကြော် ဝင်ပို့ပေးခဲ့ဦးနော်"

"ဟုတ်ကဲ့အမေ"

ရေထမ်းပုံးကို စင်ထက်သေချာမှောက်ပြီး တံပိုးနှင့်ချိတ်ကို [illegible]မှာ ချိတ်လိုက်ပါ၏။ ဝတ်ထားသည့်စွပ်ကျယ်ကိုချွတ်ကာ ရေတွင်း[illegible]ကိုင်၍ စဉ်အိုးတွေထဲဖြည့်ပြီး ရေချိုးလိုက်သည်။ ကျောင်းဝတ်[illegible]၍ ထမင်းချိုင့်ထည့်၏။ ဒယ်အိုးထဲမှ ချဉ်ပေါင်ကြော်ကို ငရုတ်သီး[illegible]များရွေးခပ်ကာ ဖွန်းထည့်ပိတ်လိုက်သည်။ လွယ်အိတ်ထဲသို့[illegible]ယားတိုက်၍ စာအုပ်တွေ၊ ဘောပင်တွေထည့်ပြီးတော့ ကျောင်း[illegible] အဆင်သင့်ဖြစ်ချေပြီ။

"စာမေးပွဲဘယ်တော့လဲ သား"

"လိုပါသေးတယ် အမေ"

"ဒီနှစ် ဆယ်တန်းနော် သား မပေါ့နဲ့၊ ယောက်ျားလေးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကို ဦးစီးရမှာ။ ဒီပညာလေးမှမတတ်ရင် ကိုယ့်မိန်းမက မရို မသေနဲ့ ကလန်ကဆန်ပြောဆိုတာမျိုးလုပ်တတ်တယ် သားရဲ့"

"အမေကလည်းဗျာ၊ ကျွန်တော့်အသက် ခုမှ (၁၆)နှစ်ကျော် ကျော်ပဲ ရှိသေးတာကို"

"ဟဲ့၊ ဘယ်လောက်ပဲဖြစ်ဖြစ်လေ။ အချိန်တန်ရင် မိန်းမ,မယူ ဘဲနေမှာမို့လို့လား"

မနက်အစောကြီး ထကြော်ထားသည့်အကြော်ထုပ်ကို စက်ဘီး ခြင်းထဲသို့ ခပ်ဖွဖွထည့်လိုက်ပါ၏။ လွယ်အိတ်ကိုလွယ်သိုင်းလျက် ခြေ နင်းကို ခြေတစ်ဖက်တင်ကာ တွန်း၍ တက်စီးခဲ့သည်။ အမေကတော့ သူဆယ်တန်းရောက်သည့်နှစ်စမှစ၍ တစ်နေ့တစ်မျိုး ဆုံးမနေလိုက်တာ မပြောပါနှင့်၊ 'မိန်းမတဲ့'. . . အာရုံမှာ ကျစ်ဆံမြီးလေး ကျစ်ထားသည့် မိန်းကလေးတစ်ယောက် ပေါ်လာတာမို့ သူတစ်ယောက်တည်း ကျိတ်ပြုံး လိုက်မိသည်။

'သန်းသန်းဆင့်'တဲ့လား။ သိပ်အဆန်းကြီးမဟုတ်တဲ့ အမည် လေးပါပဲ၊ သို့သော် ယဉ်ယဉ်လေးလှသည့် လှတစ်မျက်နှာ ယဉ်တစ်ကိုယ် မယ်လေးက မျက်ဝန်းထဲ စွဲထင်ရစ်တာအမှန်ပါပဲ၊ 'ဆင့်' ကလေ,ဆိုပြီး စကားပြောလေ့ရှိတဲ့ နှုတ်ခမ်းပါးလေးကို ငေးကြည့်ချင်ပေမယ့် မဝံ့ရဲ။ မာစီဒီးကားနက်ကြီးရပ်လာတိုင်း အားလုံးရဲ့အကြည့်တွေက ပြုကျသွား ကြပေမယ့် အဲဒီမျက်ဝန်းထဲမှာ သူ မပါဝင်ပါလေ။

အတန်းထဲကို နောက်ဆုံးမှဝင်ပြီး နောက်ဆုံးတန်းမှာ ဝင်ထိုင် တတ်တဲ့ ခပ်မှုံမှုံကျောင်းသားလေးကို ဘယ်သူကမှအဖက်မလုပ်၊ မခင်မင် ကြ။ အများတကာကျောင်းသားတွေလို ကော်ရစ်တာမှာရပ်ရင်း ကျောင်း သူတွေရဲ့လှုပသက်ဝင်မှုကို ငေးကြည့်ခွင့်မျိုးလည်း သူ့ထံမှာမရှိ၊ ကျောင်း စောရောက်တဲ့နေ့တိုင်း ကုက္ကိုလ်ပင်ခြေရင်းမှာ ဂျပန်ဖိနပ်လေး ဖင်ခု ထိုင်ပြီး ကျောင်းစာအုပ်ကိုသာ သဲကြီးမဲကြီးဖတ်နေတတ်တာလေ။

ကားဟွန်းသံ 'တီ'ခနဲကြားအပြီးမှာ ကားပေါ်က ဆင်းလာတဲ့





တရှုပ်ရှုပ်ခြေသံကြားလိုက်တာနဲ့ သူ့ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေတဲ့ မီး ရထားခုတ်မောင်းသံက အစပျိုးတော့တာပါပဲ။ လိုက်ခနဲသင်းပျံ့လာတဲ့ သနပ်ခါးရနံ့နှင့်အတူ ရှေ့မလှမ်းမကမ်းမှ ဖြတ်လျှောက်သွားတဲ့ ဖိနပ် ဖြူဖြူထက်မှ ခြေထောက်ဖွေးဖွေးလေးထံ အကြည့်ရောက်သွားတတ် ပေမယ့် ဖျတ်ခနဲမျက်နှာလွှဲခဲ့မိတာလည်း အကြိမ်ပေါင်းမနည်းတော့။

'ဂုဏ်မြင့်သူရယ်' ဆိုတဲ့သီချင်းကို မညည်းမိအောင် မနည်း ထိန်းရသည်ပဲ၊ အမှန်တကယ်တော့ ဒီကျောင်းကို သူတက်ရန်အကြောင်း မရှိ၊ လူချမ်းသာသားသမီးတွေသာ အများဆုံးတက်ကြတဲ့ ဒီအထက်တန်း ကျောင်းကို ကျောင်းအုပ်ဆရာကြီးရဲ့ခွင့်ပြုချက်နဲ့ သူတက်ခွင့်ရခဲ့တာပါ။ stipend (ကျောင်းလခ ထောက်ပံ့ကြေး) လျှောက်တာ၊ ဘာကြေးညာ ကြေးကောက်တိုင်း သူဘယ်တော့မှမထည့်ရတာ၊ အားလုံးကို ဆရာကြီး ဦးသောင်းစိန်က စီစဉ်ပေးထားတာပါလေ။

စာသိပ်အတော်စားကြီးမဟုတ်ပေမယ့် နှစ်စဉ် အတန်းစဉ် သူ့ ရဲ့အဆင့်ဟာ (၁) ကနေ (၁၀)အတွင်း ဝင်လေ့ရှိတာမို့ (A)ခန်းမှာနေခွင့် ပေးမယ့် သူမပျော်ပိုက်ခဲ့။ တောက်ပနေတဲ့ကျောင်းအုံ့ကျောင်းသားအုပ် ထဲမှာ မှုံရုတ်ရုတ် သူ့အရောင်က ထင်းနေတာမဟုတ်လား။ 'စုန်းပြူး'တဲ့။ အတန်းထဲက ကောင်လေးတွေက သူ့ကို ကွယ်ရာမှာ ခေါ်ကြတဲ့နာမည် တစ်ခုပါလေ။

"ဒေါ်လေးစာ, အကြော်ရပြီ"

"အေးအေး. . . သားလေး, ကျေးဇူးပါပဲတော်။ အခုပဲ ဘူးသီး ကြော် ကုန်နေလို့ မိခါကိုသွားယူခိုင်းမလို့ သားလာပို့တာနဲ့အတော်ပဲ"

မုန့်ဟင်းရည်ထည့်ပေးနေသည့် ပါးကွက်ကြားမလေးက သူ့ကို သွားဖြီးပြလိုက်လေ၏။ ချိုင့်ခနဲခွက်ဝင်သွားသည့်ပါးချိုင့်လေးကို မြင်ရ [illegible] သူမကို ကွက်ခနဲမြင်ယောင်မိလေသည်။ ပြဿနာပဲ၊ သူ့ကို ဒီလို [illegible]နိုင်ပါတဲ့ကောင်မလေးတွေက ဘာကြောင့်သတိရစေပါလိမ့်နော်။

"ကိုနိုင်ကလည်း မိခါ အိမ်ရောက်မှထွက်တာမဟုတ်ဘူး အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဟင်းကောင်းလေးချက်ထားတာ ထမင်းချိုင့်ထည့်ပေးလိုက်မလို့ပါ ဆို''

''နေပါစေဟာ၊ ရပါတယ်''

''အခု ဘာဟင်းထည့်လာလဲ''

''ချဉ်ပေါင်ကြော်နဲ့ ဗယာကြော်လေ''

''ဟွန်း၊ အဲဒီဟင်းတွေနဲ့ ကျောင်းမှာ ဘူးဖွင့်စားတာ၊ သူများတွေမြင်ရင် နှာခေါင်းရှုံ့တော့မှာပဲ''

''ဘာဖြစ်လဲ မိခါရာ၊ အရှိကိုအရှိတိုင်းပေါ့။ ဘဝသမားပါဟာ အလုပြဖို့မလိုပါဘူး''

''သားရေ့ ညနေကျရင် ဒေါ်လေးအိမ်ကို ရေလာဖြည့်ပေးပါဦးနော်၊ စဉ့်အိုးနှစ်လုံး ရေကုန်နေပြီ''

''ဟုတ်ကဲ့ပါ ဒေါ်လေး၊ ကျွန်တော်သွားတော့မယ်''

''အေးအေး. . . သား''

သူ စက်ဘီးနင်းထွက်ခဲ့စဉ် သူ့နောက်ကျောကိုငေးရစ်မည့် မျက်ဝန်းတစ်စုံကိုလည်း သတိမထားမိ။ ကျောင်းလမ်းထက်ရောက်စဉ် မာစီဒီးကားနက်ကြီးက မျက်နှာချင်းဆိုင်မောင်း၍ ပြန်လာချေပြီပဲ၊ သွားပြီ. . . ဒီနေ့တော့ ခြေမမိုးလှလှလေးကို ဖျတ်ခနဲကြည့်ခွင့် ဆုံးရှုံးသွားပြီလေ၊ သံချိုမြည်နေသည့်စက်ဘီးကို စက်ဘီးတွေတန်းစီထားသည့် ထောင့်ဆုံးနေရာလေးမှာ ဒီတိုင်းဝင်ရပ်လိုက်၏။ ဒီစက်ဘီးစုတ်ကိုတော့ နိုးဖို့ ဘယ်သူမှမျက်စိမကျကြပါလေ။

''ဦးပုညရဲ့မင်းသား လာပြီဟေ့''

ကြားသာအောင်ပြောလိုက်သည့်အသံမို့ သူ သက်မကိုချလိုက်မိ၏။ ဟောင်းနွမ်းနေပေမယ့် စက်သံကောင်းနေသေးသည့် လက်ပတ်နာရီကို သူကြည့်လိုက်တော့ (၉)နာရီထိုးရန် (၅)မိနစ်သာ လိုတော့သည်။ လွယ်အိတ်ကြီးကိုအသာကိုင်၍ ခပ်ငိုက်ငိုက်မျက်နှာဖြင့် အတန်းရှိရာဆီ ခြေလှမ်းကို စလိုက်၏။





''ရေရမယ်. . . ရေ. . . တစ်ထမ်း၊ ငါးကျပ်''

''ဝါး ဟား ဟား ဟား. . .''

ခပ်လှောင်လှောင် ပြောင်ပြောင်နောက်နေသည့် ကျောင်းသားအုပ်စုကို သူ ကျော်တက်လိုက်ပါ၏။ ရေထမ်းရောင်းတာ ဘာပြစ်မှုမျိုးလုပ်တာမှမဟုတ်ဘဲ အပြစ်မြင်နေကြတာပါလိမ့်။ ကျောင်းစာအုပ်ဖိုး၊ ခဲတံ၊ ဘောပင်ဖိုးတွေအားလုံးကို အစစအရာရာ သူ့လုပ်အားခနဲ့ပဲ ဝယ်နိုင်ခဲ့တာပါ။ ဒီကျောင်းသားတွေလို မိဘဆီလက်ဖြန့်တောင်းနေတာမှမဟုတ်တာပဲ။ အိမ်စရိတ်ကိုမထောက်ပံ့နိုင်ပေမယ့် ကျောင်းနဲ့ပတ်သက်တဲ့သူ့ရဲ့ဝန်ထုပ်ဝန်ပိုးကို အမေမယူရတာ သူ (၉)တန်းတက်သည့်နှစ်က စတာလေ။

''မုန်းစရာကောင်းလိုက်တာ''

နောက်ပါးဆီမှ ကပ်ပါလာသည့် ချိုမြမြအသံကြောင့် သူ တုံ့ခနဲဖြစ်သွားရပါ၏။ ဘုရားရေ! သူ့ကိုများ ပြောလေသလား၊ မျက်နှာမှာ ထူအမ်းအမ်းဖြစ်သွားပြီး ရင်တွင်းမှာ နွမ်းလျှသွားတာကို သူကိုယ်တိုင်ပဲ သိတာပါလေ။ မမျှော်မှန်းပါဘူး 'ဆင့်'ရယ်၊ မင်းစီးထားတဲ့ ဖိနပ်ဖြူဖြူလေးလောက်တောင်မှ ကိုယ်က မတောက်ပတဲ့လူပါ။ ဒါပေမဲ့ ဘာအပြစ်မှမလုပ်ပါဘဲ အခြောက်တိုက်မုန်းတာမျိုးကိုတော့ ကိုယ်မခံယူပါရစေနဲ့လား။

''အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့၊ သူတို့သာ ဆန်ကုန်မြေလေးတွေ''

နောက်ပေါက်ဆီ လှမ်းခဲ့ပေမယ့် ရှေ့ပေါက်မှာ ရပ်ကျန်ခဲ့ရင်း ပြောလိုက်သည့်အသံက သူ့နောက်မှ ကပ်ပါလာလေ၏။ ပြုံးမိမလိုဖြစ်သွားသည်ကို ဣန္ဒြေဆယ်လိုက်ရသည်။ နောက်ဆုံးခုံမှာ အသင့်ရောက်နေသည့် ထူးကျော်က သူ့ကိုလက်ပြကြိုလိုက်ပါ၏။

''မင်း၊ အိမ်စာလုပ်လို့ရလား ဖိုးနိုင်''

''ရတယ်''

''ငါ ဒီနှစ်ပုဒ်မရလို့ ရှင်းပြပါဦး၊ ဒီနေ့ ဆရာမတွေ အစည်း



www.burmeseclassic.com

www.burmeseclassic.com



အဝေးလုပ်နေတာ (၁၀)နာရီမှ အတန်းဝင်ကြမှာလို့ ငါကြားခဲ့တယ်''

''ဟုတ်လား. . . ဘယ်ပုစ္ဆာလဲ''

''အလင်းခန်းက''

''Mirror ပုစ္ဆာလား''

''အေး. ငါ Lens အခန်းနဲ့ ရော.ရောသွားလို့''

''မင်းကို ငါသင်ပေးထားတယ်လေ။ 'ခုံးဆိုတုသေး f. v.R. minus ပေး' ဆိုတာ မေ့သွားပြီလား''

''Lens နဲ့ရောလို့ပါဆို''

''တစ်ခုပဲမှတ်လေ. . . မင်း,နှစ်ခုမှတ်လို့ ရောသွားတာ။ ဒီမှာကြည့်. CC ဆို ခွက်လို့မှတ်။ Concove ပေါ့။ ဒီပုစ္ဆာက Convex ဆိုတော့ အခုံးလေ။ အခုံးပုစ္ဆာဆို focal length (ဆုံတာ)လည်း အနုတ်၊ image distance(v) (ပုံရိပ်အကွာအဝေး)လည်း အနုတ်ပဲ။ ပြီးတော့ R.radius of culvature (ကြေးမုံအချင်းဝက်)လည်း အနုတ်ပဲ၊ ဒါဆိုတွက်လို့ရပြီလား''

''အေး''

''နောက်ပုစ္ဆာက concave ဆိုတော့ အဲဒီသုံးခုကို Plus (အပေါင်း)နဲ့တွက်ရင်,ရမယ်''

''OK... ကျေးဇူးပဲ ဖိုးနိုင်''

''အကြမ်းနဲ့ အရင်တွက်လေ။ အချောမှာတွက်တုန်း မှားရင်ဖျက်ရာတွေ ပါကုန်မှာပေါ့။ ပုံရိပ်က အတုဆိုတော့ virtual. သေးတော့ small, အဲဒါတွေပါ ဘေးမှာ ကွင်းလေးနဲ့ရေး အမှတ်မလျော့စေနဲ့''

ဘေးနားမှ လူရိပ်ကျလာတာမို့ သူ ဆတ်ခနဲမော့ကြည့်လိုက်မိ၏။ အလို! ဘယ့်နှယ် သူ့ဘေးကို လတစ်စင်း သက်ဆင်းလာပါလိမ့်။ လှိုက်ခနဲရလိုက်သည့်သနပ်ခါးရနံ့ကြောင့် သနပ်ခါးကိုပင် ရဲရဲမရှူ့ံဝံ့တော့ ဘာကိစ္စရှိလို့ပါလိမ့်။

''အဲဒီ Note ဘယ်ကရလဲဟင်''





''ဘာကိုလဲ''

''Physics ပုစ္ဆာတွက်လို့ရတဲ့ Note အတိုလေးကိုပြောတာ''

''ဆရာကြီးဆီ မေးထားတာပါ''

''ဆင့်ကိုလည်း ရေးပေးပါလား''

''ရပါတယ်''

စားပွဲထက်တင်ပေးလိုက်သည့် ဗလာစာအုပ်နောက်ကိုလှန်၍ တစ်ချက်ချင်း သူ ချရေးပေးလိုက်မိသည်။ စာတော်တဲ့ကျောင်းသူလေးက ဘယ့်နှယ် သူ့ဆီက Note တွေ လာတောင်းနေတာပါလိမ့်နော်။

'ဆင့်'လည်း အဲဒီနှစ်ပုဒ်တွက်တာ မှားနေတာ၊ 'ကျော်' ပြောပြတာတော့လည်း လွယ်နေသလိုပဲနော်၊ တော်လိုက်တာ''

''ဘာပြောချင်လို့ နောက်တန်းထိရောက်လာတာလဲ''

''စာအုပ်ငှားချင်လို့ ခဏလောက်ငှားပါလား''

''ဘာစာအုပ်လဲ''

''အလက်ာ''

''အဲဒါ ကိုယ့်ဖာသာကိုယ် ရေးတတ်ရတယ်လေ။ ဒီလိုသူများဆီက ကူးမချရဘူး။ ကူးချရင် ကျက်နေရမှာပေါ့''

''မကူးပါဘူး။ ရေးတဲ့ Plan လေး ကြည့်ရုံပါ ကျော်ရဲ့။ ဒီနေ့ ထပ်ရမှာဆိုတော့ 'ဆင့်'ပဲ ကျော့်စာအုပ် ထပ်လိုက်မယ်လေ. . . နော်''

ကဲ. သူဘာပြောလို့ရတော့မလဲ၊ လွယ်အိတ်ထဲမှ ဗလာစာအုပ်ကိုနှိုက်ကာ သူမလက်ထဲသို့ထည့်ပေးလိုက်မိ၏။ နှုတ်ခမ်းထက်မှာ အပြုံးနုနုက ဖေးတင်လေသည်။

''ကျေးဇူးပါ ကျော်''

''ခဏလေး''

လှည့်ထွက်ရန်ပြင်လိုက်သည့်ခြေလှမ်းက တုံ့ခနဲရပ်သွားပါ၏။ ဒုတ်ခနဲလှည့်ကြည့်လိုက်သည့် ခပ်စောင်းစောင်းမျက်နှာလေးကြောင့် ဝင်ထဲမှာ လှိုက်ခနဲဖိုသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်"

"ကျွန်တော့်စာအုပ်မှာ ဘာဘောပင်၊ ဘာခဲတံမှလျှောက်မခြစ်ပါနဲ့လို့ ပြောမလို့ပါ"

"ဘာလို့လဲ"

"ကျွန်တော့်စာအုပ်တွေကို တီချယ်ဒေါ်တင်တင်မြက ဒီနှစ်ပြီးရင် ယူထားမယ်ပြောထားလို့ပါ"

"ဩော်. အင်း. . . စိတ်ချပါ ကျော်ရဲ"

သူမဆက်လျှောက်သွားစဉ် တစ်ဖက်အတန်းမှ အသံထွက်လာလေ၏၊

"Elephant Anus (ဆင့်ဖင်)ပဲ၊ သူ့လက်ရေးက ဘယ်လောက်များလှလို့ ကြီးကျယ်နေတယ်မသိဘူး၊ စကားနဲ့ပါးစပ် မဆုံတာတွေပြောနေတာ အမြင်ကပ်စရာကြီး"

"ကြားလား ဖိုးနိုင်၊ အဲဒါ မောင်မောင်ခန့်အသံပဲ"

"ငါသိပါတယ်"

"ဒီကောင်. 'ဆင့်'ကိုကြွေနေတာကွ"

"ထားလိုက်ပါကွာ"

"ဆင့်က အတန်းထဲမှာ သူနဲ့ပဲစကားပြောတာလေ။ ဒီနေ့မှ ထူးထူးဆန်းဆန်း နောက်တန်းထိလျှောက်လာပြီး မင်းကိုစကားပြောတော့ သူ့ရင်ထဲ ခါချဉ်ကိုက်သွားတာပဲနေမှာပေါ့"

"ကျောင်းစာကိစ္စပြောတာပဲကွာ၊ ဘာဆန်းလို့လဲ"

"ဆန်းတာပေါ့ကွ၊ ငါသတိထားမိတာကြာပြီ၊ မင်းကျောင်းကိုလာတိုင်း 'ဆင့်' မင်းကိုစောင့်ကြည့်တတ်တာလေ"

"ဘာရယ်"

ဗလာစာအုပ်မှာ ဘေးမျဉ်းတားနေရင်း ရပ်တန့်သွားရပါ၏။ အလိုလေး! သူ့ကို 'ဆင့်'က စောင့်ကြည့်နေတတ်သတဲ့လား။

"ငါနဲ့ဆိုတာ သုံးလေးခါရှိပြီ၊ မင်းကိုကြည့်တာမှ နိုးကြည့်တာ





မျိုးမဟုတ်ဘူးမောင်။ ခြောင်းပဲကြည့်တာကွ။ မင်း့ကျော်သွားရင် သူမရဲ့တယ်မို့လေး ပြုံးပါလေရော။ ဟော, ပြောနေရင်း လှည့်ကြည့်ပြန်ပြီ"

သူ ရှေ့ဆုံးတန်းမျက်စောင်းထိုးကို လှမ်းကြည့်လိုက်စဉ် လှစ်ခနဲလှည့်ပြုံးပြလိုက်သည့်သူမမျက်နှာလေးကိုတွေ့လိုက်ရသဖြင့် ရင်ထဲ ဒိန်းခနဲမြည်ဟည်းသွားရလေ၏။ စာအုပ်ပေါ်ထောက်ထားသည့် ခဲတံထိပ်မှ ခဲသားက ဆတ်ခနဲကျိုးသွားလေသည်။ ရော့. ခက်ချေပြီပဲ။

"သတိထားနော်၊ မောင်မောင်ခန့်က မီးခဲကွ။ မိဘအရှိန်နဲ့ သိပ်မောက်မာတာ။ တော်ကြာ. . . မင်းနဲ့လာငြိနေဦးမယ်"

"ငါက ရေသည်ပဲကွ၊ အဲဒီမီးခဲကို ငါ့ရေနဲ့လောင်းလိုက်ရုံပါပဲ၊ လွယ်လွယ်လေးပါ"

"မင်းကတော့လေ"

မသက်မသာပြုံးလိုက်ပေမယ့် ရင်ထဲပေါ့မသွားပါချေ။ မင်းရှေ့တန်းစီရပ်နေကြသူတွေထဲမှာ ကိုယ်မပါဝင်ဘူး ဆင့်ရယ်။ ကိုယ်က သီးခြားကမ္ဘာက လူသားတစ်ယောက်မို့ပါပဲ။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဒီမနက် အိပ်ရာထ နောက်ကျသွားလို့ အမေ ဘာမှမချက် ဖြစ်ဘူး သားရယ်"

"ရပါတယ် အမေ၊ ကျွန်တော် အကြော်နဲ့ပဲ ထည့်သွားလိုက် တော့မယ်"

"ဪ, မိခါလေး လာပို့သွားတဲ့ ငါးကြော်တော့ ကြောင်အိမ် ထဲမှာရှိတယ် သားရဲ့"

"နေပါစေတော့ အမေ၊ အမေပဲ စားလိုက်ပါ။ ကျွန်တော်က ဘာနဲ့စားစား ဝင်တာချည်းပဲ၊ ကျွန်တော်သွားပြီနော်။ သောက်ရေအိုးထဲ မှာ ရေနည်းနည်းပဲ ရှိတော့တယ်၊ ညနေပြန်လာမှ ကျွန်တော်ဖြည့်ပေး မယ်၊ အမေ လျှောက်ထည့်မနေနဲ့ဦး။ တော်ကြာ ချော်ပြုလဲနေမှာစိုးလို့"

"အေးပါ သားရဲ့၊ အမေက အခါးရည်ပဲ သောက်တာပဲဟာ တယ်"



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးနင်းထွက်ခဲ့စဉ် ခပ်လှမ်းလှမ်း မုန့်ဟင်းခါးဆိုင်ထဲမှ မိခါ ထွက်လာပါ၏။ လုပ်ပြန်ပြီ. . . . သူ ကျောင်းသွားတိုင်း ဒီကောင်မလေး နှုတ်မဆက်ရ မနေနိုင်သလိုပါပဲလား။

''ကိုနိုင် မိခါပို့ထားတဲ့ဟင်း ထည့်သွားရဲ့လား''

''အေး. . .''

ပြီးပြီးရော, တိုတိုပြတ်ပြတ်ပင် ဖြေလိုက်ပြီး ဆက်နင်းလာ၏။ ကျောင်းကိုခပ်စောစောရောက်သွားတာမို့ ထုံးစံအတိုင်း ကုက္ကိုလ်ပင်ခြေရင်းမှာ သူ ဖိနပ်ချ၍ ထိုင်လိုက်ပါသည်။ Bio Text ကိုထုတ်၍ မနက်က ကျက်လက်စ chapter (5)အခန်းကိုဖွင့်၍ ဆက်ကျက်နေ၏။ ဒီအခန်းက အရမ်းများလွန်းတာမဟုတ်လား။

ကျောင်းဝင်းအဝမှာ ကားရပ်သံကြားလိုက်ရစဉ် သူခေါင်းငုံ့ထားလိုက်မိသည်။ မကြည့်မိစေနဲ့၊ 'ကျောင်းမှာ ရန်မဖြစ်ရ'ဟု အသ သတိပေးထားတာမို့ သူ ဆင်ခြင်ရမည်လေ။ ဘယ်ကျောင်းသား ပြဿနာမဖြစ်စေဖို့ အဓိကရှောင်ရှားရမည့်ပစ်မှတ်က သူမကို သူရှော ဖို့ပဲ မဟုတ်ပါလား။

တရှပ်ရှပ်ခြေသံနှင့်အတူ ထဘီခတ်သံကို ညင်သာစွာကြား၏။ စာအုပ်ကို မျက်နှာအုပ်လုမတတ် မြှောက်ထားလိုက်စဉ် စာအုပ် အောက် လွတ်နေသည့်မြင်ကွင်းထဲမှာ ခြေထောက်ဖြူဖြူလေးတစ်စုံ ရပ်လေသည်။ ခက်ချေပြီကော ကျော်နိုင်။ 'လေထန်ကုန်း'ဝတ္ထုထဲက Catterine လို Heathcliff ကို တည့်တည့်ကြီးလာတွေ့တာမျိုး ဖြစ် နေရပြီကိုး။

''ကျော်''

သက်ပြင်းကိုကျိတ်ရှိုက်ကာ စာအုပ်ကိုဖယ်လိုက်ရပါ၏။ ခြေ စုံရပ်နေသည့်သူမကိုမော့ကြည့်မိစဉ် အပြုံးနုနုနှင့်အတူ အဖုံးဖုံးထားသည့် စာအုပ်ကို ကမ်းပေးနေလေသည်။

''ဘာလဲ''





''ကျော့်စာအုပ်လေ''

''အဲဒါ ကျွန်တော့်စာအုပ်မှမဟုတ်ဘဲ''

''သေချာကြည့်ကြည့်ပါဦး ကျော်ရဲ့''

ထိုင်ရာမှမထဘဲ သူမလက်ထဲမှစာအုပ်ကိုလှမ်းယူ၍ ဖွင့်ကြည့်လိုက်မိ၏။ အထဲမှာ သူ့လက်ရေးစောင်းစောင်းလေးတွေက အစီအရီ၊ သူ့စာအုပ်ကို သူမ အဖုံးဖုံးပေးသည်ကိုး။

''နောက်တစ်အုပ် ငှားလိုက်ပါဦး''

''ဘာစာအုပ်လဲ''

''English Grammar''

''ပါမလာဘူး''

''မညာနဲ့နော်၊ ဒီနေ့ ထပ်ရမှာလေ''

ကဲ, အဲဒီလိုလေ၊ သူညာလို့ အဆင်မှမပြေလေဘဲ။ ခပ်တည် တည်မျက်နှာဖြင့် လွယ်အိတ်ထဲမှ Grammar စာအုပ်ကို ထုတ်ယူလိုက် ၏။

''ကိုယ့်ဟာသာကိုယ် မရေးဘူးလား''

''ရေးလာသားပဲ၊ အဖြေတွေတိုက်ချင်လို့ပါ''

စာအုပ်ကိုလှမ်းပေးတော့ သူမ ယူလေ၏။ သူက စာအုပ်ကို လွှတ်မပေးသေးချေ။

''ပြောဖို့ကျန်သေးတယ်''

''ဘာလဲ ကျော်''

''ကျွန်တော့်စာအုပ်ကို အဖုံးတွေဖုံးမပေးပါနဲ့''

သူမနှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်လေ၏။ ပါးချိုင့်လေးဆီ ရောက် သွားသည့်အကြည့်ကို သူချက်ချင်းပြန်ရုတ်သိမ်းလိုက်ရပါသည်။

''သပ်သပ်ရပ်ရပ်ဖြစ်စေချင်လို့ပါ ကျော်၊ Teacher ဆီ စာအုပ် အပ်တော့ အဲဒီအဖုံးတွေကိုဖြုတ်ပြီးမှ ပေးလိုက်ပေါ့။ ကျော့်စာအုပ် ထဲမှာ ပွန်းရာတွေ ရှိနေမှာမဟုတ်တော့ဘူးလေ''



www.burmeseclassic.com

www.burmeseclassic.com



သူ စာအုပ်ကိုင်လက်ကို လွှတ်ပေးလိုက်ပါ၏။ သူမက သုံးလှမ်းမျှဆက်လျှောက်သွားပြီး ဖျတ်ခနဲပြန်လှည့်ကြည့်လိုက်လေသည်။

''ပြောဖို့ကျန်နေပြီ။ မှားတာတွေ့လို့ ပြင်ရေးပေးရင် စိတ်ဆိုးမှာလား ကျော်''

''ရပါတယ်''

သူမ အတန်းထဲဝင်သွားမှ သူထရပ်လိုက်၏။ ဖိနပ်ကိုပြန်ဝတ်စဉ် သူ့အနားသို့ ကျောင်းသားသုံးယောက် လာရပ်လေသည်။

''ဟော့ကောင်! ရေသည်''

သူ ခပ်တည်တည်ပင် ကြည့်လိုက်ပါ၏။ နှစ်ယောက်အလယ်မှာ ရှိနေသည့် မောင်မောင်ခန့်က ပုခုံးကို ချက်အောက်ကျကျဝတ်ထားပြီး Style အပြည့်နှင့်ပါလေ။

''မင်း, ဆင့်နဲ့ဝေးဝေးနေစမ်းပါ။ လူဆိုတာ ကိုယ်နဲ့တန်ရာမှန်းရတယ်ကွ''

ဒေါသက ထောင်းခနဲဖြစ်လေ၏။ ကျောင်းဝင်းထဲမှာမို့ သူစိတ်ကိုလျှော့လိုက်ရပါသည်။

''မင်း, ဦးကျော်ဖင်တော့ မဟုတ်ပါဘူးနော်''

''ဘာကွ''

''သူ့အဖေလေသံနဲ့ ငါ့ကိုလာဟောက်မနေနဲ့၊ မင်းတို့လိုကောင်တွေလို မျက်နှာလိုမျက်နှာရနဲ့ မိန်းကလေးတွေကို ငါမရောတတ်ဘူးဆိုတာ လူတိုင်းသိတယ်။ မင်းမျက်လုံး ပါဝါလျော့နေရင် ဆိုင်မှာသေချာစစ်လိုက်ဦး''

''မင်း''

မောင်မောင်ခန့်က ရှေ့တစ်လှမ်း တိုးရပ်လိုက်ပါ၏။ သူက တုပ်တုပ်မျှမလှုပ်မိပါချေ။ လုပ်ကြည့်လေ, ကျောင်းဝင်းထဲမှာ ကိုယ်ထိလက်ရောက်ရန်ဖြစ်ရင် မင်း ဘာဖြစ်သွားမလဲ။ ကျောင်းအုပ်ဆရာကြီးက စည်းကမ်းအရာမှာ မျက်နှာမရွေးတတ်ဘူးလေ။ ဆင်းရဲရဲ ချမ်းသာသာ





ကျောင်းစည်းကမ်းက စည်းကမ်းပဲလို့ အမြဲပြောလေ့ရှိတာမဟုတ်လား။

''အဆင့်မရှိတဲ့ကောင်ကများ''

''အဲဒါဆို ငါ့ကိုလာမပတ်သတ်နဲ့ပေါ့ကွ။ ငါ့လိုအဆင့်မရှိတဲ့ကောင်နဲ့ လာဆင်ပြိုင်ဖြစ်တာဆို မင်းဘာဖြစ်သွားပြီလဲ၊ စဉ်းစားကြည့်ပေါ့။ သွားမယ်''

သူ ရှောင်၍ထွက်လာစဉ် မောင်မောင်ခန့်ထံမှ တက်ခေါက်သံကြားလိုက်ရလေ၏။ အတန်းထဲဝင်ရန်ပြင်စဉ် ရှေ့ပေါက်အဝမှာ ရပ်စောင့်နေသည့်သူမကို မြင်လိုက်ရလေသည်။ ဘာပြောဦးမှာပါလိမ့်။

''ကျော်, ခဏနေပါဦး''

သူသက်ပြင်းရှိုက်လျက် ခြေလှမ်းကိုရပ်လိုက်ရပါ၏။ နောက်ပါးမှ ရှပ်တိုက်လျှောက်လာသည့်ဖိနပ်သံတို့ကို ကြားနေရသည်။ မောင်မောင်ခန့်တို့အုပ်စု လာနေလေပြီကိုး။

''ကျော့်ကို, ကိုမောင် ဘာပြောတာလဲ''

''ဘာမှမပြောပါဘူး''

''မညာနဲ့နော်၊ 'ဆင့်'က ညာတာကို လုံးဝမကြိုက်ဘူး။ ခုနထဲမှာ ကျော်တို့ရပ်စကားပြောနေတာ လှမ်းတွေ့နေရတဲ့ဟာ။ ပြောလေ''

''သိချင်ရင် သူ့ကိုပဲမေးကြည့်ပေါ့''

တိုတိုပြတ်ပြတ်ဖြေလိုက်ပြီး နောက်ပေါက်မှ အတန်းထဲဝင်ထိုင်လိုက်သည်။

''ကျောင်းမှာပြဿနာရှာရင် ကိုမောင့်ကို ဦးဦးညကြာမောင်နဲ့တိုင်မယ်။ 'ဆင့်' မလုပ်ဘူးမထင်နဲ့''

မောင်မောင်ခန့်ရှေ့မှာ ပိတ်ရပ်၍ပြောလိုက်သည့်သူမအသံကို ကြားလိုက်ရလေ၏။ သူမနှင့်မောင်မောင်ခန့်က အိမ်နီးချင်းတွေ မဟုတ်လား။ မိဘတွေကအစ ရင်းနှီးတာမှန်ပါလျက် မောင်မောင်ခန့်ဘာကြောင့်ဖြစ်ရပါသနည်း။ သူ မစဉ်းစားတတ်ပါလေ။ တစ်ခက်



www.burmeseclassic.com

www.burmeseclassic.com



အလယ်ခုံတန်းမှာ ဝင်ထိုင်လိုက်ပြီး မောင်မောင်ခန့် ကျိတ်ပြီးကျိန်းသံက သူ့နားစည်ကို လာရိုက်လေ၏။

"ပြောထားရဲ့သားနဲ့ ရှေ့ဆက်တိုးလို့ကတော့ အသေပဲ။ ရေခပ်မကြုံ ထင်းခွေတော့ ကြုံမှာပေါ့ကွာ"

"ဘာဖြစ်ကြတာလဲ ဖိုးနိုင်"

"အလကားပါကွာ၊ အခြေအမြစ်မရှိတာတွေ လာပြောတာပဲ"

"အဲဒီကောင်က သူ့အဖေအရှိန်နဲ့ သိပ်မောက်မာတာကွ။ သူ့အဖေက ဒီကျောင်းဆောက်တုန်းက အလှူငွေ အများဆုံးထည့်ထားတာ တဲ့၊

"ဖအေလို လူကြီးလူကောင်းစိတ်မျိုးမွေးတတ်ရင် သိပ်ကောင်းမှာပဲ"

ထမင်းစားချိန်ရောက်တော့ ထူးကျော်က မုန့်ဈေးတန်းသို့ထွက်သွားလေ၏။ သူက မုန့်ဖိုးသက်သာစေရန် ထမင်းချိုင့်ယူတတ်သူမို့ ဒန်ထမင်းဘူးပြားလေးကို လက်သုတ်ပဝါဖြည်၍ ဖွင့်လိုက်ပါသည်။ ရုတ်တရက် စာရေးခုံကို ဂုန်အနဲဝင်တိုက်ခံလိုက်ရသလို သူ့ထမင်းဘူးက အတန်းအလယ်လမ်းထက်သို့ လွင့်ကျသွားလေ၏။ ဗယာကြော်သုံးလုံးက လိမ့်ထွက်သွားပြီး ရှေ့ဆုံးတန်းနား ရောက်သွားသကဲ့သို့ ရှောက်သီးဆားထောင်းနှင့်ထမင်းညိုတို့က ကြမ်းပြင်သမံတလင်းထက် ပွကြဲသွားလေသည်။

"ဟယ်"

သူ့မျက်လုံးလေးတွေ ဝိုင်းသွားလေ၏။ အတန်းထဲ ထမင်းချိုင့်စားသူတွေတစ်ချို့တစ်ဝက်ရှိနေတာကြောင့် သူ့မျက်နှာ နွေးဆန်ဖြစ်သွားရပါသည်။ ဒါ, အရှက်ခွဲတာ၊ တမင်သက်သက်ကြီးပါလား။

"ငါးဆုပ်လုံးတွေ ခြေထောက်ပေါက်ပြီး ပြေးကုန်ပြီဟေ့"

"ဝါး ဟား ဟား ဟား. . ."

မခိုးမခန့်ရယ်နေသည့် မောင်မောင်ခန့်ကို သူကြည့်လိုက်ပြီး





ဘာမှမပြောချင်တော့ပေ။ အဆင့်အတန်းဆိုတာ ဒါကိုခေါ်တာပဲလား။ အခန်းထောင့်မှာထောင်ထားသည့် တံမြက်စည်းနှင့်ဂေါ်ပြားကို သူသွားယူလိုက်၏။

"ခဏလေး ကျော်၊ ပေး, 'ဆင့်'လုပ်ပေးမယ်"

"နေပါစေ"

"ဆင့်, လှည်းပေးပါ့မယ် ကျော်၊ ပြီးရင် ဆရာကြီးရဲ့ရုံးခန်းကို သွားကြတာပေါ့"

"ဆင့်၊ ဒါ, မင်းလုပ်ဖို့မလိုဘူး"

"ကိုမောင်က ကိုယ့်အဆင့်ကို ပြချင်နေတာပဲ"

"ကိုယ်လုပ်တာမဟုတ်ဘူး 'ဆင့်'ရဲ့။ ဒီကောင် ချောသွေး တိုက်လိုက်တာပါ"

"အတူတူပဲလေ၊ ကိုမောင်တို့တစ်အုပ်စုလုံး ဆော့ရင်းဖြစ်သွားတဲ့ဟာပဲ၊ ဒါမျိုး 'ဆင့်'မကြိုက်ဘူးကိုမောင်။ ယောကျ်ားဆိုတာ ကိုယ်လုပ်သမျှ ကိုယ်ခံရဲရမှာပေါ့။ 'ဆင့်' သိပ်အံ့ဩတယ်။ ဦးဦးတို့ရဲ့သားက ဒီလိုမထိမဲ့မြင်လုပ်ရပ်မျိုးလုပ်တတ်လိမ့်မယ်လို့ ထင်ကို မထင်ထားမိဘူး။ ကိုမောင်နဲ့သူငယ်ချင်းဖြစ်ရတာကို 'ဆင့်'ရှက်မိတယ် ကိုမောင်"

"ကိုယ်တောင်းပန်ပါတယ် 'ဆင့်'။ တကယ်မရည်ရွယ်ဘဲဖြစ်သွားတာပါ"

"ဆင့်ကိုတောင်းပန်ဖို့မလိုပါဘူး ကိုမောင်. . . ကာယကံရှင်ကို တောင်းပန်ရမှာပါ။ မတော်တဆဖြစ်ခဲ့ရင်တောင်မှ ဟားတိုက် လှောင်ရယ်မယ့်အစား ချက်ချင်းတောင်းပန်သင့်တာပေါ့ ကိုမောင်။ ဒီထမင်းစားရဖို့အတွက် သူတို့မိသားစု ဘယ်လိုရုန်းကန်ရသလဲဆိုတဲ့ ထမင်းတစ်စေ့ရဲ့တန်ဖိုးကို ကိုမောင်နားလည်ဖို့သင့်တယ်လို့ 'ဆင့်'ယူဆတယ်"

မောင်မောင်ခန့်မျက်နှာ မည်းခနဲဖြစ်သွားတော့ သူပြုံးမိ၏။ ယုန်ကို မြေခွေးကျီစားရင် အဲဒီမြေခွေးကိုနိုင်တဲ့ခြင်္သေ့တော့ ပေါ်လာမြဲ မဟုတ်လား။ 'ဆင့်'က တကယ်ပင် ထမင်းစေ့တွေကို စင်ကြယ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လှည်းကျင်းလျက် ဇေါ်ပြားထဲ ထည့်ကျုံးပေးလေ၏။ သီတာအေးက သူ့ထမင်းဘူးကို ဆေးပေးပြီး လက်သုတ်ပဝါဖြင့် ပြန်စည်းပေးလိုက်ပါသည်။

"ဒီလိုလုပ်တာမျိုး ဒါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ ကိုမောင်။ 'ဆင့်'က မိန်းမသန်ဆန်ပြုမူတတ်တဲ့ယောကျ်ားမျိုးထက် ယောကျ်ားပီသတာမျိုးကိုပဲ ပိုသဘောကျတာကို ကိုမောင် သိထားပါ။ လာ. ကျော် 'ဆင့်'တို့ချိုင့်နဲ့ပဲ လာစားချည်"

"နေပါစေ၊ ကျွန်တော်မစားတော့ပါဘူး"

"အဲဒီလိုမလုပ်ပါနဲ့၊ ကိုမောင် ကျုံးလွှန်တဲ့အပြစ်အတွက် 'ဆင့်'က အစားပြန်လျော်ပေးတာပါ ကျော်။ အစာအိမ်ဆိုတာ အချိန်တန်လို့ ဖြည့်မပေးရင် သူက လူကိုပြန်ပြီးဒုက္ခပေးတတ်တဲ့ ကောင်ဆိုးလေးပဲ ကျော်ရဲ့။ လာပါ, ဒီနေ့ 'ဆင့်'ရဲ့မေမေက ကြံမဆိုင်နဲ့ ဝက်သားကြော် ပေးလိုက်တယ်လေ။ ကျော်, စားဖူးလား"

"ဟင့်အင်း"

"ဒါဆို လာမြည်းကြည့်လေ, လာ"

လက်မောင်းကိုကိုင်၍ခေါ်နေပြီမို့ သူ မရုန်းသာ၍လိုက်ခဲ့ရပေ၏။ သူမအနီးမှာ ထိုင်ခွင့်ရလိမ့်မည်ဟု တစ်ခါမှ သူ အိပ်မက်ပင်မမက်ခဲ့ဖူးပေ။ ယခုတော့ ထိုင်ရုံမျှမက သူမ ကျွေးသည့်ထမင်းချိုင့်ကိုပင် စားနေရချေပြီ။

"ထည့်စားနော် ကျော်၊ ဒါက ငါးပတ်မွှေလေ, ကြိုက်လား"

"သူ့သွားမေးလို့ ကြိုက်တယ်ပြောမလား 'ဆင့်'ရဲ့။ စားစေချင်ရင် ထည့်သာကျွေး ရှေ့, ဒါက သီတာ့အိမ်က ထည့်ပေးလိုက်တဲ့ပုစွန်ထုပ်ဟင်း။ ပုစွန်တော့ ကြိုက်တယ်မဟုတ်လား"

"အင်း, ကျွန်တော့်စားဖူးတာတော့ ပုစွန်သေးသေးလေးတွေပဲ"

"အခု အကြီးမျိုး စားဖူးသွားတာပေါ့"





"ကျော်, ဝပ္ပါမလားမသိဘူး။ ကျော့်ချိုင့်ထဲမှာက ထမင်းတွေ အပြည့်ထည့်လာတာမဟုတ်လား။ 'ဆင့်'ရဲ့ချိုင့်အံ့က သေးသေးလေး ရယ်"

"မဝရင် သီတာ့ဆီက ယူစားပါစေပေါ့ 'ဆင့်'ရယ်၊ သူငယ်ချင်းတွေပဲဟာ။ ဒီလိုပဲ ဝေစားမျှစားကြတာပေါ့နော်"

စကားထပ်မပြောတော့ဘဲ ထမင်းကိုသာ ငုံ့ပြီးစားနေသည့် သူ့မျက်နှာကို သူမ ငေးကြည့်နေမိ၏။ သူ့မှာ ကျောင်းတက်စုံဆို၍ ဒီနှစ်ခုပဲ ရှိတာများလား။ မေးလိုက်ချင်ပေမယ့် မမေးရဲ၊ တော်ကြာ သူ့အရှက်ရသွားမှာကိုလည်း စိုးရိမ်ရသေးသည်လေ။ ခင်မင်ခွင့်လေးရဖို့ကြိုးစားရတာက လွယ်မယောင်နဲ့ခက်ခဲလှပါတယ်။ ဪ, ကျော်ရယ်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

''ဆင့်၊ သူ့ကိုသိပ်သနားတယ် သိတာ''

''လုပ်လာပြီ''

သချာတွက်နေရင်း ငိုင်သွားသည့်သူမကိုကြည့်လိုက်ရင်း သိတာ သက်ပြင်းရှိုက်လိုက်မိ၏။ ဤသူငယ်ချင်းမလေး၏ရင်ထဲကို မိမိမြင်နေရသည်ပဲ။ ခက်တယ် 'ဆင့်'ရယ်။ ကိုယ်နဲ့တန်းတူ ကိုမောင့်ကို ကျ အရေးတယူမဆက်ဆံချင်ဘဲ ဒီဆင်းရဲသားကောင်လေးကိုမှ ဦးစားပေးချင်နေတာလား။

''သူက အမေကစ်ခုသားတစ်ခုဆို၊ ထူးကျော်ပြောတာ ကြားတာပဲ''

''ဟုတ်တယ်၊ သူ့အမေက အကြော်ရောင်းတာတဲ့''

''ဆင့်တို့ တစ်ရက်လောက် သွားစားရအောင်လားဟင်''

''ဟယ်! 'ဆင့်'နော်၊ အန်တီခင်သိရင် လွယ်မှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရပ်ကွက်လေးနားရောက်တိုင်း အနံ့တီခင် အမြဲတမ်းနှာခေါင်းရှုံ့တတ်တာ သိရဲ့သားနဲ့"

"ဘာဖြစ်လဲ၊ အကြော်သွားစားတဲ့ဟာကို"

"ဆင့်ကို လမ်းဘေးဆိုင်တွေဝယ်မစားဖို့ လူကြီးတွေ မှာထားတယ်မဟုတ်လား။ 'ဆင့်'သွားရင် သီတာ့ကိုခေါ်သွားမယ်စိတ်မကူးနဲ့၊ မလိုက်ဘူး"

သူမမျက်နှာလေး ညှိုးသွားပါ၏။ ငယ်ရွယ်လွန်းသည့်အသက်၊ နုနယ်လွန်းပါသည့်နှလုံးသား ဒါတွေကို သူမ.သိသိကြီးဖြစ်ပါလျက် အာရုံထဲဝင်ရောက်လာသည့်သူ့ပုံရိပ်တို့ကို ဖျောက်ဖျက်မရတာ ဘာကြောင့်များပါလိမ့်၊ အဖြူရောင်ပင် မပေါ်တော့သော ဝါညစ်ညစ်ရှပ်အင်္ကျီနှင့် အစိမ်းရောင်မတောက်ဘဲ ဖျော့တော့တော့လုံချည်၊ ပြီးတော့ သဲကြိုးအပြာနှင့် ဂျပန်ဖိနပ်တစ်ရန်၊ နင်းလိုက်တိုင်း တကျွီကျွီတကျိုင်းကျိုင်းနှင့် သံချေးမြည်နေသည့် မောင်ဗမာစက်ဘီးစုတ်လေး၊ တိုကပ်ကပ်ဆံပင်တို့က ဆီမထည့်သဖြင့် နီချင်ချင်၊ ခပ်နွမ်းနွမ်းလွယ်အိတ်ပြာလေးကို စလွယ်သိုင်း၍လွယ်ပြီး မျက်လွှာချ လမ်းလျှောက်တတ်သည့်ကျောင်းသားလေး။

ဒီပုံစံက သူများတကာမျက်စိမှာ ကဗျာမဆန်နိုင်ပေမယ့် 'ဆင့်'ကဖြင့် နေ့စဉ်မရိုးဘဲ ငေးကြည့်နေချင်တာပါ။ အပြုံးဆိုလို့ ရှားပါးလွန်းပြီး အမြဲကျုံ့ထားတဲ့မျက်မှောင်နဲ့ ထူပိန်းမဲနက်သည့်မျက်ခုံး၊ နှာတံလှလှပါးရိုသေသပ်သည့်နှုတ်ခမ်း မြင့်မားသည့်အရပ်အမောင်းတို့က ယောကျ်ားပီသဟန်ကို ဖော်ပြနေတာလေ။

"တကယ်မလိုက်ဘူးလား"

"မလိုက်ဘူး"

"မလိုက်ရင်လည်း နေပေါ့"

"ဟင်! ဆင့်က တစ်ယောက်တည်းသွားမလို့လား"

"သွားမှာပေါ့၊ သူတို့ရပ်ကွက်က ဈေးကျော်ကျော်လေးမှာ ရှိတာလေ။ ဒီတော့ ဈေးခင်းဆိုပြီး စက်ဘီးနဲ့သွားရင် ရောက်မှာပဲ"





သီတာက မျက်လုံးလေးပြူးလျက် သူမကိုကြည့်နေလေ၏။ ဘွာမှပေးချက်ကို ချရေးလိုက်ပြီး တွက်ရန်ရွယ်စဉ် ဘောပင်ကိုင်ထားသည့်သူမလက်ကို သီတာက ဆွဲထားလိုက်လေသည်။

"ဘာလဲ"

"ဆင့်. နင် သူ့အပေါ် ရိုးရဲ့လားဟင်"

"မသိချင်ပါနဲ့သီတာ၊ စောပါသေးတယ်"

"သီတာက စေတနာနဲ့ပြောတာပါ 'ဆင့်'။ လမ်းဘေးကဆိုင်ဆိုတာ. . ."

"ဆင်းရဲသားတိုင်း ဖြစ်သလိုမနေတတ်ကြပါဘူး သီတာ၊ ကျော်ကိုသေချာကြည့်ဖူးသလား။ အရောင်မရှိတော့ပေမယ့် သူ့အဝတ်အစားတော့ သန့်ပြန့်သလို ခြေသည်းလက်သည်းမှာ ချေးမရှိဘဲ အမြဲညှပ်ထားလေ့ရှိတယ် သီတာရဲ့။ ဒီလိုသားရဲ့အမေက သူလုပ်ရောင်းတဲ့အကြော်ဆွာကို ညစ်ညစ်ပတ်ပတ်လုပ်ပါ့မလား။ စဉ်းစားကြည့်"

"တော်ပြီ 'ဆင့်'၊ သီတာ မပြောတော့ဘူး"

"အိမ်ကိုသွားလည်မှာမှ မဟုတ်တဲ့ဟာဘဲ။ ဆိုင်မှာအကြော်စားမှု ဘယ်သူမှမသိလောက်ပါဘူး"

"အေးပါ. . .ကြွသာကြွ"

"လိုက်မှာလား"

"မမသဘောရှင်"

"လိမ္မာလိုက်တာနော်"

နှစ်ယောက်သား တီးတိုးရယ်လိုက်ကြစဉ် အောက်ထပ်မှစကားပြောသံသဲ့သဲ့ကို ကြားလိုက်ရပါ၏။ ဧည့်သည်များလား၊ သူမတို့က အပေါ်ထပ်ဝရန်တာကျယ်မှာ ဖျာခင်းလျက် စားပွဲပုလေးနှင့် စာတွေကျက်နေကြတာလေ။

"သမီးရေ"

"ရှင်, မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မောင်မောင် ရောက်နေတယ်ဟေ့"

သူမနှာခေါင်းလေး ရှုံ့သွားရပါ၏။ စာကျက်နေပါတယ်ဆိုမှ ဒင်းက လာနှောင့်ယှက်နေပြန်ပြီ။ ကိုယ့်ဖာသာကိုယ် အိမ်မှာ စာကျက်နေတာမဟုတ်ဘူး။ ဒီလောက်စာမေးပွဲကြီးနီးနေတဲ့ဟာ။

"သူ အဲဒီလိုပဲလာနေကျလား"

"အင်း မကြာမကြာပေါ့"

"သမီး"

"ဆင့်, စာကျက်နေတယ်လေ မေမေ။ ဘယ်သူ့ကိုမှညှော်မခံနိုင်ဘူး။ အချိန်ဆိုတာ အရေးကြီးတယ်"

"ကြီးကြီးကျယ်ကျယ်တော်။ ဒါဆိုလည်း အပေါ်ထပ်ကိုတက်သွား, သားရယ်။ ဒီမှာ အန်တီခင် ချက်တုန်းပြုတ်တုန်းမို့ပါ"

"ဟုတ်ကဲ့ပါ အန်တီ"

သူမမျက်နှာကို စုပုပ်ထားလိုက်ပါ၏။ ကြည့်မရပါဘူးဆို ကျောင်းပိတ်ရက်မှာတောင် ဒင်းမျက်နှာကို လာပြနေသေးတယ်။ ကိုမောင်ကို အစက ဒီလိုမျိုးမျက်မုန်းမကျိုးမိသေးပါ။ သူနှင့်ပတ်သက်လာမှ လိုတွေဖြစ်လာရတာလေ။ ကိုမောင်တစ်ယောက် သူ့ကို ဘာအကြောင်းကြောင့်နဲ့ ပြဿနာရှာချင်ရပါသလဲ။

"ဆင့်တို့ စာတော်တော်ရနေပြီလား"

"ဖင်မြဲမြဲထိုင်ပြီး ကျက်တော့ရတာပေါ့။ သူများတကာတွေ အရည်မရ၊ မဖတ်မရနဲ့ လမ်းသလားပြီး အိမ်လျှောက်လည်နေတာ မဟုတ်ဘဲ"

"ဟာ, 'ဆင့်'က ကိုယ့်ကိုစောင်းပြောနေတာလား"

"စောင်းပြောတာမဟုတ်ဘူး, ဒဲ့ပြောနေတာရှင့်၊ ဒဲ့ပြောနေတာ"

သဘောကျစွာဖြင့်ရယ်နေသည့်သူ့ကို မျက်စောင်းလှမ်းထိုးလိုက်မိ၏။ ဟွန်း. . . အမြင်ကပ်တယ်။

"ကိုယ်က ညဘက်ပဲ စာကျက်တတ်တယ် 'ဆင့်'ရဲ့။ 'ဆင့်'





မိန်းကလေးတွေလို အဖော်အပေါင်းနဲ့မကျက်တတ်ဘူး။ ယောကျ်ားလေးဦးနှောက်က ပိုကောင်းတယ်ဆိုတာကို 'ဆင့်'သိရဲ့သားနဲ့"

"ဒါဆိုလည်း သူများစာကျက်ချိန်ကို လာမနှောင့်ယှက်နဲ့ပေါ့ ကိုမောင်ရဲ့"

"သိပ်ပါ့ဗျာ၊ ခုဟာက မနက်ဖြန်ညနေ ကိုယ်တို့အိမ်မှာ ညစာလာစားဖို့ 'ဆင့်'တို့မိသားစုကိုလာဖိတ်ရတာပါ"

သူမမျက်နှာလေး မဲ့သွားပါ၏။ လာပြန်ပြီ အရှုပ်တစ်မျိုး။ ဒီအိမ်မှာ လာစားလိုက်၊ ဟိုအိမ်မှာ သွားစားလိုက်နှင့်၊ ပြီးကိုမပြီးနိုင်တော့ဘူး။ အလုပ်မရှိအလုပ်ရှာရတယ်လို့။

"အဲဒါဆို မေမေ့ကိုပြောပြီး ပြန်တော့ပေါ့။ 'ဆင့်'ကတော့ သွားမှာမဟုတ်ဘူး။ ဘယ်အိမ်စားစား ဒီဟင်းတွေနဲ့ဒီထမင်းပဲ၊ ဘာများဆန်း လို့လဲ"

"ဟောဗျာ, 'ဆင့်'က ကိုယ့်ကိုကန့်လန့်ကြီးတိုက်နေတော့တာပဲကိုး။ ကိုယ့်ကို 'ဆင့်'ရဲ့ရန်သူကြီးလို့များ ထင်နေသလား"

"ဟုတ်တာပဲလေ"

"ဘယ်လို"

သီတာက သူမလက်ဖမိုးကိုပတ်ခနဲရိုက်၍ သတိပေးလိုက်ပေမယ့် စကားကိုမရုတ်သိမ်းချင်။ 'ဆင့်'ဆိုတာ မာနကင်းတဲ့ကောင်မလေး တစ်ယောက်ဖြစ်သလို မိဘအရှိန်နဲ့ထောင်လွှားတတ်တဲ့မိန်းကလေးမှ မဟုတ်တာဘဲ။ သို့သော် ချွင်းချက်အနေနဲ့ ကိုမောင့်ကိုတော့ ဆန့်ကျင်ချင်နေတာအမှန်ပါလေ။

"ဆင့်က ဆင့်ရဲ့အချိန်တွေကို လာဖြုန်းတီးတဲ့လူမှန်သမျှ 'ဆင့်'နဲ့ရန်သူလို့ပဲ သတ်မှတ်ထားတာ"

"ဪ, ဒါဆိုလည်း Sorry ပါကွာ။ ကိုယ်ပြန်လိုက်ပါဦးမယ်။ သွားဦးမယ်နော်, သီတာ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သုံ့ပြန်သွားတော့ သီတာက အားနာမျက်နှာပူဟန်ဖြင့် တစ္စုံ ပြောမဆုံး။ သူမစိတ်ထဲမှာတော့ ဒီ့ထက်ပိုပြင်းထန်သည့်စကားမျိုးသာ ပြောလိုက်ချင်သည်။ အခြောက်တိုက်မှန်းတီးနေတာမျိုးတော့ မဟုတ်ဘူးပေါ့ ကိုမောင်။ သူ့အပေါ်မှာ မိန်းမလိုမိန်းမရလုပ်တတ်လေ့ရှိတဲ့ ကိုမောင်အကျင့်ကို ကြည့်မရဖြစ်နေတာမျိုးပါ။

"နင်တို့ ဒီလိုပဲ နှစ်အိမ့်တစ်အိမ် ဝင်ထွက်စားသောက်နေကျပဲလား 'ဆင့်' "

"အင်း"

"ဒီနှစ်ခြံကျော်လေးရှိတဲ့အိမ်ကို ဒီလိုမျိုးလုပ်နေတာတော့ မရိုးဘူးထင်တာပဲ"

"ဟင်! ဘာကိုမရိုးတာလဲ သီတာရဲ့"

"စဉ်းစားကြည့်ပေါ့ 'ဆင့်'ရဲ့။ သူတို့ ဒီကိုစပြီးပြောင်းကတည်းက ဒီလိုလည်ပတ်နေကျလား"

"ဟင့်အင်း, ဒီနှစ်မှလုပ်လာတာ"

"ဒါဆိုသေချာပြီ"

"လုပ်ပြန်ပြီ၊ ဘာကိုသေချာတာလဲ"

"ဒါကတော့ နင်မသိသေးတဲ့လျှို့ဝှက်ချက်တစ်ချို့တော့ ရှိချင်ရှိမှာပေါ့ 'ဆင့်'ရဲ့"

"သီတာနော်၊ 'ဆင့်ကို ဦးနှောက်ခြောက်အောင် မလုပ်ချင်နဲ့ ဒီမှာ သချာတွက်ရလို့ ခေါင်းပူနေရတဲ့ကြားထဲ၊ သူကတစ်မျိုး"

"ဟုတ်တယ် 'ဆင့်'ရဲ့။ ဥပမာ နင်နဲ့ကိုမောင့်ကို နှစ်ဖက်မိဘတွေ သဘောတူထားတယ်ဆိုတာမျိုးပေါ့"

"ဘာရယ်!"

"နင်ငယ်သေးလို့ မပြောသေးတာပဲ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမဲ့ စာမေးပွဲဖြေပြီးရင်တော့ အနေးနဲ့အမြန်ဖွင့်ပြောကြမှာ အသေအချာပဲ"

သူမ အံ့သြသွားရပါ၏။ ဘုရားရေ! တစ်ခါမှ မတွေးဖူးတဲ့ကိစ္





တစ်ခုပါပဲလား။ နှလုံးသားမှာ ပုံရိပ်ထင်နေသည်က 'ကျော်'ရယ်လေ။ ဒါကို ဘယ်သူမှမသိနိုင်ခင် သူမဘဝထဲကို ကိုမောင်က ဝင်ရှုပ်လာတော့မှာလား။ ဟင့်အင်း မဖြစ်နိုင်ဘူး။ ရင်ထဲကတောင့်တမိတဲ့ ရင်ခုန်ဖက်က 'ကျော်'တစ်ယောက်တည်းပါလေ။ ကိုမောင့်ကိုမှမဟုတ်လေဘဲ။ 'ဆင့်'ကို စိတ်ရှုပ်အောင် မလုပ်ချင်ပါနဲ့လား။ ကိုမောင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ အမြဲရှိနေစေချင်တာမို့ပါလေ။

"ကိုမောင့်ကို 'ဆင့်'လက်မခံနိုင်ဘူး"

"ဆောက်ဖြစ်မှ ကျောင်းအကာပါ 'ဆင့်'ရဲ့။ ကြိုတွေးပြီး စိတ်ပူနေဖို့ မလိုအပ်သေးပါဘူး။ လောလောဆယ်တော့ ဒီစာမေးပွဲကို လွတ်လွတ်ကျွတ်ကျွတ်နဲ့အောင်ဖို့ပဲ အရေးကြီးတယ်လေ. . . နော်"

စာမေးပွဲတဲ့၊ သူရော စာတွေကျက်လို့ ရရဲ့လား၊ ကျူရှင်မတက်ဘဲ ကျောင်းကသင်တာလေးနဲ့ ဖြေလို့ရပါ့မလားလေ။ မှတ်စုတွေ စုံပါရဲ့လား၊ အပြင်မှာရောင်းတဲ့မေးခွန်းမျိုးစုံတွေကို လေ့လာဖို့ သူ့မှာရှိရဲ့လား၊ ဝယ်ပေးချင်လိုက်တာနော်။ 'ဆင့်'တို့ အတူတူအောင်ချင်တယ် 'ကျော်'။ ဒါမှ တက္ကသိုလ်မှာ 'ကျော်'နဲ့အတူ တက်ခွင့်ရမှာလေ။

'ကျော့်'လက်ကိုတွဲပြီး ကျောင်းတက်ခွင့်မျိုး ရချင်လိုက်တာနော်။ ခုံတန်းလေးမှာ အတူထိုင်ခွင့်၊ 'ကျော့်'လက်မောင်းကို နိုမိခွင့်၊ 'ကျော့်'မျက်နှာမှ ရှားပါးတဲ့အပြုံးလေးကို ငေးစောင့်ကြည့်ခွင့်၊ 'ကျော့်'လက်ဖဝါးရဲ့ နွေးထွေးစွာဆုပ်ကိုင်တာကို ခံယူခွင့်၊ အကြင်နာတွေ ပြည့်လျှံနေတဲ့မျက်ဝန်းရဲ့အကြည့်ကို ရင်ခုန်ခွင့်မျိုး 'ဆင့်'လိုလား တောင့်တနေမိတာ အမှန်ပါကွယ်။

ပေးချင်ပါ့မလားဟင်။ တစ်ခုတည်းပါ. . . 'ကျော်'ပိုင်ဆိုင်သမျှ ဘာကိုမှမရရင် နေပါစေ။ 'ကျော့်'ရင်ထဲ သိမ်းဆည်းထားတဲ့ အဲဒီနှလုံးသားလေးကိုတော့ 'ဆင့်'ရပါရစေ။ 'ဆင့်'အပေါ် နှစ်နှစ်ကာကာနဲ့ မြတ်မြတ်နိုးနိုးချစ်မယ့် 'ကျော့်'ချစ်ခြင်းတွေကို ပိုင်ဆိုင်ချင်ဘဲ့သူပါလေ။

အချစ်ချင်းတူရင် နှစ်ဦးသား ချစ်သူဘဝကိုပဲ ထာဝရပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ပေးနိုင်ပို့မလား။ ဘဝရဲ့လက်တွဲဖော်အဖြစ်နဲ့ တစ်သက်တာအတွက် ရှိသွားချင်ပါတယ် 'ကျော်'ရယ်။ အလွှာမတူလို့ ပေါင်းဖက်ခွင့်မရှိဘူးလို့ တားဆီးချင်ကြမလား။ ဒါဆိုရင် ရာဇဝင်ထဲက ဘုရင့်သမီးတော်နဲ့ သူဖုန်းစားလေးလို၊ မင်းသမီးနဲ့ စောင်းအိုလုလင်လို ပုံပြင်တွေ ဘာကြောင့်ရှိနေပါ့မလဲ။

စိတ်ကူးယဉ်တတ်တဲ့အရွယ်လေးဖြစ်ပေမယ့် 'ကျော့်'အပေါ် ချစ်မိတဲ့ချစ်ခြင်းတွေက ခပ်ပေါ့ပေါ့ အပျော်သက်သက်မျိုး မဟုတ်ရပါဘူး။ ညစဉ်မြင်မက်တဲ့အိပ်မက်တွေတိုင်းမှာ 'ကျော်'က 'ဆင့်'ရဲ့မင်းသားလေးပါပဲ။ 'ဆင့်'စာကျက်တဲ့ပြတင်းပေါက်ကကြည့်ရင် မြင်နိုင်တဲ့ မိုးထက်က လမင်းကြီးမှာ ထင်နေတာလည်း 'ကျော်'မျက်နှာတစ်ခုသာပါလေ။

ထမင်းစားတိုင်း 'ကျော့်'ထမင်းဘူးထဲက ခပ်ညစ်ညစ် ဆန်ကြမ်းကိုမြင်မိတာ၊ ဟင်းခပ်လိုက်တိုင်း ဒီလိုဟင်းမျိုးမှ စားရပါလေစ ဆိုပြီး မျိုမကျသလို မကြာခဏဖြစ်ရတာတွေက 'အချစ်'မဟုတ်လို့ ဘာဖြစ်ရမှာလဲ။ နွမ်းယဲ့တဲ့နှလုံးသားရဲ့ ခုန်ပေါက်သံတွေကို 'ကျော်'ပြုစားခဲ့တာလေ။ နှုတ်ဆိတ်ပြီးနေတတ်တဲ့ 'ဆင့်'ရဲ့အသည်းကို စကားပြောလာအောင် သင်ပေးခဲ့တာလည်း 'ကျော်'ပါပဲ။ 'ထာဝရ'ဆိုတာ လူတွေတင်စားပြီး ပြောလေ့ရှိတာမှန်ပေမယ့် 'ဆင့်'ကတော့ ရင်ခုန်သံမရပ်သေးသရွေ့ 'ကျော့်'ကိုချစ်သွားမှာအမှန်ပါ။

"သတင်းစာ"

"ဟဲ့!"

နှစ်ယောက်သား အလန့်တကြားဖြင့် ဝရန်တာမှ ငုံ့ကြည့်လိုက်စဉ် ခြံဝမှာ စက်ဘီးရပ်၍ မတူးကို သတင်းစာလှမ်းပေးနေသည့်ကောင်လေးကို မြင်လိုက်ရလေ၏။ အလို! သူ. . . သူ. 'ဆင့်'ရဲ့ကျော်ပါလား။ မတူး ဘာပြောမှန်းမကြားရပေမယ့် ခေါင်းတဆတ်ဆတ် ညိတ်ပြနေသည့်သူ့ကိုကြည့်ရင်း သူမလက်ဖျားတွေ အေးစက်လာသည့်နှယ်။



"ဟယ်! ဘယ်လဲ ဆင့်"

"ခဏလေးပါ"

လှေကားထစ်တွေကို အပြေးဆင်းလာခဲ့မိ၏။ ခြံဝရောက်ခါနီးမှာ စက်ဘီးတွန်းထွက်တော့မည့်သူ့ကိုတွေ့ရစဉ် စိုးထိတ်မှုဖြင့် နှလုံးသားက လှုပ်ခနဲခံစားလိုက်ရလေ၏။

"ကျော်. ခဏနေပါဦး"

သူက တအံ့တသြဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်လေ၏။ သံတံခါးတိုင်ကိုဆုပ်ကိုင်လျက် အမောကိုအမြန်ဖြေရလေသည်။

"သတင်းစာလိုက်ပို့နေတာလား"

"အင်း"

"စာမကျက်ဘူးလား ကျော်ရယ်။ စာမေးပွဲကြီး ဒီလောက်နီးနေတာကို"

"ကျက်ပါတယ်၊ (၁၂)နာရီဆို ဒီအလုပ်ပြီးပြီလေ"

"မတူး ဘာမှာနေတာလဲ"

"ဪ. မနက်ကို ဘုရားပန်းလာပို့ပေးဖို့ မှာတာပါ"

"ဘာရယ်! ဘုရားပန်းဟုတ်လား။ ဒါဖြင့် မနက်လည်း ပန်းပို့တဲ့အလုပ်ကိုလည်း လုပ်သေးတယ်ပေါ့လေ"

သူ့မပီမသပြုံးလိုက်သည့် ခပ်ယောင်ယောင်အပြုံးကို သူမအတင်းလိုက်ဖမ်းနေမိ၏။ အပြုံးကတော်င် မပီပြင်ပါလား 'ကျော်'ရယ်။

"အလုပ်လုပ်တာပဲ 'ဆင့်'ရယ်၊ ဒါအဆန်းမှမဟုတ်တာ၊ အံ့သြရောလား"

"ရေ. . . ရေ. . . ထမ်းရောင်းသေးတယ်ဆို"

သူ ဖျတ်ခနဲကြည့်လိုက်သည့်မျက်ဝန်းမှ အဓိပ္ပာယ်တို့ကို သူမဆတ်တတ်လေခဲ့၊ ဒီတစ်ချီတော့ ပီပြင်သည့်အပြုံးတစ်ခုက သူ့နှုတ်ခမ်းမှာ ခိုတွဲလေ၏။ လှလိုက်တာနော်၊ ဒီလိုအပြုံးမျိုး သူ့မျက်နှာမှာ တစ်ခါမှမရှိခဲ့တာလေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



''စာပဲရအောင်ကျက်ပါ 'ဆင့်'ရယ်။ ဘဝသမားရဲ့တစ်နေ့တာကိုစိတ်ဝင်စားမနေပါနဲ့။ 'ဆင့်'အတွက်အရေးကြီးတာက ဒီစာမေးပွဲကို ထူးထူးချွန်ချွန်နဲ့အောင်ဖို့မဟုတ်လား။ ကျန်းမာရေးလည်း ဂရုစိုက်ဦး။ မဆုံဖြစ်တဲ့ဆယ်ရက်အတွင်း 'ဆင့်'ပိန်သွားသလိုပဲ''

ရင်ထဲမှာ သိမ့်ခနဲနွေးသွားရတာအမှန်ပါ။ စွပ်ကျယ်လက်ပြတ်လေးဝတ်ထားသည့် သူ့အသားရောင်က နေလောင်မှုကြောင့် မဖြူတော့ဘဲ ညိုနေလေပြီ။ ဘဝသမားရဲ့တစ်နေ့တာတဲ့လား 'ကျော်'ရယ်။

''ကျော့်မှာ စာကျက်ချိန်ရော ရှိရဲ့လား။ မှတ်စုတွေစုံရဲ့လား ဟင်၊ မေးခွန်းဟောင်းစာအုပ်တွေ 'ဆင့်'မှာအများကြီးရှိတယ် 'ကျော်'ရဲ့''

''ကျွန်တော်သွားတော့မယ် 'ဆင့်'ရဲ့။ တော်ကြာ သတင်းစာပို့ နောက်ကျနေဦးမယ်''

''ကျောင်းတက်ဦးမှာလား''

''တက်မှာပါ၊ ဒီတစ်လပဲတက်ဖို့ကျန်တာပဲ။ သွားပြီနော်''

ခေါင်းညိတ်မိလိုက်သလား မသေချာ။ တကျိုကျိုမြည်နှင်းသွားသည့် စက်ဘီးစုတ်လေးထက်မှ သူ့ကျောပြင်ကို အငေးသားရပ်ကြည့်နေမိ၏။ ကျွတ်! ဦးထုပ်ဆောင်းဖို့သတိမပေးလိုက်မိဘူး။ ခက်တာပဲနော်။ အရိပ်မှာနေပြီး အေးဆေးနေသူရဲ့ရင်ထဲက ပူပန်ခြင်းတွေကို'ကျော်'မြင်တတ်ရင် ဘယ်လောက်များကောင်းလိုက်မလဲ။ ဩော်, ကျော်ရယ်။

✦✦✦



## အခန်း (၁၈)

ကားပြတင်းမှ ငေးလာစဉ် လမ်းဘေးတစ်နေရာမှာ ရပ်ထားသည့်စက်ဘီးကို လှမ်းမြင်လိုက်ရလေ၏။ ဘုရားရေ! ဒါ့ 'ကျော်'စက်ဘီးပါလား။

''ဦးမြိုင်, ကားခဏရပ်ပေးပါ''

''ဟော! အေးအေး. . . သမီး''

''ဘာလုပ်မလို့လဲ 'ဆင့်' ''

''ခဏကြည့်ရုံပါ သိတာရဲ့''

သူမလှမ်းကြည့်နေစဉ် မြက်ခင်းထက်ကြွေကျနေသည့် တရုတ်စကားပွင့်တွေကို တယုတယကောက်နေသည့်သူ့ကို မြင်ရလေ၏။ ဘာသုံးဖို့ပါလိမ့်။ ဒီအပွင့်ကို တချို့က သုပ်စားကြတယ်ဆိုလား။ သူကောက်သာ နှစ်ပွင့်သုံးပွင့်ပဲမို့ သုပ်စားဖို့တော့ မဟုတ်လောက်ဘူးထင်ခဲ့၊ စက်ဘီးရှေ့ခြင်းထဲ အသာထည့်၍ ဒေါက်ကိုဖြုတ်တော့ သူမနှုတ်ဆက်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်မတ်လိုက်ပါသည်။

"ရပြီ ဦးမြိုင်၊ မောင်းပါတော့"

သီတာက မျက်စောင်းခဲလိုက်လေ၏။ ကားမောင်းတဲ့ဦးလေးကြီးရှေ့မှာ သူ့ကိုခေါ်မိရင် ဒီသတင်းက အနေးနဲ့အမြန် အိမ်ကိုရောက်မည်ကို။

"ဘာလုပ်တာလဲ"

"သိချင်လို့"

"ဘာကိုသိချင်တာတုန်း"

"သူ အဲဒီပန်းတွေကိုဘာလုပ်သလဲလို့ပေါ့"

"အလုပ်မရှိအလုပ်ရှာ"

သီတာက မကြည်သလိုရွတ်တော့ သူမပြုံးလိုက်မိလေ၏။ ဘာဖြစ်လဲ၊ ကိုယ် စိတ်ဝင်တစားဖြစ်နေတဲ့ကောင်လေး ဘာလုပ်သလဲလို့သိချင်နေတာ အပြစ်လား။ သူ တစ်နေ့လုံး ဘာတွေလုပ်တယ်၊ ဘယ်သူနဲ့ စကားပြောတယ်၊ ဘာတွေစားတတ်တယ်၊ ဘယ်အချိန်ထိ စာကျက်တတ်တယ်ဆိုတာတွေကို အရမ်းသိချင်နေတာလေ။

ကျောင်းရောက်တော့ ဝင်းထဲမဝင်ဖြစ်သေးဘဲ အ့ဝင်ဝမှာ ရပ်နေမိ၏။ သီတာက ပြောမနိုင်ပုံဖြင့် သူမအနီးမှာ ရပ်စောင့်ပေးပါသည်။ တကျိကျိအသံကိုကြားလိုက်ရစဉ် မျက်နှာမှာ အပြုံးတစ်ခုတင်လေ၏။ ဒါ့, သူလာပြီလို့ ကြိုသိစေသည့်သတင်းပို့သံမဟုတ်ပါလား။ သူ့အရိပ်မြင်သည်နှင့် ခေါင်းလေး မတ်ခနဲဖြစ်သွားတာကိုက အမိန့်ကျတပ်သားလေးနှယ်လေ။

"မဝင်ကြသေးဘူးလား"

"ဝင်မှာပေါ့"

"သူများတွေ လိုက်စတာ ခံရဦးမယ်။ ကျောင်းထဲဝင်နှင့်တာမဟုတ်ဘူး"

စိုးရိမ်တာလား။ အရေးတယူရှိတာကိုသိလိုက်ရ၍ ကျေနပ်မိ





ပါ၏။ စက်ဘီးပေါ်မှာဆင်း၍ နံဘေးမှ သူလိုက်လျှောက်တာမို့ အပျော်တို့က ရင်တွင်းသို့ဝင်လာလေသည်။

"ဘယ်နှဘာသာ ပိုင်နေပြီလဲဟင်"

"အဲဒီလိုတော့ မရှိသေးဘူး။ ကျက်တုန်းပဲ"

"ကျော်က တော်ရဲ့သားနဲ့၊ ဂုဏ်ထူးမမှန်းဘူးလား"

မချိပြုံးကိုမြင်လိုက်ရပါ၏။ ကတ္တီလ်ပင်အောက်မှာ သူရပ်တော့ သူမရောသီတာပါ အတူရပ်ဖြစ်လေသည်။

"အောင်ရင် ပြီးရောမဟုတ်လား'ဆင့်'ရဲ့။ ပညာရေးနဲ့ပတ်သက်ပြီး ကျွန်တော်လောဘကြီးလို့မဖြစ်နိုင်ဘူး။ အောင်အောင်,မအောင်အောင် ဒီတစ်နှစ်ပဲ ကျောင်းတက်ဖို့ အခွင့်ရေးရှိတာ"

"ကျော်ကလည်း ပြောတော့မယ်"

"အောင်တာတော့ အောင်မှာပါ'ဆင့်'ရဲ့။ ကျွန်တော်ကြိုးစားနေတာပဲ"

"တက္ကသိုလ်မတက်ဘူးလား"

"မပြောနိုင်ဘူး"

"ကျော့်အမေက ဆက်ထားပေးမယ်လို့မပြောဘူးလားဟင်"

"စိတ်ပူတာတွေလျှော့ဦး 'ဆင့်'ရဲ့။ ကိုယ့်အတွက်ပဲ ကိုယ်ပူဦး၊ နေကောင်းမှ စာမေးပွဲကိုကောင်းကောင်းဖြေနိုင်မှာ"

" 'ဆင့်'က နေပူထဲအလုပ်လုပ်နေတဲ့သူမှမဟုတ်ဘဲ၊ ပူစရာမလိုပါဘူး"

လေသံ အနည်းငယ်မာသွားမှန်း သိပါ၏။ သူ စိတ်ဆိုးသွားမလား။ မကြိုက်လို့မဟုတ်ပါ။ သူ့ကိုနည်းနည်းစိတ်ခုချင်သား။

" 'ဆင့်'မကြိုက်ရင် ကျွန်တော်မပြောတော့ပါဘူး"

မျက်နှာငုံ့၍ထိုင်ချလိုက်တာမို့ သူ့မျက်နှာအပြောင်းအလဲကိုမမြင်လိုက်ရပါချေ။ လက်ထဲပူးကိုင်ထားသည့်စကားပွင့်ကိုမြင်တော့ စပ်စုချင်စိတ်ကို ထိန်းမရနိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဘာလုပ်ဖို့လဲဟင်"

"လုပ်စရာရှိလို့ပေါ့"

"ကြည့်. ဘာလုပ်ဖို့လဲမေးတာကို သေချာမဖြေချင်ဘူး"

သူက ခေါင်းငုံ့ပြုံးရင်း ပွင့်ချပ်လေးကို အပြားလိုက်ထားတာ Bio Text ထဲ ညှပ်လိုက်လေ၏။

"ဟင်! ဘာလုပ်တာလဲ"

"ညှပ်ထားတာလေ၊ မမြင်ဘူးလား"

"အိမ်ရောက်ရင် သူကဗျာရေးတဲ့စာအုပ်ထဲ ထည့်ညှပ်တာ ပေါ့၊ သိပြီလား"

နောက်မှရောက်လာသည့် ထူးကျော်စကားကြောင့် သူ့မျက်နှာ ရဲခနဲဖြစ်သွားမှန်း သူမသိလိုက်ပါ၏။ ကြည့်စမ်း! ဒီကောင်လေး မှာ လူမသိအောင် ဖုံးကွယ်ထားတဲ့လျှို့ဝှက်မှုတွေ ရှိနေတာပါလား။

"ဘာကဗျာတွေ ရေးတာလဲဟင်"

"မသိချင်ပါနဲ့၊ ဘာမှမဟုတ်ဘူး"

"သူ့ကိုတော့မမေးနဲ့'ဆင့်'ရေ၊ ကာလနဂါးသာ နိုးချင်နိုးသွား လိမ့်မယ်၊ ဒီကောင့်နှုတ်က ဘယ်တော့မှဝန်ခံမှာမဟုတ်ဘူး"

"ဟေ့ကောင်ထူး၊ မင်းလျှောက်မဖွနဲ့ကွ"

"ငါဘာပြောသေးလို့လဲ၊ မင်းဟာမင်း၊ အိုးမလုံအုံပွင့်တဲ့ဟာ ကိုများ"

သူဘာမှထပ်မပြောတော့ဘဲ English Text ကိုထုတ်၍ ဖွင့် ကာ နောက်တစ်ပွင့်ကို ညှပ်ထည့်လိုက်ပါ၏။ သူ့လက်ထဲမှ နောက်ဆုံး တစ်ပွင့်သာ ကျန်တော့သည်လေ။

"ဆင့်. အဲဒီစကားပန်းကိုသိပ်ကြိုက်တာ"

ပန်းကိုင်ထားသည့်သူ့လက် တုန်ခနဲဖြစ်သွားပါ၏။ သူဘာလုပ် မည်နည်း၊ ဘေးမှာရိုင်းထိုင်နေသည့်သူမတို့သုံးဦးထံမကြည့်ဘဲ သူ့မျက် ဝန်းတို့က ပန်းပွင့်လေးဆီမှာသာ တစိုက်မတ်မတ်ရယ်ပါ၏။





"အဲဒီပန်းလေးကများ စကားတွေပြောနေလို့လား. ကျော်"

"အာ. မဟုတ်တာ"

"မသိဘူးလေ၊ ကျော်က မျက်တောင်မခတ်ဘဲကြည့်နေတာ ကိုး"

သူ့မျက်နှာမှာ အရိပ်တချို့ ဖြတ်ပြေးသွားပါ၏။ သက်မကို ဖူး ကျိတ်ရှိုက်လိုက်လေသလား။ Bellတီးသံထွက်လာစဉ် သူ ဆတ်ခနဲ ထရပ်လိုက်သဖြင့် သူမတို့ပါ ရပ်လိုက်ရပါ၏။

"ဆင့်"

ကမ်းပေးလိုက်သည့် ပန်းပွင့်လေးကိုကြည့်ရင်း သူမ ကြည့်နူး ပြုံးလိုက်မိ၏။ သူတောင် စာတတ်လာပြီပဲ။

"ယူလေ"

"ပေးချင်စိတ်ရောရှိလို့လား. ကျော်"

"သြော်. လမ်းဘေးမှာကြွေလေ့ရှိတဲ့ အညာတရပန်းလေးပါ'ဆင့်' ရဲ့ တန်ဖိုးတော့ ဘယ်ရှိပါ့မလဲ၊ ဒါပေမဲ့"

"ဒါပေမဲ့. ဘာဖြစ်လဲ"

"သူ့ကိုယူမယ့်သူ ကောက်သွားတော့ အလိုလိုတန်ဖိုးရှိသွား မှာပါလေ"

သူမလက်ထဲသို့ ပန်းပွင့်လေးရောက်လာပါ၏။ တကယ်ဖြစ်လို ချင်တာ လက်ထဲမဟုတ်ရပါဘူး ကျော်၊ ဆံကေသာထက် ကျော့်ကိုယ် တိုင်ပန်ဆင်ပေးတာကိုပဲ လိုချင်တာလေ။ ဒါကို ကျော်သိပါရဲ့လား။ ပြောလိုက်ချင်သော်ငြား နှုတ်ကိုစည်းစောင့်လိုက်ရလေ၏

"သိတာက ပန်းတော့မကြိုက်ဘူး၊ ဒါပေမဲ့ ခရေတစ်မျိုးတော့ ကြိုက်တယ်၊ နွမ်းခြောက်တဲ့အထိ မွှေးနေတာမို့လေ"

သိတာပြောတာကို သူခေါင်းညိတ်ပြလေ၏။ အတန်းထဲဝင်ထိုင် သည်ထိ သူဘာမှမပြောတော့ပါချေ။ စာမေးပွဲနီးပြီမို့ စာကသိပ်မသင် တော့ ကျောင်းမပိတ်ခင် ကတ်ထုတ်ဖို့ကိစ္စရှိသေး၍ တက်နေရတာ။



www.burmeseclassic.com

www.burmeseclassic.com



မသိတာတွေရှိရင်မေးဆိုပြီး ဆရာမတွေက နားနေခန်းထဲမှာ အဆ
သင့်ရှိပါ၏။ အများအားဖြင့် အုပ်စုလိုက်စုပြီး တွက်စာတွေတွက်နေ
တာများလေသည်။ သူမ၏ကျော်ကတော့ ထူးကျော်နှင့်တီးတိုးစကားပြေ
ရင်း စာအုပ်ဖတ်နေသည်သာ။

"Chemistry Old Question ဖြေထားတဲ့မေးခွန်းတွေ
မေးချင်တာရှိရင် လာမေးတဲ့၊ ဆရာ Dခန်းမှာရှိတယ်လို့ မှာလိုက်တယ်"

နှုတ်ခံ့ပေါ်လာတင်သွားသည့်စာအုပ်ထပ်ကို ချပေးသည်က
ခန်းမှ Monitor-လင်းကျော်စွာပင်။ သူမအထပ်ထဲမှာ အနီရောင်
ထားသည့်စာအုပ်နှစ်အုပ်ကို ဆွဲယူလိုက်ပါ၏။ သိတ္တာက အစိမ်းရော
ဖုံးထားသည့်တစ်အုပ်ကို ဆွဲထုတ်ယူထားလိုက်ပြီး ကျန်စာအုပ်များ
နာမည်ခေါ်ကာ ဝေပေးလေသည်။

"ရဲသီဟ၊ မျိုးမြင့်မြတ်၊ မောင်မောင်ခန့်၊ ရဲသွေး၊ တင်နီ
မေမြတ်မွန်၊ သီဂီစိုး၊ မာလာဦး၊ မွေးရန်၊ သက်ဖူးပုံ၊ ထူးကျော်၊ မျိုး
နီလာ၊ လင်းလက်၊ ညီညီ၊ ကဲ့ကော်ဖူး၊ စည်သူ၊ အာကာမိုး၊ ဝင်း
နိုင်လင်ဦး၊ အေမိကျော်၊ နန္ဒာအေး၊ ပြုံးမင်းသူ. . . စာအုပ်မရသေး
လူရှိသေးရင် ဆရာဦးဘအေးကိုသွားမေးပါ၊ D ခန်းမှာရှိတယ်"

သူအံ့သြသွားရပါ၏။ အားလုံးစာအုပ်ပြန်ရပြီး သူ့စာအုပ်
အုပ်ထဲ ကပ်ပျောက်နေတာကိုး။ ခေါင်းထဲပူခနဲဖြစ်သွားပြီး လုက
ထိတ်ပျာပျာဖြစ်သွားရပါ၏။ သူ့မှာ ကျောင်းကထုတ်ပေးတဲ့ Q
tion တွေပဲ ရှိတာမဟုတ်လား။ စာအုပ်သာပျောက်သွားပါက
ကျောပါလေ။

"ငါ့စာအုပ်မပါဘူးလား. . . ထူးကျော်"

"သိတာအေး ပေးတာတော့ အကုန်ပဲကွ"

"ဒုက္ခပဲ၊ ငါ့စာအုပ်ပျောက်လို့မဖြစ်ဘူးကွ"

"ဒါဆို ဆရာ့ကိုသွားမေးလေကွာ"

"ခုချိန် ဆရာစာသင်နေမှာပေါ့ကွ၊ အတန်းပိုင်အချိန်





သူ ထိုင်မရထမရဖြစ်လာမိ၏။ သူမကိုလှမ်းကြည့်စဉ် သူတို့
နောက်ဖက်ကို တစ်ချက်မျှပြန်မကြည့်ပါချေ။

"ငါသွားမေးဦးမယ်"

"D ခန်းလား"

"ဟင့်အင်း, 'ဆင့်'ကို"

အတန်းအပြင်အရင်ထွက်လိုက်ပြီး ရှေ့ပေါက်နားရှောက်လာ
ခဲ့၏။ ရှေ့ဆုံးခုံမှာ ခေါင်းငုံ့၍စာဖတ်နေသည့်သူမကို လှမ်းကြည့်လိုက်
သည်။ အလို! သူမခေါင်းထက်မှာ သူပေးလိုက်သည့်စကားပန်းလေး
ပါလား။

"ဆင့်"

"ဟင်"

ဖျတ်ခနဲလှမ်းကြည့်လိုက်သည့် မျက်ဝန်းနက်လေးကြောင့်
ထဲမှာ ထိတ်ခနဲဖြစ်သွားရပါ၏။ ဘယ်လိုဖြစ်သွားတာပါလိမ့်၊ သူမနှင့်
ဘာစကားပြောတိုင်း လက်ဖျားခြေဖျားတွေ နွေးလိုက်အေးလိုက်
ဖြစ်တာကြာပြီလေ။

"ဘာလဲ ကျော်"

"ကျွန်တော့်စာအုပ် တွေ့မိလားဟင်"

"ဘာစာအုပ်လဲ ကျော်ရဲ့"

"Chemistry Exercise စာအုပ်ပါ"

"ဆင့်, ဘယ်သိမှာလဲ"

"ဩော်"

သူ D ခန်းဘက်ခြေလှမ်းလိုက်စဉ် 'ဆင့်'တို့အတန်းမှရယ်သံ
ထွက်လာပေမယ့် လှည့်မကြည့်မိခဲ့၊ D ခန်းရောက်တော့ ဆရာ
အေးက အတန်းသားတွေကို ကျောက်သင်ပုန်းထက်မှာ Lab ပုံ
တစ်ယောက်ချင်း ထွက်ဆွဲခိုင်းနေလေ၏။

"ဟော့ကောင် စိုင်းသီဟ၊ မင်းဖန်ဘူးက မီးအပူပေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



လား''

''မပေးရဘူးဆရာ''

''မပေးရရင် ကတော့ကို ဘယ်လိုထားရမလဲမသိဘူးလား''

''ဟိုဟို. . . ပျော့ရည်ထဲကျအောင် နှစ်ထားရမှာပါ''

''အေး, အဲဒါကို မင်းကြီးဒေါ်မှိုလို့ လေထဲမှာလွှတ်ထားရလား။ အတန်းတင်ပဲ ဖြေရတော့မယ်။ ခုထိ ယောင်ဝါးဝါးလုပ်နေတုန်းပဲ၊ သေဦးမယ်''

ရယ်သံတွေ ကျိတ်ပြီးထွက်လာလေ၏။ ရှေ့ဆုံးမှ အတန်းသူတွေခေါင်းက အပြင်ကိုကွက်ကြည့်ကွက်ကြည့်လုပ်နေသဖြင့် ဆရာက အတန်းပြင်သို့ကြည့်လိုက်ပါသည်။

''မောင်ကျော်နိုင်, ဘာကိစ္စလဲကွယ့်''

''ကျွန်တော့်စာအုပ်များ ဆရာ့ဆီမှာကျန်ခဲ့သေးလား လာမေးကြည့်တာပါခင်ဗျာ''

''မကျန်ဘူးကွ၊ မနေ့က တစ်ဝက်စာဖေးခဲ့ပြီးပြီလေ။ အတန်းသားတွေကိုမေးကြည့်လိုက်ဦး''

''ဟုတ်ကဲ့ပါဆရာ၊ ကျေးဇူးတင်ပါတယ်ခင်ဗျ''

''ဟင်, စာအုပ်လည်း မရဘဲနဲ့။ ကျေးဇူးတင်တယ်တဲ့။ ရယ်ရတယ်''

D တန်းထဲမှ မကြားတကြားစနောက်သံက သူ့နောက်ပါးမှ လိုက်လာလေ၏။ လူက ထူထူပူပူဖြစ်ကာ ခေါင်းငိုက်စိုက်ချ၍ပြန်လာခဲ့စဉ် ရှေ့တန်းမှခေါ်သံထွက်လာလေသည်။

''ကျော်, ခဏ''

သူဖျတ်ခနဲကြည့်လိုက်စဉ် သူမက အနီရောင်ဖုံးထားသည့်စာအုပ်နှစ်အုပ်ကို ထောင်ပြလိုက်လေ၏။ ကြည့်စမ်း! သူ့စာအုပ်ကို သူမ အဖုံးဖုံးပေးပြီး ယူထားလိုက်တာထင်ပါရဲ့။

''ဘယ်စာအုပ်က ကျော့်စာအုပ်လဲ''





''ဆင့်က စာစောကတည်းက မပြောဘူးကွာ။ ကျွန်တော်က ဆရာ့ဆီတောင် သွားမေးရတယ်''

''ခုရပြီမဟုတ်လား. . . စိတ်က ရှည်မှမရှည်ဘဲ။ ပြောတာကို စောင့်ဘဲ လှစ်ခနဲထွက်သွားပြီးတော့။ ကဲ, ရော့''

ကမ်းပေးလိုက်သည့်စာအုပ်ကို သူ လှမ်းယူ၍ အတန်းထဲဝင်တော့ မောင်မောင်ခန့်၏ မကြည်သလို ဂြိုလ်ကြည့်ကြည့်ခြင်းကိုခံရသေးသည်။ ပြဿနာပဲ သူက ကင်းကင်းနေပါလျက်နှင့် 'ဆင့်'က တမင်ကိုယ်လေသည်ကို။

''တွေ့လား''

''အေး, 'ဆင့်'ယူထားတာ''

''မင်းစာအုပ်တွေအကုန် အဖုံးဖုံးထားတာပါလား ငနိုင်ရ''

''ဆင့် ဖုံးပေးတာပါကွာ''

သူမနဲ့ဆင်တူဖုံးပေးထားတာဟု သူ ထုတ်မပြောဖြစ်တော့ပါသေး။ တော်ကြာ သူများတွေအထင်လွဲကုန်ရင် 'ဆင့်'အရှက်ရမှာစိုးရိမ်သည်ကို။ ကျောင်းဆင်း၍ အိမ်ကိုပြန်တော့ ရပ်ကွက်ထဲလှည့်ကာ ရေငင်၍ ထည့်ရသေး၏။ ရေမိုးချိုး၊ ညနေစာစားအပြီး စာကြည့်စားပွဲထိုင်တော့ သူပီတိဖြစ်ရပါသည်။ သူ့ဗလာစာအုပ်တိုင်း အဖုံးလေးတွေနဲ့ သပ်သပ်ရပ်ရပ်ဖြစ်နေတာကို။ ပြီးတော့ စာအုပ်ထဲတွေမှာ အမှားပြင်ဆင်ပေးထားသည့် သူမ၏လက်ရေးလေးတွေ ရှိနေတတ်တာလေ။

မနက်ကပြန်ရလာသည့် ဓာတုဗေဒလေ့ကျင့်ခန်းစာအုပ်ကို အမှားပြင်စရာရှိတာ ပြန်ပြင်ရန် ဖွင့်လိုက်ပါ၏။ အမှားတစ်ခုမှမတွေ့တော့ စာအုပ်ကို သူပိတ်လိုက်သည်။ စိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွား၍ စာအုပ်နောက်ဖုံးကို ဖွင့်လိုက်မိ၏။

''ကျော်က သိပ်သူစိမ်းဆန်တာပဲနော်''

လက်ရေးဝိုင်းဝိုင်းလေးတွေကို သူအငေးသားကြည့်နေမိ၏။ [illegible] ဆင့်ရယ်၊ မကြင်နာလို့မှမဟုတ်ဘဲ။ ကိုယ်နဲ့မင်းက အလှမ်းဝေး



www.burmeseclassic.com

www.burmeseclassic.com

ဝေးလွန်းတာမို့ ရင်ထဲကမပါဘဲ ခပ်စိမ်းစိမ်းနေမိတာကို စိမ်းကားတယ်လို့ယူဆလိုက်လေသလား။ နှလုံးသားကိုဖုံးကွယ်ထားသမျှ မင်းမှ မကြည့်တတ်တာလေ။

✦✦✦



## အခန်း (၁၉)

ဒီနေ့ကားနှင့်လာစဉ် လမ်းမှာ သုံ့ရောစက်ဘီးကိုပါမတွေ့။ ကြို...ရှား ရောက်နေလေသလား။ မျှော်လင့်တကြီး ကျောင်းကိုရောက်တော့...ည်း သူမရှိ၊ ဘာများဖြစ်လို့ပါလိမ့်။ နေမကောင်းလို့များလား။ စိုးရိမ်...က ရင်ထဲသို့နိုတွယ်ဝင်ရောက်လာလေသည်။

ပန်းတွေလိုက်ပို့နေလို့ပဲ နောက်ကျနေလေသလား။ ဒီတစ်ပတ်...ပဲ ကျောင်းတက်ရတော့မှာကို ဘာလို့များမလာတာပါလိမ့်။ အတွေး...က ဆန့်ချင်သလိုဆန့်၊ ချဲ့ချင်သလောက်ချဲ့လာတော့ ရင်တွင်း၌အပူ...က ပြင်းသည်ထက်ပြင်းလာလေ၏။ ဪ, အချစ်ဆိုတာ ပူလောင်...င်းလို့ ဆိုစမှတ်ပြုကြတာပဲမဟုတ်ပါလား။

''ဘာလိုလိုနဲ့ ကျောင်းကြီးကိုခွဲရတော့မယ်နော်''

''အင်း''

ဖြေပုံက မပွင့်တပွင့်၊ စိတ်နှင့်လူမကပ်ချင်တာကို အလိုက်မသိ



www.burmeseclassic.com

www.burmeseclassic.com



စကားစလိုက်သည့်သီတာ့ကို ငြိုငြင်ချင်စိတ်က ဖြစ်တည်၏။ ငယ်သူ ငယ်ချင်းလေးသာ သူ့မအကြောင်းတွေကို အစအဆုံးသိနေတာမဟုတ် ပါလား။

"စာမေးပွဲဖြေပြီးချိန်ထိ နောက်ဆုံးဆိုတော့ ခုကတည်းက လွမ်းချင်နေမိပြီ"

ဘာမှပြန်မပြောဘဲ တုံဏှိဘာဝေ တိတ်ဆိတ်နေမိ၏။ ဝင်းအ မှ ကျောင်းလှမ်းထဲ လှမ်းမျှော်ကြည့်နေပါသော်လည်း အရိပ်သော် မမြင်ပါချေ။ မြင်ကွင်းထဲဝင်လာသည်က ကိုမောင်တို့အိမ်မှကား။ တွေ့ ချင်သည့်လူက ရောက်မလာဘဲ မတွေ့ချင်သူကိုမှမြင်နေရတယ်လို့။

ဟိုတလောက ကိုမောင်တို့တွေ 'ဆင့်'တို့အိမ်မှာ ထမင်းလာ စားရင်း လူကြီးတွေပြောစကားကြောင့် သူမစိတ်တို့ နောက်ကျိသွား ရပါ၏။ သားတို့ကိစ္စတဲ့၊ ကျောင်းပြီးတဲ့ရင် 'ဆင့်'နဲ့ကိုမောင့်ကို နှစ် မိဘကြည်ဖြူပြီး လက်ထပ်ပေးမလို့တဲ့လေ။ မုန်းလိုက်တာ၊ ကိုမောင့် သိပ်မုန်းတာပဲ။

သူငယ်ချင်းတွေလိုတရင်းတနှီးရှိရုံနဲ့ မကျေနပ်နိုင်ဘူးတဲ့လေ 'ဆင့်'ဘက်က ရေလိုက်ငါးလိုက်လေးပြောဆိုတတ်ပါလျက် သူကအ ကျော်လာချင်ရတယ်လို့၊ မေမေတို့ပြောတာကို မငြင်းတဲ့အပြင် ကျေ သလို ပြုံးပြနေသေးတာလေ။

အခုမှ'ဆင့်'အသက်ငယ်ငယ်လေးရှိသေးတဲ့ဟာကို ဒီလို တွေပြောချင်ရသလား။ တကယ်ဆို တက္ကသိုလ်ရောက်မှသာ ပြောသင့် ပေါ့။ 'စိတ်မချဘူး'တဲ့၊ ကိုမောင်တိုက်တွန်းလို့ အချိန်စောပြီး ပြောရ ပါလို့ အန်တီကျင်ပြောပြပေမယ့် သူမ မကျေနပ်တာက မကျေနပ် ပါပဲ။

"ဆင့်"

"ဘာလဲ"

"ဟောဗျာ၊ ဘယ့်နှယ် ကိုယ့်ကို ရန်သူလိုဆက်ဆံနေတာ





ခုထိစိတ်ဆိုးနေတုန်းလား"

"..."

"ကိုယ်, 'ဆင့်'သဘောကျ နေပေးနေပြီလေ။ ခုထိမကျေနပ် သေးဘူးလား။ ကျော်နိုင့်ကိုရန်မစနဲ့ဆိုလို့လည်း ကိုယ် ဆင်ခြင်ပြီးပြီ၊ အဲဒါကိုတောင်မှ"

"အဲဒါတွေ မဆိုင်ပါဘူး"

"ဒါဖြင့်ဘာလဲ ဆင့်ရယ်"

"ကိုမောင့်အပြစ်ကို ကိုမောင်သိပေါ့။ ကျောင်းမှာ 'ဆင့်'စိတ် ဆိုးချင်ဘူးနော်"

"ကြည့်ပြောပေးပါဦး, သီတာရယ်"

"သီတာ့ကိုစစ်ကူမတောင်းပါနဲ့။ ကိုမောင့်အပြစ်ကို ကိုမောင် သာဝန်ယူပေါ့"

ရိပ်ခနဲမြင်လိုက်ရသည့် မည်းမည်းအရိပ်လေးနှင့်အတူ 'ဂလန် ဂလန်'မြည်သံကြောင့် သူမပြုံးလိုက်မိလေ၏။ သူလာပြီပဲ၊ ကျောင်းနောက် ကျမှာစိုး၍ အပြင်းနင်းလာပုံက မောဟိုက်လာသည့်နှယ်ပင်။

"ဘာလို့နောက်ကျနေရတာလဲ ကျော်၊ ကျောင်း Bell တီးဖို့ ၅မိနစ်ပဲလိုတော့တယ်"

"အချိန်မီပါတယ် 'ဆင့်'ရဲ့၊ ရော့"

ကမ်းလေးလိုက်သည့် စကားပွင့်ဖြူဖြူကို လှမ်းယူလိုက်ပါ၏။ သူက စက်ဘီးခြင်းထဲမှအရာတစ်ခုကို ဖျတ်ခနဲယူလိုက်လေသည်။

"နင့်ကြောင့် နောက်ကျသွားရတာသီတာရ။ နင်လိုချင်တယ် ဆိုလို့ လိုက်ကောက်ပြီး သိနေရတာလေ။ ဒီလောက်တော့ရမယ်"

"ဟယ်! ကျော်ရယ်၊ ဒီတိုင်းယူလာလည်းဖြစ်တဲ့ဟာ၊ သီတာ က ပန်းမပန်တတ်ပါဘူး"

"ခေါင်းမှာပန်တော့ ပိုမွှေးတာပေါ့။ ကဲ, လာလာ, ဝင်ကြစို့" သူမနှုတ်ဆိတ်လျက် လိုက်ခဲ့ပါ၏။ သီတာက ခရေကုံးလေးကို



www.burmeseclassic.com

www.burmeseclassic.com



လျက် ပြုံးပျော်နေလေသည်။ ပြီးတော့ ကျော့်အနီးမှာ ယှဉ်လျှောက်သွားတာမဟုတ်လား။ သူမက ကိုမောင်နှင့်အတူ လျှောက်ခဲ့ရတာလေး သဲ့သဲ့မျှရယ်လိုက်သည့် ငယ်သူငယ်ချင်း၏ရယ်သံက သူမအသည်းကို ဓားနှင့်မွှန်းလိုက်သည့်နှယ် အခံရခက်စေလေ၏။

မနာလိုတာလား။ သူနှင့်သီတာ ရိုးရိုးသားသားပြောဆိုရယ်မောနေပါလျက် သူမရင်ထဲဝမ်းနည်းလာရတာ ဘာကြောင့်လဲ။ ဝန်တိုတယ်လို့ရေရွတ်ရအောင် ကျော့်နဲ့ဆင့်က သူငယ်ချင်းဘဝမှာပဲရှိနေသေးတာလေ။ ဒါကို သီတာနဲ့ကျော် ဒီလိုရင်းရင်းနှီးနှီးနေတာ 'ဆင့်'မကြိုက်ဘူးလို့ စစ်ကြောငြာသလိုမျိုး ပြောဆိုလို့မှမရတာဘဲ။

အတန်းထဲရောက်တော့ သီတာက ခရေပုံးလေးကို တယုတယဖြင့်မွှေးပုံက သူမအသည်းကို မြားလာစိုက်သလိုနှယ် စူးခနဲဖြစ်သွားရလေ၏။ ပြောတော့ဖြင့် ပန်းမကြိုက်ဘူးဆို။ ပန်းမကြိုက်တဲ့လူက ကျော့် အချိန်လုပြီးကောက်လာပေးတဲ့ ခရေပုံးလေးကိုမှ အမြတ်တနိုးဖြစ်နေရတယ်လို့။

"ငါတို့ Maths Objective တွေ တွက်ပြီးရင် Math D အတွက် Ready ပဲနော် 'ဆင့်' "

အကျီရင်ဘတ်အလယ်တည့်တည့်မှာ တွယ်ချိတ်ကလေးဖြင့် ခရေပုံးလေးချိတ်ရင်း မော့မကြည့်ဘဲပြောလိုက်သည့်သီတာ့ကို မျက်စောင်းခဲလိုက်မိ၏။ ဟွန်း! အမြင်ကပ်လာပြီနော်။ အဲဒီပန်းကုံးလေးကို ဆွဲယူပြီး တစ်စစီဖြုတ်ချေမွပြီး လွှင့်ပစ်လိုက်ရ။ မကောင်းတတ်လို့ သီတာရေ။ 'ဆင့်'ရင်ထဲမှာ နင့်ကိုတဖြည်းဖြည်းနဲ့ ကြည့်မရဖြစ်လာပြီ သိရဲ့လား။ ငယ်သူငယ်ချင်းဆိုတဲ့အသိလေးက ဦးနှောက်ထဲ မရမက ကပ်နေလို့ သက်သာတယ်မှတ်။ နို့မို့ 'ဆင့်'လက်ချက်နဲ့ နင်နာတော့မှာ သေချာတယ် မိသီတာ။

"ဟဲ့, ငါပြောတာကြားရဲ့လား"

"အေး"





"ကြားရင်လည်း 'အင်း'လို့ သတင်းပြန်ပို့ဦးမှပေါ့ 'ဆင့်'ရဲ့။ ဘယ့်နှယ် နှုတ်ပိတ်ထားတာလဲ"

ကဲ, လူကိုများ သူ့သမီးထင်ပြီး ဆူချင်နေသလားမသိ။ ဒေါ်သီတာအေးကတော့ တစစနဲ့ သူမလက်ကို အစဖော်နေပါရောလား။

"Circle ခန်း Objective ကို ကျော်က ပိုကျွမ်းတာနော်။ ကျော့်ကို အိမ်ခေါ်ပြီး တို့စုတွက်ကြရင် ပိုကောင်းမယ်ထင်တယ်နော် ဆင့်"

ခေါ်ချင်ရင်လည်း နင့်အခန်းထဲထိသာခေါ်သွားတော့ မိသီတာရဲ့ ကဲ, ဟုတ်တယ်။ ပြောကိုမပြောချင်တော့ဘူး။ ဒီမှာ ဒေါ်ပွနေပါသည်ဆိုနေမှ။

"ဟဲ့, Yes or No... ဖြေဦးလေ"

"နင့်ဖာသာ နင်ခေါ်ချင်ခေါ်ဟာ. . . ဒီမှာခေါင်းကိုက်နေရတဲ့ကြားထဲ"

"ဟင်! လာတုန်းကဖြင့် တစ်လမ်းလုံးဘာမှမဖြစ်ဘဲ. . . ခုမှ ဘာကြောက်ခါငင်ခါဖြစ်ရလား။ သီတာ့အိမ်က မောင်နှမတွေများပြီး ဆူညံလို့ 'ဆင့်'အိမ်မှာပဲ စုကျက်နေတာလေ။ ဘယ့်နှယ် သီတာ့ကိုခေါ်နိုင်းတာလဲ"

". . ."

"သီတာ, မနေ့က ယူသွားတဲ့ ကျွန်တော့် Bio ပုံဆွဲစာအုပ်ပါခဲ့ရဲ့လား"

"ဪ, အင်း. . . ပါတယ် ကျော်ရဲ့။ ရော့, ကျေးဇူးပဲနော်။ ကိုယ်ကိုကျင့်တာ မရလို့စိတ်ညစ်နေတာ။ ကျော်က အဆင့်လိုက်ဆွဲထားတာ အလွယ်လေး"

"ကျွန်တော်က ကိုယ့်ဖာသာကိုယ်လေ့ကျင့်မှရတာပါ သီတာ"

"ဘာပဲဖြစ်ဖြစ်, ကျော်က တော်ကိုတော်တာပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"English မှာတော့ 'ဆင့်'ရော၊ ကျွန်တော်ပါ သိတာ့ကို
ပါဘူး သီတာရဲ့"

ပြောစကားတွေက အမျှင်ကိုမပြတ်ပါလားနော်။ အကြောင်း
မရှိအကြောင်းရှာပြီး ပြောပြောနိုင်လွန်းတယ်။ သူ့ပြောစကားထဲမှာ 'ဆင့်'
အမည် ပါလာပေမယ့် စိတ်ထဲမကျေနပ်တာက မကျေနပ်တာပါဖဲ။

"ဒီနေ့ထမင်းစားရင် ကျွန်တော့်ကိုမစောင့်နဲ့တော့နော်"

"ဘာဖြစ်လို့လဲ ကျော်ရဲ့။ နေ့တိုင်းအတူစားနေကျကို"

"ကျွန်တော် ဒီနေ့နောက်ကျလို့ ထမင်းဘူးမယူခဲ့ဘူးသီတာ
ရဲ့"

"ဟယ်, ဒါများ သီတာတို့နဲ့ မျှစားကြတာပေါ့ ကျော်ရဲ့။
ရာထ နောက်ကျသွားတာလား"

"ဟုတ်တယ်"

"ဘယ်ဘာသာ ဖြတ်နေလို့လဲ"

"Physics ပါ"

"ဒါဖြင့် ပိုင်နေပြီပေါ့လေ"

"ဒီလိုပါပဲ ကျွန်တော်က English အားနည်းတာလေ။
လောက်ရဖို့ မနည်းဖြေရမှာ"

သူက စကားမပြောဘဲငြိမ်နေသည့်သူမကို သတိထားမိ
ပါ၏။ ခါတိုင်း သူမကသာ ပေါက်ပေါက်လျော်အောင် စကားတွေ
လေ့ ရှိတာလေ။ မနက်ကတည်းက မျက်နှာလေးညှိုးနေမှန်းသိပါလျ
ဘာဖြစ်လဲဟု သူမမေးမိ။ အစလည်းဘာမှမပြောဘဲ ခေါင်းငုံ့ငြိမ်
နေလို့ပါလေ။

"ဆင့်"

"..."

"ဆင့်, ဘာဖြစ်လို့လဲဟင်"

ခေါင်းကိုသာ ခါယမ်းပြလေ၏။ သီတာ့ကို မေးဆတ်ပြီး





တော့ ပခုံးတွန့်ပြလေသည်။ ပြဿနာပဲ. . . သူမဘာတွေများဖြစ်နေတာ
ပါလိမ့်နော်။

"ဆင့်"

"ခေါင်းကိုက်နေလို့တဲ့"

"ဟုတ်လား. . . စောစောက မပြောဘူး။ ကျွန်တော် ကျောင်း
ဆေးပေးခန်းမှာ ဆေးသွားတောင်းပေးမှာပေါ့။ ခဏလေးစောင့်နော်"

"မသွားနဲ့"

လေသံက မာတောင့်တောင့်ထွက်လာပါ၏။ မျက်ဝန်းများက
သူ့ထံကြည့်မလာပါချေ။

"ဆင့် ဒီလောက်ဖြစ်နေတာကိုး"

"မသွားနဲ့လို့ပြောနေတာ မကြားဘူးလား"

"ဟဲ့, ဆင့်. . . တိုးတိုးလေ"

သူမျက်နှာ ကွက်ခနဲဖြစ်သွားရပါ၏။ မကြိုက်ဘူးထင်ပါရဲ့။
စေတနာနဲ့ ဆေးတောင်းပေးမယ်ပြောတာကို သူမက မနှစ်မြို့က်ပုံဖြင့်
အော်တယ်တဲ့လေ။

"ကျွန်တော်သွားတော့မယ် သီတာ"

"အင်း, ကျော်"

သူမ စားပွဲခုံထက် မျက်နှာကို မှောက်ချလိုက်လေ၏။ အလို!
ငိုချလိုက်လေသလား။ ပခုံးလေးတွန့်တာကိုမြင်ရတော့ ရင်ထဲမှာ
ထိုင်းထန်ချေပြီ။ 'ဆင့်'ငိုသတဲ့။ ဘာကြောင်းကြောင့်မို့များ ထိမ်းနည်းပြီး
ငိုတာပါလိမ့်နော်။

"ဆင့်, ကျွန်တော်"

သူမလက်မောင်းလေးကို အသာထိလိုက်မိစဉ် ဖြန်းခနဲရိုက်
ချလိုက်ပုံက လျှက်တပြက်ပါပဲ။ မကြိုက်ဘူးပေါ့လေ။ ဟုတ်ပါတယ်။
သူက ဘာဆိုဘာမှမရှိတဲ့ အညတရဆင်းရဲသားပေကိုး။ ဒီလိုရေထမ်း
ရောင်း၊ ပန်းမှို၊ သတင်းစာဝေ၊ အကြော်ပို့လေ့ရှိတဲ့ ဆင်းရဲသား



www.burmeseclassic.com

www.burmeseclassic.com



ငမွဲလေးရဲ့လက်နဲ့ထိတာကို ရွှေဘုံစံမင်းသမီးလေးက ရွံ့ရှာပေမပေါ့။

ဘာမှဆက်မပြောတော့တဲ့ နောက်ဆုံးခုံသို့ပြန်လာခဲ့၏။ စာသင်ချိန်တွေ တစ်ချိန်ပြီးတစ်ချိန်ကူးသွားပေမယ့် စိတ်က တစ်စက်ကလေးမှမချမ်းသာ။ ထမင်းစားဖို့လည်း မဖိတ်ခေါ်။ အပိုစကားလည်းမပြောမျက်နှာကိုတောင် တစ်ချက်မျှမော့မကြည့်။ စိမ်းကားလေပြီလား။

အစကတည်းက ဒီလို မခေါ်မပြောမဆက်ဆံချင်ရင် ခပ်စိမ်းစိမ်းပဲနေတော့ပေါ့ ဆင့်ရယ်။ မောင်မောင်ခန့် ရန်ရှာတာကိုလည်း ကိုယ့်ရှေ့မှာ မားမားမတ်မတ်ရပ်ပြီး ကာကွယ်မပေးနဲ့ပေါ့။ စေတနာဗလပွကိုယ့်စာအုပ်တိုင်းကို အဖုံးတွေဖုံးမပေးနဲ့ပေါ့။ စာမှားတာတွေကိုလည်းပြင်မပေးနဲ့ပေါ့။ သနားသလို ကရုဏာမျက်ဝန်းတွေနဲ့ မကြာမကြာမကြည့်နဲ့ပေါ့။ ကိုယ်စိတ်ပူရအောင်လို့ ကိုယ့်စာအုပ်တွေကိုဝှက်ပြီး မစနဲ့ပေါ့ 'ဆင့်'ရယ်။ ခုတော့ ကျောခိုင်းထားတဲ့ 'ဆင့်'ရဲ့ဥပေက္ခာရပ်ဝန်းမှာ ကိုယ်နေမထိထိုင်မသာဖြစ်နေရပြီလေ။

လက်ဆင့်ကမ်း၍ ရှေ့တန်းမှ နောက်ဆုံးတန်းထိရောက်လာသည့်စာရွက်ခေါက်လေးက သူ့စားပွဲခုံပေါ်မှာ ရပ်သွားပါ၏။ ရှေ့တန်းလှမ်းကြည့်စဉ် သီတာက 'ဖတ်'ဟု သူ့ကိုအမူအရာပြနေသဖြင့် ဆရာမမမြင်အောင် စားပွဲအောက် လက်အသာချ၍ ကြည့်လိုက်မိသည်။

I see Kyaw.
She is Jealous for you.
(Thidar)

''ငါသိပြီကျော်
နင်ကြောင့် 'ဆင့်'မနာလိုဖြစ်နေတာ''တဲ့

ဘာကိုမှန်း သူ နားမလည်သဖြင့် စာကြောင်းအောက် နေရာလွတ်ဖြည့်ရေးပေးလိုက်မိ၏။





Why?

သူပြန်ပေးလိုက်သည့်စာရွက်လေးကို သီတာကဖတ်ကာ ခေါင်းတစ်ချက်ညိတ်လိုက်လေ၏။ ဆရာမက သူတို့တင်ထားသည့်သင်္ချာဉာဏ်စမ်းပုစ္ဆာအဖြေတွေကို စစ်ပေးသည်မို့ အတန်းသားတွေကို ဂရုမစိုက်အားပေ။

Because you give me sun flower.

''ဘာကြောင့်လဲဆိုတော့ နင် ငါ့ကို ခရေပန်းပေးတာကြောင့်''

ဟောဗျာ! သီတာ့ကို ခရေလေးတစ်ကုံးပေးမိတာလေးကို သူမစိတ်ကောက်သတဲ့လေ။ ဒါ့,မနာလိုဖြစ်စရာလား'ဆင့်'ရယ်။ ခက်တော့တာပဲ။

မုန့်စားဆင်းတော့ ရှေ့ဆုံးတန်းကို သူအမြန်ဆုံးလျှောက်လာခဲ့၏။ 'ဆင့်'မျက်နှာက ငိုထားသည့်အရှိန်ကြောင့် မို့ပြီး ရဲနေချေပြီ။

''ဆင့်၊ သီတာ့ကို ခရေပန်းလေးတစ်ခါပေးမိရုံနဲ့ စိတ်ကောက်ရသလား။ 'ဆင့်'သိပ်ကြိုက်တဲ့စကားပန်းကို နေ့တိုင်း ကျွန်တော်ကောက်လာပေးတာလေ။ ဘာလဲ 'ဆင့်'လည်း ခရေပန်းကြိုက်လို့လား''

''မကြိုက်ပါဘူး။ ဘာမှလာပြောမနေပါနဲ့။ သွား''

သီတာက မျက်ရိပ်ပြလိုက်ပြီး ဘေးခုံမှနီလာနှင့် မုန့်ဈေးတန်းသို့ ရှောင်ထွက်သွားလေ၏။ အတန်းထဲမှာ ထမင်းဘူးစားနေသူ အနည်းကျဉ်းသာ ရှိတော့သည်မို့ သူ'ဆင့်'တို့ဘေးခုံမှာ အသာဝင်ထိုင်လိုက်သည်။

''ဆင့်ကလည်းကွာ၊ ကျွန်တော့်ကိုဘာစိတ်ဆိုးပြီး ခုလိုငိုနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ။ မကျေနပ်တာရှိရင်း ပွင့်ပွင့်လင်းလင်းပြောပြမှပေါ့။ ဒီလိုချည်း ငိုင်နေတာ ကျွန်တော် ရှေ့လေးချိန်လုံး စာကောင်းကောင်းလုပ်လို့မရဘူး Math (၁၀)ပုဒ်စစ်တာတောင် (၄)ပုဒ်ပဲမှန်တာပဲကြည့်''

''မရရင် သီတာ့ကိုမေးပေါ့။ 'ဆင့်'က စာတော်တဲ့သူမှမဟုတ်တာ''

''ဟောကြည့်! အဲဒါကြောင့် သီတာပြောတာ''

''ဘာလဲ''

''ကျွန်တော်ပန်းပေးလို့ 'ဆင့်'မနာလိုတွေ ဖြစ်နေတာတဲ့လေ ဒီတစ်ခါလေးပဲ ပေးမိတာပါ 'ဆင့်'ရာ''

''မဆိုင်ပါဘူး''

''ဒါဖြင့် ဘာကိုစိတ်ကောက်တာလဲ. . . ပြော''

''မပြောပါဘူး။ ဘာလို့ပြောရမှာလဲ''

သူပြုံးလိုက်မိ၏။ သူမစိတ်ကောက်ပြေလာခါနီးပြီမဟုတ်လား

''ကျောင်းတွေ ပိတ်တော့မှာနော်. . . စာမေးပွဲဖြေရင်တောင် ကျွန်တော်နဲ့'ဆင့်' အခန်းရောအဆောင်ပါ တူမှာမဟုတ်တော့ဘူး။ ရှု ချင်းတောင် ဆုံချင်မှဆုံတော့မှာ'ဆင့်'ရဲ့ သီတာနဲ့ပတ်သက်ပြီး ခုလို ဖြစ်စရာလား။ သူငယ်ချင်းတွေပဲလေ 'ဆင့်'ရယ်''

''အတူတူပဲလား။ 'ဆင့်'ကို နည်းနည်းလေးမှမပိုတူးလားဟင်''

သက်ပြင်းကိုကျိတ်ရှိုက်လိုက်မိ၏။ မျက်ဝန်းနက်လေးထဲ စိုးကြည့်ကာ အသာထရပ်ရင်း သူမလက်ဖျားလေးကို ခပ်နာနာလေးဆုပ် ကိုင်ညှစ်လိုက်မိသည်။ 'ဆင့်'စိတ်ပြေပါစေတော့လေ၊

''နောက်ထပ်ကမ္ဘာတစ်ခုစာ ပိုတာပါ'ဆင့်'ရယ်။ ယုံပါ''

✦✦✦





"မျက်ဝန်းတစ်စုံ၏ ထိုးနက်ချက်"

'လွမ်းတယ်'လို့ပြောရအောင်
မင်းနဲ့ကိုယ်က
ချစ်သူတွေမှ မဟုတ်တာလေ...
ညို့မျက်ဝန်းတစ်စုံက
ကိုယ့်နှလုံးသားကို
ဖမ်းဆုပ်ချုပ်နှောင်ထားသလိုနှယ်...
မင်းကိုမသိစေဘဲ
ရင်ခွင်က ဟက်တက်ကွဲအောင်
လွမ်းနေတတ်တဲ့ကိုယ်ပါ...
ရူးမိုက်မိုက်ချစ်တယ်ဆိုရင်
လောကကြီးထဲက လူမှန်သမျှ
(ကိုယ့်ကို...)
ဟားတိုက်ရယ်မောကြမှာအမှန်ပဲ...
မလာနိုင်မှန်း သိနေလျက်နဲ့
ကိုယ်မျှော်နေခဲ့မိတာ အကြိမ်ကြိမ်...
မမြင်နိုင်မှန်း သိပါလျက်နဲ့
ကိုယ်ရှာဖွေခဲ့မိတာလည်း အခါခါ...
အိပ်မက်ထဲစွဲလမ်း
အသည်းထဲက တမ်းတ
လွမ်းရတဲ့ ဒီရင်ခွင်
မင်းမမြင်နိုင်ပါဘူး...
ကမ္ဘာကြီးက...
အဆုံးတိုင်ရှိနေပေမယ့်
ကိုယ့်ရဲ့လွမ်းချင်း အသရော်က



www.burmeseclassic.com

www.burmeseclassic.com

ထာဝရ မဆုံးနိုင်ဘူးဆိုတာကို
'ယုံပါ'လို့...
ပြောပါရစေလား
မျက်ဝန်းနက်လေးရယ်။

✦✦✦



## အခန်း (၂၀)

ကျောင်းရှေ့က ကုက္ကိုလ်ပင်အောက်မှာ သူ ရပ်စောင့်နေမိ၏။ နောက်လေးနာရီကတည်းက သူရောက်နေတာဖြစ်ပြီး ဆရာအောင်စာရင်းစာရွက်ကပ်တာကိုတောင် ဝိုင်းကူညီပေးခဲ့တာလေ။ ဘယ်သူမှမသိသေးခင် သူသိချင်သည့်အမည်တွေကို အေးအေးဆေးဆေးကြည့်ပြီးချေပြီ။ သူမ မည်မျှပျော်လိုက်မလဲဟု တစ်ယောက်တည်းတွေးနေမိ၏။

မိုးရိပ်တို့ အုံ့မှိုင်းလာချေ၏။ နာရီဟောင်းလေးမှလက်တံတို့က နောက်(၆)နာရီကိုညွှန်နေပြီမို့ သူမရောက်လာခါနီးပြီမဟုတ်လား။ B.O ခဲ့သည့်နောက်ဆုံးရက်မှာ ဒီအပင်အောက်စောင့်ပြီး သူမကို စာအိတ်ပြာလေးတစ်ခု ပေးဖြစ်ခဲ့တာလေ။ နောက်ဆုံးရက်မို့ စိတ်မချ၍ပဲလား။ သူမမေမေ ဒေါ်ခင်ခင်သန်းကိုယ်တိုင် ကျောင်းပြင်မှာ ကားဖြင့်လာစောင့်နေသည်မို့ အပိုစကားပင်မပြောဖြစ်။ 'ဆင့်ဖို့'ဟု တိုတိုတုတ်တုတ်ပြော၍ လက်ထဲသို့သာထည့်ပေးပြီး စက်ဘီးကိုနင်းပြေးခဲ့မိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေခုန်နေမိတာအမှန်ပါပဲ။ 'ချစ်တယ်'လို့ အတိအလင်း မပြောပြ မသိစေပါဘဲ ဒီကဗျာလေးတစ်ပုဒ်ကိုသာ လက်ဆောင်ပေးခဲ့ မိတာလေ။ မတွေ့ဖြစ်တဲ့ (၄)လတာအတွင်း လေးကမ္ဘာလောက်ခြားတယ် ထင်ရပါတယ် 'ဆင့်'ရယ်။ သူများတွေလိုစိတ်ကူးတွေယဉ်ခွင့် ကိုယ့်မှာ မရှိပါဘူး။ မီးခွက်ထွန်းပြီး ကဗျာတွေရေးတာကိုမြင်တော့ အမေက ကိုယ့်ကိုဆူလေရဲ့။

သင်တန်းတွေဘာတွေလည်း တက်ဖို့ခွန်အားက နည်းတယ်လေ။ ကိုယ်တို့နေတဲ့နေရာလေးက 'ကျူးကျော်မြေ'တဲ့။ သက်ဆိုင်ရာက ဖယ်နိုင်းနေပြီမို့ ကျောတစ်နေရာစာ နေရာခင်းလေး ပိုင်ဆိုင်ဖို့ ကိုယ် အများကြီးကြိုးစားနေရပါတယ်။ 'မမီတဲ့ပန်းကို တံုးချပြီး မလှမ်းပါနဲ့'တဲ့ ဆိုရိုးစကားရှိပေမယ့် ကိုယ်က တံုးပေါ်ကို ရောက်မှန်းမသိရောက်နေ ခဲ့ပြီလေ။

လက်လှမ်းခေါ်ယူလေမလား။ မျှော်လင့်ချက်က မှန်ပြပြရုပ်ပါ။ ဆွဲခေါ်ယူမှာထက် ဒီတုံးပေါ်က ခြေမခိုင်ဘဲ ပြုတ်ကျဖို့က ရာနိုင်နှုန်း (၁၀၀)မှာ (၉၀)ခန့်ရှိနေတာလေ။ လေကားရှိမနေတဲ့အိမ်၊ ကြိုးချမထား တဲ့တောင်၊ အထစ်မရှိအကိုင်းမရှိတဲ့အပင်ကိုတက်ဖို့က မဖြစ်မနေကူညီ ဖို့ အကူအညီလိုအပ်နေတာအမှန်ပါပဲ။

တူညီတဲ့တန်ပြန်သက်ရောက်မှုမျိုးနဲ့ ချစ်ခြင်းတွေကိုသာ မေး လှည့်ပါ။ ချစ်ခြင်းမှတစ်ပါး အခြားမည်သည့်အရာကိုမှမလိုလားပါလေ။ ချစ်သူ၏အပြုံးတို့က သူ ညစဉ်မက်လေ့ရှိသည့်အိပ်မက်တွေတိုင်းမှာ ကြယ်လေးတွေအဖြစ်ပွင့်စေခဲ့တာ သူအသိဆုံးပါပဲ၊ စိတ်ကူးယဉ်ခွင့် မရှိတဲ့ဘဝပေမယ့် အိပ်မက်တွေထဲမှာတော့ ပျော်ခွင့်ရချင်ခဲ့တာပါ။

"ကျော်"

မျှော်လင့်နေမိသည့်အသံလေးကို ကြားရိုက်ရပါ၏။ ခပ်ဖွဲ့ဖွဲ့ ရှာချလိုက်သည့်မိုးမှုန်များအောက်မှာ ထီးအဝါ၊ အဝါရောင် blouse လေးနှင့် အဝါခံမှာ အနီပွင့်လေးကြဲထားသည့် ငုဝါပွင့်လေးကိုမြင်လိုက်





ရလေသည်။ မိုးကြောင့် အဆောင်းမဲ့စွာရပ်နေသည့် သူ့တစ်ကိုယ်လုံး ရွှဲစိုသွားသလို ချစ်သူ၏အလှက ရင်တွင်းထိတိုင် အေးမြသွားတာအမှန် ပါ။

"အောင်လားဟင်၊ ဂုဏ်ထူးရော"

"နှစ်လုံးပါတယ်"

"ဟယ်, ဆင့်ကရော"

"သုံးလုံးပေါ့"

"ဘယ်ဘာသာတွေလဲဟင်"

"ဆင့်က Maths ရယ်၊ Physics ရယ်၊ Bio ရယ်ပါတာ ကိုယ်က Maths နဲ့ Physics ပဲ"

"သီတာရောဟင်"

"သီတာက English နဲ့ Bio"

"ကိုမောင်ရော D ပါလား"

"ပါတယ်၊ လေးလုံးတောင်မှပဲ"

"ဝမ်းသာလိုက်တာ, ပျော်စရာကြီး။ 'ဆင့်'က သီတာနဲ့တိုင်ပင် ပြီး တက္ကသိုလ်မှာ Major အတူတူယူဖို့စီစဉ်ထားတာ။ 'ကျော်'ရော ဟင်"

မျှော်လင့်တကြီးမေးလိုက်သည့်မေးခွန်းက နှုတ်ဖျားကိုဆွံ့အ သွားစေ၏။ ကိုယ်က 'ဆင့်'တို့လို တက္ကသိုလ်နေ့စဉ်တက်လို့ ဘယ်ရပါ့ မလဲ 'ဆင့်'ရယ်။ ဘဝသမားရဲ့စားဖျက်နှာမှာ ဘယ်လိုရှိလိမ့်မယ်ဆိုတာ 'ဆင့်'သိသိကြီးနဲ့မေးရတယ်လို့။

"ကိုယ် တက်ဖြစ်မှာမဟုတ်ဘူး"

"ဟင်! ဘာဖြစ်လို့လဲ ကျော်ရဲ့။ အမေမာက မတက်ရဘူးလို့ ပြောလို့လား. . . ဟုတ်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်အလုပ်လုပ်မှုဖြစ်တော့မှာလေ 'ဆင့်'ရဲ့။ ဒါပေမဲ့ စာပေးစာယူတော့ တက်ဖြစ်မယ်ထင်ပါတယ်"

"ထင်တယ်တဲ့လား။ မရေမရာနဲ့ကျော်ရယ်၊ အသံက အားပျော့လိုက်တာ. . . တကယ်ပဲ"

မဝံ့မရဲပြောဆိုသံက အင်အားမပါသလိုနှယ်။ သူ့ရှေ့မတ်မတ်ရပ်နေသည့်အဝါရောင်အရိပ်လေးကို တစိုက်မတ်မတ်ငေးနေမိရင်း မိုးထဲမှာဝမ်းနည်းလာမိ၏။ လွှင့်ပစ်လိုက်ပြီထင်ပါရဲ့။ စာရွက်နဲ့ဘောပင်ဆပ်ဆော့ပြီးရေးထားတဲ့ကဗျာဆိုပြီး ဖြဲပစ်လိုက်လေသလား။ ကိုယ့်နှလုံးသွေးနဲ့ စီပေးလိုက်တဲ့စကားလုံးတွေဆိုတာကို 'ဆင့်'သိအောင် မည်သို့များ ပြောရပါ့မလဲလေ။

"ကျော်"

"ကိုယ်, တက်မှာပါ"

"သေချာတယ်နော်"

"အင်း"

"လွယ်လွယ်နဲ့ ပြီးပြီးရော ခေါင်းမညိတ်နဲ့နော်။ အလုပ်တစ်ခုနဲ့ဖြစ်ပေမယ့် ကျော့်ကို ဘွဲ့ရ, ပညာတတ်ပဲဖြစ်စေချင်တာပါ"

"စိတ်ချပါ"

"ဆင့်ကိုတကယ်ချစ်တယ်ဆိုရင် အစစအရာရာအမြဲကြိုးစားနေရမယ်နော်"

သူပါးစပ်အဟောင်းသားဖြစ်သွားရပါ၏။ 'ဆင့်'ကိုတကယ်ချစ်တယ်ဆိုရင်တဲ့လား။ ဘယ့်နှယ်ပြောလိုက်တာပါလိမ့်။ ဒီရင်ဘတ်ကြီးနဲ့ အပြည့်အသိပ်ချစ်တာကို 'ဆင့်'မြင်သာအောင် သက်သေပြအတည်ပြုလိုက်ချင်ပါရဲ့။

"ဆင့်, ကိုယ်. . . ကိုယ်. . ."

"ကျော့်ကို ဆင့်လည်းသိပ်ချစ်ပါတယ်၊ ယုံပါ,ကျော်ရယ်"

"ဘယ်လို!"





ဖေါခနဲသည်းလာသည့်မိုးတို့ကြောင့် ကျောင်းဝင်းထဲမှလူတွေ အပြေးထွက်သွားကြလေ၏။ ဖျန်းခနဲလက်လိုက်သည့်လျှပ်ရောင်ကြောင့် သူမ ထီးကိုပစ်ချ၍ နားနှစ်ဖက်ကိုအုပ်ကာထားလိုက်ပါသည်။ ရွဲရွဲစိုသွားသည့်ချစ်သူလေးကိုပြုံးကြည့်ရင်း သူ ဖျတ်ခနဲထွေးဖက်လိုက်မိ၏။ ချစ်သူ နွေးထွေးပါစေတော့လေ။

"ကျော်"

"ကျေးဇူးတင်ပါတယ်'ဆင့်'ရယ်။ မမီနိုင်မှန်းသိသိကြီးနဲ့ ဒီခိုးသွင့်လေးကိုမှ"

သူ့နှုတ်ခမ်းထက် လက်နုနုလေး အုပ်မိုးသွားပါ၏။ မေးဖျားထက် နွေးခနဲဖြစ်သွားစဉ် သူမကိုဆတ်ခနဲပွေ့ချီလျက် ငွေပတ်လှည့်လိုက်သည်။

"အား. . ကျော်နော်"

"ဝမ်းသာလွန်းလို့ပါ"

မြေပြင်ထက် ပြန်ချလိုက်ပြီး နဖူးပြင်ထက် ဖွဖွလေးနမ်းရှိုက်ကာ ပက်လက်လေးဖြစ်နေသည့်ထီးကို ကောက်ယူပြန်မိုးပေးလိုက်ပါ၏။ ချစ်သူ့အပြုံးတို့က မိုးစက်တို့နှင့်အပြိုင်နှယ်။

"ဖျားတော့မှာပဲ၊ 'ဆင့်' ဘယ်သူနဲ့လာတာလဲ"

"ဦးမြိုင်လိုက်ပို့တယ်လေ"

"ပြန်ကြစို့၊ လာ, ကိုယ်လိုက်ပို့ပေးမယ်"

"အိမ်အထိလား"

"မဟုတ်ပါဘူး ကားဆီကိုလေ"

"ကျော့်တီးလေးရော"

"ပျက်နေလို့ ပြင်ထားတုန်း"

"ဟုတ်လား, ကျော့်ကိုချစ်ရတဲ့အထဲမှာ အဲဒီဘီးလေးလည်းပါပါတယ်"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျော့်ဘီးလေးက ကျော့်လာပြီဆိုတဲ့ 'ဆင့်'ရဲ့မျှော်လင့်ခြင်းတွေကို ပြည့်ဝစေတဲ့အသံလေးဖြစ်နေလို့လေ"

"ဆင့်ရယ်"

မချင့်မရဲစိတ်ဖြင့် လက်ဖျားလေးကို ခပ်တင်းတင်းလေးဆုပ်ကိုင်၍ ညှစ်လိုက်မိ၏။ အချစ်က ဘာသာစကားတွေကို ထူးချွန်ပြောင်မြောက်စွာ တတ်စေလေသလား။ ဒါဆိုရင် သူ့ချစ်သူလေးက စကားတွေအများကြီးပြောတတ်နေတာ အသေအချာပါလေ။

"မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ။ ကျော်က အိမ်နားကိုတစ်ခါမှရောက်မလာဘူး"

"ကိုယ်လာပါတယ် 'ဆင့်'ရဲ့။ 'ဆင့်'သတိမထားမိလို့ပါ"

"ဟင်! ဒါဖြင့် ပန်းလာပို့တာလား"

"ဟင့်အင်း"

"သတင်းစာလာပို့တာလားဟင်"

"မဟုတ်ပါဘူး"

"ဒါဆို ဘယ်လိုလာတာလဲ"

"ကုလားလို့ဝတ်ပြီး နွားနို့လာပို့တယ်လေ"

"ဟင်! ဟုတ်ဘဲနဲ့. . . ညာတယ်"

တီးတိုးရယ်လိုက်မိ၏။ ကျောင်းဝနားရောက်လာပြီမို့ ကိုင်ထားသည့်လက်ကို အသာလေးလွှတ်လိုက်ပြီး ထီးကိုလွှဲပြောင်းကိုင်လိုက်ရသည်။ ချစ်သူနားလည်ပါစေတော့။ ရင်တွင်းမှအဆက်မပြတ်ပြောနေသည့် သူ့စကားသံတွေကိုလေ။

"ကိုယ် ညတိုင်းလာပါတယ်. . . 'ဆင့်'တို့ခြံရှေ့ ဓာတ်တိုင်အမြဲလာရပ်ကြည့်တာလေ။ အရိပ်လေးများ တွေ့ရမလား မျှော်လင့်ခြင်းတော့ပေါ့"

"ဘယ်အချိန်လဲဟင်"

"ည (၉)နာရီ"





"ဟင်းဟင်း. . . အဲဒီအချိန် 'ဆင့်'က အိပ်နေပြီ ကျော်ရဲ့"

"ရက်စက်ပါ့ကွာ"

"ဒီညကစပြီး 'ဆင့်' ပြတင်းပေါက်ဖွင့်ပြီး လက်ပြမယ်လေ။ မျှော်နေမှာနော်"

"OK..."

"သွားပြီ, ကျော်"

ကားလေးပျောက်ကွယ်သွားသည့်ထိ သူရပ်ကြည့်ပြီးမှ အိမ်သို့ပြန်ခဲ့ပါ၏။ စဉ်းစားကြည့်ပါ။ မိုးစက်တွေအောက်မှာ ရွှဲရွှဲစိုတုန်ရီက်အောင်အွန်းဆိမ့်နေပေမယ့် အဲဒီကောင်လေးရဲ့ရင်တစ်ခုလုံး နွေးထွေးနေတယ်ဆိုတာကိုလေ။ ဟုတ်တယ်၊ ချစ်ခြင်းတို့ရဲ့ဖြည့်ဆည်းမှုနဲ့ သူ့ရင်ထဲ ပူနွေးနေတာအမှန်ပါလေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

''ဘယ်လို! နင်၊ ကျော်နဲ့ချစ်သူတွေဖြစ်သွားပြီ ဟုတ်လား၊ဆင့်''

''အင်း''

မယုံနိုင်သည့်မျက်ဝန်းတို့ဖြင့် သီတာက သူမကိုပြူးကြည့်နေ ... ၊ မထင်ဘူးမဟုတ်လား. . .'ဘယ်လိုအမြင်၊ ဘယ်လိုဦးနှောက် ... ကျော့်ကိုရွေးချယ်ခဲ့တာလဲ' ဟု မေးခွန်းတွေထုတ်လာရင်လည်း ... ဆီမှာအဖြေက အဆင်သင့်ရှိနေပြီးသားပါလေ။ တစ်ခုတည်းပါပဲ၊ ... ဉ်ကို ဆင့်ရင်ထဲက နှလုံးသားနဲ့ရွေးချယ်ခဲ့တယ်'ဆိုတာပေါ့။

''နင် ဘယ်တုန်းက အဖြေပေးလိုက်တာလဲ''

''Result ထွက်တဲ့နေ့ကပဲ သီတာရဲ့''

''ဘာရယ်! ဒါဖြင့် နင်တို့ကြိုက်နေကြတာ တစ်နှစ်နီးပါးပြည့် ... မှာပေါ့ဟ၊ ဟုတ်လား''

''ကြိုက်နေတာမဟုတ်ပါဘူး သီတာရယ်၊ ချစ်နေတာပါ။ စကား



www.burmeseclassic.com

www.burmeseclassic.com



လုံးလှလှလေး ရွှေမသုံးတတ်သေးပါလား''

''အမလေးနော်၊ တော်တော်များစိတ်ကူးယဉ်လို့ကောင်း ကို။ မပြောလိုက်ချင်ဘူး၊ နေပါဦး'ဆင့်'ရယ်။ ဒီလိုတက္ကသိုလ်မှာ စိ ကြိုက်ရွေးချယ်ဖို့ 'ဆင့်'နားမှာ ပတ်လည်ဝိုင်းနေတဲ့ယောကျ်ားလေး အများကြီးပါ။ ကိုမောင်တောင် 'ဆင့်'ကိုပြောသေးတယ်မဟုတ်လား 'ဆင့်'က မြကျွန်းသာလေးဆိုရင်. . . 'ဆင့်'ဘေးနားမှာ ရေပြင်ဆို ယောကျ်ားတွေ ပတ်ပတ်လည်ပြည့်နေမယ်ဆိုတာလေ''

သူမ ပြုံးရုံသာပြုံးလိုက်မိပါ၏။ အဓိပတိလမ်းမကြီး ဖြူ တာကို 'ကျော်'မြင်ခွင့်မရတာ၊ ရေတမာပင်ရိပ်အောက်က ခုံတန် ထိုင်ခွင့်မရတာ၊ ကန်ပေါင်မှာထိုင်ရင်း လေညှင်းခံခွင့်မရတာတွေကို ကို ချင်းစာ သနားစိတ်တွေက ရင်တွင်းမှာအလိုလိုဖြစ်တည်နေတာကို သူများသိနိုင်ပါ့မလဲ။ ချစ်သူဆိုတာ တစ်ဦးရဲ့စိတ်ကို ကျန်တစ်ဦး နေပြီး တစ်ယောက်ရဲ့လိုအပ်ချက်ကို ကျန်တစ်ယောက်က ဖြည့်ဆ ပေးလေ့ရှိတာပါ။ ဘဝမှာ 'မပြည့်စုံမှု'ဆိုတဲ့ကွက်လပ်ပေါင်းများ ရပ်တည်နေရတဲ့'ကျော်'ကို ဆန္ဒမှန်သမျှပြည့်ဝအောင် ဖြည့်ပေးချင် အမှန်ပါ။

'ကျော်'ရယ်. . . 'ဂျက်ဆင်'ကြီးကိုကြည့်ရင်း လွမ်းနေ တာ၊ ပင်မတွဲနှင်းသဘင်မှာ 'ကျော်'လည်း တစ်ချိန်ချိန်တော့ ဘွဲ့ယူ မှာကိုတွေးပြီး ပြုံးမိတာ၊ တလိမ့်လိမ့်ပြေးလွှားနေတဲ့တိမ်ဖြူတွေ ကြည့်ကြည့် တသုန်သုန်တိုက်ခတ်လာတဲ့လေညှင်းလေးတွေကိုပဲ ခံယူ တလူးလူးသွားနေတဲ့ လှိုင်းကြက်ခွပ်လေးတွေကိုပဲမြင်ရမြင်ရ 'ကျော် လွမ်းရတဲ့အလွမ်းက မပြေနိုင်တာအမှန်ပါကွယ်။ ဒါတွေကို 'ကျော် နေပါ့မလား။

''ကျော့်မှာ ဘာမက်မောစရာများရှိလို့လဲ''

''ဘယ်လိုများမေးလိုက်တာလဲသီတာ။ ချစ်သူထားတာကို အ အမြတ်တွက်တဲ့စီးပွားရေးကိစ္စလို့ သီတာယူဆထားလို့လား၊ ကိုယ့်





မြင့်မှ၊ ကိုယ့်ထက်သာမှ၊ ကိုယ့်ထက်ပိုချမ်းသာမှဆိုတာမျိုးက နှလုံး သားကိုငွေကြေးနဲ့ရောင်းတတ်တဲ့ မနုဂျင်တွေရဲ့စိတ်ဓာတ်ပါ။ 'ဆင့်'ကို အပြစ်မတင်ပါနဲ့၊ 'ဆင့်', 'ကျော့်'ကိုအဖြေပေးခဲ့တာ၊ ရွေးချယ်ခဲ့တာဟာ နှလုံးသားရဲ့စေညွှန်ချက် ချစ်ခြင်းသက်သက်နဲ့ပါ။ ဘာအရောင်၊ ဘာ ပကာသနမှ မရောယှက်ထားတဲ့ ပကတိဖြူစင်ခြင်းနဲ့ပါ သီတာ''

''ဟင်း. . . ခက်ချေပြီကော'ဆင့်'ရယ်။ ဒီအချိန်မှာ 'ကျော့်' အပေါ်ချစ်တဲ့စိတ်တွေက 'ဆင့်'မြင်လွှာကို တိမ်လိုဖုံးအုပ်ထားတော့ အမှန်ကိုမမြင်နိုင်တာ မဆန်းပါဘူး''

''ဘာရယ်! အမှန်ကိုမမြင်ဘူး၊ ဟုတ်လားသီတာ၊ 'ကျော့်'ကို 'ဆင့်'ချစ်တာ မှားတယ်လို့ သီတာစွပ်စွဲလိုက်တယ်ပေါ့လေ''

''အတိအကျတော့ မဆိုလိုပါဘူး 'ဆင့်'။ အချစ်ဆိုတာ ဘဝ မဟုတ်ပေမယ့် အစိတ်အပိုင်းတစ်ခုအနေနဲ့တော့ အရေးပါကောင်းပါ နေမှာပါ။ ဒါပေမဲ့ သူတစ်ခုတည်းနဲ့တော့ ဘဝကိုတည်ဆောက်လို့မရဘူး''

သူမတီးတိုးရယ်မောလိုက်မိ၏။ အချစ်ဆိုတာ ဘဝရဲ့အစိတ် အပိုင်းတစ်ခုတဲ့လား။ ဘဝနဲ့ချီပြီးတောင် ပြောတတ်နေပါရောလား သီတာ၊ စိတ်စေတသိတ်ရဲ့စေ့ဆော်မှုနဲ့ နှလုံးသားရဲ့ဦးညွှတ်ဒူးထောက် ပေးမှုကြောင့် အချစ်ရဲ့ကျေးကျွန်ဘဝကို လိုလိုလားလားနဲ့ ဆင်းသက် ခဲ့ရတာတွေကို သီတာသိအောင် ဘယ်လိုပြောရပါ့မလဲ။

အရွယ်ရဲ့အသိ၊ အသက်ရဲ့အချိန်က အချစ်ကိုရှာဖွေတွေ့ရှိခဲ့ တာဟာ လူတိုင်းမှာရှိနေမှာ မလွဲပါဘူး၊ ကာလဒေသကွဲပြားသွားတာမျိုး ပဲရှိနေမှာပါ သီတာရယ်။ လူ့ဘဝမှာ လူဖြစ်လာတဲ့သူမှန်သမျှ အချစ်နဲ့ မကြုံတွေ့ဖူးတာဆိုပြီး ရှိမနေပါဘူး၊ ပထမအရွယ်နဲ့ ဒုတိယအရွယ်ရဲ့ ကြားကာလ အပိုင်းအခြားကလေးမှာ သင်ပေးတဲ့သင်ခန်းစာတစ်ခုကို ပုထုဇဉ်တိုင်း အလိုလိုတတ်မြောက်ကြမှာအမှန်ပါလေ။

''သီတာပြောတာကို လှောင်ချင်တာလား 'ဆင့်'။ သီတာက စိတ်ကိုအလိုမလိုက်ဘူး။ ကိုယ့်စိတ်ကို ကိုယ်သာ ချုပ်အုပ်ထိန်းချုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



မနိုင်ရင် ဘဝမှာ အမှားအယွင်းတွေဖြစ်လာနိုင်တယ်လို့ပဲယူဆတယ်"

"အဲဒါ အချစ်ဆိုတာနဲ့ သီတာမတွေ့သေးလို့ပါကွယ်"

"ဘယ်လို"

"ဟုတ်တယ်. . . အချစ်နဲ့ဆုံတွေ့လာရင် လူတွေမှာ မာနတွေ အတ္တတွေရှိမနေတော့ဘူး။ တစ်ယောက်ကိုတစ်ယောက် ကာကွယ်ဖို့ ပေး ဆပ်ဖို့၊ အနစ်နာခံဖို့ဆိုတဲ့သတ္တိတွေ ဖြစ်ထွန်းလာစေတာလေ။ အနာ ဂတ်ကိုရင်ဆိုင်ဖြတ်သန်းဖို့ ခန္ဓာကိုယ်တွင်းမှာ ခွန်အားတွေအများကြီး ဖြစ်တည်လာစေတာ သီတာရဲ့။ အချစ်ဆိုတာကို 'မီး'လို့ဆိုပြီး လူတွေ တင်စားတာကိုကြားဖူးပေမယ့် ရင်ကိုအေးမြစေတဲ့အနှစ်သာရဟာ စစ် မှန်တဲ့ချစ်ခြင်းတွေမှာသာ ရှိတာပါကွယ်"

ဘယ်သူများ တားချင်နေကြမလဲ၊ မိဘတွေမသိမမြင်အောင် သိုသိပ်စွာချစ်ခဲ့ကြတာပါလေ။ ကိုမောင်တို့လာပြောတဲ့ကိစ္စကို ကျော်သိ အောင် ပြောမပြမိသေးပါ။ ဘဝကိုရုန်းကန်နေရတဲ့ချစ်သူအတွက် အား ကျိုးမာန်တက်ကြိုးစားနေတဲ့ခွန်အားတွေ ယုတ်လျော့သွားမှာစိုးရိမ်လို့ ပါပဲ။ နှလုံးသားချင်းဖလှယ်ပြီးတဲ့နောက်ပိုင်းမှာ ကျော့်ကို ဘယ်လိုနဲ့မှ စိတ်မဆင်းရဲစေချင်ပါ။

တွေ့ချိန်နည်းပါးပေမယ့် တစ်နာရီပဲဖြစ်စေ၊ တစ်မိနစ်ပဲဖြစ် စေဦးတော့ ကျော့်မျက်နှာကိုကြည့်ခွင့်၊ ကျော့်ရင်ခွင်မှာ နိုနားပြီး စကား တွေ အပြန်အလှန်ပြောရတဲ့အခွင့်အရေးလေးရချိန်မှာ သူမရဲ့ကမ္ဘာလေး ငြိမ်းချမ်းပြည့်စုံသွားတယ်ဆိုတာကို ဘယ်သူများသိနိုင်မှာတဲ့လဲ၊ သြော် ကျော်ရယ်။

"ဆင့်ရယ် ငါဖြင့်အံ့ဩလို့မဆုံးဘူး။ သူ့ နင့်ကိုဘယ်လိုသည် တွေနဲ့ဖွင့်ပြောခဲ့လို့ ဘယ်လိုစိတ်ဘယ်လိုအတွေးတွေနဲ့များ နင် ပြန်လက် ခံခဲ့တာလဲ"

"နှုတ်နဲ့ဖွင့်ပြောခဲ့တာမဟုတ်ပါဘူး သီတာ။ 'ဆင့်'တို့ ဆယ် နောက်ဆုံးဖြေတဲ့နေ့မှာ ပြန်ခါနီး 'ဆင့်'လက်ထဲ စာအိတ်လေး ထည့်





ပေးလိုက်တာ"

"အဲဒါနဲ့. . "

"Result ထွက်တော့ သူအစောကြီးရောက်နေတာလေ၊ အဲဒီ မှာ 'ဆင့်'အဖြေပေးလိုက်တာပဲ"

"မြန်လိုက်တာ၊ သီတာနဲ့တောင်မတိုင်ပင်ဘူး'ဆင့်'ရယ်"

"တိုင်ပင်ရအောင် သီတာနဲ့တွေ့မှမတွေ့ဖြစ်တော့တာကိုး၊ သီ တာ့စိတ်ထဲ မြန်တယ်လို့ထင်ချင်ထင်ပေမယ့် 'ဆင့်'က ကျော်ဖွင့်မပြော ခင်ကတည်းက ချစ်နေတာလေ"

"မိန်းမ"

သီတာက သူမလက်မောင်းကို ဖတ်ခနဲရိုက်လိုက်လေ၏။ ကဲ, ဘယ်လိုပြောဦးမှာလား။ တစ်နှစ်ပတ်လုံးကို ကျောင်းဝတ်စုံလေးနှစ်စုံနဲ့ တက်ခဲ့တဲ့ကောင်လေး၊ ဂျပန်ဖိနပ်လေးနဲ့စက်ဘီးစုတ်လေးပေါ်မှာ ဟောင်း နွမ်းနေပြီဖြစ်တဲ့ လွယ်အိတ်လေးလွယ်ပြီး ကျောင်းတက်ခဲ့တဲ့ကျောင်း သားလေးအပေါ် သဒ္ဓါ၊ စေတနာတွေ၊ မေတ္တာတွေက ရေတံခွန်က စီး ကျတဲ့ရေတွေလို ကမ်းပြိုလုမတတ် ပုံကျခဲ့မိတာလေ။

တစ်ယောက်တည်းငြိမ်ပြီး စာလုပ်နေရင် ဘာမှမဖြစ်ပေမယ့် တခြားမိန်းကလေးတွေနဲ့ တစ်ခွန်းတစ်လေလေး စကားပြောမိတာလေး ကိုပဲ မကြိုက်ချင်တာ၊ မျက်မှောင်ကြုတ်ထားပြီး တည်တင်းတဲ့မျက်နှာ ထက်က ရှားပါးတဲ့အပြုံးကို မြင်တွေ့ချင်တာ၊ နှစ်သက်သဘောကျစရာ မရှိင် ဟားတိုက်မရယ်ဘဲ ထိန်းချုပ်မှုများစွာနဲ့ တီးတိုးရယ်မောတတ်တာ တွေကို အများနဲ့မတူ တစ်မူထူးပြီး သူမ စွဲလန်းခဲ့မိတာပေါ့။

ကျော်၊ 'ဆင့်'ရဲ့အချစ်၊ 'ဆင့်'ရဲ့နှလုံးသား၊ 'ဆင့်'ရဲ့အသက်။ 'ဆင့်'ရဲ့အိပ်မက်၊ 'ဆင့်'ရဲ့အနာဂတ်၊ 'ဆင့်'ရဲ့အသည်းထက် ကဗ္ဗည်း ထင်ထားတဲ့ ပုံရိပ်လေး'ကျော်'ရယ်ပါ။

"အန့်တီခင်သိရင် ခက်ကုန်တော့မှာပဲ"

"မမေးရင်လည်း ပြောရမှာပဲလေ သီတာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! 'ဆင့်'ရယ်. . . သတ္တိတွေ သိပ်ရှိနေတာပါလား"

"ဟုတ်တယ်လေ သီတာရဲ့၊ ဒါ 'ဆင့်'ဘဝရဲ့အနာဂတ်ပဲဟာ။ 'ဆင့်'လျှောက်မယ့်လမ်းမှာ 'ဆင့်'ရဲ့လက်ကိုတွဲခေါ်မယ့်သူဟာ 'ဆင့်' သိပ်ချစ်တဲ့ကျော်ပဲဖြစ်ရမှာပေါ့။ မဟုတ်ဘူးလား"

"သွားပြီ။ ဆင့်တော့ ရူးပြီထင်ပါရဲ့"

"လူဆိုတာ အရူးတွေပဲဆို. . . ဥစ္စာရူး၊ ပညာရူး၊ လင်တ မယားတရူးတွေအားလုံးထဲမှာ အချစ်ရူးက အများကြီးသာတာပေါ့။ မှန်ရဲ့လား"

"အလိုလေး! ပြောမိတာကိုက မှားပါတယ်အေ။ အန်တီခင် မေးရင် သီတာတော့ 'ဘူး'ချည်းခံရတော့မှာပဲ"

"ငြင်းနိုင်ပါတယ်သီတာရဲ့။ ကျော်နဲ့ချစ်ကတည်းက သီတာ မှမသိခဲ့တာကိုး"

တစ်နေ့နေ့တော့ မေမေတို့သိမှာပါပဲ။ အဲဒီနေ့ကို အပူအပင်မဲ့ စိတ်အေးအေးနဲ့ရင်ဆိုင်ဖို့သတ္တိတွေ 'ဆင့်' စုဆောင်းထားပါတယ်။ နားပူအောင်ဆူကြမှာ သေချာပါရဲ့။ ဒါပေမဲ့ ပြုံးပြုံးလေးငြိမ်ခံနိုင်အောင် ကြိုးစားမှာပါ။ 'ဘဝ'ဆိုတာ 'တိုက်ပွဲ'လို့ ကျော်ပြောခဲ့ဖူးသလို ကျော်နဲ့ အတူနေခွင့်ရဖို့အတွက် အဲဒီတိုက်ပွဲကိုအကြံ့အခံနဲ့ မိဘတွေကို 'ဆင့်' ရင်ဆိုင်မှာပါ။

တားတော့တားကြမှာအမှန်ပါပဲ။ တစ်ဖက်မှာ ကိုမောင်ရဲ့မိဘတွေက 'ဆင့်'နဲ့ ကိုမောင့်ကို လက်ထပ်ဖို့မြန်းပေးဖို့ တာစူနေတာလေ။ ချိန်ခွင်လျှာညီစရာမလိုအောင် ကျော့်ဘက်က လိုအပ်ချက်တွေအများကြီးရှိနေတာမှန်ပေမယ့် ချစ်တဲ့စိတ်လေးတစ်ခုနဲ့ ကျော့်ဘက်က ချိန်ခွင်လေးကို အလေးသာခွင့် ပေးလှည့်ပါ။

"နင်. ကျော့်အမေနဲ့တွေ့ဖြစ်သေးလား"

"ဟင့်အင်း. ဆယ်တန်းနှစ်အစမ်းစာမေးပွဲပြီးတဲ့နေ့တုန်းကပဲ တစ်ခါလား. တွေ့ဖူးတာလေ"





"ဒေါ်လေးမှာ နင့်ကိုကြည့်တာ တစ်မျိုးကြီးပဲနော်။ နင်မှတ်မိလား"

"အင်း. မှတ်မိပါတယ်။ ကျော်က မာနမရှိပေမယ့် ဒေါ်လေးကတော့ မာနရှိပုံပဲ"

အာရုံက လွန်ခဲ့သည့် (၁၀)လခန့်ကို ပျံ့သွားရပါ၏။ သူမနှင့် သီတာ စက်ဘီးတစ်စီးဖြင့် အကြော်သွားစားဖို့ ရောက်သွားခဲ့တာလေ။ အဲဒီတုန်းက ဒေါ်လေးတစ်ယောက်တည်း အလုပ်တွေရှုပ်နေပြီး ကျော့်ကိုမတွေ့ရတဲ့ ညနေချိန်ပေါ့။

"ကျော် မရှိဘူးလားဟင်. ဒေါ်လေး"

စူးခနဲကြည့်လာသည့်မျက်ဝန်းများက မေးခွန်းပေါင်းများစွာ ခံနေပါ၏။ မျက်နှာဝိုင်းဝိုင်းနှင့် ဆံပင်ကို နောက်ဘက်သို့လှန်ပြီးထားပြီး နှုတ်ခမ်းပါးတို့က ခပ်စေ့စေ့၊ အရယ်အပြုံးနည်းပါးပြီး မျက်လုံးတို့က တောက်ပနေတာလေ။ ဆင်းရဲပေမယ့် အဝတ်အစားတို့က စုတ်ပြတ်ညစ်ပေနေခြင်းမရှိဘဲ သန့်ပြန့်သပ်ရပ်နေကာ ပေါင်ထက်မှာ ပုဆိုးစုတ်တစ်ထည်ကိုလွှားတင်ထားပုံက အထည်ကြီးပျက်ဖြစ်ခဲ့သည့်အမျိုးသမီးကြီးနှယ် ထင်ရလေ၏။ ဒါ.ကျော့်ရဲ့အမေ ဒေါ်အမာတဲ့လား။

"ဒီအချိန် သားမရှိဘူးကွယ့်။ ရေလိုက်ထမ်းပို့နေတယ်"

"ဪ"

"(၆)နာရီခွဲ အဒေါ်ဆိုင်သိမ်းခါနီးမှလာမှာ။ သမီးတို့က သားနဲ့ တစ်တန်းတည်းလား"

"ဟုတ်ပါတယ် အဒေါ်၊ 'ဆင့်'နာမည်က သန်းသန်းဆင့်ပါ။ သူက သီတာအေးလေ"

"သားမှာ မိန်းကလေးသူငယ်ချင်းရှိတယ်လို့ တစ်ခါမှမကြားဘူး"

"ဟုတ်ပါတယ် ဒေါ်လေး၊ ကျော်က အတန်းထဲမှာ သိပ်အနေအေးတဲ့သူပါ"



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့များတောင် ကောင်လေးဆီလာလည်တဲ့သဘောပေါ့လေ' ဟု အဓိပ္ပာယ်ရသည့်အကြည့်တို့ဖြင့် ကြည့်ခြင်းကိုခံရလေ၏။ ခဏကြာမှ ထပြန်စဉ် လမ်းမှာ ရေထမ်းပုံးနှင့်ပြန်လာသည့်ကျော်နှင့် ဆုံရခြင်းဖြစ်သည်။ အားချိန်နားချိန်တောင်မရှိဘဲ စာတော်သည့်ကျော့ကို သူမသနားပြီးရင်း သနားနေမိတာ အပြစ်လို့မြင်ကြမှာလားလေ။

"သူတို့ အိမ်ရွှေ့ရတယ် သီတာရဲ့"

"ဟင်! ခုဘယ်မှာနေတာတဲ့လဲ"

"ဟိုဘက်ကွက်သစ်မှာ နေရာပြန်ရတယ်ပြောတာပဲ။ အခုထက်တော့ ပိုဝေးသွားတာပေါ့"

"နင်တို့ နေ့တိုင်းတွေ့ဖြစ်ကြလား ဆင့်"

"ဟင့်အင်း, ညညတော့ ခြံရှေ့ကိုလာတာပဲ။ အခု အလုပ်နေတော့ အမြဲမလာဖြစ်တော့ဘူး။ အားတဲ့ရက်လာပါလားဆိုတော့ မလာချင်ဘူးတဲ့လေ"

"ဘာဖြစ်လို့တဲ့လဲ"

"သူက တက္ကသိုလ်ကျောင်းသားမှမဟုတ်ဘဲတဲ့လေ"

"ဟယ်! သူလည်း အဝေးသင်တက်နေတာပဲဟာကို"

"မတူဘူးတဲ့ သီတာရဲ့။ တစ်ခါတစ်ခါ သူအားငယ်တဲ့စကားမျိုးပြောလာရင် 'ဆင့်'တအားငိုချင်တာပဲ။ ကျော်နဲ့ဆင့်က အရမ်းအလှမ်းကွာမှန်းသိပေမယ့် သူက ချစ်မိတာတဲ့။ ရှေ့ရေးကိုကြိုတွေးရင့်,ရင်မောမိတယ်တဲ့လေ။ 'ဆင့်'ကို မြေကြီးပေါ်မခေါ်ရက်ဘူးတဲ့။ ဘုံပေါ်စံနေရတဲ့ ခြေဖဝါးလေး ရွှံ့ပေမှာ မကြည့်ရက်လို့ဆိုပြီး ကျော်ပြောတော့ 'ဆင့်'စိတ်ထိန်းမရခဲ့ဘူး။ 'ဆင့်'မျက်ရည်ကျအောင်ပြောမိလို့ပြီး နောက်, ဘယ်မှမပြောမိအောင်နေမယ်တဲ့လေ"

"နင်တို့အဖြစ်ကလည်းဟယ်"

သီတာက စိတ်မသက်မသာညည်းလိုက်လေ၏။ ရင်ထဲမှာ မကောင်းဖြစ်ရပေမယ့် ကျော်နဲ့ချစ်သူဖြစ်ခွင့်ရရုံနဲ့ 'ဆင့်'ကျေနပ်ပါတယ်။





ကျော့်ကျောင်းမှာ ဘယ်ကောင်လေးတွေပဲ 'ဆင့်'ကို ဘယ်လိုကြည့်ကြည့်၊ ရည်းစားစာ ဘယ်လိုပဲ လိုက်ပေးပေး၊ ချစ်စကားတွေ ဘယ်လောက်လိုက်ပြောပြော 'ဆင့်'နှလုံးသားမှာ မတုန်လှုပ်တော့ပါဘူး။

နှလုံးသားက ရင်ထဲမှာ သိမ်းထားတာ အစစ်မှမဟုတ်တော့ 'ဆင့်'ရင်တွင်းမှာ ကျော့်နှလုံးသားရှိနေတာဖြစ်သလို၊ ကျော့်ရင်ထဲမှာက 'ဆင့်'ရဲ့နှလုံးသားရှိနေတာလေ။ ဖလှယ်ခြင်းသံယောဇဉ်တွေ ချည်နှောင်ထားတဲ့မေတ္တာကွန်ယက်က သံမဏိလိုခိုင်မြဲနေတာမို့ ဘယ်ဒုက္ခတွေ လာဖျက်ဖျက် မပြတ်တောက်နိုင်တာ အသိုင်အမာပါပဲ။

ကျော်ရယ်, အနေဝေးပေမယ့် 'ဆင့်'နှလုံးသားတွေ မအေးခဲဘဲ နွေးထွေးနေဆဲပါ။ ညစဉ်မြင်မက်ရတဲ့အိပ်မက်တွေထဲမှာထက် လက်တွေ့အပြင်မှာ နီးစပ်ခွင့်ရချင်ပါတယ်။ ခပ်မှိန်မှိန်ဓာတ်မီးတိုင်အောက်မှာ ရပ်ကြည့်နေလေ့ရှိတဲ့ မှုန်ဝါးဝါးကျော့်မျက်နှာရိပ်ထက် နေ့ခင်းဘက်ကြည်လင်စွာမြင်ရမယ့် ကျော့်ပုံရိပ်ကိုသာ လိုချင်နေတာပါ။

ဒါတွေကို ကျော် သိနိုင်ပါ့မလား။ ချစ်သူ့မျက်နှာ'တစ်ရွာ'ထင်တယ်ဆိုတာ သီချင်းစာသားတွေထဲမှာပဲရှိတာမဟုတ်ပါဘူးကျော်၊ အပြင်မှာလည်း တကယ်ရှိနေတာပါ။ မည်းမှောင် လွှမ်းဆွေးနေပါစေ၊ ဘယ်လောက်ပဲ စိတ်တွေညစ်နွမ်းနေပါစေ၊ ကျော့်မျက်နှာလေးကို ခဏတဖြုတ်မြင်လိုက်ရရုံနဲ့ ရင်ထဲကအမောတွေ အားလုံးပြေပျောက်သွားတယ်ဆိုတာကို ကျော်ယုံပါ့မလား။ အပိုတွေမပြောတတ်တဲ့ချစ်သူလေးရဲ့စကား နှလုံးသားနဲ့ ကျော် နားထောင်နိုင်ပါစေလေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

''အမေ!. . .''

ရုးခနဲအော်လိုက်သည့် မိခါအသံကြောင့် အလုပ်သွားရန်ပြင်နေရာမှ သူမတ်ခနဲဖြစ်သွားရပါ၏။ အမေက ထမင်းအိုးနှပ်နေတာကို ချ၍ ရေနွေးအိုးတင်ကာ တစ်ဖက်အိမ်သို့ ပြေးချေပြီ။ ချွတ်လိုက်သည့် ကိုယ်ကျယ်ကို ပြန်ဝတ်ကာ သူပါလိုက်ခဲ့၏။

''သမီး မိခါ၊ မစာ့ ဘာဖြစ်လို့လဲ''

''အမေ မူးတယ်ဆိုပြီး လဲကျသွားတာပဲ အမေမာရဲ့။ အမေ့ကို ခေါ်ပေးကြပါဦး''

''ဟဲ့၊ ဒီအတိုင်းထားလို့မဖြစ်ဘူးလေ။ ဆေးရုံပို့မှဖြစ်မှာပေါ့။ သားရေ. . ''

''လာပြီအမေ''

''ဗိုးစိန်တို့ကိုပါ ခေါ်ဦး။ လေးဘီးငှားပြီး သွားကြစို့။ ဟဲ့! ကျီး



www.burmeseclassic.com

www.burmeseclassic.com



ကန်းနဲ့ စာကလေး''

''ဗျာ. . . ဒေါ်ကြီး''

''နင်တို့မောင်နှမနှစ်ယောက် တို့နှစ်အိမ်မှာ စောင့်ပေးကြစမ်း။ မီးကြွင်းတွေရှိတာ ရေလောင်းဖို့မမေ့နဲ့ဦး။ သမီး မိခါ၊ လာလိုက်ခဲ့''

စောင်ပုခက်ဖြင့်ထမ်းထုတ်ကာ လေးဘီးနှာ၌ ဆေးရုံသို့အပြေးအလွှားရောက်ခဲ့ပါ၏။ တစ်လမ်းလုံး တအင်းအင်းဖြင့် တိုးတိုးလေးညည်းညူလာသည့်ဒေါ်စာတစ်ယောက် အမေ့လက်ကိုကိုင်ထားသည်က မြဲမြဲစွာ။ ဗလုံးဗထွေးဖြင့် ဘာတွေမှာမှန်းမသိပေမယ့် အမေကတော့ ခေါင်းကိုသာ တဆတ်ဆတ်ညိတ်ပြနေလေသည်။

''အေးပါ မစာရယ်, အေးပါ၊ ညည်းသမီးကို ပူမနေနဲ့၊ စိတ်ချပါအေရယ်''

ဆေးရုံကိုရောက်တော့ ဆရာဝန်တွေ စမ်းသပ်ပေးနေစဉ်မှာပင် ဒေါ်စာတစ်ယောက် ဇက်လည်ကျသွားရှာလေ၏။ မိခါလေး၏ရင်ကွဲလုမျှငိုသံက ကြားရသူတိုင်း၏နှလုံးသားကို ဆုပ်ကိုင်ညှစ်ထားလိုက်သည်နှယ်ပင်။

''အမလေး. . . အမေရဲ့၊ မိခါကိုစိတ်မချဘူးဆို၊ ဒီသမီးလေးတစ်ယောက်တည်းမို့ စိတ်မချလို့ဆိုပြီး ကျောင်းတောင်မှဆက်မတက်နိုင်းတော့တာလေ။ ခုတော့ မိခါကို စိတ်ချလက်ချထားသွားရက်ပြီလားအမေရဲ့။ အီးဟီးဟီးဟီး. . .''

''ငိုပါစေ, သွားမချော့နဲ့၊ လွှတ်ပေးထားလိုက်။ အဲဒီလို ငိုမှရင် တက်သွားတတ်တယ်''

အမေ့စကားကြောင့် မိခါကို ဘယ်သူမှမဆွဲကြပေ။ ဒေါ်စာအလောင်းကို အပေါ်မှဖက်ကာ ရှိုက်ကြီးတငင်ငိုကျွေးနေပုံမြင်ကွင်းကရင်နင့်ဖွယ်ပင်။ အမေတစ်ခုသမီးတစ်ခုပေမို့ ဒီအမေနဲ့ ဒီသမီး ခဏတဖြုတ်လေးတောင် ခွဲဖူးခဲ့တာမှမဟုတ်ဘဲ။ အခုတော့ဖြင့် ဒေါ်စာတစ်ယောက် မိခါလေးကို မျက်စိစုံမှိတ်ပြီး ထားခဲ့ရက်ပြီပဲလေ။





''အိမ်မှာလဲကျသွားကတည်းက ခေါင်းကို ထိသွားတာဖြစ်မှာပါ။ ဦးနှောက်သွေးကြော ပြတ်သွားတာပါပဲ''

ဆရာဝန်၏လေသံက ခပ်ပျော့ပျော့။ အမေကတော့ သူငယ်ချင်းသေတာကို စိတ်မကောင်းဖြစ်ပေမယ့် မျက်ရည်မကျဘဲ တင်းထားနိုင်တာ လူကြီးဖြစ်လို့ပဲလား မသိပါလေ။

''အိမ်ပြန်ခေါ်ရမှာလား''

''ဘယ်ဖြစ်မလဲ သားရဲ့။ အလောင်းကို ရပ်ကွက်ထဲပြန်မသယ်ကောင်းဘူး။ ရပ်ကွက်နာပြီး ကိုးလောင်း ဆက်တတ်တဲ့အယူရှိတယ်။ အအေးတိုက်မှာပဲထားဖို့စီစဉ်၊ ပြီးရင်ပြန်ကြစို့။ မိခါလေးကိုချော့ခေါ်''

အမေ့အစီအစဉ်အတိုင်းလိုက်လုပ်ပြီး မိခါကိုဆွဲထူခေါ်တော့ ရှိသမျှအားနှင့် ရုန်းကန်ရှာလေ၏။

''မလိုက်ဘူး. . . အမေ့ကို တစ်ယောက်တည်းမထားခဲ့နိုင်ဘူးအမေရေ့''

ဩော်, သေတဲ့လူကိုပဲ ပြောင်းပြန်တွေ ပြောနေတော့တာပါလား။ သူကိုယ်တိုင်ကလည်း အမေတစ်ခုသားတစ်ခုမို့ ကိုယ်ချင်းစာနာတတ်ပါတယ်လေ။

''မိခါ မပြန်လို့မဖြစ်ဘူးလေ။ အိမ်မှာ ပြန်စီစဉ်ရမှာတွေရှိသေးတယ်ဟ။ ထ, လာ''

''ကိုနိုင်ရယ် အမေ့ကိုကြည့်ပါဦး။ မိခါပင်ပန်းမှာစိုးလို့ဆိုပြီး အမေပဲ ဒိုင်ခံချက်ပေးနေတာလေ။ မနက်က,နေသိပ်မကောင်းလို့ဆိုပြီး ဆိုင်တောင်မထွက်ဖို့ပြောနေသေးတာ။ အကောင်းကြီးရှိသေးတယ်၊ မူးတယ်ဆိုပြီး တစ်ချက်လေးမိုက်ခနဲဖြစ်သွားတာနဲ့. . . အင့်''

''တိတ်ပါ မိခါရယ်၊ ဘယ်တတ်နိုင်ပါ့မလဲ။ ဖြစ်သွားပြီးလို့''

''ကိုနိုင်က ပြောအားရှိမှာပေါ့။ ကိုနိုင့်အမေက ဘာမှဖြစ်တာမှမဟုတ်ဘဲ''

''ဟောဗျာ. . .''



www.burmeseclassic.com

www.burmeseclassic.com



ငိုကြီးချက်မနှင့်ကြားထဲ သူ့ကိုရန်ထောင်တာမို့ အံ့ဩသွားရပါ၏။ အမေက ဘာမှဆက်မပြောရန် မျက်ရိပ်ပြကာ မိခါလက်မောင်းတစ်ဖက်ကိုဆွဲခေါ်တော့လည်း အလိုက်သင့်ပါလာတာပဲလေ။

"အမေရယ်. . . ဟင့်ဟင့်"

"တိတ်ပါသမီးရယ်၊ ဒီမှာ အမေမှာတစ်ယောက်လုံးရှိပါသေးတယ်။ သမီးတစ်ယောက်တည်း ကျန်ရစ်ခဲ့ရပေမယ့် သမီးမှာ အစ်ကိုရော နောက်ထပ်အမေတစ်ယောက်ပါ ကျန်သေးမှန်းသိပါ။ သေတဲ့လူကသေပြီ သမီးက ဒီလိုငိုနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ သွားလေသူ စိတ်ချသွားသလို သမီးက မစာပြောခဲ့တဲ့အတိုင်း လိုက်လုပ်ပေးလိုက်ပါ။ သမီးအမေကျေနပ်သွားမှာပါကွယ်. . . နော်"

ပြောတော့လည်း ခေါင်းညိတ်ရှာသား။ ဈာပနကိစ္စဆွေးနွေးရတာထက် မိန်းကလေးတစ်ယောက်တည်း ကျန်ရစ်ခဲ့တာကို စောင့်ရှောက်ရမယ့်ကိစ္စက ပို၍အရေးကြီးနေပြန်၏။ အိမ်ကျဉ်းကျဉ်းလေးထဲမှာ အရပ်လူကြီးတွေ လူငယ်တွေနှင့် ပြည့်နှက်နေလေသည်။

"ရက်လည်တစ်ပတ်အတွင်းက ထားပါတော့. . . မိခါကိုတစ်ယောက်တည်းတော့ အိမ်ထဲထားလို့မဖြစ်ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

ရပ်ကွက်လူကြီးဦးပန်းလှက စကားစတော့ ဘယ်သူမှထမပြောရဲကြ။ အားလုံး လက်လုပ်လက်စားမိသားစုတွေပဲမို့ လူတစ်ယောက်ရဲ့တာဝန်ကိုယူရဲတာ သဘာဝကျပါတယ်လေ။ အမေက မိခါကို အတွင်းခန်းထဲမှာ သိပ်ထားပြီးမှ အပြင်သို့ပြန်ထွက်လာ၏။

"ဒေါ်အမာရော ဘယ်လိုသဘောရသလဲ"

"ဘယ်ကိုလဲ ကိုပန်းလှရဲ့"

"မိခါလေးကို စောင့်ရှောက်ဖို့လေ"

"အို့. ဘာများခက်လို့လဲ။ မစာက ကျွန်မသူငယ်ချင်းပဲဟာ ဒီတော့ မိခါလေးက ကျွန်မသမီးပေါ့။ ကျွန်မအိမ်မှာပဲ ခေါ်ထားရုံရှိတာပဲ"





"မဟုတ်သေးဘူးလေ၊ ဒေါ်အမာ့မှာက သားယောက်ျားလေး ရှိတယ်ဆိုတော့"

"ဘာဖြစ်လဲရှင့်၊ သားနဲ့ မိခါက တစ်သက်လုံးမောင်နှမတွေလိုပဲ နေလာခဲ့ကြတာ ဆန်းသလား။ တစ်အိမ်တည်းအတူနေလို့ ကြီးချင်းထား ကြီးချင်းငြိ၊ အိုးချင်းထား အိုးချင်ထိသွားရင်လည်း ကိစ္စမရှိဘူး. . . ပေးစားလိုက်ရုံပဲ၊ ဘာများနစ်နာစရာရှိလို့လဲ။ ကန့်ကွက်ချင်ကြသေးလို့လား"

ကဲ. ပြီးပါလေရော။ အမေ့အဆုံးအဖြတ်မှာ ကျန်တဲ့လူတွေပါးစပ်ပိတ်သွားရတော့တာပါပဲ၊ မိခါတော့ မည်သို့နေမည်မသိ။ သူကတော့ မျက်နှာပူပြီး အိမ်ဘက်ပြန်လစ်ခဲ့ရတာလေ။

အမေ ဘယ်လိုများပြောလိုက်တာပါလဲ။ သူ့မှာက 'ဆင့်'တစ်ယောက်လုံး ရှိနေတာမဟုတ်လား။ သူချစ်သူကလွဲပြီး တခြားဘယ်မိန်းကလေးတစ်ယောက်ကိုမှ သူ လက်မထပ်ချင်ပါလေ။

အမေအိမ်ရောက်လာတော့ အိမ်ရှေ့မှာ မျက်နှာစူပုပ်၍ထိုင်နေသည့်သူ့ကို မြင်၍အံ့ဩသွားလေ၏။

"ဒါက ဘာဖြစ်နေတာတုန်း၊ သူများ နာရေးဖြစ်နေချိန် မင်းက ကြက်မှသိုးမမျက်နှာနဲ့ အိမ်ရှေ့မှာ ထိုင်နေရသလား ကျော်နိုင်"

"အမေက ဦးလေးပန်းလှတို့ရှေ့မှာ ဘာစကားတွေပြောရတာလဲဗျ"

"ဟဲ့. မင်းညီမကို အိမ်ခေါ်ထားမယ့်ကိစ္စ ငြင်းချင်လို့လား"

"အိမ်ခေါ်ထားတာ အကြောင်းလားအမေရဲ့။ ကျွန်တော်မငြင်းပါဘူး"

"ဒါဖြင့် မင်းက ဘာကိုများမကျေမနပ်ဖြစ်နေရတာတုန်း"

"အမေပဲ မိခါနဲ့ကျွန်တော့်ကိုသဘောတူတယ်ဆိုပြီး လျှောက်ပြောနေတာလေ"

"အေးလေ. အဲဒါဘာဖြစ်လဲ၊ မိခါမှာ ပညာလေးမတတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလေးပဲ အပြစ်ရှိတယ်။ ဒါလည်း သေစာရှင်စာလောက် သူရေးတတ် ဖတ်တတ်သေးတာ တော်ပြီပေါ့။ ရုပ်လေးလည်း ရှိတယ်။ လျှော်တတ် ဖွတ်တတ်တယ်။ အမေ့အပေါ်လည်း ရိုသေသလို သားအပေါ်လည်းချစ် ရင်းစွဲရှိထားပြီးသား။ ဒီတော့ ဒီလိုမိန်းကလေးမျိုးနဲ့မှ ငါ့သားကိုသဘော မတူရင် ဘယ်သူနဲ့သွားတူရမလဲ ကျော်နိုင်ရဲ့၊ ပြောစမ်းပါဦး''

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ မိခါကိုများ မွန်းနေလိုက်တာ ညွတ်နေတာပါပဲလား။ 'ဆင့်'ရဲ့အလှခြေဖျားကိုပင် မမီနိုင်တာ အမေမှ မသိဘဲလေ။ မပြောသေးချင်ပေမယ့် ဒီအချိန်ရောက်မှတော့ ပြောရတော့ မှာပဲ။

''အမေကလည်း ဇွတ်ပြောနေတာကိုး၊ဗျ။ ကျွန်တော့်မှာ ချစ်သူ ရှိထားပြီးသား''

''ဟဲ့, ဘယ်သူများတုန်း''

''အထက်တန်းတက်တုန်းက သူငယ်ချင်း'ဆင့်'လေ''

''ဘယ်လို! ဟိုတစ်နှစ်က လာလည်တဲ့ဖြူဖြူချောချောလေးကို ပြောတာလား''

''ဟုတ်ဘယ်''

''အမလေး. . . ကျော်နိုင်ရယ်။ မလိုက်မဖက်၊ ကိုယ်နဲ့တန်ရာ ကိုမမှန်းဘူး။ ဟိုက မြေမထိတဲ့ ကုဋေရှစ်ဆယ်သူဌေးသမီး၊ မင်းက တစ်နေ့လုပ်မှတစ်နေ့စား ရုန်းကန်နေရတဲ့ဆင်းရဲသား။ ဖြစ်နိုင်မဖြစ်နိုင် ကို စဉ်းစားတတ်ဦးမှပေါ့''

''ဆင့်က ကျွန်တော့်ကိုသိပ်ချစ်တာအမေရဲ့''

''အမလေးနော်၊ မိခါလည်း မင်းကိုချစ်ရှာတာပဲ ကျော်နိုင်ရဲ့၊ သူဌေးသမီးနဲ့ရမှ မင်း့ဆီပြန်ဟင်းစားရတာမှမဟုတ်တာ။ မင်းစားချင် တာ မင်းကြိုက်တာမှန်သမျှ ဘယ်နခါများ တောင့်တခဲ့ရဖူးသလဲ၊ မိခါ လေးက အဆင်သင့်ချက်ကျွေးတာလေ။ တစ်ကျပ်တန်ငွေနဲ့ တစ်ကျပ်တန် မှန်ကိုပဲ ဝယ်စားလို့ရမယ်။ တစ်ဆယ်တန်မှန့်ကို မမျှော်စမ်းပါနဲ့ ငါ့သား





ရယ်''

အမေက သူ့ပခုံးကို ဖတ်ခနဲပုတ်လိုက်ပြီး နဘေးမှ ဝင်ထိုင် လိုက်လေ၏။ တစ်ခါမှရှည်ရှည်ဝေးဝေးမပြောဆို မဆုံးမခဲ့ပါဘဲ ခုကိစ္စ မှာတော့ သူနားပူအောင် ပြောတော့မယ်ထင်ပါရဲ့။

''သူတို့ဘက်ကရော သဘောတူမယ်ထင်နေလား ကျော်နိုင် ရဲ့။ မင်းချမ်းသာချင်ရင် တခြားနည်းလမ်းရှာစမ်းပါ''

''အမေကလည်း ပြောရှာမယ်။ ကျွန်တော်တို့နှစ်ယောက်က ဘာမှမကော်မောဘဲ ချစ်ခဲ့ကြတာပါ။ 'ဆင့်'ကိုလည်း သူဌေးသမီးမို့ ကျွန် တော်ချစ်ခဲ့တာမဟုတ်ပါဘူး။ ဒီလိုပဲ'ဆင့်'လည်း ကျွန်တော့်အပေါ် ဆင်း ရဲတယ်လို့အမြင်မှ မရှိခဲ့တာအမှန်ပဲ''

''ငယ်တုန်းတော့ မိုက်ချင်ကြတာ သဘာဝပေါ့သားရယ်။ မင်း ခေါင်းထဲက ဦးနှောက်ကြီးက အလကားပစ်ထားဖို့မှမဟုတ်ဘဲ။ ချင့်ချိန် ချိန်စဉ်းစားစမ်းပါ။ သူ့ကို ရွှေတောမြက်တောထဲ မင်းဆွဲချမှာလား၊ သူက ရော လိုက်နိုင်မလား။ သေချာတွေးကြည့်ဦး၊ ဘဝဆိုတာ စိတ်ကူးယဉ် အိပ်မက်တစ်ခုမဟုတ်ဘူး ကျော်နိုင်''

''ကျွန်တော်လည်း အလုပ်ကြိုးစားနေတာပါပဲအမေရယ်''

''အဲဒီအလုပ်က မင်းကို'နေ့ချင်းညချင်း သူဌေးဘဝကိုရောက် အောင် ပို့မပေးနိုင်တာကို မင်းသိရမယ်လေ။ မင်း့စားသလိုမျိုး သူ့ကို ကျွေးမှာလား၊ မင်းနေသလို သူနေနိုင်မလား၊ မင်းတို့ချင်း ချွေးနွေးကြည့်၊ ဘုန်းကိုယ်တဲ့အိုပျက်မှာ ထမင်းရည်ပူ အတူလျက်မယ်ဆိုတာ သီချင်း ထဲမှာပဲရှိတာ သားရဲ့။ လက်တွေ့ဘဝမှာ ဘယ်တော့မှမရှိဘူး၊ ပူမိုက်မိုက်နဲ့ ဒုက္ခတွင်းထဲခုန်ချတာ သတ္တိလို့မခေါ်ဘူးငါ့သား၊ မိုက် ရဲဆန်တယ်လို့ပဲသတ်မှတ်တယ်''

ဟုတ်လား 'ဆင့်'။ ကိုယ်နေတဲ့အိမ်ရဲ့ထရံကလေကို အပြည့် မကာကွယ်နိုင်သလို ခနိုမိုးထားတဲ့ခေါင်မိုးကလည်း မိုးမလုံတာ မှန်ပါ။ ဒီလိုအိမ်လေးထဲမှာ 'ဆင့်'ပျော်နိုင်ပါ့မလား၊ ကောက်ကြီးဆင့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကနေ ဆန်ကြမ်းထမင်း ပြောင်းသွားတာကိုရော မျိုကျပါ့မလား။ အသားဟင်းပွဲများစွာကနေ အရွက်ကြော်နဲ့ ငါးပိရည်ကို 'ဆင့်'စားနိုင်ပါ့မလား ရင်မောရတာအမှန်ပါလေ။

"မိုးပေါ်ကလမင်းကိုမော့ကြည့်ရုံနဲ့ 'လ'ကိုရမယ်လို့မျှော်လင့်မထားနဲ့၊ လရိပ်ကိုလိုချင်ရင်တော့ ရေဖလားထဲရေထည့်ပြီး လအောက်မှာရပ်ရုံနဲ့ ရနိုင်လိမ့်မယ်။ အေး၊ မရရာတဲ့အရာကို မျှော်လင့်စောင့်စားတဲ့ အရူးအလုပ်ထက် အလိုလိုကြွေကျတတ်တဲ့ကြယ်ကိုသာ ကောက်တတ်ပါစေ ငါ့သား၊ အမေကတော့ ဒီလောက်ပဲပြောချင်ပါတယ်"

သက်ပြင်းကိုသာ ချလိုက်မိပါ၏။ လောကမှာ 'လ'ကိုလိုချင်သည့်လူတွေရှိနေပေမယ့် ကြယ်ကြွေကောက်သည့်သူတွေက ပိုများနေလေမလား။ ကိုယ်တို့နှစ်ယောက်ကတော့ နေနဲ့လလိုမြင်နေရပေမယ့် အလှမ်းကွာလွန်းနေပြီလေ။

✦✦✦

## အခန်း (၂၃)

"ဟဲ့! အတန်းမပြီးသေးဘူးလေ၊ ဘယ်သွားမလို့လဲ"

"နောက်နှစ်ချိန်စာကို နှင့်ဆီကပဲ ပြန်ကူးတော့မယ် သီတာ။ ငါသွားစရာရှိတယ်"

"ဟင်! ဘယ်သွားမှာလဲ"

"ချိန်းထားလို့ပါဆို"

"ဘယ်သူနဲ့တုန်း"

"အမလေးနော်၊ ခုမှ ရေနေလက်သစ်နဲ့ လာတိုးနေပြီ၊ စပ်စုလိုက်တာလွန်ရော။ 'ဆင့်'ညီးစား 'ကျော်'နဲ့ချိန်းထားတာကွယ်၊ သိပြီလား"

"ဖြစ်ပုံမလား 'ဆင့်'ရယ်။ တော်ကြာ နှင့်အိမ်က လာကြိုရင် လွဲကုန်ဦးမယ်"

"မလွဲပါဘူး သီတာရယ်. . .'ဆင့်' ဒီကျောင်းရှေ့ကို သုံးနာရီ



www.burmeseclassic.com

www.burmeseclassic.com



အရောက်ပြန်လာမှာပါ။ သူနဲ့ ဘယ်ကိုမှဝေးဝေးလံလံသွားဖို့လည်း မရှိပါဘူး။ တစ်နေရာရာမှာ စကားထိုင်ပြောရုံပဲ။ ဘာဘာညာညာတွေဖြစ်မှာ တွေးပူမနေစမ်းပါနဲ့။ ဟုတ်ပြီလား. . . ကဲ,သွားပြီ''

ပြောင်စပ်စပ်မျက်နှာဖြင့် သူမနောက်တာကို မကျေနပ်သည့်ပုံစံဖြင့် သီတာ မျက်စောင်းခဲလိုက်လေ၏။ သူမ ကန်ပေါင်ဆီသို့ ခြေလှမ်းကို ဦးတည်လိုက်ပါသည်။ သူစောင့်နေမည်ကို။

ပေ့ကားထစ်တွေကို တစ်ထစ်ချင်းတက်ခဲ့ပါ၏။ ကန်ပေါင်နံ့တန်းတို့မှာ သူ, မရှိသဖြင့် မျက်ဝန်းတို့က မျှော်လင့်တကြီးလိုက်ရှာနေမိသည်။ ကျော်ဘယ်မှာလဲ၊ ညတုန်းက ခြံတံခါးဝမှာ စာခေါက်လေးထိုးထည့်ထားကာ ချိန်းပြီး မေ့မျှားမေ့နေသလား။ ဒီလိုမျိုးအခွင့်အရေးတာ သူမမှာ နှစ်ခါမရနိုင်တာ ကျော် သိရဲ့သားနဲ့ကွယ်။

ဟော. . . ဦးထုပ်လေးဆောင်းလျက် ငိုက်စိုက်ငိုက်စိုက်လေးလျှောက်လာတာ သူမရဲ့'ကျော်'ထင်ပါရဲ့။

''ကျော်''

''ဟင်! ဆင့်က ရောက်တောင်နေပြီလား. . . ကိုယ်က စောင့်တောင်စောင့်ရဦးမယ် မှတ်နေတာ''

''ကျော်က 'ဆင့်'နဲ့တွေ့ရမယ့်ကိစ္စတောင် ဝီရိယမရှိဘူးလေ။ 'ဆင့်'က အတန်းချိန်ဖျက်ပြီး လာရတာရှင့်''

''အဲဒီလိုမဟုတ်ပါဘူး 'ဆင့်'ရယ်။ ကိုယ့်မှာ ပြဿနာနည်းနည်းရှိနေလို့ပါ''

''ဘာပြဿနာလဲဟင်၊ 'ဆင့်'ရင်ထိတ်လိုက်တာ ကျော်ရယ်''

''အကြော်ဆိုင်မှာ ထိုင်မလား။ ဒီမှာပဲထိုင်ချင်လား. . . 'ဆင့်'ကြိုက်တဲ့နေရာရွေးနော်။ ကိုယ်က ဘယ်နေရာမှာထိုင်ထိုင်, ကိစ္စမရှိဘူး''

''ပြောစရာရှိနေမှတော့ ဒီမှာပဲထိုင်ကြတာပေါ့''

နှစ်ဦးသား ကန်ပေါင်မြေပေါ်မှာပင် ထိုင်ချလိုက်ပါ၏။ ကျော်လက်ကိုင်ပဝါခင်းပေးမယ့် သူမက ခေါင်းခါပြလိုက်ပါသည်။ ကျော် အခုံ





တန်းကိုင်တတ်လွန်း၍ သူမ အမြဲဝယ်ပေးခဲ့သည့် ပဝါလေးတွေပဲ မဟုတ်လား။

''ပြောလေ''

သက်ပြင်းချသံက အရင်ထွက်လာ၏။ ထုံးစံအတိုင်း လျှာထိုးဦးထုပ်လေးကိုချွတ်၍ ယပ်ခတ်နေပုံက ဟိုးအရင်က ကျော်အတိုင်းပါပဲလား။ ပြောမထွက်ဘူးဖြစ်နေရင် အတော်လေး ရင်ပူစရာပဲဖြစ်မှာပါလား။

''ဒေါ်လေးစာ, ဆုံးသွားပြီ''

''ဟယ်! ဘယ်တုန်းကလဲ''

''လွန်ခဲ့တဲ့တစ်ပတ်ကပဲ။ နှ ရက်လည်ပြီးပြီပေါ့''

''ဒါဖြင့် မိခါလေးတစ်ယောက်တည်းပေါ့''

''အင်း, တစ်ယောက်တော့ တစ်ယောက်တည်းပဲ၊ ဒါပေမဲ့''

စကားက တစ်ဝက်တပျက်ရပ်သွားပါ၏။ ပြောလိုက်လို့ဖြစ်ပါ့မလား။ တော်ကြာ, 'ဆင့်'အူတိုပြီး စိတ်ကောက်ရင် ဘယ်လိုလုပ်ရမလဲ၊ နဂိုကတည်းက 'ဆင့်'စိတ်ကို သူသိထားပြီးသားလေ။ သီတာ့ကို ခရေပန်းကုံးလေးပေးမိတာကို သူ့မှာ အပြစ်ကြီးကြီးမားမားကျူးလွန်မိသလိုမျိုး မနည်းကိုဖြေရှင်းပေးခဲ့ရတာပဲကို။ အခုလည်း မိခါကို သူတို့အိမ်ခေါ်ထားသည့်ကိစ္စ ဖွင့်ပြောလိုက်မှ ရှင်းမရအောင် ပြဿနာတက်ရင်တော့ အခက်ပါလော။

''ဒါပေမဲ့ ဘာဖြစ်လဲ ကျော်ရဲ့''

''မိခါကို ကိုယ်တို့အိမ်မှာ ခေါ်ထားရတယ်''

''ဘယ်လို! ''

''သူတို့သားအမိက ဆွေမရှိမျိုးမရှိဆိုတော့လေ၊ ကိုယ်တို့သားအမိကိုပဲ ဆွေမျိုးလိုသဘောထားတာမဟုတ်လား။ အဲဒါ အမေကဒေါ်လေးစာရဲ့သူငယ်ချင်းဆိုတော့ မိခါက အမေ့သမီးပဲဆိုပြီး အိမ်ခေါ်ကို ခေါ်တင်လိုက်တာပဲ၊ ကိုယ်လည်း ကန့်ကွက်ပေးမယ့် အမေကကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုပြီး ခေါင်းမာတဲ့သူဆိုတော့ နောက်ဆုံး ကိုယ်ပဲလက်မြှောက်လိုက်ရတာပေါ့"

လူက ငြိမ်သွားရပေမယ့် စိတ်တို့က ကစဉ့်ကလျား အပျိုအရွယ်လေးနဲ့လူပျိုသူငယ်နှစ်ယောက် တစ်အိမ်တည်းအတူနေရသတဲ့။ 'ဆင့်' တို့လို အိမ်ကျယ်ကြီးမှာ တစ်ခန်းစီနေရတာယ်ဆို ထားပါတော့။ ခုဟာက အိမ်ကျဉ်းကျဉ်းလေးထဲမှာလေ။ ဒေါ်လေးမာ ဘယ်လိုပဲရှိရှိ ဒီအိမ်သေးသေးလေးထဲမှာ နီစ္စရုဝတရင်းတန်းရှိနေတော့မှာ အမှန်ပါပဲ။

တစ်အိမ်လုံးမှာမှ အိပ်ခန်းလေးတစ်ခုတည်းရှိတာကို 'ဆင့်' သိထားပြီးသား။ ဒီအမေနဲ့ဒီသား အဝင်အထွက်အမြဲရှိနေမှာမို့ ကောင်လေးက ဒေါ်လေးမာနဲ့အတူ တစ်ခန်းတည်းနေရင်လည်း အခက်ပါပဲ။ ကျော့်ရဲ့အကျင့်သိက္ခာနဲ့ စာရိတ္တပိုင်းကို ယုံထားပေမယ့် အဲဒီကောင်လေးက အစကတည်းက ကျော့်ကိုပိုးပန်းခဲ့တာလည်း 'ဆင့်' သိနေတာပါပဲ။

ရင်ထဲမှာ ပူလိုက်တာနော်။ မီးတောက်ကြီး မျိုချမိထားသလို ရင်ခေါင်းထဲ တောက်လျှောက် ပူပူလောင်လောင်ကြီးခံစားလိုက်ရတာ အမှန်ပါပဲ။ ဝန်တိုတာထက် ပူလောင်သည့်စိုးရိမ်စိတ်က ပိုသာနေပါ၏။ ကျော်ရယ်. ပြောမိရင် ပြောမိတဲ့ 'ဆင့်' မှာပဲ အပြစ်က ဖြစ်ရဦးမှာလေ။

"ဆင့်"

"..."

"ဆင့်"

"ဟင်"

"ဘာဖြစ်တာလဲ ငိုင်သွားတာပဲ။ ကိုယ်ပြောတာတွေ ကြားရောကြားရဲ့လား"

"အင်း"

"တစ်ခုခုပြောဦးလေကွာ"

နှုတ်ထက်ဝဲကျလာသည့်ဆံစလေးတွေကို သူအသာသပ်တင်





ပေးလေ၏။ မစ္ဆရိယစိတ်ဆိုတာ တကယ့်ကိုပူလောင်တဲ့ မီးခဲမျိုးပါလားဆို။

"အမှန်တိုင်းပြောရမှာလား"

"ပြောပေါ့ ဆင့်ရဲ့"

"စိတ်မချဘူး"

"ဟင်! ဘာကိုစိတ်မချတာလဲ ဆင့်ရဲ့"

"ကျော့်ကို"

"ဟောဗျာ. . . ကိုယ်က ဘာဖြစ်နေလို့ 'ဆင့်' စိတ်မချစရာဖြစ်နေရာလဲ။ အခု ကိုယ် အလုပ်ကြိမ်းလုပ်နေတယ်။ ဆယ်တန်းအောင်ထားတာဆိုတော့ အလုပ်ခေါင်းက နည်းနည်းသက်သာတာနိုင်းတယ်။ ငွေစုနေတယ်။ 'ဆင့်' အတွက် လက်စွပ်လေးတစ်ကွင်းလောက် ဝယ်ပေးချင်လို့"

ရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ လက်စွပ်ဝယ်ပေးချင်လို့တဲ့လား။ 'ဆင့်' မှာ အများကြီးရှိနေတာပဲဟု မပြောရက်ပါချေ။ ဒါတွေက မေမေတို့ဆင်ထားပေးတာတွေ မဟုတ်လား။ ကိုယ့်ကိုယ်ကိုတော့ ဘာမှဝယ်မဆင်ချင်ဘဲ 'ဆင့်' အတွက် လက်စွပ်ဝယ်ပေးဖို့ ငွေစုနေသတဲ့လေ။ မျက်ရည်သည်အထိ ဝမ်းနည်းဝမ်းသာဖြစ်သွားရတာအမှန်ပါပဲ။

"ဆင့်က အဲဒါတွေမမက်မောပါဘူးကျော်ရယ်။ ကျော့်မှာ 'ဆင့်' အပေါ်ချစ်တဲ့ နှလုံးသားလေးရှိလို့ အဲဒီနှလုံးသားကိုပဲ 'ဆင့်' ချစ်ခဲ့တာ"

"ကိုယ်ယုံပါတယ် ဆင့်ရယ်"

"ဆင့်ချစ်သူကို သူများလုသွားမှာစိုးတာ အပြစ်ရှိလားကျော်။ ကျော့်ကိုပိုင်ဆိုင်ချင်တဲ့စိတ်တစ်ခုတည်းနဲ့ 'ဆင့်' ရင်ဆိုင်ရမှာတွေက အများကြီးပါ"

"ကိုယ့်လိုလူကို ဘယ်သူက လုမှာတဲ့လဲ 'ဆင့်' ရယ်။ ငါးဖယ်က ပြောင်းပြန်ပြောနေပြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ပဲပြောတယ်လေ။ မိခါနဲ့တစ်အိမ်တည်းနေရမှာဆို"

"အဲဒီတော့"

"ဘာ့အဲဒီတော့လဲ၊ ကျော့်ကို မိခါကြိုက်နေတာ ကျော်အသိ ပဲဟာ။ တော်ကြာ ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိ တွေဖြစ်ကုန်ရင် ဟောဒီက မိသန်းသန်းဆင့် ရင်ကွဲပက်လက်ဖြစ်ပြီးသေ မှာ"

သူ့ တဟားဟားအော်ရယ်လိုက်မိ၏။ ပြောနေပုံက ကလေး လေးနှယ်၊ အမေ့လေသံအတိုင်းပြောပြလိုက်ရင် ငိုတောင်ငိုချလိုက်မလား မသိ။ ဒါ သူ့ကိုအူသိပ်တိုလွန်းသည့် သူ့ချစ်သူရယ်လေ။

"ဖြစ်စရာမရှိပါဘူး 'ဆင့်' ရယ်။ မိခါအတွက် မီးဖိုဆောင်မှာ အခန်းဖွဲ့ပေးထားပါတယ်။ မီးဖိုခန်းကို အိမ်ခြေရင်းမှာ အဖီထုတ်ပြီးထား တာပေါ့။ ကိုယ်က ဘုရားခန်းမှာအိပ်တဲ့ဟာ၊ ကဲ, ဘာစိုးရိမ်စရာရှိလဲ"

"ပြောလို့ရမလား၊ နေ့တိုင်းထမင်းလက်ဆုံစားရင် အကြည့် ချင်းက ဆုံဦးမှာ"

"ရော်, ကိုယ့်ကိုမယုံဘူးလား။ ကိုယ်က ကြိုးဖြစ်ရင် သံမဏိ ကြိုးပဲဖြစ်မှာ။ အိုးဖြစ်ရင်လည်း လာထိရင် အပွလောင်မယ့် သံမှုအိုး ဖြစ်စေရပါမယ်ဗျာ။ ဟုတ်ပြီလား"

"ဆင့်က ကျော့်ကိုယုံပါတယ်"

"မယုံတာက ဘာလဲ"

"ကံကြမ္မာကို"

"နေရင်းထိုင်ရင်း သူ့ဟာသူနေနေတဲ့ကံကြမ္မာကို ယိုးမယ်ဖွဲ့ နေပြန်ပါပြီ 'ဆင့်' ရာ"

မျက်စောင်းခဲလိုက်မိ၏။ သူက ပြုံးစစဖြင့်ပြန်ကြည့်ရင်း ပန်း ကို အသာထွေးဖွေ့လိုက်ပါသည်။

"ကျော်နော်၊ လူတွေနဲ့"

"ကိုယ်ဘာလုပ်မိသေးလို့လဲ"





"ဒီမှာလေ၊ ဖယ်ပါ"

"မကြိုက်ရင် မထိပါဘူးဗျာ. . . ပဝါတစ်ကမ်းလက်တစ်ကမ်း အကွာက ထိုင်ပါ့မယ်"

တကယ်ပင် ဘေးခွာထိုင်လိုက်တော့ ရင်ထဲမှာ လှိုက်ခနဲဝမ်း နည်းသွားရပါ၏။ စည်းစောင့်တတ်ပါသည့်ချစ်သူကို သံမဏိစည်းမျဉ်း ဆွဲ တားစရာလိုအပ်ပါသလား၊ မဟုတ်သေးပါဘူး၊ ကျော့်ကို သူမက အရင်ချစ်ခဲ့တာဖြစ်ပြီး ကျော့်ထက်ပိုချစ်တတ်သည့်သူပါလေ။

"စကားပြောခွင့်ရရုံလေးနဲ့ ကိုယ်ကျေနပ်ပါတယ် 'ဆင့်' ရယ်။ အခွင့်အရေးယူတတ်တဲ့ကောင် မဟုတ်ရပါဘူး၊ အထင်မမှားပါနဲ့၊ 'ဆင့်' ကိုချစ်လွန်းလို့ မချင့်မရဲနဲ့ထိလိုက်မိတာ စိတ်မဆိုးဖို့ ကိုယ်တောင်းပန် ပါတယ်"

"ဆင့်က တောင်းပန်ရမှာပါ ကျော်ရဲ့။ စိတ်မဆိုးပါနဲ့။ လူမြင် ကွင်းထဲ မသင့်တော်မှာစိုးလို့ တားလိုက်မိတာပါ။ ကျော့်ကို 'ဆင့်'က အရင်ချစ်ခဲ့တာပါနော်"

ဘေးဘက်လိုက်ရွှေ့လျက် လက်မောင်းကိုဖက်တွယ်ကာ ပါး အပ်ထားလိုက်မိ၏။ ကျော် ကျေနပ်ပါစေလေ။

"အဲဒီလိုဆိုရလား"

"ဘာလဲ"

"ဆင့်က ကပ်ရင်ပေါ့"

"ကြည့်! လုကိုနောက်ပြီ"

"မတွေ့ရတာကြာပြီနော်၊ ကိုယ့်မှာ ပြတင်းပေါက်က ပေါ်လာ တဲ့ မှန်ဝါးဝါးမျက်နှာလေးကိုပဲ ကြည့်ခွင့်ရတာ ဘယ်လောက်ကြာပြီလဲ။ သမီးရည်းစားဆိုပြီး ရုပ်ရှင်တောင် တစ်ခါမှအတူကြည့်ခွင့်မရဘူး၊ အင်း လေ, ကိုယ်က မမီတဲ့ပန်းကိုမှ ခူးပြီးလှမ်းချင်တဲ့ကောင်ကိုး"

"ဆင့်လည်း တွေ့ချင်တာပေါ့ ကျော်ရယ်။ ကျောင်းမပြီးခင် အမေတို့မသိအောင် ဆင်ခြင်ပြီး နေနေရတာကို ကျော်နားလည်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

"စနေနဲ့တနင်္ဂနွေဆို ကျော်က OT ဆင်းရလို့ဆိုပြီး ရောက်မလာတော့ 'ဆင့်'ဘယ်လိုဖြစ်ပြီး ဘယ်လောက်လွမ်းတယ်ထင်သလဲ အဲဒီဓာတ်တိုင်အောက်ကို မျက်စိမမှိတ်ဘဲ ကြည့်နေမိတာ အကြာကြီး ကျော်များ ဖျတ်ခနဲရောက်လာမလား မျှော်လင့်ချက်နဲ့ပေါ့လေ"

"ဖြစ်ရလေ ဆင့်ရယ်"

"ဖြစ်နိုင်ရင်လေ အဲဒီစနေနဲ့တနင်္ဂနွေကို ပြက္ခဒိန်ထဲက ဖယ်ထုတ်လို့ရရင် ဖယ်ထုတ်လိုက်ချင်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ 'ဆင့်'သိပ်ချစ်ရတဲ့ ကျော့်မျက်နှာ မြင်ခွင့်မရလို့လေ"

ကျေနပ်မိပါ၏။ တစ်နာရီခန့်ပင် တွေ့ခွင့်ရသော်ငြား စိတ်ကျေနပ်အောင် ပြောပေးသည့် ချစ်သူလေး၏ လက်ဖဝါးလေးကို ခပ်တင်းတင်းလေးဆုပ်ကာ ပါးပြင်နှင့်ကပ်ထားမိသည်။ ဖျတ်ခနဲနမ်းရှိုက်ရင်း လှပလွန်းသည့်မျက်စောင်းတစ်ပွင့်က သူ့ရင်ဘတ်ကို လာစိုက်မိလေ၏။ ကြင်နာချိန်ဆိုတာ ဒီလိုအချိန်မျိုးကို မှည့်ခေါ်တာမျိုးပဲ မဟုတ်ပါလား လေ။

✦✦✦



## အခန်း (၂၄)

"ဟင့်အင်း၊ 'ဆင့်'မှာ ချစ်သူရှိနေပြီ ကိုမောင်"

"ဘယ်လို"

"ဆင့်တို့ ဆယ်တန်း Results ထွက်ကတည်းက 'ဆင့်' သူ့ကို ရွေးချယ်ခဲ့ပြီးသားပါ။ ကိုမောင့်အတွက် ဝမ်းနည်းပါတယ်လို့ပဲ ပြောပါရစေ"

"ဆင့်.ဆင့်. . . ဘယ်သူ့ကိုရွေးခဲ့တာလဲ။ ကိုယ်တောင် ဘာမှ မသိလိုက်ရပါလား"

ခြံထဲရှိခုန်းပေါ်မှာ ထိုင်နေရာမှ သူမထရပ်လိုက်ပါ၏။ ကိုမောင်နှင့်အတူထိုင်နေတာ မသင့်တော်ဟု ယူဆလိုက်သောကြောင့်ပါပဲ။

"ကိုမောင်က ဆင့်တို့ကျောင်းမှာမှ မတက်ဘဲကိုး။ ဒီတော့ ဘယ်သိမှာလဲ"

"ကျောင်းအတူတက်တဲ့သူငယ်ချင်းထဲကပေါ့၊ ဟုတ်လား ဆင့်"



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်ကတော့မဟုတ်ဘူး ကိုမောင်။ ဆယ်တန်းတုန်းက သူငယ်ချင်းပါပဲ"

"ဘယ်သူလဲ"

"ကျော်ပါ, ကိုမောင်"

"ဘာရယ်! ကျော်ဆိုတော့ ငနိုင်၊ ကျော်နိုင့်ကိုပြောတာလား ဆင့်"

"မှန်ပါတယ်"

"ဟာ! ဆင့်ရာ။ ဒီဘာဆိုဘာမှမရှိတဲ့ကောင်ကိုမှ ပြန်ချစ် တယ်လို့။ အမဲရိုးက ဟင်းအိုးကိုအားမနာဘူးဆိုတာ တကယ်ပဲကိုး"

မကျေမနပ်နှင့် တဗျစ်တောက်တောက်ပြောနေသည့် ကိုမောင် ကို သူမ ရယ်ချင်သွားရပါ၏။ မနာလိုမရှုစိမ့်သည့်စိတ်နှင့်ပဲလား သို့ တည်းမဟုတ် ဆင့်ဘက်ကပဲ အားမလိုအားမရဖြစ်နေ၍ပဲလား။ တစ် ခုကြောင့်တော့ ဖြစ်နိုင်ပါတယ်လေ။

"အဲဒီဘာမှမရှိတဲ့လူကိုပဲ 'ဆင့်'ချစ်ခဲ့တာပါကိုမောင်ရဲ့။ ကျော် ကိုအပြစ်မမြင်ပါနဲ့"

"မမြင်လို့ဖြစ်မလား'ဆင့်'ရဲ့။ ဒီကောင်က အနူလက်နဲ့ ရွှေ ခွက်ကိုမှ တက်နှိုက်ချင်တဲ့ကောင်လေ"

"ရွှေခွက်က သူ့ရှေ့ကို အလိုလိုရောက်သွားတာဆိုရင်ရော ကိုမောင်ဘယ်လိုပြောဦးမှာလဲ"

"ဆင့်"

"ဆင့် က ကျော့်ကိုအရင်ဆုံးချစ်ခဲ့မိတာပါ ကိုမောင်။ 'ဆင့်' ချစ်တဲ့ချစ်ခြင်းတွေက ကျော့်ထက်ပိုသာပါတယ်။ ကျော် ဆင်းရဲသည် ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ အဲဒါ ဆင့်ချစ်ခြင်းတွေနဲ့ မသက်ဆိုင် ဆိုတာ ကိုမောင်သိထားပါ"

"ဆင့် ဘယ်လိုပြောလိုက်တာလဲ။ ဒီကောင့်ကို ရွေးချယ် ဆင့်'ဘဝကြီး ဒီ့ထက်မြင့်မားလာမှာမဟုတ်မှန်း'ဆင့်'မတွေးမိဘူးလား





ဟင်။ အချစ်တစ်ခုတည်းနဲ့ မျက်စိမှိတ်ပြီး တခြားအရာတွေကို မမြင် ဘူးလို့ ခေါင်းမာမာနဲ့မပြောချင်ပါနဲ့။ ကိုယ်က စေတနာနဲ့ပြောနေတာ ပါ"

စေတနာတဲ့လား။ ပြောတော့ဖြင့် လွယ်လိုက်တာနော်။ ဒီရင် ဘတ်ထဲက ဖြစ်တည်လာတဲ့ချစ်ခြင်းတွေကိုကျ ထည့်မတွက်ကြတော့ ဘူးပေါ့လေ။ ကိုမောင်ထားတဲ့စေတနာဆိုတာတွေက 'ဆင့်'ကိုအပိုင် လိုချင်တဲ့ဆန္ဒတွေကြောင့်ပဲမဟုတ်လား။ အဲဒီစေတနာတွေကို 'ဆင့်'က ဘာများလုပ်ရမှာလဲ။ 'ဆင့်'သိထားတာက တစ်ခုတည်းပါ။ အဲဒါက ကျော့်ကို ရင်နှင့်အမျှချစ်တယ်ဆိုတာပါလေ။

"ကျော့်ကိုမချစ်ရဘူးလို့ 'ဆင့်'ကိုမပိတ်ပင်ချင်ပါနဲ့ ကိုမောင်။ 'ဆင့်'. ကိုမောင်နဲ့ရန်သူမဖြစ်ချင်ဘူး။ ကျော့်ကို ဘယ်လောက်ပဲနှိပ် ချ ဆက်ဆံခဲ့ပါစေ ကိုမောင့်ကို 'ဆင့်'ခွင့်လွှတ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီကိစ္စမှာတော့ မရဘူး ကိုမောင်။ အချစ်ဆိုတာ တားဆီးလို့ရတဲ့အရာ မျိုးမှ မဟုတ်တာဘဲ။ ဒီလူ့ကိုတော့မချစ်နဲ့၊ ဒီလူကိုချစ်ပါဆိုပြီး အမိန့် ပေး စေခိုင်းလို့ ရလည်းရမှာမဟုတ်ဘူး။ အချစ်ဆိုတာ နှလုံးသားကို ဒူးထောက် ဦးညွှတ်စေတဲ့ တန်ခိုးရှင်တစ်ပါးဆိုတာကို ကိုမောင် နား မလည်သေးလို့ ခုလိုပြောနေတာပါ"

"ဆင့်ရယ်၊ 'ဆင့်'ပြောနေပုံက ကိုယ်ကပဲ မချစ်ဖူးသေးတဲ့လူ လိုပဲ၊ 'ဆင့်'အပေါ် ကိုယ်ဘယ်လောက်ထိချစ်သလဲဆိုတာ ကိုယ်အသိ ဆုံးဖြစ်သလို ကိုယ့်ဖေဖေနဲ့မေမေပါ သိနေတာပါ။ ဒါတွေကို 'ဆင့်'မသိ ဘူးလား။ 'ဆင့်'ကိုအရိပ်အမြွက်ပြောခဲ့ဖူးပေမယ့် 'ဆင့်'က ဂရုမစိုက် ဘဲ မကြားယောင်ဆောင်ခဲ့တာလေ"

မသိဘဲ ရှိမလား ကိုမောင်ရယ်။ အိမ်ကို လာလည်ကြတိုင်း (သို့တည်းမဟုတ်) ကိုမောင့်အိမ်ကိုရောက်တိုင်း ကိုမောင့်မိဘတွေက အစ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံပြောခဲ့ကြတဲ့ကိစ္စကို 'ဆင့်'က ဘုံဘိုဘာဝေနေခဲ့မိတာပါ။ ငယ်သေးလို့ဆိုတဲ့အကြောင်းပြချက်နဲ့ 'ဆင့်'



www.burmeseclassic.com

www.burmeseclassic.com



ကို မေမေတို့ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှမပြောခဲ့ကြတာလေ။ အရွယ်ရဲ့အသိနဲ့ 'ဆင့်'ဤမျှတော့ နားလည်ပါတယ်။ သို့သော် ကိုမောင့်ကို 'ဆင့်'မချစ်နိုင်တာက မခက်ပေဘူးလား။

"ဆင့် သိသားပဲ"

"ဘယ်လို! သိတယ်ဟုတ်လား"

"အင်းလေ၊ ကိုမောင်က 'ဆင့်'နဲ့အနီးဆုံးမှာ နေခွင့်ရတဲ့လူတစ်ယောက်ပဲဟာ။ အိမ်ကို ဝင်ထွက်ခွင့်လည်းရသလို Phone လည်း ဆက်ခွင့်ရတဲ့သူလေ။ နှုတ်ကဖွင့်မပြောပေမယ့် ကိုမောင့်အကြည့်တွေကို 'ဆင့်'ဖတ်တတ်ပါတယ်။ ဒါပေမဲ့"

"ဆင့်ရယ်၊ ဒါနဲ့များတောင် ကိုယ့်ကိုထည့်မစဉ်းစားပေးဘူး"

"ဆင့်မှ ကိုမောင့်ကိုမချစ်တာ ကိုမောင်ရဲ့။ ဘယ်လိုလုပ်ပေးလို့ရမှာလဲ"

ဤမျှထိ ပွင့်လင်းစွာပြောထွက်တာကို ကြားရတော့ သူ့ရင်ထဲအောင့်သွားရပါ၏။ ဒီရန်ကုန်ကို နောက်မှရောက်ခဲ့တာမှန်ပေမယ့် 'ဆင့်'နှင့်ခင်ခွင့်ရတာက သူအရင်ဆုံးမဟုတ်လား။ ဒါကိုတောင် သူက 'ဆင့်'ရဲ့ချစ်ခြင်းတို့နှင့် ဒွေ့ဖယ်ရတယ်လို့လေ။

နဂိုစိတ်ရင်းက မည်းညစ်ခြင်းမရှိပေမယ့် 'ဆင့်'နဲ့ဆက်နွယ်ပြီး ကျော်နိုင့်ကိုအမြင်မကြည်သလိုဖြစ်မိတာ ဘာဆန်းလို့လဲ။ ပြောတော့ဖြင့် အချစ်နဲ့စစ်မှာ မတရားသဖြင့်ဆိုတာမျိုး မရှိဘူးဆို။ သူ့ဘော်ဒါတွေကအစ ကျော်နိုင့်ကိုခပ်နှိမ်နှိမ်ပြောကြသလိုမျိုး သူပြောတာကို ဆင့်က မကြိုက်ဘူးတဲ့လေ။

ဆယ်တန်းတုန်းက ထမင်းစားချိန်မှာ ဆော့ကြရင်း တိုက်မိသွားတာ တကယ့်ကိုမတော်တဆပါပဲ။ မရည်ရွယ်ဘဲဖြစ်သွားရတဲ့ကိစ္စက 'ဆင့်'ရဲ့စိတ်ကို ခုမိစေသလို သူ့ရင်ထဲ ဆားနဲ့အပက်ခံလိုက်ရသလိုဖြစ်ခဲ့ရတာလေ။ အရှက်ကွဲစေချင်လို့မဟုတ်ပါဘူး။ ရှေ့တန်းအထိ လိမ့်သွားတဲ့ ဗယာကြော်နှစ်လုံးနဲ့ သံမံတလင်းပေါ် ပွဲ့ကျဲသွားတဲ့ ရေတ်သီး





သားထောင်းနဲ့ ထမင်းနီနီတွေက 'ဆင့်'ရဲ့နှလုံးသားကို အရည်ပျော်ကျစေပြီး ကျော်နိုင့်အပေါ် မေတ္တာမိုးတွေ ရွာသွန်းဖြိုးပေးသလို ဖြစ်သွားလိမ့်မည်ဟု သူလုံးဝမထင်မိလေခဲ့။

အဲဒီတစ်ပတ်လုံးလုံး သူ့ကို 'ဆင့်' စကားလုံးဝမပြောခဲ့တာပါ။ အိမ်သွားလည်တော့လည်း ရှောင်ပြီးထွက်မတွေ့၊ Phone ဆက်တော့လည်း မကိုင်နဲ့မို့ နေမထိထိုင်မသာဖြစ်ခဲ့ရတာ သူပါပဲ။ အဲဒီအချိန်မှာ သူအလိုလိုနားလည်သွားရသည်က 'ဆင့်'ကို မခွဲနိုင်အောင် ချစ်မိနေပြီဆိုတာလေ။

မိဘချင်းတွေ မည်မျှပင်ရင်းနှီးနေကြပါစေ၊ သူက 'ဆင့်'အပေါ်လိုတာထက်ပိုပြီး တင်စီးဆက်ဆံခြင်းမျိုးမရှိခဲ့ပါ။ တကယ်ဆို 'အချိန်တန်ရင် နင် ငါ့ကိုလက်ထပ်ရမှာပဲ'လို့ သူပြောခွင့်ရှိတာပါပဲ၊ ဒါပေမဲ့ စစ်မှန်တဲ့မေတ္တာနဲ့ 'ဆင့်'အပေါ်ချစ်မိနေတာမို့ 'ဆင့်'ဘက်က သူ့အပေါ်မှာ လိုလိုလားလားပြန်လက်ခံပြီး ချစ်တာကိုပဲ လိုချင်တာပါလေ။

ခုတော့ဖြင့် သူနောက်ကျခဲ့ပြီပဲ၊ 'ဆင့်'ရဲ့ရင်ထဲမှာ သူမဟုတ်တဲ့လူတစ်ယောက်က ရှိနှင့်နေချေပြီ။ သူသိပ်ထိုင်ချင်နေတဲ့ 'ဆင့်'နှလုံးသားပလ္လင်ထက်မှာ ဒီကောင်က အမိန့်သားထိုင်ခွင့်ရသတဲ့။ မနာလိုဘူး။ ဖြစ်စေရဘူးဟု သူအော်ဟစ်ကန့်ကွက်လိုက်ချင်သော်ငြား 'ဆင့်' မုန်းသီး စက်ဆုပ်သွားမှာကို သူအကြောက်ဆုံးမဟုတ်ပါလား။

"စဉ်းစားပါဦးလား'ဆင့်'ရယ်။ အချိန်တွေ အများကြီးရှိပါသေးတယ်"

"ဘာကိုစဉ်းစားရမှာလဲ ကိုမောင်"

"ဆင့်နှလုံးသားကို ဘယ်သူ့လက်ထဲအပိုင်ပေးမလဲဆိုတဲ့ကိစ္စကိုပြောတာပါ"

"ဘယ်လို! ကိုမောင့်ဦးနှောက်ရော ကောင်းသေးရဲ့လား၊ 'ဆင့်'ပြောပြီးပြီလေ။ 'ဆင့်'မှာ ကိုမောင့်ကိုပေးစရာဘာမှမရှိတော့ဘူး ကိုမောင်ရဲ့။ ကျော်ဆီကို 'ဆင့်'ပိုင်ဆိုင်သမျှ အကုန်ပေးထားပြီးပြီ၊ ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရော၊ အသည်းပလ္လင်ရော၊ အတွေးနဲ့စိတ်ကူးမှန်သမျှ ကျော်က အပိုင်စားယူသွားခွင့်ရပြီးပြီ ကိုမောင်။ 'ဆင့်'မှာ ဘာဆိုဘာမှမကျန်တော့ဘူးရှင့်။ ဝမ်းနည်းပါတယ် ကိုမောင်ရယ်''

ဒုက္ခပါပဲ။ 'ဆင့်'က မချွင်းမချန်ကို အပြတ်ပြောနေတော့တာပါလား။ ဘယ်လိုများလုပ်ရပ့ါ။ ခုချိန်ကျမှ ကျော်နိုင့်အကျီကော်လံစကိုဆွဲကိုင်ပြီး 'ငါ့ဆင့်ကို ပြန်ပေး'လို့ပြောပြီး တောင်းရအောင်လည်း 'ဆင့်'ကို သူမပိုင်။ ဘာမဟုတ်တဲ့တစ်ပြားတန်ကောင်ကိုမှ သူ လွယ်လွယ်နဲ့အရှုံးပေးလိုက်ရတယ်လို့။

''ကိုယ်တောင်းပန်ပါတယ် 'ဆင့်'ရယ်၊ သူနဲ့ဆင့်ကို အနိုင်တိုက်ဖို့လည်း ဘယ်လိုမှသဘောတူမှာမဟုတ်ဘူး။ ဒီကိစ္စကိုသာ သိသွားရင်မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာနိုင်တယ်ဆိုတာ 'ဆင့်'သိရဲ့လား။ ကျောင်းဆက်တက်ခွင့်မရတော့မှာ၊ အိမ်ထဲပိတ်ထားခံရမှာတွေဖြစ်လာမှာစိုးရင် 'ဆင့်'ဘက်က ပြန်စဉ်းစားသင့်တယ်။ ကိုယ်, 'ဆင့်'စိတ်ဆင်းရဲရမှာကို မလိုလားဘူး။ ဒါကိုတော့ 'ဆင့်'ယုံပါ''

ဒန်းတိုင်ကိုမှီရပ်နေရာမှ သူ့ကိုစူးခနဲလှည့်ကြည့်လိုက်လေအလို! 'ဆင့်'အကြည့်တွေက စူးရှလှချည်လား။ အမြဲအေးဆေးတည်ငြိမ်တဲ့အကြည့်တွေသာ ရှိဘတ်တဲ့ 'ဆင့်'မျက်ဝန်းတွေက အဆိပ်သုတ်ထားတဲ့မြားတံတွေလို သူ့ရင်ဘတ်ကို လာစိုက်စေတာအမှန်ပါလေ။

''ဆင့်သစ္စာဖောက်ခံရတာမျိုး မလိုချင်ဘူး''

''ဆင့်''

''ကိုမောင့်ကို ခုချိန်ထိ သူငယ်ချင်းလိုပဲ 'ဆင့်'မှတ်ယူထားတာပါ။ မိန်းမချင်းဖြစ်တဲ့သီတာတောင်မှ နှုတ်လုံရင် ယောကျာ်းလေးဖြစ်တဲ့ ကိုမောင်က ပိုနှုတ်လုံသင့်တာပေါ့''

''ဘယ်လို! ဆင့်တို့နှစ်ယောက်အကြောင်းကို သီတာ သိတာမဟုတ်လား''

''သိတယ်''





''ဘယ်တုန်းက သိတာလဲ။ 'ဆင့်'ခေါင်းမညိတ်ခင်ကတည်းကလား''

သူမမျက်နှာကို ဖျတ်ခနဲပြန်လွှဲလိုက်ပါ၏။ နိမိတ်များပြလေသလား။ သတိပဲပေးတာများလား။ မေမေတို့နှင့်ရင်ဆိုင်ဖို့အချိန်က နီးလာပြီထင်ပါရဲ့။ ရင်ဆိုင်နိုင်ဖို့သတ္တိတွေ 'ဆင့်'မွေးရဦးမှာအမှန်ပါ ကျော်ရယ်။

''သိပ်မကြာသေးဘူး။ ကိုမောင်သိထားဖို့က ကျော့်ကို 'ဆင့်'ခေါင်းညိတ်တဲ့ကိစ္စမှာ ဘယ်သူ့တိုက်တွန်းချက်၊ ဘယ်သူ့ဆန္ဒမှမပါ။ ဘယ်သူနဲ့မှမတိုင်ပင်ဘဲ 'ဆင့်' စိတ်ရောကိုယ်ပါ ဆုံးဖြတ်လိုက်တာနော်။ သီတာ့ကိုအပြစ်မမြင်ပါနဲ့''

''ကိုယ်သိပ်အံ့ဩတယ် 'ဆင့်'။ သီတာကရော 'ဆင့်'ကိုမတားဘူးလား''

မတားဘူးလားတဲ့။ တားချင်တာပေါ့။ 'ဆင့်'ခေါသဖြစ်မှာ၊ စိတ်ဆိုးသွားမှာကိုစိုးရိမ်လို့ တားမြစ်စကားကို ဆက်မပြောတာလေ။ ငယ်သူငယ်ချင်းလေးဖြစ်တဲ့'ဆင့်'အပေါ် သီတာ အဘယ်မျှစေတနာထားသလဲဆိုတာ 'ဆင့်'အသိဆုံးပါပဲ။ သို့သော် ချစ်ခြင်းနှင့်ပတ်သက်လာရင်တော့ သူငယ်ချင်းနှင့်စကားမများချင်ပါလေ။

''တားသားပဲ''

''ဒါနဲ့တောင် 'ဆင့်'ရယ်''

''တားလို့ရော ရမယ်ထင်နေလား ကိုမောင်ရဲ့။ သူ့မှ အချစ်ဆိုတာကို နားမလည်သေးတာ။ 'ဆင့်'ကိုဘယ်လိုကိုယ်ချင်းစာတတ်မှာလဲ''

''ဆင့်၊ အဲဒီလိုတော့မပြောပါနဲ့''

''ဆင့် မပြောချင်ပါဘူး။ သီတာ့အပေါ်မှာ ချစ်ရင်းစွဲရှိတဲ့ 'ဆင့်'ရဲ့စိတ်တွေ တစ်ရွေးသားမှ မလျော့သေးတာအမှန်ပါပဲကိုမောင်ရဲ့။ 'ဆင့်'တို့ကိစ္စကို မေမေတို့တွေ တစ်နေ့မဟုတ်တစ်နေ့ သိလာမှာပဲ။ အဲဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ကို 'ဆင့်' ရင်တထိတ်ထိတ်နဲ့စောင့်နေတာပါ။ မေမေတို့ရဲ့ပြင်းပြင်းထန်ထန်တွေဖြစ်လာရင်လည်း ရင်ဆိုင်နိုင်ဖို့ သတ္တိတွေမွေးနေပါတယ်။ အဆုံးစွန်ထိပေါ့ကိုမောင်။ နှစ်ခုထဲက တစ်ခုရွေးဆိုရင်တောင်မှ 'ဆင့်' က နှလုံးသားကိုပဲ ဦးစားပေးမိမှာပါ။ 'ဆင့်' ကျော်ကိုချစ်တဲ့ချစ်ခြင်းတွေကို ဘယ်သူမှတားဆီးပိတ်ပင်ဖျက်ဆီးပစ်လို့မရဘူး။ ကျော်သာ 'ဆင့်' အနားမှာရှိနေရင် ဘဝခရီးကိုဆက်လျှောက်ဖို့ 'ဆင့်' မှာ ခွန်အားတွေ အမြဲပြည့်နေမှာအမှန်ပဲ။ 'လူဆိုတာ မျှော်လင့်ချက်နဲ့အသက်ဆက်ရှင်နေတာ' လို့ ဆိုရိုးရှိသလိုပဲ။ 'ဆင့်' လည်း အဲဒီခပ်မှိန်မှိန်မျှော်လင့်ချက်လေးနဲ့ ရှင်သန်နေတာပါလေ"

ညနေဆည်းဆာက အကုန်မြင်နေသည့်နှယ် အမှောင်က ကြီးစိုးလာ၏။ ကောင်းကင်ကိုငေးကြည့်နေသည့် 'ဆင့်' အနီးမှ သူထထွက်ပြီး ပြန်လာခဲ့သည်။ အမှောင်တွေဖုံးလွှမ်းနေသည့် 'ဆင့်' မျက်ဝန်းတွေကို အလင်းရောင်တွေ ရစေချင်ပါသည်လေ။ သုခဘုံပျောက်နေသည့် ဘဝနွံထဲသို့ 'ဆင့်' ကို ခုန်မချစေချင်ပါ။ အရာရာပြည့်စုံနေသည့်ဘဝမှ မပြည့်မစုံနေရမယ့်ဘဝမှာ 'ဆင့်' ပျော်ပိုက်ပါ့မလား။ မသေချာပေ။ ဘဲ 'ဆင့်' ရယ်။ အချစ်ဆိုတာ တစ်ခါတစ်ရံအမှောင်ထုအဖြစ် အတွေးတွေကို ဖုံးကွယ်လွှမ်းစေတတ်တာကို မင်းမေ့လျော့နေလေသလား။ ရင်မောတာ တကယ်ပါလေ။

✦





"အတွင်းကြေ"

မျက်စောင်းတွေတိုင်းကို ကြောက်ရွံ့လို့
        သံစဉ်တွေကို မအန်ထုတ်ချင်တော့ပါဘူး. . .
တိမ်မျှင်တွေကို စုစည်းပြီး
        မုန်တိုင်းတွေလည်း မတိုက်ချင်ခဲ့ဘူး. . .
ဘယ်နေရာမှာမဆို
        ကျရှုံးနိုင်မယ်မှန်း သိသာလွန်းပါတယ်. . .
ခြေသူလက်က မဟုတ်ပေမယ့်
        ကြေပြီးသားဖြစ်နေမှာကိုလည်း စိုးရိမ်မိတယ်. . .
ကျောခိုင်းလိုက်လို့ ခါးသက်တယ်ထင်ရပေမယ့်
        ရင်ဆိုင်လိုက်ရင်လည်း မချိမြိန်မှန်းသိထားပါတယ်. . .
(ချစ်သူရယ်)
ဟောဒီ ရင်ဘတ်အစုတ်အပဲ့ကို
        ကဗျာအစအနလေးတွေနဲ့ ဖာထေးရင်း
မေတ္တာဖက်ရွက်လေးတွေနဲ့
        သပ်သပ်ရပ်ရပ်ထုပ်ပိုးထားပါ့မယ်. . .
(မင်းအတွက်)
        (ငါ့) နှလုံးသားတစ်စုံ ပဲ့ကြွေတာကို
ဘယ်သူမှ မသိသာပေမယ့်
ငါ့အတွက်ကတော့
        (ကမ္ဘာပျက်အောင်) အရှုံးအမူးခံစားရဆဲပါပဲ. . .
ယုံကြည်ထားလိုက်ပါ
        ငါ, မင်းကိုကျောခိုင်းထားရင်တောင်
ဘာအငြိုးတရားမှမထားဘဲ
        ကြေကွဲစွာပြုံးနေတယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာသိအောင်လို့
အော်ဟစ်ပြောပြနေမိမှာပါလေ. . .

✦✦✦



## အခန်း (၂၅)

"ထိုင်ဦး"

ကျောင်းမှပြန်ရောက်သည်နှင့် ထိုင်ခိုင်းလိုက်တာကြောင့် ...ယောက်သား ခုံမှာထိုင်လိုက်ကြရ၏။ သီတာက သက်ပြင်းကိုတိုက်ရှိုက် ...တာ သူမလက်ဖျားကို ခပ်တင်းတင်းတစ်ချက်တော့ ဖျစ်ညှစ်လိုက်လေ ...သည်။ ရင်ဆိုင်ဖို့အသင့်ပြင်ထားဆိုသည့်သဘောလေလား။

"သမီး ဘာတွေလျှောက်လုပ်နေတာလဲ"

ဖေဖေ့အသံက တည်တည်ငြိမ်ငြိမ်ဖြစ်နေပေမယ့် အေးစက် ...က်။ မေမေက မျက်စောင်းခဲလိုက်ခြင်းဖြင့် မကျေလည်တာကို သက် ...သပြလိုက်သည့်နှယ်။

"ဆင့် ဘာလုပ်မိလို့လဲဖေဖေ"

"အာဂသမီးပါလား။ မိဘတွေကို ဘယ်အချိန်ထိ လျှို့ဝှက်ပြီး ...မ်ထားလို့ရမယ်ထင်နေလဲ သန်းသန်းဆင့်" -



www.burmeseclassic.com

www.burmeseclassic.com



"ဆင့်. ဖေဖေနဲ့မေမေ့ကို တစ်ခါမှမလိမ်ညာခဲ့မိပါဘူးဖေဖေ။ အဲဒါအမှန်ပါ"

"ဒါဖြင့် ဟိုကောင်လေးနဲ့ကြိုက်နေတာ ဘာကြောင့်လဲသမီး"

မေမေ့အသံထွက်လာပါ၏။ မေမေတစ်ဦးတည်းသာသိရင် ကိစ္စမရှိ၊ မေမေ့ရင်ခွင်ထဲချွဲနွဲ့နိုင်ရင်း မျက်ရည်ကျအသနားခံ၍ ရနိုင်သေးသည်လေ။ ခုတော့ သူမသိပ်ကြောက်ရွံ့ရိုသေရသည့်ဖေဖေပါ သိနေပြီကိုး။ သီတာ့ကိုလှည့်ကြည့်တော့ သီတာကပခုံးတွန့်ပြ၍ ခေါင်းခါပြလိုက်လေ၏။ မပြောဘူးဆိုသည့်သဘောပေါ့လေ။

"သမီးသီတာကို ရန်စောင်ဖို့မပြင်နဲ့၊ သီတာပြောလို့ ဖေဖေတို့သိတာမဟုတ်ဘူး။ အမှန်အတိုင်းပြောရရင် ဒီကိစ္စမှာ သမီးအပြစ်ရှိသလို သီတာလည်း အပြစ်မကင်းဘူးဆိုတာ ဖေဖေတို့သိတယ်"

"ကိုမောင်လား"

"မဟုတ်ဘူးသမီး"

"ဒါဖြင့် ဘယ်လိုသိသွားတာလဲ"

"ဖေဖေတို့မှာ နားတွေမျက်စိတွေအများကြီးရှိတာ သမီးသိရဲ့သားနဲ့။ ဒီလိုလုပ်ရတယ်လို့၊ ဒါကြောင့် ကိုညွန့်တာတို့ပြောတော့ သားမောင်က ကန့်ကွက်နေတာကိုး"

"ဘာကိုပြောတာလဲဖေဖေ"

"သမီးနဲ့သားမောင်ကိုစေ့စပ်ပေးမယ့်ကိစ္စ အတိအလင်းပြောတော့ သားမောင်က သမီးဆန္ဒမပါဘဲ မလုပ်ပါနဲ့လို့ ငြင်းတယ်တဲ့လေ။ မေမေတို့ ဘယ်လောက်မျက်နှာပူရတယ်ထင်လဲသမီးရဲ့။ ဘာကြောင့်လဲလို့ သူတို့သားကိုအတင်းမေးပေးမယ့် သားမောင်က သော့ခတ်ထားသလိုပဲ သူ့နှုတ်ကိုပိတ်ထားသတဲ့လေ"

"ရှက်ဖို့ကောင်းလိုက်တာ။ ဖေဖေတို့သမီးကို ဒီလောက် နောက်နည်းလိမ့်မယ်လို့ ထင်ကိုမထင်ထားဘူး။ ဘယ့်နှယ်. . . ဒီအမြစ်မရှိတဲ့ကောင်လေးနဲ့မှ သွားကြိုက်ရတယ်လို့။ မိုက်ပါ့သမီးရယ်





ဟုတ်ပါတယ်၊ 'ဆင့်'ကိုယ်'ဆင့်' မိုက်မဲတယ်လို့ဝန်ခံပါတယ်ဖေဖေ။ ဒါပေမဲ့ နှလုံးသားက ဒူးထောက်အရှုံးပေးလိုက်တော့ ခက်သားလား။ အချစ်ဟာ မိုက်မဲမှုတစ်ခုဖြစ်နေရင်တောင် 'ဆင့်'က အဲဒီအမိုက်အမဲကို တယုတယနဲ့မြတ်မြတ်နိုးနိုးပွေ့ပိုက်ပြီးသားဖြစ်နေပြီမို့ နားလည်ခွင့်လွှတ်ပေးလှည့်ပါတော့။

"သမီးသီတာ.သီတာ ဘယ်လောက်ကြာပြီလဲ"

"သိပ်မကြာသေးပါဘူး အန်ကယ်။ နှစ်ပတ်လောက်ပဲရှိသေးတာပါ"

"သိသိချင်း အန်ကယ်တို့ကို ဘာလို့အသိမပေးသလဲကွယ်"

"ဆင့်က သီတာ့ကိုစိတ်ဆိုးမှာစိုးလို့ပါ အန်ကယ်။ ဒါပေမဲ့ 'ဆင့်'က အန်ကယ်တို့စိုးရိမ်တဲ့အထိတော့ မမိုက်မဲပါဘူး။ ကျော်ကလည်း အဆင်ခြင်မဲ့တတ်တဲ့ကောင်လေးမျိုးမဟုတ်ပါဘူး အန်ကယ်"

"ကျောင်းကို အမြဲလာတာမျိုးမဟုတ်ဘူးလား"

"ဟင့်အင်း, မလာပါဘူးအန်ကယ်။ သူ့အလုပ်နဲ့သူကြိုးစားနေတဲ့လူပါ။ သီတာ့ကိုဖွင့်ပြောပြီး နောက်နှစ်ရက်မှာ တစ်ခါပဲတွေ့ပြီး စကားပြောကြတာ အချိန်တစ်နာရီပဲရှိပါတယ်။ သီတာသိထားတာ အဲဒါအကုန်ပါပဲ"

မိဘနှစ်ပါးစလုံး သက်ပြင်းရှည်ကြီးရှိုက်လိုက်ပေမယ့် သူမရင်မှာ ဆို့နင့်နေသည့်အပူလုံးကြီးဖြင့် ဆင်းမသွားလေခဲ့။ သူငယ်ချင်းဖြစ်သူ ပြေပြေပြစ်ပြစ်ပြောပေးနေပေမယ့် ဖေဖေနဲ့မေမေရဲ့မာကျောနေသည့် မျက်နှာက လျော့မှလျော့မသွားဘဲကိုး။

"ဘာပဲဖြစ်ဖြစ် သမီးကို သူနဲ့ဘယ်နည်းနဲ့မှသဘောမတူဘူး။ အဲဒါမြဲမြဲမှတ်ထား. . . သန်းသန်းဆင့်"

"ဖေဖေ"

"လျှာမရှည်နဲ့ သန်းသန်းဆင့်။ ညည်း. ပြာပုံထဲတိုးမယ့်ကိစ္စကို မေမေတို့က ဒီတိုင်းလက်ပိုက်ကြည့်နေမှာမဟုတ်ဘူး။ ကိုယ့်သမီး



www.burmeseclassic.com

www.burmeseclassic.com



မိုက်လုံးကြီးမှာကိုမသိရအောင် မေမေတို့က ပညာမတတ်၊ မျက်စိကန်း နေတဲ့မိဘမျိုးမဟုတ်မှန်း သမီးသိတယ်နော်''

ပါးပြင်ထက်သို့ မျက်ရည်ပေါက်က စီးကျသွားပါ၏။ ဟင့်အင်း မငိုမိစေနဲ့။ ငိုတယ်ဆိုတာ အရှုံးပေးတာနဲ့အတူတူပဲတဲ့။ 'ဆင့်'မရှုံးချင် ဘူး၊ မရှုံးပါရစေနဲ့။ ကျော့်ကိုလည်း မဆုံးရှုံးပါရစေနဲ့။ မေမေတို့ရယ် 'ဆင့်'နှလုံးသားကိုညှာတာလှည့်ပါ။ 'ဆင့်'ရဲ့ချစ်ခြင်းတွေကို စာနာ နား လည်ပေးလှည့်ပါ။ 'ဆင့်'အသည်းလေး ကွဲသွားမှာကို သနားပေးလှည့် ပါလား၊

''သမီးကို သားမောင်နဲ့ပဲ ဖေဖေတို့သဘောတူတယ်''

''ဆင့်, ကိုမောင့်ကိုမချစ်ဘူး''

အရဲကိုး၍ပြောသည့်လေသံက တုန်တုန်ရီရီ၊ ရိုက်ကြလေ မလား၊ ဖေဖေတို့မွေးထားတဲ့သမီးကို ပြောဆိုမရလို့ နှုတ်နဲ့ဆုံးမလို့မ ပြီး ရိုက်လိုက ရိုက်ကြပါစေတော့၊ 'ဆင့်'အံတင်းပြီး ခံယူမှာပါ။ အသား နာတာက နှလုံးသားရဲ့နာကျင်ကြေမွဒဏ်ရာကိုတော့ မမီနိုင်လောက် ပါဘူးနော်။

''သမီးချစ်တာမချစ်တာ အရေးမကြီးဘူး 'ဆင့်'။ သားမောင် ဘက်က သမီးအပေါ် မေတ္တာမပျက်ရှိနေရင် လုံလောက်ပြီ''

''ဆင့်,ဆင့်, ကိုမောင့်ကိုတော့ လက်မထပ်ပါရစေနဲ့ဖေဖေရယ် 'ဆင့်'တောင်းပန်ပါတယ်။ ကျော့်နဲ့သဘောမတူဘူးဆိုရင်လည်း 'ဆင့်' ရှေ့ဆက်မတိုးပါဘူး၊ ဒါပေမဲ့''

''မေမေတို့ သမီးကိုဘယ်လိုယုံထားရမလဲ။ ဒီဒုတိယနှစ်ပြီး ရင် သမီးနဲ့သားမောင်ကို တစ်ခါတည်းလက်ထပ်ပေးတော့မယ် 'ဆင့်' အဲဒါ မေမေတို့ဆုံးဖြတ်ချက်ပဲ။ စေ့စပ်ပေးရုံနဲ့ သမီးကိုစိတ်ချထား မရတာကိုး''

''မေမေ''

ရှိုက်သံကြောင့် စကားကိုရှေ့ဆက်၍မရ၊ သိတာက သူမ





မောင်းကို ခပ်တင်းတင်းလေးဆုပ်ကိုင်ပေးထား၍သာ လဲကျမသွားတာ လေ။ ခြေတောင်မနိုင်တော့ပါလား၊ ကျော့်ရယ်. . . ကျော့်နဲ့နီးစပ်ခွင့် မရှိနိုင်မှန်းသိသိကြီးနဲ့ 'ဆင့်'တို့ချစ်မိတာ အပြစ်တဲ့လား၊ လောကမှာ လူဖြစ်ခွင့်ရခဲ့ပါလျက်နဲ့ လူတိုင်းကြုံတွေ့ခွင့်ရတဲ့အဲဒီချစ်ခြင်းကိုမှ 'ဆင့်' တို့ ဘာကြောင့်အခွင့်မရတာပါလဲ။

''ခေါင်းမမာချင်စမ်းပါနဲ့သမီးရယ်။ သမီးကိုအတင်းကျပ်ကြီး မေမေတို့မစီစဉ်ပါဘူး၊ သားမောင်က အတန်တန်ကတိတောင်းထားလို့ ပါ။ 'ဆင့်'ကို အိမ်ထဲပိတ်လှောင်ထားတာမျိုးမလုပ်ပါနဲ့တဲ့။ ကဲ, သမီး အပေါ် ဘယ်လောက်ချစ်ရှာသလဲ၊ စဉ်းစားကြည့်''

''သူချစ်ပေမယ့် 'ဆင့်'မှ. . .''

''မိန်းကလေးတွေရဲ့ဘဝမှာ ကိုယ်ချစ်မလိုပါဘူးသမီးရယ်၊ သူ ချစ်ရဖို့သာ အဓိကကျတာပါ။ ကိုယ်ချစ်ရာရုံနဲ့ သမီးဘဝပြည့်စုံသွား ပြီလို့ မထင်လိုက်နဲ့သမီး၊ အချစ်ကိုကိုးကွယ်မိရင် သမီးရဲ့ဘဝကြီး ဖောက် ထိုးမိုးမျှော်ဖြစ်သွားလိမ့်မယ်ဆိုတာကို မြဲမြဲယုံထားစမ်းပါ''

အချစ်ကိုကိုးကွယ်ရင်တဲ့လား၊ 'ဆင့်'တို့အရွယ်က အဲဒီအချစ် ဆိုတာကို ကိုးကွယ်တတ်တဲ့အရွယ်ဖြစ်မှန်း မေမေတို့သတိမှတ်မပေး နိုင်တော့ဘူးပေါ့လေ၊ ဒီအရွယ်ကို မေမေတို့ကိုယ်တိုင်ဖြတ်သန်းခဲ့ပါလျက် 'ဆင့်'အလှည့်ကျမှ ကန့်သတ်ချက်ဖုံထဲ သိမ်းသွင်းချင်ကြရတာယ်လို့ မေ မေရယ်။

''ဆင့်ဘက်ကိုလည်း နည်းနည်းလောက်စဉ်းစားပေးပါဦးမေမေ၊ 'ဆင့်'မချစ်တဲ့သူနဲ့ယူလို့ စိတ်ချမ်းသာမယ်ဆိုပြီး မေမေတို့ ထင်ထား သလား''

''ထင်တာမျိုးမဟုတ်ဘူးသမီး ယုံကြည်တာပါ။ အဲဒီယုံကြည် တာ တစ်ရွေးသားမှမလျော့ဘူးကွယ်။ ရွှေလင်ဗန်းနဲ့ အချင်းဆေး ရွှေ အိုးကိုက်ပြီး မွေးလာတဲ့သမီးဟာ ရွှေဘုံပေါ်မှာပဲ စံသင့်တာပေါ့။ လူဆို တာ အမြင့်ကိုပဲမှန်းရတာသမီးရဲ့။ အောက်ခြေကို ဘယ်တော့မှမကြည့်



www.burmeseclassic.com

www.burmeseclassic.com



လေနဲ့။ မြေကြီးဆိုတာ သူများတကာရဲ့အနင်းခံပဲ သမီး။ အဲဒီမြေကို သမီး ခြေဗလာနဲ့ ဘယ်တုန်းက နင်းခဲ့ဖူးလို့လဲ။ သမီးရဲ့ခြေဖဝါးနုနုလေး သွေးခြေဥမှာစိုးလို့၊ မြေမှုလောင်မှာစိုးရိမ်လို့ မေမေတို့မိဘတွေက မေတ္တာ စေတနာအပြည့်နဲ့ သမီးအတွက် ဖိနပ်ဆိုတာကိုဝတ်ပေးထားတာ၊ အလှ စီးဖို့သက်သက်မဟုတ်မှန်း သမီးနားလည်တတ်ပါ ဆင့်"

ပူလောင်မာကျောတဲ့မြေကြီးတဲ့လား။ ကျော်, တကယ်ပဲ အဲ မြေဘဝက ဘယ်တော့မှမလွတ်နိုင်တော့ဘူးလားဟင်။ မေမေရယ်, မေ မေတို့ရပ်နေတာလည်း ဒီမြေပေါ်မှာပါပဲ၊ ဒီမြေကထွက်တဲ့ဆန်နဲ့ရေ မေမေတို့စားသောက်နေရတာပဲမဟုတ်လား။ ဒါဆို ဘာကြောင့် မြေ ကျေးဇူးမတင်ရတာပါလဲ။

"ဆင်းရဲတာ ကံကြောင့်ပါ မေမေ။ အပြစ်မှမဟုတ်ဘဲ"

"အပြစ်ပေါ့သမီးရဲ့။ သူတို့ကံမကောင်းလို့ ဆင်းရဲဒုက္ခရော နေတာ၊ အဲဒါကို သမီးက ဒီတွင်းထဲခုန်ချချင်ရသလား။ သမီးကို မေ မွေးထုတ်ပေးလိုက်ကတည်းက ဦးနှောက်ဆိုတာ ခေါင်းထဲပါလာပြီး ပညာရှာတာတောင်မှ ဒီဦးနှောက်ကိုအသုံးပြုခဲ့ရတာ၊ အဲဒီဦးနှော နဲ့ပဲ သေသေချာချာစဉ်းစားတွေးခေါ်စမ်း! "

"ဆင့် တစ်သက်လုံး စိတ်ဆင်းရဲရမှာဆိုတော့ မေမေ ကြည် ရက်တယ်ပေါ့"

"ခက်လိုက်တာ မိဆင့်ရယ်"

ဖေဖေက စိတ်မရှည်သလို ဝင်ပြောလေ၏။ 'ဆင့်' ဘက် မည်သူမှရှိမနေပါလေ၊ တစ်ယောက်တည်းပါလား။ တကယ့်ကို ယောက်တည်းပါကျော်၊ လဲနေသူကို ထူမတ်ပေးဖို့ အားငယ်သူကို ပေးဖို့ 'ဆင့်' အနားမှာ တစ်ယောက်မှရှိမနေပါလေ၊ ကျော်ရယ် ကို ခွန်အားတွေပေးလှည့်ပါဦး။ 'ဆင့်' မျက်နှာလေးပြုံးနေတာကို တွေ့ချင်တဲ့ကျော့်အတွက် 'ဆင့်' ဆီမှာ အပြုံးတွေ ပျောက်ကွယ် ဆုံးတော့မှာပါလားကွယ်။





"ထမင်းနပ်မမှန်အောင် စားရပြီး လူဆင်းရဲရတာက သမီး အတွက် ပိုပြီးကြောက်စရာကောင်းတာကို နားလည်မှပေါ့"

"ကိုမောင့်ကို 'ဆင့်' ငြင်းထားပြီးသားပါမေမေ၊ 'ဆင့်' လက် ထပ်မယ့်သူဟာ ဘယ်နည်းနဲ့မှ ကိုမောင်မဖြစ်နိုင်ဘူး"

"ခြေကျွံတာထက်စာရင်တော့ နှုတ်ကျွံတာကို ပြင်လို့ရသေး တာပေါ့သမီး။ သမီးဘဝကို သမီးဖာသာသမီး ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ သမီးကို မေမေတို့မွေးထားတာ မိုက်လုံးကြီးဖို့မဟုတ်ဘူးနော် သန်းသန်း ဆင့်။ မေမေတို့ပြောစကားကို မြေဝယ်မကျနားထောင်ခဲ့ပါလျက် ဒီတစ် ခါမှ မဆန့်ကျင်ချင်စမ်းနဲ့"

တိုက်ပွဲက ပြင်းထန်ချေပြီပဲ၊ တစ်ဖက်သက်အနိုင်ယူခြင်း၏ နောက်ကွယ်မှာ နှလုံးသားနှစ်ခုရဲ့ငိုကျွေးသံကို ဘယ်သူမှမကြားနိုင်တော့ ဘူးလား။ ကျော်, ဆင့်တို့ရှုံးရတော့မယ်ထင်ပါရဲ့။

"သမီးကိုဆင်ထားသမျှ လက်ဝတ်လက်စားတွေအားလုံးကို မေမေတို့ဆီ ပြန်အပ်ထားပါ"

ရင်ထဲမှာ ကျဉ်ခနဲခံစားလိုက်ရပါ၏။ သိမ်းပါမေမေ၊ ဒါပေမဲ့ 'ဆင့်' ပိုင်ဆိုင်တဲ့ရင်ထဲက နှလုံးသားကိုတော့ မေမေတို့အပိုင်သိမ်းယူ လို့ရမှာမို့လို့လား။ သက်မဲ့အရာတွေနဲ့အတူ 'ဆင့်' ရဲ့သက်ရှိခန္ဓာကိုယ် ကို မေမေတို့စိတ်တိုင်းကျ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ရနိုင်ပါ တယ်၊ ဒါပေမဲ့ 'ဆင့်' ရဲ့စိတ်နဲ့အတွေးတွေကိုတော့ ဘယ်လိုမှခြယ်လှယ် ချုပ်နှောင်ထားလို့မရပါဘူး။

"ဆင့်ကိုမယုံတဲ့သဘောနဲ့လား မေမေ"

"အန္တရာယ်ဆိုတာ ကြိုတင်ကာကွယ်မှရသလို. . . မီးဆိုတာ သောင်ခင်တားရတာမျိုး သမီးရဲ့"

သိတာက လက်တို့သတိပေးနေပြီမို့ အလိုက်တသင့်ဖြင့် လက် ဝတ်လက်စားတို့ကို ချွတ်ပေးလိုက်ပါ၏။ 'ဆင့်' ကိုမယုံဘူးတဲ့ကျော်ရယ်။ ဆင့် ချစ်တဲ့ကျော်ကို ပစ္စည်းမက်တဲ့သူလို့ မေမေတို့ယူဆတာကို 'ဆင့်'



www.burmeseclassic.com

www.burmeseclassic.com



ရင်နာလို့မဆုံးပါဘူး။ အဲဒါတကယ်ပါကွယ်။

"ကျော်က ပစ္စည်းမက်တဲ့လူမဟုတ်ပါဘူးမေမေ။ အဲဒါကို 'ဆင့်' ယုံပါတယ်"

'လွယ်ရင် သူကြွယ်တောင်မှ လက်မနှေးဘူး' ဆိုတဲ့ဆိုရိုးစကားက အလကားရှိခဲ့တာမှမဟုတ်ဘဲသမီးရဲ့။ သမီးက လူတကာအတွက်တော့ ရတနာသိုက်ဖြစ်ချင်ဖြစ်နေမှာမို့ပါ"

ဣန္ဒမ ဘာမှထပ်မပြောတော့ပါချေ။ တိခနဲရပ်သွားသည့် မျက်ရည်တို့က ခမ်းခြောက်သွားသည့်နှယ်ပင်။ မတ်တပ်ထရပ်စဉ် သီတာက လှကြီးတွေကို နှုတ်ဆက်ကာ ပြန်သွားလေ၏။ အမြင့်ကိုပဲမှန်းသတဲ့လား။ ဒီလောကကြီးထဲတွေရဲ့ထိပ်ဆုံးကနေ အသက်ကိုစတေးပြီး 'ဆင့်' ခုန်ချမိရင် မေမေတို့ မည်သို့ဖြစ်လေမည်နည်း။

✦✦✦



# အခန်း (၂၆)

အိပ်ရာထက် လူးလိမ့်နေမိ၏။ ကုကယ်သူမဲ့ချေပြီလား။ အိမ်သို့ မကြာခဏရောက်လာသည့်ကိုမောင့်ထံမှ မည်သည့်စာစပ်စကားမှ ထွက်မလာ၍ တော်ပါသေးသည်။ ခုဆို ကျော်လည်း စာမေးပွဲနီးပြီမို့ စာကျက်နေမည်ထင်ပါ၏။ သူမကဖြင့် ကျောင်းစာအုပ်တွေကိုကြည့်ချင်စိတ်ကုန်နေလေပြီ။

"မမ, ကြီးမေက ထမင်းစားမယ်တဲ့"

အခန်းတံခါးဟ၍ လာခေါ်သည့်မတူးကို လှည့်မကြည့်မိ။ တော်တော်ကြာသည်အထိ ထွက်သွားသည့်ခြေသံမကြားရတော့မှ သူမအသံခပ်တိုးတိုးဖြင့် ပြောလိုက်ပါ၏။

"မစားဘူး"

"မမ, မနက်ကတည်းက ဘာမှမစားရသေးတာ ဆာနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါမစားဘူးလို့ပြောနေတာ မကြားဘူးလား"

အော်သံက အခန်းပြင်သို့ပင် လွင့်သွားမည်မထင်ပါ။ မတူး တစ်ယောက် 'ဟုတ်ကဲ့'ဟုပင် ပြန်မပြောနိုင်တော့ဘဲ အပြေးထွက်သွား တော့သည်။ မကြည်လင်ပါ။ စိတ်ရော၊ ခေါင်းထဲက ဦးနှောက်တွေပါ နောက်ကျိနေတာအမှန်ပါလေ။

ခဏအကြာမှာ အခန်းတံခါး ဂုန်းခနဲပွင့်လာပြီး မေမေရောက် လာလေ၏။ ကြိုက်သလိုသာ လုပ်ကြပေတော့။ အခန်းထဲဝင်ချင်တဲ့သူ ဝင်၊ ထွက်ချင်တဲ့သူထွက်နဲ့ ဖြစ်နေကြတာကို။

"ဒါ ဘာသဘောလဲ သမီး. . . မနက်ကလည်း ကော်ဖီဆင် မသောက်ဘူး၊ အခုလည်း ထမင်းဆင်းမစားဘူးဆိုပြီး လုပ်ပြန်ပြီ။ ညည်း ဒီလိုဆန္ဒပြရုံနဲ့ မေမေတို့အစီအစဉ်က ပျက်မသွားဘူး သန်းသန်းဆင့်"

"ဆင့် တကယ်မစားချင်လို့ မစားတာပါ မေမေ"

"အေးလေ. အစာအငတ်ခံဆန္ဒပြရင်လည်း ဘယ်နှရက်ခံနိုင် မှာမို့လို့လဲ။ ညည်းဘယ်ထိခေါင်းမာနိုင်လဲဆိုတာ မေမေတို့စောင့်ကြည့် ရုံပေါ့လေ။ သမီးသိထားဖို့က သမီးကို တခြားကိစ္စတွေမှာပဲ မေမေတို့ အလိုလိုက်နိုင်မယ်သမီး။ ဒီကိစ္စမှာတော့ သမီးဆန္ဒကို ဘယ်နည်းနဲ့ မေမေတို့ မလိုက်လျောနိုင်ဘူးဆိုတာပဲ"

မေမေ့အသံက မာမာကျောကျော။ ခေါင်းမာတယ်တဲ့လား အဲဒီလိုပဲ 'ဆင့်'နှလုံးသားလေးပါ မာရင် ဘယ်လောက်များကောင်းလိုက် မလဲနော်။ အသည်းလည်း မာကျောနေမှသာ အက်ကွဲကြေမွခြင်းဒဏ်ကို ခံနိုင်ရည်ရှိမှာလေ။

"ထ. . . ထမင်းစားမယ်"

"ဟင့်အင်း"

"သမီးနော်"

"ဆင့်.ဆန္ဒပြနေတာ မဟုတ်ရပါဘူးမေမေ။ တကယ်မ[illegible] လို့ပါ"





"သမီးဖေဖေသိရင် အခြေအနေက ဒီ့ထက်ပိုပြီး ဆိုးဝါးသွား နိုင်တယ်နော်"

"စိတ်ချပါမေမေ၊ ကျော်နဲ့ပတ်သက်ပြီး ဘယ်လိုစကားကိုမှ ဖေဖေ့ကို 'ဆင့်'မပြောမိစေရပါဘူး"

"ပြီးတာပဲ"

မေမေ အခန်းထဲမှထွက်သွားတော့ သူမခေါင်းအုံးထက် မျက်နှာ အပ်ထားလိုက်မိ၏။ ကျော်ရေ. . .'ဆင့်'အဖြစ်ကိုမြင်လှည့်ပါဦး၊ စာတွေ ကျက်နေပြီမို့ အိမ်ရှေ့ကို ကျော် မရောက်လာနိုင်မှန်း 'ဆင့်'သိနေနှင့် ပါတယ်။

အကယ်၍များ ကျော်သာ ရောက်လာခဲ့ရင် ဘာကြီးပဲဖြစ်နေနေ ကျော့်နောက်ကို 'ဆင့်'လိုက်ခဲ့မှာပဲ၊ လိုက်ခဲ့ပါရစေ. . .မိုးတွေ ဘယ် လောက်ပဲယိုယို၊ ကြယ်မြင်လမြင်ခေါင်းမိုးအောက်မှာ ခိုဝင်ပါရစေ။ လေ တွေ ဘယ်လောက်ပဲတိုးတိုး၊ မလုံလဲတဲ့ ထရံကာတဲလေးထဲမှာ နားနေ ပါရစေ။ လည်ပင်း ဘယ်လောက်ပဲနှင်နှင်၊ နေ့စဉ် တစ်နပ်လေးပဲစားရ ပါစေဦးတော့၊ ဆန်ကြမ်းထမင်းပဲ မျိုချပါရစေ၊ အသားဟင်းတစ်ခွက်မှ မပါရလည်းနေပါစေ. . .ဟင်းရွက်ပဲဖြစ်ဖြစ်၊ အကြော်နဲ့ပဲဖြစ်ဖြစ် အာ သြောင်းအောင် ဝါးပါရစေ။

ရွှေဘုံပေါ်စံပြီး စိတ်ဆင်းရဲခံရတာထက် လူဆင်းရဲခံပြီး စိတ် ချမ်းသာခွင့်ကိုပဲ လိုချင်ပါတယ်။ မချစ်မနှစ်သက်တဲ့ကိုမောင့်ရင်ခွင်ထဲ ဝင်ရမှာထက် 'ဆင့်'သိပ်ချစ်တဲ့ ကျော့်ရင်ငွေ့ကိုပဲ ခိုလှုံပါရစေနော်။

ပြာပုံတိုးချင်တဲ့သမီးတဲ့။ ကျော်ရယ်. . .ဆင်းရဲခြင်းဆိုတာ မီးလောင်ပြာတမျှ ပူလောင်ပြင်းထန်နေပါစေဦးတော့ အဲဒီပြာပုံထဲကိုပဲ မျက်စိမှိတ်ပြီး'ဆင့်'ခုန်ချလိုက်ချင်ပါတယ်။ ကျော်နဲ့ခွဲပြီး အလွမ်းသင့် ဒဏ်ရာတွေနဲ့ အဆွေးဝေဒနာတွေကို ခံစားနေရပေမယ့်အတူတူ နေပူ ထဲမှာ ခြေဗလာနဲ့လျှောက်လိုက်ချင်ပါတယ်။

ဆူးအပြည့်ခင်းထားတဲ့တောအုပ်ကိုပဲ နင်းဖြတ်ရပါစေ။ ရှိရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြီး နင်းဖြတ်လိုက်ချင်ပါတယ်။ မိုးကောင်းကင်ကို မမြင်ရတဲ့ ချောက်ကမ်းပါးကြီးပဲဖြစ်ပါစေဦးတော့။ ကျော့်လက်ကိုဆုပ်ကိုင်ပြီး အရဲစွန့်ခုန်ဆင်းလိုက်ချင်ပါရဲ့။ မိုက်မဲတယ် ပြောကြပါစေဦးတော့ အမိုက်တကာ့အမိုက်မဲဆုံးလမ်းကိုသာ ရွေးချယ်ကြပါစို့နော်။

လာခေါ်လှည့်ပါ။ မျက်စိဒေါက်ထောက်ကြည့်ခြင်းခံနေရတဲ့ ဒီလှောင်အိမ်ထဲက ငှက်ကလေးကို ကျော် လာကယ်လှည့်ပါကွယ်။ အတွေမဲ့ချစ်ခြင်းတို့နဲ့ နှစ်ကိုယ်တူဘဝလေးကို တည်ဆောက်ကြပါစို့လား။ ကျော်မေမေနဲ့အတူ ဈေးကူရိုင်းရောင်းရမလား။ 'ဆင့်'ရောင်းရဲပါတယ်။ ကျော်လုပ်တဲ့အလုပ်မှာ အုတ်တွေသဲတွေသယ်တဲ့အလုပ်ကိုပဲ လုပ်ရမလား။ ကျော့်အပြုံးကို အားဆေးအဖြစ်စားသုံးပြီး အပင်ပန်းခံပြီး 'ဆင့်'လုပ်ဝံ့ပါတယ်ကွယ်။ ယုံလှည့်ပါ။

ခုတော့ 'ဆင့်'တစ်ယောက်တည်းကျိတ်ပြီး မျက်ရည်တွေကျနေရတာကို ကျော်သိနိုင်ပါ့မလား။ အဆက်အသွယ်လုပ်ရအောင်လည်း 'ဆင့်'မှာက ကျေးစေတမန်ရယ်လို့မှ ရှိမနေတာလေ။

အပြင်မှအသံတွေ ကြားရပြန်လေ၏။ ဘယ်သူများလာတာပါလိမ့်။ ညှိသည်ဆိုရင် ကိုမောင်များဖြစ်နေမလား။ ကိုမောင်ဆိုရင်တော့ 'ဆင့်'ကို အိပ်ခန်းထဲထိ လာတွေ့မှာမှမဟုတ်တာလေ။ အကျဉ်းစံဘဝရောက်နေရတဲ့'ဆင့်'ကို ဘယ်သူများလာတွေ့တာဖြစ်မှာပါလိမ့်။

"စိတ်ချပါအန်တီ။ သီတာက 'ဆင့်'ရဲ့ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးပါ။ 'ဆင့်'ရဲ့ကောင်းကျိုးကိုသာ သီတာလိုလားပါတယ်အန်တီ။ ကိုယ့်သူငယ်ချင်း လမ်းမှားရွေးမှာကို ထောက်ခံအားပေးတဲ့အလုပ်မျိုး သီတာ့တစ်သက် ဘယ်တော့မှ မလုပ်မိစေရပါဘူး။ သီတာကတိပေးပါတယ်။ သီတာ့ဘဝနဲ့ထပ်တူထပ်မျှ 'ဆင့်'ကို နှစ်ကိုယ့်တစ်စိတ် တန်ဖိုးထားတဲ့ငယ်သူငယ်ချင်းမို့ ယုံကြည်ပေးပါအန်တီ။ သီတာကိုယ်တိုင်လည်း အဲဒီလိုဘဝမျိုးနဲ့မနေနိုင်ပါဘူး။ ဒီလိုပဲ 'ဆင့်'ကိုလည်း ဒီလိုဘဝထဲ လုံးဝမရောက်စေချင်ပါဘူးအန်တီ။ အသက်နဲ့ရင်းပြီး ကတိ





ပြုနေတာကို ယုံကြည်လက်ခံရင် သီတာ 'ဆင့်'နဲ့တွေ့ပါရစေ"

"သမီးကိုမယုံလို့မဟုတ်ရပါဘူးကွယ်။ သမီးအန်ကယ်က သူ့သမီးကို ခြံထဲကိုမဆင်းရ ဘယ်သူမှလာမတွေ့ရဆိုပြီး အမိန့်ထုတ်ထားတာမို့ပါ။ ဒီအချိန်မှာ အန်တီ့သမီးကို ဆုံးဖြတ်ချက်မှားပြီး တစ်ခွတ်ထိုးလုပ်သွားမှာကို အစိုးရိမ်ဆုံးမို့ သေချာဂရုစိုက်ကြည့်ထားနိုင်းလို့ပါပဲ။ ဝင်ပါသမီး။ 'ဆင့်'ကို အန်တီတို့က သော့ခတ်ပြီး ပိတ်လှောင်ထားတာမျိုး လုပ်မထားပါဘူး။ ခြံထဲဆင်းချင်ရင်လည်း မတူးဖြစ်ဖြစ်၊ ဒေါ်လုံးဖြစ်ဖြစ် အဖော်တစ်ယောက်ပါရင် ဆင်းခွင့်ပြုထားတာပါ"

တံခါးက ချပ်ခနဲပွင့်လာပါ၏။ ဩော်၊ အရင်ကတည်းက တံခါးမရှိဓားမရှိ ဝင်ထွက်ခွင့်ရခဲ့တဲ့သီတာ့ကိုတောင် အမိန့်တောင်းပြီး ခွင့်ရမှ သူမဆီ လာခွင့်ရပါရောလား။ ဘယ်လိုလဲ လောကကြီးရယ်။ 'ဆင့်'ကို ဘယ်အချိန်ထိ ဒီလိုမျိုး ပိတ်လှောင်ကာဆီးထားဦးမှာပါလိမ့်။

"ဆင့်"

"..."

"အိပ်ပျော်နေတာလား"

မှောက်လှဲနေရာမှ ခုတင်ထက် ထထိုင်လိုက်ရသည်။ သူငယ်ချင်း ရောက်လာတာမို့ သူမအတွက် အခွင့်ကောင်းတစ်ခုတော့ ရနိုင်ကောင်းပါရဲ့လေ။

"ငါ့အတွက် ထွက်ပေါက်ဘယ်မှာရှိနိုင်မလဲလို့ စဉ်းစားနေတာပါ သီတာ"

"ဘယ်လို!"

"ဟုတ်တယ်၊ ဒီလိုလှောင်အိမ်ထဲမှာ 'ဆင့်'မနေချင်တော့ဘူး။ ကျော့်ဆီကို ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် အမြန်ဆုံးရောက်ချင်တာ တစ်ခုတည်းကိုပဲ ခေါင်းထဲမှာထည့်ထားတယ်"

"ဘယ်လိုပြောလိုက်တာလဲ 'ဆင့်'ရယ်။ နင်ဘယ်လိုစဉ်းစားဆုံးဖြတ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆင့်၊ ကျော့်ကိုမခွဲနိုင်ဘူး"

သီတာ့ထံမှ သက်ပြင်းရှိုက်သံထွက်လာသဖြင့် 'ဆင့်'ကိုယ်စား ရင်မောနေပြီလား။ ကိုယ်ချင်းစာကြည့်ပေးပေါ့ကွယ်။

"ဒီအချိန်မှာ နင်ခေါင်းပူပြီး ဒီလိုပဲတွေးထားမယ်ဆိုတာ ငါသိထားပြီးသားပါ 'ဆင့်'။ အလျှင်မလိုပါနဲ့လား။ အချိန်ယူပြီး ခေါင်းအေးအေးနဲ့ သေချာစဉ်းစားပါလား'ဆင့်'ရယ်"

"ခေါင်းအေးအေးထားရမယ် ဟုတ်လား။ သီတာ 'ဆင့်'နေရာမှာဝင်ပြီး ခံစားကြည့်ပါဦး။ ဒီလောက်အကျဉ်းအကျပ်ထဲ ရောက်နေချိန်မှာ 'ဆင့်'ကိုကယ်တင်ပေးမယ့်သူဆိုလို့ ကျော့် တစ်ယောက်တည်းရှိတာလေ"

"ဘုရား! ကယ်တော်မူပါ။ ဘယ့်နှယ်ပြောလိုက်တာလဲ'ဆင့်'ရဲ့။ ကျော်က 'ဆင့်'ကိုကယ်တင်ပေးမယ့်လူလား။ ဆွဲချသွားမယ့်လူလားဆိုတာကို 'ဆင့်' မပိုင်းခြားတတ်ဘူးလားဟင်"

"သီတာ"

"သေချာစဉ်းစားပါဦး 'ဆင့်'ရယ်။ ကျော့်နဲ့ဆင့်ဟာ ဘယ်လိုမှ မပေါင်းစပ်နိုင်တဲ့အတန်းစားတွေထဲက လူတွေပါ။ အဲဒါကို သိသိကြီးနဲ့ စိတ်ကိုအလိုလိုက်ပြီး ဆုံးဖြတ်ချက်မချချင်ပါနဲ့"

"သီတာက 'ဆင့်'သူငယ်ချင်းဆိုရင် 'ဆင့်'ရင်ထဲက ဆန္ဒအရှိကို နားလည်သင့်တယ်"

"နားမလည်ဘဲနေမလား 'ဆင့်'ရယ်။ နင်နဲ့ငါဟာ ဟိုးကလေးဘဝကတည်းက လည်ပင်းဖက်ပြီး ကြီးပြင်းလာတဲ့လူတွေပါ။ 'ဆင့်'ရဲ့ကောင်းကျိုးတွေကိုပဲ သီတာလိုလားပါတယ်။ ချစ်စိတ်တစ်ခုနဲ့ အမှန်ကိုမမြင်ဘဲ အမှားကိုရွေးချယ်တဲ့အဖြစ်မျိုး သီတာရဲ့'ဆင့်'ကို မဖြစ်စေချင်ဘူး"

"ကျော့်ကိုချစ်တာ မှားတယ်လို့ သီတာ ယူဆထားတာလားဟင်"





"မှန်ရောမှန်လို့လား 'ဆင့်'ရဲ့. . . ပြောပါဦး။ အခုနေတော့ 'ဆင့်'မိဘတွေကို 'ဆင့်'ဆန္ဒနဲ့ဆန့်ကျင်ပြီး စိတ်ခုနေမယ်ဆိုတာ သီတာနားလည်ပါတယ်။ ကိုယ်ချင်းလည်းစာပါတယ် 'ဆင့်'။ 'ဆင့်'နေရာမှာ သီတာဝင်ပြီး တွေးကြည့်ခဲ့တာ အကြိမ်ကြိမ်ပဲ။ အဖြေက အကြွင်းမဲ့ ရလာတယ်ဆင့်။ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူးကွယ်"

သီတာပြောနေပြီကော ကျော့်။ 'ဆင့်'တို့နှစ်ယောက်ကို မဖြစ်နိုင်ဘူးတဲ့လေ။ သီတာ ရောက်လာလို့ 'ဆင့်'အတွက် အားကိုးရမလား မှတ်ပါတယ်။ ခုတော့ဖြင့် ထိုသို့မဟုတ်ချေပြီ၊ လက်စသတ်တော့ သီတာအားဆိုတာ မေမေတို့ငှားလိုက်တဲ့ ရှေ့နေပေါက်စလေး ဖြစ်နေတော့တာကိုး။

"ဆင့်က ရေနစ်နေတဲ့သူပါ သီတာ။ ဒါကိုသိလျက်နဲ့ 'ဆင့်'အတွက် သီတာက ကူကယ်သူမဟုတ်ဘဲ ဝါးကူထိုးသူနေရာမှာ ရပ်နေတာပါလား"

"ထင်ရက်လေခြင်း 'ဆင့်'ရယ်။ ဖြစ်ခြင်းဖြစ်ရင် အဲဒီဝါးလုံးနဲ့ 'ဆင့်'လက်ကို ကမ်းလင့်ဆယ်ယူမယ့်သူပါ။ 'ဆင့်'ဒုက္ခရောက်မှာ၊ ဘဝပျက်သွားမှာကို မျက်စိစုံမှိတ်ပြီး သီတာ ကြည့်မနေနိုင်ပါဘူး။ အဲဒါအမှန်ပဲ"

ဒုက္ခရောက်မှာတဲ့လား။ ဘဝပျက်မှာကို စိုးရိမ်သတဲ့လေ။ ကျော့်နဲ့ယူတာနဲ့ 'ဆင့်'ဘဝပျက်ရမယ်လို့ သီတာယူဆထားလေသလား။ အိမ်ဆောင်တစ်ခုမှာ မေတ္တာအပြည့်နဲ့ဖွဲ့စည်းထားတဲ့အိမ်မှ သာယာတယ်ဆိုတာကို သီတာ မသိလို့များလားလေ။

"ဆင်းရဲတယ်ဆိုတာ နားထောင်လို့ကောင်းတဲ့စကားလုံးတွေမဟုတ်ဘဲ 'ဆင့်'ရယ်။ 'ဆင့်'ဘဝမှာ လိုချင်တယ်လို့ တောင့်တခဲ့ဖူးတာမျိုး ဘယ်နှခါများရှိခဲ့သလဲ။ 'ဆင့်'လိုအင်ဆန္ဒမှန်သမျှကို အန်တီတို့က အပြည့်ဆည်းပေးခဲ့တာလေ။ မိဘရဲ့အရိပ်ဘယ်လောက်ထိအေးမြသလဲဆိုတာ သီတာ့ထက် 'ဆင့်'က ပိုသိသင့်တာပေါ့။ သီတာဆို



www.burmeseclassic.com

www.burmeseclassic.com

(၅) နှစ်သမီးဘဝကတည်းက မာမီတို့နဲ့အတူ နေခွင့်ရခဲ့တာမှမဟုတ်ဘဲ။ မာမီနဲ့ဒက်ဒီတို့ကွာရှင်းတော့ သီတာတို့မောင်နှမလေးယောက် ဦးလေးတွေနဲ့အဒေါ်တွေဆီမှာ တကွဲတပြားနေခဲ့ရတာလေ။ ဒါတောင်ဒီမြန်မာပြည်မှာ ဘွားဘွားတစ်ယောက် သက်ရှိထင်ရှားနေသေးလို့ပဲ။ ဘွားဘွားသာမရှိတော့ရင် အားလုံး နိုင်ငံတကာမှာ အခြေချကြဖို့ သေချာသလောက်လေ။ မိသားစုဆိုတဲ့အသိုက်အမြုံ မိဘဆိုတဲ့အမိုးရဲ့တန်ဖိုးကို အဲဒီအသိုက်ပျက်မှ အဲဒီအမိုးပျောက်မှ 'ဆင့်'နားလည်မှာလား"

အသိုက်မြုံတဲ့၊ အမိုးတဲ့လား။ စကားလုံးတွေက မြင့်လွန်း တယ်သီတာ။ ခေါင်းမူးထူနေတဲ့'ဆင့်'ကို ရှုပ်ထွေးနောက်ကျိအောင် မ လုပ်ချင်ပါနဲ့။

"တစ်ဆိုတာ တန်ဖိုးရှိတဲ့တစ်တို့ နှစ်တို့နဲ့မြှောက်မှပဲ သူ့ဘ ကောင်းမှာ၊ မြင့်မားလာမှာလေ။ သုညနဲ့မြှောက်မိရင် သူ့ဘက် အရှုံးတွေပဲဖြစ်လာမှာ အသေအချာပဲ၊ သနားကရုဏာသက်တာ အချ မဟုတ်ဘူး 'ဆင့်'။ ဒီတော့ 'ဆင့်'ရင်ထဲက ကျော့်ကို 'ဆင့်'ဘဝရဲ့လ တွဲဖော်အဖြစ် မက်ခဲ့တဲ့အိပ်မက်ကို စွန့်လွှတ်လိုက်ပါကွယ်. . . နော်"

ဘုရားရေ! စွန့်လွှတ်ရမယ်တဲ့လား။ အပြောကဖြင့် လွယ်လိုက် တာ။ ကျော့်ကို 'ဆင့်'ချစ်ခဲ့တာ ဒီလိုအလွယ်တကူစွန့်ပစ်ဖို့မှမဟုတ် နင့်မှာ ချစ်တတ်တဲ့နှလုံးသားမှပါရဲ့လား သီတာ။

"ဟင့်အင်း ကျော့်ကို 'ဆင့်'မစွန့်လွှတ်နိုင်ဘူး။ 'ဆင့်'. ကျော့် ကိုသိပ်ချစ်တယ် သီတာရဲ့"

"အချစ်ဆိုတာ စိတ်ကူးယဉ်ရုံသက်သက်ပဲကောင်းတာပါကွယ် တကယ့်လက်တွေ့မှာ အဲဒီအချစ်က ဘာမှအရာမထင်လှပါဘူး။ သီ မာမီကိုပဲကြည့်။ သားသမီးလေးယောက်ရှိပါလျက်နဲ့ နောက်ထပ်အချ သစ်တစ်ခု ထပ်ပြီးမွေးဖွားလာပါတယ်ဆိုပြီး အန်ကယ်ဒိုးနောက် ကောက်ကောက်ပါအောင်လိုက်သွားတာလေ။ ဒက်ဒီရော ဘာထူးလို့ သိပ်မကြာခင် (၆)လအတွင်း နောက်တစ်ပင်ထူထောင်လိုက်တာပဲ





လား။ စဉ်းစားကြည့်ပေါ့ 'ဆင့်'ရယ်။ အဲဒါ အချစ်တဲ့လား။ သူတို့နှစ်ယောက် စိတ်တူကိုယ်တူချစ်ကြလို့ ဘွားဘွားက မင်္ဂလာဆောင်ပေးခဲ့တာလေ။ နောက်ဆုံးကျတော့ အချစ်က သေဆုံးသွားသတဲ့။ သီတာကတော့ အဲဒီအချစ်ဆိုတာကို လုံးဝအယုံအကြည်မရှိတာ အမှန်ပဲ'ဆင့်'။ သီတာ့သူငယ်ချင်းလေးကို စိတ်လည်း မဆင်းရဲစေချင်သလို လူလည်း မဆင်းရဲစေချင်ဘူးကွယ်။ အသားဟင်းနဲ့နေ့စဉ်စားနေလျက်က ချဉ်ပေါင်ဟင်းနဲ့ 'ဆင့်'စားနိုင်မလား။ ဆန်ကောင်းထမင်းတောင် မာသွားရင် မကြိုက်ဘူးလို့ပြောပြီး ထပ်ချက်ခိုင်းရတဲ့ 'ဆင့်'အတွက် ဆန်ကြမ်းကို နေ့စဉ်ဘယ်လိုမျိုချမလဲ။ တွေးရုံနဲ့စိတ်ပျက်စရာပါ 'ဆင့်'ရယ်။ ခုချိန်မှာ သီတာက အဖျက်တွေပြောနေတာဆိုပြီး သီတာ့ကို 'ဆင့်'မုန်းချင်မုန်းပါ။ သီတာ အမုန်းခံနိုင်ပါတယ်။ ကျော့်နောက်ကို 'ဆင့်'လိုက်သွားတယ်ပဲထားပါစို့။ ဒေါ်လေးမာက 'ဆင့်'ကို ဖက်လှဲတကင်းနဲ့ လက်ကမ်းကြိုနေလိမ့်မယ်လို့ 'ဆင့်'မျှော်လင့်ထားလား။ မထင်ပါဘူး။ သူ့သားလေး တက်လမ်းရှာနေတာကို ဖျက်လိုဖျက်ဆီးပိတ်ပင်တယ်ဆိုပြီးတော့တောင်မှ 'ဆင့်'ကိုအပြစ်တင်ဦးမှာ သေချာသလောက်ပဲ။ ကျော့်မှာ အိမ်ထောင်တစ်ခုထူထောင်ဖို့ အဆင်သင့်ဖြစ်မနေသေးဘူး 'ဆင့်'။ ဒီလိုအနေအထားမျိုးနဲ့ 'ဆင့်'ကို သူလက်ခံမိရင် 'ဆင့်'အတွက် ပျော်ရွှင်မှုတွေတော့ ရလိမ့်မယ်မထင်ပါဘူး။ သီတာ့စကားကို နားထောင်ပါ။ 'ဆင့်'ကိုမောင့်ကိုသာ ရွေးချယ်သင့်တယ်။ အဲဒါအသေအချာပဲ"

ဘယ်လိုများလုပ်ရပါ့မလဲ။ သီတာက ကျော့်ကိုစွန့်လွှတ်ပြီး ကိုမောင့်ကို ရွေးချယ်ခိုင်းနေပြီ ကျော်။ 'ဆင့်'ဘာဆက်လုပ်ရမလဲ။ 'ဆင့်'နှလုံးသားနဲ့ရွေးချယ်ခဲ့တဲ့ချစ်သူကို စွန့်လွှတ်ချန်ရစ်ဖို့ 'ဆင့်'ရဲ့အသည်းဒီလောက်မမာနိုင်ဘူးလေ။

"ဆင့်. ကျော်နဲ့မခွဲနိုင်ဘူး. . . ကျော့်ကို 'ဆင့်'သိပ်ချစ်တယ် သီတာရဲ့"

ဘယ်နှကြိမ်မြောက်မှန်းမသိသည့်စကားတို့ကို အကြိမ်ကြိမ်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေမိ၏။ 'ဆင့်'ကိုသနားမယ့်သူဆိုလို့ ဒီလောကမှာ တစ်ယောက်မှ ရှိမနေပါလား ကျော်ရယ်။

''ချစ်ပါ ဆင့်။ ကျော့်ကိုချစ်တာကို သီတာ မပိတ်ပင်ပါဘူးကွယ်။ အချစ်နဲ့ဘဝကို တည်ဆောက်လို့မရဘူးဆိုတာကို 'ဆင့်'သိစေချင်တဲ့စေတနာသက်သက်နဲ့ အခုလိုလာပြောနေတာပါ။ အချစ်ဆိုတာ 'ဆင့်'ရင်ဘတ်ထဲကကိုစွပဲ၊ ဘဝကိုတော့ ဦးနှောက်နဲ့ပဲ ရွေးချယ်တည်ဆောက်ပါ။ သီတာပြောချင်တာ အဲဒါအကုန်ပဲ 'ဆင့်'။ သီတာ့သူငယ်ချင်းရဲ့ဘဝလေးကို ကောင်းစားစေချင်တဲ့စေတနာတွေအကုန်လုံးကို 'ဆင့်' မြင်တတ်၊ သိတတ်၊ နားလည်တတ်ပါစေကွယ်။ သီတာ ပြန်ဦးမယ်''

ကျော်. သီတာက ပြောနေပြီကော၊ ဘဝကို နှလုံးသားနဲ့မဆုံးဖြတ်ဘဲ ဦးနှောက်နဲ့ရွေးချယ်ပါတဲ့လေ။ 'ဆင့်'ဘာလုပ်ရမလဲ။ သေချာတာတစ်ခုကတော့ 'ဆင့်'မှာ အင်အားတွေ တစ်စက်မှမကျန်အောင်ကုန်ခမ်းနေပြီဆိုတာပါလေ။

✦✦✦



## အခန်း (၂၇)

''ကြီးမေက လာခဲ့လို့ပြောလိုက်ပါတယ်''

မှန်တင်ခုံရှေ့ ခေါင်းဖြီးနေရင်းမှ တစ်ချက်လှည့်ကြည့်လိုက်ပါ၏။ မတူးက စကားပြန်မရသေးတာမို့ သူမကိုရပ်စောင့်နေလေသည်။ သနပ်ခါးရေကျဲလူးထားသည့်မျက်နှာက ခပ်ချောင်ချောင်။ ဒီမျက်နှာနဲ့ လူကြီးတွေကို ဆင်းတွေ့လို့ဖြစ်ပါ့မလား။ ကိုမောင်ရော မည်သို့ပြောလေမည်နည်း။

''ခဏနေ့.ဆင်းလာမယ်လို့ပြောပေးပါ မတူးရယ်''

''ဟုတ်ကဲ့ပါမမ''

ကျစ်ဆံမြီးကို သေသေသပ်သပ်လေးကျစ်အပြီးမှာ မတူးကိုကောက်လာခိုင်းသည့် စကားပန်းနှစ်ပွင့်ကို ခေါင်းထက်မှာ အသာပန်သိုက်ပါ၏။ တစ်ပွင့်က ကျော်၊ နောက်တစ်ပွင့်က ဆင့်ပေါ့နော်၊ လောကမှာ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ဆိုပေမယ့် 'ဆင့်'က နှစ်ပွင့်ကန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသလို ဖြစ်နေရပြီလေ။

ဒါနောက်ဆုံးပန်ခြင်းပါပဲ ကျော်ရယ်။ ကျော်နဲ့လမ်းခွဲပြီးတဲ့နောက်မှာ ဒီပန်းတွေကို ဘယ်သောအခါမှ ‘ဆင့်’မပန်ဆင်တော့ပါဘူး။ ‘ဆင့်’တို့ရဲ့ဇာတ်သိမ်းခန်းမှာ အလွမ်းစကားတွေကို ဒီပန်းလေးတွေကပဲ ကျော်သိအောင်ပြောပြမှာ အသေအချာပါကွယ်။

မှန်ထဲမှာ မြင်နေရသည့်ပုံရိပ်ကို ခပ်ငေးငေးလေးကြည့်နေမိပါ၏။ ဒါလား. . . သန်းသန်းဆင့်ဆိုတဲ့မိန်းမချောလေးလေ၊ ခပ်ချောင်ချောင်ဖြစ်နေသည့်မျက်နှာထက်မှ အလှတရားတို့က ခပ်မှိန်မှိန်သာ တော့သည့်နှယ်၊ ဒီနှုတ်ခမ်း ဒီမျက်ခွံ၊ ဒီပါး၊ ဒီမေးစေ့၊ ဒီလည်တိုင်၊ ဒီလက်ဖျားတွေထက်မှာ ကျော့်အငွေ့အသက်တွေသာ ရှင်သန်ခွင့်ရှိခဲ့တာမဟုတ်လား။

ခုတော့ဖြင့် မဟုတ်တော့ပြီ။ ခွင့်လွှတ်ပေးပါကွယ်။ ရင်ထဲက အခါခါတောင်းပန်နေတဲ့ ‘ဆင့်’ရဲ့အသံတွေကို ကျော်ကြားပါစေသား ပါးပြင်ထက် ပေါက်ခနဲကျလာသည့် မျက်ရည်ပေါက်ကို အမြန်သုတ်ပစ် လိုက်ရပါ၏။ ရှိုက်သံသဲ့သဲ့ကို ကျိတ်မြိုကာ ထိုင်ခုံထက်မှ ထရပ်လိုက် သည်။

အခန်းတံခါးကိုအသာဖွင့်၍ လှေကားမှ ဖြည်းဖြည်းချင်းဆင်း လာခဲ့ပါ၏။ ဧည့်ခန်းမှာထိုင်နေသည့် ဦးဦးဉက္ကာနှင့် အန်တီကျင်ကျင် က လှေကားဆီအကြည့်ရောက်ကာ ပြုံးပြလိုက်လေသည်။ သူမအလိုက် သင့် ယောင်ယောင်မျှ ပြန်ပြုံးပြလိုက်မိ၏။ ကိုမောင့်ကိုမတွေ့မိပါလား။

“အန်တီတို့သမီးလေးက ဘယ်အချိန်ကြည့်ကြည့် ကျက်သရေ ရှိနေတာပဲ”

“နေလို့ကောင်းရဲ့လားသမီး၊ မျက်နှာလေးက နည်းနည်းချောင် သွားသလားလို့”

လူကြီးတွေက စဉ်ဆက်မပြတ်စကားဆိုနေပြီမို့ ခုံမှာ ဝင်ထိုင် လျက် ပြန်ဖြေရလေ၏။ မပြောချင်ပေမယ့် ပြောရဦးမှာဖြစ်သလို မဖြေ





ချင်ပေမယ့် လူမှုရေးအရ ပြုံးရဦးမယ်လေ။

“နေကောင်းပါတယ် ဦးဦး။ ညဘက် သိပ်ပြီးအိပ်မပျော်တတ် လို့ မျက်နှာချောင်သွားတာပါ”

“ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးမှပေါ့သမီးရယ်။ စာမေးပွဲ လည်း ပြီးပြီပဲဟာ။ နားနားနေနေ အိပ်ပေါ့”

ဘယ်လိုများ အိပ်လို့ပျော်မှာတဲ့လဲ။ စာမေးပွဲဖြေရတာတောင် ကျောင်းဝင်းထဲထိ မေမေက လစ်ချိန်မပေးဘဲ လိုက်စောင့်ခဲ့တာလေ။ ပြီးတော့ သိတာပါ သူမနှင့်တစ်ခုံတည်းထိုင်ရတာမို့ Stand by စောင့် ကြပ်သလိုမျိုးအနေအထားနဲ့ စာမေးပွဲကိုဖြေခဲ့ရတာပါ။

စာဖြေချိန်မတူတာမို့ ကျော်များ လာစောင့်နေမလားဆိုတဲ့ ခပ် ရေးရေးမျှော်လင့်ချက်တွေဟာလည်း တစ်စစနဲ့ အရည်ပျော်ကျခဲ့ရတာ မဟုတ်လား။ ဒီတစ်သက်ဆုံစည်းဖို့အကြောင်းမရှိတော့ဘူးဆိုတဲ့ ပြယုဂ် လေပဲလား ကျော်ရယ်။

“သားကတော့ နောက်နှစ်ကို Distance တက်ပြီး ဦးဦးရဲ့ ကုမ္ပဏီမှာ ဦးစီးတော့မယ်လို့ပြောတယ်သမီးရဲ့။ ဦးဦးသားက ဦးဦး သက်ထွက်ပီသတယ်လေ။ ပညာရေးထက် စီးပွားရေးကို ပိုဦးစားပေး တတ်တာကအစပေါ့”

“ဟုတ်တယ် သမီးကတော့ မိန်းကလေးဆိုတော့ အပြင်အလုပ် လုပ်စရာ ဘယ်လိုပါ့မလဲ”

“ဩော်, ကျင်ကျင်ရယ်။ သမီးက ခင်ခင့်လက်ထွက်ပီပီ မီးဖို ချောင်ကိစ္စ ဝါသနာပါပြီးသားလေ။ မိန်းကလေးဆိုတာ အိမ်မှုကိစ္စနိုင် နင်းဖို့သာ အဓိကမဟုတ်လား”

“ဟုတ်ပါ့ရှင်, ဟုတ်ပါ့”

ဦးဉက္ကာမောင်ရော ဒေါ်ကျင်ကျင်ခန့်ပါ, မိန့်မိန့်ကြီးပြုံးလိုက် ကြ၏။ မိမိတို့ချွေးမတော်ချင်သည့်မိန်းကလေးက အဖက်ဖက်က ပြီး ပြည့်စုံပြီး အပြစ်ပြောစရာရယ်လို့ တစ်စက်မှရှိမနေတာလေ။ ချွင်းချက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုလို့ သားကိုခေါင်းခါပြီး ဆင်းရဲသားကောင်လေးကို ချစ်သူအဖြစ် ရွေးချယ်ထားတာလေးတစ်ခုပါပဲ၊ ဒါကလည်း ငယ်ရွယ်သေးတာမို့ စိတ်ကိုအလိုလိုက်ပြီး ခေါင်းညိတ်မိလိုက်တာလို့ပဲ မိမိတို့ထင်ပါတယ်လေ။

ရှုးရှူးမိုက်မိုက်ဆုံးဖြတ်လို့မရအောင် ခင်တို့လင်မယားက သေချာထိန်းချုပ်ထားနိုင်ခဲ့တာမဟုတ်လား။ သမီးလေးရဲ့ဘဝလေးကို အတိမ်းအစောင်းမဖြစ်ရလေအောင် မိမိတို့တွေပါ ဝိုင်းဝန်းကူညီပေးပါလျှင် သားနဲ့ သမီး'ဆင့်'ရဲ့လှပတဲ့အနာဂတ်တစ်ခုကို စိတ်ကြိုက်ဖန်တီးပေးနိုင်မည် ထင်လေ၏။

"ဒီနေ့ သားပါမလာဘူးလား ကျင်ကျင်"

"လာမယ် ခင်ရဲ့။ သူ့အတွက် ကားဝယ်ပေးဖို့ပြောထားတာ စိတ်ကြိုက်သွားရွေးနေလေရဲ့။ မမောင်ခင် ဒီကိုရောက်အောင်လာဖို့ မှာထားပါတယ်"

"ဒါဖြင့် သားလာမှပဲ ထမင်းစားကြတာပေါ့နော်၊ အမဲသားအိုး နပ်နေတာ စောင့်ရမှာနဲ့အတော်ပါပဲ"

"ဟုတ်လား၊ သားက အမဲသားသိပ်ကြိုက်တာခင်ခင်ရဲ့။ အိမ်မှာလည်း သားအတွက် အမြဲတမ်း တစ်ခါတစ်မျိုး မရိုးအောင်ချက်ကျွေးရတယ်။ နှပ်ရင်နှပ်၊ ပြုတ်ကြော်လုပ်ရင်လုပ်၊ ဒါမှမဟုတ်ရင် နုတ်နုတ်စဉ်းပြီး ကြက်သွန်ကိုအကွင်းလေးတွေလှီး အချိုချက်အစပ်ချက် မဆလာအုပ်တာမျိုး သိပ်ကြိုက်တာ။ ကင်ပွန်းချဉ်ရွက်ဟင်းချိုလေး၊ ရွှေတောက်ရွက်ဟင်းချိုလေး၊ ပဲနီလေးဟင်းချိုတစ်မျိုးမျိုးနဲ့ အမြဲတွဲချက်ကျွေးတိုင်း မြိန်ရေယှက်ရေစားတာလေ။ သမီးကရော ဘာဟင်းကျွေးကြိုက်လဲ"

"သမီးက အစားအသောက်သိပ်မရွေးလှဘူး ကျင်ကျင်ရဲ့ ကျောင်းတက်ကတည်းက စနေ၊ တနင်္ဂနွေမျိုးဆို အမြဲဝင်ချက်လေ့ရှိတယ်။ ကိုကျော်ဆို သူ့သမီးဝင်ချက်တဲ့နေ့ စားလို့ပိုမြိန်တယ်လို့ ပြောတတ်တာပဲကြည့်။ တစ်သက်လုံးချက်ကျွေးလာတဲ့မိန်းမထက် သမီး





မျက်နှာသာ ပိုပေးတတ်တာလေ"

"ဩော်၊ ဒါကတော့ ဖအေတိုင်း သမီးကိုပိုချစ်တယ်ဆိုတဲ့အဆို ရှိတာ မဟုတ်လားခင်ခင်ရဲ့"

"ဘာထူးလဲဗျာ၊ ကျင်ကျင်လည်း သူ့သားမှသူ့သား၊ ဖူးဖူးမှုတ်နေတာ ခင်တို့အသိပဲ။ အမေချစ်တဲ့သားမို့ မအေဆိုင်းကျတတ်တာ ခုချိန်ထိပဲ၊ ဖအေက အမြင်မတော်လို့ပြောမိရင် ရှေ့က ကာဆီးကာဆီး ဝင်ပါရော။ အဲဒီလို"

"ဟင်းဟင်းဟင်း. . . သားမောင်က လိမ္မာပြီးသားပါ ကျင်ကျင်ရယ်။ တစ်ဦးတည်းသောသားဖြစ်ပြီး အသောက်အစားလည်း ကင်း၊ လောင်းကစားလည်း ကင်းသေးတာလေ၊ မိန်းကလေးကိစ္စဆို ပိုတောင်မှ ကင်းသေးတယ်"

"ဟုတ်ပါ့ရှင်၊ ဟုတ်ပါ့။ သားက သမီးလေးတစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲချစ်ရှာတာ. . . ဟင်းဟင်းဟင်း"

သဘောအကျကြီးကျ၍ လူကြီးသုံးယောက်ရယ်သံက ညနေခင်းထဲမှာ ခပ်သဲ့သဲ့။ ဖေဖေက ကုမ္ပဏီမှာအစည်းအဝေးရှိသဖြင့် နည်းနည်းနောက်ကျမည်ဟုမှာခဲ့သံကို မနက်က ကြားခဲ့ရသည်လေ။

ကိုမောင့်ကောင်းကြောင်းတွေကို 'ဆင့်'ရှေ့မှာ တမင်ပင် ထုတ်ဖော်ပြောနေသည့်အလား မမောမပန်းနဲ့လေ။ ဘာပဲဖြစ်ဖြစ် တကယ်ပဲ ကိုမောင်ရိုးသားတာ သူမအသိပါပဲ။ ကျော့်ကို မနာလို သဝန်တိုတတ်တာက လွဲရင်ပေါ့။

"သားအတွက်ရော သမီးဘယ်လိုစဉ်းစားထားပြီးပြီလဲကွယ်"

အမေးက စ,လာချေပြီ။ တစ်ချိန်မဟုတ်တစ်ချိန် ခေါင်းညိတ်ရမှာ သေချာပါလျက်နဲ့ မေးရတယ်လို့၊ သိပ်ကြားချင်သိချင်နေကြတယ် ထင်ပါရဲ့။ 'ဆင့်'ခေါင်းညိတ်လိုက်တာနဲ့ 'ဆင့်'နဲ့ကိုမောင့်ကို အမြန်ဆုံး လက်ထပ်ပေးကြတော့မှာလေ။ အသက်ကလေး (၂၀)မပြည့်မီ အိမ်ထောင်ကျရတော့မှာမို့ 'ဆင့်'ကိုယ်'ဆင့်'နှမြောမိတာ လွန်မှာလား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးနှောက်သုံး ဆုံးဖြတ်ပြီးသည့်နောက်မှာတော့ တစ်စ စီကြေကွဲပျက်စီးသွားပြီဖြစ်သည့်နှလုံးသားကို မဖြစ်မနေ ဥပဟော္တာပြု တော့မှာ အသေအချာပဲမဟုတ်လား။ ဩော်, ကျော်ရယ်. . .

"ဆင့်, စဉ်းစားထားပြီးပါပြီ အန်တီကျင်"

"ဘယ်လို! "

လူကြီးသုံးယောက်လုံး ပါးစပ်တွေ ဟကုန်သည်အထိ အံ့ဩ ဖြစ်သွားကြပါ၏။ သူမမျက်ဝန်းထက်မှာ အပြုံးက မရှိသလောက်ဖြစ် ပြီမို့ 'ဘာလဲ'ဟုဆက်မပြောမေးဝံ့ကြပါချေ။

"ဆင့်, ကိုမောင်လာမှပဲပြောပြလိုက်ပါ့မယ် အန်တီ"

"ဩော်, အေးအေး"

"ဒီတစ်ခါ Last Chance... ပဲနော် သမီး။ မေမေတို့ သမီး အတွက် ဒီထက်ပိုမစောင့်နိုင်တော့ဘူးဆိုတာကို သမီးသိပါ"

"ဆင့်ဘဝအတွက် နောက်ဆုံးအကြိမ်အဖြစ် ဒီတစ်ခါပဲဆုံး ချက်ချပြီးတာပါ မေမေ။ နောက်တစ်ကြိမ်ဆိုတာ ဘယ်တော့မှမရှိ ပါဘူး"

"ဟောဗျာ, ဥက္ကာတို့တောင် ရောက်နေမှကိုး။ ငါ Meeting ရှိလို့ နည်းနည်းနောက်ကျသွားတယ်။ Sorry... ကွာ"

"ရပါတယ် ကျော်အင်ရာ. . . သားလည်း ရောက်မလာသေး ဖြည်းဖြည်းပေါ့"

"ဒါဖြင့် ငါရေချိုးလိုက်ဦးမယ်"

"အေး"

ဖေဖေ ရေသွားချိုးစဉ်အခိုက် ကိုမောင် ရောက်လာပါ၏ မောင့်ပုံစံက ညနေမှောင်ရီပျိုးပြအချိန်မှာတောင် လန်းလန်းဆန်း ရှိနေလေသည်။ ဩော်, ပြည့်စုံကုံလုံသည့်လူပေပဲကိုး။

"ဆင့်တောင် Ready ဖြစ်နေပြီ။ ကိုယ်နည်းနည်းနောက်ကျ သွားတယ်"





"အဆင်ပြေရဲ့လား့,သား"

"ပြေပါတယ် မေမေ။ ကျွန်တော်လိုချင်တဲ့ သျှားညှိရောင်လေး ရမှာ. . . ကွက်တိပဲ"

"ဈေးရော အလျှော့အတင်းရှိရဲ့လား သားရဲ"

"ရှိတာပေါ့ ဖေဖေရဲ့။ ကိုအေးသောင်းကိုယ်တိုင် လိုက်ပြတဲ့ ဟာ။ ten percents လောက်တော့ OK... တဲ့"

"အေးအေး"

မေမေထမင်းစားဖို့ခေါ်တော့ ဦးဦးနှင့်အန်တီက မေမေ့နောက် မှ လိုက်သွားပါ၏။ နောက်ဆုံးမှ ထရပ်လိုက်သည့်သူမနှင့်အတူ ကိုမောင် က အနီးမှလိုက်ပါလာလေသည်။

"ဆင့်, နည်းနည်းကိုယ်ရေစစ်သွားတယ်"

"ကြည့်မကောင်းတော့လို့လား"

"မဟုတ်ပါဘူး ဆင့်ရဲ့။ ဆင့်က ဘယ်လိုနေနေ ဘာပဲဝတ်ဝတ် ကိုယ့်မျက်စိထဲမှာတော့ အမြဲကြည့်ကောင်းနေတာပါပဲ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်၊ ယုံပါ 'ဆင့်'ရဲ့"

မပြုံးချင်ပါဘဲ ပြုံးလိုက်ရပါ၏။ ကိုမောင်က အမှန်အတိုင်းပြော နေမှန်းသိပါတယ်။ ရင်ထဲမှာ နွမ်းလျနေမှုက မျက်နှာထက်လန်းဆန်း မှုကို မပံ့ပိုးနိုင်တာပဲ။ ကျော့ထက် အရင်ဆုံးခင်မင်ခွင့်ရခဲ့ပေမယ့် ကိုမောင့်ကို ကျော့လိုမှမချစ်နိုင်တာလေ။ ဩော်, ခုချိန်မှာ 'အချစ်'ဆို တာကိုရော သူမရေရွတ်ခွင့်ရှိပါသေးရဲ့လား။

"အန်တီခင်ပြောတာ ဟုတ်သလား ဆင့်"

"ဘာကိုလဲ"

"ဒီနေ့ 'ဆင့်'ဆီက တစ်ခုခုကို ကိုယ်ရအောင်တောင်းရမယ် Phone ဆက်ပြီး ပြောထားလို့ပါ"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်"

"နောက်တော့မှ ပြောမယ်လေကိုမောင်။ အခုတော့ ထမင်း ဝင်အောင် စားလိုက်ပါဦး"

"အင်းပါ"

ထမင်းဝိုင်းက စိုစိုပြည်ပြည်ပင်။ နောက်ဆို ဒီလိုမိသားစုစုံညီ စားခွင့်မရတော့ဘူး ထင်ပါရဲ့။ ကိုမောင်က အိမ်ထောင်ပြုရင် အိမ်သီး သန့်ခွဲနေမယ်လို့ အစောကြီးကတည်းက ဦးဦးက ပြောထားတာတဲ့လေ။ ဒါဖြင့် 'ဆင့်'ချစ်တဲ့မေမေနဲ့ဖေဖေကိုပါ ခွဲရဦးမှာပေါ့။ ကျော်နဲ့ခွဲခွာခဲ့ရ သလို မိဘတွေနဲ့ပါ ဝေးဝေးနေရတော့မှာပါလား။

ဒါဆိုရင် ကိုမောင်ဟာ 'ဆင့်'ရင်ဘတ်ထဲက ချစ်ခြင်းမှန်သမျှ ကို ဆွဲထုတ်ဖယ်ပစ်တဲ့လူတစ်ယောက်မှန်း သေချာသည်ထက် သေချာ လှသည်လေ။

✦✦✦



## အခန်း (၂၈)

ညဥ့်ယံက အစပျိုးလာချေပြီ။ ညှော်ခန်းထဲမှာ အချိုပွဲ စားနေ ရာမှ သူမ,ထထွက်လာခဲ့၏။ အပြင်မှာ လရောင်က မှုန်ဝါးဝါးသာရှိပြီး ကြယ်တို့သည်ပင် မတောက်ပ။ မိုးရိပ်မိုးငွေ့တို့ကိုမမြင်ရသော်ငြား တိုက် ခတ်လာသည့်လေတို့က အေးလွန်းနေလေသည်။ ဒီည မိုးအရွာကြီးရွာ မှာ ထင်ပါရဲ့။

ဒန်းပေါ်မှာ အသာထိုင်ချလိုက်စဥ် တစ်ဖက်ခြံမှ စကားသန်းနံ့ တို့က သင်းခနဲလွင့်ပါလာလေ၏။ ကြော်, အချစ်ဦး၏ အချစ်ဖူးသက်သေ ဒီစကားပွင့်တို့က သူမတို့ခြံထဲမှာ မရှိသော်ငြား တစ်ဖက်ခြံထဲမှာ ရှိနေ သည်ကို။

ခြေသံ ဖျတ်ခနဲကြားရစဥ် ကိုမောင်လိုက်လာပြီဟု စိတ်ထဲမှ အလိုလိုသိနေပါ၏။

"ဆင့်, ကိုယ်ထိုင်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ"

အလယ်မှာထိုင်နေရာမှ ဘေးတစ်ဖက်သို့ ကပ်ပေးလိုက်ပါ[illegible] ဘယ်တော့မဆို ကိုမောင်ထိုင်လိုက်တိုင်း ချက်ချင်းထရပ်မိပေမယ့် ဤ[illegible] တစ်ကြိမ်တော့ မထဖြစ်တော့ပါချေ။

"ဒီည မိုးရွာမယ်ထင်တယ်နော်"

စကားစရှာသည့်ကိုမောင့်အပြောကို မတုံ့ပြန်မိပေ။ ရှေ့[illegible] ဆီတည်ထားသည့်အကြည့်က ရွက်လှပင်များရှိရာဆီမှာသာ။ 'ဆင့်'[illegible] စကားပွင့်လေးလို ချစ်စရာကောင်းရင် ကျော်က ရွက်လှပင်လိုပဲ[illegible] အနံ့မရှိပေမယ့် အရွက်တွေက နဂိုသဘာဝအတိုင်းလှနေတာလေ။

ပြောမိခဲ့သည့်စကားတို့ကို ပြန်ကြားယောင်နေမိသည်။ တိုင်တည်ရာရင်ငွေ့တော့ ပျောက်ဆုံးခဲ့ပြီလေ။ ခုချိန်ဆို ကျော်အိမ်ပြန်ရောက်ခါစပဲရှိဦးမှာပေါ့။ အလုပ်ကြမ်းလုပ်ရလို့ ကျော့်ရဲ့ပခုံးတွေရော၊ လက်ဖဝါးတွေပါ စုတ်ပြတ်ပေါက်ပြဲနေမယ်ဆိုတာကို သူမအလိုလိုသိနေပါ[illegible]

ဒီ့ထက်ပိုပြီး ဝန်ထုပ်ဝန်ပိုးမရွက်စေချင်လို့ပါ။ ဒီ့ထက်ပိုပြီး စိတ်ရောလူပါ ပင်ပန်းမှာစိုးလို့ပါ။ ဒီ့ထက်ပိုပြီး ချွေးတွေပေါက်ပေါက်ကျမှာစိုးလို့ စွန့်ပစ်ချန်ရစ်ခဲ့တာပါ ကျော်။ 'ဆင့်'အတွက်နဲ့ ကျော့်ကို ဒုက္ခတွေ ခါးစည်းပြီး မခံစေချင်ပါဘူး။

ခဏတာပျော်ခွင့်ရမယ်မှန်းသိနေပါလျက် တစ်ဘဝတာပင်ပန်းဆင်းရဲခြင်းတွေ ထပ်ရနေမှာ စိုးလို့ပါကွယ်။ မချစ်လို့လည်း မဟုတ်ရပါဘူး။ ချစ်လျက်နဲ့စွန့်ခွာရစ်ခဲ့ရတာပါ။ မျက်နှာချင်းဆိုင်ချင်ပေမယ့် ရင်နာနာနဲ့ ကျောခိုင်းထွက်ခွာခဲ့ရတာပါ။ အပြုံးတွေနဲ့နှုတ်ဆက်ခဲ့ချင်ပေမယ့် ကျော့်ရှေ့မှာ မျက်ရည်မဆယ်နိုင်ဘဲ ရင်ကွဲပတ်လက် မျက်ရည်တွေကျမှာစိုးလို့ တမင်ရှောင်ပုန်းနေခဲ့မိတာအမှန်ပါကွယ်။

လောကမှာ ချစ်နေပါလျက်နဲ့ ချစ်သူကို အပြီးတိုင်စွန့်လွှတ်ခဲ့တဲ့သူရဲကောင်းတွေ တော်တော်များများရှိနေမှာမှန်း 'ဆင့်'သိပါတယ်။ အဲဒီလူတွေ၊ အဲဒီသူရဲကောင်းတွေထဲမှာ 'ဆင့်'တစ်ယောက် ပါနိုင်မှာ





ဟုတ်မှန်းလည်း 'ဆင့်'သိနေပါတယ်။ ဒါပေမဲ့ ကျော့်ကို 'ဆင့်'စွန့်လွှတ်ရတာ သတ္တိတွေအပြည့်နဲ့တော့ မဟုတ်ရပါဘူး။ ရင်ထဲမှာ ရှိစုမဲ့စုခွန်အားလေးတွေကို မနည်းစုဆောင်းပြီးမှ ဆုံးဖြတ်ချက်ချခဲ့ရတာပါ။

အဲဒီအဆုံးအဖြတ်ဟာ 'ဆင့်'အတွက် အမှန်ကန်ဆုံးဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ကျော့်အတွက်ကတော့ မှားယွင်းချက်ပဲဖြစ်နိုင်မှာပါလေ။ ချစ်သူကိုသစ္စာဖောက်တဲ့သဘော သက်ရောက်သလိုဖြစ်နေရင်တော့ အဲဒီသစ္စာတွေက 'ဆင့်'အပေါ်မှာ မဖြစ်မနေစူးမှာတော့ သေချာပါတယ်။

အချစ်နဲ့ဘဝအရေးမှာ ဘဝကိုသာ ဦးစားပေးစတမ်းတဲ့လေ။ 'ဆင့်'ကတော့ 'ဆင့်'ဘဝအတွက် ရွေးချယ်ခွင့်ရခဲ့ပေမယ့် ကျော့်ခံစားချက်ကို လျစ်လျူရှုလိုက်သလိုဖြစ်နေမှန်း 'ဆင့်'သိနေပါတယ်။ ဒီဘဝမှာတော့ ဆုံစည်းခွင့်မရှိတော့ပြီမို့ နောက်ဘဝဆိုတာတွေကိုပဲ မျှော်လင့်ပါရစေတော့ ကျော်ရယ်. . . နော်။

"မိုးရွာရင် နွေးနွေးထွေးထွေးဝတ်ပြီးမှအိပ်နော်'ဆင့်'။ 'ဆင့်'က မိုးရွာတာသိပ်ကြိုက်ပေမယ့် အအေးမိလို့မရဘူးမဟုတ်လား။ တော်ကြာ အဆုတ်ပွမှာစိုးလို့ ကိုယ်ပြောနေရတာလေ"

"ဆင့်သိပါတယ်"

စကားကိုမပြောချင်သည့်နှယ် ပြောနေသည့်'ဆင့်'ကြောင့် သူ သက်ပြင်းကိုခိုးရှိုက်မိ၏။ သူမေးတုန်းကလည်း ခေါင်းကိုသာ ခါပြခဲ့တာလေ။ မေမေတို့မေးစဉ်တုန်းကရော ထူးမခြားနားအဖြေသာ ရခဲ့တာပဲ မဟုတ်လား။ အခုရော အန်တီခင်ပြောထားတာမို့ သူ ဘာမေးရဦးမှာပါလိမ့်။

'ဆင့်'ရယ်၊ ငယ်ငယ်ကလေးဘဝတုန်းက (ကျောင်းမနေသေးတဲ့အရွယ်မို့) အတူတူဆော့ခဲ့ဖူးတာကို ကိုယ်သိပ်မမှတ်မိခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီအရွယ်ကတည်းက ကိုယ်တို့သံယောဇဉ်တွေ နှောင်တွယ်ခွင့်ရှိလာမယ်လို့ ကံကြမ္မာက ဖန်တီးပေးခဲ့တာပဲဖြစ်မှာပါ။

လက်တွေ့မှာတော့ 'ဆင့်'ဆီက ချစ်ခြင်းတွေကို ဘာတစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မရနိုင်ဘူးလေ။ အချစ်ဆိုတာ ကိုယ်က ချစ်သလို ကိုယ့်ကိုပါပြန် ချစ်နိုင်တဲ့ တူညီတဲ့ချစ်ခြင်းမျိုး မရှိဘူးတဲ့လား။ မိဘတွေချင်း ပြန်ဆုံကြ စဉ်က ကျစ်ဆံမြီးနှစ်ဖက်နဲ့ကောင်မလေးကို မြင်မြင်ချင်း ကိုယ့်နှလုံးသား ဒိတ်ခနဲဖြစ်ပြီး အခုန်မြန်ခဲ့ရတာလေ။

ဖင်ယော်တောင်မျက်နှုံးလေး ပင့်ကြည့်လိုက်တာကိုရော နှလုံး သားလှုပ်ခတ်ပြီး ရင်တစ်ခုလုံး သိမ့်ခနဲနွေးသွားတယ်ဆိုတာကို 'ဆင့်' ယုံကြည်လာအောင် တဖွဖွတနွဲ့နွဲ့ပြောပြလိုက်ချင်ပါရဲ့။ ဒါပေမဲ့ ကံကြမ္မာက ကိုယ့်အပေါ် မျက်နှာသာ မပေးခဲ့တာအမှန်ပါပဲ။

ကိုယ့်ချစ်မြတ်နိုးနေမိတဲ့မိန်းကလေးရဲ့နှလုံးသားကို ကိုယ်က ပိုင်ဆိုင်ခွင့်မရရှိတဲ့သူ ဖြစ်နေရတာလေ။ ကိုယ့်လိုပြည့်စုံကုံလုံတဲ့လူကို စိတ်ဝင်စားမှုမရှိဘဲ ဘာမဟုတ်တဲ့ အနုတ်စုတ်ကုတ်စုတ် ကျော်နိုင့်ကို မှ 'ဆင့်'က ရွေးချယ်လိုက်သတဲ့လေ။ ရင်နာလိုက်တာ၊ ကိုယ်ရင်နာမိ တာ အမှန်ပါပဲ။

မနာလိုဘူး. . . မကျေနပ်ဘူးလို့ပြောရအောင်လည်း ကိုယ်က 'ဆင့်'ရဲ့သက်ဆိုင်သူမှမဟုတ်ခဲ့တာလေ။ ကိုယ်နဲ့ဘယ်လိုမှနှိုင်းယှဉ်မရ နိုင်တဲ့ ဒီလိုကောင်နဲ့ ယှဉ်ရွေးခံလိုက်ရတာဟာ ကိုယ့်အတွက်တော့ မဟာအရှက်တော် ကွဲရတာပါပဲ။ ကိုယ်နဲ့သူက ဘယ်လိုမှနှိုင်းယှဉ်လို့ မရတဲ့ တန်းမညီတဲ့လူနှစ်ယောက်ဆိုတာကို 'ဆင့်'မျက်လုံးတွေနဲ့ နှလုံး သားက မမြင်တတ်ခဲ့တာ ဘာကြောင့်လဲ။

ကျော့်ကိုမှချစ်သတဲ့။ ဒီစကား စ,ကြားခါစက ကိုယ့်မှာ ရှ မတတ်ခံစားခဲ့ရတာ တကယ်ပါ။ Sorry ဆိုတဲ့စကားကို 'ဆင့်'ရဲ့နှုတ် ဖျားက ပေါ့ပေါ့လေး ပြောထွက်ရက်လိမ့်မယ်လို့ မထင်ခဲ့မိဘူးလေ။

အသည်းမာတာများလား။ ကိုယ်သိပ်ချစ်မိနေတဲ့မိန်းကလေး ရဲ့အသည်းက ကိုယ့်အတွက်တော့ သံမဏိလိုမာကျောနေခဲ့ပေမယ့် ကျော့် အတွက်ကျတော့ စကားပွင့်လေးလို ပျော့ပတ်မွေးမြူနေတာ ဘာကြောင့် များပါလိမ့်။





စစ်ပွဲတစ်ရာနိုင်ချင်တဲ့ သူရဲကောင်းက အချစ်ပွဲမှာ မရှုမလှ ရှုံးနိမ့်ခဲ့ရတာကတော့ ရာဇဝင်စာမျက်နှာမှာ ပြဋ္ဌာန်းဖော်ပြခွင့်မရှိအောင် အရှက်အိုးကြီး ဟတ်တက်ကွဲခဲ့ရတာလေ။ သူငယ်ချင်းတဲ့လားကွယ်။ ကိုယ်နဲ့ဆင့်ကြားမှာ ခြားထားတဲ့ ဒီသူငယ်ချင်းဆိုတဲ့စည်းကို မေတ္တာ လက်နက်နဲ့ အပိုင်းပိုင်းပြတ်ထွက်သွားအောင် ကိုယ် ခုတ်ပိုင်းလိုက်ချင် ပါရဲ့။

သံယောဇဉ်တွေကိုတောင် မငဲ့ကွက်ခဲ့ဘူးပေါ့နော်။ 'ဆင့်'ရဲ့ အပြုံး၊ 'ဆင့်'ရဲ့မျက်လုံးလေးတွေကို အိပ်မက်တွေထဲထိ စွဲလန်းခဲ့မိတဲ့ ကိုယ့်အတွက် 'ဆင့်'ရဲ့ငြင်းပယ်ခံလိုက်ရခြင်းက ကမ္ဘာပျက်သုဉ်းသွား ရသလိုပါပဲ။

ကိုယ့်ကိုယ်ကို အသတ်ခံလိုက်ရသလိုမျိုး မောင်မောင်ခန့်တစ် ကိုယ်လုံး အငွေ့ပျံပျောက်ကွယ်သွားလိုက်ချင်တာ အမှန်ပါ'ဆင့်'ရယ်။ စိတ်မဆိုးရက်ဘူး။ ကိုယ့်ကိုမှ ပယ်ရက်လေခြင်းဆိုပြီး အပြုံးအာယာတ တွေထားပြီး 'ဆင့်'အပေါ် မမုန်းတီး၊ မနာကြည်းနိုင်တာကရော ဘာ ကြောင့်လဲ။

တကယ်ဆို နာနာကျင်ကျင်ကြီးခံစားသင့်တာ အမှန်ပါ။ ငါလို ကောင်ကိုမရွေးဘဲ ဒင်းကိုမှရွေးရသလားဆိုပြီး စိတ်ခု နာကြည်းသင့်တာ ပေါ့။ ခုတော့ အဲဒီလိုမဟုတ်ဘဲ ကိုယ်ပိုင်ဆိုင်ခွင့်မရနိုင်တဲ့ပန်းပွင့်လေး ကို ကြွေကျသွားမှာစိုးရိမ်စိတ်နဲ့ ဂရုတစိုက်စောင့်ကြည့်နေမိတယ်လေ။

လောကနိယာမအရ 'ပေးဆပ်ခြင်းသည် အောင်မြင်ရာ၏။' လို့ ဆိုရိုးရှိခဲ့သော်လည်း ကိုယ်ကဖြင့် အရှုံးသမားသက်သက်ရယ်ပါ။ နှုတ်တကယ်လည်း အနိုင်ရလိုစိတ်ပြင်းထန်ခဲ့ပါတယ်။ ငနိုင့်ကို ကိုယ့် ဘက်လို့ သဘောမထားချင်ပေမယ့် မသိစိတ်ရဲ့နှိုးဆွမှုတွေနဲ့ မကြာ ခဏ မထိတထိရန်စ ခလုတ်တိုက်ခဲ့ဖူးတာလေ။

အဲဒါကို 'ဆင့်'က နာသတဲ့။ ကိုယ့်ကို 'မုန်းလိုက်မိမယ်'လို့ ပြောခဲ့တုန်းက အရှုံးတစ်ပိုင်းဖြစ်ပြီး ကြောက်လန့်ခဲ့ရတာပါ။ မပြည့်



www.burmeseclassic.com

www.burmeseclassic.com



မစုံဘဝနဲ့ကောင်လေးကိုမှ သနားသတဲ့။ အကြော်သည်ရဲ့သား၊ ရေထမ်းသမားလေးကိုမှ စာနာမိတာတဲ့လား။ ကိုယ် တကယ်ပဲကြေကွဲခဲ့ရတာအမှန်ပါ 'ဆင့်'ရယ်။ အဲဒီတုန်းက 'ဆင့်'ရဲ့ရွှေးချယ်ခြင်းနောက်ကွယ်မှာ ယောက်ျားတန်မဲ့ ကိုယ် မျက်ရည်ကျခဲ့ရတာတွေကို 'ဆင့်'မှ မသိခဲ့ဘဲလေ။ ဩော်, 'ဆင့်'ရယ်။

"ကိုမောင့်ကို မေမေဘာပြောထားသေးလဲ"

"အန်တီခင်ကလား"

"ဟုတ်တယ်"

လေသံက မာလည်းမမာ၊ ပျော့လည်းမပျော့ဘဲ မှန်တမ်းရေး ပါ။ 'ဆင့်'ရင်ထဲ မည်သို့နေမည်မသိပေမယ့် သူကတော့ ရင်ခုန်သံ တဒိန်းဒိန်းနဲ့ ဆူညံနေတာအမှန်ပါပဲ။ မနီးမဝေးထိုင်နေသည့် 'ဆင့်' မှ သနပ်ခါးနံ့သင်းသင်းလေးက သူ့စိတ်ကိုလှုပ်ခတ်စေသည်ကို၊ ဩော် မြတ်နိုးမိသူရဲ့ နူးမြော့တသလွမ်းဆွတ်ခြင်းတွေကို 'ဆင့်'မြင်တတ် သိပ်ကောင်းမှာလေ။

"အန်တီခင်ပြောတာကတော့ 'ဆင့်'ဆီမှာ ကိုယ့်ကို တ တောင်းစေချင်သလိုမျိုးပဲ 'ဆင့်'ရဲ့။ ဘာလဲဆိုတာကိုတော့ ကိုယ်လ သေချာမသိတာအမှန်ပဲ"

သူမနှုတ်ခမ်းတွေတွန့်ရုံမျှ ပြုံးလိုက်မိပါ၏။ 'ဆင့်'ပြောရ မယ်ကျော်၊ ကျော့်ရဲ့ရန်သူရှေ့မှာ 'ဆင့်'ဒူးထောက်အရှုံးပေးလိုက် အဖြစ်ကို ကျော် မြင်နိုင်ပါ့မလား။ 'ဆင့်'ရဲ့အဆုံးအဖြတ်ကိုရော ကျေနပ်နိုင်ပါရဲ့လား။ သေချာတာတစ်ခုကတော့ ဒီပွဲမှာ 'ဆင့်'တို့ က အများကြီးရှုံးသွားတယ်ဆိုတာပါလေ။ 'ဆင့်'နဲ့ ကျော့်ရဲ့နှလုံး နှစ်ခုစလုံးကို စတေးလိုက်ရတယ်ဆိုတာကို 'ဆင့်'ကိုယ်တိုင် အ မဟုတ်ပါလား။

"မေမေက ကိုမောင့်အတွက် 'ဆင့်'ကို ခေါင်းညိတ်ပေ တာပါ"





"ဘာရယ်"

"ဟုတ်တယ်၊ ကိုမောင့်ကို ဘဝတစ်သက်တာအတွက် လက်တွဲ ဖော်အဖြစ် 'ဆင့်'ကိုရွေးခိုင်းစေတာလေ"

"ဆင့်. . . ကိုယ်. . ."

လက်ဖဝါးနုနုလေးက သူ့ရှေ့ဆက်စကားကို ရပ်တန့်စေလိုက် ပါ၏။ ဒီလက်ဖဝါးလေးကို ကျော်နိုင်သာ ကိုင်ဆုပ်ခွင့်ရခဲ့တာလေ။ ဒါဖြင့် 'ဆင့်'ရဲ့ပါးလေးကိုရော. . . ကျွတ်! ဘာတွေလျှောက်တွေးနေမိတာလဲ ဆင့်ပြောတာကိုသာ အာရုံစိုက်ထားသင့်တာ မဟုတ်ပါလား။

"ဆင့်၊ ကိုမောင့်ကိုပဲ လက်ထပ်မှာပါ"

"ဟင်!"

"ဒါပေမဲ့ ကိုမောင့်ကိုချစ်ပါရဲ့လားဆိုတဲ့မေးခွန်းကို ဒီတစ်သက် မမေးမိပါစေနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုမောင့်ကိုပြန်ချစ်ဖို့ 'ဆင့်'မှာ နှလုံးသားအပိုတစ်ခု ရှိမနေလို့ပါ"

ဘာပြန်ပြောရမှန်းမသိဘဲ သူဂယောင်ချောက်ချားဖြစ်နေမိ၏။ လူက ငြိမ်သက်စွာ ထိုင်နေပေမယ့် စိတ်တွေက ယောက်ယက်ခတ်နေ တာအမှန်ပါလေ။ ခုမှ ဆယ်ကျော်သက်ကောင်လေးတစ်ယောက်လိုမျိုး လှုပ်ခတ်ခြင်းတွေဖြစ်အောင် 'ဆင့်'ပြုစားနိုင်တာ အသေအချာပါပဲ။

"ဆင့်၊ ကျော့်ကိုပဲချစ်တယ်"

ရင်ထဲမှာ စူးခနဲအောင့်သက်သွားပါ၏။ ထပ်ပြီးရင်ကွဲအောင် ပြောပြန်ပြီလား၊ မကြားချင်ဘူး၊ ဒင်းနဲ့ပတ်သက်သမျှဘာကိုမှ သူလက် မခံချင်ပါလေ။

"အဲဒါဟာ ဘယ်တော့မှပြောင်းလဲမသွားမယ့် 'ဆင့်'ရဲ့သစ္စာ တရားပဲ။ ပေါင်းဖက်ခွင့်မရှိဘူးဆိုတဲ့ ပညတ်ချက်တွေအောက်မှာ ဒူး ထောက် အရှုံးပေးလိုက်ရပေမယ့် ဒီအချစ်စစ်ပွဲကိုတော့ ကျော့်ကိုပဲ 'ဆင့်'အနိုင်ပေးလိုက်ပါတယ်ကိုမောင်။ ကျော့်ကိုချစ်မြတ်နိုးနေတဲ့ 'ဆင့်' ရဲ့စိတ်စေတသိတ်ကိုတော့ ကိုမောင်ပိုင်ဆိုင်ခွင့် ဘယ်တော့မှရမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဲဒါပါပဲ''

အငေးသားကြည့်နေမိ၏။ သူလိုချင်သည့် 'ဆင့်'ရဲ့နှလုံးသားကို ဘယ်သောအခါမျှ မရနိုင်ပြီတဲ့လေ။ ပိုင်ဆိုင်ခွင့်ရခဲ့ပါလျက် ဒီပွဲမှာ သူဆိုတဲ့မောင်မောင်ခန့်ကတော့ဖြင့် အနိုင်ရသူရဲ့အရှုံးခေါင်းစဉ်အောက်မှာ စိစိညက်ညက်ကြေမွခဲ့ရပါတယ်ဆိုတာကိုဖြင့်. . .

✦✦✦



## အခန်း (၂၉)

''ဒါ အမှန်ကန်ဆုံး ဆုံးဖြတ်ချက်ပဲ ဆင့်''

အမှန်ကန်ဆုံး ဆုံးဖြတ်ချက်တဲ့လား။ သူငယ်ချင်းဖြစ်သူကို စိတ်တွင်းမှ မျက်ရှုချင်သောငြား စိတ်မဆိုးဖြစ်။ ဤသူငယ်ချင်းလေးတစ်ယောက်သာ သူမအတွက် ကောင်းတူဆိုးဖက် အဖော်မွန်မဟုတ်ပါလားလေ။

မှန်ပါတယ်ဆိုတဲ့ဆုံးဖြတ်ချက်မှာ ထောက်ခံမဲပေါင်းများစွာရှိနေပေမယ့် အဲဒီခေါင်းစဉ်အောက်က မြေပြင်ထက်မှာ လွင့်ကြွေပြီး တစ်စစီဖြစ်နေတဲ့ နှလုံးသားနှစ်ခုရဲ့အပိုင်းအစတွေကိုတော့ဖြင့် ဘယ်သူ ရှုမြင်နိုင်တာလေ။ ဩော်. ကျော်ရယ်။ 'ဆင့်'ရဲ့မိုက်မဲတဲ့အဆုံးအဖြတ်အောက်မှာ နှောင်းနောင်တတွေရှိနေမယ်ဆိုတာကို သိသိကြီးနဲ့ မျက်စိမှိတ်ဆုံးဖြတ်ခဲ့မိတဲ့ 'ဆင့်'ရဲ့သွေးဖိမှားယွင်းမှုတွေကို လှမ်းမြင်နိုင်ပါရဲ့သား. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျော်တော့ 'ဆင့်'ကို သိပ်စိတ်နာနေမှာအသေအချာပဲ"

သီတာက သူ့မပခုံးနှစ်ဖက်ကို နောက်ကျောဘက်မှာ ခပ်သာသာလေး ဖြည့်ဆုပ်ကိုင်လိုက်လေ၏။ အားတင်းနိုင်းတာများလား သီတာ။ ဟင့်အင်း. 'ဆင့်'မှာခွန်အားဆိုလို့ တစ်စက်ကလေးမှ ရှိမနေတော့တာ အမှန်ပါကွယ်။ ကျော့်လက်ကိုဆုပ်ကိုင်ခွင့်ရတဲ့ခဏ ခန္ဓာတစ်ခုလုံး နွေးထွေးပြီး အင်အားမှန်သမျှ သွေးကြောတွေထဲ စီးမျောလာသလိုခံစားခဲ့ရတာလေ။

မရတော့ပါဘူး။ အဲဒီနွေးထွေးခြင်းတွေကို ကျော်နဲ့ဝေးပြီးတဲ့နောက်ပိုင်းမှာပေါ့။ ရင်တွင်းရှိနှလုံးသားကရော, အေးခဲသေဆုံးခဲ့ပြီပဲ။ သေတယ်ဆိုတာ ရုပ်နဲ့နာမ်နှစ်ခု ခွဲထွက်သွားတာလို့ တရားစာအုပ်တွေထဲမှာ 'ဆင့်'ဖတ်ခဲ့ဖူးပါရဲ့။ အခု 'ဆင့်'အဖြစ်ကတော့ ရုပ်နာမ်နှစ်ခုခွန်တွဲထားပါလျက် နှလုံးသားက သေဆုံးသွားခဲ့တာပါလေ။ ချစ်ခြင်းသာ ကုန်ဆုံးပျောက်ကွယ်သွားခဲ့ရင် ဘဝဟာ ပျော်ရွှင်မှုဆိတ်သုဉ်းသွားတဲ့ သုသာန်တစပြင်နဲ့အတူတူပါပဲ။

"အန်တီခင်က ဖိတ်စာတွေရပြီလို့ သီတာ့ကိုပြောလိုက်တယ်"

နှုတ်ဆိတ်နေမိ၏။ ပြောစရာစကားတို့ ဘာတစ်ခွန်းမှမရှိတော့ပြီပဲ။ ရင်တွင်းမှ ထပ်ခါထပ်ခါရေရွတ်နေသည့် 'ကျော်'ဟူသည့်အသံဖြင့် မည်သူမျှမကြားနိုင်တာအမှန်ပါလေ။

"ငါ လိုက်ဝေပေးရမှာတဲ့။ နင့်ကို အန်တီခင်တို့က အပြင်ပေးမထွက်ဘဲကိုး"

လှုပ်လှုပ်ရှားရှားဖြစ်သွားပါ၏။ နောက်ဆုံးအကြိမ်လေးတောင်မှ စကားပြောခွင့်မပေးတော့ဘူးလား။ နောက်ဆုံးအနေနဲ့ ကျော့်မျက်နှာကို တစိုက်မတ်မတ်ငေးမောခွင့် မရတော့ပြီလား။ ဘယ်လိုမျှား ဆုံချလိုက်တာလဲ ကံကြမ္မာရယ်။

"ကျော့်ကိုရော ဖိတ်မှာလား"

"အင်း. ကိုမောင် သွားမယ်ထင်တာပဲ"





"ဟင့်အင်း. ကိုမောင့်ကိုမလွှတ်ပါနဲ့။ နင်ပဲ ကိုယ်တိုင်သွားပေးပါသီတာ"

"ဘယ်လို! "

"ဆင့်, ကျော့်အတွက် စာတစ်စောင်လောက် ရေးပေးလိုက်ချင်လို့ပါ"

"မဖြစ်ဘူး. . ."

ကန့်ကွက်သံက မြန်ဆန်စွာထွက်လာလေ၏။ မယုံကြတော့ဘူးလား။ မိဘတွေပါမက သူမ၏အချစ်ဆုံးသူငယ်ချင်းကပါ မယုံပေးတော့တာ ဘာကြောင့်လဲ။ အချစ်မြားဆိပ်သင့်နေတဲ့ အလွမ်းဝေဒနာသည်ရဲ့ နှလုံးသားဒဏ်ရာကို မငဲ့ညှာချင်ဘူးလား သီတာရယ်။

"ဒီလိုအရေးကြီးတဲ့အချိန်မှာ ကျော်နဲ့ ဘာကြောင့်ဆက်သွယ်ချင်ရတာလဲ 'ဆင့်'ရယ်"

ဆက်သွယ်တာတဲ့လား။ ဟင့်အင်း, ဟုတ်မှမဟုတ်ဘဲသီတာ။ 'ဆင့်'ချစ်သူကို 'ဆင့်'လိုဝေဒနာမျိုး မခံစားစေချင်လို့ပါ။ အမုန်းတွေ၊ အငြိုးတွေ၊ အာဃာတတွေထားပြီး ရင်ကိုမလောင်ကျွမ်းစေချင်လို့ပါ။ ခွင့်လွှတ်ခြင်းအတိနဲ့ သူ့ရင်ထဲ အေးငြိမ်းပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စိတ်ဖြေစာလေးတစ်စောင် ပေးပို့ချင်တာကို မတားချင်ပါနဲ့လားသီတာ။

"ဆင့်ရဲ့စာက ကျော့်ကိုဆက်သွယ်တဲ့စာမှမဟုတ်ဘဲ သီတာရဲ့"

"ဒါဖြင့် ဘာလဲ"

"ပြေရာပြေကြောင်း တောင်းပန်စာပါ"

"ဘယ်လို"

"ဟုတ်တယ်၊ သူ့အပေါ်သစ္စာဖောက်သွားတဲ့ချစ်သူကို အမုန်းတွေပွားပြီး တစ်သက်လုံးပူလောင်နေမှာကိုစိုးရိမ်လို့ နောက်ဆုံးရေးလိုက်တဲ့စာပါကွယ်။ 'ဆင့်'ရဲ့စာကိုဖတ်ပြီး သူ တက်ခေါက်ကောင်းခေါက်ချင်ခေါက်မယ်၊ ဒါမှမဟုတ် ကြေကွဲစိတ်နဲ့ မျက်ရည်ကျကောင်းကျလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါနောက်ဆုံးပါပဲ။ 'ဆင့်' နဲ့ပတ်သက်ခဲ့သမျှဇာတ်လမ်းကို ဒီမှာပဲ အပြီးသတ် ပြည့်ဖုံးကားချပြီဆိုတာကို သူသိစေချင်ရုံသက်သက်ပါ။ ဒီအခြေအနေရောက်နေမှ 'ဆင့်' ကိုလာခေါ်ပါတော့ဆိုတဲ့စကားမျိုးကို ဘယ်သူက ပြောရဲပြောဝံ့မှာတဲ့လဲ။ 'ဆင့်' ဘက်က လက်နက်ချအရှုံးပေးပြီးသားပါ သီတာ။ ဘယ်သူ့ကိုမှအနိုင်မယူလိုပါဘူး။ အထူးသဖြင့် 'ဆင့်' ရဲ့ရင်နဲ့အမျှချစ်ရတဲ့ ကျော်ဆိုတဲ့ချစ်သူကိုပိုပြီး အနိုင်မယူရက်တာ အမှန်ပါကွယ်"

သက်ပြင်းရှိုက်သံက သဲ့သဲ့မျှထွက်လာပါ၏။ ရင်မောနေပြီလား ကာယကံရှင်က သာပြီးဆိုတာပေါ့သီတာ။ ကိုယ့်ကိုယ်ကိုဘာတွေ ဘယ်လိုဖြစ်မှန်းတောင်မသိတော့တာ အသေအချာပါပဲ။ အသက်တောင်မှ ရှူရဲ့လားဆိုတာတောင် မသိတော့ပါဘူး။ အာရုံတွေက ကစဉ့်ကလျားတွေဖြစ်ပြီး စိတ်နဲ့လူမကပ်တာကို ကိုယ့်ချင်းစာတတ်ပါ့မလား သူငယ်ချင်းရယ်။

"အဲဒါဆိုရင်တော့ သီတာ ယူသွားပေးပါ့မယ် 'ဆင့်'။ အန်တီခင်တို့ရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့သူအဖြစ်ကို သီတာ မရောက်ချင်လို့ပါကွယ်။ 'ဆင့်' အပေါ် သီတာ ဘယ်လောက်ထိချစ်သလဲဆိုတာ 'ဆင့်' အသိဆုံးပါ။ ကိုယ့်သူငယ်ချင်းလေး ရင်ကွဲပြီး နှလုံးသားကြေမွှတာမျိုးကို မလိုလားပေမယ့် ဆင်းရဲခြင်းဆိုတဲ့ဒုက္ခနွံအိုင်ထဲ စုံးစုံးမြှုပ်မှာကိုတော့ သီတာ မဖြစ်စေချင်ဘူး။ အဲဒါ 'ဆင့်' အပေါ်ထားတဲ့ သီတာ့ရဲ့မေတ္တာပါပဲ။ သီတာ့ကိုနားလည်ပေးပါ"

ခေါင်းကိုသာ ညိတ်ပြလိုက်ရပါ၏။ စာလေးတစ်စောင်ဖြစ်ဖို့ မနည်းကြိုးစားပြီး ရေးရမှာကိုတော့ မိမိကိုယ်မိမိအသိဆုံးမဟုတ်လား လက်နဲ့ရေးတာဖြစ်ပေမယ့် နှလုံးသွေးစက်တွေနဲ့ဖြစ်တည်လာတဲ့ စကားလုံးတွေဆိုတာကို ကျော့်မြင်သိနိုင်ပါစေသားလေ။

"ဒီညနေ မမောင်ခင် သွားပေး့ပေးမယ်"

စာကြည့်စားပွဲရှိခုံမှာ အသာဝင်ထိုင်လိုက်၏။ writting pad





ကိုဖွင့်လိုက်ပြီး ဘယ်က စရေးရမည်မသိ၍ ခဏမျှငြိမ်သက်လျက် စဉ်းစားရသေးသည်။ ကျော်ရယ်. . . ချစ်ထုံးဖြေပြေလျော့ အမုန်းလက်စမရှည်လျားဘဲ စွန့်လွှတ်ခြင်းတွေနဲ့ ရင်တွင်းမှဝေဒနာကို သက်သာပါစေတော့နော်။

✦

ညနေမှောင်ခါစအချိန်မှာ အမေ့အကြော်ပစ္စည်းတွေကို သိမ်းဆည်းနေစဉ် ကားတစ်စီးက ကျွီခနဲရပ်လာလေ၏။

"ဘယ်သူလဲ သား"

"သီတာအေးတို့အိမ်က,ကားထင်တာပဲ အမေရ"

သူ့စကားမဆုံးခင် ကားပေါ်မှဆင်းလာသည့် သီတာအေး၏ ခပ်နွမ်းနွမ်းအပြုံးကို မြင်လိုက်ရလေ၏။ အမြဲနှစ်ယောက်တွဲ မြင်နေကျမှ တစ်ယောက်တည်း တွေ့လိုက်ရသဖြင့် ရင်ထဲမှာ ထိတ်ခနဲစိုးရိမ်သွားရသည်မှာ အမှန်ပင်။ ဘုရားရေ! 'ဆင့်' များ တစ်ခုခုဖြစ်လေသလား။

"အတော်ပဲ၊ ငါက အိမ်အထိလိုက်ရမယ် ထင်နေတာ"

"ဘာကိစ္စရှိလို့လဲ သီတာအေး"

"ဖိတ်စာ လာကမ်းတာ"

"ဘာဖိတ်စာလဲ"

"မင်္ဂလာဆောင်ဖိတ်စာပေါ့"

"ဘာရယ်"

"အတိအကျပြောရရင် 'ဆင့်' ရဲ့မင်္ဂလာဖိတ်စာပဲ, ကျော်"

"ဘာ!"

ဒေါသသံမပါသည့် အာမေဋိတ်သံက သူ့နှုတ်ဖျားမှာ တီးတိုးထွက်လာပါ၏။ အလို! ဘုရား. . . ဘုရား. . . 'ဆင့်' ဘယ်လိုများ ဆုံးဖြတ်လိုက်တာပါလိမ့်။ သူရှိနေလျက်နဲ့ ဘယ်လိုလူကိုများ လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ် ဆုံးဖြတ်ခဲ့ပါသလဲ။

"ရော့"

ကမ်းပေးလာသည့်စာအိတ်ထက်မှ စာလုံးတွေကိုမြင်ရုံဖြင့် အတွင်းမှစာကို ဖွင့်ဖတ်ရန်မလိုပါတော့။ မောင်မောင်ခန့်နဲ့ မသန်းသန်း ဆင့်တဲ့လား။ 'ဆင့်'ရွေးချယ်လိုက်တဲ့လူက မောင်မောင်ခန့်တဲ့လားလေ။

"ဒါက 'ဆင့်'နင့်လက်ထဲ အသေအချာထည့်ပေးဖို့ မှာလိုက်တဲ့စာပါ ကော့။ မှောင်တော့မှာမို့ ငါပြန်တော့မယ်"

ခေါင်းညိတ်မိလိုက်သလားဘာလားပင် မသိတော့ပေ။ လက်ထဲရောက်လာသည့် စာအိတ်ပြာလေးကို အလောတကြီးဖောက်၍ ဖွင့်လိုက်စဉ် ချစ်သူလေး၏လက်ရေးလှလှလေးတွေကို အစီအရီတွေ့လိုက်ရလေ၏။

'ကော့် . . .

ဒီစာကိုဖတ်ရချိန်မှာ 'ဆင့်'အပေါ် အမျက်သို အမုန်းပွား နေမယ်ဆိုတာကို 'ဆင့်'သိနေပါတယ်။ ခွင့်လွှတ်ပါလို့ပြောဖို့တောင် မှ 'ဆင့်'မှာ ခွန်အားတွေ မရှိတော့ပါဘူး။ အားမတန်လို့ မာန်လျှော့ခဲ့ရတာပါ။ မနိုင်မှန်းသိလို့ ဒူးထောက်အရှုံးပေးလိုက်ရတာပါ။

ဒါပေမဲ့ ကော့်သိထားဖို့က 'ဆင့်'ဘဝမှာ အမြတ်နိုးဆုံး အတွယ်တာဆုံး အချစ်ရဆုံးသူဆိုတာ ကော့်တစ်ယောက်တည်း ရှိတယ်ဆိုတာပါပဲ။ အဲဒါကိုတော့ ယုံပေးပါကွယ်။ 'ဆင့်'ရဲ့နောက် ဆုံးထွက်သက်အထိ ကော့်ကိုပဲ ချစ်သွားမှာပါ။

နောက်ဘဝဆိုတာတွေများရှိခဲ့ရင် ဒီဘဝမှာလို ရှင်ကွဲကွဲ ရဘဲ ထာဝရလက်တွဲဖြစ်အောင်လို့ အမြဲမပြတ်ဆုတောင်းသွားပါ သစ္စာဖောက်သွားတဲ့ချစ်သူဆိုပြီး 'ဆင့်'ကိုမုန်းတီးမိရင် ကော့် ထဲ မှုလောင်မှုတွေဖြစ်မှာကို စိုးရိမ်နေမိတယ်။

'ဆင့်'မမှားတာဘူးနော်။ 'ဆင့်'ကိုယ်'ဆင့်'သိသိကြီးနဲ့ ထာ





ဖက်သတ်ဆုံးဖြတ်ခဲ့ရတာပါ။ အဲဒီနောက်ကွယ်က ကြေမွအက်ကွဲသွားတဲ့ နှလုံးသားနှစ်ခုရဲ့ရာဇဝင်ကတော့ ချစ်မှတ်တမ်းလွှာမှာ ကမ္ဘာည်းတင် ကျန်ရစ်မှာပါလေ။

နားလည်ပေးပါ။ တစ်ချိန်က ချစ်ခြင်းတွေကို အိပ်မက်တစ်ခုအဖြစ်နဲ့ 'ဆင့်'အမြဲမက်သွားမယ်ဆိုတာကို ကော့်လည်း သိနေမှာပါနော်။ 'ဆင့်'ရဲ့ချစ်ခြင်းတွေအားလုံးကို ကော့်ရင်ဘတ်ထဲမှာ အပြီးတိုင် ထည့်ပေးခဲ့တယ်ဆိုတာကို ကော့် မြင်လှည့်ပါလို့။

ကော့်ရဲ့ထာဝရချစ်သော

'ဆင့် . . .'

ဤဘဝဤမျှသာလို့ပဲ ပြောချလိုက်လေသလား 'ဆင့်'ရယ်။ မမုန်းရက်ပါဘူး။ 'ဆင့်'ကို ကိုယ်ချစ်ခဲ့တာ မုန်းဖို့မဟုတ်ဘဲ။ မနာကြည်းရက်ပါဘူး။ ကိုယ့်အပေါ် 'ဆင့်'အဘယ်မျှ သစ္စာရှိရှိနဲ့ချစ်သလဲဆိုတာကို သိနှင့်ပြီးသားဖြစ်နေလို့ပါပဲ။

အချစ်ချင်းတူခဲ့ပါလျက် ပေါင်းစပ်ခွင့်တော့ မရခဲ့ဘူးပေါ့နော်။ မိုးနဲ့မြေပြင်ဆိုတာ ဘယ်တော့မှမနီးစပ်နိုင်တဲ့အရာနှစ်ခုပါ။ အမေအတန်တန်ပြောထားခဲ့ပါလျက် ကိုယ့်နှလုံးသားက 'ဆင့်'ကိုမှဦးညွှတ်ခဲ့တာလေ။

နောင်သံသရာအဆက်ဆက် လူဖြစ်ခွင့်ကြုံခဲ့ပါလျှင် ဆင်းရဲသည်းအတူ ချမ်းသာလည်းအတူဖြစ်မယ့်ဘဝမျိုးနဲ့ပဲ လက်ဆက်ခွင့်ကြုံရပါစေ။ ဩော်. ကော့်ရဲ့ရင်နှင့်အမျှချစ်ရပါတဲ့ နှလုံးသားရဲ့သခင်မလေး 'ဆင့်'ရယ်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်ကိုလွှန်သော်

www.burmeseclassic.com

www.burmeseclassic.com



**Reason is a weak antagonist against love.**

**(Madeleine de Scudery)**

ဆင်ခြေ (အကြောင်းပြချက်) ဆိုတာ ချစ်ခြင်းကိုဆန့်ကျင်တဲ့ အားနည်းသော ပြိုင်ဘက်တစ်ယောက်ပါလေ။

(မာဒီလိန်း ဒီစကူဒါရီ)





အခန်း (၃၀)

နှာခေါင်းနှင့်လက်မှာ ပိုက်တန်းလန်းဖြစ်နေသည့်သားဖြစ်သူကို အငေးသားကြည့်နေမိ၏။ လိုချင်တာကိုမရရအောင် ယူတတ်သည့်ခွဲကတော့ အော်ချလောက်ပါရဲ့။ ဘယ်သူကများ မြှောက်ပေးလိုက်လို့ ဤကလေး ဒီလောက်ထိအတင့်ရဲပြီး လုပ်လိုက်ရတာပါလိမ့်၊ မိုးရိပ်ဘူးသား. . . မကြောက်ရွံ့ဘူးလား. . .

အအေးခံလို့မရတာ၊ ရေစိမ်ခံလို့မရတာ၊ အဆုတ်မကြာခဏရောဂါတွေဟာ မအေဆီက ယူလာတဲ့အမွေလေ။ Pneumonia ဆိုတာ အချိန်ကြာပြီးမှကုသရင် အသက်ဆုံးရှုံးနိုင်တယ်ဆိုတာကို သားသိတာလား။ သို့တည်းမဟုတ် သိသိကြီးနဲ့တမင် Suicide သဘောမျိုးလုပ်ချလိုက်တာလား။ အို. သားရယ်၊ ဖေဖေ့မှာရှိတာဆိုလို့ သားတစ်ယောက်တည်းဆိုတာကိုသိလျက်နဲ့များ ခုလိုလုပ်ရတယ်လို့။

ကလစ်ခနဲအသံနှင့်အတူ Special Room အတွင်းသို့ သီတာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာလေ၏။ သူက ယခုချိန်ထိ သားခုတင်ဘေးရှိခုံမှာ မလှုပ်မယှက်လေး ထိုင်နေတုန်းပါလေ။

"မနိုးသေးဘူးလား"

"ဟင့်အင်း"

"ကိုမောင် ပြန်နားချင်နားတော့လေ၊ မိုးလည်းလင်းနေပြီဟာ။ တစ်ညလုံးလည်း တစ်မှေးမှမမှေးရသေးဘူးမဟုတ်လား"

"ရပါတယ်"

မျက်မှန်ကိုချွတ်၍သုတ်ရင်း ဖြေလိုက်မိ၏။ မျက်လုံးတွေ ကျိန်းစပ်နေတာကတော့အမှန်ပါပဲ၊ သို့သော် သားအတွက် စိုးရိမ်ရေအမှတ်က (၁၀၀)ကျော်နေတော့ ခက်သားလား။

"ဆရာဝန်က မစိုးရိမ်ရတော့ဘူးလို့ပြောထားတယ်မဟုတ်လား ကိုမောင်ရဲ့"

"မစိုးရိမ်ဘဲရှိမလား သီတာရယ်။ သားသာ တစ်စုံတစ်ခုဖြစ်သွားရင် ကိုယ်ရင်ကျိုးမှာ. . . ဘယ်သူမှ ကိုယ့်ကိုအစားပြန်ပေးနိုင်မှာမဟုတ်ဘဲ"

သီတာ့ထံမှ မျက်စောင်းက ဒိုင်းခနဲရောက်လာပါ၏။ အကဲ့ လေသည်ဟုထင်လေမလား။ သူ့စကားက အမှန်တွေပါလေ၊ ဖြစ်နိုင်ရင် သားကို ပိစိလေးလုပ်ပြီး တာနေ့ာယက္ခဘီလူးလို အာခံတွင်းထဲ ငုံထား ချင်တဲ့အထိ ချစ်တယ်ဆိုတာကို သူ့အပြင် ဘယ်သူတွေများသိပါ့မလဲ

"ကိုမောင့်သားက ပေါက်စနလေးမှမဟုတ်တော့တဲ့ဟာ"

"အဲဒီပေါက်စနလေးမဟုတ်လို့ ခက်နေတာပေါ့ သီတာ။ သုံး လေးနှစ်အရွယ်လေးဆို သားနော်ဆိုပြီး တုတ်ပြရုံနဲ့ငြိမ်သွားမှာ။ ခုတော့ ဟင်း. . ."

'ဆင့်'တုန်းကတောင် တုတ်ပြဖို့မပြောနဲ့ လက်ညှိုးလေးထောင် မျက်မှောင်ကြုတ်၊ ခေါင်းခါပြရုံဖြင့် အလိုက်တသိလေးငြိမ်ပြီး လိမ္မာ သည့်သားက ခုတော့ဖြင့် ထိုသို့မဟုတ်ပြီ၊ ဒီကောင်မလေးကိုမှ သူ့သား





က တမ်းတမ်းစွဲဖြစ်တာတဲ့လေ။ ဒီကောင်ငနိုင်က သူ့လောက်တောင် ခန့်တာမဟုတ်၊ နေဦး. . . ဒင်းမိန်းကရော 'ဆင့်'ချောလှတာကို ခြေဖျား မီလို့လား။ ဒင်းရဲ့သမီး ရွှေချိုးဖြူက အဘယ်မျှလှပနေလို့ သားတော် မောင် တစ်ချိုတည်းနဲ့ကြွေသွားရတာပါလိမ့်။ မဟုတ်သေးပါဘူး၊ အချစ် ဆိုတာ လှပခြင်း ဆွဲဆောင်ခြင်းတွေနဲ့ လားလားမျှမသက်ဆိုင်တာ သူအသိပါလေ၊ ခက်တော့နေပြီကော သားရယ်။ သားရဲ့ချစ်ခြင်းတွေက ဖေဖေ့ရန်သူနဲ့ ဆင်းရဲခြင်းနဲ့မှ ဆက်နွယ်နေရတယ်လို့။

"အစောကြီးကတည်းက သီတာပြောသလို သဘောတူလိုက် ရင် ပြီးရော၊ သားလည်း အခုလို ဆေးရုံကို အရေးပေါ်တင်စရာ လို မှာမဟုတ်ဘူး"

'ဒါတော့ မင်းပြောမှလား'ဟု စိတ်ထဲမှ ရန်ထောင်လိုက်မိပေ မယ့် နှုတ်ကတော့ ဘာမှမပြောဖြစ်ပေ၊ သီတာက သား၏နဖူးထက်မှ ဆံစလေးတွေကို အသာသပ်တင်ပေးလိုက်ပြီး တစ်သျှူးစက္ကူပျော့လေး ဖြင့် မျက်နှာထက်မှချွေးတို့ကို တယုတယသုတ်ပေးနေလေ၏။ တကယ် ဆို ဒါကို သားရဲ့မိတဖြစ်သူတွေကသာ လုပ်ပေးရမှာလေ။ ခုတော့ သူ့ မှာ လူကသာ ငုတ်တုပ်ဖြစ်နေပေမယ့် စိတ်တွေမှုလောင်နေတာက တစ် ကိုယ်လုံးအနှံ့ပဲမဟုတ်ပါလား။

"သားနိုးလာရင် ကိုမောင်ဘာပြောမှာလဲ"

"ဘာကိုလဲ"

"ကိုမောင့်သဘောကိုပြောနေတာလေ"

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ 'သဘောမတူနိုင်ဘူး'ဟု ခါးခါး သည်းသည်းကြီးကို ပြောချလိုက်ချင်တာအမှန်ပါ။ သားရယ်. . . သား မေမေရဲ့ချစ်သူက မွေးတဲ့သမီးကိုမှ သေချာရွေးပြီးချစ်ရသတဲ့လား။

"ကိုယ်မှသဘောမတူတာ"

"အေး၊ အဲဒီလို ဖအေနှစ်ယောက် တင်းနေတာနဲ့ကြားထဲက သားကိုပစ်လိုက်ရလိမ့်မယ်။ ကျုပ်သမီးက သားလိုစိတ်ပျော့မှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်။ ဖအေပုံစံသွင်းပေးထားသလို ဒေါင်ဒေါင်မြည်နေတာ ကိုမောင်အသီ။ တစ်ခုခုဖြစ်ကြေးဆိုရင် သားပဲဒုက္ခဖြစ်မှာ''

''သားဘာမှမဖြစ်စေရပါဘူး''

''ဘာမှမဖြစ်စေချင်ရင် ကိုမောင့်ဘက်က သားတို့ကိုသဘောတူလိုက်။ အလျှော့ပေးလိုက်ပေါ့''

''ကိုယ်က ဘာလို့လျှော့ပေးရမှာလဲ၊ မလျှော့နိုင်ဘူး''

''မလျှော့လို့မဖြစ်ဘူးလေ။ တစ်ချိန်က ကျော့်ကို ကိုမောင်နိုင်ခဲ့ပြီးပြီ၊ ဒီတစ်ကြိမ်မှာတော့ ကျော့်ကိုအနိုင်မပေးလို့မဖြစ်တော့ဘူးဆိုတာ သိထားပါ။ သေချာစဉ်းစား. . . ကိုမောင်။ သားမုန်းတီးမှာကို ကိုမောင်လက်ခံနိုင်မလား''

ဘုရား! ကယ်တော်မူပါ။ သားက အဲဒီကောင်မလေးနဲ့ပတ်သက်ရင် ဖအေဖြစ်တဲ့သူ့ကိုပါ မုန်းမိမှာတဲ့လား။ ကျော့်က တစ်ချိန်က အရှုံးသမားတဲ့လားသီတာ။ မဟုတ်ပါဘူး. . . မေတ္တာစစ်ပွဲမှာ ကျော့်က အနိုင်ရခဲ့တဲ့သူပါလေ။ သူရခဲ့တာက နှလုံးသားမဲ့နေတဲ့ 'ဆင့်'ရဲ့ခန္ဓာကိုယ်သက်သက်ပဲဆိုတာကို ဘယ်သူတွေသိကြမှာလဲ။ ကိုယ်ကသာ ရှုံးခဲ့တာပါ။ ကိုယ်သာလျှင် အရှုံးသမားပါ သီတာ။ ကိုယ်က အနိုင်ရခဲ့တဲ့သူမဟုတ်တဲ့ အရှုံးသမားစစ်စစ်ပါလေ။

''ဘာကြီးပဲဖြစ်ဖြစ်ကွာ၊ ကိုယ့်ဘက်က တစ်စက်လေးမှမလျှော့ပေးနိုင်ဘူး''

''ခေါင်းကလည်းမာပါ့။ ဒါကြောင့် သားက ကိုမောင့်လိုပဲ ခေါင်းခပ်မာမာဖြစ်နေတာ''

သူ့လိုပဲတဲ့လား၊ ကျေးဇူးတင်ပါတယ်သီတာ။ 'ဆင့်'ရဲ့ကိုယ်ပွားလေးမှာ သူနဲ့တူတဲ့အချက်လေးတွေတော့ ပါနေမှာအမှန်ပါလေ။

''အဲဒါနဲ့ပဲ သီတာ အိမ်ပြောင်းရတော့မှာပဲ။ ဒီသားအမှာ ယောက်နဲ့တော့ ခက်ပါရဲ့''

''သား နေပြန်ကောင်းမှပဲ ပြောင်းပါသီတာ။ ကိုယ်တောင်းပါတယ်''





ပါတယ်''

''ရှင်တို့သားအဖက ဘယ်အချိန်ကျမှ စစ်ပြေငြိမ်းကြမှာတုန်း။ ကြားထဲက လူအနေရခက်ပြီး ခေါင်းကျိန်းတယ်ရှင့်။ တော်ပြီ၊ ဒီလောက်စိတ်ရှုပ်ရတဲ့သားအဖနဲ့ တစ်အိမ်တည်းအတူမနေနိုင်တော့ဘူး၊ သားဆေးရုံကဆင်းတာနဲ့ သီတာ့အပြောင်းပဲ''

''ဒါကတော့''

''သီတာ့ကိုမတားနဲ့ ကိုမောင်''

လေသံမာနေတာမို့ သူငြိမ်လိုက်ရပါ၏။ အင်းပေါ့လေ၊ ဘယ်သူစိမ်းက ဒီ့ထက်ပိုပြီးကောင်း၊ ပိုနားလည်ပေးနိုင်မှာတဲ့လဲ။ 'ဆင့်'တုန်းက သူငယ်ချင်းကောင်းပီသခဲ့တဲ့သီတာက သားလက်ထက်မှာတော့ သားဘက်က မားမားမတ်မတ်ရပ်တည်ပေးနေတော့ ခက်သားလား၊ အမြင်တွေ ဘာကြောင့်မတူညီနိုင်တော့တာပါလိမ့်။ ဟိုအရင်လိုပဲ 'ဆင့်'ကိုနားချခဲ့သလိုမျိုး သားကိုနားမချပေးနိုင်တော့ဘူးလား သီတာ။

''သီတာအတန်တန်ပြောထားပါရဲ့နော်။ သားနဲ့ယှဉ်ပြီး ခေါင်းမာတာ မပြိုင်ချင်နဲ့၊ သားရဲ့ဆန္ဒကိုသာ ကိုမောင် လိုက်လျောလိုက်ပါ''

''ကိုယ့်က အဲဒီကောင်ဆီမှာ သမီးလိုက်တောင်းပေးရမှာလား၊ သေတောင်မလုပ်ဘူး၊ ဒင်းမျက်ခွက်ကိုမြင်ရင် လက်သီးနဲ့သာ ပစ်ပျက်ထိုးလိုက်ချင်တာ။ ဒင်းအရှုံးထောက်ရမယ့်အလုပ်မျိုး သေတဲ့အထိ မလုပ်ဘူး၊ အဲဒါလုပ်ရမယ့်အစား ကိုယ့်ကိုယ်ကိုသတ်သေဆိုရင်တောင်မှ သေရဲသေးတယ်''

''ကြည့်ပါလား. . . ပြောနေရင်းနဲ့ကို ခေါင်းက မာချင်ရပြန်ပြီ၊ သားရေးသမီးရေးဆွေးနွေးဖို့တောင်မှ မာနက မချချင်ဘူး၊ ကိုမောင်မတောင်းပေးနိုင်ရင် ကိုမောင့်ကိုယ်စား သီတာသွားတောင်းပေးမယ်။ ကဲ''

ရှုတည်တည်ကြီးဖြစ်သွားရပါ၏။ သီတာက သူစိမ်းလေ၊ သူစိမ်းတစ်ယောက်က ဘာမဆိုင်ညာမဆိုင် သမီးလာတောင်းတာကို ဟိုကောင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်နိုင်က လွယ်လင့်တကူလက်သင့်ခံမှာမှမဟုတ်ဘဲ။ ခက်ပါ့ သီတာရယ်၊

"နှစ်ဘက်စလုံးတင်းနေရင် ကြာရင် ကြိုးက ထောင်းခနဲပြတ်တော့မှာပဲ"

"အံမာ! ကိုယ်နဲ့ငနိုင့်ကြားမှာ ဘာကြိုးမှမရှိဘူး၊ ပေးပါသေးတယ်"

"ရှင်တို့ကြားက ကြိုးကိုပြောနေတာမဟုတ်ဘူး ဦးမောင်မောင်ခန့်ရဲ့။ ကျော့်အပေါ်ထားရှိတဲ့ 'ဆင့်'ရဲ့မေတ္တာကြိုးကိုပြောနေတာ။ အဲဒီမေတ္တာကြိုးကြောင့် 'ဆင့်'ကိုယ့်ပွားလေးက ကျော့်ဆီကိုအရောက် သွားနေတာ ရှင်မျက်မြင်ကိုယ်တွေ့ပဲမဟုတ်လား။ အဲဒီကြိုးကိုဖြတ်ပေးခဲ့မိတဲ့ဝဋ်ကြွေးတွေ ဒီဘဝနဲ့ကြေပါစေဆိုပြီး သီတာပြန်လုပ်ပေးနေတာမှတ်။ ရှင့်တစ်သက် 'ဆင့်'ဘယ်လိုဘဝမျိုးနဲ့ အဆုံးသတ်ခဲ့ရသလဲ၊ ရှင်အသိဆုံးမဟုတ်လား။ သားကိုတော့ ဒီလိုမျိုး သီတာအဖြစ်မခံနိုင်ဘူး။ 'ဆင့်' တစ်ယောက်နဲ့ပဲ ပြီးပါစေ။ ကိုယ်ရောစိတ်ပါ ဆင်းရဲတဲ့ 'ဆင့်'လိုအဖြစ်မျိုး သားပေါ်မှာ မကျရောက်ပါစေနဲ့တော့ရှင်"

ကိုယ်ရောစိတ်ပါ ဆင်းရဲခဲ့တာတဲ့လား။ ဟုတ်ပါတယ်။ ရွှေဘုံပေါ်မှာ စံနေပြီး စိတ်မချမ်းသာခဲ့တဲ့ 'ဆင့်'ကို ဘယ်လိုဖြေသာမှုမျိုးမှ သူမလုပ်ခဲ့နိုင်တာပဲ။ သူရှိနေချိန်မှာ အလိုက်သင့်လေးစကားပြောနေပေမယ့် သူမရှိတဲ့အချိန်တိုင်းမှာ 'ဆင့်'ရဲ့လက်ထဲ စကားပန်းလေးတစ်ပွင့်ရှိနေပြီး အဲဒီပန်းကလေးနဲ့ စိတ်ထဲကနေ တိတ်တဆိတ်လေးဆက်သွယ်စကားပြောနေတတ်တာကို သူသိခဲ့တာမဟုတ်လား။

ရာဇဝင်ထဲမှာ လူကြမ်းကြီးနေရာမှာ သူဝင်ရပ်ခဲ့မိသလားလည်း သူမသိ။ အပြစ်ကင်းသူတွေရဲ့နှလုံးသားတွေကို စားတတ်တဲ့ဘီလူးလိုနေရာမျိုး ရပ်မိခဲ့သလားလည်း သူမသေချာ။ လတ်တလောဖြစ်စဉ်မှာတော့ သူနှလုံးသည်းပွတ်ဖြစ်တဲ့သားကလေးကို မစွန့်လွှတ်ရက်တာကဖြင့် အသေအချာပါလေ။

"အင်း"

ဖျတ်ခနဲလှုံးလွှန့်လိုက်သည့်သားကြောင့် သူသတိဝင်သွားရ၏။ လက်တစ်ဖက်မြောက်တတ်လာတာမို့ သူက ပိုက်ပြုတ်မထွက်စေရန် ဖမ်းထိန်းလိုက်ရသလို သီတာကလည်း သားရဲ့ခေါင်းလေးကို အသာထိန်းပေးလိုက်လေသည်။ နှုတ်ဖျားမှ ရွရွရေရွတ်သံက ခပ်တိုးတိုး။ သားဘာတွေများ ယောင်ရမ်းရေရွတ်နေပါလိမ့်။ သူ့ကိုလား. . . ဒါမှမဟုတ် သားရဲ့အမေ 'ဆင့်'ကိုများလား။

"ဖြူ. . . ဖြူလေး"

"တောက်! ငါနော်။ တစ်ညလုံးစိတ်ပူပြီးထိုင်စောင့်နေတဲ့ ဖအေကိုတော့ မတဘဲ ဒင်းဟာလေးကိုမှ တ,ရသတဲ့လား ငစည်သူရဲ့"

"ဩော်၊ ဘယ်လိုဖြစ်နေတာလဲ၊ ကလေးက ကယောင်ကတမ်းရွတ်တဲ့ဟာကို။ ဘယ်နှယ့် ကလေးဆိုးကြီးလို မကျေမနပ်ရေရွတ်ရတယ်လို့"

"ရွတ်ပါလား သီတာရဲ့။ ဖေဖေလို့တစ်ခါလေးရွတ်ရုံနဲ့ ကိုယ့်လည်ချောင်းဝက အပုလုံးကြီး ဒုန်းခနဲပစ်ကျသွားမှာပေါ့။ ခုတော့"

"ရှင့်ကိုစိတ်ဆိုးအရွဲ့တိုက်ပြီး ခုလိုဖြစ်သွားတာကိုလည်း သတိရပါဦး ကလေးအဖေရဲ့။ တကတည်းမှပဲ"

မကျေနပ်ပါဘူး။ နေနှင့်ဦး။ ဒင်းနေပြန်ကောင်းမှ ဒီအကြောင်းပြန်ပြောပြီး နားရင်းနှစ်ဖက်လောက် အုပ်ပစ်ဦးမယ်။ ဟင်း၊ ခုလောလောဆယ်တော့ သားလေး၏လက်ဖျားလေးကို ခပ်တင်းတင်းဆုပ်လျက်သူစိတ်ဖြေလိုက်ရလေ၏။ သား၊ စည်သူ၊ ဖေဖေ့ကို မုန်းမသွားလောက်ပါဘူးနော်။

✦✦✦





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

''အဲဒါပဲ''

''ဟင်! ဒါဖြင့် နင်နဲ့သူပြတ်ပြီပေါ့''

''အေး''

''ဟယ်, သမီးရည်းစားတောင်မှ ကောင်းကောင်းမဖြစ်လိုက်ရ ဘူး။ ခုတော့ပြတ်ပြီတဲ့၊ နင်တို့ဟာက ဟုတ်ရောဟုတ်ရဲ့လား ဂျိုးဂျိုးရယ်''

သက်ပြင်းကို ဆောင့်အောင့်ချလိုက်မိ၏။ 'မီးနဲ့မကာစားမိပါစေ ' ဆိုတဲ့စကားကို သူမ ဘာကြောင့်မေ့ထားမိတာပါလိမ့်၊ ဟုတ်တယ်၊ ချစ်ဆိုတာ တကယ်တော့ ပူလောင်တဲ့မီးတောက်ကြီးပဲမဟုတ်ပါလား။

ခက်တယ် ကိုစည်သူ။ လိုရာကိုဆွဲတွေးပြီး ကလိမ်ကျအဖြေ ာင်းသွားတဲ့ကောင်လေးကို ခုချိန်ထိ သူမ မမေ့နိုင်တာ ဘာကြောင့် ။ အဖေက တားတယ်။ သူမက ရှေ့ကိုတိုးချင်တော့ ခက်သားလား။ သူတဲ့ ကိုစည်သူ. . . ရှင့်အဖေနဲ့ ဂျိုးဂျိုးရဲ့အဖေက ဘယ်တုန်းကမှ



www.burmeseclassic.com

www.burmeseclassic.com



မတည့်ခဲ့ကြတဲ့ရန်သူတွေတဲ့လေ။

ကဲ, ဒီတော့ဘာဖြစ်လဲ။ နောက်ဆုံးကျတော့ ကျွန်မတို့စ
တဲ့ အချစ်စာမျက်နှာကို ခပ်မြန်မြန်ပဲ ဆွဲစုတ်ပစ်လိုက်ရတာမဟုတ်လား။
ရှင် မလာပါနဲ့တော့။ ကျွန်မနဲ့တွေ့စရာမလိုအပ်တော့ပါဘူးလေ။

"ဘယ်တတ်နိုင်ပါ့မလဲ စုရယ်၊ ငါလည်း ဒီလိုမျိုးဘယ်ဖြစ်ချင်
မှာလဲ။ ကံကြမ္မာက ဒီလိုပဲဖန်တီးလိုက်တာကိုးလို့"

"မဟုတ်သေးပါဘူး ဂျိုးကျိုးရယ်။ ပုစ္ဆာတစ်ခုရှိရင် အဖြေတ
ခုတော့ ထွက်လာမှာပါ။ လူကြီးတွေ ဘယ်လိုပဲမတည့်ကြစေဦးတော့
ကလေးတွေမှာ အပြစ်ရှိတာမှမဟုတ်ဘဲ"

"အဖေက ငါ့ကိုနာကျင်မှာစိုးလို့ စောစောစီးစီးဖြတ်ဖို့ပြော
တာပါ စုရဲ့။ အဖေ့ကို ဒို့ထက်ပိုပြီးမနာကျင်စေချင်ဘူး။ သူတို့ကြောင့်
ငါ့အဖေရဲ့အသည်းတွေ တစ်ခါကွဲခဲ့ဖူးပြီးပြီ။ ငါ့ကြောင့် အဖေနောက်
တစ်ခါ အသည်းထပ်မကွဲစေချင်ဘူး။ အဖေ့ကို ငါသိပ်ချစ်တယ်၊ ဒါကြောင့်
ပါ"

စက်ရုံအပြန်လမ်းမှာ သုံးမှတ်တိုင်ခရီးကို ကားမစီးဘဲ လမ်း
လျှောက်ပြန်ရင်း ရင်ဖွင့်စကားတွေကို ဆိုနေမိ၏။ ခြေလှမ်းတွေ
ချင်ဘူးကွယ်။ ဒီခြေလှမ်းတွေရဲ့အဆုံးမှာ အချစ်ဦးရဲ့ရင်ခွင်တံခါးကို
ရောက်နိုင်ရင် ဘယ်လောက်များကောင်းလိုက်မလဲ။ သို့သော် ကံကြ
သူမတို့သားအဖဘက်မှာ ရှိမှရှိမနေတာလေ။

"နှင်, နှင် သူ့ကိုမချစ်ဘူးလားဟင်"

မေးနေပြီ ကိုစည်သူ။ ကျွန်မ ဘယ်လိုများပြန်ဖြေရ
အချစ်ဆိုတာကို ဘာဆိုဘာမှမသိနားမလည်သေးတဲ့အရွယ်. . .
ကလေးပါကွယ်။ ချစ်စကားကြိုက်စကားတွေ ပြောလာကြတိုင်း
သွေးဖြာဖို့ထက် ဒေါသတွေဘက်ကိုသာ ကူးပြောင်းပြီး တန်ပြန်
မှုတွေပေးခဲ့တာ အကြိမ်ကြိမ်ပါ။

ရွှေချိုးဖြူဆိုတာ ကျားရိုင်းမလေးဆိုပြီး ကာလသားတွေ





စားခဲ့ကြတာ မှန်ပါလျက် သူနဲ့ပတ်သက်လာရင်တော့ သမင်ပျိုလေးလို
ရှက်ငုံ့ငုံ့ဖြစ်ခဲ့ရတာ အမှန်ပါလေ။ ချစ်ခြင်းရဲ့သင်ခန်းစာအုပ် စာမျက်နှာ
ကို မလှန်မိသေးခင် သင်ယူခွင့်အပိတ်ခံလိုက်ရတဲ့ကောင်မလေးကို ရှင်
မြင်နိုင်ပါ့မလား ကိုစည်သူရယ်။

"ငါမသိဘူး"

"ဟဲ့, ဒါနဲ့များ နှင်တို့ချစ်သူတွေဖြစ်သွားပြီလို့ ဟိုတလောလေး
ကပဲ ငါ့ကိုပြောပြခဲ့တာလေ"

"ဟုတ်တယ်၊ အဲဒါလည်း သူ့ဟာသူ ဖွင့်ပြော ခေါင်းညိတ်ယူ
ဆပြီး ပျော်သွားတာ၊ ငါဘာမှတောင် သေချာမသိလိုက်ရဘူး"

"နှင်ပျော်တော့ ပျော်တယ်မဟုတ်လား"

ခပ်ယဲ့ယဲ့မျှသာပြုံးဖြစ်၏။ ပျော်သလားတဲ့။ ပျော်တာပေါ့နော်၊
လက်ကောက်ဝတ်ကိုဖျတ်ခနဲဆွဲခေါ်ပြီး ကားပေါ်တက်ခိုင်းခဲ့တာ၊ တစ်
လမ်းလုံးစကားတွေပြောလိုက်၊ ခေါင်းလေးခါလိုက်၊ လေလေး ချွန်လိုက်
နဲ့ အပျော်ကြီးပျော်နေခဲ့တဲ့သူ့မျက်နှာကို ကြည့်လို့မှမဝခဲ့ဘဲ။

သူမအပေါ်မှာ သူသိပ်ချစ်ရှာပါလားဆိုတဲ့အသိနဲ့ စိတ်ထဲမှာ
တစိမ့်စိမ့်ကြည်နူးနေတာကို သူမကိုယ်တိုင်ပဲ ခံစားတတ်တာလေ။ ကို
စည်သူ, ရှင့်ကို ဂျိုးကျိုးသိပ်ချစ်ခဲ့မိတာကို ဝန်ခံပါတယ်၊ ဒါပေမဲ့ ရှင့်ကို
ဂျိုးကျိုးနှုတ်ဖျားကနေ ချစ်ပါတယ်လို့ဝန်မခံခဲ့တာ တကယ်ပါနော်။

"ငါတို့လိုလူတန်းစားအတွက် အချစ်ဆိုတာ အပျော်သက်သက်
ရှာဖွေစရာမလိုတဲ့အရာတစ်ခုပဲဆိုတာ နှင်လည်းသိသားနဲ့ စုရယ်"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ နှင့်အပေါ် သူအတော်လေး
ချစ်ရှာတာတော့အမှန်ပဲ ဂျိုးကျိုးရဲ့။ နှင့်ကိုကြည့်တတ်တဲ့ သူ့မျက်လုံး
တွေကို ငါလည်း မြင်ခဲ့ရတာကိုး"

ဟုတ်တယ်၊ မငုံ့မရဲလေးကြည့်တတ်တဲ့ သူ့အကြည့်နွေးနွေး၊
ပြုံးချင်ပြုံးချင်ပြုံးတတ်တဲ့ ပြုံးတုံ့တုံ့ သူ့အပြုံးနုနု လိုတရာဝကြောင့်
သူ့လက်ဝါးတွေ နူးညံ့နေမှန်းသိခဲ့ပါလျက် ဘာကြောင့်မရိပ်မိခဲ့မိသလဲ



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဒီလိုပဲအပြစ်မှန်သမျှကို ဖုံးကွယ်သိုဝှက်ထားတတ်တာ မျိုးများလားကွယ်။

"မဖြစ်နိုင်တော့ပါဘူး စုရယ်။ သူက သိပ်ချမ်းသာတဲ့မျိုးရိုးဟဲ့။ အလွှာဆိုတာကို ကြောက်လွန်းလို့ အဖေ အခါခါသတိပေးခဲ့သလိုပဲ ငါလည်း အတတ်နိုင်ဆုံး ရှောင်ရှားခဲ့တတ်ခဲ့တာပါ။ သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်လာကြုံရတာယ်လို့"

"ဒါဆို သူလိမ်ခဲ့တာပေါ့,ဟုတ်လား"

"အင်း"

မလိမ်မဖြစ်လိမ်ခဲ့တာမှန်း သူမ သိနေပါ၏။ လူကုံထံတွေကို မျက်မုန်းကျိုးနေသည့်အဖေနှင့်သူမအကြောင်းကို သူက ကြားပြီးသိလိုက်တာမဟုတ်လား။ ဝပ်ရှော့က မန်နေဂျာလေးတဲ့၊ သူ့ဌေးရဲ့ကားကိုမောင်းပေးရတဲ့ ဒရိုင်ဘာတဲ့လား။ တကယ်တမ်းကျတော့ အဲဒီဝပ်ရှော့နဲ့ကားကို သူကိုယ်ပိုင်ဖြစ်နေမှန်း သိခဲ့ရတာလေ။ ရင်နာရမှာလား ကိုစည်သူ့မုန်းလိုက်ရမှာလား။ ကျိုးကျိုးရဲ့ရင်ထဲမှာ ရှင့်ကို အလိုလို့ခွင့်လွှတ်ပေး မိတာ ဘာကြောင့်များပါလိမ့်။

"နှင့် မေ့ပစ်လိုက်တော့မှာပေါ့နော်"

"မေ့ပစ်ဖို့ဆိုတာ အပြောလွယ်သလောက် အင်မတန်လု ခက်ခဲတဲ့အလုပ်ပဲ စုရဲ့။ လူတစ်ယောက်ကိုချစ်ပြီးရင် မုန်းလိုက်ဖို့ အလွယ်လေးပါ။ ဒါပေမဲ့ မေ့ဖို့က အခက်ဆုံးပဲ"

Platform ပေါ်မှာ ခဲလုံးလေးကို ခြေဖျားနှင့်ခတ်မိသွား လိမ့်ခနဲပြေးသွားသည့် ကျောက်စရစ်ခဲလေးက လမ်းဘေးမြောင်းထဲ ပလုံခနဲပြုတ်ကျသွားလေသည်။ ဒါဖြင့် သူမရဲ့အသည်းလေးက ဟုတ်တယ်၊ ဒီခဲလုံးလေးလိုပဲ သူ့ရှေ့မှာ ဘုတ်ခနဲပြုတ်ကျခဲ့ရတာ ရက်ဖွယ်လိလိပါလားကွယ်။ ကောင်လေးတစ်ယောက်ကို မြင်မြင် တစေ့တစောင်းမျိုးမဟုတ်ဘဲ သေချာစေ့စပ်စွာကြည့်ဖူးတဲ့အဖြစ် မျက်ဝန်းအမြင်တွေကတစ်ဆင့် နှလုံးသားဆီ ပုံရိပ်တွေကူးထ





စွဲလန်းခဲ့ရတာမျိုး မဟုတ်ပါလား။

"ငါကိုယ်ချင်းစာပါတယ်ဟာ"

"ဘယ်တတ်နိုင်ပါ့မလဲ စုရယ်။ နှင်းဆီပန်းကို လိုချင်မှတော့ သူ့အခက်က ဆူးကိုရှောင်တတ်ဖို့လိုတာပေါ့။ ဒါပေမဲ့ အဖေသတိပေး လိုက်တဲ့အချိန်မှာ အဲဒီဆူးတွေက ငါ့ကိုစူးနေပြီလေ၊ အဲဒါကို ငါနောက်ကျပြီးမှ သိလိုက်ရတာပဲ"

"နှင်, သူ့ကိုချစ်နေတာ သေချာပြီ"

မဲ့မဲ့လေးပြုံးလိုက်မိ၏။ ချစ်တာမှ စွဲစွဲနစ်နစ်ကြီးကိုချစ်မိတာ ပါကွယ်၊ ရှင်တို့လူတန်းစားတွေလို စကားကို တန်ဆာမဆင်တတ်ပါဘူး၊ ရင်ထဲရှိတဲ့အတိုင်း ဘွင်းဘွင်းကြီးပြောချလိုက်ချင်တာပါ။ ရှင် ဖွင့်မပြောခင်ကတည်းက တိတ်တိတ်လေးချစ်နေမိခဲ့တဲ့သူပါ။ ဟောဒီရင်ဘတ်ထဲ အပြည့် ရှင့်အပေါ်ချစ်မိတဲ့ကောင်မလေးပါရှင်။

"ဟော..."

"ဘာလဲ"

"ကားဂိတ်မှာ ရပ်ထားတာ သူ့ကားမဟုတ်လား"

ရင်ထဲထိတ်ခနဲဖြစ်သွားရလေ၏။ နှလုံးသားက ချက်ချင်းပူနွေး ခုန်ပေါက်လာလေသည်။ သူမကိုမြင်ရင် သူဝမ်းသာအားရပြေးပွေ့လိုက် လေမလား။ မတွေ့ဖြစ်တဲ့တစ်လကျော်ကျော်အတွင်းမှာ သူမထံ တမင် လာမတွေ့ဘဲ ရှောင်နေရကောင်းလားဆိုပြီး ရန်တောင်ထုရိုက်ပစ်ရမှာ လား။

ဟင့်အင်း, မဟုတ်သေးဘူး။ အဖေက သေချာမှာထားတယ် ကိုစည်သူ။ အမြစ်တွယ်ပြီး တက်မလာခင် အရင်ဆုံးဆွဲဖြုတ်ပစ်လိုက်တဲ့။ နှလုံးသားက အစိမ်းလတ်လတ် သွေးယိုစီးလာရင်တောင် အဲဒီဒဏ်ရာကိုပျောက်အောင် ကုလို့ရနိုင်သေးတယ်တဲ့လေ။

"ဖြူလေး"

ဝမ်းသာအားရပြေးလာသည့်သူနှင့်မျက်နှာချင်းဆိုင်မှာ ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုရပ်လိုက်ပါ၏။ မပြုံးမိစေရ သူ့မရိပ်မိစေရပါလေ။

"ရှင်ဘာလာလုပ်တာလဲ"

"ကိုယ် မနေ့ကမှ ဆေးရုံကဆင်းခဲ့ရတာ ဖြူလေးရဲ့။ ဖြူလေးနဲ့လာမတွေ့လို့ ကိုယ့်ကိုစိတ်ဆိုးနေမယ်ဆိုတာ ကိုယ်သိပါတယ်၊ ကိုယ့်အလုပ်တွေ အရမ်းများနေလို့ပါ။ ပြီးတော့ ဖေဖေနဲ့လည်း အကျေအလည်ဆွေးနွေးနေရတာကြောင့်လည်းပါတယ်"

"ပြောစရာကုန်ပြီလား"

"ဘယ်လို"

"ရှင့်မှာပြောစရာ ဒါအကုန်ပဲလားလို့ ကျွန်မမေးနေတာလေ"

"ဖြူ. . . ဖြူလေး"

ပိန်ကျသွားမှန်း သိသာပါ၏။ ထုံးစံအတိုင်း ရုပ်အင်္ကျီအစင်းလေးကို ပုဆိုးကွက်လေးဖြင့် ဝတ်ထားသော်ငြား သူပြောသလို ဆေးရုံမှဆင်းလာတယ်ဆိုတာ မညာစတမ်းပြောတာမှန်း သိရှေ့ပါသည်။ သို့သော် သူမဘက်ကတာဝန်ကို ပြီးဆုံးအောင်လုပ်ရမှာ အမှန်ပင်မဟုတ်ပါလား။

"ဒါဆို ကျွန်မပြောအလှည့်ပဲ။ ရှင့်ခေါင်းထဲမှာရော ရင်ဘတ်ထဲမှာပါ စွဲနေအောင် မှတ်ထားလိုက်ပါ ကိုစည်သူခန့်။ ရွှေချိုးဖြူဟာ လိမ်တာညာတာကိုအမုန်းဆုံးပဲ။ ရှင် ကျွန်မကိုညာပြီးချစ်ခဲ့တာ သိပ်ရွံ့ဖို့ကောင်းတယ်။ ကျွန်မတို့သားအဖရဲ့ရင်ထဲကအနာကို ဘာအကြံအစည်နဲ့များ ရင်လာဆွပေးလိုက်တာလဲ ကိုစည်သူ။ တော်လောက်ပါပြီ၊ ကျွန်မတို့နဲ့ပတ်သက်ခဲ့သမျှဇာတ်လမ်းကို ဒီနေ့၊ ဒီအချိန်၊ ဒီနေရာမှာပဲ အဆုံးသတ်လိုက်ကြရအောင်။ ကျွန်မ ဒါပဲပြောချင်တာပါ"

"မဟုတ်သေးဘူး ဖြူလေးရဲ့။ ကိုယ်ရှင်းပြပါရစေဦး"

"ဖယ်ပါတော့ရှင်၊ ဒီလောက်ထိနှောင့်ယှက်ရရင် ကျေနပ်ပါတော့။ နောက်ကို လမ်းမှာတွေ့ရင်လည်း နှုတ်ဆက်ဖို့မလိုအပ်တော့ပါဘူး။ အဖေက သေချာမှာထားတယ်။ သူ့အိမ်ရိပ်မပြောနဲ့ ခြံရိပ်တောင်မှ ရှင်လာမနင်းမိစေပါနဲ့တဲ့။ ရှင်လာမိတဲ့နေ့ ရှင့်ခေါင်းနဲ့ကိုယ်က ထင်း





စွန်းတစ်ဖက်ဆီထိ ပို့ပေးဖို့ အသင့်ပါပဲတဲ့ရှင်"

သူမက သူ့ကိုရှောင်၍ထွက်လိုက်လေ၏။ ရင်ထဲမှာ လှိုက်ခနဲ ငိုချင်စိတ်ကို အတင်းကြိုးချေဖျက်နေရသည်။ နေပါဦး၊ အိမ်ရောက်မှာ ဖွင့်ချပါရစေလား မျက်ရည်တို့ရယ်။

"ဖြူလေး, ကိုယ်ပြောတာကို နားထောင်ပါဦး၊ ကိုယ်ရှင်းပြ"

"ကဲ"

ဒုန်းခနဲမြည်သံနှင့်အတူ သူ့နဖူးထောင့်မှ သွေးတွေဖြာကျသွားပါ၏။ မျက်လုံးထဲ ပြာခနဲဖြစ်သွားတာကို အားတင်းလျက် အသံကုန်အော်လိုက်မိတော့သည်။

"ရွှေချိုးဖြူကိုလာထိရင် ဒီလိုဖြစ်တတ်တယ်ဆိုတော့ ရှင်မေ့နေလား။ ရှင်မသေမချင်း မှတ်သွားလိုက်။ ရှင့်ကိုရော၊ ရှင့်အဖေကိုပါ ကျွန်မ မုန်းတယ်။ သိပ်မုန်းတယ်"

ပါးစပ်အဟောင်းသားဖြင့် ငေးကျန်ရစ်ခဲ့သည့်သူ့ရှေ့မှ အမြန်ဆုံး ပြေးထွက်လာခဲ့သည်။ ရင်တစ်ခုလုံး မွှမွှကြေနေတာကို သူမမြင်ပါစေနဲ့လေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ညနေစောင်းပြီမို့ သားကိုကြိုရန် အိမ်ရှေ့သို့ထွက်လာစဉ် ကျွဲခနဲကားရပ်သံကို စိခနဲကြားရလေ၏။ အလို! သားပြန်လာတာ စောလှချည်လား။ အလောတကြီးကားရပ်တာ ဘာကြောင့်များပါလိမ့်။

''မိစန်း''

''ရှင့်၊ ဘဘကြီး''

''သံပုရာရည်ခွက် ယူလာခဲ့တော့''

''ဟုတ်ကဲ့ရှင့်''

တရှူးရှူးနှင့် အိမ်ထဲဝင်လာသည့်သားက နှစ်ယောက်ထိုင်ဆက်တီထက် ဝုန်းခနဲပစ်လှဲချလိုက်လေ၏။ အလို! သားရဲ့နဖူးမှာ ချွေးစက်တွေပါလား။

''ဖေ့သား ဘယ်လိုဖြစ်လာတာလဲ''

''သေချင်တယ်ဖေ၊ သေချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . ."

"ကျွန်တော်က ဘာလို့ဖေဖေ့သားဖြစ်နေရတာလဲ။ ဘာဖြစ်လို့ သူဌေးသားဖြစ်နေရတာလဲဗျာ။ ဆင်းရဲသားရဲ့သားသာ ဖြစ်ပါတော့လား"

ဗုဒ္ဓေါ! ထူးထူးဆန်းဆန်းတွေ ပြောနေတာပါလား။ နဖူးက ဒဏ်ရာကို မေးနေပါတယ်ဆိုမှ ပါးစပ်က ရေရွတ်သံက အဆက်မပြတ် ဒုက္ခပါပဲ။ သားလေးတော့ အမှောင့်ပယောဂတွေဘာတွေများ နှောင့်ယှက်ခံရချေပြီလား။

"ဖေဖေနားလည်အောင် ပြောပါတော့လား သားရာ။ နဖူးမှာလည်း ဒဏ်ရာနဲ့၊ သားကို ဘယ်သူကများ ရန်လုပ်လိုက်တာလဲ။ ပြောပါဦး"

"အဲဒီဒဏ်ရာထက် ဒီထဲကဒဏ်ရာက ပိုပြီးနာတာဗျ ဖေဖေ ရဲ့၊ ဟောဒီထဲက၊ဟောဒီထဲက တစစ်စစ်နဲ့ကိုက်ပြီးနာနေတာ၊ ကျွန်တော် အခံရအခက်ဆုံးပဲ"

အမလေး! ရင်ဘတ်ကိုတဘုန်းဘုန်းထုပြီး ပြောနေလိုက်တာ များ ပနာကျင်သည့်နှယ်၊ ခက်ချေပြီကော။ သားရဲ့ရင်ထဲကို ဘယ်လို အဆိပ်ပြားတွေများ လာစိုက်တာပါလိမ့်။

"သား"

"မုန်းတယ်တဲ့"

"ဘယ်လို"

"ဖြူလေးက ပြောလိုက်တာလေ။ ဖေဖေ့သားဖြစ်နေလို့ မုန်း တာတဲ့၊ သူဌေးသားဖြစ်နေလို့ မုန်းတာ၊ ငွေကြေးချမ်းသာလျက်နဲ့ သူ လိမ်ညာပြီးချစ်ခဲ့လို့ မုန်းတယ်တဲ့ဖေဖေရဲ့။ ကျွန်တော်တော့ သွားပါပြီ"

နဖူးပေါ်လက်တင်ပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျ သည့်သားကို ဘယ်လိုနှစ်သိမ့်ရမှန်းပင်မသိတော့။ ပြဿနာပဲ၊ သီတာ ကလည်း အိမ်ပြောင်းသွားချေပြီ၊ သူတို့သားအဖကြားထဲ ဝင်မပါ





ဘူးလို့ပြောထားပေမယ့် အရေးအကြောင်းဆို သီတာ့ကိုသာ အပူကပ် ချင်တာ အရင်ဆုံးပဲမဟုတ်ပါလား။

Phone ခလုတ်တွေကို ခပ်မြန်မြန်နှိပ်လိုက်မိ၏။ တော်ရုံနှင့် လာမကိုင်သေး။ ဒီအပျိုကြီး အလှများ ထိုင်ပြင်နေလေသလားဟု ဒေါသ က ထွက်လာချေ၏။

"ဟယ်လို"

"သီတာလား, ကိုယ်ပါ"

"ပြော"

"အိမ်ကို ခဏလာနိုင်မလားလို့"

"လာပြန်ပြီ၊ မနေ့ကပဲ အိမ်ပြောင်းဖြစ်တယ်။ ဒီနေ့ ရှင့်အိမ် ကို လာပြန်လည်စရာလားရှင့်၊ စဉ်းစဉ်းစားစားလည်းပြောပါဦး ကိုမောင် ရဲ့"

"ခဏလေးပဲလေ သီတာရယ်။ သား, ခေါင်းပေါက်လာလို့"

"ဘာ!"

"ဟိုဟို. . . နဖူးပေါက်လာတယ်လို့ ပြောတာပါ"

"အဲဒါ ဆရာဝန် ပင့်ပေါ့ရှင့်။ သီတာက Nurse မှ မဟုတ်တဲ့ ဟာ"

"အခု ခဏလေးတောင်မှ မအားဘူးလား"

"အားလည်းမလာနိုင်ဘူး။ အကျင့်ပါလို့။ ဒီမှာထမင်းစားနေ တယ်။ ရှင်တို့သားအဖ ကိုယ့်ဖာသာကိုယ်ကြည့်ရှင်းကြ။ ဒါပဲ"

"သားက မျက်ရည်ကျနေလို့ပါ သီတာရယ်"

"ချော့ပေါ့ရှင်"

"သူ့ကောင်မလေးက မုန်းလိုက်ပြီဆိုလားပဲ"

"ကောင်းတာပေါ့၊ ရှင်လည်း ဒီလိုပဲဖြစ်ချင်တာမဟုတ်လား၊ အဆင်တောင်ပြေသေး"

"ကိုယ့်ကိုမရွဲ့ပါနဲ့သီတာ။ သားတကယ်ခံစားနေရတာကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရက်လို့ပါ''

''ဒါဆိုရင် သူ့ဆန္ဒကိုလိုက်လျောလိုက်ပေါ့။ သူဖြစ်ချင်တာကို လုပ်ပေးမယ်လို့သာပြောလိုက်။ သမီးတောင်းတဲ့ကိစ္စကို သိတာ့ဘက်က တာဝန်ကျေစေရမယ်။ တော်ပြီနော်. . . ဒါပဲ''

Phone က ဂွတ်ခနဲကျသွားချေပြီ၊ ကဲ, ဘယ့်နှယ်လုပ်ရမလဲ။ စက်ကူခေါ်ပါတယ်ဆိုမှ တာ့တာပြသွားချေပြီ၊ သားရှိရာဆီ ပြန်လျှောက်လာစဉ် ခုချိန်ထိ မျက်နှာအုပ်ရှုငြိမ်သက်နေဆဲ။ ဒုက္ခပါပဲ။ သွေးထွက်လွန်ကုန်မှ ပြဿနာလေ။

''သား''

''ဖေဖေ, ကျွန်တော့်ကိုအမွေဖြတ်ပေးဗျာ''

''ဟေ. . .''

သူမျက်လုံးအစုံပြူးသွားပါ၏။ ငေါက်ခနဲထထိုင်လိုက်သည့် သားမျက်နှာက မှုန်ကုပ်ကုပ်ဖြစ်နေဆဲ။ သူတစ်ခါမှမစဉ်းစားခဲ့သည့်ကိစ္စကိုမှ သားက တောင်းဆိုသတဲ့လေ။ အမွေဖြတ်ပေးတဲ့။ တစ်သက်နဲ့ တစ်ကိုယ် တစ်ကြိမ်မျှမစဉ်းစားမတွေးတောခဲ့တဲ့အတွေးကိုမှ သားက တွေးမိသတဲ့လား။

''နော်လို့, ဖေဖေ။ ဒါမှ ဖြူလေးနဲ့ ကျွန်တော့်ကို ဦးလေးက သဘောတူမှာဗျ။ ကျွန်တော့်မှာ ကုန်းကောက်စရာ တစ်ပြားမှရှိမနေမှ ဖြစ်မှာ''

''မဖြစ်ဘူး. . . ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး သားရဲ့''

''မဖြစ်လို့ ဖြစ်အောင်လုပ်ပေးဖို့ ပြောနေတာလေ ဖေဖေရဲ့။ ဦးလေးက ကျွန်တော့်ကိုအပြတ်ပြောထားတာ၊ ဒီပုံစံနဲ့ သူ့အိမ်ဝိုင်းမကျော်နဲ့၊ ခြေရေ့တောင် လာမရပ်မိစေနဲ့တဲ့''

''အောင်မာ! ဒင်းကများ ပြောရတယ်ရှိသေး၊ ရပ်တော့ ဘာ ဖြစ်တုန်း''

''ရပ်ရင် ကျွန်တော့်ခေါင်းနဲ့ကိုယ်ကို ဝင်ရိုးစွန်းတစ်ဖက်စီ နဲ





ပြီးပို့ပစ်မတဲ့လေ''

''ဟေ. . .''

သူ့မျက်လုံးကတော့ ပြူးပြီးရင်းပြူးရချေပြီ၊ ဘယ့်နှယ်, ရွှေလို ဥပြီးမွေးထားရတဲ့ သားရွှေခဲလေးကိုမှ ခေါင်းနဲ့ကိုယ် အိုးစားကွဲမယ်လို့ ခြိမ်းခြောက်သတဲ့လေ။ ဒင်းက ဘာ Power များရှိနေလို့တုန်း။ အလကားအရက်သမား၊ အရက်လေးတမြမြနဲ့ လူမိုက်စကားပြောတိုင်း သူတို့သားအဖေက ကြောက်ရမှာတဲ့လား၊ ဟွန်း. . . ဝေးပါသေးရဲ့။

''သူလုပ်ချင်တိုင်းလုပ်လို့ရမယ် ထင်နေလား။ ဒါ,မင်းမဲ့တိုင်းပြည်မှမဟုတ်တဲ့ဟာ။ လူမိုက်စကားနဲ့ လာဖြဲခြောက်ရတယ်လို့''

''ဦးလေးတို့သားအဖက အပြောသမားမဟုတ်ဘူး ဖေဖေရ။ လက်တွေ့သမားတွေ။ ဒီမှာ ဖြူလေးပေးလိုက်တဲ့လက်ဆောင်။ ဖေဖေမြင်တယ်မဟုတ်လား''

''သားကို ဘာနဲ့ထုလိုက်တာလဲ''

''စတီးချိုင့်နဲ့''

အလိုလေး! လက်က မြန်လှချည်လား၊ ဒီလိုလက်မြန်ခြေမြန်ကလေးမကိုမှ မိမိသားက သွားချစ်သတဲ့လေ။ ကံဆိုးလေစွ, မောင်မောင်ခန့်ရယ်။

''သားရယ်. . . ဒီကောင့်သမီးကို မေ့လိုက်စမ်းပါ။ သားလိုချင်ရင်လေ ဒီကမ္ဘာပေါ်မှာ အများကြီးရှိနေတဲ့ကောင်မလေးတွေထဲက စိတ်ကြိုက်သာရွေးလိုက်။ တစ်ယောက်မကလို့. . . (၁၀)ယောက်ဖြစ်ဖြစ်၊ အယောက်(၃၀)ဖြစ်ဖြစ် ဖေဖေ့ရှိသမျှစည်းစိမ်ပုံပြီး တောင်းပေးပါ့မယ် နော်. . . သား''

''မရဘူးဗျ။ ဖေဖေ့သားမှာ အဲဒီလောက်အချစ်တွေ မပေါများဘူး။ ကျွန်တော်. ဖြူလေးတစ်ယောက်တည်းကိုပဲချစ်တာ။ ဖြူလေးတာလွဲပြီး ဘယ်သူ့ကိုမှမယူနိုင်ဘူး။ ကျွန်တော့်အချစ်တွေကို ဖြူလေးဆီမှာပဲ ပုံအပ်ထားတာ အကုန်လုံးပဲ ဖေဖေရ''



www.burmeseclassic.com

www.burmeseclassic.com



သေစမ်း! နဖူးကိုသာ မြန်းခနဲရိုက်လိုက်မိတော့၏။ သူ့တုန်းက ဒီလောက်ထိ ပြာပြာသလဲမရှူးခဲ့ပါဘဲ သားအလှည့်မှ ခုလိုရှူးသွပ်ရတယ်လို့။ ခက်ချေပြီကော စည်သူခန့်ရယ်။

"ဖေဖေ့ကိုချစ်ရင် ဒီတစ်ခါလေးပဲ နားထောင်ပါလား သားရော။ ဒီကောင့်သမီးတလွဲပြီး ဘယ်သူ့သမီးနဲ့မဆို ဘယ်နှစ်ယောက်ပဲယူယူ ဖေဖေပေးစားပေါ့မယ်ကွ"

"ဖြူလေးကိုပဲချစ်တာပါဆိုနေမှ။ ကျွန်တော့်ကိုအမွေဖြတ်ပေးပါဆို။ သတင်းစာထဲပါလာတာနဲ့ ဖြူလေးဆီ ကျွန်တော်သွားတော့မှာ"

"ဒါဖြင့် ဖေဖေဘာယ်လိုကျန်ခဲ့မလဲဆိုတာ သား နည်းနည်းမှ မစဉ်းစားပေးဘူးလား စည်သူ"

"ဖေဖေက ဘာဖြစ်ပြီး ကျန်ခဲ့မှာမို့လို့လဲ။ ကျွန်တော့်ကို စိတ်နာလို့မုန်းလို့ဆိုပြီး အမွေဖြတ်လိုက်တာမျိုးမှမဟုတ်တဲ့ဟာ။ ဦးမောင်မောင်ခန့်ဆိုတာ စည်သူခန့်ရဲ့ထာဝရဖခင်ပါပဲ"

"သေချာလား"

"Sure..."

"သား, ဖေဖေနဲ့အဆက်အသွယ်တော့ မဖြတ်ပါဘူးနော်"

"ဩော်, ဖြတ်စရာလားဖေဖေရဲ့။ ရန်ကုန်တစ်မြို့တည်းနေနေတဲ့ဟာ။ ဖေဖေ့ဆီလာတွေ့ရင်လည်း ဖြစ်တယ်။ Phone လှမ်းဆက်လို့လည်း နေ့တိုင်းဖြစ်တာချည်းပဲ"

"ဒါပေမဲ့ သားရော၊ အမွေပြတ်တာကြီးကတော့. . ."

"ဒါက သက်သေလေ ဖေဖေရ၊ ဦးကျော်နိုင်က တော့ကြီး မဟုတ်ဘူးဆိုတာ ဖေဖေသိတယ်မဟုတ်လား"

"တော်ကြာ ငါ့သားကို ငါးဖယ်တေသလို ဝိုင်းတေကြရင် ဘယ့်နှယ်လုပ်မလဲ"

"ဖြူလေးတစ်ယောက်လုံးရှိပါတယ် ဖေဖေရာ၊ မစိုးရိမ်ပါနဲ့ ဖေဖေ့သား ဒီလောက်တော့ ပါးနပ်ပါတယ်"





"ဒါဖြင့် ဖေ့သားကို အိမ်ပေါ်ကနေ ဖေဖေမောင်းချရတော့မှာပေါ့။ ဟုတ်လား"

"ဒါပေါ့"

"ဆင့်သာသိရင် ဖေဖေ့ကိုစိတ်ဆိုးမှာ"

"မဆိုလောက်ပါဘူး ဖေဖေရယ်။ မေမေလည်း ကျေနပ်နေမှာပါနော်"

အတော်ကောင်းတဲ့ကိစ္စပဲကိုး။ အိမ်ပေါ်ကနှင်ချပြီး အမွေဖြတ်ခံရမယ့် သားမျက်နှာက မှုံရသည့်နယ်ပြုံးလို့ ရွှင်လို့တဲ့လေ။

'ဆင့်'ရယ်၊ မောင့်အဖြစ်ကို လာကြည့်လှည့်ပါဦး။ 'ဆင့်'ရဲ့သားက မောင့်ကို နည်းပေးလမ်းပြ ဆရာပြန်လုပ်နေတာလေ။

"ကဲကဲ. . . အဲဒါနောက်မှလုပ်။ အခုလောလောဆယ် သားနဖူးကဒဏ်ရာကို ဆေးထည့်ဖို့လုပ်ရမှာ။ ဟဲ့, ဒေါ်ဖြူ"

"ရှင်, ဆရာကြီး"

"ဆေးသေတ္တာယူပေးစမ်း! အရက်ပျံနဲ့ Plasta ပါ, ပါပါစေ"

"ဟုတ်ကဲ့ရှင့်"

ဂွမ်းဖြင့် အရက်ပျံစွတ်ပြီး သွေးစတွေကိုဆေးတော့ နာပေမယ့် အောင့်ခံနေသည့် သားမျက်နှာလေးက အပြုံးမပျက်လေခဲ့။ ကိုင်းတံဖောင်းနှင့် ခိုက်မိသွားတာပဲထင်ပါရဲ့။ အချိုင့်ရာကလေးဖြစ်သွားသည့်နေရာကို သေချာသုတ်ပြီး ဆေးထည့်ကာ Plasta ကပ်ပေးလိုက်ပါသည်။

"ထမင်းစားပြီးရင် ဆေးသောက်ပြီးမှအိပ်နော် သား"

"Never mind ဖေဖေ။ အသက်နဲ့အဝေးကြီးပါဗျ။ ဟောဒီမှာကြည့်, ကျွန်တော့်ရဲ့အသက်လမ်းကြောင်းက လက်ဖဝါးအောက်ထိ အရှည်ကြီးလေ။ ကျွန်တော် မသေနိုင်သေးပါဘူး"

စပ်ဖြဲဖြဲမျက်နှာဖြင့် ဘယ်လက်ဝါးပြင်ကိုဖြန့်ပြကာ အပေါ်ထပ်သို့အပြေးတက်သွားသည့်သားဖြစ်သူကိုငေးနေရင်း သက်ပြင်းရှိုက်လိုက်မိပါ၏။



www.burmeseclassic.com

သားက အမွေဖြတ်ခံရမယ့်ကိစ္စကို အပျော်ကြီးပျော်နေရှာသတဲ့ 'ဆင့်' ရယ်။

မောင် ဘာဆက်လုပ်ရပါ့မလဲ။

✦✦✦



www.burmeseclassic.com



အခန်း (၃၃)

## သားအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏တစ်ဦးတည်းသောသားဖြစ်သူ မောင်စည်သူခန့် (၁၂/ရတက(နိုင်)------)သည် ဖခင်၏ ဆိုဆုံးမသည်ကို နားခံဘဲ ဖခင်စိတ်ဆင်းရဲအောင်ပြုလုပ်၍ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှ စ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမောင်မောင်ခန့်
၁၂/ရတက(နိုင်)------
'ခန့်'ကုမ္ပဏီလီမိတက်
ရန်ကုန်မြို့။

"ဟင်!"



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာထဲပါလာသည့်ကြော်ငြာစာလုံးတို့က အထင်းသား။ ဘုရားရေ! ကိုစည်သူတော့ ဘာတွေဘယ်လိုလုပ်ကုန်ပါလိမ့်။ သားအဖတွေ အကြီးအကျယ်စကားများကြပြီး အိမ်ပေါ်က ဆင်းတာပဲဖြစ်မည်ထင်ပါရဲ့။ အဖေတော့ မည်သို့နေမည်မသိ။ သူ့မကာတော့ ဈေးဝယ်ရင်း ဖတ်မိလိုက်ရ၍ ဒူးတွေပင် တုန်လာချေပြီ။

ဒုက္ခပါပဲနော်။ ဖအေနဲ့ ကလန်ကဆန်လုပ်စရာလား။ အဖေဆိုတာ အစားပြန်ရနိုင်တာ မဟုတ်မှန်း သူ မသိဘူးလား။ ရည်းစားနဲ့ပြတ်ရင် နောက်ထပ်ရည်းစားတစ်ယောက်ကို အချိန်မရွေးပြန်ရှာလို့ရပါလျက်နဲ့ အဖေကိုများ ရန်ရှာလေသလား။

မပတ်သက်တော့ပါဟု ဆုံးဖြတ်ထားပါလျက် ရင်တွေပူလာရတာ ဘာကြောင့်များပါလိမ့်။ ဟိုနေ့က နမ့်ကွဲသွားတာကိုများ ပြဿနာရှာလေသလား။ ရန်ဖြစ်လာတယ်ထင်ပြီး အဆုံခံရင်းဖြစ်ကြတာလား။ မေးခွန်းတွေသာ များလာပြီး အဖြေတို့က ထွက်မလာ။

လူက ငိုချင်ချင်ဖြစ်လာပြီး ဈေးဝယ်တာကို ခပ်မြန်မြန်လုပ်၍ အိမ်သို့ပြန်လာခဲ့ရသည်။ ရှင့်ကိုအမွေဖြတ်လိုက်ပြီဆိုတော့ ရှင်ဘယ်မှာနေမှာလဲ။ ရှင့်ဝပ်ရှော့ကိုလည်း ရှင့်အဖေက ငွေစိုက်ပေးထားတာမို့ ပြန်သိမ်းလိုက်မှာ အသေအချာ။ ဒါဖြင့် ကားကိုရော သိမ်းလိုက်မှာပေါ့။ အိမ်ပေါ်ကတောင် မောင်းချလိုက်ပြီပဲ။ ဘယ်လိုနေ၊ ဘယ်လိုအိပ်၊ ဘယ်လိုစားသောက်မလဲဆိုတာကို ရှင် နည်းနည်းလေးမှမတွေးဘူးလား ကိုစည်သူ။

ရှင့်အတွက် ရင်မောနေရပြီရှင့်။ ခက်တော့တာပဲ ကိုစည်သူရယ်။ ဝေးကြပြီဆိုပြီး မေ့မေ့ပျောက်ပျောက်လေး နေနေကာမှ ရှင့်သတင်းကိုဖတ်မိလိုက်ရတယ်လို့။ ရှင် ဘယ်သူ့ဆီ ခိုကပ်နေမှာတဲ့လဲ။ ကိုရဲခေါင်ဆီမှာလား။ မဟုတ်သေးဘူး။ ကိုရဲခေါင်ဆိုတာကလည်း ရှင့်အဖေ မိန့်မိန့်တုန်အောင် ကြောက်ရတဲ့ကောင်လေးလို့ ကျွန်မကြားဖူးတယ်လေ။

အို့. ကိုစည်သူရယ်. . . ခဏတာလေး သက်ဆိုင်ဖူးတာမှန





လျက် ကျွန်မစိတ်တွေက ရှင့်အတွက်ရပ်တည်နေတော့ ခက်ချေပြီပဲရှင်။

✦

Sunday မို့ ဦးလေးရော ဖြူလေးပါ အိမ်မှာရှိနေမည်ထင်ပါ၏။ တစ်ပတ်နွမ်းအင်္ကျီနှင့်ပုဆိုးကိုရွေးဝတ်ကာ သတင်းစာကိုလိပ်ကိုင်၍ အိမ်မှထွက်လာခဲ့၏။ အိပ်ကပ်ထဲမှာ bus ကားစီးခအနည်းငယ်ကိုသာထည့်၍ ကားဂိတ်ဆီသို့ လမ်းလျှောက်လာခဲ့ပါသည်။ ဖြူလေးရေ့ ကိုယ့်ကို ကမ်းလင့်ကြိုဆိုလှည့်ပါလေ။

ကားမှတ်တိုင်မှာဆင်းလိုက်စဉ် ခြေဖျားနှင့်လက်ဖျားတို့က အေးစက်လာလေ၏။ သေရှာတာကတော့ ဦးလေးရဲ့လက်သီးကို အမြည်းခံရဖို့ပါပဲ။ ဘာဖြစ်လဲနော်။ ဦးလေးရဲ့သမီးကိုအပိုင်ရပြီး အသာစံရဖို့အတွက် ဒီလောက်တော့အနာခံပြီး ရင်းနှီးရမှာပါပဲ။ ဘုရားသိကြား'မ'လို့ ဖြူလေးပါ ရှိနေပါစေလေ။

ခြံရှေ့အပေါက်ဝလေးမှာရပ်၍ ကဲကြည့်လိုက်စဉ် အိမ်က ငုတ်တုပ်။ စောသေးလို့များ မထသေးတာလား။ ခြံတံခါးပါးလုံးလေးတွေက ဖြုတ်ပြီးသားမို့ နိုးနေလောက်ပြီဟု မှန်းဆလိုက်ကာ အားတင်းထားလိုက်ပါသည်။

"ဖြူလေး. . . ဖြူလေး"

"ဟော့! ဘယ်ကောင်လဲကွ။ ငါ့ခြံရှေ့မှာ စောစောစီးစီးလာအော်နေတာ။ ကျက်သရေကိုမရှိဘူး"

ပြဿနာပဲ၊ ဘိုးတော်ကြီးတော့ စောစောစီးစီး Morning ပက်နေပြီထင်ပါရဲ့။

"ဦးလေး၊ ကျွန်တော်ပါ။ ဖြူလေးရှိသလားခင်ဗျ"

"ဘယ်က ကျွန်တော်လဲ၊ အဖြူလည်းမရှိဘူး။ အမည်းလည်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဖြင့် ပုဆိုးပြင်ဝတ်လျက်ထွက်လာသည့် ဦးကျော်နိုင်နှင့်သူ ပက်ပင်းတိုးချေပြီ။ မတတ်နိုင်ပါဘူးလေ။ ကြုံရာအခန်းက ဝင်ကလိုက်ရုံပါပဲ၊ ဇာတ်ဆရာရဲ့အလိုကျအတိုင်းပေါ့နော်။

"ဩော်, ဘယ်သူများလဲလို့။ လက်စသတ်တော့တော့ မင်းကိုး. . ."

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ။ မင်းကို ငါဘာမှာထားသလဲ ဟေ့ကောင်။ ငါခြံရှေ့လာတာနဲ့ မင်းရဲ့ခေါင်းနဲ့ကိုယ်အိုးစားကွဲပြီမှတ်လို့ သေသေချာချာပြောထားပါလျက်နဲ့ ငါ့ကိုလာပြီးဆိန်ခေါ်တာပေါ့လေ။ သေဖို့သာပြင်ပေတော့"

ဝုန်းခနဲပြေးဆင်းလာသည့်သူ့ကို ကြောင်စီစီနှင့်ငေးနေရင်းကောင်လေးက ပြေးဖို့ပင်သတိမရ။ ပတ်ဝန်းကျင်မှလူတွေ တစ်ယောက်စ၊ နှစ်ယောက်စ ထွက်လာကာ ရန်ပွဲကိုမဖြန်ဖြေပါဘဲ ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြချေပြီလေ။

"လာစမ်း! ဟေ့ကောင်"

ကော်လံစကိုဆုပ်ကိုင်ဆွဲခေါ်လိုက်စဉ် လူ့ဖလံလေးက ဖွေ့ခနဲပါလာလေ၏။ အမယ်, ငါပြုသမျှကိုနုတော့မယ့်ပုံစံနဲ့ပါလား။ ကျော်နိုင့်ကို ဒီလိုအကဲစမ်းလို့ရမယ်ထင်နေလား ငစည်သူ။

"ဦးလေး ဟိုဟို ကျွန်တော်က ဖေဖေ့သားမဟုတ်တော့ပါဘူး"

"ဘာကွ"

"ဟိုလေ, ဦးမောင်မောင်ခန့်က ကျွန်တော့်ကိုအမွေဖြတ်လိုက်ပြီခင်ဗျ။ အခု ကျွန်တော့်မှာ ကုန်းကောက်စရာတောင် တစ်ပြားမှမရှိတော့တဲ့ ဆင်းရဲသားလေးဖြစ်နေပါပြီဗျာ"

"ဘာ! "

ချာတိတ်ပြောတာကို မသနားကြသည့်အပြင် လုံ့အုပ်ထံမှ ရယ်သံခပ်အုပ်အုပ်ထွက်လာလေ၏။ တယ်လာပါလား ငစည်သူ။ မင်းက





လူ့ရှင်တော်ဆိုင်းနဲ့ဝင်လာရင် ငါကလည်း ဘီလူးဆိုင်းနဲ့ ဝင်ဒေါလိုက်ရုံပါပဲ ငချွတ်လေးရဲ့။

"ငါ့ကိုများ အချဉ်မှတ်နေလား ကောင်နာလေးရဲ့။ မင်းဟာမင်း အမွေဖြတ်ဖြတ်၊ မဖြတ်ဖြတ် ကုန်းကောက်စရာမရှိလို့ သဲပဲကျုံးပြီးစားစား. . . မောင်မောင်ခန့်သားက မောင်မောင်ခန့်သားပဲ၊ ဒီသွေးကို ဘယ်တော့မှဖောက်ထုတ်လို့မရဘူးကွ။ မှတ်ထား"

"ကျွန်တော် ရှိကြီးခိုးလို့ တောင်းပန်ပါတယ် ဦးလေးရယ်။ ကျွန်တော့်ကို ဖြူလေးနဲ့သဘောတူပေးပါနော်"

"ဘာကွ"

"ဖြူလေးကိုသိပ်ချစ်လွန်းလို့ပါ"

"ကဲကွာ. . . အဲဒါချစ်ဦး. . . သဘောတူနိုင်ဦး"

"ခွပ်! "

"အ! "

"ခွပ်! "

"အ! "

လက်သီးနှစ်ချက်စာသာ ရသေးပါ၏။ ကောင်လေး၏မျက်ကွင်းနှင့်နှုတ်ခမ်းမှာ ညိုမဲသွားချေပြီ၊ ငါနော်, လက်နဲ့မတာန်လိုက်တာ၊ မောင်မောင်ခန့်ဆိုတဲ့ ငပိန်ရှည်ကောင်ဟာ ဘယ်လိုဖြစ်ပြီး ဒီလို ပိုးဟပ်ဖြူကောင်လေးကိုမှ မွေးထားတာပါလိမ့်။

"ကဲ့, ဘယ့်နှယ်ရှိစ။ မင်းလိုချင်သေးလား ငါ့သမီးကို။ ဟင်, ပြောလေ"

"ဟုတ်ကဲ့"

"ဟေ့ကောင်"

ဝါးခနဲဝိုင်းရယ်ကြလေ၏။ ဒီကောင် ရက်ကြောများဖြတ်ထားလေသလား။ ဒီလောက်နာနေတာတောင် မိဂျိုးကို တောင်းနေသေးတာသလ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ, လိုချင်ဦးဟာ. . . ငါ့သမီး"

ဒီတစ်ခါဖြင့် ပုံခနဲလဲသွားချေပြီ။ ခေါင်းမူးသွားတာထင်ပါရဲ့။ နှုတ်ခမ်းထောင့်မှလည်း သွေးတွေ ဖြာထွက်လာတာမို့ သူ အရှိန်သတ်လိုက်ရ၏။ အင်း, ကလေးကို မတရားကြီးနှိပ်စက်သလို ဖြစ်နေတော့မှာပဲ။

"ကျွန်တော့်ကိုသနားပါ ဦးလေးရယ်။ ဖြူ့လေးနဲ့မခွဲနိုင်လို့ပါ။ ဖြူလေးနဲ့ခွဲရရင် ကျွန်တော်သေမှာဗျ။ ဦးလေးရိုက်လို့ သေချင်လည်း သေသွားပါစေတော့။ ဖြူလေးနဲ့သဘောတူရင် ကျွန်တော်ကျေနပ်ပါပြီ"

"ဟာ, ဒီကောင်တော့ သေတော့မယ်"

လဲနေရာမှ ကျုံးထ၍ပြောနေသည့်ကောင်လေးကို ကုတ်မှဆွဲထုလိုက်စဉ် လူအုပ်က ရှဲခနဲဖယ်သွားလေ၏။ အလို! ငါ့သမီး-ဈေးက ပြန်လာပြီပဲ။

"အဖေ ဘာလုပ်တာလဲ"

"ဒီမှာလေ၊ ငါ့သမီးကိုလာတောင်းနေလို့ Lesson ကောင်းကောင်းပေးနေတာ"

"ဒုက္ခပါပဲ၊ ရှင်ဘယ်လိုရောက်လာရတာလဲ ကိုစည်သူရယ်"

"ဖြူလေး"

"ဘာဖြူလေးလဲ၊ မင်းတော့လား"

လက်သီးနှင့် ထပ်ရွယ်ခြင်းခံလိုက်ရတာမို့ သူမျက်လုံးကို မှိတ်လိုက်မိ၏။ အမယ်လေးနော်၊ ဘယ်တုန်းက အငြိုးတွေနဲ့များ သူ့ကို ဒီလူကြီး သဲအိတ်အမှတ်နှင့် ထိုးနေတာပါလိမ့်၊ နာလိုက်တာနော်။

"အဖေ"

"ဖြူလေး, ကိုယ့်ကိုကယ်ပါဦး"

"ဩော်, ဒီလောက်ခံနေရတာတောင် အမှတ်က မရှိသေးဘူး သည်းခြေမရှိတဲ့ကောင်လေး. . . ကဲကွာ"

"အမယ်လေး! သေပါပြီ"





ပက်လက်လေးလန်ကျသွားသည့်သူ့ကိုကြည့်ရင်း အဖေ့လက်ကို အမြန်ပြေးဆွဲလိုက်မိ၏။ သေကုန်တော့မှာပဲ၊ အဖေ့လက် ဘယ်လောက်မာသလဲသိသိကြီးနဲ့ ဖွတ်ခေါင်းမာနေရတယ်လို့။

"မလုပ်ပါနဲ့တော့ အဖေ။ တော်ပါတော့"

"အံမာ! နင်က ငါ့ကိုတားတယ်ပေါ့လေ"

"သမီးတောင်းပန်နေတာပါအဖေရယ်။ တော်ပါတော့"

"နင်က နင့်အကောင်ကိုထိတော့ နာတယ်ပေါ့လေ။ ဟုတ်လား မိရွှေဂျိုး"

ဒုက္ခပဲ၊ လေပြည်လေးနှင့်တားနေတာတောင် အဖေ့ဒေါသက မငြိမ်းသေးပါလားနော်။

"ဒီလောက်လုပ်ရတာ ကျေနပ်ပါတော့အဖေရဲ့။ သူလည်းမှတ်လောက်ပါပြီ"

"ဩော်, ငါကတော့ ငါ့သမီးကိုတုန်နေအောင် ချစ်လိုက်ရတာ၊ ဒင်းက ဒင်းအကောင်ကိုထိလို့ ဖအေကိုအာခံသတဲ့၊ အဲဒါ မင်းကြောင့်"

"အဖေ"

လက်သီးကြီး ဗိုးခနဲမျက်စိရှေ့မှဖြတ်သွားသဖြင့် သူ့မျက်လုံးထဲ ပြာသွားရပါ၏။ အမယ်လေးနော်၊ ထိမိလိုက်လို့ကတော့ ပွဲသိမ်းပြီထင်ပါရဲ့။

"သမီးကိုသနားပါဦး အဖေရဲ့"

"ဘာဆိုင်လဲ၊ ဒီကောင့်ကိုလုပ်တာ နင်နဲ့ဘာဆိုင်လို့လဲ မိဂျိုးရဲ့. . . ဟင်"

"အဖေရယ်၊ သူ့ကိုလည်းသနားပါ၊ သမီးကိုလည်း သနားပါဦး"

"မသနားနိုင်ဘူးဟေ့၊ ကျော်နိုင်က ငါ့သမီးထိရင် ဟောဒီလက်သီးကိုကြည့်ဆိုတဲ့အမျိုးကွ၊ ကဲ"

"ခွပ်! "



www.burmeseclassic.com

www.burmeseclassic.com



''အမယ်လေး! အဖေ,အဖေတော်ပါတော့။ သမီးကို မသနား ရင်လည်း ရှိပါစေတော့။ သူ့ကိုလည်း မသနားရင် ရပါတယ်။ ဒါပေမဲ့ သမီးရဲ့. . . သမီးရဲ့ဗိုက်ထဲက ကလေးလေးကိုတော့ သနားပါအဖေရယ်။ နော်နော်''

''ဘာ! ''

ဟိုက်! ဗုဒ္ဓေါ၊ ဘုရားအဆူဆူကယ်တော်မူကြပါ။ သူမပါးလေး ကိုတောင် နယ်မကျံခဲ့ဖူးတာ မှန်ပါလျက် ဤအဆင့်ထိဖြစ်စရာ ဘာ အကြောင်းမှမရှိဘာလေ။ သူပါးစပ်အဟောင်းသားဖြင့် မော့ကြည့်မိလိုက် စဉ် သမင်မျက်လုံးလေးအစုံက ပြူးပြူလျက် သတိပေးအချက်ပြလိုက် ပါပြီ ဖြူလေးရာ။

''ဘာပြောတယ် သမီးဗိုက်ထဲမှာ''

''ဟုတ်''

''ဒီကောင်နဲ့''

''ဟုတ်တယ်အဖေ''

''ကဲ, ခြေသွက်ဦးကွာ''

ခွပ်ခနဲမြည်သံနှင့်သူ့ကမ္ဘာ မှောင်အတိကျသွားလေ၏။ သေချာ ပါတယ်။ သူတော့ ဖြူလေးနှင့်လက်ထပ်ခွင့်ရပြီးဆိုတာလေ။ ဘယ်လို ကနေ ဘယ်လို ညာဏ်နီ၊ ညာဏ်နက်၊ ညာဏ်ပြာ၊ ညာဏ်ဝါတွေ ရသွားမှန်း မသိပေမယ့် ဖြူလေးက သူ့ထက်ပိုပြီး ညာဏ်ပြေးတာကို သိလိုက်ရတာ ကိုး။

''ဦးနိုင်ကြီးတော့ သမက်တစ်ယောက် အမြန်ကောက်ရပြီဟော့''

အော်လိုက်သံနောက်မှာ ရယ်သံတွေနှင့်အတူ အိစက်ပျော့ ပျောင်းသည့်လက်အစုံ၏ထွေးပွေ့ခြင်းကို သူရလိုက်လေ၏။ ကြိုက်သည့် စိမ်ပေတော့ ရွှေချိုးဖြူ။ ကိုယ်က မင်းရဲ့လက်ခုပ်ထဲက ရေကွက်လေး ပါလေ။

✦ ✦ ✦



## အခန်း (၃၄)

''တောက်! သူများမျက်နှံမွေးပေါ် စကြဲလျှောက်လာခဲ့သမျှ ဒီတစ်ချီတည်းနဲ့ နောက်ကောက်ကျသွားတာပဲ။ ငါ့သမီးလေး တော်လှ ဆိုပြီး မျက်နှာပင့် လက်မ,ထောင်ခဲ့သမျှ အရှက်ကို လုံးလုံးကြီးကွဲရော။ ခီကျိုး. . . နင့်ဟာက ယောက်မမြင်းစီးပြီးထွက်တာထက်မကဘူး။ လှော် တက်ရော တံမြက်စည်းပါ ခွစီးပြီး ထွက်တာဟဲ့''

မကျေမနပ်ဖြင့် ပွစိပွစိရွတ်နေသည့်အဖေ့ကိုလှမ်းကြည့်ရင်း ပြုံးလိုက်မိ၏။ အရှက်ကွဲတာတော့ ဂျိုးကျိုးလည်းသိတာပေါ့။ ဒီရပ်ကွက် ထဲ ကြီးလာရတာပဲ၊ လူဆိုတာ ချီးမွမ်းလည်း (၇)ရက်၊ ကဲ့ရဲ့လည်း(၇) ရက်ပေါ့။ မဟုတ်ဘူးလား။ ဒီလိုမှ လံကြုတ် လုပ်ကြံမပြောရင် အဖေ့ သက်ချက်နဲ့ ဒီကောင်လေး သေတော့မှာလေ။

''အဖေကလည်း တံမြက်စည်း ခွစီးပြီးထွက်ရင် သမီးက စုန်း ကြီးဖြစ်သွားမှာပေါ့လို့''



www.burmeseclassic.com

www.burmeseclassic.com



"အံမာ. ညည်းလုပ်ပုံက စုန်းမထက်တောင်မှုပိုပြီး အရုပ်ဆိုး သေးတာလေ။ ငါထတီးလိုက်ရ. သနားလို့မှတ်။ ရပ်ကွက်ထဲ ဘယ်လို မျက်နှာပြရမှန်းတောင် မသိတော့ဘူး။ ခုဘယ်နှလတုန်း"

"နှစ်လ"

"သေချာလား"

"ဟုတ်"

"ဘယ်မှာစစ်တာလဲ"

"သက်သာဆေးခန်းမှာ"

"ဟင်း. . . မပြောလိုက်ချင်ဘူး ငါနော်"

သူမျက်လုံးပြူးသွားစဉ် သူမက လက်ညှိုးထောင်၍တားလိုက် ပါ၏။ လက်ထဲမှကျပ်ထုပ်ဖြင့် သူ့မျက်နှာကိုခပ်ဖွဖွတို့ပေးနေစဉ် အသ ရေရွတ်သံက ထွက်လာပြန်သည်။

"ခေတ်ကာလသားသမီးတွေများ လွန်ကိုလွန်လွန်းတယ်။ ဒါ ယုံကြည်မှုကို အလွဲသုံးစား အလုပ်ခံလိုက်ရတာပဲ။ ဒီကောင်လေး ရည် မွန်တယ်၊ အလိုက်သိတယ်ဆိုပြီး ငါ့အိမ်ထဲ ဝင်ထွက်ခွင့်ပြုလိုက်တာ နောက်ဆုံးကျ ငါ့သမီးကိုအပိုင်ချိုပြီး 'မ'သွားတော့တာကိုး"

"ကျွန်တော် 'မ'မသွားပါဘူး ဦးလေးရဲ့။ ဦးလေးအိမ်ပေါ် ရောက်လာတာပါ"

"လျှာမရှည်ပါနဲ့၊ ငါထပ်တီးလိုက်ရ၊ ဟွန်း! ငါ့မြေး အဘ ခေါ်စရာမရှိမှာစိုးလို့ မင်းသက်သာသွားတယ်မှတ်၊ အကောင်ရဲ့"

နှစ်ယောက်သား ရှက်ဝဲဝဲမျက်နှာဖြင့် ရယ်ချလိုက်စဉ် အဘ မျက်စောင်းကြီးက ဒိုင်းခနဲရောက်လာလေ၏။ ကဲ.မပြောဘူးလား သာ အချစ် မြေးအနှစ်တဲ့။ ရှိတောင်မရှိသေးတဲ့ကလေးကို မြေးဆိုပြီး အဘ ကြိုချစ်နေပြီမဟုတ်ပါလား။

"ဘာလို့လျှောက်ပြောလိုက်တာလဲ ဖြူလေးရာ။ တော် အလိမ်ပေါ်သွားမှ ကိုယ်ရောဖြူလေးပါ ဂန့်ကုန်မှာ"





"ရှူး. . . တိုးတိုး၊ ဒီလိုပဲညာထားမှရမှာပေါ့။ မင်္ဂလာဆောင် ပြီးမှ ဝန်ခံလိုက်ကြရုံပဲ၊ ဒီလိုမှမဟုတ်ရင် အဖေ့လက်ချက်နဲ့.ရှင်အသက် ထွက်လောက်ပြီ"

"ဟာ. . . ဘာရှင်ကြီးလဲ၊ 'ကို'လို့ခေါ်ပါ ဖြူလေးရ"

"အမယ်. . . တယ်တတ်"

"အ. နာတယ်"

ဗိုက်ခေါက်ကို ခပ်ဖွဖွဆွဲလိုက်သည့် ဖြူလေး၏လက်နုနုလေး ကို သူအသာဆုပ်ကိုင်လိုက်မိ၏။ ချစ်လိုက်ရတာနော်၊ ပျော်မိတာလည်း ပြောမပြတတ်အောင်ပါပဲ။

"ဘာတိုးတိုးတိုးတိုးပြောနေကြတာလဲ. . . ငါ့အတင်း အုပ်နေ တာလား"

"မဟုတ်ပါဘူး အဖေရဲ့"

"မဟုတ်ရင် ကျယ်ကျယ်ပြောပေါ့"

"ဦးလေး နားရှက်မှာစိုးလို့ပါဗျ"

"အံမာ! ကလေးကလားနဲ့ မင်းတော့လား။ နေပါဦး၊ ငါ့ကို ဘယ်အချိန်ထိ ဦးလေးလို့ မင်းခေါ်နေမှာလဲကွ"

"ဖေဖေလို့ခေါ်ရမှာလား"

"အောင်မာ. မင်းအဖေကိုခေါ်သလိုမျိုး ငါ့ကိုမခေါ်စမ်းပါနဲ့"

"ဒါဖြင့် ဦးလေးဖေဖေပေါ့ဗျာ၊ နော်. ဖြူလေး"

"အင်း. ကောင်းသားပဲ"

သမီးဖြစ်သူက ခေါင်းညိတ်ရင်း ထောက်ခံလိုက်လေ၏။ သိပ် ကြီးတော့ မဆိုးလှပါဘူး၊ ကောင်လေးကိုကြည့်ရတာ ခပ်အေးအေးပါပဲ၊ သမီးကိုလည်း ကြင်နာပုံရပါတယ်။ သမီးကတောင်မှ ဖိုးခနဲဖျတ်ခနဲရိုက် ပြီး နိုင်စားသေး၊ ဒါကိုလည်း အပြုံးမပျက်ဘဲ မတားမြစ် ငြိမ်ခံနေတတ် ဘာလေ။ သမီးက နိုင်ပုံရတာမို့ သူကျေနပ်သွားရပါ၏။ အင်း. လူကြီး ကိုအသိမပေးဘဲ အဆင့်တွေကျော်ကုန်တာကော့ လွန်တယ်လို့ပင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပဲလေ။

"မင်း ဒီတိုင်း အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဆင်းလာတာလားကွ"

"ဟုတ်ကဲ့"

"ဘာဆိုဘာမှယူမလာတာ သေချာတယ်နော်"

"သေချာပါတယ် ဦးလေးရဲ့ အဲ့ ဦးလေးဖေဖေရဲ့။ ပိုက်ဆံတောင်မှ နေဦး။ ဒီထဲမှာပါလာတာ ထောင့်ငါးရာပဲ ကျွန်တော့တယ်။ မြူလေး ယူထားလိုက်လေ။ ရော့ ယူပါ ဘဖေ"

အိတ်ကပ်ထဲမှငွေကို ထုတ်ပေးတော့ ဘမ်းမြစ်သူ၏ရယ်သံက တိုးသဲ့သဲ့။ အမယ် ဒင်း တယ်စာတတ်နေပါလား။

"အေး ဘာမှယူမလာတာဘဲ ကံကောင်း။ တော်ကြာ မင်းအဖေက သူ့သားကို ဖြားယောင်းသွေးဆောင်ပါတယ်ဆိုပြီး ပြဿနာလာရှာရင် ငါက ငြိမ်နေမယ့်ကောင်မဟုတ်ဘူးကွ"

"ဟိုလေ၊ ဦးလေး ငွေလိုရင်တော့ ကျွန်တော့်ဘဏ်စာအုပ်ထဲက ထုတ်လို့ရမှာပါ။ ရဲခေါင်ဆီမှာ ကျွန်တော့်ယဟုပ် ပေးထားတာရှိတယ်"

"အံမာ၊ အဲဒီစာအုပ်ထဲကငွေက မင်းအဖေရဲ့တစ်ဆင့်ခံငွေပဲ၊ ယူမသုံးရဘူး။ မင်းနဲ့သမီး မင်္ဂလာဆောင်ဖို့ ငါပဲစီစဉ်ပေးမှာပေါ့"

"သမီးစုဘူးကြီး ဖောက်လိုက်မယ်လေနော် အဖေ"

"အေး ဖောက်တော့ဖောက်ရမှာပဲ"

"တကယ်ဆို ယောက်ျားဘက်က ဆောင်ပေးရမှာနော်၊ ဒီအကြွေးကိုတော့ နောက်တော့ အလုပ်ရှာလုပ်ပြီး ကျွန်တော်ပြန်ဆပ်ပါ့မယ် ဦးလေးဖေဖေ"

"မလိုပါဘူးကွာ ငါ့မှာတာဝန်ရှိပါတယ်ကွ၊ ဒီသမီးတစ်ယောက်တည်းရှိတဲ့ဟာ ခမ်းခမ်းနားနားလေးဖြစ်စေချင်တာပေါ့"

"သိပ်ကြီးအကျယ်မချဲ့ပါနဲ့အဖေရယ်၊ လူအထင်ကြီးအော





ငွေကုန်ခံပြီး အိမ်ရှေ့မှာ မဏ္ဍပ်ထိုးပြီး လျှို့ဖို့လည်း မလိုပါဘူး။ ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်းကပ်၊ ရှေ့ (၇)အိမ်၊ နောက် (၇)အိမ် လက်ဖက်ရည်နဲ့မုန့်ကျွေးရင် ဖြစ်တာပဲကိုး"

"ဘယ်ဖြစ်မလဲသမီးရဲ့။ ရွာထဲမှာ ထမင်းနဲ့ငါးပေါင်းတော့ ကျွေးရမှာပေါ့။ ဒီလောက်တော့ အဖေလည်းတတ်နိုင်ပါတယ်။ မိန်းကလေးတွေမှာ မင်္ဂလာဆိုတာ ရှားပါးလွန်းတယ်သမီးရဲ့။ ငါ့သမီးကို 'နားသ' ပေးတုန်းကတော့ အမေ့ဘူးသီးကြော်နဲ့ တစ်ရပ်ကွက်လုံးကိုဝေပေးခဲ့တဲ့ တစ်မင်္ဂလာပဲ ရှိသေးတာလေ၊ အခုဒီမင်္ဂလာက အမြင့်မြတ်ဆုံးနဲ့ အခမ်းနားဆုံးဖြစ်စေရမှာ"

သူငြိမ်နေလိုက်ရပါ၏။ ဖေဖေတော့ရောက်လာမလာ မသေချာပေမယ့် အန်တီသီတာကတော့ ပေါက်ကိုပေါက်ချလာမှာလေ။ သူ့ကို သမီးလိုက်တောင်းပေးမယ့်ကိစ္စက ရှိနေသေးတာကိုး။

"ဦးနိုင်ရေ့ ညည်းသည်ဗျို့"

"လာပြန်ပြီ ဘယ်က ငါ့ညည်းသည်က ရောက်လာပြန်ရတာတုန်း"

မြူးခနဲပြတ်ခနဲအိမ်ပေါ်မှ ဆင်းလိုက်စဉ် ခြံဝမှလှံချည်လေး 'မ'၍ဝင်လာသည့်အမျိုးသမီးကို လှမ်းတွေ့လိုက်ရလေသည်။ ဘယ်က သူဌေးမများ ကြွလာပြန်တာပါလိမ့်။

"ကျော်၊ သား နှင့်အိမ်မှာလား"

"အောင်မယ် ဘယ်သူများလဲလို့ မိသီတာကိုး။ ဟုတ်ပါ့၊ ဒါနဲ့ ဘာကိစ္စတုန်း"

"ဘာကိစ္စရမလဲ၊ 'ဆင့်'ရဲ့သားကို သူ့အဖေ တာဝန်မယူနိုင်ရင် ငါယူမလို့ လိုက်လာရတာပေါ့။ ဒီလိုလမ်းဘေးတော့ အလွယ်လေး မစွန့်ပစ်နိုင်ပါဘူး။ ရှားရှားပါးပါး သားလေးတစ်ယောက်တည်း ရှိတာကိုး။ နဂိုကတည်းက နပါဘိနဲ့"

"အမယ်လေး! အပြစ်သည်းနေလိုက်တာ။ အဲဒီကောင်က နင်



www.burmeseclassic.com

www.burmeseclassic.com



မွေးထားတာမို့လို့လား။ နေစမ်းပါဦး၊ မောင်နဲ့နင်က ဘာလဲဟ''

''နင်နော်၊ ငါ့ကို၊ ကိုမောင်နဲ့စွပ်စွဲပြန်ပြီလား။ 'ဆင့်'မျက်နှာရှိနေလို့ သည်းခံလိုက်တယ်မှတ်။ နင်ပြောသလိုမျိုးသာ ကိုမောင့်ကို ကြိုက်နေရင် လွန်ခဲ့တဲ့(၁၀)နှစ်ကတည်းက ငါနဲ့ကိုမောင် ယူဖြစ်တာကြာလှပေါ့။ ကင်းသမှ ကင်းလို့တောင် မြည်သေးတယ်''

''ကြီးကျယ်ပါ့''

သူ့မျက်နှာကိုရှုံ့တွပြလိုက်ရင်း သီတာအေးကို အိမ်ပေါ်တက်ခိုင်းလိုက်ရ၏။ သူ့အိမ်တော့ ငွေစော်နံတော့မည်ထင်ပါရဲ့။

''အမယ်လေးလေ၊ သားမျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ပါလား''

''ငါ့သမီးကိုလာတောင်းလို့ တံဆိပ်နှိပ်ပေးလိုက်ရတာဟေ့''

''ဟယ်! ကျော်ရယ်။ ကလေးကို မညှာမတာလုပ်စရာလား။ သူတို့ဟာသူတို့ လူငယ်သဘာဝကြိုက်ကြချစ်ကြတဲ့ဟာ အတင်းတားလို့ ဘယ်ဖြစ်မှာလဲ''

''အေး၊ တားလို့မရတော့တဲ့အဆင့်မို့ ဒီကောင့်ကို ငါဘေလိုက်တာပေါ့ မိသီတာရဲ့''

''ဘယ်လို! တားလို့မရတဲ့အဆင့်ဟုတ်လား''

''အေး''

အန့်တီက တအံ့တဩဖြစ်နေတာမို့ သူလှမ်းပြီးတားလို့လည်း မရ။ ဦးလေးမျက်နှာတစ်လှည့်၊ သူတို့ကိုတစ်လှည့်ကြည့်နေတာမို့ သူ အချက်ပြနေတာကိုလည်းမမြင်၊ ဒုက္ခပါပဲ၊ ဖုံးထားသမျှ အကုန်ပေါ်ကုန်တော့မှာလေ။

''အဲဒါ ဘာစကားကြီးတုန်း''

''ဘာစကားဖြစ်ရမှာလဲ။ နင့်ရဲ့ဝမ်းမနာသားကြောင့် ငါ မြေးချီရတော့မှာကိုပြောနေတာ''

''ဘာရယ်၊ ဒါဖြင့် သမီးမှာ. . .''





''အေး''

''အို၊ မဖြစ်နိုင်တာ၊ သားက ဒီလိုဟော့ဟော့ရမ်းရမ်းကလေးမျိုးမှမဟုတ်တဲ့ဟာ၊ သူတို့သမီးရည်းစားဖြစ်တာ ဘာကြာသေးလို့လဲ၊ အဖြေပြန်ရပြီးကတည်းက ကောင်းကောင်းတောင်မတွေ့ရတဲ့ဟာကို ဒီအထိဖြစ်စရာအကြောင်းမရှိဘူး၊ ဟုတ်ကိုမဟုတ်သေးဘူးနော်''

''အန့်တီ၊ ဟိုဟို. . .''

''မိဂျိုး၊ ဒါဖြင့် နင့်ဗိုက်ထဲက ကလေးက ''

''နားနဲ့မနာ၊ ဖဝါးနဲ့နာပေးပါ ဦးလေးဖေဖေ။ ကျွန်တော်တို့နှစ်ယောက် ဘာမှမဖြစ်သေးပါဘူး။ ဒီကိစ္စက ဖြူလေးက အဆင်ပြေအောင် ဝင်ပြောပေး. . . ပေး. . .''

''ဟင်! မိဂျိုး၊ နင်တော့လား အရှက်မရှိဘဲ ဖအေကို''

ဝုန်းခနဲရောက်လာပြီး လက်ရွယ်လိုက်သည့်ဦးလေးကြောင့် သူမရှေ့မှာ သူဝင်ကာပေးလိုက်သလို အန့်တီကပါ ဦးလေးကိုဝင်ဆွဲလိုက်လေ၏။ အင်း၊ ကိစ္စက မပြီးပြတ်သေးပါလားနော်။

''ကျော်၊ တော်စမ်း! ကလေးတွေမှာ ဘာအပြစ်မှရှိတာမဟုတ်ဘူး။ 'ဆင့်'မျက်နှာကို ထောက်ထားပြီး သားနဲ့သမီးကို လက်ထပ်ပေးလိုက်ပါ''

''အဲဒါအပြစ်မဟုတ်လို့ ဘာလဲမိသီတာရဲ့။ ဒင်းတို့ကြောင့် ပတ်ဝန်းကျင်ကို ငါမျက်နှာတောင် မပြရဲသလောက်ဖြစ်နေပြီ''

''ဩော်၊ နင့်ဟာနင်မှုးပြီး လမ်းဘေးပုံလဲနေတုန်းကတော့ ဒီလိုရှက်တတ်ပါတော့လား။ သမီးအပျိုလေး ဘယ်လောက်ထိရှက်ရှာမလဲ တွေးကြည့်ပေါ့။ ခုကိစ္စက လူငယ်သဘာဝဆိုပြီး လူတိုင်းခွင့်လွှတ်ပေးနိုင်တယ်။ သားကလည်း နင့်သမီးကိုမယူဘဲ ကျောခိုင်းပြီး ပစ်သွားတာမှမဟုတ်ဘဲ''

''ငါမြေးရတဲ့နေ့ကစပြီး ဒီအရက်ဖြတ်ထားမှာပါဟ''

''ဒါဆိုလည်း ရာသက်ပန်မသောက်နဲ့တော့ပေါ့။ အချိန်တန်



www.burmeseclassic.com

www.burmeseclassic.com



တော့ နင် မြေးရလာမှာပဲ''

ရှုတည်တည်ကြီးဖြင့် ငြိမ်ကျသွားသည့်လူကြီးကိုကြည့်ရင်း သူတို့ပြုံးလိုက်မိကြ၏။ ဒီလိုတော့လည်း သနားဖို့ကောင်းနေသေး၊ အန်တီသီတာကတော့ ဖေဖေ့ပါမကာ ဦးလေးကိုပါ အပိုင်ကိုင်တွယ်နိုင်တာ လက်တွေ့ပဲကိုး၊ တော်လိုက်တာနော်၊ ဒီအန်တီကို ဘယ်တော့များမှ အမေတော်ခွင့်ရနိုင်မှာပါလိမ့်။

''ကလေးတွေကို ဘယ်မှာမင်္ဂလာဆောင်ပေးမှာလဲ. ပြော''

''အိမ်မှာပဲဆောင်မှာ''

''ဟင်! ဒီအိမ်သေးသေးလေးနဲ့ ဘယ်လိုညှိသည်ဆံ့ပါ့မလဲ''

''ခြံထဲ မဏ္ဍပ်ထိုးမှာပေါ့ဟ။ နင်တို့လို ပကာသနတွေမလိုပါဘူး''

''ဘာကျွေးမှာလဲ''

''ထမင်းပေါ့''

''ဟွန်း. . . နေ့တိုင်းစားနေကျဟာကို ကောင်းကောင်းကန်းကန်း''

''ငါ ဒါပဲတတ်နိုင်တာကိုး''

''သားဘက်က ငါငွေထုတ်ပေးမှာပါဟဲ့ ကျော်ရဲ့''

''ကျွတ်! ငွေဓော်က စ,နံပါပြီ၊ မလိုပါဘူး၊ ငါ့သမီး မင်္ဂလာကိစ္စ ငါပဲကြည့်စီမံမယ်''

''ရမလား. . . သားရှင်က အကုန်ကျခံရတဲ့ထုံးစံကို နင်မမေ့ပါနဲ့ကျော်ရဲ့''

''နင့်မောင်မောင်ခန့်ငွေတွေနဲ့ ငါ့ကိုလာမပြောစမ်းနဲ့ မိသီတာ နားခါးတယ်ဟ''

''အံမာ! သားကိုအမွေဖြတ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဒင်းနဲ့ငါ အခုပဲ နောင်ကျိုန်ချလာတာ။ ဒင်းအကြောင်း ထည့်မပြောစမ်းပါနဲ့။ 'သင့်ရဲ့သားဟာ ငါ့သားပဲ၊ သားအတွက် ဒီလောက်တော့ ငါအကုန်ကျခံနိုင်





တယ်။ ကမ္ဘာပတ်လာတဲ့မိန်းမပါဟဲ့၊ အထင်မသေးစမ်းပါနဲ့''

ကဲ, ပြဿနာအစုစုတို့ပြီးသည့်အချိန်မှာ မင်္ဂလာရက်နှင့်အချိန်ကို သတ်မှတ်ပြီးလေ၏။ ပေါက်တဲ့နဖူးမထူးပြီးဆိုပြီး ဖြူလေးနှင့် သူ့ကို သဘောတူလိုက်ရသည့် ယောက္ခထီးကြီးကို ကျေးဇူးအနန္တတင်လျက် ကြည်နူးစွာပြုံးလိုက်မိလေသည်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟိုနှစ်ကောင် ... ဒီ မ,ထကြသေးဘူးလား"

"ထပါပြီအဖေရဲ့ ... မီးက ထမင်းချိုင့်တောင် ထည့်နေပြီ"

"ဟိုကောင်ရော"

"အဖေ့သား ... အဖေချိုးဖို့ ရေငင်ပေးမယ်ဆိုပြီး ဆင်းသွားလေရဲ့"

အံမာ! လာတယ်ပေါ့။ ငါ့ကိုကပ်ဖားရပ်ဖားလာလုပ်လို့ရမယ် ထင်နေတာ။ မင်္ဂလာဦးညတုန်းက သမီးကိုအတင်းခေါ်နေတာမို့ အမြင်ကပ်ကပ်နဲ့ ခြေထောက်တွေ ဝိုင်းနှိပ်ခိုင်းလိုက်တာ ည(၁၂)နာရီကျော်ရောလေ။ ကောင်းတယ်၊ ဒင်းကိုဒီလောက်ပုံစံပေးထားမှ တော်ကာကျ တာမဟုတ်လား။ ဒင်းအဖေ ထောင့်မကျိုးတဲ့ပုံစံမျိုး ဒင်းဆီမှာ ရှိမနေရအောင် ကောင်းကောင်းကြီးသင်ပြပေးရဦးမှာကို။

မောင်မောင်ခန့်, မောင်မောင်ခန့်, ရှားရှားပါးပါး တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com

သောသားလေးကို အမွေဖြတ်နှင်ချထားတာ (၁၀)ရက်လောက်ရှိပြီပဲ။ မင်းရဲ့သားကို မင်း သံယောဇဉ်အပြတ်ဖြတ်နိုင်မလားဆိုတာကို စောင့်ကြည့်ရဦးမှာလေ။ ငါ့သားမက်ဖြစ်ပြီးမှ မင်းသားပါဆိုပြီး လာပြန်ခေါ်လို့ရမယ်မထင်နဲ့မောင်မောင်ခန့်ရေ။ ငါက မင်းရဲ့အညာကို ကောင်းကောင်းကြီးကိုင်မိနေပြီလေ။

"ဟိုကောင် အဲဒါဘာလုပ်နေတာလဲကွ"

"ဦးလေးဖေဖေ ရေချိုးဖို့ ရေငင်ပေးနေတာလေ"

"ဟင်း. . . ဒီပုံစံနဲ့ပြည့်တော့မှာပဲ။ ဖယ်ပေးစမ်း. . . ဒါလားယောကျ်ား,ဗလမရှိဘာမရှိ ပိန်ရှည်ရှည်နဲ့ ခါးက ကိုင်းတော့မယ်"

"ဒီလောက်တော့ ကျွန်တော်လုပ်နိုင်ပါတယ် ဦးလေးဖေဖေရဲ့"

"သွားစမ်းပါ။ အဖြစ်မရှိဘဲနဲ့ မင်း,ချိုးပြီးပြီလား"

"ဟုတ်ကဲ့"

"ဒါဖြင့်လည်း အလုပ်သွားဖို့ပြင်တော့လေ။ ဒီနေ့ ပိုက်တွေချရမှာ၊ ငါ့ကိုကူဦး"

"ဟုတ်ကဲ့"

အိမ်လေးဆီသို့ ကုပ်ကုပ်လေးလျှောက်သွားသည့်ကောင်လေး၏ကျောပြင်ကို လှမ်းကြည့်ရင်း ခေါင်းခါလိုက်မိသည်။ ခြေမွေးမီးမလောင်လက်မွေးမီးမလောင်နေခဲ့ရတာ အသိသာကြီးပဲ။ ပြောတော့ဖြင့် ကားပြင်ဝပ်ရှော့လုပ်တယ်ဆိုပြီး နလိုက်တာမှ မယ်နကတောင် ဦးလေးခေါ်ရမည့်ပုံလေ။

ငမောင်တစ်ယောက်တော့ ဘယ်လိုနေမည်မသိ။ ဒင်းသားကတော့ သူ့အိမ်မှာ သူ့လက်အောက် ပြားပြားကိုဝပ်နေတာမဟုတ်လားပြောတိုင်းလည်း 'ဟုတ်ကဲ့'၊ လုပ်ခိုင်းလည်း မငြင်း။ ဖင်ပေါ့တာလေးတော့ သူလည်းသဘောကျလှပါ၏။ သို့သော် သမီးတစ်ယောက်လုံး ပေးလိုက်ရတာကြောင့် ဒင်းကို မျက်နှာသာမပေးချင်တာကတော့အမှန်ပါ။





ခုလည်းကြည့်. 'မောင်မောင်ခန့်လုပ်ပေးထားတဲ့ ဝပ်ရှော့မှာမလုပ်ရ'ဟု သူအမိန့်ချသည်နှင့် သူလုပ်သည့်ဆိုက်ထဲ ပါလာရတာလေ။ တစ်ခါမှမလုပ်ဖူးသည့်အလုပ်ကြမ်းတွေကိုလုပ်ရတော့ လက်တွေပေါက်ခြေတွေစားပါလော့ရော။ ညကျ သမီးဖြစ်သူက ဆေးထည့်ပေးရင်း ကျိတ်ငိုတော့ တီးတိုးချော့ရှာသား။ သူလည်း တမင်မသိယောင်ဆောင်နေတာအမှန်ပါ။

သူ့တုန်းက ပညာမတောက်တခေါက်နဲ့လုပ်ခဲ့ရသလိုမျိုး တမင်ကြိုးဆိုင်းစားတာမျိုးတော့မဟုတ်ရပါဘူး။ သူလုပ်နေတာတွေ့တော့ မနေနိုင်ဘဲ ဝင်လုပ်တာနှင့် လုပ်ဖြစ်သွားရတဲ့ပုံစံပါ။ ဟိုကောင် မောင်သာမြင်လျှင် ရင်ကျိုးမှာ အသေအချာပါပဲ။ လူ့ဘဝဆိုတဲ့အဓိပ္ပာယ်ကို မောင့်သားသိအောင် ပြနေတာလေ။ ဒင်းအဖေကတော့ ခုထိထမင်းကိုဘယ်ကရသလဲဆိုတဲ့ သင်ပုန်းကြီးတောင် ကျေမည်မထင်ပါချေ။

"လက်တွေနာတုန်းပဲလား ကို"

"သက်သာပါတယ် မြှုလေးရဲ့"

"ဒီနေ့ရော လိုက်သွားဦးမှာလား"

"လိုက်ရမှာပေါ့။ အဖေ့မှာ အလုပ်တွေရှိတယ်တဲ့"

"ဒီနေ့ဘာတွေသယ်ရဦးမှာလဲ။ ကို မသယ်နိုင်ရင် ခေါ်မသွားဖို့ အဖေ့ကို ဂျိုးဂျိုးပြောပေးမယ်လေ"

"မပြောပါနဲ့ မြှုလေးရဲ့။ ကိုယ်လုပ်နိုင်ပါတယ်။ ဒီနေ့က ပိုက်တွေပဲ ဝိုင်းသယ်ပေးရမှာပါ"

"ကိုလည်း ဒုက္ခပဲ။ ဂျိုးဂျိုးနဲ့ယူမိမှပဲ မလုပ်ဖူးတာတွေလုပ်ရ မစားဖူးတာတွေစားရနဲ့ အနေအစားဆင်းရဲနေရပြီ။ ပြပါဦး၊ ကို့လက်တွေ"

"ဘာမှမဖြစ်တော့ပါဘူး မြှုလေးရယ်၊ ကြာတော့လည်း အသားမာတက်ကုန်ပါပြီ။ ခုလိုနေရလို့ ကိုယ်စိတ်ဆင်းရဲနေတယ်လို့များ မြှုလေး ထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ကိုကိုင်ကြည့်ရင်း ငိုချင်ချင်ဖြစ်နေသည့် ချစ်ဖနီး လေးကို တတ်သလောက်မှတ်သလောက် ချော့ချော့မှာပါလား။

''ဘာပဲဖြစ်ဖြစ် ကိုနေခဲ့ရတဲ့ဘဝနဲ့ ခုဘဝနဲ့က တခြားစီဖြစ်နေပြီလေ''

''စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်။ ကဲ,အဖေရေချိုးပြီးတက်လာတော့မယ်။ မနက်စာပြင်တော့''

''အင်းပါ''

''ခုမှပဲ ကိုယ်လည်း ချစ်ဖနီးလေးလက်ရာကို ကောင်းကောင်းကြီးစားရတော့တယ်။ ဒီနေ့ ဘာဟင်းနဲ့ ထမင်းချိုင့်ထည့်ပေးမှာလဲ''

''မနေ့က ဈေးထဲကနေ ငါးဥရခဲ့တယ်လေ။ အဲဒါလေး ပြုတ်ကြော်လုပ်ပေးထားတယ်။ ကင်ပွန်းချဉ်နဲ့မှို ရောကြော်ထားတာရယ်။ ကိုချိုင့်ထဲမှာ အမဲသားပြားကြော်, ကျိုးကျိုးထည့်ပေးထားတယ်နော်။ အဖေနဲ့ ကျိုးကျိုးက အမဲရှောင်တယ်''

''ဟား. . . Good! နတ်သုဒ္ဓါပဲ။ တော်လိုက်တဲ့မိန်းမ''

ပါးပြင်မို့မို့ကို အသာဆွဲလိမ်လိုက်မိစဉ် အိမ်ရှေ့မှတက်လာသည့်အဖေ့ထံမှ လုပ်ချောင်းသံကြီးကြားလိုက်ရသဖြင့် နှစ်ယောက်သားကုတ်လေးတွေ ပုသွားရလေသည်။ မျက်နှာတွေထက်မှာတော့ အပြုံးတို့က ဝေစည့်လျက်။ ဪ, သိရိဂေဟာဆိုတာ ဒါကိုခေါ်တာထင်ပါရဲ့လေ။

✦

ဝင်ရောက်ထဲဝင်လာသည့် နောက်ဆုံးပေါ်ကားကြီးကြောင့် ရဲခေါင်မျက်လုံးပြူးသွားရပါ၏။ ဘိုးတော်ကြီး ဘာစိတ်ကူးနဲ့ပေါက်ချလာပြန်ပါလိမ့်။

''မောင်ရဲခေါင်''

''ဗျာ. . . အန်ကယ်''





''သားရော''

''မရှိဘူးလေ အန်ကယ်''

''ဟ, အလုပ်မဆင်းဘူးလား''

''အဲ''

ဘာပြန်ဖြေရမှန်းမသိသဖြင့် ခေါင်းကိုကုတ်လိုက်မိ၏။ ဦးနိုင်ကြီးက အန်ကယ့်အရိပ်မကောင်းသည့်အလုပ်ဆိုပြီး ဒီမှာအလုပ်မဆင်းနိုင်းဘဲ သူနှင့်အတူ အလုပ်ကြမ်းခေါ်နိုင်းနေတာကို ဘယ်လိုများပြောပြရပါ့။ ရွှေလိုဥထားတဲ့သားလေးကို ကျွဲနိုင်နွားနိုင်း, နိုင်းနေတယ်ဆိုပြီး ဒေါသအိုးကွဲရင်တော့ အခက်ပါပဲ။

''မဆင်းဘူး အန်ကယ်''

''အလုပ်မဆင်းဘဲ မိန်းမနား,ကပ်နေလား။ ဘာနဲ့စားမလဲ''

''ဟိုဟို. . . အလုပ်တော့ သူဆင်းတယ် အန်ကယ်ရဲ့''

''ဘယ်မှာဆင်းနေတာတုန်း''

''ဦးနိုင်ကြီးရဲ့ဆိုက်ထဲမှာခင်ဗျ''

''ဘာ! ငါ့သားကို အဲဒီက အလုပ်ကြမ်းတွေလုပ်နိုင်းတယ်''

''ဟုတ်, ဒီဝပ်ရှော့က အန်ကယ့်ငွေနဲ့ထောင်ထားတာဆိုပြီး ပေးမဆင်းဘူး။ ပြီးတော့ သူ့ဘဏ်စာအုပ်ထဲကငွေတွေလည်း မထုတ်ရဘူးဆိုပြီး ကျွန်တော့်ကိုပဲ လာပြန်ပေးထားတယ်ခင်ဗျ''

''တောက်! တော်တော့်ကိုလွန်နေပြီ။ ငါ့သားနုနုထွတ်ထွတ်လေးကို ဒင်းလုပ်ချင်သလိုလုပ် နှိပ်စက်ချင်သလိုနှိပ်စက်လို့ရမယ်များထင်နေလား။ တွေ့ကြသေးတာပေါ့ ငနိုင်ရာ''

''အန်ကယ်''

တားချိန်ပင် မရလိုက်။ အသက် (၄၀)ကျော်လူကြီးလို့မထင်ရအောင်ပင် မြန်လိုက်သည့်ဖြစ်ခြင်း။ ဝူးခနဲမောင်းထွက်သွားသည့်ကားနောက်မှမီးနီလေးကိုသာ ရိပ်ခနဲမြင်လိုက်ရတာလေ။ မင်းတော့ အဘိုးကြီးနှစ်ယောက်ကြားမှာ မြေဇာမြက်ဖြစ်ပြီ စည်သူရေ့။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချိုင့်ကိုယ်စီနှင့် အိမ်လေးထဲမှ သုံးဦးသားဆင်းလိုက်စဉ် ဝုန်းခနဲ ခြံရှေ့မှာထိုးရပ်လိုက်သည့်ကားကြောင့် အလန့်တကြားဖြစ်သွားရပါ၏။ ကားတံခါးကိုဖွင့်၍ဆင်းလာသည့် ဦးမောင်မောင်ခန့်၏မျက်ဝန်းများက မီးဝင်းဝင်းတောက်တော့မည့်နှယ်။

"သား, စည်သူ"

"ဗျာ"

"လာ, အခုချက်ချင်း ငါနဲ့ပြန်လိုက်ခဲ့စမ်း! "

"ဗျာ"

"မဗျာနေနဲ့၊ မင်းကို ဒီလိုအနုတ်စုတ်ကုတ်စုတ်အိမ်ထဲနေ၊ ပေါက်တတ်ကရတွေစား၊ အစုတ်အပြတ်အလုပ်တွေလုပ်ဖို့ မင်းကို ငါမွေးထားတာမဟုတ်ဘူးကွ။ မင်းအမေသာမြင်ရင် ရင်ကျိုးမှာသေချာတယ်။ လာ, လိုက်ခဲ့"

"ဟာ. . . ဖေဖေ"

သားဖြစ်သူလက်ကိုဆွဲ၍ခေါ်စဉ် ဦးကျော်နိုင်က လက်အစုံဖြင့်ဆွဲဖြုတ်လေ၏။ စောစောစီးစီးပြဿနာဖြစ်ရပြန်ပြီပဲ။

"ဟေ့ကောင်မောင်, လွှတ်စမ်း! ခုချက်ချင်း စည်သူ့လက်ကို မင်းလွှတ်လိုက်စမ်း"

"မလွှတ်ဘူးကွ၊ ဒါ,ငါ့သား. . . ငါ့သားကို ငါပြန်လာခေါ်တာမင်းတားစရာမလိုဘူး ငနိုင်"

"အံမာ! ရမလားကွ။ မင်းအမွေဖြတ်တုန်းကတော့ဖြတ်ပြီး ခုမှ သားပြန်လာတော်လို့ရမလား"

"ဟေ့ကောင် ငနိုင်၊ အမွေဖြတ်ဖြတ်၊ မဖြတ်ဖြတ် ငါ့သားက ငါ့သားပဲကွ"

"ဘယ်ရမလဲကွ၊ စည်သူက ငါ့သားမက်ဖြစ်နေပြီ။ မင်းနဲ့ဘာမှမဆိုင်တော့ဘူး။ မင်းသားကို ငါပိုင်တယ်"

"အောင်မာ! ငါ့သားကို ငါပိုင်တာကွ။ လာ,သား၊ ဖေဖေနဲ့ပြန်လိုက်ခဲ့စမ်း"

"ဟာ, နေကြပါဦး ဒုက္ခပါပဲ"

သူ့ကိုအလယ်မှာထားပြီး လူကြီးနှစ်ဦးက တစ်ဖက်တစ်ချက်စီမှဆွဲနေကြသဖြင့် ရယ်ချင်သွားရသလို စိတ်လည်းညစ်မိသွားရပါသည်။ ဖြူလေးက မျက်လုံးအဝိုင်းသားနှင့်ကြောင်ကြည့်နေလေ၏။

"မင်း, ငါ့သားကိုကလိမ်ကျပြီး မင်း,သမီးနဲ့အတင်းပေးစားလိုက်တာမဟုတ်လား"

"အံမာ. . . မင်းရဲ့သားက သူတောင်းစားလိုအသနားခံပြီး ငါ့သမီးကို လာတောင်းတာကွ"

"အဲဒါ မင်းရဲ့သမီး ကုလိကုမာတွေလုပ်ပြီးပြောလို့ ဖြစ်ကုန်တာကွ။ ငါ့သားကို မင်း ဒီလိုကျွဲခိုင်းနွားခိုင်း, ခိုင်းစားတာ ငါလက်ပိုက်ကြည့်နေရမှာလား။ ငါ့သားကို ငါ ရွှေလိုဥပြီး တယုတယမွေးလာတာကွ။ မင်းခိုင်းစားဖို့မွေးထားပေးတာမဟုတ်ဘူး ငနိုင်"

"ဖေဖေတော်ပါတော့"

"မတော်နိုင်ဘူးသား။ ဒင်းက ဖေဖေ့ကိုငြိုးပြီး ဖေဖေ့သားကို မတော်မတရားခိုင်းနေတာ။ ငြိမ်ခံမနေနဲ့,လာ"

"အောင်မာ"

သူ ခေါင်းကိုတဖျင်းဖျင်းကုတ်လိုက်မိတော့သည်။ ဘယ့်နှယ်လုပ်မလဲ။ 'မဟောသဓာ'ဇာတ်တော်ထဲက သားလုခန်းမှာ အမေနှစ်ယောက်ပဲ သားကို ဝိုင်းလုတာ သင်ခဲ့ရတာလေ။ ခုတော့ အဖေနှစ်ယောက်ရဲ့ သားလုပြိုင်ပွဲမှာ သူ ကြားညှပ်ပြီး လက်မောင်း ပြုတ်ထွက်ကိန်း ကြုံနေရပြီကို။

"ကျွန်တော် မလိုက်နိုင်ဘူးဖေဖေ"

"ဘာ! "

"ဖြူလေးကိုချစ်လွန်းလို့ ဖေဖေ့ဆီကနေ ကျွန်တော်ဆင်းလာခဲ့တာပါ။ ခုချိန်ရောက်မှတော့ ကျွန်တော်တို့ချစ်ခြင်းကို မခွဲပါရစေနဲ့





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဖေဖေ"

"ဘာပြောတယ်၊ သားပြောတော့ သားကို ဖေဖေသာ အမွေမဖြတ်ပေးရင် ဒင်းသမီးနဲ့မပေးစားမှာစိုးလို့ဆို။ သတင်းစာထဲထည့်ခဲ့တာ တကယ်မဟုတ်ဘူးလေ, ဖေ့သားရဲ့"

"မှန်ပါတယ်ဖေဖေ၊ ဒါပေမဲ့ အခုလည်း ကျွန်တော်ပြန်မလိုက်ချင်ပါဘူး။ ကျွန်တော် တောင်းပန်နေတာပါ"

"သား"

"ဒီမှာ ငမောင်"

"မင်းဝင်မပြောနဲ့။ ဒီမှာ ငါ့သားနဲ့ငါပြောနေတာကွ"

"အံမာ! ငါ့ခြံထဲလည်းလာပြီး ငါ့သားမက်ကို အတင်းအဓမ္မဆွဲနေတဲ့ကောင်ကများ ပြောရတယ်ရှိသေး"

"ဒါဖြင့် သားကို ဖေဖေဘယ်တော့ပြန်ရမှာလဲကွာ"

အသံတို့ တိတ်သွားပါ၏။ ဖြူလေးက သူ့လက်ကိုခပ်တင်းတင်းလေး လာဆုပ်ကိုင်ထားလိုက်လေသည်။ ကိုယ်ထွက်မသွားပါဘူး ဖြူလေးရယ်။ အမြဲထာဝရ ဖြူလေးနဲ့အတူရှိနေမှာပါ။

"ကျွန်တော်မှ ဖြူလေးနဲ့မခွဲနိုင်တာ ဖေဖေရ"

"သမီးပါ ဖေဖေနဲ့အတူလာနေပေါ့ကွ"

"အောင်မာ! ရာရာစစ လာလာချည်သေး၊ သားတင်မကဘူး ငါ့သမီးပါ အဆစ်တောင်းနေသေး။ မပေးဘူးကွ၊ သမီးလည်း မရဘူး သားလည်း မရဘူး။ မင်းပြန်တော့ ဟေ့ကောင်။ ငါ့လက်တွေ ယားလာပြီနော်။ ဒါဆို မင်းသဘောပေါက်"

"ပြန်ပါတော့ ဖေဖေ"

"သားမပါဘဲ ဖေဖေမပြန်ဘူး, စည်သူ"

သက်ပြင်းကိုသာ ခပ်လေးလေးချလိုက်မိတော့၏။ ဒီကလေးစိတ်နှင့်လူကြီးနှစ်ဦးကို လူစုမခွဲနိုင်ရင် ကြာလာတာနဲ့ ရန်ပွဲဖြစ်တော့မှာမဟုတ်လား။





"ဖေဖေ, ကျွန်တော့်ကိုရော ဖြူလေးကိုပါခေါ်မယ်ဆိုရင် မြေးရမှပဲ လာခေါ်ပါဖေဖေ"

"ဘယ်လို"

"ဖေဖေ့အတွက် ဖြူလေးက သားယောကျ်ားလေးမွေးရင် ကျွန်တော်တို့ ဖေဖေ့အိမ်လိုက်နေပါ့မယ်"

"ဒါဖြင့် ငါကရော"

"ဦးလေးဖေဖေက မြေးမလေးရရင် ကျွန်တော်တို့ ဒီမှာပဲဆက်နေမှာပါ"

"ဒါသေချာတယ်နော်"

"ဟုတ်ကဲ့"

"ဒါဖြင့် ဖေဖေပြန်မယ် သား။ ဟေ့ကောင် ငနိုင်၊ ငါ့သား မြေးထီးလေးမွေးတာနဲ့ မင်းကို တော့တာပဲ"

"အံမာ! ငါကလည်း မြေးမလေးရတာနဲ့ မင်းကိုလှည့်တောင် မကြည့်ဘူးမှတ်၊ ငမောင်ရေ"

ကဲ, နောင်ခါလာနောင်ခါရေးနဲ့ လူစုတော့ ခွဲပြီးချေပြီ၊ ရှေ့ဆက်ဘာဖြစ်မလဲ စောင့်ကြည့်ကြတာပေါ့နော်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## တစ်နှစ်ခန့်ကြာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



It's love that makes the world go round.

(W.S.Gilbert)

ယောဒီကမ္ဘာကြီးကို လည်ပတ်အောင်ပြုလုပ်ပေးတာဟာ အချစ်ပါပဲ။

(ဒဗလျူ အက်စ်ဂီးလ်ဘတ်)



## အခန်း (၃၆)

အထူးကုဆေးခန်းကြီး၏မွေးခန်းအပြင်ဘက်၌ အမျိုးသားသုံးဦးရှိနေပါ၏။ သုံးယောက်စလုံး ထိုင်မရထမရဖြစ်နေစဉ် ကားတစ်စီးက ဆေးခန်းရှေ့မှာ ရပ်သွားလေသည်။ ကားပေါ်မှဆင်းလာသည့်အမျိုးသမီးလှလှလေးက ထိုသုံးယောက်ထံ မျက်စောင်းလှမ်းခဲ၍ လျှောက်လာပါ၏။

"နင်က ခုမှလာရသလား၊ မိသီတာရဲ၊ ဒီမှာ ငါ့သမီး ဗိုက်နာနေတာ တစ်နာရီလောက်ရှိနေပြီ"

"အေးလေ၊ နင့်အလုပ်တွေက ဒါ့ထက်ပိုပြီး ဘာအရေးကြီးလို့လဲ"

"အံမယ်! OG နဲ့ပြရတာရော၊ ဆေးခန်းကိုပုံမှန်ပို့တာတွေပါ ငါပဲလုပ်ပေးခဲ့တာပါနော်၊ နင်တို့ ဘာများသိလို့လဲ၊ ခုမှလာပြီး မြေးနဲ့ခါနီး သွေးစည်းနေရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေးရရင် ငါ့အိမ်.စည်တော့မှာဟ"

"အောင်မာ! မင်းတဲ့ပုတ်က မဲမှောင်တိတ်ဆိတ်နေမှာ၊ ငါ့အိမ်မှာသာ သာယာဝေစည်ပျော်စရာကြီး"

"ဟွန်း. . . အမြင်ကပ်စရာကြီး။ သား,အန်တီသင်ထားပေးတဲ့ အဂုံလိမာလသုတ်တော်ရွတ်နေလေ။ သမီးဖွားရလွယ်အောင်"

"ရွတ်တော့ရွတ်တာပဲအန်တီရယ်. . . အမြီးအမောက်လည်း မတည့်တော့အူးဖြစ်နေလို့"

"စိတ်အေးအေးထားလေ, ဘာမှမဖြစ်ဘူး။ အန်တီပါ ဝိုင်းရွတ်ပေးမယ်"

"သား. . . ဟော့, သား"

"ဘာလဲ ဖေဖေရာ"

"သမီးက ယောကျာ်းလေး မွေးမှာပါနော်"

"အင်း, ရမှာပေါ့"

"သေချာလား"

"အင်း"

"သား, စည်သူ"

"ဗျာ, ဦးလေးဖေဖေ"

"သမီးက မိန်းကလေးမွေးမှာမဟုတ်လား"

"အင်း"

"သေချာတယ်နော်"

"သေချာတယ်ဗျာ"

သူ့ပခုံးကိုလှုပ်ကာမေးနေသည့်အဖေနှစ်ယောက်ကို ကြုံသလိုလှည့်ဖြေရင်း ဘုရားစာရွတ်နေစဉ် လုံချည်နက်ပြာနှင့် Nurse မလေးထွက်လာလေ၏။

"မရွှေချိုးဖြူအိမ်က ရှိပါသလား"

"ရှိပါတယ်ခင်ဗျ၊ ဒီမှာပါ"





"မရွှေချိုးဖြူ ရိုးရိုးမွေးလို့မရဘူးရှင့်။ ခွဲမွေးရမှာမို့ လက်မှတ်ထိုးရမယ်"

"ဗျာ. . ."

"ဘယ်သူထိုးမှာလဲ"

"ကျွန်တော်ထိုးပေးမယ်ခင်ဗျ"

"ကလေးထွားလို့ထင်တယ်"

ခွဲစိတ်ခန်းဆီပြောင်းရွှေ့ကာ စိုးရိမ်စိတ်တို့က တားဆီးမရ၊ ဘုရား. . . ဘုရား,ဖြူလေးခွဲစိတ်မှုအောင်မြင်ပါစေ၊ သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ် ရချင်တာသာ ရပါစေတော့၊ နောက်ပြဿနာ နောက်မှပဲရှင်းကြမယ်လေ။

ခွဲခန်းထဲမှထွက်လာသည့်ဆရာဝန်က လက်မထောင်ပြလိုက်သဖြင့် အားလုံးသက်မချလိုက်ကြပါ၏။ နောက်မှထွက်လာသည့် Nurse မလေးဆီ ဦးမောင်မောင်ခန့် အမောတကောပြေးမေးလိုက်ပါ၏။

"ဆရာမလေး သမီးလေး, ဘာလေးမွေးသလဲဟင်"

"သားလေးပါ အန်ကယ်"

"ဟေ! ငါကွ၊ ငါ့သားရောချွေးမရော မြေးပါ အပိုင်ရပြီ"

ရှူးသိုးသိုးဖြင့် အနားထပ်ကပ်လာသည့်ဦးကျော်နိုင်က နောက်မှထပ်ထွက်လာသည့် Nurse မလေးကို မကျေမနပ်ဖြင့်ထပ်မေးလိုက်ပြန်သည်။

"ဆရာမလေး သမီး,ဘာလေးမွေးတာလဲ"

"သမီးလေးပါ ဦးလေး"

"ဟေ! ဟေးဟေး. . . ဒါမှ ငါ့သမီးကွ။ ဟော့ကောင် ငမောင်မင်းတော့ နောက်ကောက်ကျပြီ၊ ငါ့သမီးက အဖေ့အတွက် မြေးမလေး မွေးပေးတာကွ"

"ဘာ. . . မြေးယောကျာ်းလေးပါ ငနိုင်ရ"

"မဟုတ်ဘူး၊ မိန်းကလေးကွ"



www.burmeseclassic.com

www.burmeseclassic.com



''ယောက်ျားလေးကွ''

''နေကြစမ်းပါဦး. . . ဘယ်လိုဖြစ်နေကြတာလဲ၊ ကျွန်မတို့ကို ရှင်းရှင်းပြောပြပါဆရာမရယ်။ သမီးရွှေချိုးဖြူမွေးတာ သားလေးလား၊ သမီးလေးလား''

''ဟုတ်ကဲ့၊ သားနဲ့သမီး အမြွှာပူးလေးမွေးတာပါရှင်၊ ကလေးတွေရော အမေပါ ကျန်းမာရေးကောင်းပါတယ်။ စိတ်မပူကြပါနဲ့ရှင်''

''တယ်!''

''ဟာ!''

''ဟာ! ငါတော့ထောပြီဟေ့။ ဖြူလေးက သားဦးအမြွှာလေးမွေးပေးလိုက်ပြီကွ''

လက်နှစ်ဖက်မြှောက်ကာ ခြေစုံမြှောက်ခုန်ပေါက်လိုက်သည့် သူ့နောက်မှာ အဖေနှစ်ယောက် မည်သို့ဖြစ်နေမည်မသိသော်ငြား ရင်ထဲမှအပျော်တို့ကတော့ အတောမသတ်၊ ကျွန်တော့်ကမ္ဘာကြီးက အခုမှပြည့်စုံသွားတာတော့ အသေအချာပါလေ။ ။

ပြီးပါပြီ။

ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည့် 'တိတ်တစ်ဆိတ်ရင်ခွင်'ကဗျာကို ရေးသားပေးပို့သော စာရာဝတီတိုင်းဒေသကြီး၊ ဗုသိမ်ခရိုင်မှ ကဗျာဆရာ 'နီယွန်းအိမ် (သာပေါင်း)' အားလည်းကောင်း၊ 'မျက်ဝန်းတစ်စုံ၏ ထိုးနှက်ချက်'ကဗျာကို ပေးပို့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ အလုံ၊ တောင်ပြင်ရပ်မှ ညီမလေး 'တင်နီလာမွန်' အားလည်းကောင်း၊ 'အတွင်းကြေ'ကဗျာကို ရေးစပ်ပေးပို့သော စာရာဝတ်တိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ အစုကြီးကျေးရွာမှ ချစ်သမီး၊ အမိး(ခေါ်)အဖွေး(ခေါ်)နှမ်ဖြူဖြူမွေးအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

လေးစားလျက်. . .

မမသဒ္ဒါမောင်
29th May 2010
pm 8:15

('ဟိုးရှေးရှေးတုန်းက' အမှတ်တရ)

www.burmeseclassic.com